# နိုးထလာသော နဂါး

နှင့်

# ခုန်အုပ်မည့် ကျား

အိန္ဒိယနှင့် တရုတ်တို့ တိုးတက်လာခြင်း နှင့် နိုင်ငံတကာအပေါ် သက်ရောက်မှု

## ဟိန်းလတ်



designed by tin htoon

## ပုံနှိပ်မှတ်တမ်း

---

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၂၂။

---

ထုတ်ဝေသူ
ဦးလပြည့်ဝေး (ဆန်းစသော်တာ – ၀၀၁၀၃)
တိုက်(၁၀)၊အခန်း ၆၇၊ ၇ လွှာ၊ ၆ရပ်ကွက်
ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်မြို့နယ်။

---

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးလပြည့်ဝေး (လပြည့်လင်းပုံနှိပ်တိုက် – ၀၁၃၆၉ )
အမှတ် –၁၁ (အိပ်ချ်)၊ ၅၅လမ်း၊အလယ်၊ ပုဇွန်တောင်မြို့နယ်။

---

မျက်နှာဖုံး

ဦးတင်ထွဏ်း

---

အုပ်ရေ ၅၀၀

---

တန်ဖိုး ၆၀၀၀ ကျပ်

---

ဖြန့်ချိရေး

---

ဩကာသစာပေ
ဖုန်း – ၀၉ ၅၅၀၁၇၂၄၊ ၀၉၅၁၅၈၅၁၂

# နိုးထလာသော နဂါးနှင့် ခုန်အုပ်မည့် ကျား

## အိန္ဒိယနှင့် တရုတ်တို့ တိုးတက်လာခြင်းနှင့် နိုင်ငံတကာအပေါ် သက်ရောက်မှု

ဟိန်းလတ်

# မာတိကာ


- စာရေးသူ၏ အမှာ ၅

၁။ မော်နှင့် လူလတ်တန်းစားတို့ တွေ့ကြသောနေရာ ၁၃

၂။ လက်လှည့်ယက္ကန်းမှသည်
ဖိုင်ဘာအော့ပတစ်ဝါယာဆီသို့ ၃၁

၃။ အမေရိကန်ပစ္စည်း၊ တရုတ်တွင် ပြုလုပ်သည် ၄၅

၄။ အင်တာနက်လမ်းကြောင်း ၅၀

၅။ အိန္ဒိယယဉ်ကျေးမှုတော်လှန်ရေး ၅၈

၆။ ညစာစားပွဲဖြင့်လုပ်သော တော်လှန်ရေး ၆၇

၇။ ဆီနှင့် ရေ ရောနေသော ပထဝီနိုင်ငံရေး ၇၈

၈။ အပြိုင်အဆိုင် သုံးသပ်ချက် ၈၉

၉။ ပထဝီနိုင်ငံရေး လင်းယုန်၊ နဂါးနှင့် ဆင်တို့၏
ပြန်လည်စီစဉ်မှုများ ၉၉

၁၀။ တရုတ်အနာဂတ် တရုတ်ပြည်အစစ် ၁၁၁

၁၁။ လူမှုပြောင်းလဲရေးနှင့်
တိုးတက်ဖွံ့ဖြိုးရေးများထဲမှ စိန်ခေါ်မှုများ ၁၅၈

၁၂။ အိန္ဒိယနိုင်ငံသစ် ၁၇၀

၁၃။ စီးပွားရေးအမြင် ၁၇၆

၁၄။ လူမှုရေးညွှန်းကိန်းများနှင့် နိုင်ငံတစ်ခု၏ပန်းတိုင် ၁၈၃

၁၅။ ရှီကျင့်ဖိန် နီဒါန်း ၁၈၉

၁၆။ နာရင်ဒရာမိုဒီ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ် ၂၁၈
၁၇။ တရုတ်နှင့် နက်ရှိုင်းသော ပင်လယ်ပြာကြီး ၂၃၄
၁၈။ အရှေ့မျှော်ဝါဒ ၂၅၈
၁၉။ ယန်စီနှင့် ဂင်္ဂါ
တရုတ်နှင့် အိန္ဒိယတို့ လွှမ်းမယ့်ကမ္ဘာ ၂၈၄
၂၀။ ၂၀၃၀ ကမ္ဘာ့စီးပွားရေးနှင့် အာရှပါဝါသစ်များ ၂၉၆
၂၁။ ယန်စီ၊ ဂင်္ဂါ နှင့် ဆရာဟိန်းလတ် ၃၁၅
၂၂။ လက်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်
အိန္ဒိယနိုင်ငံတို့၏ အခြေအနေ ၃၂၅

○

# စာရေးသူ၏ အမှာစာ

နောင် အနှစ် ၃၀ ခန့်အကြာ ၂၀၅၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ လူဦးရေ ၁.၃၄၈ ဘီလျံ ရှိပြီး ဂျီဒီပီက အမေရိကန်ဒေါ်လာ ၅၈၁၅ ထရီလျံ ရှိမည်။ အိန္ဒိယလူဦးရေက ၂၀၅၀ တွင် ၁.၇၃၅ ဘီလျံ ရှိကာ ဂျီဒီပီက အမေရိကန်ဒေါ်လာ ၄၄.၅ ထရီလျံ ရှိမည်။ ၂၀၅၀ ခုနှစ်တွင် ကမ္ဘာကိုဦးဆောင်နိုင်ကြမည့် အင်အားအကြီးဆုံး နိုင်ငံနှစ်ခုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပင် ဖြစ်၏။

ကျွန်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၂) ကြိမ်ရောက်ခဲ့ဖူးပါသည်။ ရောက်တာမှ သာမန်အလည်အပတ်သဘောမျိုး မဟုတ်။ မြန်မာနိုင်ငံစာရေးဆရာကိုယ်စားလှယ် အဖွဲ့ဝင်အနေနှင့်လည်းကောင်း၊ မြန်မာနိုင်ငံသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်အနေနှင့်လည်းကောင်း၊ နိုင်ငံရေးလေ့လာသူ သုတေသီအနေနှင့်လည်းကောင်း ရောက်ရှိခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံရေးရာတာဝန်ရှိသူ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်များနှင့်လည်းကောင်း၊ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့်လည်းကောင်း၊ စာရေးဆရာ၊ သတင်းစာဆရာများ၊ လူထုလူတန်းစား အလွှာအသီးသီးမှ ပုဂ္ဂိုလ်များနှင့်လည်းကောင်း တွေ့ဆုံခွင့်၊ စကားပြောခွင့်၊ ဆွေးနွေးခွင့်များစွာ ရရှိခဲ့သည်။ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြွယ်ဝချမ်းသာလာခြင်းအကြောင်းကို မျက်မြင်ကိုယ်တွေ့ရော၊ အင်တာဗျူးများမှတစ်ဆင့်ရော၊ စာတွေ့ရော တော်တော်နှံ့နှံ့စပ်စပ် သိခဲ့သည်ဟု ဆိုရပါမည်။

ကျွန်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပတ်သက်၍ စာအုပ်ပေါင်း (၁၁) အုပ်ကို ရေးခဲ့သည်။

၁။ မော်စီတုံး၊ နတ်သိကြား မဟုတ်၊ လူသား
၂။ နိုင်ငံရေး သုခမိန် တိန့်ရှောက်ဖိန်
၃။ တရုတ်က ကမ္ဘာကို စိုးမိုးသောအခါ
၄။ ရူပါ ပါဝါ
၅။ တရုတ် - အိန္ဒိယဆုံမှတ်
၆။ ဂျက်မား အလီဘာဘာ
၇။ ရှီကျင့်ဖိန် နှင့် သူ့ခေတ်
၈။ ရှီကျင့်ဖိန် နှင့် ခါးပတ်တစ်ကွင်း လမ်းတစ်စင်း
၉။ ရှီကျင့်ဖိန် နှစ်သက်သော ကဗျာ၊ လင်္ကာများ
၁၀။ ရှီကျင့်ဖိန် မွေးရပ်မြေ လျန်ကျားဟယ်ရွာ
၁၁။ ဟွာဝေး အတ္တုပ္ပတ္တိ

ကျွန်တော် အိန္ဒိယနိုင်ငံသို့ (၆) ကြိမ်ရောက်ခဲ့ဖူးပါသည်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ 'နိုင်ငံတကာသတင်းတက္ကသိုလ်' (IMCC)တွင် သတင်းစာပညာ သင်ယူခဲ့သည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ခေါ်မှုဖြင့် Familiarization of Journalists Programခေါ် မြန်မာနိုင်ငံမှ အဆင့်မြင့်သတင်းစာဆရာများကို ဖိတ်ခေါ်ကာ အိန္ဒိယတွင် နေရာအနှံ့ လိုက်လံရှင်းလင်းပြသသော အစီအစဉ်၊ ထို့နောက် အိန္ဒိယသတင်းစာဆရာအသင်း၏ ဖိတ်ကြားမှုအစီအစဉ် စသဖြင့် အိန္ဒိယနိုင်ငံရှိ မြို့ကြီးများ အနှံ့အပြားသို့ ရောက်ခဲ့သည်။ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ အိန္ဒိယမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်များ၊ စာရေးဆရာ၊ သတင်းစာဆရာများနှင့် တွေ့ခဲ့ရ၏။ အိန္ဒိယနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုနောက်ပိုင်း တဟုန်ထိုး ကြီးပွားတိုးတက်လာပုံများကို သိခွင့်ရခဲ့၏။

ကျွန်တော် အိန္ဒိယနှင့်ပတ်သက်ပြီး စာအုပ် (၁၁) အုပ် ရေးခဲ့ဖူးသည်။

၁။ မျိုးချစ်သူရဲကောင်း နေတာဂျီဆူဘတ်ချန္ဒရာဘို့စ်
၂။ ဆွာမိဝိဝေကာနန္ဒ
၃။ ရူပါ ပါဝါ-အိန္ဒိယ

၄။ တရုတ်-အိန္ဒိယဆုံမှတ်
၅။ မဟာတ္တမဂန္ဒီ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ
၆။ ဗုဒ္ဓ၏ ခြေဖဝါးတော်နောက်မှ ထက်ကြပ်မကွာ
၇။ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီ
၈။ ဂန္ဒီ၏ ထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်မှုပညာ
၉။ ဒုံးပျံလူသား-အိန္ဒိယသမ္မတ အဗ္ဗဒူကာလမ်
၁၀။ ဂန္ဒီ နှင့် အိန္ဒိယ လွတ်မြောက်ရေး
၁၁။ မျိုးချစ်ခေါင်းဆောင် လောက်မန်ယာထိလပ်

တရုတ်-အိန္ဒိယနှင့် ပတ်သက်သော စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ ကျွန်တော်၏ ဟောပြောချက်များထဲမှ တစ်ခုဖြစ်သော 'ယန်စီနဲ့ ဂင်္ဂါ ကမ္ဘာကို လွှမ်းသောအခါ' ဟောပြောချက် အကျဉ်းချုပ်ကို ဤစာအုပ် နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။ 'ယန်စီ-ဂင်္ဂါနှင့် ဆရာဟိန်းလတ်' ဆိုသော၊ 'မာဃလုလင်' ရေးသားသော အွန်လိုင်းမှ ဆောင်းပါးကိုလည်း တင်ပြထားပါသည်။ (အပိုင်းတစ်နှင့် အပိုင်းနှစ်သာ ဖတ်ရပြီး အပိုင်းသုံးမဖတ်ရ၍ ချန်ခဲ့ရပါသည်။)

ကျွန်တော် ဘာကြောင့် 'တရုတ်-အိန္ဒိယ'အကြောင်း ဆောင်းပါးတွေ ရေးနေ၊ ဟောပြောနေပါသလဲ။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် လူဦးရေသန်းပေါင်း ၁၄၅၀ ကျော်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လူဦးရေသန်းပေါင်း ၁၄၀၀ ကျော်ရှိသော အိန္ဒိယပြည်၏ကြားတွင် တည်ရှိသောနိုင်ငံ ဖြစ်၏။ ပထဝီနိုင်ငံရေးအရ အလွန်အချက်အခြာကျသောနိုင်ငံ ဖြစ်နေပါသည်။ ထိုနိုင်ငံကြီးနှစ်ခုစလုံးက ယခုအခါ ကမ္ဘာ့စီးပွားရေး အကြီးမားဆုံး၊ စစ်ရေးအင်အားအကြီးမားဆုံး နိုင်ငံကြီးများ ဖြစ်နေပါပြီ။ ထိုနိုင်ငံနှစ်ခုနှင့် ကျွန်တော်တို့နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးက အလွန်အရေးကြီး၏။ အထူးသဖြင့် ကျွန်တော်တို့ နိုင်ငံ၏ စီးပွားရေး တိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးက ဤနိုင်ငံကြီးနှစ်နိုင်ငံပေါ်တွင် လုံးဝဥဿုံ မူတည်နေပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရော၊ အိန္ဒိယနိုင်ငံပါ ၁၉၇၅ မတိုင်မီက

အလွန်ဆင်းရဲကြသော နိုင်ငံများဖြစ်၏။ ၁၉၈၀ နောက်ပိုင်းတွင် နှစ်နိုင်ငံစလုံးက စီးပွားရေးမူဝါဒများကို လုံးလုံးလျားလျား ရဲရဲဝံ့ဝံ့ ပြောင်းလဲခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနယ်ပယ်ထဲ ရောက်လာကြကာ၊ ယခုအခါ ကမ္ဘာ့စီးပွားရေး ထိပ်တန်းနိုင်ငံကြီးများအဆင့်ကို ရောက်လာကြပါပြီ။ နှစ်နိုင်ငံလုံး၏ ပြည်သူလူထုအားလုံး၏ ဂျီဒီပီများ ဆပွားတိုးတက်လာကာ၊ ဆင်းရဲတွင်းမှ လွတ်လာကြသည့်အပြင် အများစုက ချမ်းသာကြွယ်ဝလာကြပါပြီ။

ဤနမူနာ ဥပမာကောင်းများကို ကျွန်တော်တို့ မြန်မာနိုင်ငံက ပြည်သူတွေ သိဖို့ လိုသည်။ သူတို့ဘာကြောင့် အပြောင်းအလဲတွေ လုပ်သလဲ။ ဘယ်လိုလုပ်သလဲ။ ဘယ်လိုစိန်ခေါ်မှုတွေကို ကျော်ဖြတ်ရသလဲ။ ကျွန်တော်တို့အတွက် သင်ခန်းစာကောင်းများစွာ ရယူနိုင်ပါသည်။ ဆောင်စရာ ဆောင်၊ ရှောင်စရာ ရှောင်သင့်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယခုတိုင် ကွန်မြူနစ်ဝါဒကို လက်ကိုင်ထား လုပ်ဆောင်နေသောနိုင်ငံ ဖြစ်၏။ သို့သော် ပွင့်လင်းမြင်သာသော ဈေးကွက်စီးပွားရေးကို လွတ်လပ်ရဲဝံ့စွာ လုပ်ဆောင်နေ၏။ အိန္ဒိယကတော့ ကမ္ဘာ့သက်တမ်းအရင့်ဆုံး ဒီမိုကရေစီနိုင်ငံကြီး ဖြစ်သည်။ အိန္ဒိယကလည်း အသုံးမဝင် ခေတ်မမီသော ကုန်သွယ်ရေးမူဝါဒနှင့် ဥပဒေများကို ရဲရဲတင်းတင်း ပြုပြင်ပြောင်းလဲကာ ကမ္ဘာ့စီးပွားရေးနယ်ပယ်ထဲသို့ ထိုးဖောက်ဝင်လာခဲ့သည်။

နှစ်နိုင်ငံ နိုင်ငံရေးစနစ်တွေက မတူကြ။

သို့သော် စီးပွားရေးတိုးတက်မှုတွေ အရှိန်အဟုန်နှင့် ရလာကြ၏။ နိုင်ငံချမ်းသာလာသဖြင့် ပြည်သူလူထုလည်း စိတ်ချမ်းသာ ပျော်ရွှင်နေကြ၏။ ဘဝအာမခံချက် ကိုယ်စီရှိနေကြ၏။ ထို့ကြောင့် နိုင်ငံရေး တည်ငြိမ်နေသည်မှာ အဆန်းမဟုတ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ ဖေဖော်ဝါရီလအထိ ငါးလအတွင်း မြန်မာဘက်မှ တရုတ်ပြည်သို့ ပို့ကုန်တန်ဖိုး ဒေါ်လာ ၂၀၄၁.၈၀၆ သန်းတင်ပို့ကာ သွင်းကုန်တန်ဖိုးက ဒေါ်လာ ၂၅၈၂.၈၁၀ သန်း ရှိသည်ဟု သိရ၏။ ကုန်သွယ်မှုပမာဏမှာ ၄၆၂၄.၆၁၅

ဖြစ်၏။ ဒါက ငါးလအတွင်းသာ ဖြစ်၏။ ၂၀၁၈ တစ်နှစ်လုံးတွင် တရုတ်ပြည်မှ သွင်းကုန်က ၃၀၁၇.၉၇၇ သန်း ဖြစ်၏။ ၂၀၁၅-၁၆ တုံးကဆိုလျှင် တရုတ်ဘက်မှ သွင်းကုန်မှာ ၆၃၄၅.၄၇၉ ထိ ရှိခဲ့၏။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက 'ခါးပတ်တစ်ကွင်း လမ်းတစ်စင်း' (One Belt One Road) ကို စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ရာ မြန်မာနိုင်ငံကို ယူနန်-မြစ်ကြီးနား-မန္တလေး-ရန်ကုန်-ကျောက်ဖြူအထိ ဖြတ်သန်းသွားလာမည့် လမ်းမကြီးပေါ်ထွန်းလာလျှင် ကုန်စည်စီးဆင်းမှုများ ဤပမာဏထက် ပိုများလာမည်မှာ သေချာ၏။ တရုတ်နှင့် အိန္ဒိယကြားတွင် အဓိကကျလာမည့် မြစ်ကြီးနား-မြစ်ဆုံ စီးပွားရေး စင်္ကြံစီမံကိန်းလည်း ဖြစ်ပေါ်လာနိုင်၏။ အိန္ဒိယနိုင်ငံ၏ 'အရှေ့မျှော်' (Look East) စီးပွားရေး ကုန်သွယ်မှုနှင့် တရုတ်နိုင်ငံ၏ အနောက်တံခါးကိုဝင်မည့် ကုန်သွယ်ရေး ဗျူဟာများသည် မြန်မာပြည်တွင် ဆုံချက်ကျလာမည် ဖြစ်၏။ မြန်မာနိုင်ငံသည် 'စတီးဝဲလ်လမ်းမကြီး' ကို ပြန်လည်အသက်သွင်းလိုနေသည့် အိန္ဒိယနှင့် 'ပိုးလမ်းမသစ်' ကို ဖော်ဆောင်နေသည့် တရုတ်နိုင်ငံတို့အတွက် အကောင်းဆုံးသော 'အရှေ့ အနောက်ထွက်ပေါက်' ဖြစ်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယတို့အတွက် မဟာဗျူဟာမြောက် အချက်အခြာကျသောနိုင်ငံ ဖြစ်နေ၏။ တရုတ်က ဦးဆောင်လုပ်ကိုင်နေသော ကျောက်ဖြူအထူးစီးပွားရေးဇုံ ပြီးလျှင် အလုပ်သမား ခြောက်သန်းကျော် အလုပ်ရမည်ဟုလည်း တွက်ချက်ထားကြ၏။ သို့သော် တစ်ခု သတိထားရမည်မှာ မြန်မာနိုင်ငံမှ လုပ်သားအားလုံး အလုပ်ရမည်ဟု အာမ မခံနိုင်။ နိုင်ငံတကာမှ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် လုပ်သားများ ပါဝင်လာနိုင်၏။ ထို့ပြင် 'ခါးပတ်တစ်ကွင်း လမ်းတစ်စင်း' အစီအစဉ်က နှစ်နိုင်ငံအကျိုးရှိမည် မှန်သော်လည်း တရုတ်ကြွေးနွံမနစ်ရေးအတွက်လည်း အထူးသတိထားပြီး စာချုပ်စာတမ်းများ ကြိုတင်ချုပ်ဆိုရာတွင် အလေးအနက်ထား ဂရုပြုစရာ လိုအပ်လှ၏။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် ဆက်ဆံရေးက မရှောင်မလွှဲသာ လုပ်ဆောင်ရမည် ဖြစ်သည်။ ကုန်သွယ်မှုစာချုပ်နှင့် အခြားစာချုပ်များချုပ်ဆိုရာတွင် မိမိနိုင်ငံ

ဘက်မှ အကျိုးမယုတ်စေမည့်အချက်များကို သေသေချာချာ ရေးဆွဲထားရန်သာ လိုအပ်၏။

ဤစာအုပ်ကို ပြုစုရာတွင် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့နှင့် ပတ်သက်သော နောက်ဆုံးထုတ်စာအုပ်များစွာကို ဖတ်ခဲ့ရပါသည်။ အများဆုံးကိုးကားသော စာအုပ်များမှာ အိန္ဒိယနိုင်ငံ၏ သမ္မတကြီးတစ်ဦးလည်းဖြစ်၊ အိန္ဒိယနိုင်ငံ၏ ဒုံးပျံပါရဂူကြီးလည်း ဖြစ်သူ 'အေပီဂျေအဗ္ဗဒူကာလန်' ရေးသားသော 'အိန္ဒိယ ၂၀၂၀ ထောင်စုနှစ်သစ်အတွက် အမြင်' (India 2020 - A Vision for the New Millennium) ဆိုသော စာအုပ်ဖြစ်၏။ 'အဗ္ဗဒူကာလန်'သည် တစ်နေရာတွင် မိန့်ခွန်းပြောအပြီး၌ ဆယ်နှစ်အရွယ်ကျောင်းသူလေးတစ်ဦးက သူ့ထံလာပြီး အမှတ်တရ စာရေးပေးရန် ပြော၏။ သူက ကောင်မလေးကို မေးကြည့်သည်။

"သမီးရဲ့ ရည်မှန်းချက်က ဘာလဲ"

"ဖွံ့ဖြိုးတိုးတက်တဲ့ အိန္ဒိယနိုင်ငံမှာ နေချင်တာပါပဲ"ဟု ကလေးမလေးက မတွန့်မဆုတ် ချက်ချင်းဖြေ၏။

"ဤစာအုပ်သည် ထိုသူငယ်မလေးနှင့် ထိုသူငယ်မလေးကဲ့သို့ စိတ်ဆန္ဒရှိသူ သန်းပေါင်းများစွာသော အိန္ဒိယပြည်သူများအား ရည်ညွှန်းပါသည်" ဟု ဆိုကာ 'အိန္ဒိယ ၂၀၂၀' ကို ရေးခဲ့၏။ ၁၉၉၈ က ရေးခဲ့သော စာအုပ် ဖြစ်သည်။ သမ္မတကြီးမျှော်မှန်းခဲ့သော ၂၀၂၀ အိန္ဒိယကား မကြာခင် ရောက်တော့မည်။ ဤစာအုပ်တွင် သမ္မတကြီးက ၂၂ နှစ်ကြာလျှင် ဖြစ်ထွန်းလာမည့် အိန္ဒိယနိုင်ငံကို မျှော်မှန်းရေးခဲ့ရာ ယခု အိန္ဒိယနိုင်ငံသည် သမ္မတကြီး လွန်ခဲ့သော နှစ် ၂၀ က ခန့်မှန်းထားသလောက်နီးပါး တိုးတက်လာပြီ။

နောက်တစ်အုပ်က စာရေးဆရာ 'မတ်တူလေ' ရေးသားသော 'ခပ်နှေးနှေး ဖြေးဖြေးသွားသော အိန္ဒိယ' (India in Slow Motion) စာအုပ်ဖြစ်၏။ 'မတ်တူလေ'က 'ကာလကတ္တား'တွင် မွေးပြီး အင်္ဂလန်တွင် ပညာသင်ခဲ့သူ ဖြစ်၏။ သူက တောင်အာရှတွင် ဘီဘီစီသတင်းထောက် အဖြစ် ၂၅ နှစ် တာဝန်ထမ်းဆောင်ခဲ့၏။ ယခု နယူးဒေလီတွင် သတင်းစာဆရာလုပ်နေ၏။ သူ ရေးခဲ့သော အိန္ဒိယစာအုပ်တွေက ထင်ရှားသည်။ 'ပုဒ်မ

များ ချမထားသော အိန္ဒိယ’ (No Full Stops in India) စာအုပ်နှင့် ‘အိန္ဒိယအသည်းနှလုံး’ (The Heart of India) စာအုပ်များက နာမည်ကျော်၏။ သူ၏ သတင်းစာဆရာအမြင်နှင့် သုံးသပ်ထားသော စာအုပ်များကို ကမ္ဘာတစ်ဝှမ်းမှ နှစ်ချိုက်ကြ၏။

အိန္ဒိယနှင့် တရုတ်တို့၏ စီးပွားရေးကို နှိုင်းယှဉ်ရေးသားထားသော ‘ဝင်ဒီဒေါ့ဘ်ဆင်’၏ ‘ဆွဲအားအရွေ့ အာရှ၏ စီးပွားရေး အင်အားသစ်ကြီးများက ၂၁ ရာစုကို မည်သို့ပုံဖော်မည်နည်း’ (Gravity Shift-How Asia's New Powerhouses will shape the 21st Ceatury) စာအုပ်။ ‘ဖရမ်ရှန်ကာဂျား’ ရေးသော ‘အိန္ဒိယနှင့် တရုတ်-ဆော့ဖ်ပါဝါနှင့် ဟက်ပါဝါကြားမှ တိုက်ပွဲ’ (India and China - The Battle Between Soft and Hard Power) စာအုပ်၊ ‘ရာဂါဖ်ဘိုးလ်’ ရေးသော ‘စူပါ ပါဝါ-တရုတ် ယုန်နှင့် အိန္ဒိယ လိပ်တို့၏ အံ့သြစရာပြေးပွဲ’ (Super Power - The Amazing Race Between Chira's Hare and India's Tortoise) စာအုပ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မှန်ကန်သော ဦးဆောင်မှုအောက်တွင် ရဲရင့်ပြတ်သားစွာ စီးပွားရေးမူဝါဒများကို အချိန်မီ ပြောင်းလဲခဲ့ကြ၍ ဆယ်စုနှစ်တစ်ခုအတွင်း အလွန်ချမ်းသာကြွယ်ဝသော စူပါ ပါဝါနိုင်ငံကြီးများ ဖြစ်လာကြပြီ။ ထို့ကြောင့် နှစ်နိုင်ငံလုံး၏ ပြည်သူများသည် ဝင်ငွေတိုးကြ၊ ကြွယ်ဝချမ်းသာကြဖြင့် သူတို့၏ အနာဂတ်ကားလင်းလက်တောက်ပနေချေပြီ။ မကြာမီကာလအတွင်း အိန္ဒိယနှင့် တရုတ်နိုင်ငံသားများသည် ဥရောပနှင့် အမေရိကန်တို့၏ လူနေမှုအဆင့်ကို ရောက်လာကြတော့မည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံကြီး နှစ်ခုကြားမှ ပထဝီနိုင်ငံရေးအရ အလွန်အရေးပါပြီး မဟာဗျူဟာ အချက်အချာကျလှသော မြန်မာနိုင်ငံသည်လည်း မှန်ကန်တိကျသော စီးပွားရေးမူဝါဒများပြောင်းလဲကျင့်သုံးကာ စူပါ ပါဝါနိုင်ငံကြီး နှစ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီး၊ မူဝါဒမှန်ကန်စွာ ပေါင်းသင်းဆက်ဆံကြခြင်းဖြင့် မဝေးလှသော အနာဂတ်တွင် ချမ်းသာကြွယ်ဝပြီး ခေတ်မီတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံကြီးအဖြစ် တက်လှမ်းနိုင်ကြမည်မှာ သေချာပါသည်။

၂၀၀၀ ပြည့်နှစ်က ဟောင်ကောင်ဒါရိုက်တာ 'အန်းလီ' ရိုက်ကူးသော Crouching Tiger, Hidden Dragon ဆိုသော ရုပ်ရှင်ကားကို ကြည့်ဖူးသည်။ မင်းသား 'ချောင်ယွန်ဖတ်' နှင့် မင်းသမီး 'မီရှယ်ယို'' တို့ ပါဝင်သော နာမည်ကျော်ဇာတ်ကား ဖြစ်၏။ မြန်မာဘာသာဖြင့် ''ချောင်းနေသော ကျား၊ ပုန်းအောင်းနေသော နဂါး'' ဟု အဓိပ္ပာယ်ရမည်။ ဤအမည်ကို သဘောကျကာ ယခု ကျွန်တော့်စာအုပ်ကိုလည်း ''နိုးထလာသော နဂါး၊ ခုန်အုပ်မည့်ကျား'' ဟု အမည်ပေးလိုက်သည်။

ပြင်သစ်ဧကရာဇ်စစ်ဘုရင် 'နပိုလီယံ ဘိုနာပတ်' (၁၇၆၉-၁၈၂၁) က ပြောဖူးသော စကားတစ်ခုရှိ၏။ သူ (၁၈) ရာစုခန့်ကပင် ကြိုတင်ပြောခဲ့သောစကား ဖြစ်၏။

''တရုတ်ဆိုတာ အိပ်နေတဲ့ ဘီလူးကြီးပဲ။ သူ့ကို အိပ်နေပါစေ။ ဘာဖြစ်လို့လဲဆိုတော့ သူ နိုးလာရင် သူက ကမ္ဘာကို ကိုင်လှုပ်လိမ့်မယ်'' ဆိုသောစကား။ ခုတော့ ''တရုတ်နဂါးကြီးက အိပ်ရာမှနိုးထလာပြီ။ အိန္ဒိယကျားကလည်း အရှိန်အဟုန်နှင့် ထိုးတက်ပြီး ခုန်အုပ်ဖို့အသင့်''

ထို့ကြောင့် ယခု ကျွန်တော် ''နိုးထလာသော နဂါးနှင့် ခုန်အုပ်မည့်ကျား'' စာအုပ်ကို ရေးခြင်းဖြစ်၏။ ကျွန်တော်တို့၏ အိမ်နီးနားခြင်း ''ဗူပါပါဝါ'' နိုင်ငံကြီး နှစ်ခုထံမှ စံနမူနာယူစရာ၊ သာဓကဆောင်စရာ၊ ရှောင်ရန်ဆောင်ရန်များကို တင်ပြရခြင်း ဖြစ်ပါသည်။

**ဟိန်းလတ်**

○

# (၁)

## မော်နှင့် လူလတ်တန်းစားတို့ တွေ့ကြသောနေရာ

ယေရှုဘုရားသခင်ကို မည်သည့်နေရာတွင် ရှာဖွေနိုင်သည်ကို မည်သူမျှမသိ။ ကျွန်တော်ကမူ တရုတ်ပြည်တောင်ပိုင်းမှ စက်ရုံတစ်ခုတွင် ယေရှုသခင်ကို တွေ့ခဲ့ရ၏။ ဘာဘီရုပ်အရွယ်အစား ယေရှုသခင်သည် မျက်လုံးပြာပြာ၊ ပခုံးထိရှည်လျားသော ဆံပင်ညိုညိုနှင့် တရားစကားမြွက်ကြား၏။

"ထာဝရဘုရားရှင်၏ နိုင်ငံတော်ကို ပြန်လည်မွေးဖွားသူမှအပ မည်သူမျှ မမြင်နိုင်"

"ထာဝရဘုရားသခင်သည် ကမ္ဘာလောကကို ချစ်မြတ်နိုးလွန်းသဖြင့် သူ၏ တစ်ဦးတည်း တစ်ယောက်တည်းသောသားကို ပေးခဲ့သည်"

ယေရှုသခင်ဘေးတွင် မယ်တော်မာရီ ရှိ၏။ မယ်တော်မာရီ၏ ဘေးတွင် မိုးစက်။

ဤတရုတ်ကစားစရာစက်ရုံတွင် အရုပ်များစွာ ထုတ်လုပ်နေ၏။ ယေရှု၊ မာရီ၊ မိုးစက်ရုပ်တို့က ပါဝါရိန်းဂျား၊ မစ်ကီးမောက်စ်၊ ဘာနေ၊ အယ်လ်မို၊ ဝက်ကလေး ဝင်နီ စသော အရုပ်တွေကြားထဲတွင် ရှိနေ၏။ ဤစက်ရုံတွင် အလုပ်သမား နှစ်ထောင်ကျော်သည် တစ်နှစ်လျှင် ကစားစရာအရုပ်ပေါင်း သန်းချီပြီး ထုတ်လုပ်ပေးနေ၏။ ထိုအရုပ်အများစုကို အမေရိကန်နိုင်ငံသို့ ပို့၏။ 'ကွာလီမန်စက်မှုကုမ္ပဏီ'က ဤစက်ရုံကို တရုတ်ပြည်၊ နန်ဟိုင်းမြို့တွင် ၁၉၉၅ က တည်ထောင်ခဲ့၏။ စက်ရုံ၏ ဘေးတွင် လယ်ကွင်းတွေ ရှိ၏။ ဤစက်ရုံက အစာသွတ် မွေးပွအရုပ်လှလှလေးများ အပြင် အီလက်ထရွန်နစ် သီချင်းဆို စကားပြောအရုပ်များကိုပါ ထုတ်၏။

တရုတ်ပြည် ကွမ်တုံးပြည်နယ်တွင် ဤကဲ့သို့သော အရပ်စက်ရုံပေါင်း ၅၀၀၀ ကျော်ရှိ၏။ ဤစက်ရုံများက ထုတ်လုပ်သော ကစားစရာရောင်းရငွေ ပင်လျှင် ဒေါ်လာ ၈၅ ဘီလျံမျှထိ ရှိ၏။ ဤစက်ရုံတွင် အလုပ်သမားများစွာ အတွက် အလုပ်အကိုင်အခွင့်အလမ်း များစွာ လမ်းဖွင့်ပေးခဲ့၏။ လွန်ခဲ့သော ဆယ်နှစ်ကျော်က ဤစက်ရုံတွေ မရှိသေး။

၂၀၀၀ ပြည့်နှစ်၌ ကမ္ဘာ့အရပ်ရပ်တွင် ရောင်းချနေသော ကစားစရာအားလုံး၏ ၃၀ ရာခိုင်နှုန်းသည် တရုတ်ပြည်မှ ထုတ်လုပ်ခြင်း ဖြစ်၏။ ၂၀၀၅ တွင်ကား ကစားစရာအသစ်အားလုံး၏ ၇၅ ရာခိုင်နှုန်းသည် တရုတ်က ထုတ်လုပ်လာသည်အထိ တိုးတက်မှုအရှိန်အဟုန် မြန်ဆန်လှ၏။

ကစားစရာအပြင် ဖိနပ်၊ မော်တော်ယာဉ် အပိုပစ္စည်း၊ ကွန်ပျူတာ နှင့် အခြားပစ္စည်း အမျိုးအစား ထောင်ပေါင်းများစွာသည်ပင် တရုတ်ကထုတ် လုပ်နိုင်လာ၏။ ဥပမာ လွန်ခဲ့သော ဆယ်နှစ်က တရုတ်ဖိနပ်စက်ရုံမှ ထုတ်လုပ်သော ဖိနပ်အရေအတွက်ကို ကြည့်။ ကမ္ဘာ့ပေါ်တွင် ထုတ်သမျှ ဖိနပ်သုံးရုံတွင် တစ်ရုံက တရုတ်လုပ်။ ၂၀၀၁ ခုနှစ်တွင် မော်တော်ယာဉ် အပိုပစ္စည်း ၁.၃ ဘီလျံဖိုး နိုင်ငံရပ်ခြားကို တင်ပို့ရာမှ ၂၀၀၅ တွင် ၉ ဘီလျံဖိုးထိ တင်ပို့လာ၏။ ၁၉၉၆ တွင် တရုတ်သည် ကွန်ပျူတာ၊ ဆယ် လူလာဖုံး၊ စီဒီဖွင့်စက်နှင့် အခြားသော အီလက်ထရွန်နစ်ပစ္စည်း ဒေါ်လာ ၂၀ ဘီလျံဘိုး ထုတ်လုပ်ရာမှ ၂၀၀၄ တွင် ဘီလျံ ၁၈၀ ထိ ပို့ကုန်ဖြစ်လာ ရာ ကမ္ဘာတွင် တရုတ်ကို မည်သူမျှမယှဉ်နိုင်တော့။ ၁၉၇၈ ခုနှစ် တစ်နှစ် လုံး တရုတ်ထုတ်ကုန်ပမာဏကို ယခု တစ်နေ့တည်းနှင့် ထုတ်နိုင်လာပြီ။ တရုတ်၏ စီးပွားရေးကား အံ့မခန်းကြီးကျယ်လာ၏။ သို့ဖြင့် တရုတ်သည် ကမ္ဘာလုံးဆိုင်ရာ ပါဝါကို ရလာ၏။ တရုတ်ပြည်မှ အလုပ်သမားများ၏ ဘဝသည်လည်း တိုးတက်ပြောင်းလဲလာ၏။

❖❖❖

တရုတ်ပစ္စည်းတွေက အမေရိကနှင့် ဥရောပနိုင်ငံများ၏ ဆိုင်တိုင်း တွင် အခန့်သား ရောက်နေကြပြီ။ မည်သည့်နေရာမဆို တရုတ်ပစ္စည်းက လက်ညှိုးထိုးမလွဲ။

၁၉၇၈ က တရုတ်ပြည်၏ ကျေးလက်ဒေသများတွင် ဆင်းရဲတွင်းနက်လှ၏။ အစာရေစာပြတ်၏။ ငတ်မွတ်ခေါင်းပါးသည့်အဆင့်ထိ ရှိ၏။ ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် တစ်ပြည်လုံး ဆင်းရဲမှုက မြင့်မားလှသည်။ 'အန်ဟို' ပြည်နယ်၊ ရှောင်ဂန်းမြို့မှာဆိုလျှင် လူတစ်ယောက်၏ တစ်နှစ်တာဝင်ငွေက အမေရိကန်ဒေါ်လာ သုံးဒေါ်လာအောက်မျှသာ ရှိ၏။ ၁၉၅၈ ခုနှစ် ဥက္ကဋ္ဌ မော်၏ 'မဟာခုန်ပျံရှေ့သို့' ကာလတွင် ငတ်မွတ်ခေါင်းပါးမှု အများဆုံး။ ကျွဲ၊ ဝက်၊ နွား၊ ကြက်၊ ဘဲ မရှိတော့၍ အိမ်မွေးခွေးများကိုပင် သတ်စားကြရသည်အထိ။ တရုတ်ပြည်၏ စုပေါင်းလယ်ယာစနစ်ကို မကျေနပ်သူ တောင်သူလယ်သမားတွေ များလာ၏။ မော်၏ ကွန်မြူနစ်ဝါဒ၏ အားနည်းချက်များကို ဖော်ထုတ်လာကြသည်။ စုပေါင်းလယ်ယာစနစ်ကို မကျင့်သုံးဘဲ အချို့ပြည်နယ်များတွင် လွတ်လွတ်လပ်လပ် စိုက်ပျိုးကြရာ ယခင်ကထက် လေးဆလောက် ထုတ်ကုန်ပိုထွက်သည်ကို တွေ့လာကြ၏။ ဤစမ်းသပ်မှုကို 'ရှောင်ဂန်'ရွာများက စတင်ခဲ့ကြခြင်း ဖြစ်၏။

ယနေ့တော့ 'ရှောင်ဂန်'ရွာများကို တရုတ်ပြည်၏ ကျေးလက်ပြုပြင်ပြောင်းလဲရေး စတင်မွေးဖွားရာ ဇာတိမြေအဖြစ် ဂုဏ်ပြုနေကြပြီး အစိုးရစီမံကိန်း စီးပွားရေးမှ ခေတ်သစ်ဈေးကွက် စီးပွားရေးသို့ ကူးပြောင်းသော နိုင်ငံတော်၏ သမိုင်းဝင်အပြောင်းအလဲလုပ်ရာ ဒေသဟု ချီးကျူးကြ၏။ ထိုမှစ၍ တရုတ်၏ လယ်ယာမြေပေါ်လစီအပြောင်းအလဲသည် စတင်ပေါက်ဖွားလာ၏။ ယခုကဲ့သို့ တရုတ်ပြည် ကြီးပွားတိုးတက်လာခြင်းသည် လူတွေ တအံ့တသြဖြစ်နေကြသော စက်ရုံကြီးများနှင့် မိုးမျှော်တိုက်ကြီးများ ဆောက်၍ မဟုတ်။ ကျေးလက်ကို ပြုပြင်ပြောင်းလဲရာမှ စတင်ခဲ့ခြင်း ဖြစ်၏။

ယနေ့ တရုတ်ပြည် ထွန်းကားတိုးတက်လာပုံ အကြောင်းရင်းကို မနေ့က တရုတ်ပြည်အခြေအနေ မသိဘဲနှင့် အကဲဖြတ်၍မရ။ မော်၏ အုပ်ချုပ်မှု နှစ်သုံးဆယ်အောက်တွင် တရုတ်ပြည် ဆင်းရဲခဲ့ခြင်းအကြောင်းလည်း သိဖို့လို၏။

❖❖❖

၁၉၄၉ တွင် ဥက္ကဋ္ဌ မော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်းကို ကမ္ဘာအား ကြေညာခဲ့၏။ သူ၏ရည်ရွယ်ချက်မှာ ဆိုဗီယက်ယူနီယံကဲ့သို့ ကွန်မြူနစ်နိုင်ငံ ထူထောင်ရန်ဖြစ်၏။ တစ်ခု ခြားနားသည်က တရုတ်သည် စက်မှုနိုင်ငံမဟုတ်။ လယ်ယာစိုက်ပျိုးရေးအခြေပြုသော နိုင်ငံဖြစ်၏။ မတ်စ်ဝါဒက အလုပ်သမားများအပေါ် အဓိကအခြေပြုထားသည်။ မော်ကမူ လယ်သမားများကို ဗဟိုပြု၏။

၁၉၅၅ တွင် မော်က စုပေါင်းလယ်ယာစနစ် စတင်၏။ လယ်သမားများ လယ်ပိုင်ခွင့်မရှိတော့။ လယ်တွေကို ဝယ်ခွင့်မရှိသလို ရောင်းခွင့်လည်းမရှိ။ စုပေါင်းစိုက်ပျိုး စုပေါင်းရိတ်သိမ်း။ နှစ်အနည်းငယ်အတွင်းမှာပင် လယ်ယာထုတ်ကုန်က ၄၀ ရာခိုင်နှုန်းထိ ကျလာ၏။ လူဦးရေ များပြား၏။ တရုတ်ပြည်သူတွေအတွက် စားစရာမလုံလောက်တော့။ တရုတ်လူဦးရေက ကမ္ဘာလူဦးရေ၏ ၂၂ ရာခိုင်နှုန်းထိ များပြားရာ ဤပါးစပ်ပေါက်များအတွက် စားစရာက မလုံလောက်။ ထိုအချိန်တွင် အမေရိကန်က တရုတ်ပြည်သူ ၁.၃ ဘီလျံအတွက် လုံလောက်အောင် ကျွေးနိုင်သည့်အပြင် ကာလီဖိုးနီးယား၊ တက်ဆက်၊ နီဘရာစကာ၊ အိုကလာဟိုးမား စသော ပြည်နယ်များကထွက်သော သီးနှံတွေ အပိုဆောင်းထားနိုင်သေး၏။

အစားအစာရှာပါးမှု ပိုဆိုးလာသည်က ၁၉၅၈ ခုနှစ်၊ မော်၏ 'ရှေ့သို့မဟာခုန်ပျံရေး' အစီအစဉ်ကြောင့် ဖြစ်၏။ ကျေးလက်စုပေါင်းလယ်ယာများကို လူတစ်သောင်းစီပါသော ဘုံလယ်ယာမြေအဖြစ် ပြောင်းခဲ့၏။ ကွန်မြူနစ်ပါတီ အုပ်ချုပ်သူများက လယ်သမားများကို ဘာကိုစိုက်၊ ဘာကိုမစိုက်နှင့်ဟု ညွှန်ကြား၏။ ဘုံလယ်ယာမြေအဖွဲ့ဝင်တွေအတွက် စားစရာပေးသည်။ ဆေးဝါးကုသမှု ပေးမည်။ အခြားလိုတာတွေ ပေးမည်ဟု ကတိပေးကြ၏။ ကွန်မြူနစ်ခေါင်းဆောင်များက သူ့နယ်မြေနှင့် ကိုယ့်နယ်မြေအတွက် ဝါဒဖြိုင်ကြ၏။ ဥက္ကဋ္ဌမော်ကို မျက်နှာလုပ်ရန်အတွက် သီးနှံအထွက်နှုန်းတွေ ပိုပြကြ၏။ အဆုံးတွင်ကား လယ်သမားများအတွက် ဝမ်းစာပင် မကျန်တော့ဘဲ နိုင်ငံတော်ကို ရှိသမျှ အကုန်သွင်းလိုက်ကြရ၏။ မော် ထံသို့လည်း အစီရင်ခံစာတွေ လုပ်ကြံတင်ပြရာ မော်က သူ၏ဘုံလယ်ယာမြေစနစ် သိပ်အောင်မြင်သည်ဟု အထင်ရှိခဲ့သည်။

'ဟီနန်ပြည်နယ်'က ဆိုလျှင် လယ်သမားများ ငတ်မွတ်နေပါလျက် အထွက်က နှစ်ဆတိုးသည်ဟုအစီရင်ခံ၏။ လယ်သမားများကိုကား အထွက်မတိုးရကောင်းလားဟု အပြစ်ရှာ အပြစ်ပေးခဲ့၏။

ထိုအချိန်တွင် မော်ကား လယ်ယာလုပ်ငန်းအောင်မြင်ပြီဟု အထင်ရောက်ကာ စက်မှုနိုင်ငံအဖြစ် ပြောင်းလဲရန်ပင် စီစဉ်နေ၏။ သံနှင့် သတ္တုလိုအပ်သည်ဆိုကာ လယ်သမားတွေသည် သူတို့ပိုင်ဆိုင်သော စက်ဘီးမှအစ ဒန်အိုးဒန်ခွက်တွေပင် နိုင်ငံတော်ကို လှူကာ သတ္တုအရည်ကျိုစက်သို့ ပို့ကြရ၏။ လယ်သမားတွေကို အချို့ပြည်နယ်တွင် လယ်မစိုက်ခိုင်းဘဲ သံမဏိထုတ်လုပ်ရေးများတွင် ဝင်ရောက် လုပ်ကိုင်စေ၏။

ကျေးလက်မှလူများစုက စားစရာအတွက် ဖားတွေရှာ၊ ကြွက်တွေရှာ သတ်စားရ၏။ အချို့မှာ မြက်တွေ၊ သစ်ရွက်တွေ ပြုတ်စားကြရ၏။ အချို့က သစ်ပင်အခေါက်တွေ ခွာစားရ၏။ အများစုမှာ အာဟာရချို့တဲ့ကြ၏။ ခန္ဓာကိုယ်တွေ ပိန်လှီလာ၏။ အာဟာရချို့တဲ့သည့်ရောဂါနှင့် သေသူတွေများလာ၏။ ၁၉၅၉ မှ ၁၉၆၂ ကြားတွင် ငတ်မွတ်၍ သေဆုံးသူပေါင်း သန်း ၃၀ မှ သန်း ၄၀ ကြားထိ ရှိသည်။ ပြည်သူတွေ ငတ်နေကြသော်လည်း တရုတ်ပြည်က ပြည်ပသို့ တင်ပို့သော ဆန်တန်ချိန်ကမူ ပုံမှန်အတိုင်းပင်။

ဘုံလယ်ယာမြေစနစ် မအောင်မြင်သည့်ကြားမှ ၁၉၆၀ တွင် မော်က ယဉ်ကျေးမှုတော်လှန်ရေး စတင်ပြန်၏။ အဓိက ကတော့ နိုင်ငံရေးပြိုင်ဖက်များကို အပုတ်ချခြင်းနှင့် ပညာတတ်များကို 'ခနရှင်လမ်းကြောင်း လိုက်သူများ'ဟု တံဆိပ်ကပ် ဖယ်ရှားခြင်းမျိုး ဖြစ်သည်။

ထိုအချိန်တွင် နိုင်ငံပိုင်လုပ်ငန်းများက စီးပွားရေး၏ ၇၇.၆ ရာခိုင်နှုန်း ရှိကာ ဈေးကွက်အခြေခံစီးပွားရေးက လုံးဝမရှိ။

ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် ဂန္ထဝင်စာအုပ်များ မီးရှို့ပစ်ကြ၏။ ရှေးခေတ် တရုတ်အနုပညာလက်ရာများကို ဖျက်ဆီးကြသည်။ ဘုရားကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေကို ခြေမွပစ်ကြ၏။ ပြင်ပကမ္ဘာနှင့် အဆက်အဆံ လုံးဝ ပိတ်ပစ်လိုက်၏။ နိုင်ငံ၏ တက္ကသိုလ်များ ပိတ်လိုက်ကြသဖြင့် တရုတ်ပြည်၏ အခြေအနေသည် ဆယ်ခုနှစ်များစွာ ယိုင်နဲ့သွားသည်။ ဆယ်နှစ်ကျော်ကြာတိုင်အောင် တရုတ်စနစ်သည် ကွန်မြူနစ်

ပါတီ၏ ဝါဒဖြန့်စာများနှင့် မော်၏ စာအုပ်နီလေးကို လေ့လာရေးသာ ကျန်တော့၏။

မော်၏ အုပ်ချုပ်ရေး ၂၇ နှစ်တာအတွင်း တရုတ်သည် အနောက်နိုင်ငံနှင့် စီးပွားရေးအဆက်အသွယ် လုံးဝ ပြတ်တောက်ခဲ့၏။ နိုင်ငံတစ်ခုလုံး နိုင်ငံရေးရောဂါနှင့် စီးပွားရေးကပ်သာ ရှိတော့၏။ သို့ဖြင့် တရုတ်ပြည်သည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ် ရောက်လာတော့သည်။

၁၉၇၆ တွင် မော် ကွယ်လွန်၏။ စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်သူ 'တိန့်ရှောက်ဖိန်' ပေါ်လာ၏။ သူက တကယ့် ပစ်တိုင်းထောင် နိုင်ငံရေးသမား။ မော်စီတုံး လက်ထက်တွင် ထိပ်တန်းခေါင်းဆောင်နေရာမှ ယဉ်ကျေးမှု တော်လှန်ရေးကာလတွင် အရင်းရှင်ဝါဒလမ်းကြောင်း လျှောက်သူအဖြစ် အပုပ်ချခံရကာ ရာထူးမှပြုတ်ပြီး သာမန်အလုပ်သမားအဆင့်သို့ ရောက်သွား၏။ သို့သော် သူက နောက်ပိုင်းတွင် ခေါင်းဆောင်ပြန်ဖြစ်လာသည်။ ရာထူးမှကျပြီး ခေါင်းဆောင်ပြန်ဖြစ်လာသူမှာ တရုတ်နိုင်ငံရေးလောကတွင် အတော်ရှား၏။ အရပ်ငါးပေ မရှိတရှိ လူပုလေး 'တိန့်ရှောက်ဖိန်'သည် အသက် ၇၀ ကျမှ ခေါင်းဆောင်ပြန်ဖြစ်လာ၏။

ထိုအချိန်တွင် တရုတ်လူမျိုးအများစုက လယ်သမားတွေ။ ကမ္ဘာပေါ်ရှိ လူငါးယောက်တွင် တစ်ယောက်က တရုတ်လယ်သမားဖြစ်၏။ တရုတ်လယ်သမားက တစ်ဘီလျံမျှ ရှိ၏။ ရွှံ့ကာ၊ သက်ကယ်မိုးအိမ်နှင့် နေကြရ၏။ ယခင်က ကွန်မြူနစ်ပါတီဝင် ကေဒါများက လယ်သမားများကို ဘာပင်ပဲစိုက်၊ ဘာမစိုက်နှင့်ဆိုကာ စီမံကိန်းသီးနှံများကိုသာ စိုက်ခိုင်း၏။ တစ်နေ့ ဘယ်နှစ်နာရီ လယ်ထဲ ဆင်း၊ ဘယ်နှစ်နာရီ နား စသည်အထိ ကွပ်ကဲကြ၏။ တစ်နှစ်ကုန်လျှင် လယ်သမားတို့က တစ်ဦးကို အမေရိကန်ဒေါ်လာ ၁၆ ဒေါ်လာမျှသာ ဘုံလယ်ယာမြေများမှ ပြန်လည်ခွဲဝေပေး၏။ အများစုက ထိုဝင်ငွေနှင့် မစားလောက်သဖြင့် မြို့တက်ကာ တောင်းရမ်းစားသောက်ကြ၏။

'တိန့်ရှောက်ဖိန်'က ဤအခြေအနေကို အမှန်အတိုင်းသိမြင်သဖြင့် စီမံကိန်းစီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းရန်စတင်ခဲ့၏။ သူကလည်း ကျေးလက်ကို အခြေခံပြီး စတင် အပြောင်းအလဲလုပ်သည်။

ဘုံလယ်ယာမြေစိုက်ပျိုးပြီး အချိုးကျယူသောစနစ်မှ ကိုယ်လုပ်သမျှ ကိုယ်ရသောပုံစံကို ပြောင်းပေး၏။ မိမိစိတ်ကြိုက်သီးနှံ စိုက်ခွင့်ပြု၏။ ဈေးနှုန်းကိုတော့ အစိုးရက သတ်မှတ်ထားဆဲ။ သို့သော် ၁၉၇၈ မှ ၁၉၈၁ ကြားတွင်မူ အစိုးရက လယ်ယာထွက်ကုန်များကို ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပေး၏။ အစိုးရကို ရောင်းချပြီး ပိုလျှံသည်များကို ရောင်းချခွင့်ပေး၏။ သို့ဖြင့် ၁၉၇၈ မှ ၁၉၈၄ အတွင်း တရုတ်လယ်သမားတို့၏ ဝင်ငွေက ၁၅ ရာခိုင် နှုန်းထိ တိုးလာ၏။ သူတို့၏ ပျမ်းမျှဝင်ငွေက တစ်နေ့လျှင် တစ်ဒေါ်လာ အောက်တော့ ရှိနေဆဲ။ သို့သော် ယခင်က တစ်နေ့လျှင် ဆင့် ၄၀ သာ ဝင်သည်ထက်တော့ ပိုသာသေး၏။

အပြောင်းအလဲတွေ လုပ်၏။ စီးပွားရေး လွတ်လပ်ခွင့်အသစ်တွေ ပေး၏။ မကြာခင် လယ်သမားများ၏ အခြေအနေက တိုးတက်လာ၏။ ကုန်စုံဆိုင်ငယ်လေးတွေ၊ လယ်ယာသီးနှံလုပ် စက်ရုံလေးတွေ အလျှိုအလျှိုပေါ်လာ၏။ ပြုပြင်ပြောင်းလဲမှုလုပ်ပြီး ၂၅ နှစ်အကြာတွင် စီးပွားရေးလုပ်ငန်းငယ်လေးပေါင်း ၂၂ သန်းထိ ပေါ်ထွက်လာ၏။ လမ်းဘေးစားသောက်ဆိုင်မှသည် မော်တော်ယာဉ် အပိုပစ္စည်းထုတ်စက်ရုံများအထိ ထွန်းကားလာ၏။ ဤစက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမား ၁၃၅ သန်း အလုပ်ရကြ၏။ လယ်ယာလုပ်ငန်းအပြင် စက်မှုလုပ်ငန်းတွင်ပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာသည်။ 'တိန့်ရှောက်ဖိန်' ခေတ်တွင် ကျေးလက်နေမိသားစု ငါးစုတွင် လေးစုက အိမ်ပြင်ဆောက်နိုင်ကြ၏။ ရွှံ့ကာ ဓနိမိုးအိမ်များမှ အုတ်ဖြင့်ဆောက်သော သွပ်မိုးအိမ်တွေ ဖြစ်လာသည်။ လျှပ်စစ်မီးတွေပါ ရလာ၏။

"ကျေးလက် ပြုပြင်ပြောင်းလဲမှုက သမိုင်းမှာ အကြီးဆုံး အိမ်ရာပေါ်ထွန်းမှုကို အထင်အရှား ဖြစ်စေတယ်"ဟု ဟောင်ကောင်သိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှ ညွှန်ကြားရေးမှူး 'ဒေးဗစ်ဇွတ်' က ပြော၏။ သို့ဖြင့် တရုတ်ပြည်သူ သန်းပေါင်းများစွာသည် ဆင်းရဲတွင်းမှ ရုန်းထွက်လာနိုင်ကြ၏။ မကြာခင်မှာပင် ကမ္ဘာတစ်ခုလုံးကို သူတို့စီးပွားရေးက တစစ ဝါးမျိုလာနိုင်ကြသည်အထိ ဖြစ်၏။

❖❖❖

'တိန့်ရှောက်ဖိန်'က တရုတ်ပြည်ကို ခေတ်မီနိုင်ငံအဖြစ် ပြောင်းလဲချင်၏။ ထို့ကြောင့် သူက ပြည်ပထွက်ကာ လေ့လာရေးလုပ်၏။ ၁၉၇၈ တွင် သူသည် ဘန်ကောက်၊ ကွာလာလမ်ပူနှင့် စင်္ကာပူသို့ သွား၏။ စင်္ကာပူဝန်ကြီးချုပ် 'လီကွမ်ယု'က သူ့ကို လေဆိပ်တွင် လာကြို၏။ ထိုအချိန်၌ စင်္ကာပူလေဆိပ်တွင် ဆေးလိပ်သောက်ခွင့်မပြု။ သို့သော် 'လီယွမ်ယု'က 'တိန့်ရှောက်ဖိန်'ကို ခြွင်းချက်ထားကာ အစည်းအဝေးတိုင်းတွင် ဆေးလိပ်ခွက်ချပေးထား၏။ သို့သော် စီးကရက်မပြတ်သောက်သော 'တိန့်ရှောက်ဖိန်'က လုံးဝ မသောက်။ ဝန်ကြီးချုပ် 'လီကွမ်ယု'က ဆေးလိပ်အနံ့ မခံနိုင်ကြောင်း သူသိ၍ ဖြစ်၏။ ခေါင်းဆောင်နှစ်ဦးသည် သုံးရက်ကြာတိုင်အောင် စကားပြောကြ၏။ 'တိန့်ရှောက်ဖိန်'က စင်္ကာပူတစ်နိုင်ငံလုံး လျှောက်ကြည့်၏။ စင်္ကာပူ၏ တိုးတက်နေသော နည်းပညာစနစ်များကို လေ့လာ၏။

''ဒီခရီးဟာ သူ့ကို မျက်စေ့ဖွင့်ပေးလိုက်တာပဲ''ဟု 'လီကွမ်ယု'က ပြောသည်။ စင်္ကာပူနိုင်ငံတွင် တရုတ်လူမျိုး အများအပြားနေထိုင်ကြ၏။ စင်္ကာပူက တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံး၏။ လွတ်လပ်ခွင့် သိပ်မပေး။ ပီကေစားတာကိုပင် ပိတ်ပင်ထား၏။ သို့သော် နိုင်ငံက တည်ငြိမ်၏။ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှ အလျင်အမြန်ပင် ခေတ်မီသော အရှင်းရှင်နိုင်ငံတစ်ခုအဖြစ် ပြောင်းလဲခဲ့၏။ အဓိက ကတော့ စင်္ကာပူတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို များစွာဆွဲဆောင်နိုင်၍ ဖြစ်၏။ သို့ဖြင့် စင်္ကာပူနိုင်ငံသားတို့၏ လူနေမှုဘဝသည် လျင်မြန်စွာ တိုးတက်လာ၏။

စင်္ကာပူဝန်ကြီးချုပ်က 'တိန့်ရှောက်ဖိန်'ကို လေဆိပ်လိုက်ပို့၏။ ထိုနေ့မှစ၍ တရုတ်နိုင်ငံ၏ အစိုးရသတင်းစာဖြစ်သော 'ပြည်သူ့နေ့စဉ်'က စင်္ကာပူခေါင်းဆောင်များကို 'အမေရိကန်-ဗြိတိသျှ အရင်းရှင်ဝါဒီတို့၏ နောက်မြီးဆွဲများ'ဟူသော အသုံးအနှုန်းကို ဆက်မသုံးတော့။ ၁၉၈၀ ခုနှစ်များအတွင်း 'လီကွမ်ယု'က 'တိန့်'ကို ပေကျင်းတွင် သုံးကြိမ်တိုင်လာတွေ့၏။ ၁၉၉၂ ခုနှစ်အတွင်းတွင် 'တိန့်'သည် စင်္ကာပူသို့ မြို့တော်ဝန်များ၊ ပါတီအတွင်းရေးမှူးများနှင့် အရာရှိကြီးများဦးရေ ၄၀၀ ကျော်ကို စေလွှတ်ကာ စင်္ကာပူကို လေ့လာစေခဲ့၏။

စိုက်ပျိုးရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ လုပ်ပြီးနောက် 'တိန့်'သည်

စက်မှုပြုပြင်ပြောင်းလဲမှုကို စကိုင်၏။ သူက 'အထူးစီးပွားရေးဇုန်' ကို စတင်လုပ်၏။ ပြည်ပနိုင်ငံများသို့ ရောင်းချရန် ထုတ်သော ကုန်ပစ္စည်းများကို အခွန်အခသက်သာစွာကောက်ပြီး အမြောက်အမြားထုတ်လုပ်ရန် ဖြစ်၏။

ယခင်ကဆိုလျှင် နိုင်ငံခြားသားများအနေနှင့် တရုတ်ပြည်တွင် စီးပွားရေးလုပ်ရန် အလွန် ခက်ခဲ၏။ ယခုတော့ 'အထူးစီးပွားရေးဇုန်'များတွင် လာရောက်လုပ်ကိုင်ရန် နိုင်ငံခြားစက်ရုံ အလုပ်ရုံများကို ဖိတ်ခေါ်ခဲ့၏။ 'ထိုင်ဝမ်'နှင့် နီးကပ်သော 'ဖူးကျင့်'ပြည်နယ်တွင်လည်းကောင်း၊ ဟောင်ကောင်နှင့်နီးသော 'ကွမ်တုံး'ပြည်နယ်တွင်လည်းကောင်း 'အထူးစီးပွားရေးဇုန်'များကို တည်ထောင်ရာ အခွင့်အရေးမျှော်ကိုးသော ထိုင်ဝမ်နှင့် ဟောင်ကောင် ကုမ္ပဏီများက စက်ရုံများကို ဆောက်ကြ၏။ တရုတ်အလုပ်သမားများ၏ လုပ်အားခက သက်သာသည့်အပြင် အခွန်အကောက် လျှော့ပေါ့ထား၍ သူတို့က သဘောကျကြ၏။ စက်ရုံအများစုမှာ မော် လက်ထက်က ထွက်ပြေးသွားသူ တရုတ်လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံကြခြင်း ဖြစ်၏။ ၁၉၈၄ တွင် ပိုမိုစီးပွားရေးအကွက်မြင်သော 'တိန့်'က သူ၏ အောင်မြင်သော စမ်းသပ်မှုကို ချဲ့ထွင်ကာ တရုတ်ကမ်းရိုးတန်းတစ်လျှောက် အထူးစီးပွားရေးဇုန် ၁၄ ခုကို ထပ်မံ တိုးချဲ့ခဲ့၏။

တရုတ်ပြည်မကြီးသို့ ပထမဆုံး လာရောက်ရင်းနှီးမြှုပ်နှံသူမှာ ဟောင်ကောင်မှ 'အက်ဒတ်ချန်း' ဖြစ်၏။ ၁၉၈၉ တွင် သူက 'ဒုံဂွမ်း'တွင် စက်ရုံစဖွင့်၏။ 'ဒုံဂွမ်း' က ဟောင်ကောင်မှနေ၍ ကားမောင်းလာလျှင် နှစ်နာရီကြာသော နေရာတွင်ရှိ၏။ သူက အလုပ်သမားများကို တစ်နေ့တွင် လုပ်ခ ၁.၂၈ ဒေါ်လာပေး၏။ သူ့စက်ရုံက ခါးပတ်နှင့် ပိုက်ဆံအိတ်ထုတ်၏။ လုပ်အားခသည် အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် အလွန်နည်း၏။ သို့သော် တရုတ်အလုပ်သမားတို့မှာ ထိုမျှရသည်ပင် ကျေနပ်ပျော်ရွှင်လှပြီ။

ရင်းနှီးမြှုပ်နှံသူအများစုမှာ တရုတ်ပြည်မှနေ၍ ထွက်ပြေးသွားကြသော ဟောင်ကောင်၊ ထိုင်ဝမ်နှင့် စင်္ကာပူမှ ဖြစ်၏။ နောက်တော့ အမေရိကန်၊ ဥရောပ၊ ဂျပန်၊ ကိုရီးယားတို့ ပါဝင်လာ၏။

'တိန့်ရှောက်ဖိန်'ကတော့ စီးပွားရေးလွတ်လပ်ခွင့်ကို တဖြည်းဖြည်း တိုးပေးလာ၏။ ၁၉၉၂ တွင် သူသည် တရုတ်ပြည်တောင်ပိုင်း မြို့များစွာကို

လှည့်ပတ်ကြည့်ရှု၏။ ထိုအချိန်တွင် သူ့အသက်က ၈၈ နှစ်ပင် ရှိနေပြီ။ သူက သူ့ပြည်သူများကို 'စီးပွားရေးပင်လယ်ထဲသို့ ခုန်ချကြ' ဟု ဆော်ဩ၏။ ဓနရှင်ဝါဒကို ခါးခါးသည်းသည်း ရွံ့မုန်းကြသော တရုတ်ပြည်မမှ ပြည်သူအများက ပထမ အံ့ဩသွားကြ၏။ 'တိန့်'က 'ချမ်းသာခြင်းသည် မင်္ဂလာ' ဟုပင် ထပ်ပြော၏။ 'ကြောင်ဆိုတာ ဖြူချင်ဖြူ၊ မည်းချင်မည်း၊ ကြွက်ခုတ်ဖို့ အဓိက'ဆိုသော ဆောင်ပုဒ်ကို သူကပြောပြီး လှုံ့ဆော်၏။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို လျှော့ချကာ ပုဂ္ဂလိကလုပ်ပိုင်ခွင့်တွေကို ပေးခဲ့၏။

''ကျောက်ခဲတွေကို ခံစားရင်း မြစ်ကို ဖြတ်ကူး''ဆိုတာ တရုတ်ဆိုရိုးစကားတစ်ခု ရှိ၏။ ဆိုလိုသည်မှာ အလုပ်ကို တဖြည်းဖြည်းချင်း သင်ယူလုပ်ဆောင်ရန် ဖြစ်၏။ 'အထူးစက်မှုဇုန်'များတွင် နိုင်ငံခြားစက်ရုံများစွာ ပေါ်ထွန်းလာရာ တရုတ်အလုပ်သမား ထောင်ပေါင်းများစွာကို ငှားရ၏။ သို့ပြင် တရုတ်အလုပ်သမားတို့က နိုင်ငံခြားခေတ်မီနည်းပညာတွေကို တဖြည်းဖြည်း တတ်လာကြ၏။

တရုတ်ပြည်၏ ကွန်မြူနစ် ကေဒါများကလည်း 'အရင်းရှင်လမ်းကြောင်းလိုက်သူ'တွေ ဖြစ်မှန်းမသိ ဖြစ်လာကြ၏။ သူတို့က 'တရုတ်ဝိသေသလက္ခဏာရှိသော ဆိုရှယ်လစ်ဝါဒ'ဟုခေါ်ကြ၏။ သို့ဖြင့် စီးပွားရေးတော်လှန်ရေးသည် တိတ်တိတ်ဆိတ်ဆိတ်ပင် ပေါ်ထွက်လာ၏။ တစ်ဘီလျံမျှရှိသော တရုတ်ပြည်သူတို့က ချမ်းသာကြွယ်ဝလာ၏။ တရုတ်ခေါင်းဆောင်များက သူတို့၏ စီးပွားရေးကို တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းတိုးရန် စီမံချက်ချထားကြ၏။ သို့ဖြင့် တရုတ်ပြည်သည် ခေါင်းဆောင်တစ်ဦး၏ အမြော်အမြင်ရှိမှု၊ မျက်စေ့တစ်ဆုံးကြည့်တတ်မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလောကတွင် တရှိန်ထိုး အောင်မြင်လွှမ်းမိုးလာနိုင်ခဲ့၏။

❖❖❖

တရုတ်ခေါင်းဆောင်များက စင်္ကာပူကို နမူနာယူကာ စီးပွားရေးလုပ်ငန်း ဖောက်ချလုပ်ကိုင် အောင်မြင်လာသည်နှင့် တစ်ချိန်တည်း သူတို့၏ ယခင် မဟာမိတ် ဆိုဗီယက်ယူနီယံ၏ ကံကြမ္မာကိုလည်း ရင်တထိတ်ထိတ် စောင့်ကြည့်နေရ၏။ တရုတ်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု စတင်ပြီး

၃ နှစ် အကြာတွင် ဂေါ်ဘာချော့ဗ်သည်လည်း တော်လှန်ရေးတစ်ခု လုပ်ခဲ့၏။ သူက စီးပွားရေးအပြောင်းအလဲသာမက လွတ်လပ်စွာ ပြောဆိုခွင့်ကိုပါ စတင်ခဲ့၏။ ဤကိစ္စကိုတော့ တရုတ်က သေသေချာချာပင် ရှောင်ရှားလာ၏။ ရလာဒ်ကား စစ်အေးတိုက်ပွဲ ချုပ်ငြိမ်းသွားခြင်းပင်တည်း။ အရှေ့ဥရောပတွင် ကွန်မြူနစ်ဝါဒ ပြိုလဲသွား၏။ ၁၉၉၁ တွင် ဆိုဗီယက်ယူနီယံသည်လည်း အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားသည်။ တရုတ်ခေါင်းဆောင်တို့က ထိုသို့ဖြစ်မှာ ကြောက်၏။ သူတို့က နိုင်ငံရေးထိန်းချုပ်မှုနှင့် တည်ငြိမ်မှုကို ဆက်ထိန်းကြ၏။

၁၉၈၉ တွင် ဥရောပအရှေ့အုပ်စုတွင် လွတ်လပ်ခွင့်များရလာသည်နှင့်အတူ လူမှုရေးလှုပ်ရှားမှု အချို့လည်း တရုတ်ပြည်တွင် ပေါ်လာ၏။ အရှေ့ဥရောပသည် ဒီမိုကရေစီရလာပြီး တရုတ်ပြည်တွင်လည်း ဆန္ဒပြမှုတွေဖြစ်လာ၏။ ပေကျင်းမြို့ 'တိန်အန်မင်း' ရင်ပြင်တွင် ကျောင်းသားများခေါင်းဆောင်သော ဒီမိုကရေစီလိုလားသည့် ဆန္ဒပြပွဲကို အစိုးရက စစ်ဥပဒေထုတ်ပြန်ကာ မေလ ၂၀ ရက်တွင် နှိမ်နင်းခဲ့၏။ 'တိန့်ရှောက်ဖိန်' အပါအဝင် တရုတ်ခေါင်းဆောင်များက ပေကျင်းသို့ စစ်တပ်များစေလွှတ်ကာ နှိပ်ကွပ်၏။ ပေကျင်းမြို့သူမြို့သား တစ်သန်းနီးပါးက လမ်းပေါ်ထွက်လာကာ ကျောင်းသားများကို ထောက်ခံကြ၏။ စစ်သားတွေတင်လာသော ထရပ်ကားများ၊ သံချပ်ကာကားများ ဝင်မလာနိုင်စေရန် လမ်းတွေကို ပိတ်ဆို့ကြ၏။ ဇွန်လ ၄ ရက်နေ့တွင် စစ်သားတွေက ပြည်သူတွေကို စတင်ပစ်ခတ်၏။ 'တိန်အန်မင်း' ရင်ပြင်မှ မထွက်ခွာသူ ကျောင်းသားတွေကို ပစ်၏။ အချို့ကို သံချပ်ကာကားများနှင့် နင်းကာ သတ်ဖြတ်၏။ ကျောင်းသားထောင်ပေါင်းများစွာ သေဆုံးကြရ၏။ ရင်ပြင်ကို အကုန်ရှင်းပြီးနောက် ကျောင်းသားများထောင်ထားသော 'ဒီမိုကရေစီ နတ်မိမယ်' ရုပ်တုကိုပါ သံချပ်ကာကားက တိုက်ခိုက် ဖျက်ဆီးခဲ့၏။

နေ့ခင်းကြောင်တောင် ဤရက်စက်သော နှိမ်နင်းမှုကို မခံရပ်နိုင်သော သူတစ်ဦးက သံချပ်ကာကားများကို ရင်ဆိုင်၏။ သူက အင်္ကျီဖြူ ဘောင်းဘီအမည်းရောင် ဝတ်ထား၏။ သူက လာနေသော သံချပ်ကာကား၏ ရှေ့တွင် မတ်တတ်ရပ်လိုက်၏။ သံချပ်ကာကားက ရုတ်ခနဲ ရပ်သွားသည်။ သူက

မလှုပ်မရှက်နေရာမှ မရွေ့။ ရုပ်မြင်သံကြားသတင်းဆရာတွေက မြင်ကွင်းကို မှတ်တမ်းတင်ကြ၏။ သံချပ်ကာကားက သူ့ကိုနင်းချေတိုက်သတ်ရန်ပြင်၏။ ထိုစဉ် လူအုပ်ထဲမှ လူတစ်ဦးက သူ့ကို အတင်းဆွဲထုတ်သွားသည်။ တရုတ်ပြည်မှ ထွက်ပြေးလာသူများက သူ့ကို 'သံချပ်ကာကားလူ'ဟု ခေါ်ကြ၏။ ရုပ်မြင်သံကြားမှ ဤမြင်ကွင်းကို မြင်လိုက်ရသူအားလုံးကမူ ထိုသူ၏ ရဲစွမ်းသတ္တိနှင့် မဟုတ်မခံမှုကို ချီးကျူး အမှတ်ရနေကြ၏။

လွတ်လပ်ခွင့်ကို ချေမှုန်းကြလေသည်။ တရုတ်ခေါင်းဆောင်များက စီးပွားရေး တော်လှန်ရေးဆိုကာ ထပ်ပြီး ဖိဖိစီးစီးလုပ်ကြ၏။ ကွန်မြူနစ်ပါတီခေါင်းဆောင်များအနေနှင့်ကား ဆန္ဒပြသူ ထောင်ချီသတ်လိုက်ကြခြင်းသည် စီးပွားရေးတိုးတက်ရာလမ်းကြောင်းကို ဆက်လက်လုပ်ကိုင်ရန် ထိုက်တန်သည်ဟု ယူဆကြ၏။ တရုတ်ကွန်မြူနစ်ပါတီက စီးပွားရေးလွတ်လပ်ခွင့်ကိုကား ခွင့်ပြု၏။ နိုင်ငံရေးလွတ်လပ်ခွင့်ကား မပေး။

ယနေ့တိုင်ပင် 'တိန်အန်မင်း'ရင်ပြင်၌ ရောမ မော်စီတုံးပန်းချီကားကြီးကို မြင်နေကြရဆဲ။ 'တိန်အန်မင်း' အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကား ယနေ့ နှစ်သုံးဆယ်ကြာခဲ့ပြီ။ မော် ကွယ်လွန်ပြီး နှစ်လေးဆယ်ရှိနေပြီ။ တရုတ်လူမျိုးတို့၏ ပိုက်ဆံအိတ်ထဲတွင် ပိုက်ဆံတွေတော့ ထည့်ခွင့်ပြုထား၏။ ဒီမိုကရေစီ ဆန္ဒမဲကတ်ပြားတော့ ပိုက်ဆံအိတ်အသစ်တွင် ယခုထိထည့်ခွင့်မရကြသေး။

❖❖❖

'တိန့်ရှောက်ဖိန်'သည် အရင်းရှင်စနစ်သို့သွားရန် ငါးနှစ်စီမံကိန်းကို ဆက်ယူ၏။ သူက 'မော်'၏ စီမံကိန်းနည်းပညာများကို စက်မှုတိုးတက်မှုပုံစံနှင့် ပေါင်းစပ်ကျင့်သုံး၏။ ကုန်ထုတ်လုပ်ငန်းအတွက် အရေးကြီးသောလျှပ်စစ်ဓာတ်အားရရှိရန် ကျောက်မီးသွေးမိုင်းသစ်များစွာကို တည်ဆောက်၏။ တရုတ်ပြည်တွင် လျှပ်စစ်ဓာတ်အားက မလုံလောက်။ စက်မှုလုပ်ငန်းတွေ ပိုများလာတော့ လျှပ်စစ်က ပိုလို၏။ စက်ရုံသစ်များက လျှပ်စစ်ဓာတ်အား အပြင် ပစ္စည်းများသယ်ယူပို့ဆောင်ရန် ထိရောက်သော နည်းလမ်းများလည်း လို၏။ ထို့ကြောင့် ခေတ်မီ ဟိုင်းဝေးလမ်းမကြီးများ၊ ဆိပ်ကမ်းများ၊

ရထားလမ်းများ၊ လေဆိပ်များ ဆောက်ရ၏။ ချူကလီးယား စွမ်းအင်ထုတ် စက်ရုံတွေလည်း တည်ဆောက်ရ၏။ လျှပ်စစ်ဓာတ်အားသည် ၂၀၂၀ တွင် ယခုထက် သုံးဆရမှဖြစ်မည်ဟု မျှော်မှန်းထား၏။

ရှန်ဟဲမြို့တွင် ကမ္ဘာ့အကြီးဆုံး ဆိပ်ကမ်းကြီးကို တည်ဆောက်၏။ ရထားလမ်းတွေ တိုးချဲ့ဖောက်၏။ ၂၀၁၅ တွင် ရထားလမ်းအတွက် ဘီလျံ ၂၄၀ ဒေါ်လာလို၏။ ၂၀၁၀ တွင် လေဆိပ်သစ်များအတွက် ဒေါ်လာ ၁၇ ဘီလျံ လို၏။

၁၉၈၉ တွင် အဝေးပြေးလမ်း ၁၆၈ မိုင်သာရှိရာမှ ၂၀၀၄ တွင် ၂၁၅၀၀ မိုင်ထိရှိလာ၏။ ၂၀၁၀ တွင် မိုင် ၂၀၀၀၀။ ၂၀၂၀ တွင် ၅၅၀၀၀ မိုင်အထိ ရည်မှန်းထား၏။ အမေရိကန် ဟိုင်းဝေလမ်းမ အကွာအဝေးအတိုင်း ဖြစ်၏။ တရုတ် ဟိုင်းဝေးလမ်းမများ၏ကျေးဇူးကို လယ်သမားတွေ၊ စက်ရုံ ပိုင်ရှင်တွေ သဘောကျကြ၏။

'ပေကျင်း'မြို့၏ အရှေ့မြောက်ဘက် 'ကျီလင်းပြည်နယ်'မှ ကြက်များကို ဟောင်ကောင်အနီးရှိ 'ကွမ်တုံး'ပြည်နယ်သို့ ထရပ်ကားနှင့် တစ်နေ့ ခရီး သွားရောက်ကြသူတွေရှိ၏။ ယခင် ဆယ်နှစ်ကဆိုလျှင် ဤကိစ္စက စိတ်ကူးယဉ်။ ယခင် ငါးနှစ်ကဆိုလျှင် မဖြစ်နိုင်တာ။ ယခုတော့ ဖြစ်သွားပြီ။

ဟောင်ကောင်နှင့် ကပ်လျက် နယ်စပ်မြို့ဖြစ်သော 'ရှင့်ကျင့်'သည် တရုတ်ပြည်၏ ပထမဆုံး 'အထူးစီးပွားရေးဇုန်'အဖြစ် သတ်မှတ်ခြင်းခံရချိန် က ရွာကလေးသာသာမျှသာ ဖြစ်၏။ နှစ် နှစ်ဆယ်အတွင်း အိပ်ငိုက်နေ သော 'ရှင့်ကျင့်'က လူဦးရေ ၁၀ သန်း မီတင်းနေထိုင်သော ခေတ်မီမြို့ကြီး ပြကြီး ဖြစ်လာပြီ။ တစ်မြို့လုံး မိုးမျှော်တိုက်ကြီးတွေနှင့် ပြည့်နှက်နေ၏။ ပြူတင်းပေါက်မှန်သန့်စင်ရေးလုပ်သူများသည် ခေါင်မိုးပေါ်မှ ကြိုးတစ် ချောင်းနှင့် ဆင်းလာကာ မှန်သန့်ရှင်းရေး လုပ်ကြ၏။ သူတို့မှာ တကယ့် စပိုင်ဒါမင်း။ ပင့်ကူလူသား။

တရုတ်ပြည်တွင် ယခုအခါ ဗဟိုအစိုးရ၏ 'အထူးစီးပွားရေးဇုန်' ပေါင်း ရာကျော်ရှိနေပြီ။ ဒေသဆိုင်ရာအစိုးရက ကြီးကြပ်ထားသော ဇုန် ပေါင်းက တစ်ထောင်ကျော်ရှိ၏။ ဇုန်တစ်ခုနှင့် တစ်ခု နိုင်ငံခြားရင်းနှီး

မြုပ်နှံမှုကို အပြိုင်စည်းရုံးနေကြ၏။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖန်တီးပေးနေကြ၏။

ခေတ်မီစက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြုပ်နှံသောအခါ တရုတ်အလုပ်သမားများသည် ကမ္ဘာ့နောက်ဆုံးပေါ် နည်းစနစ်များကို သင်ယူတတ်မြောက်လာကြ၏။ ဤသို့ဖြင့် ခေတ်မီနည်းပညာ အကုန်အစုံကို တရုတ်အလုပ်သမားတို့ တတ်လာကြ၏။ ကွန်ပျူတာလုပ်မလား ရသည်။ ဒီဗီဒီဖွင့်စက်လား အလွယ်လေး။ ခေတ်မီကားတွေ အကုန် တရုတ်မှာလုပ်၏။

၁၉၉၀ တွင် နိုင်ငံခြားရင်းနှီးမြုပ်နှံမှု ဒေါ်လာ ၅ ဘီလျံမှ ၁၉၉၅ တွင် ၃၈ ဘီလျံထိ ရှိလာ၏။ ပေကျင်းမှာ၊ ရှန်ဟဲမှာ၊ တရုတ်ကမ်းရိုးတန်းတစ်လျှောက်မှာ။ ၂၀၀၇ ကျတော့ ၆၇ ဘီလျံဖြစ်လာကာ ၂၀၁၀ ကျော်တွင် ဘီလျံ ၁၀၀ ထိရှိလာ၏။ ပြောင်းလဲတိုးတက်မှုက မြန်ဆန်လွန်းလှ၏။

၂၀၀၃ က နိုင်ငံပိုင်စက်ရုံ ၄၇.၃ ရာခိုင်နှုန်းထိ လျော့ကျသွား၏။ စုပေါင်းပိုင်ဆိုင်သော စက်ရုံတွေက ၆.၈ ရာခိုင်နှုန်း။ ပုဂ္ဂလိကပိုင်က ၄၅.၉ ရာခိုင်နှုန်း။ ယခုဆိုလျှင် အစိုးရစီမံကိန်းနှင့် အစိုးရပိုင်စက်ရုံက အလွန်နည်းလာကာ ဈေးကွက်စီးပွားရေးအရ ထွန်းကားလာ၏။ ပုဂ္ဂလိကပိုင်ဆိုင်မှုက များလာ၏။

တရုတ်စီးပွားရေးကို ရှင်းရှင်းလင်းလင်း ပြောရလျှင် ကွန်မြူနစ်ပြည့်ပြည့်ဝဝလည်းမဟုတ်၊ အရင်းရှင် ပြည့်ပြည့်ဝဝလည်း မဟုတ်။ 'မီရှဲဂန်တရုတ်' တက္ကသိုလ်မှ ပါရဂူ 'ကက်နက်လီဘာသိုင်း' ကတော့ တရုတ်စနစ်ကို 'ဗျူရိုကရက်အရင်းရှင်ဝါဒ' ဟု ခေါ်၏။ တရုတ်ရေးရာ ကျွမ်းကျင်သူ 'ပွန်ဂစ်တင်း(စ်)' ကတော့ 'နိုင်ငံပိုင် အရှင်းရှင်ဝါဒ' ဟု အမည်ပေး၏။ တရုတ်ပြည်၏ နိုင်ငံရေးစနစ်သည်ကား အာဏာရှင်ပုံစံပင် ဖြစ်၏။ တရုတ်တွင် ကွန်မြူနစ်ပါတီက အာဏာယူထားဆဲ။ ၎င်းက သတင်းစာလွတ်လပ်ခွင့်မပေး။ စိစစ်ဖြတ်တောက်သော ဆင်ဆာစနစ်ရှိနေဆဲ။ နိုင်ငံရေးလွတ်လပ်ခွင့်မပေး။ ဒီမိုကရေစီ လုံးဝ ဆိတ်သုဉ်း၏။

တရုတ်လယ်သမားများ၏ ဝင်ငွေက ယခင်ကထက်စာလျှင် များစွာတိုးတက်လာသော်လည်း တရုတ်ပြည်ကမ်းရိုးတန်းမြို့များမှ အလုပ်သမားများ

၏ လစာနှင့်စာလျှင် အတော်ကွာဟသေး၏။ ကမ်းရိုးတန်းလုပ်သားများ၏ ဝင်ငွေက တိုးတက်နေ၏။

သဘာဝပတ်ဝန်းကျင်ကား ပျက်ယွင်းနေဆဲ။ ရေကမသန့်။ ညစ်ညမ်း၏။ လေထုညစ်ညမ်းမှုကလည်း ဆိုးရွားနေ၏။ လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူ တစ်နှစ်လျှင် ၇၅၀,၀၀၀ ရှိ၏။ ယာဉ်တိုက်မှုကြောင့် သေဆုံးသူလည်း တစ်နေ့တခြားများ၏။ စက်ရုံ အလုပ်ရုံများတွင် ဘေးအန္တရာယ်ကြို တင်ကာကွယ်မှု နည်း၏။ နှစ်စဉ် ကျောက်မီးသွေးတူးသမား ၅၀၀၀ ကျော် သေကြ၏။ (အမေရိကတွင် တစ်နှစ်လျှင် ၄၇ ဦးသေသည်နှင့် နှိုင်းပါ)။ အချို့ စက်ရုံအလုပ်ရုံများတွင် အချိန်ပိုလုပ်ခမရဘဲ ဆင်းနေရသူတွေရှိ၏။ အချို့ကို စက်ရုံပြင်ပ လုံးဝမထွက်ရဟု အကျဉ်းသားများကဲ့သို့ ပိတ်ဆို့ထားကာ အလုပ်အတင်းလုပ်ခိုင်းတာတွေ ရှိ၏။ အချို့မြို့များတွင် လမ်းမကြီးများ ဖောက်လုပ်ရာ၌ မလွတ်သော အိမ်ရာများကို အတင်းရွှေ့ပြောင်းပစ်သည်အတွက် ဒုက္ခမျိုးစုံ ကြုံရတာလည်း ရှိ၏။ တရုတ်ပြည်တွင် လူဦးရေထိန်းချုပ်ရန် တစ်မိသားစုကို ကလေးတစ်ဦးသာ မွေးရမည်ဟူသော ဥပဒေလည်း ရှိ၏။ မိသားစုစီမံကိန်းဌာနကို ဝန်ထမ်း ၃၀၀၀၀၀ နှင့် ဖွဲ့စည်းကာ ကြီးကြပ်စေ၏။ ၎င်းတို့က ကိုယ်ဝန်ပျက်ကျမှု တစ်နှစ်လျှင် ဆယ်သန်း၊ ပဋိသန္ဓေတားဆီးမှု တစ်နှစ်လျှင် ဆယ်သန်း လုပ်ဆောင်ပေးကြရ၏။ ဤသို့သာ မိသားစုစီမံကိန်းမလုပ်လျှင် တရုတ်ပြည်တွင် ယခုအခါ လူဦးရေသန်း ၄၀၀ ပိုလာမည်ဟု ဆိုကြ၏။

နိုင်ငံရေးထိန်းချုပ်မှုများ တင်းကြပ်ဆဲဖြစ်သော်လည်း စီးပွားရေးကောင်းနေ၍ ပြည်သူက ငြိမ်နေကြ၏။ မော် ခေတ်တုန်းက ငတ်ခဲ့ကြ။ ယခုတော့ ဝလင်စွာစားနိုင်သည့်အပြင် သုံးနိုင်စွဲနိုင် ရှိနေကြပြီ။ အချို့ဆိုချမ်းသာနေကြပြီ။ လယ်သမားများ၏ ဝင်ငွေ တစ်နှစ်ကို ၁၇ ဒေါ်လာမှ ယခု ၃၁၇ ဒေါ်လာ ရနေကြပြီ။ တစ်ဦးချင်းဝင်ငွေကား ယခု ၁၀၂၃ ဒေါ်လာရနေပြီ။ ၂၀၀၈ တွင် ၁၁၀၅ ဒေါ်လာ။

၁၉၇၆ တုန်းက အသားစားနိုင်သူ ရာခိုင်နှုန်းက ၅ ရာခိုင်နှုန်းသာ ရှိရာမှ ယခု ၂၅ ရာခိုင်နှုန်းကျော်ရှိနေပြီ။

ခြုံ၍ဆိုရလျှင် မြို့နေရော၊ တောနေ တရုတ်လူမျိုးများ ချမ်းသာလာ

ကြသည်ဟု ဆိုရမည်။ သို့သော် ချမ်းသာကြွယ်ဝမှုကွာဟချက်ကား ရှိနေ၏။ ဒါကို တရုတ်အစိုးရက စိုးရိမ်၏။ နိုင်ငံရေး မတည်မငြိမ်ဖြစ်ကာ ဆန္ဒပြပွဲတွေ ဟိုကဒီက ပေါ်လာ၏။ လယ်သမားတွေက မြို့နေလူထုကို မကျေနပ်။ သူတို့က ပိုက်ဆံတွေ ပိုရနေသည်။ လာဘ်ပေးလာဘ်ယူလုပ်သော အရာရှိတွေကိုလည်း မကျေနပ်။

လယ်သမားများစွာက ဒေါသထွက်နေ၏။ သူတို့၏ လယ်ယာမြေဧကသန်းပေါင်းများစွာကို အလုပ်ရုံ စက်ရုံဆောက်ရန် သိမ်းပိုက်ခဲ့ကြ၍ သူတို့က လယ်မဲ့မြေမဲ့ ဖြစ်ကြရ၏။ လျော်ကြေးက မစို့မပို့သာရခဲ့၏။ စက်ရုံအလုပ်ရုံတွေကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာ၏။ သောက်သုံးရေတွေ မသန့်တော့။ ထို့ကြောင့် ဆန္ဒပြပွဲက တစ်နေ့ကို ၂၀၀ လောက်နေရာအနှံ့မှာ ဖြစ်နေ၏။

တရုတ်အစိုးရကမူ တိုးတက်ဖွံ့ဖြိုးသော ကမ်းရိုးတန်းမြို့များနှင့် တရုတ်ပြည်အနောက်ပိုင်းရှိ အတွင်းပိုင်းကျကျမြို့များကို စီးပွားရေးဖွံ့ဖြိုးရန်၊ ဆက်သွယ်မှုများလုပ်ရန် ကြိုးစားနေ၏။ ဟိုင်းဝေလမ်းတွေ အကြီးအကျယ်ဖောက်နေ၏။

"ငါးနှစ်အတွင်းမှာ တရုတ်ပြည် အလယ်ပိုင်းနဲ့ အနောက်ပိုင်းက လူတွေ ကမ်းရိုးတန်းမြို့တွေနှင့် အဆက်အသွယ် ချောချောမောမော လွယ်လွယ်ကူကူ ဖြစ်လာမယ်"ဟု လမ်းပန်းဆက်သွယ်ရေးတာဝန်ခံကပြော၏။

"စက်ရုံအလုပ်ရုံသစ်တွေ တည်ထောင်တဲ့သူတွေက နိုင်ငံအတွင်းပိုင်းကျတဲ့ နေရာမှာနေတဲ့သူတွေရဲ့ လုပ်အားကို လိုချင်တယ်လေ။ သူတို့က တခြားသူတွေထက်စာရင် လုပ်ခက ပိုဈေးပေါလို့ပဲ"ဟုလည်း သူကဆို၏။

အစိုးရက 'အနောက်ကိုသွား' ဆိုသော ကြွေးကြော်သံနှင့်အတူ တရုတ်ပြည်အနောက်ဘက်ခြမ်းတွင် စက်ရုံအလုပ်ရုံတွေ ဒေါ်လာ ၁၀၀ ဘီလျံဖိုး တည်ဆောက်ပေးခဲ့၏။ အတွင်းပိုင်းဒေသမှ အလုပ်သမားများ၏ လုပ်ခထက် ကမ်းရိုးတန်းဒေသက အလုပ်သမားတွေက လစာ လေးဆပိုရ၏။

တရုတ်ပြည်တွင် မြို့ပြမှာနေသူ ၅၇၇ သန်းကျော်ရှိပြီး ကျေးလက်နေသူက ၇၃၇ သန်းရှိ၏။

တိုးတက်မှုအရှိန်အဟုန် အလွန်ကြီးသော မြို့တွေလည်း ရှိ၏။ ဥပမာ ရှန်ဟဲတွင် ၁၉၇၈ ခုနှစ်က မိုးမျှော်တိုက် ၁၅ ခုရှိရာမှ ၂၀၁၆ တွင် ၃၇၈၀ ထိ ရှိလာရာ ရီကာဂိုနှင့် လော့စ်အင်ဂျလိစ် နှစ်မြို့ပေါင်းထက်များ ၏။ ၂၀၁၅ တွင်ကား မိုးမျှော်တိုက်ပေါင်း ၆၀၀၀ ကျော်ရှိသွားပြီ ဖြစ်ရာ ကမ္ဘာပေါ်တွင် မိုးမျှော်တိုက်အများဆုံးရှိသောမြို့က ရှန်ဟဲ ဖြစ်သွားပြီ။

❖❖❖

တရုတ်ပြည်တွင် မိုးမျှော်တိုက်များစွာက ကောင်းကင်နှင့် ထိလု ခပန်း ဖြစ်ချိန်တွင် 'မော်'၏ ပုံရိပ် (သူ၏ဩဝါဒကား နည်းနည်းပါးပါး) ယနေ့တိုင် ကြီးစိုးဆဲ။ ကမ္ဘာလှည့်ခရီးသည်များအနေနှင့် နေရာတကာသွား လေရာရာတွင် သူ့ပုံနှင့်မကင်း။ ပိုစတာတွေ၊ တီရှပ်တွေ၊ နာရီတွေ၊ ပစ္စည်း အစုံမှာ သူ့ရုပ်ပုံ။

'မော်'၏ ဩဝါဒများကို လိုက်နာသူကား ရှား၏။ သို့သော် 'မော်' သည်ကား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်သူ ကျေးဇူးရှင်ကြီးအဖြစ် အားလုံးက ကြည်ညိုလေးစားနေကြဆဲ။

ပေကျင်းမှ တက္ကသိုလ်ဘွဲ့ရတစ်ဦးသည် တစ်နှစ်ကို ဒေါ်လာ ၁၅၀၀၀ ရသော အလုပ်ကို အလွယ်နှင့် ရနိုင်၏။ အမေရိကတွင်ဆိုလျှင် သူသည် ဒေါ်လာ ၂၅၀၀၀ ရနိုင်၏။ သို့သော် မည်သူမှ အမေရိကသို့ သွားအလုပ်မလုပ်ကြ။ တရုတ်ပြည်သစ်တွင် သူတို့အတွက် အခွင့်အရေး တွေ အများကြီးရနိုင်သည်ကို သိကြ၏။

လူလတ်တန်းစား မိသားစုတိုင်းတွင် ယခု ရုပ်မြင်သံကြားစက်အပိုင် ရှိ၏။ တိုက်ခန်းသစ်တွင် နေကြရ၏။ ကလေးများကို ပုဂ္ဂလိကကျောင်းသို့ ပို့ စာသင်နိုင်ကြ၏။ စက်ဘီးအစား၊ မော်တော်ဆိုင်ကယ် သို့မဟုတ် ကား ပြောင်းစီးနိုင်ကြပြီ။ (မော်တော်ကားမှာ အနောက်နိုင်ငံလုပ် ဇိမ်ခံမော်တော် ကားစီးသူ အများအပြား ရှိသည်)။

တရုတ်ပြည် မဟာတံတိုင်းဘေးတွင် 'စတားဘတ်' ကော်ဖီဆိုင်ရှိ၏။ 'မက်ဒေါ်နယ်လ်'စားသောက်ဆိုင်လည်း နေရာတကာမှာ။ တရုတ်ပြည်၏ ဂျီဒီပီက တစ်နှစ်ကို ၉.၆ ရာခိုင်နှုန်းတိုးနေ၏။ (အိန္ဒိယဂျီဒီပီက ၅.၇

ရာခိုင်နှုန်း၊ အမေရိကန်က ၃ ရာခိုင်နှုန်းသာရှိ၏)။ စင်္ကာပူခေါင်းဆောင်ကြီး 'လီကွမ်ယု'ကဆိုလျှင် တရုတ်ပြည်၏ တိုးတက်မှုကို အံ့သြလို့မဆုံးဟုပင် ပြောဖူးသည်။

"ကျွန်တော် တစ်နှစ်တစ်ခါ တရုတ်ပြည်သွားတယ်။ တစ်ခါသွားတိုင်း တစ်ခါ အရမ်းတိုးတက်နေတာမြင်လို့ အံ့သြမိတယ်"ဟု ပြော၏။ မကြာမီနှစ်များအတွင်း တရုတ်ပြည်သူ သန်း ၁၀၀ (ဥရောပတစ်တိုက်လုံး လူဦးရေထက်ပိုများ) သည် လူလတ်တန်းစား ဝယ်လိုအားရှိလာကြမည်။

ခေတ်သစ် တရုတ်ပြည် ဖြစ်လာပြီ။

○

# (၂)
# လက်လှည့်ယက္ကန်းမှသည် ဖိုင်ဘာအော့ပတစ်ဝါယာဆီသို့

အိန္ဒိယတွင်လည်း စီးပွားရေးပြောင်းလဲမှုက တရုတ်ပြည်ကဲ့သို့ပင် ပေါ်လာ၏။ သို့သော် တရုတ်ပြည်ထက် ဆယ်နှစ်နောက်ကျပြီး ပုံစံက လုံးလုံးလျားလျားမတူ။ ၁၉၉၁ တွင် အိန္ဒိယသည် လုံးဝဥသုံ စီးပွားပျက်နေ၏။ ၁၉၈၉ မှစ၍ လူသန်း ၁၁၀ က ဆင်းရဲတွင်းထဲ နစ်နေ၏။ ငွေကြေးဖောင်းပွမှုက ၁၇ ရာခိုင်နှုန်း။ ၁၉၉၁ တွင် လူသန်း ၃၃၀။ အိန္ဒိယလူမျိုးငါးဦးတွင် နှစ်ဦးက ဆင်းရဲတွင်းမျဉ်းအောက်တွင် ရောက်နေကြ၏။ အစိုးရ၏ ဘဏ္ဍာရေးက ပြိုကွဲသွားပြီး အိန္ဒိယသည် အကျပ်အတည်းနှင့် ရင်ဆိုင်နေရပြီ။

အိန္ဒိယ၏ ဒုက္ခက စီးပွားရေးတစ်ခုတည်းမဟုတ်။ 'ရာဂျစ်ဂန္ဒီ'သည် ဝန်ကြီးချုပ်အဖြစ် အရွေးခံ၏။ သူတို့ မိသားစုအမည်သည် ၂၀ ရာစု အိန္ဒိယနိုင်ငံရေးတွင် အမှတ်သင်္ကေတပင်ဖြစ်နေပြီ။ အမေရိကတွင် 'ကနေဒီ' အမည်ကဲ့သို့။ နိုင်ငံ၏ စီးပွားရေးပျက်ယွင်းနေချိန်တွင် နိုင်ငံရေးကလည်း အောက်ဆုံးရောက်နေ၏။ ၁၉၉၁ ခုနှစ် မေလ ၂ရက်နေ့ မဲဆွယ်ပွဲ ခေတ္တနားချိန်၌ 'ရာဂျစ်ဂန္ဒီ' လုပ်ကြံခံရ၏။ နိုင်ငံ အရေးပေါ်အခြေအနေကြေညာခဲ့ရပြီးနောက်ပိုင်း၌ အိန္ဒိယသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို မလုပ်မဖြစ် လုပ်လာရတော့၏။ ယနေ့ အိန္ဒိယကို နားလည်ရန်၊ အိန္ဒိယ၏ အနာဂတ်ကို ဟောကိန်းထုတ်နိုင်ရန်၊ တစ်ချိန်က အမှောင်တိုက်ရောက်ခဲ့သော အိန္ဒိယကို ပြန်ကြည့်ကြရမည်။

'ရာဂျစ်ဂန္ဓီ' လုပ်ကြံခံရပြီးနောက် သူ၏ ကွန်ဂရက်ပါတီသည် ရာဂျစ်ဂန္ဓီကို သနားသောမဲများကြောင့် အနိုင်ရခဲ့၏။ သူ၏ဇနီး မုဆိုးမဖြစ်သူ 'ဆွန်နီယာ'ကို ဝန်ကြီးချုပ်လုပ်ရန် တိုက်တွန်းကြ၏။ သို့သော် သူက မလုပ်ဖြစ်။ သူ့အစား ကွန်ဂရက်ပါတီမှ 'ပီဗွီနာရာဆင်မ်ယာရောင်း'ကို ဝန်ကြီးချုပ်ခန့်ခဲ့၏။ 'မစ္စတာရောင်း'က အသက် ခုနစ်ဆယ်ရှိနေပြီ။ ယခင် နှစ်ကပင် နှလုံးခွဲစိတ်ခံထားရသူ ဖြစ်၏။ ထို့ကြောင့် သူက နိုင်ငံစောင့် ဝန်ကြီးချုပ်မျှသာ လုပ်နိုင်၏။

'ရာဂျစ်ဂန္ဓီ' လုပ်ကြံခံရပြီး တစ်လအကြာတွင် 'မစ္စတာရောင်း' က ဝန်ကြီးအဖွဲ့တွင် ကျမ်းသစ္စာကျိန်ဆို၏။ သူက ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဉာဏ်ပညာထက်မြက်ပြီး တော်တည့်ဖြောင့်မတ်သော ဘောဂဗေဒပညာရှင် 'မန်မိုဟန်ဆင်း'ကို ရွေး၏။ ထို့နောက် သူက ဝန်ကြီးများကို တံခါးပိတ် အစည်းအဝေးခေါ်ကာ 'မစ္စတာဆင်း'အား နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေ ဆိုးရွားနေကြောင်း ပြောစေ၏။ အိန္ဒိယ၏ နိုင်ငံခြားအရန်ငွေမှာ လောင်စာဆီ နှစ်ပတ်စာသွင်းပြီးလျှင် ကုန်သွားပြီ။ နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ကတိတစ်ခုပေး၏။ ပြုပြင်ပြောင်းလဲမှုတွေလုပ်မှ ငွေ ထုတ်ချေးမည်ဟု။ မုန့်ဖိုးဖြတ်တောက်ခံရမည့် ကလေးငယ်ကဲ့သို့ အိန္ဒိယ သည် ရွေးချယ်စရာလမ်းမရှိတော့။ ပြည်ပအကူအညီတွေသာမရလျှင် အိန္ဒိယ တစ်နိုင်ငံလုံး မှောင်အတိကျသွားတော့မည်။ အိန္ဒိယ၏ အရန်ရွှေပမာဏ အားလုံးကို အိန္ဒိယနိုင်ငံမှ ရေတိုအကြွေးဆပ်လိုက်လျှင် ကုန်သွားတော့မည်။ အိန္ဒိယရွှေတွေက လန်ဒန်သို့ ရောက်တော့မည်။

အစိုးရ၏ အဆုံးအဖြတ်က မြန်၏။ 'မစ္စတာရောင်း'က နိုင်ငံ၏ ဘဏ္ဍာရေးအကြပ်အတည်းကို နိုင်ငံသို့ကြေညာ၏။ သူက 'မစ္စတာဆင်း' ၏ ထောက်ခံချက်ဖြင့် အပြောင်းအလဲတွေ ချက်ချင်းလုပ်၏။

၁၉၉၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ တနင်္လာနေ့တွင် နယူးဒေလီသည် ၁၀၅ ဒီဂရီအပူချိန်အောက်တွင် ရှိနေ၏။ ထိုနေ့တွင် အိန္ဒိယ၏ သမိုင်းဝင် ပြုပြင်ပြောင်းလဲမှု စတင်၏။ ထိုနေ့တွင် 'မစ္စတာဆင်း'က အိန္ဒိယငွေကြေး ကို ၉ ရာခိုင်နှုန်းထိ လျှော့ချ၏။ သို့မှသာ ငွေကြေးဆပ်ရန်လိုနေသော နိုင်ငံခြားငွေတွေ ရမည်။ အင်္ဂါနေ့တွင် ကုန်သွယ်ရေးဝန်ကြီး 'ပီးချီဒန်ဘာ

ရန် က သွင်းကုန်ထုတ်ကုန် အပြောင်းအလဲတွေ ချမှတ်၏။ ဖေဖော်ဝါရီလဆန်းတွင် အိန္ဒိယအရန်ငွေဘက်က အတိုးနှုန်းကို ၁၁ ရာခိုင်နှုန်းထိ မြှင့်ကာ အပ်ငွေများ ဆွဲဆောင်၏။ ထိုအချိန်တွင် 'မစ္စတာဆင်း'၏ ငွေကြေးလုပ်ရှားမှုက အလုပ် မဖြစ်သဖြင့် ရူပီငွေတန်ဖိုးကို ၁၁ ရာခိုင်နှုန်းထိ လျှော့ချ၏။ သုံးရက်အတွင်း အမေရိကန်ဒေါ်လာ နောက်ခံပြုပြီး ၂၀ ရာခိုင်နှုန်းလျှော့ချခြင်း ဖြစ်၏။ ကြာသပတေးနေ့တွင် 'မစ္စတာ ချီဒမ်ဘာရမ်'က ထုတ်ကုန်ထောက်ပံ့ငွေကို ဖျက်သိမ်း၏။ ထိုနေ့မှာပင် အိန္ဒိယဗဟိုဘဏ်က အိုင်အမ်အက်ဖ်မှ ချေးငွေ ဒေါ်လာ ၂ ဘီလျံရသည်ဟု ကြေညာ၏။ လတ်တလော အရေးကြီးနေသော အကျပ်အတည်းကို ဖြေရှင်းရန်ဖြစ်၏။ သောကြာနေ့တွင် 'မစ္စတာဆင်း'က ပိုမိုကြီးမားသော ပြုပြင်ပြောင်းလဲမှု မကြာခင်စတော့မည်ဟု ကြေညာ၏။

'မစ္စတာရောင်း'၊ 'ဆင်း'နှင့် 'ချီဒါဘာရမ်'တို့က တကယ်ပင် ရက်သတ္တပတ် တစ်ပတ်အတွင်း အပြောင်းအလဲတွေလုပ်၏။ နှစ်နှစ်အတွင်း အစိုးရသည် ပြုပြင်ပြောင်းလဲမှုများကို တစ်ပတ်တစ်ခုလောက် လုပ်ခဲ့၏။ နိုင်ငံပိုင်ဘဏ်စနစ်၊ လေကြောင်းပို့ဆောင်ရေး၊ စက်ရုံများကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ လက်သို့အပ်၏။ 'မစ္စတာဆင်း' ဦးဆောင်ပြီး ကုမ္ပဏီ များ၏ အကန့်အသတ်ထားမှုတွေကို ဖြေလျှော့ရေးလုပ်ငန်းလုပ်၏။ အိန္ဒိယ၏ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းကို လက်ဝါးကြီးအုပ်ထားသော အခွင့်ထူးခံ 'လိုင်စင်ရ'ပုဂ္ဂိုလ်များ၏ အခွင့်အရေးတွေကို ဖျက်သိမ်း၏။ သို့ဖြင့် ကြိုးနီ ယန္တရားနှင့် အကျင့်ပျက်ခြစားမှုများကို အပြီးတိုင်ချေမှုန်းခဲ့၏။ အခွန်ကို ၅၆ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ လျှော့ချလေ၏။ ဘုံဘေစတော့ ဈေးကွက်တွင် အိန္ဒိယကုမ္ပဏီများ၏ ဝေစုများကို အခြားရင်းနှီးမြှုပ်နှံသူများ ကို ဝယ်ခွင့်ပေး၏။ အကျိုးတူ လုပ်ဆောင်ခွင့်များပေး၏။

တစ်နိုင်ငံလုံးအနေနှင့် အကျိုးဆက်က အံ့မခန်းဖြစ်လာ၏။ လွန်ခဲ့ သော ဆယ်စုနှစ်များက အိုင်နေသော စီးပွားရေးက ပို၍လျင်မြန်စွာ တိုးတက် လာ၏။ ငွေကြေးဖောင်းပွမှု လျှော့ကျသွားသည်။ အကြွေးတွေပြန်ဆပ်လာ နိုင်၏။ နိုင်ငံခြားငွေလဲလှယ်မှုတွင် အရန်ငွေတွေပင် စုမိဆောင်းမိဖြစ်လာ သည်။ အကြပ်အတည်းတွေ လွန်မြောက်သွားပြီ။ အိန္ဒိယသည် နိုင်ငံရေး လွတ်လပ်ခွင့်ရရန် ဆယ်စုနှစ် ငါးခုနီးပါး ကြိုးစားခဲ့ရ၏။ သို့သော် ၁၉၉၁

ခုနှစ် ဇူလိုင်မှစပြီး နိုင်ငံသည် စီးပွားရေးလွတ်လပ်ခွင့်ကို အောင်မြင်စွာ ရရှိခဲ့၏။

❖❖❖

အိန္ဒိယ၏ စီးပွားရေးအပြောင်းအလဲသည် သာမန်မိသားစုများအတွက်ပင် အကျိုးရှိလှ၏။ 'နာရာယန်ရောင်း' သည် ၁၉၈၀ ပြည့်နှစ်က ကောလိပ်တက်ခဲ့၏။ ထိုစဉ်က အလုပ်အကိုင် အလွန်ရှားသည်။ သူဘွဲ့ရလျှင် ဘာလုပ်စားရမည်ပင် မသိ။ 'အဖေက ရဲတပ်ဖွဲ့ဝင်ဆိုတော့ ကျွန်တော်လည်း ရဲတပ်ဖွဲ့ထဲပဲ ဝင်ပြီး ရဲသားလုပ်ရုံရှိတော့တယ်' ဟု သူက မှန်းထား၏။ အိန္ဒိယစီးပွားရေး ပြုပြင်ပြောင်းလဲမှု စတင်လုပ်ကိုင်ချိန်တွင် သူက ကွန်ပျူတာသိပ္ပံနှင့် ဘွဲ့ရသဖြင့် အချိန်ကိုက်ဖြစ်သွား၏။ သူနှင့် သူညီတို့မှာ ခေတ်ကောင်းမိသွား၏။ ၁၉၉၁ ခုနှစ်မတိုင်မီက စိတ်ကူးထဲတွင်ပင် ထည့်၍မရသောအခွင့်အရေးတွေ ရလာ၏။ သူ့ညီက 'နီကေး' နှင့် 'ရီဘော့' အတွက် အပေါ်အင်္ကျီတွေချုပ်သော ကုမ္ပဏီကို ပိုင်၏။ သူ့ညီမငယ်က 'နိုဗယ်လ်' အတွက် ဆော့ဝဲတွေစစ်ဆေးသော အလုပ်လုပ်၏။ 'မစ္စတာရောင်း' က ဘန်ဂလိုမြို့ရှိ 'ဝိုင်ပရိုနည်းပညာ' ဌာနတွင် အလုပ်လုပ်၏။ ထိုရာထူးက အမေရိကန်ပြည်တွင် ပညာသင်ခွင့် ရ၏။ 'မစ္စတာရောင်း' လို လူငယ်တွေ အိန္ဒိယတွင် သန်းပေါင်းများစွာရှိ၏။ ယခင်က အခွင့်အလမ်းတွေ ပိတ်နေသော အိန္ဒိယသည် ယခုအခါ လူငယ်အားလုံးကို လက်ကမ်းကြို အလုပ်တွေ ပေးနေနိုင်ပြီ။

အိန္ဒိယသည် ယခင်က တံခါးပိတ်စီးပွားရေးဝါဒကို ကျင့်သုံးခဲ့၏။ လူတွေ ဆင်းရဲတွင်းမှာ နစ်နေ၏။ အိန္ဒိယသည် ဗြိတိန်ထံမှ လွတ်လပ်ရေးကို တိုက်ယူခဲ့ပြီးနောက် ယခုကဲ့သို့ အထီးကျန်မှု အမြစ်စတွယ်ခဲ့၏။ ကိုလိုနီနောက်ပိုင်းကာလတွင် အိန္ဒိယ၌ ခေါင်းဆောင်ကြီးနှစ်ဦး ပေါ်ထွန်းခဲ့၏။ 'မဟတ္တမဂန္ဒီ'၊ သူက စက်မှုလုပ်ငန်းကို ဆန့်ကျင်ခဲ့သူ။ 'ဂျဝါဟလာနေရူး'၊ သူက ဆိုရှယ်လစ်ဝါဒကို နှစ်သက်သူ။ သူတို့နှစ်ဦးက မျိုးချစ်ပုဂ္ဂိုလ်များဖြစ်သည် မှန်၏။ သို့သော် သူတို့က ကမ္ဘာ့စီးပွားရေးနှင့် မျက်ခြေပြတ်ကြသူများ ဖြစ်၏။ ၁၉၄၇ ခုနှစ်တွင် ဗြိတိန်ထံမှ အိန္ဒိယလွတ်လပ်ရေးရခဲ့ပြီးနောက် သူတို့နှစ်ဦးက ကမ္ဘာကို အဆက်ဖြတ်ခဲ့ကြ၏။

'ဂန္ဒီ'နှင့် 'နေရူး'သည် အိန္ဒိယ၏ 'ဂုရုကြီး'တွေ ဖြစ်ကြ၏။ တရုတ်ပြည်တွင် 'မော်'၏ သြဇာလွှမ်းမိုးသလို အိန္ဒိယတွင်လည်း သူတို့ သြဇာက သိပ်ကြီး၏။ သူတို့၏ အတွေးအခေါ်အယူအဆ ဒဿနများသည် သူတို့ကွယ်လွန်ပြီးနောက် ဆယ်စုနှစ်များစွာတိုင်ပင် သြဇာညောင်းခဲ့၏။ အထူးသဖြင့် သူတို့၏ နိုင်ငံရေးအမြင်များဖြစ်ကြသော ဆိုရှယ်လစ်ဝါဒနှင့် စီးပွားရေးအမျိုးသားဝါဒတို့၏ ပုံသွင်းခံရသော အိန္ဒိယသည် ခေတ်နောက်ကျကျန်ခဲ့၏။

'ဂန္ဒီ'၏ အကြမ်းမဖက်မှု၊ ဆင်းရဲသားများကို သနားကြင်နာမှုတို့ကြောင့် ကမ္ဘာက လေးစားခဲ့၏။ 'ဂန္ဒီ'က စက်မှုထွန်းကားသော အနောက်နိုင်ငံများထံမှ စီးပွားရေးလွတ်လပ်ခွင့် ရယူလိုသောဆန္ဒ ရှိ၏။ သူက ရိုးရာပုံစံအတိုင်းသာ ကုန်ထုတ်လုပ်မှုကို လုပ်ချင်၏။ ၄င်းကို သက်သေထူရန်အတွက် သူ၏ အိမ်တွင် သစ်သားဗိုင်းငင်စက်လေးနှင့် နေ့စဉ်ချည်ငင်ဘတ်၏။ အိန္ဒိယပြည်သူများကိုလည်း နိုင်ငံခြားအဝတ်အထည်များကို ဝယ်မဝတ်ခြင်းဖြင့် ကိုလိုနီသြဇာမှ စီးပွားရေးအဆက်အသွယ်များ ဖြတ်တောက်ရန် လှုံ့ဆော်ခဲ့၏။ သူသာမက သူ့ဇနီး၊ သူ့သားသမီးများကို နိုင်ငံ ခြားဆေး မသုံးစေခဲ့။ သူ့ဇနီးသည် ၁၉၄၄ တွင် လည်ချောင်းနာရောဂါ အပြင်းအထန်ခံစားရသောအခါ ဗြိတိန်နိုင်ငံက ပင်နီစလင်ဆေးတွေ လှူဒါန်း၏။ သို့သော် 'ဂန္ဒီ'က သူ့ဇနီးကို ဆေးထိုးခွင့်မပြု။ အပ်ကိုသုံးခြင်းသည် သူ၏ အကြမ်းမဖက်မှု နိယာမကို ဆန့်ကျင်ရာရောက်သည်ဟု သူက ယူဆ၍ ဖြစ်၏။ သူက သူ့ဇနီးဝေဒနာကို ကြည့်ရင်း သူ့လက်ထဲမှာပင် သူ့ဇနီး အသက်ပျောက်ခဲ့ရ၏။ သူက ပဋိသန္ဓေတားမှုကို အားမပေး။ ထို့ကြောင့် ကလေးသာကင်းစင်စွာ နေ၏။ ဇနီးဖြစ်သူနှင့် ခွဲအိပ်၏။ ပဋိသန္ဓေမတားခြင်း၏ အကျိုးကား အိန္ဒိယတွင် လူဦးရေ အဆအတန်များလာခြင်းပင် ဖြစ်၏။ အိန္ဒိယစီးပွားရေးပေါ်လစီတို့မှာလည်း လက်တွေ့မကျခဲ့။

အိန္ဒိယ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာသူ 'နေရူး'သည်ကား ဆိုရှယ်လစ်ဝါဒကို ယုံကြည်သူ ဖြစ်၏။ သူက တရုတ်နှင့် ဆိုဗီယက်ယူနီယံတွင် ဤသို့သော ဗဟိုစီမံခန့်ခွဲမှုကို လုပ်ဆောင်၏။ ထိုစီမံခန့်ခွဲမှုသည်ကလည်း ဒုတိယကမ္ဘာစစ်ပြီးကာစတွင် အတော်ခေတ်စား၏။ ဥရောပ

နိုင်ငံမှ အမေရိကအပါအဝင်တို့က ဗဟိုစီမံချက်ချ လုပ်ဆောင်မှုကို ခေတ္တ ကျင့်သုံးနေ၏။ ထို့ကြောင့် 'နေရူး'က အိန္ဒိယတွင် ဤပုံစံကျင့်သုံးခြင်းကား မဆန်းလှ။ ဗြိတိန်ထံမှ လွတ်လပ်ရေးကို တိုက်ပွဲဝင်စဉ်က ဂန္ဒီရော နေရူးပါ အိန္ဒိယကို အမှီခိုကင်းသောနိုင်ငံ ဖြစ်ချင်ကြ၏။ အိန္ဒိယနိုင်ငံရေးသမားအများစုကလည်း စီးပွားရေးအမျိုးသားဝါဒကို ထောက်ခံကာ အိန္ဒိယ လွတ်လပ်ရေးလှုပ်ရှားမှုတွင် လက်ခြင်းဆက် ပါဝင်ခဲ့ကြ၏။ နောက်ထပ် ဗြိတိန် အရှေ့အိန္ဒိယကုမ္ပဏီမျိုး ထပ်ပေါ်လာကာ ကိုလိုနီသစ်များ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြန်ဖြစ်ထွန်းလာမှာ စိုးကြ၏။ ထို့ကြောင့် နေရူးသည် လွတ်လပ်သော အိန္ဒိယနိုင်ငံတွင် နိုင်ငံခြားကုမ္ပဏီများ လာရောက်ထူထောင်ရေးတွင် အခက်အခဲ အတားအဆီးတွေ များစွာ လုပ်ထားခဲ့၏။ နိုင်ငံခြားထုတ်ကုန်များကိုလည်း လူတိုင်း မဝယ်နိုင်စေရန် ဈေးတွေ အလွန် တိုးမြှင့်ထား၏။

၁၉၄၈ ခုနှစ်တွင် 'ဂန္ဒီ' လုပ်ကြံခံခဲ့ရ၏။ သို့သော် ကွန်ဂရက်ပါတီသည် 'ဂန္ဒီ' နှင့် 'နေရူး'တို့၏ ပျိုးထောင်မှုဖြင့် ပိုမိုခိုင်မာကျစ်လစ်လာ၏။ ကွန်ဂရက်ပါတီက ကိုယ်ထူကိုယ်ထပုံစံကိုသာ ဆက်ကျင့်သုံးခဲ့၏။ စစ်ပြီးခေတ် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးက ခေတ်ကောင်းလာချိန်တွင် အဆက်ဖြတ်ကာ သီးခြားနေခဲ့၏။ လွတ်လပ်ရေးရလာကာစက အိန္ဒိယတွင် ပြည်တွင်းဖြစ်လုပ်ငန်းတွေ အားကောင်းခဲ့၏။ သို့သော် ဆယ်စုနှစ်ကျော်လာသည်နှင့်အမျှ ပြင်ပဖိအားများဒဏ် မခံနိုင်တော့ဘဲ အိန္ဒိယကုမ္ပဏီများ ပျက်သုဉ်းကြရ၏။

❖❖❖

၁၉ ရာစုနှင့် ၂၀ ရာစု စောစောပိုင်းလောက်တွင် အိန္ဒိယ၌ 'တာတာအုပ်စုကို ပြိုင်နိုင်သူ မရှိ'။ 'ဂျမ်ဆက်ဂျီတာတာ'သည် ၁၈၆၈ တွင် 'တာတာအုပ်စု'ကို တည်ထောင်ခဲ့၏။ သူက အမျိုးသားဝါဒီတစ်ဦးဖြစ်ကာ သူ့နိုင်ငံအတွက် ကိုယ်ထူကိုယ်ထ စီးပွားရေးကို အိပ်မက်ခဲ့သူ ဖြစ်၏။ ၁၈၈၆ တွင် သူက 'ဆွာဒက်ရှီစက်ရုံ' များကို စတင်တည်ထောင်ကာ ပြည်တွင်းဖြစ် အထည်အလိပ်များ ထုတ်ခြင်းဖြင့် ဗြိတိသျှတို့ထံမှ အထည်

အလိပ်သွင်းကုန်ကို ဟန့်တားနိုင်ခဲ့၏။ ၁၉၀၂ တွင် 'မစ္စတာ တာတာ'သည် 'တပ်ချ်မဟာ'ဆိုကာ အိန္ဒိယပိုင် ပထမဆုံးဇိမ်ခံဟိုတယ်ကြီးကို ဖွင့်ခဲ့၏။ သူက သံမဏိထုတ်လုပ်ရေးကိုလည်း စီမံချက်ချခဲ့၏။ သံမဏိလုပ်ရန် သံကျပ်ရှာဖွေရေးကို အားစိုက်လုပ်ဆောင်ခဲ့၏။ သူ့သားက ၁၉၀၇ ခုနှစ်တွင် 'တာကာ သံနှင့် သံမဏိ'ကုမ္ပဏီကို ထူထောင်ခဲ့၏။

သူ့သား၏ အမွေဆက်ခံသူ 'ဂျေအာရ်ဒီတာတာ'က အိန္ဒိယ၏ လွတ်လပ်ရေးနောက်ပိုင်း ငါးနှစ်စီမံကိန်းအတွက် လိုအပ်သော သံမဏိများကို ထောက်ပံ့ခဲ့၏။ သူကပင် အိန္ဒိယ၏ ပထမဆုံးလေကြောင်းလိုင်းကိုလည်း တည်ထောင်ခဲ့၏။ ၎င်းက 'အဲ အိန္ဒိယ'လိုင်း ဖြစ်၏။ ၁၉၅၂ခုနှစ်တွင် 'နေရူး'၏ တောင်းဆိုမှုဖြင့် အိန္ဒိယ၏ ပထမဆုံး အလှကုန်ကုမ္ပဏီ ဖြစ်သည့် 'လက်ရှမီး'ကုမ္ပဏီကို တည်ထောင်နိုင်ခဲ့၏။ နေရူးက အိန္ဒိယသို့ နိုင်ငံခြား အလှကုန်သွင်းခြင်းကို ပိတ်ပင်ထားရာ ယခု 'လက်ရှမီး' ပေါ်လာတော့ အမျိုးသမီးတွေ သဘောကျသွားကြ၏။

အိန္ဒိယ လွတ်လပ်ရေးရလာပြီးနောက် 'ဂန္ဒီ'နှင့် 'နေရူး'တို့၏ ကွန်ဂရက်ပါတီသည် အိန္ဒိယနိုင်ငံကို ဆယ်စုနှစ်များစွာ တစ်ပါတီအုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ကြ၏။ 'နေရူး'၏ နိုင်ငံရေးကား သူရဲကောင်းဆန်၏။ သူ့အမြင်နှင့် အတွေးက အိန္ဒိယကို လွတ်လပ်ရေးရစေ၏။ သို့သော် သူ၏ စီးပွားရေးအမြင်ကား ခေတ်နောက်ကျ၏။ အရေးကြီးသော ကုမ္ပဏီများက အစိုးရပိုင် ဖြစ်နေ၏။ ကမ္ဘာ့အဆင့်မီ ပြိုင်ဆိုင်မှု မရှိကြ။ အုပ်ချုပ်ရေးက ဗျူရိုကရေစီ တည်ထောင်၏။ ကုမ္ပဏီလုပ်လိုသူတို့သည် အာဏာပိုင်များထံ အမျိုးမျိုးချဉ်းကပ် လာဘ်ထိုးပြီးမှ 'လိုင်စင်'ရကြ၏။

၁၉၇၀ နှင့် ၁၉၈၀ ဝန်းကျင်တွင် ဤစနစ်တွေက အလုပ်မဖြစ်တော့။ 'ဘာဂျာ' မော်တော်ဆိုင်ကယ်ဆိုလျှင် လူကြိုက်များ၏။ သို့သော် အကန့်အသတ်ဖြင့်သာ ထုတ်ခွင့်ရ၏။ ဝယ်လိုအားကို ဖြည့်နိုင်သော်လည်း ထုတ်လုပ်ခွင့်မရ။ တုတ်ကွေးအဖြစ်များသော ရာသီတွင် 'ဗစ်(စ်)' ပရုတ်ဆီက အလွန်ဝယ်လိုက်၏။ သို့သော် အစိုးရသတ်မှတ်ချက်ထက် ကျော်လွန်ထုတ်လျှင် အရေးယူခံရမည်စိုးသဖြင့် ပရုတ်ဆီကိုပင် အကန့်အသတ်နှင့် ထုတ်ခဲ့ရ၏။

အလုပ် အလွန်ရှားၓ၏။ အလုပ်တစ်ခု ကံကောင်းထောက်မ၍ရလျှင် မပြုတ်အောင်နေကြရ၏။ ပြုတ်လျှင် ငတ်မည်။ အခြားအလုပ်လည်း ရှာရ မည်မဟုတ်။ အစိုးရဝန်ထမ်းလစာက အလွန်နည်း၏။ သို့သော် လာဘ်ပေး လာဘ်ယူမှုဖြင့် အသက်ဆက်ကြ၏။

'နေရူး'၏ သမီး 'အင်ဒီရာဂန္ဒီ'က 'ဖာရော့စ်ဂန္ဒီ'ဆိုသူနှင့် အိမ်ထောင်ကျ၏။ (သူက မဟတ္တမဂန္ဒီနှင့် အမျိုးမတော်) 'အင်ဒီရာဂန္ဒီ'က သူ့အဖေ ချမှတ်သော စီးပွားရေးလမ်းခရီးတွင် ဝန်ကြီးချုပ်အဖြစ် ၁၉၆၆ မှ ၁၉၇၇ ထိ အုပ်ချုပ်ခဲ့၏။ ၁၉၈၀ တွင် ဝန်ကြီးချုပ် ပြန်ဖြစ်ပြန်သည်။ ၁၉၈၄ တွင်ကား သူ၏ သက်တော်စောင့်များလုပ်ကြံ၍ ကွယ်လွန်ခဲ့၏။

သူ့မိခင်ကွယ်လွန်တော့ သူ့သား 'ရာဂျစ်ဂန္ဒီ'က ဝန်ကြီးချုပ်တာဝန် ဆက်ယူသည်။ သူကမူ အိန္ဒိယသည် အပြောင်းအလဲလုပ်ရန်လိုပြီဟု သိသူဖြစ်၏။ ၁၉၈၅ တွင် 'ရာဂျစ်ဂန္ဒီ'က ပြုပြင်ပြောင်းလဲမှုများ စလုပ်၏။ သွင်းကုန်ထုတ်ကုန်ဥပဒေများကို ပြင်၏။ အခွန်အကောက်တွေ လျှော့၏။ ပုဂ္ဂလိကကုမ္ပဏီတွေ ထူထောင်ခွင့်ပေး၏။ ၁၉၈၅ ခုနှစ်အထိ တယ်လီဖုန်းဟူသည် ဇိမ်ခံပစ္စည်းဟူသော ဂန္ဒီ၏ သင်ကြားမှုကို နားယောင်နေကြဆဲ။ 'ရာဂျစ်ဂန္ဒီ'ကမူ တယ်လီဖုန်းထုတ်လုပ်မှု နှစ်ဆတိုး၏။ မကြာမီအချိန် အတွင်း အိန္ဒိယ၏ စီးပွားရေးတိုးတက်မှုနှုန်းက နှစ်ဆတိုးလာ၏။ ထုတ်ကုန်ပမာဏသည် အံ့ဩဖွယ် တိုးတက်လာ၏။

သို့သော် ခေတ်ကောင်းချိန်ကား တိုတောင်းလှ၏။ ၁၉၈၉ တွင် ရွေးကောက်ပွဲ သူ ရှုံး၏။ ၁၉၉၁ တွင် ပင်လယ်ကွေ့စစ်ပွဲဖြစ်၏။ ဆိုဗီယက်ယူနီယံ ပြိုလဲ၏။ အိန္ဒိယနှင့် ဆိုဗီယက်ယူနီယံတို့၏ ကုန်သွယ်ရေး အလဲအလှယ်လုပ်မှုလည်း ရပ်သွား၏။ 'အိုင်ဘီအမ်'နှင့် 'ကိုကာကိုလာ' ကုမ္ပဏီများက နိုင်ငံမှထွက်၏။

အိန္ဒိယတွင် စတော့ဈေးကွက်က ၁၈၇၅ ကတည်းက စပြီးရှိ၏။ အာရှတွင် ပထမဆုံးဖြစ်၏။ သို့သော် နောက်ပိုင်းတွင် စတော့ဈေးကွက်ကို ထိန်းချုပ်သူသည် ဗျူရိုကရက်ဆန်ပြီး သူ့တွင် စတော့ဈေးကွက်လုပ်ဆောင်မှု အတွေ့အကြုံလည်း မရှိ။ ထို့ကြောင့် ဈေးကွက်က ပျက်လာ၏။ ၁၉၉၁ ပြုပြင်ပြောင်းလဲမှုကာလတွင် အိန္ဒိယအစိုးရက စတော့ဈေးကွက်ကို ထိန်း

ချုပ်နေသော ရုံးကို ဖျက်သိမ်းလိုက်၏။ ကုမ္ပဏီများနှင့် သူတို့၏ ရင်းနှီးမြှုပ်နှံမှုဘဏ်များကသာ စျေးနှုန်းလွတ်လပ်စွာ ဖြတ်ခွင့်ပေးလိုက်၏။ သို့ဖြင့် အစုရှယ်ယာတစ်ခုလျှင် ၉၅ ရူပီမှနေ၍ လေးဆမျှ တန်ဖိုးတက်လာ၏။ ထိုသို့လုပ်ဆောင်သော ကုမ္ပဏီသည် 'အင်ဖိုဆီ(စ်)' နည်းပညာကုမ္ပဏီ ဖြစ်၏။ ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာ ၂ သန်းက ၂ ဘီလျံထိ တိုးလာ၏။ ဤကုမ္ပဏီသည် ၂၀၀၈ ခုနှစ်တွင် ဝန်ထမ်း ရှစ်သောင်းရှိလာပြီး လစာလည်း ကောင်းနေ၏။ သူ၏ ကုမ္ပဏီမှဝန်ထမ်း ၃၀၀ လောက်သည်ပင် သန်းကြွယ်သူဌေးတွေ ဖြစ်လာကြ၏။ ကျောင်းစရိတ် တစ်လဒေါ်လာ ၂၀ မတတ်နိုင်၍ ကျောင်းကောင်းကောင်းမနေရသူပင်လျှင် ယခု သူက ဒေါ်လာ ၁.၇ ဘီလျံ ချမ်းသာသူ ဖြစ်လာပြီ။ ဤကုမ္ပဏီက အလုပ်အကိုင်အခွင့် အလမ်းတွေများစွာ ဖော်ထုတ်နိုင်ခဲ့၏။ အိန္ဒိယလူငယ်များစွာ၏ အနာဂတ်ကို တောက်ပစေ၏။ 'ဘန်ဂလိုမြို့'ရှိ 'အင်ဖိုဆီ(စ်)'ကုမ္ပဏီသို့ ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂိုလ်ကြီးတွေ လာရောက်လေ့လာကြ၏။ ထိုအထဲတွင် 'မိုက်ခရိုဆော့ဖ်' မှ 'ဘီလ်ဂိတ်(စ်)'၊ တရုတ်ပြည်မှ 'မူရုံဂျီ'၊ 'စင်္ကာပူ'မှ 'လီကွမ်ယု'၊ 'ဗြိတိန်' မှ 'တိုနီဘလဲ' တို့ပင်ပါ၏။

❖❖❖

၁၉၉၁ အပြောင်းအလဲသည် 'အင်ဖိုဆီ(စ်)' အတွက်သာမက တစ်နိုင်ငံလုံးအတွက် စီးပွားရေးပွပေါက်တိုးခြင်း ဖြစ်၏။ ၁၉၉၀ တွင် အကြီးအကျယ် အကျင့်ပျက်ခြစားမှုကြောင့် ကွန်ဂရက်ပါတီကို မဲဆန္ဒရှင်များက စိတ်ကုန်သွားကြကာ လက်ဝဲယိမ်းသော လယ်သမားနှင့် လူမှုရေး တရားမျှတမှုပါတီတို့၏ ညွန့်ပေါင်းပါတီကို ထောက်ခံလာကြ၏။ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ ခေတ္တရပ်ဆိုင်းသွား၏။ တစ်ပါတီအုပ်ချုပ်ရေး ဆယ်စုနှစ်များစွာကြာခဲ့ပြီးနောက် ဒီမိုကရက်တစ် အိန္ဒိယအုပ်ချုပ်ရေး ငါးခု ပြောင်းခဲ့၏။ စီးပွားရေးတိုးတက်မှုက ရပ်တန့်သွား၏။

၁၉၉၀ ခုနှစ်များ အလည်လောက်တွင်မှ အိန္ဒိယ၏ ပညာတတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံရေးခေါင်းဆောင်များက တရုတ်ပြည် တိုးတက်လာပုံအကြောင်း ပြောလာကြ၏။ အိန္ဒိယပညာတတ်လူတန်းစား

က တရုတ်၏ လျှပ်ပြက်သလို အလျင်အမြန်တိုးတက်လာမှုက မတည်မြဲဟု ယုံကြည်ကြ၏။ ဟောင်ကောင်ကို တရုတ်ပြည်သို့ ပြန်လွှဲပြောင်းပြီးနောက် တရုတ်က တည်ငြိမ်နေဆဲဖြစ်ကာ အလျင်အမြန်တိုးတက်နေသည်ကို တွေ့ရ၏။ အိန္ဒိယ၏ တစ်နှစ်လျှင် ၃.၅ ရာခိုင်နှုန်း တိုးတက်မှုထက် တရုတ်က သုံးဆပိုနေ၏။ ထိုအခါ အမေရိကအပါအဝင် အိန္ဒိယကပါ အခြားနိုင်ငံများ နည်းတူ တရုတ်၏ တိုးတက်မှုကိုကြည့်ပြီး ကြောက်လာကြ၏။ အိန္ဒိယတွင် ရောင်းသည့်ပစ္စည်းအများစုက တရုတ်လုပ်ဖြစ်နေ၏။ ဒီအတိုင်းသာ ဆက်နေလျှင် တရုတ်က ဝါးမျိုသွားမည်ကို အိန္ဒိယအစိုးရက တွက်မိလာ၏။

တရုတ်သည် အိန္ဒိယကို နောက်ဆုံးခြိမ်းခြောက်သူ ဖြစ်၏။ ဈေးကွက်ဖွင့်လှစ် ပြုပြင်ပြောင်းလဲမှုနောက်ပိုင်းတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းအများစုသည် နိုင်ငံခြားကုမ္ပဏီများနှင့် အသေအလဲ ပြိုင်ကြရ၏။ ဥပမာ- ၁၉၉၁ မတိုင်မီက အိန္ဒိယရေခဲသေတ္တာ၏ ၉၁ ရာခိုင်နှုန်းသည် 'ဂေါဒရေဂျ်အင်ဘွိုက်(စ်)'နှင့် 'တာကာဗေါလ်တာ(စ်)'မှ ထုတ်ကုန်များသာ ဖြစ်၏။ ၂၀၀၆ တွင်မူ နိုင်ငံခြားကုမ္ပဏီများက အိန္ဒိယအမှတ်တံဆိပ်များကို ကျော်လွန်သွား၏။ ကိုရီးယား၏ 'အယ်လ်ဂျီ'က အိန္ဒိယရေခဲသေတ္တာ၏ ၃၀ ရာခိုင်နှုန်းထိ ရှိလာ၏။ 'ဝှါလ်းပူး'က ၂၄ ရာခိုင်နှုန်း၊ အိန္ဒိယရေခဲသေတ္တာက ၁၃ ရာခိုင်နှုန်းသာ ရောင်းရတော့၏။

'တာတာကုမ္ပဏီ'၏ အမွေဆက်ခံသူ 'ရာတန်တာတာ'သည် အမေရိကန်မှ ဗိသုကာဘွဲ့ရသူ ဖြစ်၏။ သူက သူ့မိသားစု၏ ဦးဆောင်တီထွင်မှုအစဉ်အလာကို လိုက်ခဲ့သည်။ သူက နိုင်ငံ၏ ပထမဆုံး အိန္ဒိယထုတ်လူစီးယာဉ်ကို လုပ်ခဲ့၏။ ထို့ပြင် လူတိုင်းဝယ်နိုင်လောက်သော ဈေးဖြစ်သည့် တစ်စင်းလျှင် ဒေါ်လာ ၂၅၀၀ မျှသာကျသော 'နာနို' မော်တော်ကားများကို ထုတ်လုပ်ခဲ့၏။ ယခုအခါ 'တာတာကုမ္ပဏီသည် အိန္ဒိယ၏ အကြီးဆုံး ပုဂ္ဂလိကကုမ္ပဏီ ဖြစ်နေပြီ။ ၄င်းက နိုင်ငံခြားကုမ္ပဏီများ ဖြစ်ကြသည့် ဗြိတိန်မှ 'တက်တလေတီး(စ်)'၊ နယူးရောက်မှ 'သည်ပီရာနို' မိုတယ်၊ 'အေတီအင်တီ' ဆက်သွယ်ရေးလုပ်ငန်းတို့ကို ဝယ်နိုင်ခဲ့၏။

တရုတ်က စကော်ပူကို နမူနာယူကာ ဖွံ့ဖြိုးအောင်လုပ်သကဲ့သို့ အိန္ဒိယက တရုတ်ကို စံနမူနာယူ၏။ ၁၉၉၄ တွင် 'အန်ဒရာပရာဒေ့ရှ်' ပြည်နယ်

ဝန်ကြီးချုပ် 'အင်ချန်ဒရာဘာဒူနိုင်ဒူ'သည် ပေကျင်း၊ ရှန်ဟဲ၊ ရှီကျင့် ဒေသများသို့ သွား၏။ သူက သူ၏မြို့တော် 'ဟိုက်ဒြာဘတ်'ကို အဆင့်မြင့် နည်းပညာမြို့ကြီးအဖြစ် ပြောင်းလဲခဲ့၏။

❖❖❖

၂၀၀၃ ခုနှစ်တွင် အိန္ဒိယဝန်ကြီးချုပ် 'ဗတ်ချ်ပါယီ'က ပေ့ကျင်း တွင် ဤသို့ ပြောခဲ့၏။

"ကျွန်တော်တို့က ကမ္ဘာပေါ်မှာ လူဦးရေအများဆုံး နှစ်နိုင်ငံပါ။ ကမ္ဘာမှာ စီးပွားရေးအတိုးတက် အမြန်ဆုံးနိုင်ငံတွေလည်း ဖြစ်ပါတယ်။ ခင်ဗျားတို့နိုင်ငံက ကျွန်တော်တို့ထက် ပိုမြန်တယ်"ဟု ပြောခဲ့၏။

တရုတ်က ရှေ့က ဦးဆောင်ပြေးနေ၏။ အိန္ဒိယက တရုတ်အမြီး ဖျားတော့ ရောက်နေပြီ။ ယခုအခါ တရုတ်ရော အိန္ဒိယကပါ အနောက်နိုင်ငံ သားတွေ ဝယ်သလို၊ သုံးသလို၊ ဝယ်နိုင်သုံးနိုင်နေကြပြီ။ ၁၉၉၀ တစ်ဝိုက် တွင် အိန္ဒိယနှင့် တရုတ်က ဆင်းရဲသူ သန်း ၂၀၀ ကို ဆင်းရဲတွင်းမှ ကယ်တင်နိုင်ခဲ့ကြ၏။ ထိုအထဲမှ ဆယ်သန်းကျော်သည့် လူလတ်တန်းစား စာရင်းပင် ဝင်နေကြပြီ။

ယခုအခါ အိန္ဒိယက တရုတ်ကို အမှီလိုက်နေ၏။

"ကျွန်တော်တို့ နိုင်ငံက ပြုပြင်ပြောင်းလဲမှုလုပ်တာ နောက်ကျ တယ်။ ဒါပေမယ့် အခုတော့ အရှိန်ရနေပြီ"ဟု မစ္စတာနိုင်ဒူးက ပြော၏။

"ခုဆိုရင် ဆိုက်ကားနင်းတဲ့သူလည်း လက်ကိုင်ဖုန်းနဲ့၊ ဟင်းသီး ဟင်းရွက်ရောင်းတဲ့သူလည်း လက်ကိုင်ဖုန်းနဲ့ ဖြစ်နေပြီ"ဟု သူက ပြော၏။

၁၉၉၁ တွင် ဘဏ္ဍာရေးဝန်ကြီး 'မန်းမိုဟန်ဆင်း'က ဝန်ကြီးချုပ် ဖြစ်လာ၏။ သူ့လက်ထက်တွင် 'မစ္စတာ ချီဒန်ဘာရပ်'က ဘဏ္ဍာရေးဝန် ကြီး ဖြစ်၏။ သူတို့က လမ်းသစ်တွေဖောက်၊ လေဆိပ်သစ်တွေ ဆောက်၏။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပိုပြီး ဆွဲဆောင်ကြ၏။

ယခုအခါ အိန္ဒိယသည် ဟိုင်းဝေးလမ်း ၃၃၅၅ မိုင် ဖောက်ပြီးပြီ။ ၁၆၀၀ မိုင်က ဖောက်နေဆဲ။ နောက်ထပ် မိုင် ၃၇၀၀ လုပ်ရန် စီစဉ်ထား ၏။ လေဆိပ်၊ သင်္ဘောဆိပ်နှင့် လမ်းများအတွက် ဒေါ်လာ ၅၀ ဘီလျံသုံးစွဲ

၏။ လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် ၇၅ ဘီလျံ။ ၄င်းမှ ရွာပေါင်း ၁၂၅၀၀ ကို မီးပေးသည်။ နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်မီးရပြီ။ ဆက်သွယ်ရေးအတွက် ၂၅ ဘီလျံ သုံး၏။

တစ်နှစ်ကို ဒေါ်လာ ၁၅၀ ဘီလျံသုံးလျှင်ပင် အိန္ဒိယတိုးတက်မှုက တစ်နှစ်ကို ၈ ရာခိုင်နှုန်းသာ ရှိသေး၏။ တရုတ်က ၂၀၀၅ တစ်နှစ်ထဲတွင်ပင် ဒေါ်လာ ၂၀၀ ဘီလျံ သုံး၏။ ထိုစဉ်က အိန္ဒိယသည် ၂၈ ဘီလျံသာသုံးနိုင်သေးသည်။

❖❖❖

အိန္ဒိယတွင် နိုင်ငံခြားကုမ္ပဏီများစွာ အခြေစိုက်လုပ်ကိုင်နေကြ၏။ 'ဘန်ဂလို' တစ်မြို့ထဲတွင် 'ဂျင်နရယ်အီလက်ထရစ်'၊ 'ဖီလစ်လျှပ်စစ်'၊ 'အင်တဲလ်'၊ 'နိုကီယာ'စသည့် နိုင်ငံခြားကုမ္ပဏီတွေ ရှိ၏။

အိန္ဒိယနိုင်ငံသား ကော်လာဖြူလုပ်သားများစွာသည် မြန်နှုန်းမြင့်အင်တာနက်များသုံးပြီး လုပ်ကိုင်နေကြ၏။ ဓိမ်ခံကား အရောင်းဆိုင်၊ ဓိမ်ခံလူနေတိုက်တာများ၊ အဆင့်မြင့်ဈေးများ၊ ကုန်တိုက်များ မှိုလိုပေါက်နေ၏။

အိန္ဒိယက ရှေ့သို့သွားနေ၏။ အနောက်အပြောင်သန်သူတစ်ဦးကမူ အိန္ဒိယက အရက်သမားသွားနည်းမျိုးနှင့် သွားနေတာဟု ဆို၏။ ရှေ့တစ်လှမ်းတိုးလိုက်၊ ဘေးကို နှစ်လမ်းချော်ထွက်သွားလိုက်နှင့်။

ကုန်သွယ်ရေးဝန်ကြီး 'ကာမာလ်နက်သ်'ကမူ 'ကျုပ်တို့က တရုတ်ပုံစံကို အတုယူပြီး ကြိုးစားရမယ်'ဟု ပြော၏။

"တရုတ်လုပ်ပုံကိုင်ပုံကိုကြည့်ပြီး ကိုယ့်နည်းကိုယ့်ဟန်နှင့် အကောင်အထည်ဖော်ရမယ်"ဟု ပြောသည်။

လမ်းတွေ၊ လေယာဉ်ကွင်းတွေ၊ သင်္ဘောဆိပ်တွေ ဆောက်သည့်အပြင် ကုန်တင်ယာဉ်သီးသန့်သွားလမ်း မိုင် ၆၀၀၀ ကျော်ကိုလည်း ဒေါ်လာ ၅ ဘီလျံအကုန်ခံပြီး လုပ်၏။ ဤလမ်းပြီးမှသာ ထုတ်ကုန်များကို သင်္ဘောဆိပ်သို့ပို့ပြီး လျင်မြန်စွာ တင်ပို့နိုင်မည်။ အိန္ဒိယတွင်လည်း တရုတ်ကဲ့သို့ အထူးစီးပွားရေးဇုန်တွေ တည်ဆောက်ထား၏။

"တရုတ်မှာက စီမံကိန်းတွေအကောင်အထည်ဖော်တာ မြန်တာက တစ်ပါတီအာဏာရှင်စနစ်နဲ့ လုပ်တာကိုး။ ခုလုပ်ဆို ခုဖြစ်တာပဲ။ အိန္ဒိယ မှာတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံရနဲ့ ကြာတာပေါ့"ဟု ကုန်သွယ်ရေး ဝန်ကြီး 'မစ္စတာနက်သ်'က ပြော၏။

တရုတ်တွင် ဆည်သုံးခုဆည်ကြီးစီမံကိန်းအရ မြို့ပေါင်း ၃၆၅ မြို့ နှင့် လူ ၁.၂ သန်း ရွှေ့ပြောင်းရသော်လည်း ဘာသံမှ မထွက်။ အိန္ဒိယတွင် ထိုသို့လုပ်၍မရ။

အိန္ဒိယ ဟာသတစ်ခု ရှိ၏။

"တိန့်ရှောက်ဖိန့်က ကားပေါ်တွင် သတင်းစာဖတ်ရင်း လိုက်လာ၏။ ထိုစဉ် သူ့ယာဉ်မောင်းက ပြော၏။ ဆရာရေ၊ ပြဿနာတော့ပေါ်နေပြီ၊ လမ်းသင်္ကေတက လက်ဝဲဆို ကွန်မြူနစ်ဝါဒ၊ လက်ယာဆို အရင်းရှင်ဝါဒလို့ ပြနေတယ်။ ဘယ်လမ်း ကျွန်တော်လိုက်ရမလဲ။ တိန့်က သူယာဉ်မောင်းကို အေးအေးဆေးဆေး ပြန်ပြောလိုက်၏။ ပြဿနာ မဟုတ်ပါဘူးကွာ။ လက်ဝဲ ဘက်သွားမယ်လို့ အချက်ပြရင်း လက်ယာဘက် ချိုးလိုက်ကွ"

အိန္ဒိယမှာတော့ နိုင်ငံရေးပါတီတွေကို ကြောက်ရ၊ သတင်းစာဆရာ တွေကို လန့်ရနှင့် တော်ရုံတန်ရုံကိစ္စ အကောင်အထည်ဖော်ရန်မလွယ်။

၂၀၀၄ တွင် အိန္ဒိယစီးပွားရေး ကောင်းနေ၏။ သို့သော် ဝန်ကြီးချုပ် 'မစ္စတာ ဗိုင်ပါယီ'က ပြော၏။

"ကျုပ်တို့ပေါ်လစီက အကောင်းဆုံးသာ ရှင်သန်ရေးသာမကဘူး၊ အားအနည်းဆုံးတွေ ပြန်လည်ခေါင်းထောင်ရေးလည်း ပါတယ်"ဟု ပြော၏။

လိုအပ်ချက်နှင့်အညီ အိန္ဒိယကား ပြောင်းလဲခဲ့ပြီ။ ပြုပြင်ပြောင်းလဲ မှုတွေကို မဆိုင်းမတွ လုပ်ခဲ့၏။ သို့ဖြင့် အိန္ဒိယ တိုးတက်လာ၏။

"အိန္ဒိယက ကျားမဟုတ်တော့ဘူးဗျ၊ ဆင်ဖြစ်လာပြီ။ ခွန်နဲ့ အားနဲ့ ရှေ့ကိုချီတက်နေပြီ"ဟု အိန္ဒိယဘောဂဗေဒပါရဂူ 'မစ္စတာဒတ်စ်'က ပြော၏။

"လျှင်မြန်နှုန်းအပြင် သက်လုံကောင်းမှုပါ အမြဲရှိဖို့လိုတယ်"ဟု လည်း သူက သတိပေး၏။

ကုန်သွယ်ရေးဝန်ကြီးကမူ 'ကျွန်တော်တို့ နိုင်ငံက လွတ်လပ်တဲ့ ဈေးကွက်၊ ဒီမိုကရေစီကျတဲ့ နိုင်ငံတွေထဲမှာ အလျင်မြန်ဆုံး ပြေးနေတဲ့ နိုင်ငံပဲ။ တရုတ်က တာတိုပြေးနေတာ။ ကျွန်တော်တို့က မာရသွန်မှာ နိုင်အောင် ကြိုးစားနေတာ' ဟု ဆို၏။

တရုတ်ရော၊ အိန္ဒိယရော မာရသွန်ပြေးနေကြသည်မှာ မှန်၏။ မာရသွန်ပွဲတွင် သူတို့အတွက် သံမဏိက လို၏။ ဉက္ကဋ္ဌ 'မော်' သည် ဗြိတိန်ထက် သံမဏိပိုထုတ်နိုင်ရန် သူ့ပြည်သူတွေကို အငတ်ထားပြီး စတေးခဲ့၏။ ယခုတော့ တရုတ်သည် ကမ္ဘာနိုင်ငံအသီးသီး၏ သံမဏိ ထုတ်နှုန်းထက် လေးဆ ပိုထုတ်နေနိုင်ပြီ။ အိန္ဒိယမှ ထိပ်တန်းလုပ်ငန်းရှင်ကြီး 'ဂျမ်ဆက်ဂျီတာတာ' က လွတ်လပ်ရေးရပြီးကတည်းက သံမဏိထုတ်လုပ်မှု၏ အရေးကြီးပုံကို သိခဲ့၍ ကြိုးစားထုတ်လုပ်ခဲ့၏။ ၂၀၀၇ ခုနှစ်တွင် 'တာတာ သံမဏိ' က 'ဗြိတိန်သံမဏိ' လုပ်ငန်းကို ဝယ်လိုက်နိုင်ပြီး ယခုအခါ တစ်ချိန်က သူ၏ ကိုလိုနီသခင်ဖြစ်ခဲ့သော ဗြိတိန်ထက် အိန္ဒိယက သံမဏိသုံးဆပို ထုတ်နိုင်နေပြီ။

❍

## (၃)

# အမေရိကန်ပစ္စည်း၊ တရုတ်တွင် ပြုလုပ်သည်

တရုတ်ပြည်ချမ်းသာတာကို ထိုင်ကြည့်၍ရတာ အများကြီးရှိ၏။ မိုးပျံ မိုးထိ မိုးမျှော်တိုက်အရေအတွက်ပဲ ကြည့်မလား။ စက်ရုံမျိုးစုံက ထွက်ကုန်ပမာဏ ကြည့်မလား။ ပြည်သူတွေ၏ အစားအသောက် အာဟာရ တန်ဖိုးပဲ ကြည့်မလား။

ရှန်ဟဲမြို့၏ ညဘက်သည် နေ့ခင်းကြောင်တောင်အလား လင်းလက်ဝင်းပနေ၏။ မီးလုံးဆယ်လုံးတွင် တစ်လုံးက 'ဖီလစ်'ကုမ္ပဏီမှ မီးလုံးတွေဖြစ်၏။

တရုတ်ပြည်တွင် မီးထွန်းနှုန်းကို ကြည့်။ မြို့ပြမှာနေသော ဆင်းရဲသားများအိမ်တွင် ပျမ်းမျှမီးလုံး လေးလုံး၊ လူလတ်တန်းစားအိမ်တွင် ဆယ်လုံး၊ နည်းနည်းပိုချောင်လည်သူ၏ အိမ်တွင် အလုံး ၂၀။

'ဖီလစ်'လျှပ်စစ်ကုမ္ပဏီသည် တရုတ်ပြည် ချမ်းသာလာသည်နှင့်အမျှ သူလည်း ပိုချမ်းသာလာ၏။

တရုတ်ပြည်တွင် လူလတ်တန်းစားက သန်း ၂၀၀ ရှိ၏။ သန်း ၈၀ က ပိုချောင်လည်သူများ။ သူတို့၏ တစ်နှစ်လျှင် 'ဖီလစ်'မှ မီးသီးဝယ်နှုန်းက ဒေါ်လာ ၄.၁ သန်းဖိုးရှိ၏။ ရှန်ဟဲတစ်မြို့ထဲ လူဦးရေက 'ဖီလစ်'၏ မိခင်နိုင်ငံ ဟော်လန်နှင့် လူဦးရေ အတူတူ။ လူဦးရေ ၁၇ သန်း ရှိ၏။

တရုတ်ပြည်တွင် အလုပ်သမားခက ဈေးသက်သာ၏။ တရုတ်လူမျိုးတို့က စည်းကမ်းရှိသည်။ အလုပ်ကြိုးစားသည်။ ပညာသင်လွယ် တတ်လွယ်

သည်။ တရုတ်ပြည်တွင် ပစ္စည်းထုတ်လုပ်လျှင် ဈေးသက်သာ၏။ ထို့ကြောင့် ၂၀၀၅ တွင် အမေရိကန်ကုမ္ပဏီများ တရုတ်တွင် လာတည်ထောင်ကြရာ တစ်နှစ်လျှင် ဒေါ်လာ ဘီလျံ ၇၀ ဖိုး စားရိတ်စက သက်သာ၏။ ထို့ကြောင့် တရုတ်တွင် လာထုတ်လုပ်သော ပစ္စည်းက ဈေးသက်သက်သာသာနှင့် ပြန်ရောင်းနိုင်၍ အမြတ်ပိုသေချာ၏။ တရုတ်အလုပ်သမားများကမူ လခ ပိုရလျှင် အနောက်နိုင်ငံပစ္စည်းများကို ဝယ်သုံးနိုင်၏။ ၁၉၉၇ တွင် ဆယ် လူလာဖုန်း ၁၀ သန်း ရောင်းရ၏။ ၂၀၀၈ တွင် သန်း ၅၅၀ ရောင်းရ၏။ အမေရိကန်လူဦးရေထက်ပင် များနေသေးသည်။

တရုတ်အစိုးရကလည်း အနောက်နိုင်ငံကုမ္ပဏီများ သူတို့နိုင်ငံတွင် လာရောက်တည်ထောင်ရန် မက်လုံးများစွာပေး၏။ သက်သာခွင့်များစွာ ပေး၏။ ဥပမာ တစ်ခုပြပါမည်။ 'ဖီလစ်'လျှပ်စစ်ကုမ္ပဏီက တရုတ်တွင် စက်ရုံလာထောင်၏။ အခြားနိုင်ငံများထက် လုပ်အားခ၊ အခွန်အကောက် စနစ်တို့ လျော့နည်းသဖြင့် သူ၏ ထုတ်ကုန်ကို ဈေးသက်သက်သာသာနှင့် ပြန်ရောင်းနိုင်၏။ ၂၀၀၅ တစ်နှစ်ထဲတွင် 'ဖီလစ်'လာရောင်းသော လမ်းဓာတ်မီးက ဒေါ်လာ ၁၉၅ သန်းဖိုး ဖြစ်၏။ တရုတ်ပြည်ရှိ လမ်းဓာတ် မီးသုံးလုံးတွင် တစ်လုံးက 'ဖီလစ်'ပစ္စည်း။ ထို့ကြောင့် 'ဖီလစ်'ကုမ္ပဏီက တရုတ်ပြည်တွင် စက်ရုံလာတည်ရသည်မှာ သူ့အတွက် အလွန်တွက်ခြေ ကိုက်သည်။ 'ဖီလစ်'ကုမ္ပဏီတွင် လုပ်ကိုင်သော တရုတ်နိုင်ငံသားတွေ အတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းတွေရ၏။ အစိုးရကလည်း ထိုက်သင့်သလောက် အခွန်အကောက်တွေ ရ၏။ ထို့ကြောင့် မည်သည့် ဘက်ကကြည့်ကြည့် အကျိုးရှိ၏။

'ဖီလစ်'က ကားနောက်ဘက် မီးလုံးတွေလုပ်၏။ ဤမီးသီးများကို တရုတ်ပြည်တွင် စက်ရုံလာဆောက်သော ဖောက်စ်ဝက်ဂွန်ကားများတွင် တပ်၏။ ကားကုမ္ပဏီကလည်း အခြားနိုင်ငံများထုတ် 'ဖီလစ်' မီးသီးထက် တရုတ်ပြည်မှာလုပ်သော မီးသီးဈေးက ပိုသက်သာ၍ သူ၏ကားကို ဈေး လျှော့ရောင်း၍ ရ၏။ တရုတ်လူဦးရေက သိပ်များသဖြင့် ကားတွေ အများ ကြီး ရောင်းရ၏။ ထို့ကြောင့် ကားကုမ္ပဏီကလည်း အကျိုးရှိ၏။ ဝယ်စီး သူလည်း ဈေးသက်သာ၏။

တရုတ်ပြည်တွင် ခေတ်မီဆေးရုံတွေ တည်ဆောက်၏။ ငါးနှစ်အတွင်း ခေတ်မီဆေးရုံသစ် ၂၅၀၀ ဖွင့်နိုင်၏။ ဤဆေးရုံကြီးများအတွက် သုံးသော ပစ္စည်းကိရိယာကို နိုင်ငံခြားကုမ္ပဏီများမှ တရုတ်ပြည်တွင် လာတည်ကြ၏။ အိပ်စ်ရေးရိုက်စက်တွေ၊ အာလ်ထရာဆောင်းစက်တွေ၊ သွေးတိုးတိုင်းကိရိယာတွေ၊ ခွဲစိတ်ခန်းသုံးကိရိယာတွေ အများကြီးလို၏။ ၂၀၀၄ တွင် ဆေးရုံသုံးပစ္စည်း ၁.၂၅ ဘီလျံဒေါ်လာဖိုး ဝယ်ရ၏။

တရုတ်စီးပွားရေးက ဒုံးပျံထိုးတက်သလို မြန်နှုန်းမြင့်၏။ ၁၉၉၀ စောစောပိုင်းက တရုတ်ပြည်တွင် နိုင်ငံခြားကုမ္ပဏီတွေ စတွေ့ရ၏။ ၁၉၉၀ နှစ်လည်ပိုင်းများကျတော့ အရေအတွက် တော်တော်များလာပြီး ၂၀၀၀ ပြည့်နှစ်တွင်တော့ ကမ္ဘာ့အကြီးဆုံး ကုမ္ပဏီအများစုက တရုတ်ပြည်တွင် ရောက်နေကြပြီ။

မိုဘိုင်းဖုန်းတစ်ခုတည်းပဲကြည့်။ 'မော်တိုရိုလာ'၊ 'နိုကီယာ'၊ 'အဲရစ်ဆင်' တို့က ဒေါ်လာဘီလျံများစွာချိုပြီး လာလုပ်ကြ၏။ 'ကေအက်ဖ်စီ' ကြက်ကြော်လည်း တရုတ်တွင် ရောင်းကောင်း၏။ တရုတ်ကုမ္ပဏီတော်တော်များများကား အတော် ရုန်းကန်ရ၏။ တရုတ်ပြည်တွင် လာရောက်တည်ထောင်သော အမေရိကန်ကုမ္ပဏီ၏ ၈၀ ရာခိုင်နှုန်းက အမြတ်များများရကြ၏။

❖❖❖

၁၄ ရာစုနှစ်ကလည်း တရုတ်သည် ကုန်သွယ်ရေးတွင် အောင်မြင်ခဲ့၏။ တရုတ်ကုန်ပစ္စည်းများကို 'ပိုးလမ်းမကြီး' မှတစ်ဆင့် အာရပ်ကမ္ဘာနှင့် ဥရောပအထိ သွားရောင်းကြ၏။ တရုတ်က တီထွင်မှုများစွာလုပ်ရာ ယမ်းမှုန့်၊ စက္ကူ၊ သံလိုက်အိမ်မြှောင်၊ ကြွေထည်ပစ္စည်း စသည်တို့ပါ၏။ ကြွေထည်ဆိုလျှင် ဥရောပက တရုတ်ကဲ့သို့ လိုက်မလုပ်နိုင်တာ နှစ် ၁၀၀ မျှ ကြာခဲ့၏။

၂၀၀၅ မှစ၍ အနောက်နိုင်ငံကုမ္ပဏီများက တရုတ်တွင် လာရောက်လုပ်ကိုင်ကြရင်း အရသာတွေ့လာကြ၏။ အမေရိကန်တွင် ဒေါ်လာ ၁၀၀ နှင့် ရောင်း၍ရသော ဖိနပ်ကို တရုတ်ပြည်တွင်လုပ်လျှင် ၁၅ ဒေါ်လာသာ

ကျ၏။ အလုပ်သမား၁၊ သယ်ယူပို့ဆောင်ခ၊ အမြတ်ခွန်ခတို့ သက်သာ၍ ဖြစ်၏။ တရုတ်တွင် ၁၅ ဒေါ်လာမျှသာအရင်းရှိသော ကွန်ပျူတာကို နိုင်ငံ ခြားပို့လျှင် ဒေါ်လာ ၇၀၀ အေးအေးဆေးဆေးရောင်း၍ ရ၏။

အမေရိကန်နိုင်ငံထဲ တရုတ်ထံမှ တစ်နှစ်လျှင် ဒေါ်လာ ဘီလျံ သုံးရာကျော်မျှ တင်သွင်းရ၏။ အမေရိကန် ပို့ကုန်က မဖြစ်စလောက်။ ဥရောပသမဂ္ဂက ၂၀၀၇ တွင် တရုတ်ထံမှ ၁၃၂ ဘီလျံယူရိုဖိုး ဝယ်ရ၏။ ထို့ကြောင့် ၂၀၀၈ တွင် တရုတ်သည် ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံ ဖြစ်သော ဂျာမနီကို ကျော်တက်သွား၏။ ဗြိတိန်က စတုတ္ထအဆင့်သို့ လျော့ ကျသွားသည်။

နိုင်ငံခြားကုမ္ပဏီနှင့် တရုတ်ဖက်စပ်ကုမ္ပဏီတို့က ၂၀၀၅ တွင် ဟိုင်းတက်ပစ္စည်း ၈၈ ရာခိုင်နှုန်းကို ထုတ်၏။ တရုတ်ပြည်၏ ထိပ်ဆုံးဆင့် ထုတ်ကုန်ကုမ္ပဏီ ၂၅ ခုတွင် တရုတ်က ငါးခုသာပိုင်၏။

အမေရိကန်တွင် ရောင်းသော ပစ္စည်းများက 'အမေရိကပစ္စည်း တရုတ်တွင် လုပ်သည်'ဟု ဆိုရသကဲ့သို့ 'ဥရောပအတွက် တရုတ်တွင် လုပ်သည်'ဟု စာတန်းကပ်ရမည့်ပစ္စည်းတွေ ဖြစ်နေ၏။

ယခုအခါ တရုတ်ပြည်တွင် သန်းကြွယ်သူဌေး ၃၂၀၀၀၀ ဦးမျှရှိနေ ပြီ။ သူတို့က ကမ္ဘာ့အကောင်းဆုံး အမှတ်တံဆိပ်ပစ္စည်းများကိုသာ ဝယ် သုံး၏။ 'ပရာဒါ'၊ 'အာမန်နီ'၊ 'လူဝီဗွီကွန်'စသော ဇိမ်ခံပစ္စည်းအရောင်း ဆိုင်ကြီးများက တရုတ်ပြည်တွင် ရှိ၏။ တရုတ်လမ်းများပေါ်တွင် 'ဘီအမ် ဒဗလျူ'၊ 'မာစီးဒီး'၊ 'အော်ဒီ'ကားတွေ ပြေးလွှားနေ၏။ 'ဝူဟာန်' ကဲ့သို့ ပြည်နယ်အသေးလေးမှ ဈေးလာဝယ်သူပင်လျှင် ဖိနပ်တွေ၊ လက်ကိုင်အိတ် တွေ၊ အဝတ်တွေဝယ်တာ ဒေါ်လာ ၂၅၀၀၀ ကျော်ဖိုး ရှိ၏။ တရုတ်ပြည် သည် ဂျပန်၊ အမေရိကန်ပြီးလျှင် ဇိမ်ခံပစ္စည်းအဝယ်နိုင်ဆုံး ကမ္ဘာ့တတိယ နိုင်ငံ ဖြစ်နေပြီ။

ဇိမ်ခံပစ္စည်းရောင်းရငွေက တရုတ်တွင် နှစ်စဉ် ဒေါ်လာ ၂ ဘီလျံ ဖိုး ရှိ၏။ မကြာခင် တရုတ်က အမေရိကန်စံချိန်ကိုချိုးပြီး ဂျပန်နှင့် အမီ လိုက်တော့မည်မှာ သေချာ၏။

'ရှန်ဟဲ' ကား အဖွံ့ဖြိုးအတိုးတက်ဆုံး မြို့ဖြစ်၏။ အမေရိကန်လူဦးရေ ထက် ၂၇ ရာခိုင်နှုန်းများ၏။ အမေရိကန်နှင့် လူနေမှုအဆင့်အတန်း တူ၏။ ဂျီဒီပီ တူ၏။

တရုတ်၏ နှစ်စဉ် လူတစ်ဦး၏ ဂျီဒီပီက ဒေါ်လာ ၃၀၀၀ ရှိ၏။ တရုတ်ပြည်မှ လူဦးရေ ၁.၃ ဘီလျံ၏ ဝင်ငွေက ဆက်တိုက်တိုးနေဆဲ။

တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းက အံ့မခန်းတိုးတက်လာရာ စက်ရုံသစ်ကုမ္ပဏီသစ်များကြောင့် လူဦးရေ ၁၄၅ သန်း အလုပ်ရကြ၏။ ယဉ်ကျေးမှုတော်လှန်ရေးကာလနောက်ပိုင်း ၁၉၇၇ တွင် တက္ကသိုလ်များ ပြန်ဖွင့်ရာ ဘွဲ့ရပညာတတ်များစွာ မွေးထုတ်ပေးနိုင်ခဲ့၏။ ၂၀၀၅ တွင် ဘွဲ့ရ ၈.၅ သန်းရှိ၏။ ၂.၃ သန်းမှာ အဆင့်မြင့်သိပ္ပံနှင့် အင်ဂျင်နီယာဘွဲ့ရများ ဖြစ်၏။ ကော်လာဖြူ လုပ်သားများအနေနှင့် အမေရိကန်၊ ဥရောပ၊ ဂျပန်ကုမ္ပဏီများတွင် လစာကောင်းကောင်း အလုပ်ရကြ၏။ ၂၀၀၇ ခုနှစ်တွင် အမေရိကန်နည်းပညာကုမ္ပဏီတွင် အလုပ်လုပ်သူ တရုတ်လူငယ် ၈၀၀၀၀၀ ရှိ၏။ အမေရိကန်တွင် ဘွဲ့ရက တစ်နှစ်လျှင် တစ်သန်းကျော်သာရှိရာ တရုတ်ပြည်ထက် နည်း၏။

အားနည်းချက်တစ်ခုကတော့ တရုတ်လူမျိုး အများစုက အင်္ဂလိပ်ဘာသာစကား မကျွမ်းကျင်ကြခြင်းသာ ဖြစ်၏။ ယခုတော့ တက္ကသိုလ်များမှ အင်္ဂလိပ်ဘာသာကျွမ်းကျင်သူတွေ မွေးထုတ်ပေးနေပါပြီ။ ခေတ်မီနည်းပညာကျွမ်းကျင်သူများကား အများအပြား ရှိ၏။ အိုင်တီပညာနှင့် အင်္ဂလိပ်ဘာသာစကားတွင်တော့ အိန္ဒိယကို မီအောင် အတော်ကြိုးစားရဦးမည်။

၀

# (၄)
# အင်တာနက်လမ်းကြောင်း

အိန္ဒိယတွင် ကိုလိုနီအမွေဟောင်းများစွာ ထင်ဟပ် ကျန်ရစ်နေဆဲ။ ဝိတိုရိယခေတ်က အဆောက်အဦ တော်တော်များများကို နေရာတကာတွင် တွေ့ရ၏။ ဗြိတိသျှပုံစံ လွှတ်တော်အဆောက်အဦကြီးက ခန့်ထည်စွာ တည်ရှိနေ၏။ ထို့အတူ အိန္ဒိယနိုင်ငံတွင် လူဦးရေ သန်း ၁၀၀ ကျော်က အင်္ဂလိပ်စကားကို သုံးစွဲပြောဆိုကြ၏။ အဆိုပါ လူဦးရေကပင် ဗြိတိန်နိုင်ငံလူဦးရေထက် နှစ်ဆပိုနေ၏။ ထို့ကြောင့် ဗြိတိန်နိုင်ငံသား၊ အမေရိကန်နိုင်ငံသား တော်တော်များများသည် အိန္ဒိယတွင် အလုပ်လုပ်နေကြ၏။ အထူးသဖြင့် လူလတ်တန်းစား အမေရိကန်နှင့် ဗြိတိသျှများအနေနှင့် သူတို့၏ အလုပ်များသည် ဘော်စတွန်မှ ဘန်ဂလို သို့မဟုတ် မက်ဆာချူးဆက်ပြည်နယ်မှ မွမ်ဘိုင်းသို့ ပြောင်းပြီး လုပ်ရတော့မည့်အချိန်အတွက် သောကရောက်နေကြ၏။ သူတို့ စိုးလည်း စိုးရိမ်စရာ ရှိ၏။ ကော်လာဖြူဝန်ထမ်းတစ်သန်းနီးပါးသည် အိန္ဒိယတွင် အလုပ်လုပ်နေကြရာ အများစုမှာ အနောက်နိုင်ငံသားများ ဖြစ်ကြ၏။ ဆက်၍ လူဦးရေ ပိုမိုတိုးပွားလာစရာအကြောင်းရှိ၏။ တစ်နှစ်လျှင် အိန္ဒိယနှင့် အမေရိကန်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ၃၀၀၀၀၀ ခန့် ရှိ၏။ ဤနှုန်းအတိုင်းဆိုလျှင် နောင် ၂၅ နှစ်လောက်ကြာလျှင် အနောက်နိုင်ငံသား ၉ သန်းခန့် ထပ်ပြီး အိန္ဒိယတွင် အလုပ်လာလုပ်ကြမည်။ တရုတ်ပြည်က ကမ္ဘာ့အကြီးဆုံး စက်ရုံများရှိရာနိုင်ငံ ဖြစ်လာသကဲ့သို့ အိန္ဒိယကလည်း ကမ္ဘာ့ရုံးလုပ်ငန်းဆိုင်ရာအကြီးဆုံး

ဗဟိုချက်မ ဖြစ်လာလိမ့်မည်။ အိန္ဒိယနိုင်ငံသားတို့ အနေနှင့်လည်း ကမ္ဘာနှင့်ယှဉ်ကာ ရုံးလုပ်ငန်း၊ အုပ်ချုပ်ရေးလုပ်ငန်းတို့တွင် ကျွမ်းကျင်မှုအဆင့်ထိပ်တန်းထိ ရောက်လာကြမည်။

အိန္ဒိယနိုင်ငံသားများက အင်္ဂလိပ်ဘာသာရော အင်တာနက်ပါ ကျွမ်းကျင်ကြရာ သူတို့အတွက် ကမ္ဘာပေါ်တွင် အလုပ်များစွာက ကြိုနေကြ၏။ ကမ္ဘာကျော် 'အင်တယ်လ်'ကုမ္ပဏီတွင် အိန္ဒိယဝန်ထမ်း ၃၀၀၀ ကျော်ရှိ၏။ ကမ္ဘာ့အကြီးဆုံးကုမ္ပဏီ ၅၀၀ ထဲတွင် ၄၀၀ က အိန္ဒိယတွင် လုပ်ကိုင်ကြ၏။

အိန္ဒိယလေဆိပ်များသို့ ပုဂ္ဂလိက ဂျက်လေယာဉ်ပေါင်း များစွာ အဆင်းအတက်လုပ်နေကြသည်မှာ မျက်စေ့နောက်စရာပင် ကောင်းလှ၏။ ကမ္ဘာ့အရပ်ရပ်မှ ကုမ္ပဏီများစွာ၏ စီအီးအို အမှုဆောင်အရာရှိချုပ်များက အိန္ဒိယကို မလာမဖြစ် လာကြရ၏။ သူတို့၏ ကုမ္ပဏီခွဲအားလုံးလိုလိုကို အိန္ဒိယမှ ရှိကြ၏။ အိန္ဒိယတွင် အလုပ်သမားခသက်သာသကဲ့သို့ ထုတ်ကုန်ပစ္စည်း တော်တော်များများကိုဖြန့်နိုင်သည့် ဈေးကွက်ကြီးကလည်း အိန္ဒိယတွင် ရှိ၏။ 'မိုက်ခရိုဆော့ဖ်'၊ 'အင်တဲလ်'နှင့် 'စစ်စကို'တို့က အိန္ဒိယတွင် ဒေါ်လာ ၁ ဘီလျံစီ ပထမ မြှုပ်နှံရင်းနှီးကြ၏။ အိုင်ဘီအမ်ကမူ ဒေါ်လာ လေးဘီလျံထိ မြှုပ်နှံ၏။ 'အိုင်ဘီအမ်'က အိန္ဒိယမြို့ကြီး ၁၄ မြို့တွင် ဝန်ထမ်း ၇၃၀၀၀ ခန့်ထား၏။ တရုတ်ပြည်တွင် 'ဖီးလစ်'ကုမ္ပဏီက ခန့် သော ဝန်ထမ်းထက် ပိုများ၏။

၂၀၀၁ တွင် အိန္ဒိယအိုင်တီပညာရှင် အတော်များများသည် အမေရိကန် နည်းပညာကုမ္ပဏီများမှ နုတ်ထွက်ကာ 'ဘန်ဂလို'သို့ ပြန်လာကာ လုပ်ကိုင်ကြ၏။ အိန္ဒိယတွင် 'ဆီလီကွန်တောင်ကြား'က 'ဘန်ဂလို' တွင် တည်ရှိနေပြီ။ အင်္ဂလိပ်စကား၊ အမေရိကန်စကားကို ကျွမ်းကျင်သွက်လက်စွာ ပြောတတ်သူ ဝန်ထမ်းများစွာရှိသဖြင့် အနောက်နိုင်ငံမှ အိုင်တီကုမ္ပဏီအများစုက 'ဘန်ဂလို'သို့ ပြောင်းလာကြ၏။

ဤသို့ဖြင့် 'ဂျီအီး'၊ 'ဆီးမင်း'၊ 'အိပ်ချ်အက်စ်ဘီစီ'၊ 'အိုင်ဘီအမ်'၊ 'အဆင်းချား'၊ 'အီးဒီအက်စ်' စသော ကမ္ဘာ့ထိပ်တန်းကုမ္ပဏီအားလုံး၏ အဓိကရုံးခွဲတွေက အိန္ဒိယတွင် မှိုလိုပေါက်ရောက်ရှိလာ၏။ အင်္ဂလိပ်စကား

ပြော တက္ကသိုလ်ဘွဲ့ရတွေအတွက် တစ်နှစ်ကို အနည်းဆုံးဒေါ်လာ ၂၅၀၀ ရသော အလုပ်တွေ များလာ၏။ အမေရိကန်တွင် တစ်လဒေါ်လာ ၂၀၀ ကျော်က ဘာမှမဟုတ်သော်လည်း လူမှုအဆင့်အတန်းနိမ့်ကျသော အိန္ဒိယတွင် ဤငွေပမာဏက ကောင်းစွာ သုံးနိုင်စွဲနိုင်၏။

အမေရိကန်တွင် တစ်ပတ်ကို ၂၅၀ ဒေါ်လာပေးငှားမှရသော အလုပ်ကို အိန္ဒိယတွင် တစ်လ ဒေါ်လာ ၂၅၀ နှင့် ခေါင်းခေါက်ရွေးခန့်၍ ရ၏။ အချို့သော အနောက်နိုင်ငံကုမ္ပဏီကြီးများတွင် အိန္ဒိယဝန်ထမ်း ၂၂၀၀၀ ထိပင် ရှိ၏။

'အိုင်ဘီအမ်'ကုမ္ပဏီသည် တရုတ်နှင့် အိန္ဒိယတွင် နည်းပညာကျွမ်းကျင်သူ ၅၀၀၀ ခန့်ထားခြင်းအားဖြင့် အလုပ်ဖြစ်သကဲ့သို့ တစ်နှစ်လျှင် လုပ်အားခ ဒေါ်လာ ၁၆၈ သန်း သက်သာ၏။ ထို့အတွက် ကုန်ပစ္စည်းနှင့် ဝန်ဆောင်ခကိုလျှော့၍ ရောင်းချပေးနိုင်၏။ ထို့ကြောင့် အနောက်နိုင်ငံကုမ္ပဏီများအတွက် တွက်သားပိုကိုက်၏။ အမေရိကန်အနေနှင့် အိန္ဒိယတွင် အလုပ်သမား ၃.၃ သန်း ခန့်ထားခြင်းကြောင့် အမေရိကန်အလုပ်လက်မဲ့နှုန်းက ပိုတက်လာ၏။ ထိုလုပ်အားပမာဏမှာ အမေရိကန်လုပ်အားတစ်ခုလုံး၏ နှစ်ရာခိုင်နှုန်းထိရှိ၏။ ထို့ကြောင့် 'မော်ဂန်စတန်လီ'၊ 'အမေရိကအွန်လိုင်း'၊ 'ဂျေပီမော်ဂန်'၊ 'ဂိုက်စ်မင်း'၊ 'ဆာ့ချ်'၊ 'ယူနိယံပိစိဖိတ်ရထားလမ်း'၊ 'နော်ဝစ်ယူနီယ'၊ 'ယာဟူးဒါ'နှင့် 'ယူဘီအက်စ်' စသည်တို့သည်လည်း 'အိုင်ဘီအမ်'တွင် ခြေရာနင်းကာ အိန္ဒိယတွင်ပင် လုပ်ငန်းခွဲများ အကြီးအကျယ် ရင်းနှီးမြှုပ်နှံကြ၏။ ထိုကုမ္ပဏီများတွင် အိန္ဒိယကျွမ်းကျင်သူနှင့် ဝန်ထမ်းအများစုက သက်သာသောလစာဖြင့် လုပ်ဆောင်ကြ၏။ ဤသို့ဖြင့် အမေရိကန် တစ်သန်းခန့်သည် နှစ်ပတ်လျှင်တစ်ခါ အလုပ်လက်မဲ့ ဖြစ်ကြရ၏။

အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များကမူ အမေရိကန်များအနေနှင့် အလုပ်သမားတွေ အိန္ဒိယသို့ ဒလဟောလာရောက်နေကြခြင်းကို စိုးရိမ်စရာမလိုကြောင်း ပြောကြ၏။ အမေရိကန်များအနေနှင့် အသက်မွေးဝမ်းကျောင်း အခြားအလုပ်များလုပ်နိုင်စရာ အခွင့်အရေးများရှိနေကြောင်း ပြော၏။

အိန္ဒိယ၏ ဆော့ဖ်ဝဲနှင့် ဝန်ဆောင်မှုလုပ်ငန်းတွေ ဒုတိယ ဥက္ကဋ္ဌ 'ဆူနီမေတာ'ကလည်း 'လွတ်လပ်တဲ့ကုန်သွယ်မှု ကမ္ဘာတစ်ဝှန်းလုံး ပျံ့နှံ့

နေတဲ့အချိန်မှာ အလုပ်သမားတွေဟာ ကမ္ဘာရဲ့ ဘယ်နေရာမဆို သွားလာလုပ်ကိုင်ခွင့်ရှိပါတယ်။ ဒါက ပူစရာကိစ္စမဟုတ်ပါဘူး'ဟု ပြောသည်။

အိန္ဒိယကား တိုးတက်ဖွံ့ဖြိုးလာသည်မှာ မငြင်းသာသော်လည်း ဆင်းရဲချမ်းသာကွာဟမှုကား ကြီးမားလှ၏။ ချမ်းသာသူများကလည်း ဝတ်စုံအရောင်နှင့် လိုက်ဖက်သော ရိုးလ်စ်ရွိုက်စ်ကားမျိုး ထည့်လဲစီးနေကြ၏။ ဆာရီအပြာဆိုလျှင် ရိုးလ်စ်ရွိုက်စ်ကား၊ မားစီးဒီးကားအပြာ၊ ဆာရီအနီဆိုလျှင် ဖိမ်ခံကားအကောင်းစားအနီ စသဖြင့်။ အချို့အိမ်ကြီးတွေဆိုလျှင် ကြီးမားလွန်းသဖြင့် တစ်ဆောင်နှင့် တစ်ဆောင် အိမ်တွင်းပြေးရထားနှင့်ပင် သွားရသည် ရှိ၏။ ထို့အတူ အိမ်ခြေယာခြေမဲ့ ဆင်းရဲသားလည်း သန်းရာနှင့်ချီပြီး ရှိနေ၏။ မွေးသည်မှစ၍ သေသည်အထိ လမ်းဘေးနေ၊ လမ်းဘေးစား အိမ်ခြေယာခြေမဲ့တွေ အများကြီး။ လမ်းပေါ်မှာလည်း တောင်းရမ်းစားသောက်နေသူတွေ ရှောင်၍ မလွတ်။ ကလေးပြည့်တန်ဆာ၊ ကလေးသူတောင်းစား အများဆုံးကလည်း အိန္ဒိယပြည်ပင် ဖြစ်၏။ ဟိန္ဒူမွတ်စလင်ပဋိပက္ခ၊ ဘာသာရေးအစွန်းရောက်တို့၏ အကြမ်းဖက်မှုများ၊ စိတ်မြင့်စိတ်နိမ့်ခွဲခြားမှုတွေလည်း ယခုတိုင်ရှိနေဆဲ။

❖❖❖

'လူပင်'အမည်ရှိ ဘိုင်အိုတက်ကုမ္ပဏီသည် မွမ်ဘိုင်းမြို့အရှေ့ဘက်ကားမောင်းသွားလျှင် သုံးနာရီခန့်အကွာတွင် ရှိ၏။ ဤမြို့တွင် စီးပွားရေးတော်လှန်ရေး၏ သက်ရောက်မှုကို အထင်အရှား တွေ့နိုင်သည်။ စက်ရုံအလုပ်ရုံများသို့သွားသော ဟိုင်းဝေးလမ်းမကြီးများပေါ်တွင်ပင် ဆိတ်အုပ်တွေ တက်ကျောင်းနေကြသူတွေရှိ၏။ မြို့ပြင်နားတွင် ရွှံ့တဲတွေ၊ သက်ကယ်မိုးအိမ်တွေ ရှိနေဆဲ။ ထို့အတူ ဂျူတီကုတ်အဖြူရောင်ဝတ် သိပ္ပံပညာရှင်များစွာကလည်း စက်ရုံအသီးသီးတွင် ဓေတ်မီဆေးဝါးများကို တီထွင်ဖော်ထုတ်နေကြ၏။ အိန္ဒိယက ခေတ်မီအစွမ်းထက် ဆေးဝါးများစွာကို တီထွင်ထုတ်လုပ်ရာတွင် ကမ္ဘာ့ရှေ့ဆောင်နိုင်ငံဖြစ်နေပြီး အိန္ဒိယရှိ ဆေးဝါးစက်ရုံကြီး ၇၅၃ ရုံသည် အမေရိကပြီးလျှင် ကမ္ဘာ့အကြီးဆုံးစက်ရုံကြီးတွေ ဖြစ်၏။ အိန္ဒိယတွင် ကောင်းစွာ လေ့ကျင့်သင်ကြားပေးထားသော ဆေးဝါးပါရဂူများ

စွာ ရှိ၏။ ကမ္ဘာ့ထိပ်တန်းနိုင်ငံ အသီးသီး၏ ဆေးရုံများတွင်လည်း ပါရဂူအတော်များများက အိန္ဒိယလူမျိုးများသာ ဖြစ်၏။ သူတို့၏ လစာများက ကမ္ဘာ့အမြင့်ဆုံးလစာတွေ ဖြစ်၏။

ဆေးဝါးစက်ရုံများသာမက မော်တော်ဆိုင်ကယ်နှင့် ကားစက်ရုံတွေလည်း အိန္ဒိယနိုင်ငံအနှံ့တွင် မှိုလိုပေါက်နေ၏။ တစ်နှစ်ထက် တစ်နှစ် ထုတ်လုပ်မှုအရေအတွက်က ကြောက်ခမန်းလိလိ တိုးပွားနေသည်။ ၁၉၉၁ တွင် တစ်နှစ်ကို ကားအစင်းရေ နှစ်သိန်းမှ ၂၀၀၇ ခုနှစ်တွင် ၁.၅ သန်း၊ ၂၀၁၇ ခုနှစ်တွင် ဆယ်သန်းထိ တိုးလာ၏။ စက်ရုံ အလုပ်ရုံများ၏ ကုန် ထုတ်လုပ်မှု များပြားလာသည်နှင့်အမျှ အလုပ်အကိုင်တွေလည်း များလာ၏။ တက္ကသိုလ်ဘွဲ့ရတစ်ဦးအဖို့ အလုပ်သာမရွေးလျှင် အလုပ်တစ်ခုခုရနိုင်၏။ သို့တစေ လူဦးရေများလွန်းလှသော နိုင်ငံဖြစ်သဖြင့် အလုပ်လက်မဲ့နှုန်းကတော့ မြင့်မားဆဲ။

သက္ကရာဇ် ၂၀၀၀ ပြည့်တုန်းက အမေရိကန်ပြည်မှ 'ခရိုင်စလာ' မော်တော်ကား သူဌေးကြီး 'ဂျိမ်းစ်ပီအိုက်ဒင်'သည် အိန္ဒိယပြည်အနှံ့ သူ့အတွက် မော်တော်ကားစက်ရုံနေရာ လိုက်ရှာ၏။ မော်တော်ကားဈေးကွက် စနည်းနာ၏။ သူ အမေရိကန်ပြည် ပြန်ရောက်တော့ ကြေညာချက်တစ်ခု ထုတ်သည်။

"ခင်ဗျားတို့ နိုင်ငံမှာ လမ်းကောင်းအောင်ဖောက်ပြီးတဲ့ အချိန်ကျရင် ကျုပ်ဆီကို ဖုန်းဆက်လိုက်။ အဲဒီအခါကျမှ ကားလာရောင်းမယ်"ဟု ခပ်တင်တင်စီးစီး စကားကို ပြောခဲ့၏။ 'မွမ်ဘိုင်း' မြို့တွင် ကားလမ်းက ကျဉ်း၏။ ကြပ်၏။ ထိုကြားထဲ နွားတွေကို ရှောင်မောင်းနေရသဖြင့် ခရီးမတွင်။ အိန္ဒိယတွင် လျှပ်စစ်ဓာတ်အားကလည်း မလုံလောက်သေး။ အချို့စက်ရုံတွေမှာ မီးမကြာခဏ ပြတ်သဖြင့် မီးစက်တွေ အသင့်ပြင်ထားရ၏။ လေဆိပ်၊ သင်္ဘောဆိပ်တွေကလည်း ညစ်ညစ်ပတ်ပတ်။ သို့သော် ထိုအခြေအနေတွေက ၂၀၁၀ တွင် အတော် ပြောင်းလဲသွား၏။ 'ခရိုင်စလာ'သူဌေး နောက်ဆယ်နှစ်အကြာတွင် ရောက်လာတော့ သူ့ကုမ္ပဏီထုတ်ကားတွေထက် ပိုကောင်း၊ ပိုဈေးကြီးသော ကားတွေကို လူတွေစီးနေကြတာတွေ့၍ သူယခင်ကပြောခဲ့သောစကားကို ပြန်ရုတ်သိမ်းလိုက်ရ၏။

❖❖❖

နိုင်ငံခြားကုမ္ပဏီများက အိန္ဒိယတွင် စီးပွားရေးလုပ်ရတာကို တရုတ်ပြည်ထက် ပို၍ သဘောကျကြ၏။

အဆင့်မြင့်နည်းပညာများထွက်ရာ 'ဘန်ဂလိုမြို့'မှ မိုင် ၁၄၀၀ အကွာတွင် 'မိုဟန်လီ'ဆိုသော အနောက်မြောက်ဘက် အိန္ဒိယမြို့လေး ရှိ၏။ ထိုမြို့တွင် 'ဖီလစ်'ကုမ္ပဏီက လျှပ်စစ်ဘတ်သီးထုတ်စက်ရုံ တည်ထား၏။ စက်ရုံ၏အဆုံးတစ်နေရာတွင် သဲနှင့် ဆိုဒါပြားကို ၂၇၃၂ ဒီဂရီထိ အပူပေးထားသော နေရာရှိ၏။ ထိုဒြပ်နှောက သုံးပေအထိ နက်၏။ အရောင်မဲ့ ဖန်အရည်တွေက စက်ရုံထဲသို့ စီးဝင်၏။ ထိုကြည်လင်သော အရည်တွေကို လျှပ်စစ်ဘတ်သီးပုံလောင်းရာတွင် သုံး၏။ ထိုထုတ်လုပ်ပြီး ဘတ်သီးများကို ပညာရှင်တွေက အရည်အသွေးအဆင့် မီမမီ စစ်ရ၏။ ဤအိန္ဒိယမီးသီးစက်ရုံသည် တရုတ်ပြည်ရှိ မီးသီးစက်ရုံနှင့် တော်တော်ဆင်၏။ တရုတ်ပြည်က စက်ရုံအလုပ်သမားတွေက ဖီလစ်ကုမ္ပဏီက ထုတ်ပေးသော အပြာရောင် တူညီဝတ်စုံများဝတ်ကြရ၏။ အိန္ဒိယမှာတော့ ကြိုက်တဲ့ ဝတ်စုံ ဝတ်ခွင့်ရှိ၏။ ဤစက်ရုံမှ ထုတ်သော မီးသီးများက အိန္ဒိယတစ်ပြည်လုံးတွင် ၄၀ ရာခိုင်နှုန်းအသုံးပြုသော မီးသီးများကို ထုတ်လုပ်ပေး၏။

၁၉၉၃ မှစ၍ ကမ္ဘာတစ်ဝန်းလုံးမှ ဖီလစ်မီးသီးလုပ်ငန်းကို ထိန်းချုပ်ရာ နိုင်ငံက အိန္ဒိယဖြစ်လာ၏။ 'ဘန်ဂလိုမြို့'တွင် 'ဖီလစ်'၏ ဆော့ဖ်ဝဲဖွံ့ဖြိုးမှုဌာနချုပ်ပင် ဖွင့်လှစ်ကာ အိန္ဒိယနိုင်ငံ၏ ကော်လာဖြူလုပ်သားများစွာက ကြီးကြပ် လုပ်ဆောင်ပေးကြ၏။ ယခုအခါ 'ဘန်ဂလို'တွင် ဖီလစ်ကုမ္ပဏီ၌ လုပ်သားပေါင်း ၇၀၀၀ ကျော် ရှိနေပြီ။ သူတို့က ကွန်ပျူတာပရိုဂရမ်မျိုးစုံရေးကြ၏။ ရုပ်မြင်သံကြားစက်နှင့် ဒီဗီဒီမှအစ လက်ကိုင်ဖုန်းတွေအထိ ထုတ်လုပ်၏။ လစာကတော့ အမေရိကန်နိုင်ငံ စီလီကွန်တောင်ကြားက ပညာရှင်တွေလစာ၏ လေးပုံတစ်ပုံသာ ရ၏။ ကမ္ဘာအရပ်ရပ်ရှိ ဖီးလစ်ရောင်းကုန်ပမာဏ၏ ၂၀ ရာခိုင်နှုန်းကို အိန္ဒိယစက်ရုံက ထုတ်လုပ်သား၏။ ဖီလစ်ကုမ္ပဏီ၏ တရုတ်နှင့် အိန္ဒိယ လုပ်သားပေါင်းက ယခုငါးသောင်းကျော် ရှိ၏။

"တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံပေါင်းရင် ကြီးမားတဲ့လုပ်အားစွမ်းပကားရမယ်"ဟု 'တာတာကုမ္ပဏီ'ပိုင်ရှင် 'ရာတန်တာတာ'က ပြော၏။ အိန္ဒိယမှ

သူ့စက်ရုံခွဲကို တရုတ်ပြည် 'ဟန်ကျို့'မြို့တွင် တရုတ်အလုပ်သမား တစ်ထောင်ကျော်ဖြင့် ဖွင့်လှစ်ထား၏။

"တရုတ်ပြည်မှာက အိန္ဒိယသာမက ကိုရီးယား၊ ဂျပန်၊ စင်္ကာပူ စက်ရုံတွေလည်း အများကြီးပဲ။ တရုတ်က ကမ္ဘာ့စက်ရုံနိုင်ငံ ဖြစ်သွားပြီ။ အိန္ဒိယကတော့ ကမ္ဘာ့အသိပညာနိုင်ငံ ဖြစ်လာတော့မှာ သေချာတယ်"ဟု 'မစ္စတာ တာတာ'က ပြော၏။

"ကျွန်တော်တို့ နှစ်နိုင်ငံပေါင်းလိုက်ရင်တော့ ကမ္ဘာမှာ ထိပ်ဆုံးဆင့်ဖြစ်လာမှာပဲ"ဟုလည်း ဟောကိန်းထုတ်၏။

❖❖❖

အမှန်တကယ်လည်း တရုတ်အစိုးရက ကမ္ဘာ့စက်ရုံနိုင်ငံဖြစ်အောင် စီမံချက်သေသေချာချာချ လုပ်ကိုင်နေသကဲ့သို့ အိန္ဒိယကလည်း နိုင်ငံခြားကုမ္ပဏီများ၏ ကော်လာဖြူအလုပ်ကို လုပ်ဆောင်နိုင်မည့် ဇရာမဆွဲအားရှိသော သံလိုက်တုံးကြီး ဖြစ်လာနေပါပြီ။ နှစ်နိုင်ငံလုံးက ဆန့်ကျင်ဘက်ချဉ်းကပ်မှုများဖြင့် လုပ်ဆောင်နေကြ၏။ သို့သော် သူတို့၏ ရည်ရွယ်ချက်ကတော့ တစ်ခုတည်း။ ကမ္ဘာပေါ်တွင် အလျင်အမြန် ကြီးထွားလာမည့် စီးပွားရေးဦးဆောင်နိုင်ငံကြီးများ ဖြစ်ရေး။

သူတို့နှစ်နိုင်ငံသည် ယခုအခါ အမေရိကန်နှင့် ဂျပန်ထက် သုံးဆပိုမြန်ဆန်စွာ တိုးတက်နေ၏။ ဥရောပကတော့ အိန္ဒိယ၌ တရုတ်ကို လုံး၀လိုက်မမီတော့။ မကြာမီကာလအတွင်း အိန္ဒိယနှင့် တရုတ်သည် ကမ္ဘာ့စီးပွားရေးဦးဆောင်နိုင်ငံများ ဖြစ်လာမည်ကား မြေကြီးလက်ခတ်မလွဲတော့။

တရုတ်ပြည်တွင် ကမ္ဘာ့အကြီးဆုံးကုမ္ပဏီများထဲမှ တချို့ကို ကွန်မြူနစ်ပါတီက ချုပ်ကိုင်ထားသည်။ တရုတ် ကွန်မြူနစ်ပါတီသည် ယခုအခါ အရင်းရှင်ဝါဒ၏ အကောင်းဆုံးမိတ်ဆွေသစ်ပင် ဖြစ်နေပြီ။ 'ဂျီသီး' ကုမ္ပဏီက နောက်ထပ် ဆယ်နှစ်ဆိုလျှင် သူ့ကုမ္ပဏီ၏ အဓိကဝင်ငွေ ၆၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှပင် ဖြစ်မည်ဟု ပြောသည်။ အဓိကဈေးကွက်မှာ အိန္ဒိယနှင့် တရုတ်ဖြစ်၏။ 'အင်တဲလ်'ကုမ္ပဏီဥက္ကဋ္ဌ 'ခရေ့ဂ် ဘားရက်'က လုပ်ခဈေးသက်သာသော ကော်လာဖြူအလုပ်သမားများကို

အိန္ဒိယနှင့် တရုတ်နိုင်ငံများမှ ငှားရမ်း၍ အကျိုးရှိသကဲ့သို့ ထိုနိုင်ငံတွင် 'ဆီမီးကွန်ဒပ်ကာ' အရောင်းကလည်း ပိုများမည်ဟု ပြော၏။ အဘယ် ကြောင့်ဆိုသော 'အင်တဲလ်'၏ တစ်နှစ်တာအရောင်းသည် အမေရိကတွင် ရပ်တန့်နေသော်လည်း အိန္ဒိယတွင် ရောင်းအားက ၃၀ ရာခိုင်နှုန်းထိ တိုး လာနေ၏။ ယခုအခါ အိန္ဒိယနိုင်ငံသားများသည် ကိုယ်ပိုင်သုံးကွန်ပျူတာ တစ်လုံးကို တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၁.၄၅ ဖြင့် အရစ်ကျဝယ်နိုင် ကြပြီဖြစ်ရာ ကွန်ပျူတာအလုံးပေါင်း နှစ်စဉ် သန်းချီရောင်းနေရ၏။ ယခု အခါ တရုတ်နှင့် အိန္ဒိယမှ လုပ်သားများကို ငှားရမ်းသုံးစွဲနေသည့်အပြင် ထုတ်ကုန်ပစ္စည်းတွေကို ထိုနှစ်နိုင်ငံသို့ အများအပြား ပြန်လည်ရောင်းချ နေကြ၏။ သို့ဖြင့် အနောက်နိုင်ငံကုမ္ပဏီများက ကမ္ဘာ့စီးပွားရေး၏ မျက်နှာ စာကို ပြောင်းခဲ့ကြ၏။ ထို့ကြောင့် အရှေ့နှင့် အနောက်က တန်းတူဖြစ်လာ သည်။

၀

## (၅)

# အိန္ဒိယယဉ်ကျေးမှုတော်လှန်ရေး

၁၉၉၁ ခုနှစ် ဆောင်းဦးပေါက်ရာသီတွင် 'စတာဝမ်ကာဒီပူရ်ကာ' သည် 'ပူနေး'မြို့တွင်' ကောလိပ်စတက်၏။ 'ပူနေး'သည် ဘုံဘေနှင့် သိပ်မဝေး။ ထိုနှစ်မတိုင်မီက ဘွဲ့ရ ၆၀ ရာခိုင်နှုန်းသည် အလုပ်ရခဲ့ကြ၏။ သို့သော် သူဘွဲ့ရသော ၁၉၉၅ ခုနှစ်တွင် အိန္ဒိယစီးပွားရေးက ပို၍ ကောင်းလာခဲ့ရာ 'ကာဒီပူရ်ကာ'နှင့် တစ်ချိန်တည်း ဘွဲ့ရသူအားလုံးအတွက် အနာဂတ်က ပန်းခင်းလမ်းလို ဖြစ်ခဲ့၏။ ထို့ကြောင့် ဘွဲ့ရအလုပ်လက်မဲ့ ဖြစ်မှာ မည်သူမှမပူကြ။ 'မစ္စတာကာဒီပူရ်ကာ'သည် ဘုံဘေမြို့ရှိ 'ဆီးမင်း' ကုမ္ပဏီတွင် အီလက်ထရွန်နစ် အင်ဂျင်နီယာအလုပ်ရ၏။ လခက တစ်နှစ်ကို ဒေါ်လာ ၁၅၀၀။ ထိုစဉ်က အဆိုပါလစာမှာ တကယ့် မက်မောစရာကြီး ဖြစ်၏။ ၁၉၉၁ ခုနှစ်နောက်ပိုင်း ဘွဲ့ရသည့် အိန္ဒိယနည်းပညာလုပ်သားများ အတွက် အချိန်ကောင်းတစ်ခုမှာ အစပင်ရှိသေး၏။ 'ကာဒီပူရ်ကာ'ဘွဲ့ရပြီး နှစ်နှစ်အကြာတွင် 'ဘန်ဂလိုမြို့'ရှိ 'အင်ဖိုဆီး(စ်)'ကုမ္ပဏီတွင် သွားလုပ်ရာ တစ်နှစ်ကို ဒေါ်လာ ၅၀၀၀ ရခဲ့၏။ သူ့မိဘများနှင့် သူ့ဆရာများ လခနှစ်ခု ပေါင်းထက် သူ့လခက ပိုများသည်။ ထို့ကြောင့် အသက် ၂၅ နှစ်တွင် သူ အိမ်ဝယ်နိုင်၏။ ၂၉ နှစ်တွင် 'ဟွန်ဒိုင်း'ကားသစ် ဝယ်နိုင်၏။

''ကျွန်တော့်မိဘတွေ ခေတ်တုန်းကဆိုရင် အသက်လေးဆယ်ကျော်မှ အိမ်ဝယ်နိုင်၊ နောက်မှ ကားဝယ်နိုင်ကြတယ်။ ကျွန်တော် ကောလိပ်တက်တုန်းက ဘွဲ့ရရင် ဒီလောက်လခတွေ များများရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ဖူးဘူး''ဟု သူက ပြောသည်။

မကြာခင်မှာပင် သူ့လခက တစ်နှစ်ကို ဒေါ်လာ ၂၀၀၀၀၊ ထို့နောက် ၄၀၀၀၀ ထိ ရလာ၏။ သူ့နောက်မှ အလုပ်ဝင်လာသည့် ဘွဲ့ရများလည်း လခကောင်းကြ၏။

မကြာခင် 'မစ္စတာကာဒီပူရ်ကာ'သည် အမေရိကတွင် သွားအလုပ်လုပ်ရာ တစ်နှစ်ကို ဒေါ်လာ ၁၂၀,၀၀၀ ရ၏။

အိန္ဒိယနိုင်ငံ၏ လမ်းပေါ်တွင် မော်တော်ဆိုင်ကယ်သစ်တွေ တဝီဝီနှင့်။ လူများစွာ၏ လက်တွင် လက်ကိုင်ဖုန်းတွေနှင့် ပညာတတ်အိန္ဒိယလူငယ်များအားလုံး လခကောင်းကောင်း ခံစားနေကြရ၏။ သူတို့အစ်ကိုတွေ၊ အစ်မတွေလို ရှန်းကန်ရမည့် ကာလမဟုတ်တော့။ အိန္ဒိယက ချမ်းသာကြွယ်ဝသော နိုင်ငံ၊ အကန့်အသတ်မဲ့ အခွင့်အရေးရှိသော နိုင်ငံအဖြစ် တိုးတက်ပြောင်းလဲခဲ့ချေပြီ။ အိန္ဒိယဘွဲ့ရလူငယ်တို့က အမေရိကန်ဘွဲ့ရလူငယ်များနည်းတူ အဆင့်အတန်းမြင့်မြင့် နေနိုင်၊ စားနိုင်၊ သောက်နိုင်၊ သုံးနိုင်ကြ၏။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့စီးပွားရေးလောကထဲသို့ ဝင်လာပြီဖြစ်ရာ အိန္ဒိယလူငယ်များ ဝတ်တာ၊ စားတာ၊ မင်္ဂလာဆောင်တာကအစ အမေရိကန်ရုပ်ရှင်တွေထဲကအတိုင်း ဖြစ်လာကြ၏။ နိုင်ငံခြားမှ ဇိမ်ခံအဝတ်အထည်၊ အသုံးအဆောင်များကို ကြော်ငြာလျှင် ချက်ချင်းဝယ်ယူသုံးစွဲနိုင်လာကြ၏။

၁၉၉၁ နောက်ပိုင်း အိန္ဒိယလူငယ်မျိုးဆက်တို့ကား ကံကောင်းလှ၏။ သူပိုရသည့်လခမှာ အမေရိကန်၏ ဆယ်ပုံတစ်ပုံသာရှိမည်။ သို့သော် အိန္ဒိယလူနေမှုအဆင့်အတန်းတွင်ကား အဆင့်မီနေနိုင်ကြ၏။ 'ဘန်ဂလို'နှင့် 'မွမ်ဆိုင်း'မှ လခများကား ဆီလီကွန်တောင်ကြား သို့မဟုတ် မင်ဟက်တန်ထက် ပို၍များ၏။

ဥပမာ 'မစ္စတာကာဒီပူရ်ကာ'သည် 'ဘန်ဂလို'တွင် လစာ တစ်နှစ် ၄၀,၀၀၀ ရသော်လည်း သူ့ရာထူးနှင့် ကာလီဖိုးနီးယားတွင် သွားလုပ်သည့်အခါ ဒေါ်လာ ၁၂၀,၀၀၀ ရ၏။ 'ဘန်ဂလို'တွင် အိပ်ခန်းသုံးခန်းပါ တိုက်ခန်း၊ ရေကူးကန်နှင့် ကလေးကစားကွင်းပါလျှင် တစ်လဒေါ်လာ ၅၀၀ နှင့် ငှားနေနိုင်၏။ အလယ်အလတ်တန်းစား အိန္ဒိယမိသားစုက အိမ်ဖော်တွေ၊ ထမင်းချက်တွေ ငှားထားနိုင်၏။ သူတို့ကို တစ်လ ၅၇

ဒေါ်လာသာ ပေးရ၏။ ၎င်းတို့သည် အမေရိကတွင် လုပ်ပါက တစ်နေ့စာ လုပ်ခ ၅၅ ဒေါ်လာရကြမည်။ ကားရှိသူက ယာဉ်မောင်းကို ငှားနိုင်၏။ ယာဉ်မောင်းလခက တစ်လ ၁၂၅ ဒေါ်လာ ပေးထား၏။

❖❖❖

'ဘန်ဂလို'မြို့ရှိ 'အင်ဖိုဆီး(စ်)'ဌာနချုပ်သို့ သွားရောက်ကြည့်ရှုခြင်းသည် တိုးတက်ဖွံ့ဖြိုးလာသော အိန္ဒိယကို ကြည့်သည်သာမက တစ်ကမ္ဘာလုံး၏ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ကြည့်ရှုသည်နှင့်ပါတူ၏။ ဌာနချုပ်၏ ဂိတ်ဝများအပြင်ဘက်တွင်ကား ဖိနပ်မပါသော ကလေးငယ်များသည် ဆူညံ၊ ရှုပ်ထွေးကြပ်ညပ်သော လမ်းပေါ်မှ ကျောင်းသို့ သွားနေကြ၏။ သို့သော် အစောင့်အကြပ်များချထားသော ဂိတ်များ၏ အတွင်းတွင်ကား အမေရိကန် ကောလိပ်ပရဝုဏ်ကဲ့သို့ ခန့်ညားသားနားလှ၏။ ခြံဝင်းကြီးရှိ၏။ ညီညာစွာ ဖြတ်တောက်ထားသော စိမ်းလန်းသည့် မြက်ခင်းများတွင် 'အင်ဖိုဆီး(စ်)'၏ ရုံးအဆောက်အဦများ အစီအရီရှိ၏။ ရုံးဘေးတွင် ဘတ်စကတ်ဘောကွင်း၊ ဘော်လီဘောကွင်းတွေ ရှိ၏။ ကားရပ်ရန် နေရာအကျယ်ကြီးဘေးတွင် ကြီးမားသော စားသောက်ဆိုင်ကြီး ရှိ၏။ ၁၉၉၄ တုန်းက ဤရုံးသို့ လာသူများက ဘတ်စ်ကားဖြင့်၊ မော်တော်ဆိုင်ကယ်ဖြင့် လာကြ၏။ ယခုတော့ လူတိုင်းလိုလို ကိုယ်ပိုင်ကားကိုယ်စီ။ ပညာရှင်အလုပ်သမားတွေက လခကောင်းလှ၏။ 'ဗစ်စဝပ်ဂျိမ်း'ဆိုလျှင် အသက် ၂၈ နှစ်အရွယ် စက်မှုအင်ဂျင်နီယာနှင့် အမ်ဘီအေဘွဲ့ရဖြစ်၏။ သူ့လခက တစ်နှစ်ကို ဒေါ်လာ ၁၄,၀၀၀။

'အင်ဖိုဆီး(စ်)'တွင် အလုပ်ဝင်ချင်သူများ၏။ တစ်နှစ်ကို လျှောက်ထားသူ ၁.၄ သန်း ရှိ၏။ 'အင်ဖိုဆီး(စ်)' အဆက်အသွယ်က ကမ္ဘာနှင့်အဝှန်းရှိ၏။ ၎င်း၏ ဖောက်သည်များထဲတွင် 'ပက်စီကုမ္ပဏီ'၊ 'အမေဇုံဒေါ့ကွန်း'၊ 'နော့ဒ်စထရွမ်'၊ 'အက်ပဲလ်'၊ 'စစ်စကို'၊ 'ရီဘော့'၊ 'မားစီးဒီး'၊ 'အဲဘတ်စ်'၊ 'တိုရှီဘာ'၊ 'ဘိုးရင်း'၊ 'မွန်ဆန်တို'၊ 'ပေါ့ရ်' စသဖြင့်။

''အိန္ဒိယကို မြွေအလမ္ဘယ်ဆရာအဆင့်ကနေ အဆင့်မြင့် အမှတ်

တံဆိပ်ကပ်နိုင်တဲ့ အိန္ဒိယအဖြစ်ပြောင်းဖို့ ကူညီခဲ့ကာ 'အင်ဖိုဆီး(စ်)'ပဲ'' ဟုပင် အဆိုရှိ၏။

ယခင်ကဆိုလျှင် ငွေကြေးတတ်နိုင်သော အိန္ဒိယမိသားစုက သူတို့သားသမီးတွေကို အနောက်နိုင်ငံသို့ ပို့လွှတ်ကာ ပညာသင်စေ၏။ ထို့နောက် အနောက်နိုင်ငံမှာပင် လစာကောင်းသော အလုပ်တွေ လုပ်စေ၏။ သို့ဖြင့် ထူးချွန်သော ပညာတတ် အိန္ဒိယလူမျိုးအများစုက နိုင်ငံပြင်ပတွင် အလုပ်လုပ်နေကြ၏။ ပညာတတ်အများစုက အမေရိက၊ အင်္ဂလန် စသော နိုင်ငံများသို့ သွားကြ၏။ ယခုတော့ တစ်မျိုးပြောင်းသွားပြီ။ ပညာတတ် ထူးချွန်သူများက အမိအိန္ဒိယသို့ ပြန်လာကြ၏။ 'ဘန်ဂလို'တစ်မြို့ထဲတွင်ပင် ဆယ်နှစ်အတွင်း နိုင်ငံခြားမှ ပြန်လာသူပေါင်း လေးသောင်းကျော်၊ ငါးသောင်းခန့်ရှိ၏။ သူတို့တတ်စွမ်းသော ပညာဖြင့် သူတို့နိုင်ငံကို ပြန်လည်အလုပ်အကျိုးပြုကြ၏။

အိန္ဒိယတွင် သန်းကြွယ်သူဌေးဦးရေကလည်း တစ်နေ့တခြား တိုးပွားသာ၏။ ၂၀၀၅ တွင် သန်းကြွယ်သူဌေး ၈၃,၀၀၀ ရှိရာမှ ယခုတော့နှစ်သိန်းကျော်ပင်ရှိနေပြီ။ အိန္ဒိယမိသားစုပေါင်း ၁.၂ သန်းသည် တစ်နှစ်ဝင်ငွေဒေါ်လာ တစ်သောင်းအထက် ဝင်၏။ (အမေရိကန်တွင် ဒေါ်လာ ၁၅,၀၀၀ ရှိ၏)။ ဝင်ငွေက တစ်နှစ်ကို ၂၀ ရာခိုင်နှုန်းတိုးလာ၏။ လူပေါင်းသန်း ၂၀၀ ၏ ဝင်ငွေက တစ်နှစ်ကို ဒေါ်လာ ၄,၀၀၀ မှ ၁၀,၀၀၀ ထိရှိ၏။ ထိုမှတစ်ဆင့် တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းတိုးလာရာ ၂၀၁၀ တွင် အမေရိကန်မိသားစုများ၏ ဝင်ငွေကို အမှီလိုက်လာနိုင်ကြ၏။ ခရီးသွားလာရာတွင် ယခင်လူများစုက ဘတ်စ်ကား၊ ရထား သုံးရာမှ ယခု လေယာဉ်ကို အများဆုံးသုံးနေကြ၏။

အိန္ဒိယဈေးကွက်ကို အနောက်နိုင်ငံများက အလွန်မျက်စေ့ကျနေကြ၏။ ဝင်ငွေကောင်းလာသော အိန္ဒိယနိုင်ငံသားများက အနောက်နိုင်ငံပစ္စည်းတွေကို အတော်ဝယ်လာနိုင်ကြ၍ ဖြစ်၏။ အိန္ဒိယလူလတ်တန်းစားတို့က အနောက်တိုင်းယဉ်ကျေးမှုကို အတုယူလာကြ၏။

ယခင်က အိမ်တွင်းပုန်းနေကြသော၊ ခင်ပွန်းသည်အတွက် ချက်ပြုတ်လျှော်ဖွတ်တာဝန်ကိုသာ ထမ်းဆောင်နေကြသော အိန္ဒိယအမျိုးသမီးတွေ

လည်း အဆင့်မြင့်ခေတ်မီပညာများ သင်ယူကာ ပြင်ပမှာ လစာကောင်းသော အလုပ်များ ဝင်လုပ်ကြ၏။ ရိုးရာဝတ်စုံ ဆာရီမှနေ၍ ဘောင်းဘီ၊ ဂါဝန်တွေ ဝတ်လာကြ၏။

လက်ထပ်ထိမ်းမြားသော အစဉ်အလာများပင် ပြောင်းကုန်၏။ လူ လတ်ပိုင်းအရွယ်ကျမှ အိမ်ထောင်ပြုကြ၏။

'မီရှားရှာမာ' ဆိုသော ဆော့ဖ်ဝဲအင်ဂျင်နီယာ အမျိုးသမီးတစ်ဦး အကြောင်း ပြောလိုသည်။ သူ့လက်ထပ်သောညက သူ၏ လက်ကိုင်ဖုန်းဖြင့် ရဲကိုအကြောင်းကြားကာ သူ့သတို့သားလောင်းကို ဖမ်းရန်ပြော၏။ အဘယ် ကြောင့်ဆိုသော် လက်ထပ်ပွဲအပြီး မိနစ်ပိုင်းအကြာတွင် အမျိုးသားမိသားစု က သူ့ထံမှ လက်ထပ်ရန်တင်တောင်းငွေ ဒေါ်လာ ၂၇,၀၀၀ နှင့် ကားသစ် တစ်စင်းကို သူမဖခင်ထံမှ လာတောင်း၏။ လက်ထပ်ရန် တင်တောင်းခြင်း နှင့်ပတ်သက်သော ဓလေ့ကို ၁၉၆၁ တွင် တရားဝင်ဖျက်သိမ်းပြီး ဖြစ်၏။ သို့သော် လက်ထပ်ပွဲအတော်များများတွင် လက်သိပ်ထိုးတင်တောင်းသည့် ဓလေ့တွေက ပုန်းလျှိုးကွယ်လျှိုး လုပ်နေကြ၏။ ထိုသို့ တိုင်လိုက်သဖြင့် 'မစ်ရှားမား' ၏ သတို့သား အဖမ်းခံရပြီး ထောင်ကျသွား၏။ ဤသို့ဖြင့် 'မစ်ရှားမား' သည် အသက် ၂၁ နှစ်တွင် နိုင်ငံကျော်ပုဂ္ဂိုလ် ဖြစ်သွား၏။ သူ့ကို အစိုးရပိုင်းမှ ထိပ်တန်းပုဂ္ဂိုလ်များက ချီးကျူးကြ၏။ သူ့ကို စံနမူနာ ယူရန် တိုက်တွန်းကြ၏။ သူ၏ ရဲဝံ့ပြတ်သားသော လုပ်ဆောင်မှုကို ကျောင်း သုံး စာအုပ်များတွင်ပါ ထည့်သွင်းဖော်ပြကြရ၏။

❖❖❖

၁၉၉၁ က စတင်ခဲ့သော အိန္ဒိယ၏ ပြုပြင်ပြောင်းလဲမှုသည် စီးပွား ရေးတိုးတက်မှုကို ဖြစ်ထွန်းစေကာ ဆယ်နှစ်အတွင်း ပျမ်းမျှအားဖြင့် တစ်ဦး ခြင်း ဝင်ငွေ နှစ်ဆတိုးခဲ့၏။ ထိုမှစ၍ အိန္ဒိယလူမျိုး သန်း ၁၀၀ ခန့်သည် ကုန်းကောက်စရာ ဘာမှမရှိသော အလွန်အမင်းဆင်းရဲခြင်းမှ နွမ်းပါးခြင်းသို့ ပြောင်းလာ၏။ 'ဘန်ဂလို'မြို့ရှိ အကြီးမားဆုံး ပျံကျရပ်ကွက်တွင်ပင် ပလတ်စတစ်အစမိုး သက်ကယ်တဲငယ်များ အခြေအနေမှ သွပ်မိုးအုတ်တိုက် အခြေအနေသို့ ပြောင်းလာ၏။ ၂၀၀၅ ခုနှစ်အထိ အိန္ဒိယပြည်သူ ၃၆

ရာခိုင်နှုန်းသည် တစ်နေ့ တစ်ဒေါ်လာအောက် ဝင်ငွေအခြေအနေတွင် ရှိနေဆဲ။ ၈၁ ရာခိုင်နှုန်းသည် တစ်နေ့ နှစ်ဒေါ်လာအောက် ဝင်ငွေရှိနေဆဲဟု 'အာရှဖွံ့ဖြိုးရေးဘဏ်' စာရင်းအရ သိရ၏။

၂၀၀၁ ခုနှစ်မှစ၍ အခမဲ့ မူလတန်းပညာရေး စတင်၏။ သို့သော် အိန္ဒိယကျောင်းသားဦးရေ၏ ၁၅ ရာခိုင်နှုန်းသာ အထက်တန်းကျောင်းရောက်ကာ ၇ ရာခိုင်နှုန်းသာ ဘွဲ့ရကြ၏။ အိန္ဒိယယောကျ်ားလေးဦးရေ၏ လေးပုံသုံးပုံသာ စာတတ်ကြ၏။ အိန္ဒိယအမျိုးသမီးတစ်ဝက်ကျော်ကာ ရေးတတ်ဖတ်တတ်အဆင့်သာ ရှိ၏။ တရုတ်ကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ကာ စေတ်မီစက်ရုံများတွင် အလုပ်လုပ်ကိုင်နိုင်ရန် အဆင်သင့်မဖြစ်ကြသေး။ ကျောင်းများရှိ အခန်းတိုင်းတွင် လူတွေ ပြွတ်သိပ်နေ၏။ ဆရာ၊ ဆရာမကား ရှား၏။ မိဘတိုင်းက သားသမီးတွေကို ကျောင်းမပို့နိုင်ကြ။ တစ်လ ၂၅ ဒေါ်လာပေးရသော ကျူရှင်ဆိုတာက လူနည်းစုသာ တတ်နိုင်၏။

အိန္ဒိယကား ပြဿနာများစွာ ရင်ဆိုင်နေရ၏။ မွေးကင်းစကလေးသေဆုံးမှုနှုန်းက မြင့်မား၏။ အမျိုးသမီးများ အကြမ်းဖက်မှုက တိုးပွားနေဆဲ။ ဇာတ်နိမ့်စိတ်မြင့်ခွဲခြားမှုကလည်း အရှိန်မသေး။ ဘာသာရေးပဋိပက္ခတွေကလည်း နေရာအနှံ့။ သားယောကျ်ားလေးမွေးလျှင် မင်္ဂလာရှိသည်ဟု ယုံကြည်ကြကာ သမီးမိန်းကလေးမွေးလျှင် လာဘ်တိတ်သည်ဟုယူဆကြ၏။ အမျိုးသမီးတို့အနေနှင့် လင်ကောင်းသားကောင်းရရန် ခင်ပွန်းလောင်းကို ဝယ်ယူရသော တင်တောင်းသည့်စနစ်က ရှိသေး၏။ ပဋိသန္ဓေတားခွင့်လည်း ရှိ၍ လူဦးရေတိုးပွားနှုန်းက ကြောက်ခမန်းလိလိ။ ကျေးလက်နေ မိန်းကလေးတစ်ဝက်လောက်သည် အသက် ၁၈ နှစ်မပြည့်မီ အိမ်ထောင်ပြုရ၏။ သူတို့မှာ ခင်ပွန်းသည်၏ မိသားစုတွင် လယ်သူမများ သို့မဟုတ် ကျေးကျွန်လုပ်ကြရ၏။ ၂၀၀၅ ခုနှစ် တစ်နှစ်ထဲတွင် တင်တောင်းမှုတွင် မကျေနပ်၍ သေသတ်မှု ၆၇၀၀ ဖြစ်ခဲ့၏။ ခင်ပွန်းသည် မိသားစုက တင်တောင်းငွေ ပေးနိုင်သော မိန်းကလေးတွေကို သတ်ခြင်းဖြစ်၏။ အများစုက ရေနံဆီလောင်း၍ မီးရှို့အသတ်ခံရ၏။ ထမင်းချက်ရင်း မတော်တဆ မီးလောင်သေသွားသည်ဟု ပြောကြ၏။ မုဆိုးမတွေကို မိသားစုက ဖယ်ကြဉ်ကြ၏။

အိန္ဒိယအမျိုးသမီး တစ်ဝက်လောက်က စာမတတ်၍ လစာကောင်းသော အလုပ် မလုပ်ကြရ။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်နှင့် တစ်ချိန်တည်းမှာပင် အိန္ဒိယတွင် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာ၏။ အိန္ဒိယတွင် လက်ကိုင်ဖုန်းဈေးကွက်က သန်း ၁၄၀ ထိ ရောင်းအားရှိလာသဖြင့် 'မော်တော်ရိုလာ'နှင့် 'နိုကီယာ'တို့က လက်ကိုင်ဖုန်းစက်ရုံများကို အိန္ဒိယတွင် လာတည်ထောင်၏။ 'ရောဘတ်ဘော့ချ်'ဆိုသာ ဂျာမန်မော်တော်ယာဉ်အစိတ်အပိုင်းစက်ရုံက ဒေါ်လာသန်း ၃၉၀ လာရောက် ရင်းနှီးမြှုပ်နှံ၏။ 'ဂျင်နရယ်မော်တော်'က အိန္ဒိယတွင် မော်တော်ကားစက်ရုံ လာတည်သည်။ အမေရိကနှင့် ဥရောပမှ အထည်အလိပ်စက်ရုံတွေ တည်ဆောက်၏။ အိန္ဒိယ၏ အထည်အလိပ်စက်ရုံတွေလည်း ချမ်းသာလာသည်။

အိန္ဒိယ၏ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်ကြီး 'မူကက်ရှ်အမ်ဘာနီ' က အိန္ဒိယစိုက်ပျိုးရေးလုပ်ငန်းကိုလည်း ရင်းနှီးငွေများစွာ ထည့်ဝင်ကာ ပြောင်းလဲပစ်ခဲ့၏။ လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် အလဟဿ ပုပ်သိုးပျက်စီးရသော သီးနှံများအတွက် လေအေးပေးစက် စက်ရုံကြီးများ၊ ရေခဲစက်ကြီးများဖြင့် ကြာရှည်ထိန်းသိမ်းနိုင်အောင် လုပ်ပေး၏။ မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ သိုလှောင်ဖြန့်ဖြူး၏။ ခေတ်မီဓာတ်မြေဩဇာတွေ သုံး၏။ ပိုးသတ်ဆေးတွေ သုံး၏။ ထို့နောက် လယ်ယာထွက်ကုန်ပစ္စည်း အရောင်းဆိုင် ၁၆၀၀ ကို နိုင်ငံအနှံ့ဖွင့်၏။ မျိုးစေ့၊ ဓာတ်မြေဩဇာ၊ လောင်စာဆီမှအစ စိုက်ပျိုးရေးအတွက် လိုအပ်သော ပစ္စည်းများကို အကြွေးစနစ်ဖြင့် ရောင်း၏။ 'တာတာ ဓာတုဗေဒပစ္စည်း' နှင့် 'တာတာ ဓာတ်မြေဩဇာ' စက်ရုံတို့မှလည်း ပံ့ပိုးကူညီ၏။ ဤသို့ဖြင့် လယ်ယာထွက်ကုန် နိုင်ငံခြားတင်ပို့ငွေက ဒေါ်လာ ၂၀ ဘီလျံထိ တိုးတက်လာ၏။

❖❖❖

ယခု လူဦးရေတိုးနှုန်းအတိုင်းဆိုလျှင် သက္ကရာဇ် ၂၀၃၀ တွင် အိန္ဒိယသည် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံဖြစ်လာမည်။ ၂၀၃၀ တွင် အိန္ဒိယသည် ဂျပန်ကိုကျော်ကာ အမေရိကနှင့် တရုတ်ပြီးလျှင် တတိယကမ္ဘာ့စီးပွားရေး

အတိုးတက်ဆုံးနိုင်ငံ ဖြစ်လာမည်။ ထို့ပြင် ၂၀၃၀ တွင် အိန္ဒိယသည် ကမ္ဘာပေါ်တွင် အကြီးဆုံးလုပ်အားစွမ်းပကားရှိသောနိုင်ငံ ဖြစ်လာမည်။ အဘယ်ကြောင့်ဆိုသော် လူဦးရေ၏ ၆၈ ရာခိုင်နှုန်းသည် အလုပ်လုပ်သော အရွယ်ရောက်နေ၍ ဖြစ်သည်။ ၂၀၃၀ တွင် အလုပ်လုပ်နိုင်သော လူဦးရေက ၉၈၆ သန်း ရှိမည်။

ယခုအချိန်တွင်ပင်လျှင် အသက် ၂၅ နှစ်အောက် လူငယ် ၁.၁ ဘီလျံ ရှိနေပြီ။ ၃၁ ရာခိုင်နှုန်းက ၁၆ နှစ်အောက်။ အသက် ၁၅ မှ ၆၀ အတွင်း လူဦးရေက ပိုမိုတိုးပွားနေ၏။ ၂၀၅၀ တွင် အိန္ဒိယလူဦးရေက ၁.၆ ဘီလျံ။ တရုတ်က ၁.၄ ဘီလျံ။ ထို့ကြောင့် အိန္ဒိယသည် တရုတ်ထက် အလုပ်သမား သန်း ၂၃၀ ပိုကာ အမေရိကထက် သန်း ၅၀၀ ပိုမည်။

အိန္ဒိယအနေနှင့် လုပ်သားအင်အားက ကမ္ဘာတွင် အားအကောင်းဆုံး ဖြစ်လေသည်။ ထိုပမာဏကို အပြည့်အဝ အလုပ်အကိုင် ပေးရေးကား ခေါင်းခဲစရာဖြစ်နေ၏။ အပြောင်းအလဲမလုပ်နိုင်လျှင် ဆင်းရဲမှုပြဿနာက ထိန်း၍ရမည်မဟုတ်။

"ထုတ်လုပ်ရေးလုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ လယ်ယာလုပ်ငန်းတွေ ဖန်တီးဖို့လိုတယ်"ဟု နိုင်ငံရေးသမားတွေက အကြံပြု၏။ အိန္ဒိယတွင် 'အိုင်တီ'က အလွန်ထွန်းကား၏။ သို့သော် အိုင်တီက လူသန်းအနည်းငယ်သာ အလုပ်ပေးနိုင်မည်။ အိန္ဒိယတွင် ပုဂ္ဂလိကကုမ္ပဏီတွေ များစွာ တိုးတက်ဖွံ့ဖြိုးလာစေရန် အစိုးရကလည်း လိုအပ်သည်များကို ထောက်ပံ့ပေးရန် လိုအပ်၏။ 'မစ္စတာမာသီ'၏ 'အင်ဖိုဆီး(စ်)'၊ 'မစ္စတာ အာဘန်နီ'၏ လယ်ယာထုတ်ကုန်လုပ်ငန်း၊ 'မစ္စတာ တာတာ'၏ 'တာတာ ခက်ရုံ'တို့ကမူ အစိုးရမလုပ်နိုင်သော အလုပ်များကို လုပ်ပေးနေကြ၏။ မည်သို့ဆိုစေ အိုင်တီပညာရှင်ပေါများသော၊ အင်္ဂလိပ်စကားပြောတတ်သူများပြားသော လုပ်သားစွမ်းပကား များပြားလှ၏။ အိန္ဒိယနိုင်ငံသည် ရေရှည်တွင် တရုတ်ကို ကျော်သွားနိုင်မည်ဟု တွက်ကိန်းထုတ်ထားကြ၏။

"ယုန်နဲ့ လိပ် အပြေးပြိုင်ပွဲပုံပြင်လိုပေါ့။ လောလောဆယ်တော့ တရုတ်ယုန်က ရှေ့ကပြေးနေတယ်။ အိန္ဒိယလိပ်ကတော့ ဖြည်းဖြည်းမှန်မှန်

ပဲ။ ပုံပြင်ထဲကအတိုင်းဆိုရင်တော့ လိပ်က နိုင်မှာပဲ။ ဒါပေမယ့် အပျင်းမထူတဲ့ယုန်ကိုတော့ လျှော့တွက်လို့မရဘူး''ဟု နိုင်ငံရေးသုတေသီများက ဝေဖန်သုံးသပ်ကြ၏။

○

## (၆)

# ညစာစားပွဲဖြင့်လုပ်သော တော်လှန်ရေး

အမေရိကတွင် 'အိုဖရာဝင်းဖရေး' ကျော်ကြားသကဲ့သို့ တရုတ်ပြည်တွင် 'ဟန်ဟွမ်' ကျော်ကြား၏။ သူက အမျိုးသမီးမဂ္ဂဇင်းများ ထုတ်ဝေသည်။ တရုတ်ပြည်၏ လူသိအများဆုံး ဘလော့ဂ်များထဲမှ တစ်ခုတွင် ဘရေးသည်။ အရောင်းရဆုံး ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ရေးသူလည်း ဖြစ်၏။ သူ့ကိုယ်တိုင် ရုပ်မြင်သံကြားအစီအစဉ်တစ်ခုတွင် ပင်တိုင်တင်ဆက်သူလည်း ဖြစ်၏။ သူက မျိုးဆက်တစ်ခုအတွင်း တရုတ်နိုင်ငံ မည်ကဲ့သို့ပြောင်းလဲခဲ့ပုံကို ရေးခဲ့၏။ သူက 'ပေကျင်း'တွင် ကြီးပြင်းကာ 'ဗာဆိုကောလိပ်'မှ တွေ့ရခဲ့ပြီးနောက် ဇာတိမြေကိုပြန်လာပြီး တရုတ်နိုင်ငံ၏ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်ကို အနီးကပ်လေ့လာခဲ့၏။ သူက ယခုအခါ တရုတ်မီဒီယာအဖွဲ့တစ်ခု၏ အမှုဆောင်အရာရှိချုပ် ဖြစ်၏။

တရုတ်ပြည်ကား အပြောင်းအလဲကြီး ပြောင်းလဲခဲ့ပြီ။ တစ်ချိန်က မော်စီတုံး၏ လူသိများသော သြဝါဒတစ်ခုရှိ၏။

"တော်လှန်ရေးဆိုတာ ညစာစားပွဲမဟုတ်"

ယခုတော့ တရုတ်ပြည်တွင် တရုတ်အက္ခရာ စာလုံးအနီရောင်ဖြင့် ရေးထားသော ဆိုင်းဘုတ်အချို့ တွေ့နေရပြီ။

"တော်လှန်ရေးဆိုတာ ညစာစားပွဲ"

ဤသည်မှာလည်း ယဉ်ကျေးမှုတော်လှန်ရေး ပုံစံတစ်မျိုးပင် ဖြစ်ချေသည်။

'မော်'၏ ယဉ်ကျေးမှုတော်လှန်ရေးကြောင့်ကား တိုင်းပြည်တစ်ခုလုံး ဂျုံးဂျုံးကျပျက်သုဉ်းခဲ့ရ၏။ ပညာတတ်ပိုင်းဆိုင်ရာ သိပ္ပံနှင့် အနုပညာဆိုင်ရာများ ပြိုကွဲခဲ့ရ၏။ တရုတ်ပြည်၏ ပညာရေးစနစ်တစ်ခုလုံး ချွတ်ခြုံကျသွားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စီးပွားရေးလည်း ပျက်ကုန်၏။ ၁၉၇၆ ခုနှစ်တွင် 'မော်'ကွန်လွန်သောအခါ နိုင်ငံတွင် ငွေကြေးတစ်ပြားမှ မရှိသော လယ်သမားများသာ ကျန်ရစ်၏။ ယခုတော့ သူ၏ ကွန်မြူနစ်ပါတီကပင်လျှင် တဖြည်းဖြည်း အပြောင်းအလဲများပြုရင်းနှင့် ကမ္ဘာ့စီးပွားရေးလောကထဲသို့ ဝင်လာ၏။ ဈေးကွက်စီးပွားရေး ပြောင်းလဲလုပ်ဆောင်ကာ စက်မှုဆိုင်ရာတော်လှန်ရေး လုပ်ခဲ့၏။ အကျိုးကား လစာဝင်ငွေတွေ တိုးပွားလာကာ နိုင်ငံတစ်ခုလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်လာ၏။ တရုတ်၏ ချဉ်းကပ်မှုအသစ်က လူပေါင်းသန်း ၁၀၀ ကျော်ကို ဆင်းရဲတွင်းမှ ကယ်တင်ခဲ့၏။ ပျမ်းမျှဝင်ငွေတို့သည် ဆယ်နှစ်အတွင်း သိသိသာသာ နှစ်ဆတိုးလာ၏။ ပြည်သူ သန်းရာနှင့်ချီပြီး ချမ်းသာလာ၏။ ခေတ်မီလာ၏။ ကမ္ဘာတစ်ဝန်းလုံးမှ ကုမ္ပဏီကြီးများ အားလုံးပင် တရုတ်ပြည်သို့ လာကြကာ ဖောက်သည် ဖောက်သည်သစ် တစ်ဘီလျံကို ကုန်ပစ္စည်းတွေ ရောင်းချကြ၏။ လစာနည်းသော လုပ်သားတွေကို ရှာဖွေကြ၏။ သူတို့၏ ကုမ္ပဏီများ တရုတ်ပြည်တွင် လာရောက် တည်ထောင်ကြသဖြင့် တရုတ်ပြည်သူ သန်းပေါင်းများစွာတို့၏ ဘဝများက မထင်မှတ်နိုင်လောက်အောင် ပြောင်းလဲခဲ့ရ၏။

'ရှန်ဟဲ' ရှိ 'ပူဒေါင်း'စက်မှုအထူးဇုန်တွင် နေ့စဉ် လူတွေ၊ ယာဉ်တွေ ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြ၏။ ထိုအထူးစက်မှုဇုန်တွင် 'ရီကော့'၊ 'အင်အီးစီ'၊ 'ဆီမင်း'၊ 'ရှပ်'နှင့် အခြားသော နိုင်ငံခြားကုမ္ပဏီများစွာရှိ၏။

အနီရောင်နှင့် အဝါရောင် 'ကိုဒတ်' ကင်မရာအမှတ်တံဆိပ်အောက်တွင် အသက် ၃၆ နှစ်အရွယ် 'ယီလု' အလုပ်လုပ်နေ၏။ သူ့ကဲ့သို့ပင် တရုတ်လုပ်သား နှစ်ထောင်ကျော်သည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၂၅ ဒေါ်လာဖြင့် ကင်မရာတွေ လုပ်ပေးကြ၏။ အဝါရောင်အပေါ်အင်္ကျီ၊ အဝါရောင် ဦးထုပ်ဖြင့် ယူနီဖောင်းဝတ်ကာလုပ်ကြ၏။ သူ့လစာက လွန်ခဲ့သော လေးနှစ်ကရသော လစာထက် နှစ်ဆပိုလာ၏။ သူနှင့် သူ့ခင်ပွန်း

ဘို့ ဤအလုပ်တွင် လုပ်ကြ၍ အိပ်ခန်းသုံးခန်းပါ၊ အပူအအေးစက်အစုံအလင် ဘပ်ထားသော အိမ်ခန်းကို ဝယ်နိုင်ကြ၏။ ရရှိသော လစာက လုံလောက် ရုံမက သူတို့အတွက် ပိုလျှံနေသဖြင့် အပိုစုဆောင်းငွေများပင် ရှိနေ၏။ သူတို့တွင် ၁၄ နှစ်အရွယ် သမီးတစ်ယောက်လည်းရှိကာ ယခု ကျောင်း ကောင်းကောင်းတွင် ပညာသင်နေနိုင်ပြီ။

"ကျွန်မတို့ဘဝကတော့ တစ်နေ့ထက် တစ်နေ့ ပိုမိုကောင်းလာတာ ပဲ" ဟု သူတို့က ပြော၏။

သူတို့စက်ရုံနှင့် သိပ်မဝေးသောနေရာတွင် 'ကိုဒတ်'၏ ရှန်ဟဲထုတ် ကုန် တိုးမြှင့်ရေးဌာန ရှိ၏။ ထိုဌာနမှ ကျွမ်းကျင်ပညာရှင်များကား ရှပ်ထွေး ပွေလီသော ဆော့ဖ်ဝဲများကို ကင်မရာအတွက် ကွန်ပျူတာသင်္ကေတ ရေးပေး ရ၏။ ထိုနေရာတွင် လုပ်ကိုင်သူများက တစ်နှစ်ကို ဒေါ်လာ ၁၂,၅၀၀ ခန့် စရ၏။ ထိုလစာမှာ အမေရိကန်တွင် လစာဒေါ်လာ ၄၀,၀၀၀ ရသည်နှင့် ဘူ၏။ ထိုဌာနတွင် အလုပ်လုပ်သော 'မစ္စတာမိုင်းမော်' ဆိုလျှင် ဖိမ်ခံ တိုက်ခန်း နှစ်ခန်းပင် ပိုင်၏။ ပထမတိုက်ခန်းကို ၁၉၉၉ တွင် ဝယ်ခဲ့၏။ သူ သူ့ဇနီးနှင့် ငါးနှစ်အရွယ်သမီးလေးတစ်ဦးတို့ နေထိုင်ကြ၏။ ငါးနှစ် အတွင်း သူဝယ်ခဲ့သော တိုက်ခန်းဈေးက နှစ်ဆတက်သွား၏။ ထို့ကြောင့် သူက အိပ်ခန်းသုံးခန်းပါ တိုက်ခန်း နောက်တစ်လုံး ထပ်ဝယ်၏။ သူ့ဇနီးက 'လုဖ်သန်ဆီး' ဂျာမန်ကုမ္ပဏီတွင် အလုပ်လုပ်၏။ သူတို့ ဇနီးမောင်နှံက တစ်လကို အနည်းဆုံးဒေါ်လာ ၆၀၀ စုမိ၏။ တစ်နှစ်ကို ဒေါ်လာ ၇၀၀၀ ကျော် စုမိကြ၏။ သူတို့၏ အနာဂတ်ကား ဝင်းလက်တောက်ပနေ၏။

'မစ္စတာမော်'၏ အမျိုးတွေက 'ချင်ဒူး'မြို့တွင် နေကြ၏။ သူ့ညီ ငမ်းကွဲက တစ်လလျှင် ၁၇ ဒေါ်လာသာရသော အလုပ် ဝင်လုပ်နေရ၏။ သို့သူ၏ မိခင်ကြီးကမူ အစိုးရဝန်ထမ်းအဖြစ် ၄၅ နှစ်လုပ်ပြီးမှ ယခုပင်စင် လစာ တစ်လကို ၂၈ ဒေါ်လာဖြင့် ခြစ်ခြစ်ကုပ်ကုပ်နေရ၏။ နာဖျားမကျန်း လျှင် ဆရာဝန်ထံသွားမပြရဲကြ။ ဆေးဖိုးဝါးခမတတ်နိုင်၍ တိုင်းရင်းဆေး များနှင့်ပင် ကြိတ်ကုကြရ၏။ 'မစ္စတာမော်'က သူ့မိဘတွေကို တစ်လလျှင် ၁၇၀ ဒေါ်လာထောက်ပံ့ရ၏။ သူနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးကမူ တောမှ သူ့မိဘတွေကို တစ်လ ၂၅၀ ဒေါ်လာ၊ သူ့ယောက္ခမကို ၁၂၅ ဒေါ်လာ ထောက်ပံ့ရ၏။

ဝင်ငွေနည်းပါးသော ကျေးလက်ဒေသများတွင် အလယ်တန်းဆင့် မပြီးဘဲ ကျောင်းထွက်သူ များပြားနေဆဲ။ တရုတ်ပြည်တွင် လူလေးဦးလျှင် တစ်ဦးသာ ကျန်းမာရေးထောက်ပံ့စရိတ်ရလေ၏။ လူဦးရေ၏ ၁၄ ရာခိုင်နှုန်းသာ အငြိမ်းစားလစာ ခံစားကြရ၏။ အစိုးရဝန်ထမ်းများ၏ လစာနှင့် ပုဂ္ဂလိကနိုင်ငံခြားကုမ္ပဏီများမှ ဝန်ထမ်းလစာက အဆမတန် ကွာခြားလွန်းလှ၏။

သို့သော် နိုင်ငံတစ်ခုလုံးနှင့် ခြုံကြည့်လျှင် တရုတ်တို့၏ သုံးစွဲမှုနှုန်းကား အလွန်မြင့်မားနေ၏။ ဆင်းရဲခြင်း အကျဉ်းထောင်မှ လွတ်လာသူများ ပီပီ၊ လွတ်လပ်စွာ သုံးစွဲကြ၏။ 'ကိုဒတ်' ကုမ္ပဏီမှ 'မစ္စတာမော်' နှင့် လုပ်ဖော်ကိုင်ဖက်များက တိုက်ခန်းသစ်များအပြင် ကားသစ်တွေ ဝယ်နိုင်ကြ၏။ အိမ်တွင် ရုပ်ရှင်ရုံသေးများ တပ်ဆင်ကြည့်ရှုကြ၏။ 'ဆိုနီ' လက်ပ်တော့ အကောင်းစားများ သုံးသည်။ အဝတ်လျှော်စက်တွေ သုံး၏။ အားလပ်ရက်တွင် နိုင်ငံခြားခရီး ထွက်ကြ၏။ ဒီဇိုင်းအသစ် အဝတ်အထည်တွေ ဝယ်တတ်၏။ တရုတ်အမျိုးသမီးများကလည်း အလှကုန်ကိုပင် ပြည်တွင်းဖြစ် မသုံးကြတော့။ 'အိုင်းအော့ဖ်အိုလေး' နှင့် 'ရှာဗွန်' မှနေ၍ 'ရှီဆိုင်ဒို' နှင့် 'လန်ကွန်း' တို့ကဲ့သို့ အဆင့်မြင့် အလှကုန်တွေကို တရုတ်အမျိုးသမီးတွေ ဝယ်သုံးကြ၏။ ပညာတတ် လူလတ်တန်းစား တရုတ်လူမျိုးတို့၏ ဝင်ငွေမှာ ကောင်းလှသဖြင့် နိုင်ငံခြားကုမ္ပဏီများက ဤလူလတ်တန်းစားနှင့် အထက်တန်းစား တရုတ်လူမျိုးများကို သူတို့၏ ဖောက်သည်များအဖြစ် ပစ်မှတ်ထားကြ၏။ ကမ္ဘာပေါ်တွင် တရုတ်ဈေးကွက်က နိုင်ငံခြားသားများအတွက် အထူးမက်လောက်စရာဈေးကွက် ဖြစ်လာ၏။

❖❖❖

လွန်ခဲ့သော နှစ် ၂၀ ကဆိုလျှင် တရုတ်ပြည်တွင် အားလုံးညီတူမျှတူ ဆင်းရဲကြ၏။ ယခုတော့ ဝင်ငွေတွေက တရှိန်ထိုး ကောင်းလာကြ၏။ တရုတ်ပြည်တွင် သန်းကြွယ်သူဌေးပေါင်း ၄၀၀,၀၀၀ နီးပါး ရှိလာပြီ။ တရုတ်ပြည်တွင် ကော်လာဖြူ အလုပ်ကြမ်းသမားများအပြင် ကော်လာပန်းရောင် အတွင်းရေးမှူးတွေ၊ လေယာဉ်မောင်မယ်တွေနှင့် အခြားဝန်ဆောင်မှု

လုပ်သား များစွာရှိ၏။ ထို့ပြင် ကော်လာဖြူ ပညာတတ်ဝန်ထမ်းများအပြင် လစာအလွန်ကောင်းသော ရွှေရောင်ကော်လာဝန်ထမ်းများလည်း ရှိ၏။

တရုတ်ပြည်တွင် ရွှေရောင်ကော်လာလုပ်သားတွေတော်တော်များများ သည် နိုင်ငံခြားကုမ္ပဏီများစွာတွင် လစာကောင်းကောင်းဖြင့် လုပ်ကိုင်နေ ကြ၏။ ကုမ္ပဏီကြီးတွေကလည်း သူတို့ကို မက်လုံးမျိုးစုံဖြင့် ဆွဲဆောင် ထားကြ၏။ ဖိမ်ခံတိုက်ခန်းတွေပေး၏။ ဖိမ်ခံကား ယာဉ်မောင်းပါ ပေး၏။ ပြည်တွင်းခရီးများကို အထက်တန်းဆင့်ထိုင်ခုံဖြင့် လေယာဉ်စီစဉ်ပေး၏။ အမေရိကန်၊ ဥရောပသို့ မကြာခဏစေလွှတ်၏။ သူတို့ကလည်း တန်ဖိုးရှိ သော အဝတ်အထည်များဝယ်၏။ ပန်းချီပန်းပုတွေ ဝယ်၏။ အပန်းဖြေခရီးကို အမေရိကသို့ သွား၏။ ဂေါက်သီးကစားနှင့် ဒေါ်လာ ၈,၀၀၀ တန် ရုပ်မြင် သံကြားစက်တွေ ဝယ်ကြည့်၏။

အသက်သုံးဆယ်ဝန်းကျင် အမျိုးသမီးများသည် နိုင်ငံခြားကုမ္ပဏီ များတွင် မန်နေဂျာလုပ်ကာ တစ်နှစ်ကို လစာဒေါ်လာ ၂၄,၀၀၀ ယူကြ၏။ အနောက်နိုင်ငံ ပင်လယ်ကမ်းခြေများသို့ အပေါင်းအသင်းနှင့် သွားရောက် အပန်းဖြေ၏။ ဈေးကြီးသော အလှကုန်ပစ္စည်းတွေ သုံး၏။ တစ်နှစ်ကို ဒေါ်လာ ၁၂,၅၀၀ အထက်ရသူ တရုတ်လူမျိုးပေါင်း သန်း ၂၀ ကျော်ရှိ၏။

ယခုအခါ မြို့ပြနေ တရုတ်လူမျိုးများ၏ ၈၀ ရာခိုင်နှုန်းက တစ်နှစ် ကို ဒေါ်လာ ၄,၀၀၀ နီးပါးရကြ၏။ မြို့ပြတရုတ်လူမျိုးများ၏ အသုံးစရိတ် က တစ်နှစ်ကို ဒေါ်လာ ၃ သန်းကျော် ရှိ၏။ ဂျပန်လူမျိုးတို့ သုံးစွဲပုံမျှ ဖြစ်၏။ ၂၀၁၅ ခုနှစ်တွင် တရုတ်လူမျိုး သန်း ၃၀၀ သည် လူလတ်တန်း စား နီးပါးအဆင့် ရောက်လာကြမည်။ ဝင်ငွေက ၃,၅၀၀ ဒေါ်လာမှ ၅,၀၀၀ ကျော်ထိ ရလာမည်။ သက္ကရာဇ် ၂၀၂၅ တွင် တရုတ်လူမျိုး သန်း ၅၂၀ သည် အဆင့်မြင့်လူလတ်တန်းစားများ ဖြစ်လာကြကာ တစ်နှစ် ဒေါ်လာ ၅,၀၀၀ မှ ၁၂,၅၀၀ အထိ ရလာကြမည်။

တရုတ်လူမျိုးတို့၏ မင်္ဂလာဆောင်က ပိုမိုကြီးကျယ်ခမ်းနားလာ၏။ အမေရိကန် မင်္ဂလာဆောင်နှင့် အတော်တူလာ၏။ သတိုးသမီးက အဖြူရောင် ဝတ်စုံဝတ်၊ စိန်လက်စွပ်ဝတ်၏။ ကမ္ဘာပေါ်တွင် စိန်ထည်အကြီးအကျယ် ရောင်းသည့် 'ဒီဘီးယား(စ်)'အုပ်စုသည် ယခုအခါ တရုတ်ဈေးကွက်တစ်ခု

တည်းဖြင့် စိန်ထည်ရောင်းမလောက် ဖြစ်နေ၏။ ယခုအခါ တရုတ်ပြည်သည် စိန်ဈေးကွက်တွင် ကမ္ဘာ့အကြီးဆုံးဈေးကွက် ဖြစ်လာ၏။ 'ဒီဘီးယား(စ်)' စိန်လုပ်ငန်းက တရုတ်ပြည်တွင် တစ်နှစ်ကို စိန်ကြော်ငြာဖိုး ဒေါ်လာ ၆ သန်းသုံး၏။ ထိုသို့ကြော်ငြာသဖြင့် တစ်နှစ်ကို စိန်ထည် ၁.၅ ဘီလျံဒေါ်လာဖိုး ပြန်ရောင်းရ၏။ သတို့သား ၈၀ ရာခိုင်နှုန်းက သတို့သမီးကို စိန်လက်စွပ် ဝယ်ပေးသည့်ဓလေ့ ဖြစ်လာ၏။ အမေရိကန်တွင် ၈၅ ရာခိုင်နှုန်းက စိန်လက်စွပ် ဝယ်ပေးသည့်နှုန်းနှင့် အတော်နီးလာပြီ။

အမေရိကန်မှ 'စတားဘတ်' ကော်ဖီဈေးကွက်သည်လည်း တရုတ်တွင် အကြီးဆုံးဖြစ်၏။ ၁၉၉၉ တွင် 'စတားဘတ်'ဆိုင်တစ်ခု ပေကျင်းတွင် စဖွင့်၏။ နောက်ပိုင်းတွင် တရုတ်ပြည်အနှံ့ 'စတားဘတ်'ဆိုင်ပေါင်း ၃၀၀ ကျော် ဖြစ်လာ၏။ တရုတ်၏ ရိုးရာက လက်ဖက်ခြောက် လက်ဖက်ရည်သောက်ခြင်း ဖြစ်၏။ ယခုတော့ တရုတ်တို့သည် တစ်ခွက်ကို ၂၅ ယွမ် သို့မဟုတ် ၂.၇၅ ဒေါ်လာကုန်သော 'စတားဘတ်'ကော်ဖီကို စွဲနေကြ၏။ 'စတားဘတ်'ကော်ဖီသောက်မှ ခေတ်မီသည်၊ အဆင့်အတန်းမြင့်သည်ဟု ယူဆလာကြ၏။

တရုတ်ပြည်တွင် ကုန်တိုက်ကြီးပေါင်း ၄၀၀ ကျော်ရှိရာ လေးခုက အမေရိကန်ကုန်တိုက်တွေထက် ပိုကြီး၏။

❖❖❖

ရှန်ဟဲတွင် 'တူမောရီးစကွဲ' ခေါ် 'နက်ဖန်ရင်ပြင်'ဆိုတာ ရှိ၏။ ထိုနေရာရှိ အဆောက်အဦအားလုံးက အသစ်တွေ၊ ဗိသုကာလက်ရာကလည်း အဆန်းတကြယ် အံ့မခန်း။ ကုဗပုံတွေ၊ တြိဂံပုံတွေ။ မိုးမျှော်တိုက်ကြီးတစ်ခုတွင် 'ဂျေဒဗလျူမာရီးယော့' ကြယ်ငါးပွင့်ဟိုတယ်ကြီးရှိ၏။ နောက်အဆောက်အဦက ကမ္ဘာ့ဈေးအကြီးဆုံး မော်တော်ယာဉ် 'ဖာရာရီ' ကားများပြခန်း၊ သူ့ဘေးကပ်လျက်က မှန်သားပြင် မိုးထိတိုက်ကြီးကတော့ 'မာစီးဒီးကုမ္ပဏီ'ရုံး။ ထိုအဆောက်အဦတွေဘေးမှာလည်း လိမ္မော်ရောင် ဆောက်လုပ်ရေး ကရိန်းကားတွေက နောက်ထပ် မိုးမျှော်တိုက်များစွာကို ဆောက်လုပ်နေကြဆဲ။

'နက်ဖန်ရင်ပြင်' ၏ ဘေးကပ်လျက်တွင်လည်း ပန်းခြံငယ်တစ်ခုရှိ၏။ သက်ကြီးရွယ်အိုများ လွတ်လွတ်လပ်လပ် အပန်းဖြေအနားယူသည့် ပန်းခြံ။ ပန်းခြံ၏ ရှေ့တည့်တည့်တွင် 'ရှန်ဟဲအနုပညာပြတိုက်' ရှိသည်။ အထဲမှာ ကမ္ဘာကျော်အနုပညာလက်ရာအစုံကို တွေ့ရမည်။

တရုတ်ပြည်၏ တိုးတက်နှုန်းကာ အံ့မခန်း။ အမြန်ဆုံး အရင်းရှင်လမ်းကြောင်းကို လျှောက်သော ယနေ့ခေတ် တရုတ်ကွန်မြူနစ်ပါတီသည် နိုင်ငံကို ချမ်းသာကြွယ်ဝအောင် လုပ်ပေးနိုင်ခဲ့၏။ တရုတ်ပြည်၏ တိုးတက်မှုက မြန်ဆန်လွန်းသဖြင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများက ကြောက်ပင်ကြောက်လာကြ၏။

အင်္ဂလန်နိုင်ငံသည် ၁၇၈၀ မှစ၍ ၄င်း၏ ဂျီဒီပီကို နှစ်ဆတိုးရန် ၅၈ နှစ် ကြိုးစားခဲ့ရ၏။

အမေရိကန်သည် ၁၈၃၉ မှစ၍ ၄၇ နှစ် ကြိုးစားခဲ့ရ၏။

ဂျပန်က ၁၈၈၅ မှစ၍ ကြိုးစားရာ ၃၄ နှစ်ကြာမှ ဂျီဒီပီနှစ်ဆတိုး၏။

တောင်ကိုရီးယားက ၁၉၆၀ မှ ကြိုးစားရာ ၁၁ နှစ်ကြာမှ နှစ်ဆတိုး၏။

တရုတ်ကမူ လူတစ်ဦးခြင်း၏ ဂျီဒီပီ နှစ်ဆတိုးရန် ၁၉၇၈ မှ စကြိုးစားရာ ၉ နှစ်သာကြာ၏။ ၁၉၉၆ တွင် ထပ်ပြီး နှစ်ဆထပ်တိုးပြန်၏။

မျိုးဆက်တစ်ခုအတွင်း တရုတ်က စီးပွားရေး အောက်တန်း နောက်ဘန်းကျ နိုင်ငံမှ ကမ္ဘာ့စီးပွားရေး စတုတ္ထမြောက် အင်အားကြီးနိုင်ငံအဖြစ် တိုးတက်လာသည်မှာ သမိုင်း၏ အံ့ဩဖွယ်ပင် ဖြစ်သည်။

❖❖❖

တရုတ်ကျေးလက်နေ လယ်သမားများစွာက မြို့တက်လာကြ၏။ ကျေးလက်နေပြည်သူများ၏ ဝင်ငွေက ယခင်ကထက် သုံးဆမျှပိုလာသော်လည်း မြို့နေအလုပ်သမားများ၏ လုပ်ခထက်တော့ အဆမတန် နည်းနေသေး၏။ ဆယ်နှစ်အတွင်း လယ်ယာကိုပစ်ပြီး မြို့တက်လာသူ လယ်သမားပေါင်း သန်း ၁၂၀ မျှပင် ရှိ၏။ ၂၀၁၀ တွင် နောက်ထပ် သန်း ၇၀ မြို့

တက်လာကြ၏။ ၂၀၂၀ တွင် မြို့ရောက်လာသူ လယ်သမားပေါင်း သန်း ၂၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရ၏။

၂၀၀၆ ခုနှစ်တွင် ကျေးလက်ရှိ လူတစ်ဦးချင်း ဝင်ငွေသည် ၄၄၈ ဒေါ်လာရှိပြီး မြို့နေလုပ်သား၏ ဝင်ငွေက တစ်နှစ်ကို ဒေါ်လာ ၁,၆၀၀ ရှိ၏။ ယခင် လယ်သမားများက ယခုဆောက်လုပ်ရေးလုပ်ငန်း သို့မဟုတ် စက်ရုံသစ်များတွင် ဝင်လုပ်ကြ၏။ တရုတ်အလုပ်သမား ဝန်ကြီးဌာန၏ စာရင်းဇယားအရ တရုတ်စက်ရုံများ၏ ၇၅ ရာခိုင်နှုန်းတွင် အသက် ၁၈ မှ ၂၆ နှစ်အရွယ် အမျိုးသမီးအများစု အလုပ်လုပ်ကြ၏။ အမျိုးသားတွေလည်း ထိုအသက်အရွယ်မှာပင် စက်ရုံဆောက်လုပ်ရေး၊ လမ်းဖောက်လုပ်ရေး၊ မိုးမျှော်တိုက်ဆောက်ရေးတို့တွင် ဝင်လုပ်ကြ၏။

မြို့တွင် လုပ်ကိုင်ပြီးရသော လခများကို တောသို့ပြန်ပို့ကြ၏။ သူတို့ တစ်လစာပို့သောငွေက သူတို့မိဘတွေ တစ်နှစ်စာ လယ်ယာလုပ်ငန်းခွင် ဝင်၍ရသော ဝင်ငွေနှင့် တူနေ၏။ ခေါင်သောဒေသမှ ကျေးလက်များတွင် ဆင်းရဲတွင်းက နက်ဆဲ။ သတင်းစာ ဝယ်မဖတ်နိုင်သူများ၏။ သတင်းစာများကို လမ်းဘေးတွင် ကြိုးဖြင့်ဆွဲထားကာ ဖတ်လိုသူများက လာဖတ်ကြ၏။ သတင်းစာတစ်စောင်ဈေးက ယွမ်တစ်ဝက်သာ ရှိ၏။ အမေရိကန် ဆင့်တစ်ဆင့်၏ နှစ်ဆယ်ပုံတစ်ပုံမျှသောဈေး၊ အမေရိကန် ဆင့်တစ်ဆင့်ပင် မရှိသောငွေကို သတင်းစာဝယ်ပြီး မဖတ်နိုင်ကြ။

အသက်သုံးဆယ်ကျော် အမျိုးသားများကိုကား စက်ရုံတွေက သိပ်မလိုချင်ကြ။ စက်ရုံပိုင်ရှင်တွေအနေနှင့် အသက်ကြီးသူများက သင်လွယ်တတ်လွယ်မရှိဟု ယူဆထားကြ၏။ မော်စီတုံးခေတ်က နိုင်ငံပိုင်စက်ရုံများတွင် လုပ်ကိုင်ကြသောအခါ ပျင်းရိလေးတွဲ အချောင်ခိုစိတ်တွေရှိခဲ့ကြသည်ဟု ဆို၏။ ဒါမျိုးကို ယနေ့အလုပ်ရှင်တွေက မကြိုက်။ ထို့ကြောင့် သုံးဆယ်ကျော်တွေက လယ်ယာလုပ်ငန်းခွင်တွင်သာ ဝင်နေကြရ၏။ ပညာတတ်လျှင်ကား တော်သေး၏။

လူငယ်တိုင်း စက်ရုံတွေမှာ လုပ်ကြသည်ကား မဟုတ်။ မြို့ပြမှာ ကြီးပြင်းကြသူများကတော့ တက္ကသိုလ် ဆက်တက်ကြ၏။ ဘွဲ့ရတော့

ကုမ္ပဏီတွေမှာ ဝင်လုပ်ကြ၏။ တစ်နှစ် ဒေါ်လာ ၅,၀၀၀ ရလျှင် သုံးပုံတစ်ပုံကို စုကာ ကားဝယ်၊ အိမ်ဝယ်ကြ၏။

တရုတ်ပြည် အရှေ့မြောက်ဒေသမှာနေခဲ့ကြသော တရုတ်လူမျိုးများက ကိုရီးယားစကား ပြောတတ်၏။ သူတို့က ကိုရီးယားကုမ္ပဏီတွေမှာ အလုပ်ရ၏။ တရုတ်ပြည် 'ဒါလျန်း'ဒေသမှာနေသူများကား ဂျပန်စကား ပြောတတ်၏။ ဂျပန်စကားတတ်သူ ငါးသိန်းခန့်ရှိ၏။ သူတို့က ဂျပန်ကုမ္ပဏီတွေမှာ အလုပ်ရ၏။ လုပ်ခကတော့ ဂျပန်လုပ်သားတွေ၏ အပုံနှစ်ဆယ်ပုံတစ်ပုံသာရ၏။ ဂျပန်လူမျိုးအချို့ကလည်း တရုတ်ပြည်တွင် လာအလုပ်လုပ်ကြတာလည်း ရှိ၏။

ရှန်ဟဲမြို့ 'ပုဒုံး' ဆော့ဖ်ဝဲအလုပ်ရုံသည် အိန္ဒိယနိုင်ငံ 'ဘန်ဂလို'မြို့ရှိ 'အင်ဖိုဆီး(စ်)'အလုပ်ရုံနှင့် အတော်တူ၏။ အမေရိကန်ကောလိပ် ပရဝုဏ်ကဲ့သို့ သာယာလှပ၏။ နိုင်ငံခြားကုမ္ပဏီများ၊ တရုတ်ကုမ္ပဏီများ များစွာရှိ၏။ ကမ္ဘာ့အကြီးဆုံးကုမ္ပဏီများ ဖြစ်ကြသည့် 'ဂျီအီး'၊ 'စီတီးဘဏ်'၊ 'အိုင်ဘီအမ်'၊ 'ဆိုနီ'၊ 'အိပ်ချ်ပီ' စသည့်ကုမ္ပဏီများရှိ၏။

တရုတ်ပြည်၏ စီးပွားရေးတိုးတက်နှုန်းက တစ်နှစ်ထက် တစ်နှစ်ပိုလာရာ ချမ်းသာသူများလာသည်မှာ မှန်၏။ ဤသို့ဖြင့် ဆင်းရဲချမ်းသာကွာဟမှုကလည်း များလာသည်။ ဌာနဆိုင်ရာဝန်ထမ်းများကလည်း အကျင့်ပျက်ခြစားမှုတွေ ပိုလုပ်လာကြ၏။ ၂၀၀၆ ခုနှစ် တစ်နှစ်ထဲတွင် အကျင့်ပျက်ခြစားသူ ၉၇,၂၆၀ ကို အရေးယူခဲ့ရ၏။ ထိုအထဲတွင် ရှန်ဟဲမြို့တော်အကြီးအကဲပါ အရေးယူခံရ၏။

တရုတ်ပြည်တွင် ပြင်စရာတွေလည်း အများကြီး ကျန်သေး၏။ တရုတ်ဘဏ်စနစ်က သိပ်မကောင်း။ သဘာဝပတ်ဝန်းကျင်က အတော်ပျက်နေ၏။ အချို့ဒေသများတွင် သောက်သုံးရေ အခက်အခဲ ရှိနေ၏။ အလုပ်လက်မဲ့နှုန်းလည်း များနေဆဲ။ လူ့အခွင့်အရေးကား မရှိသလောက်။

လူ့အခွင့်အရေးတောင်းဆိုမှုပြုလုပ်သော ရှေ့နေများနှင့် အခွင့်အရေးလှုပ်ရှားမှုများစွာကို ရက်ရက်စက်စက် နှိပ်ကွပ်၏။ ၂၀၀၆ ခုနှစ် တစ်နှစ်ထဲမှာပင် လူပေါင်းအနည်းဆုံး ၁၀၁၀ အကွပ်မျက်ခံရပြီး ၂၇၉၀ မှာ သေဒဏ်

ကျခံကြရ၏။ ထိုအထဲတွင် အကြမ်းဖက်လှုပ်ရှားသူရော၊ အကြမ်းမဖက်သူ ပါ ပါ၏။ တရားရေးမဏ္ဍိုင်က အစိုးရဘက်မှာသာ ရှိ၏။

ဆန္ဒပြမှုက တစ်နေ့ကို ၂၀၀ လောက်ရှိသည်။ လယ်ယာမြေ မတရား အသိမ်းခံရသော လယ်သမားများ ဆန္ဒပြတာများ၏။ ဆန္ဒပြသမားများကို ရဲက ရက်ရက်စက်စက် ခြေမှုန်း၏။

လူဦးရေထိန်းကွပ်မှုကလည်း ပြဿနာတစ်ခု ဖြစ်၏။ မြို့နေမိသားစု အနေနှင့် ကလေးတစ်ဦး၊ ကျေးလက်နေမိသားစုတစ်ခုအနေနှင့် ကလေးနှစ်ဦး သာ မွေးရမည်ဟူသော ဥပဒေရှိ၏။ ကျေးလက်မှာပင် ပထမရင်သွေးက မိန်းကလေးဖြစ်မှ နောက်ထပ်ကလေးယူခွင့်ပေး၏။ ထိုပေါ်လစီကို ၁၉၇၉ မှစ၍ အကောင်အထည်ဖော်၏။ ဤပေါ်လစီသာမရှိလျှင် လူဦးရေက ၁.၃ ဘီလျံအစက ၁.၇ ဘီလျံအထိ ဖြစ်မည်ဟု ခန့်မှန်းကြ၏။ နောက်ဆယ်နှစ် အတွင်းတွင် တရုတ်ပြည်တွင် အမျိုးသားဦးရေက အမျိုးသမီးဦးရေထက် သန်း ၄၀ ပိုများလာမည်။

အသက်ကြီးမှုကလည်း တရုတ်ပြည်တွင် ပြဿနာတစ်ခု။ ၂၀၂၅ မှာ တရုတ်ပြည်တွင် ၆၅ နှစ်အရွယ် လူအို သန်း ၂၀၀ အထိ ရှိနိုင်၏။ အငြိမ်းစားယူသောအရွယ် လူဦးရေများလာခြင်းသည် ဝန်ထုပ်ဝန်ပိုးတစ်ခု ကဲ့သို့ ဖြစ်နေ၏။

မိသားစုစီမံကိန်းကြောင့် ၂၀၁၅ တွင် တရုတ်ပြည်၏ အလုပ်လုပ် နိုင်စွမ်းရှိသူ အရေအတွက်က အမြင့်ဆုံးဖြစ်သော်လည်း တဖြည်းဖြည်း လျော့ကျလာသည်။ ထိုအချိန်တွင် အိန္ဒိယ၌ အလုပ်လုပ်နိုင်သူ ဦးရေက အလွန်များလာရာ ရေရှည်တွင် တရုတ်စီးပွားရေး နောက်ကောက်ကျသွား နိုင်၏။

တရုတ်ပြည်တွင် အုပ်ချုပ်ရေးစနစ်က တစ်ပါတီအာဏာရှင်စနစ် ဖြစ်၍ နိုင်ငံရေးအနေနှင့် မလွတ်လပ်သည်မှာ မှန်၏။ သို့သော် စီးပွားရေး က တရှိန်ထိုးကောင်းလာသဖြင့် ပြည်သူအများစုက နိုင်ငံရေးကို စိတ်မဝင် စားကြတော့။ ပို၍ချမ်းသာလာသည်နှင့်အမျှ သူတို့တွင် ပစ္စည်းဥစ္စာပိုင်ဆိုင် ခွင့်တွေ ပိုရလာမည်။ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ပိုရှိလာမည်။ သို့သော် ဒီမိုကရေစီအရသာကိုကား ခံစားရမည်မဟုတ်။

တရုတ်လူမျိုးအများစုက ထိုင်ဝမ်၏ ဒီမိုကရေစီကို သဘောမကျ။ ထိုင်ဝမ်၏ နိုင်ငံရေးလွတ်လပ်ခွင့်ကိုလည်း မလိုချင်ကြ။ ပြည်မကြီးရှိ တရုတ်အများစုက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းထက် ပိုက်ဆံငွေကြေးများများရခြင်းကို ပိုသဘောကျကြ၏။

တရုတ်ပြည်၏ စာတတ်မြောက်မှုနှုန်းက ၉၁ ရာခိုင်နှုန်းထိရှိလာ၏။ ပညာတတ်ဦးရေလည်း ပေါလာ၏။ ထိုသူများကမူ ဟောင်ကောင်ပုံစံကို ပိုသဘောကျကြ၏။ ဟောင်ကောင်ဒီမိုကရေစီကို ပိုလိုလားကြ၏။ တရုတ်ကွန်မြူနစ်ပါတီက ဒါကို ရိပ်စားမိပုံရ၏။ ၄င်းက အနောက်နိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ပိုပြီးမက်လုံးတွေပေးကာ ဖိတ်ခေါ်၏။ သူတို့များများလာလေ ပြည်တွင်းမှာ အလုပ်တွေပိုရလေလေ။ ဝင်ငွေပိုကောင်းလာလေလေ၊ နိုင်ငံရေးဆန့်ကျင်မှုတွေ နည်းလာလေလေဟု ယူဆကြရ၏။

❖❖❖

၂၀၀၈ ခုနှစ်တွင် ပေကျင်း၌ ကမ္ဘာ့အိုလံပစ်ပွဲတော်ကို အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး ကျင်းပကာ ကမ္ဘာ့အလည်တွင် တရုတ်အဆင့်အတန်းမည်မျှရှိသည်ကို ထုတ်ကြွားနိုင်ခဲ့၏။ အိုလံပစ်ပွဲမတိုင်မီကပင် 'ပေကျင်း' အမျိုးသားအားကစားရုံကြီးကို အသစ်ဆောက်ခဲ့၏။ သံမဏိတန်းကြီးတွေ ပွေလိမ်ရှုပ်ယှက်ကာ ငှက်သျှောင်အိမ်ကြီးကဲ့သို့ ဆောက်ထားသဖြင့် 'ငှက်သိုက်'ဟု ခေါ်သော အားကစားရုံကြီး အပါအဝင် အားကစားခန်းမသစ် ၁၂ ခု အသစ်ဆောက်ခဲ့၏။ ဖွင့်ပွဲတွင် လူဦးရေ တစ်သန်း ပါဝင်ခဲ့၏။ အိုလံပစ်ပွဲအတွက် လမ်းသစ်တွေဖောက်၊ အဆောက်အဦသစ်တွေ အများကြီး ငွေကုန်ခံဆောက်၏။

အိုလံပစ်ပွဲတော် ကျင်းပတော့ တကယ်ပင် အံ့မခန်းကြီးကျယ်ခမ်းနားလှ၏။ ကမ္ဘာ့ပရိသတ်အားလုံး ရင်သပ်ရှုမော ဖြစ်ကြ၏။ ကမ္ဘာ့အလယ်ဘွင် ခေါင်းမော် ဝင့်ကြွားနိုင်သော တရုတ်နိုင်ငံကြီး ဖြစ်လာပါကော။

၀

# (၇)

# ဆီနှင့် ရေ ရောနေသော ပထဝီနိုင်ငံရေး

နယူးရောက်မြို့ရှိ 'မက်ထရိုပိုလီတန်ပြတိုက်'တွင် ၁၅ ဆက်မြောက် လူဝီဘုရင်၏ စားပွဲကို တွေ့ရမည်။ ထိုအခန်းတစ်ခုလုံးကို ၁၈ ရာစုပြင်သစ်ပုံစံဖြင့် ပြင်ဆင်ထား၏။ အာရှအငွေ့အသက်တွေ အပြည့်အဝ ပါနေ၏။ မီးလင်းဖိုဘေးတွင် အပြာရောင်နှင့် အဖြူရောင် ကြွေခွက်များတွေ့ရမည်။ ဒါတွေက တရုတ်ပြည်ဖြစ်တွေ။ 'လူဝီဘုရင်'စာရေးသော စားပွဲမှာ ၁၇၅၉ ခုနှစ်က ပြုလုပ်သောစားပွဲဖြစ်၏။ စားပွဲပေါ်တွင် စေတီပုထိုးပုံမျိုးစုံ ရေးခြယ်ထား၏။ ဤစားပွဲကို အိန္ဒိယတွင် လုပ်၏။ ပြင်သစ်ဘုရင် 'လူဝီ'၏ အခန်းတွင် ပြင်သစ်ပစ္စည်းတွေထက် တရုတ်နှင့် အိန္ဒိယလက်ရာတွေ ပိုများနေ၏။ ဆင်စွယ်ပန်းပုတွေက အိန္ဒိယလက်ရာ။ ပိုးထည်၊ ကြွေထည်တွေက တရုတ်လက်ရာ။ တရုတ်အနုပညာလက်ရာ ပစ္စည်းနှင့် အသုံးအဆောင် အများစုက ဥရောပသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်မှာ ရာစုနှစ်များစွာ ကြာခဲ့ပြီ။ ၁၆၆၄ ခုနှစ် တစ်နှစ်ထဲမှာပင် ဒတ်ချ် အရှေ့အိန္ဒိယကုမ္ပဏီက အပြာနှင့် အဖြူရောင် ကြွေထည်ပစ္စည်းပေါင်း ၄၅,၀၀၀ ကို တရုတ်မှ တင်သွင်းခဲ့ကြောင်း သိရ၏။ ထို့ကြောင့် ကြွေထည်များကို အင်္ဂလိပ်ဘာသာဖြင့် 'တရုတ်' (China) ဟုပင် ခေါ်တွင်ကြခြင်း ဖြစ်၏။

သက္ကရာဇ် ၁၆၀၀ ကဆိုလျှင် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံလုံးသည် ကမ္ဘာ့စီးပွားရေး၏ ထက်ဝက်မျှကိုပင် စိုးမိုးထားကြ၏။ ပိုးထည်၊ ကြွေထည်၊ လက်ဖက်ခြောက်၊ ပရိဘောဂ၊ ဟင်းခတ်အမွှေးအကြိုင်၊ စက္ကူ

စသည်တို့ကို တရုတ်က စတင်တီထွင်၏။ ၁၉ ရာစုနှောင်းပိုင်းအထိ တရုတ်နှင့် အိန္ဒိယသည် ကမ္ဘာ၏ စီးပွားရေးအင်အားကြီးနှစ်နိုင်ငံ ဖြစ်ခဲ့ကြ၏။ ကမ္ဘာစစ်ကြီးများ ဖြစ်ပြီးနောက်ပိုင်းတွင် တရုတ်နှင့် အိန္ဒိယက ပြင်ပလောကနှင့် တံခါးပိတ်လိုက်၏။ သို့သော် ၂၀၀၃ လောက်မှစ၍ အိန္ဒိယနှင့် တရုတ် သည် ကမ္ဘာ့စီးပွားရေး၏ ၂၀ ရာခိုင်နှုန်းကို စိုးမိုးလာနိုင်ကြပြန်သည်။ ယခုအတိုင်းဆိုလျှင် တရုတ်၏ စီးပွားရေးသည် ၂၀၂၀ တွင် အမေရိကန်ထက် ပိုမိုကြီးပွားနေမည်မှာသေချာ၏။ ၂၀၃၀ တွင်ကား အိန္ဒိယက ကမ္ဘာ့စီးပွားရေး တတိယအင်အားအကြီးဆုံး ဖြစ်လာမည်။ ၂၀၃၀ တွင် အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံပေါင်းသည့် ကမ္ဘာ့စီးပွားရေး၏ ၂၈ ရာခိုင်နှုန်းကို စိုးမိုးသွားမည်ဟု ဘောဂဗေဒသမိုင်းပါရဂူကြီး 'အင်ဂတ်စ်မက်ဒီဆင်' က ဟောကိန်း ထုတ်ထားသည်။ အမေရိကန်တို့ကမူ လူတစ်ဦးခြင်းအနေနှင့် ချမ်းသာနေဦးမည်ဖြစ်သော်လည်း ၂၀၃၀ တွင် ကမ္ဘာ့စီးပွားရေးကို ၂၁ ရာနှုန်းချုပ်ကိုင်ထားရာမှ ၁၈ ရာခိုင်နှုန်းထိ ကျဆင်းသွားမည်ဟု ဆို၏။

တရုတ်နှင့် အိန္ဒိယသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ဦးဆောင်နေကြသည် မှန်သော်လည်း အလုပ်အကိုင်ကိစ္စများအပြင် ကြီးမားသောပြဿနာသုံးခုကို ရင်ဆိုင်ရဖွယ်ရှိ၏။ ပထမအချက်အနေနှင့် ဧရာမနိုင်ငံကြီးနှစ်ခုသည် စက်မှုဆိုင်ရာတော်လှန်ရေးများကို အကြီးအကျယ်လုပ်ကြရင်းနှင့် သဘာဝသယံဇာတက ရှားပါးပြတ်လတ်လာမည်။ ၎င်းတို့သည် ဓာတ်ဆီစသော လောင်စာဆီကို အကြီးအကျယ်လိုလာမည်။ သို့ဖြင့် ကမ္ဘာပတ်ပြီး မိတ်ဆွေရှာ ဓာတ်ဆီဝယ်ရမည်။ ထို့ပြင် နိုင်ငံနှစ်နိုင်ငံသည် ပိုပြီးချမ်းသာကြွယ်ဝလာကြသည်နှင့်အမျှ နည်းပညာသစ်တွေလည်း ပိုမိုတိုးတက်ထွန်းကားလာမည်။ ထို့ကြောင့် သူတို့၏ စစ်တပ်တွေကို ခေတ်မီလက်နက်တပ်ဆင်မည်။ နည်းပညာသစ်တွေ အသုံးချမည်။ တပ်အင်အားတွေ တိုးချဲ့ဦးမည်။ ဤသို့ဖြင့် သူတို့ စစ်အေးတိုက်ပွဲနောက်ပိုင်းတွင် သိပ်အရေးမထားခဲ့ကြသော ပထဝီနိုင်ငံရေးကို ပြန်ကိုင်ကာ နိုင်ငံအင်အားကြီးမားသောအပြောင်းအလဲတွေ လုပ်လာကြမည်။ နောက်ဆုံးတွင် တရုတ်နှင့် အိန္ဒိယသည် စက်မှုနိုင်ငံကြီးများဖြစ်လာသော်လည်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်း ပျက်စီးမှုဒဏ်ကို ခါးစည်းခံကြရတော့မည်။ လေတွေက အဆိပ်တွေ

ပြည့်နှံ့ကာ မည်းမှောင်နေမည်။ ရေကလည်း ရှားပါးလာ၊ မသန့်မစင်ဖြစ်လာမည်။ သူတို့နှစ်နိုင်ငံတည်းသာ မဟုတ်။ အကျိုးဆက်အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးကိုပါ အနှောင့်အယှက်ပေးလာနိုင်၏။

❖❖❖

အိန္ဒိယအရှေ့မြောက်ပိုင်း 'ဂျာခန်းပြည်နယ်' မှာဆိုလျှင် တောဆင်ရိုင်းတွေ၊ ကျားတွေ၊ မျောက်တွေ၊ ကျားသစ်တွေ အတော် ရှားပါးပျောက်ကွယ်ကုန်ပြီ။ ထိုနေရာတွင် သတ္တုသိုက်လာရှာကြ၏။ သံမဏိလုပ်ရန် သံကြွပ်တွေ ထုတ်ဖော်၏။ ထိုသံမဏိတွေရမှ မိုးပျံတိုက်တွေ ဆောက်နိုင်၊ ကားတွေ၊ စက်တွေ လုပ်နိုင်မည်မဟုတ်ပါ။ ဤဒေသမှ မိုင် ၈၀ အကွာတွင် ကြီးမားသော 'တာတာ' မော်တော်ကားစက်ရုံကြီး ရှိ၏။

'တာတာ' ကုမ္ပဏီက မိုင်းတွင်းများစွာ ဤဒေသတွင် လာတူး၏။ ပေါက်ကွဲစေသော ယမ်းတန်ချိန်များစွာသုံးပြီး သတ္တုတွေတူး၏။ သတ္တုတူးရာမှ သံကျွတ်ပစ်စာပေါင်း တန်သုံးသိန်းလောက် ထွက်၏။ ထိုမြေစာခဲတွေကို ဧရာမအဝါရောင် အမှိုက်ပစ်ကားကြီးများက အနီရောင်ထနေသော လမ်းပေါ်မှ ခေါက်တုံ့ခေါက်ပြန် သယ်ပို့နေရ၏။ တောင်နံရံများတွင် အပေါက်ကြီးတွေနှင့် မြေပြင်ပေါ်မှာလည်း တွင်းနက်ကြီးတွေ ဗလပွ။ 'တာတာ' စက်ရုံသို့ တစ်နေ့ကို မီးရထားတွဲ ခြောက်တွဲအပြည့် သံကြွပ်တွေ ပို့ပေးနေရ၏။ တရုတ်ရော အိန္ဒိယပါ မော်တော်ယာဉ်တွေကို အမြောက်အမြားထုတ်လုပ်နေကြရာ သံမဏိက မရှိမဖြစ် အရေးတကြီးလိုနေကြ၏။ ထို့ကြောင့် နှစ်နိုင်ငံလုံး၏ မိုင်းတွင်းများသည် ပိတ်ရက်မရှိ ၂၄ နာရီလုံးလည်ပတ် တူးဖော်နေကြရ၏။

တရုတ်ပြည်၏ အနောက်တောင်ဘက် 'ဝီယိုမင်း' ဒေသတွင်ကား သဘာဝဓာတ်ငွေ့တွေ အကြီးအကျယ် တူးဖော်နေကြ၏။ ဓာတ်ငွေ့များက ကောင်းကင်ပြင်တွင် လွင့်ပျံနေကြ၏။ ဤဒေသတွင် 'ထရိုနာ' ခေါ် ဓာတ်သတ္တုတစ်မျိုးလည်း ထွက်၏။ ၎င်းကို ဆိုဒါပြာချက်ရာတွင်သုံး၏။ ဆိုဒါပြာဖြင့် မှန်တွေ၊ စက္ကူတွေ အခြားဓာတုပစ္စည်းတွေ လုပ်လို့ရသည်။ တရုတ်က 'ထရိုနာ' များစွာ ထွက်သဖြင့် ကမ္ဘာ့အနှံ့ရောင်းချ၏။ ဤဒေသသည် ကမ္ဘာ

...တွင် ဆိုဒါပြာအထွက်ဆုံးအဖြစ် မှတ်တမ်းတင်ခြင်းခံရ၏။ ၁၉၉၇ ...က ဆိုဒါပြာတစ်တန်ကို ဒေါ်လာ ၈၇ နှင့် ရောင်းရာမှ ယခု ဒေါ်လာ ... နီးပါး လျော့ကျလာသဖြင့် မိုင်းလုပ်သား ၈၀၀ ကျော် အလုပ်လက်မဲ့ ...ခံကြရ၏။ လူဦးရေ ၁၂,၀၀၀ နေထိုင်သော 'ဝီယိုမင်'တွင် ဤမျှသော အလုပ်လက်မဲ့နှုန်းက အတော် ထိခိုက်စေ၏။

တရုတ်နှင့် အိန္ဒိယတို့တွင် အလုပ်လက်မဲ့နှုန်းမြင့်တက်လာခြင်းသည် အနောက်နိုင်ငံသားတို့အတွက်လည်း စိုးရိမ်ဖွယ်ဖြစ်၏။ နဂိုကမှ သူတို့အလုပ် ...ကို တရုတ်နှင့် အိန္ဒိယလူမျိုးတွေ အလုံးအရင်းနှင့် ဝင်လုပ်၍ အလုပ် ...ကိုင်ပြဿနာ ခက်ခဲနေသည့်အထဲ ယခု သူတို့ကပါ အလုပ်ပြုတ်ကြ၍ ...ပ်ခနည်းနည်းရသော အလုပ်ဆိုလျှင်ပင် လုပ်ကြ၏။ ထို့ကြောင့် အနောက် နိုင်ငံသားများ အလုပ်ပိုရှားကုန်၏။

အမေရိကန်က လူဦးရေသန်း ၆၀၀။ အိန္ဒိယနှင့် တရုတ်တို့က ...စ်ဘီလျံစီ ရှိကြ၏။ အိန္ဒိယ၏ လောင်စာဆီသုံးနှုန်းက ၁၉၉၂ မှစ၍ နှစ်ဆတိုးလာ၏။ တရုတ်ကမူ ၁၉၉၄ တွင် နှစ်ဆတိုး၏။ တရုတ်က ...ကျောက်မီးသွေးနှင့် သံမဏိကို အခြားနိုင်ငံများထက် ပိုထုတ်နိုင်၏။ သို့သော် ...တို့ဘာသာ သုံး၍ပင်မလောက်။

ဓာတ်ဆီကိုပဲ စဉ်းစားကြပါစို့။ အမေရိကန်သည် ဓာတ်ဆီအသုံးဆုံး နိုင်ငံ။ တစ်နေ့ကို ဓာတ်ဆီတိုင်ကီ ၂၀.၆ သန်းသုံး၏။ လူဦးရေ တစ်ဘီလျံ ...သော တရုတ်က တစ်နေ့ကို ဓာတ်ဆီတိုင်ကီ ၇.၃ သန်းသုံး၏။ အိန္ဒိယ ...က ဂျာမနီကဲ့သို့ တစ်နေ့ကို တိုင်ကီ ၂.၅ သန်းသုံး၏။ လူတစ်ဦးခြင်း ...းစွဲမှုနှုန်းအရဆိုလျှင် အမေရိကန်က တရုတ်ထက် ၁၅ ဆ ပိုသုံး၏။ အိန္ဒိယထက် အဆသုံးဆယ် ပိုသုံး၏။

အိန္ဒိယနှင့် တရုတ်တို့၏ ဝင်ငွေများက တိုးတက်လာသဖြင့် အာရှ ...က်သားများသည် ကားကို ပိုဝယ်စီးကြ၏။ ဓာတ်ဆီကမူ ပိုမထွက်။ ...ကြောင့် လောင်စာဆီပြဿနာက တက်လာ၏။ ၂၀၀၅ ခုနှစ်မှစ၍ ...ရုတ်သည် ဂျပန်ကို ကျော်တက်ကာ ကမ္ဘာ့ဒုတိယအကြီးဆုံး မော်တော် ...ဘဲ ဈေးကွက်ကြီး ဖြစ်လာ၏။ အမေရိကန်ပြီးလျှင်ကား အရှုံးအထဆုံးက ...ရုတ်။ ၂၀၀၇ ခုနှစ်တွင် အမေရိကန်များက ကားသစ် ၁၆.၁ သန်းဝယ်

ကာ တရုတ်က ၅.၂ သန်းဝယ်၏။ ထိုအချိန်တွင် ဂျပန်က ၂.၉၅ သန်းသာ ဝယ်၏။ အိန္ဒိယတွင် ၂၀၀၂ မှစ၍ ကားဝယ်နှုန်းမြင့်လာရာ ၂၀၀၇ ခုနှစ်တွင် ကားစင်းရေ ၁.၅ သန်းထိပင် ဝယ်၏။

အိန္ဒိယနှင့် တရုတ်၏ လူတစ်ဦးခြင်း ဓာတ်ဆီသုံးစွဲနှုန်းက ဂျပန်ထက် များလာ၏။ တရုတ်က တစ်နေ့ကို ဓာတ်ဆီတိုင်ကီ ၃ သန်းဝယ်ယူတင်သွင်းနေရာ ယခုအတိုင်းဆိုလျှင် ၂၀၂၀ တွင် ဓာတ်ဆီတိုင်ကီ ဆယ်သန်းအထိ ဝယ်ရမည့်ကိန်းဆိုက်နေ၏။ အမေရိကန်၏ ဓာတ်ဆီသုံးစွဲနှုန်းအတိုင်းသာ အိန္ဒိယနှင့် တရုတ်တို့က ဓာတ်ဆီသုံးလာကြ၍ ကမ္ဘာမှာ ဓာတ်ဆီလက်ကျန်ပင် ရှိတော့မည်မဟုတ်။

သဘာဝသယံဇာတ အထူးသဖြင့်ဓာတ်ဆီကြောင့် အိန္ဒိယနှင့် တရုတ်ပြဿနာတွေ တက်နေရ၏။ ထိုနှစ်နိုင်ငံလုံးက ကမ္ဘာလှည့်ကာ ဓာတ်ဆီရှာနေကြရ၏။ ဓာတ်ဆီ၊ သဘာဝဓာတ်ငွေ့နှင့် နျူကလီးယားစွမ်းအင်တို့က မရှိမဖြစ် အရေးတကြီး လိုအပ်နေ၏။

တရုတ်၏ နိုင်ငံတော်က ထိန်းချုပ်ထားသော ရေနံကုမ္ပဏီများသည် ၂၀၀၀ မှ ၂၀၀၅ အတွင်း ဒေါ်လာ ၁၅ ဘီလျံသုံးစွဲကာ နိုင်ငံခြားရေနံကုမ္ပဏီပေါင်း ၁၀၀ ကျော်နှင့် စာချုပ်ချုပ်ကာ နိုင်ငံခြားရေနံတွင်းများရှိသည့် တောင်အမေရိက၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်း အစိုးရများနှင့် ဆက်ဆံနေကြ၏။

တရုတ်ရော အိန္ဒိယပါ အမေရိကန်နှင့် စကားပြော၍ အရပ်ဖက်သုံး နျူကလီးယားစွမ်းအင် ထုတ်လုပ်ရေးနည်းပညာများကို ဝယ်ယူကြကာ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဆုံးဖြစ်သောနည်းနှင့် လျှပ်စစ်ဓာတ်ထုတ်လုပ်ရန် ကြိုးစားနေကြ၏။

တရုတ်ရော အိန္ဒိယကပါ ယခုအခါ ဆူဒန်မှသည် အီရန်နှင့် မြန်မာတို့အထိ စည်းရုံးကာ ဓာတ်ဆီနှင့် သဘာဝသယံဇာတတွေကို ရယူရန် ကြိုးစားနေကြ၏။ ထို့ကြောင့် တရုတ်နှင့် အိန္ဒိယတို့၏ နိုင်ငံခြားရေးရာပေါ်လစီမှာ သူတို့၏ စွမ်းအင်လိုအပ်ချက်အလိုအရပင် အပြောင်းအလဲရှိ၏။

တရုတ်က အီရန်ထံမှ ဓာတ်ဆီဝယ်သည်မှာ ဝယ်ယူမှုအားလုံး၏ ၁၃ ရာခိုင်နှုန်းထိရှိ၏။ ၂၀၀၄ မှစ၍ တရုတ်၏ နိုင်ငံပိုင် 'ဆီနိုပက်' ကုမ္ပဏီ

က ဒေါ်လာ ၇၀ ဘီလျံတန် နှစ်သုံးဆယ်စာချုပ်ချုပ်ကာ အီရန်မှ သဘာဝ ဓာတ်ငွေ့များဝယ်ခဲ့၏။ တရုတ်က အီရန်ထံမှဝယ်ယူသော ဓာတ်ဆီတန်ဖိုးက ဒေါ်လာ ၁၀၀ ဘီလျံမျှ ရှိ၏။ ၂၀၀၆ တွင် အီရန်သည် နျူကလီးယား လက်နက်ထုတ်လုပ်ရန် ကြိုးစားမှုကြောင့် အနောက်နိုင်ငံများနှင့် ပဋိပက္ခ ဖြစ်၏။ အနောက်နိုင်ငံများက အီရန်ကို စီးပွားရေးပိတ်ဆို့ကြသော်လည်း တရုတ်နှင့် ရုရှားက နှောင့်နှေးနေ၏။ အီရန်နိုင်ငံ၏ နျူကလီးယားနိုင်ငံ ဖြစ်ထွန်းလာရေးတွင် တရုတ်၏ ရေနံငတ်မွတ်မှုက အထောက်အကူပြုပေး နေ၏။

ဆူဒန်နိုင်ငံ 'ဒါဖာ'မြို့တွင် ဖြစ်ပွားသော အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွင်လည်း တရုတ်က မသိကျိုးကျွံပြုခဲ့၏။ တရုတ်ပြည်တွင် ဆူဒန်နိုင်ငံမှ ထွက်သော ရေနံ ၆၀ ရာခိုင်နှုန်းကိုဝယ်ယူရာ ၄င်း၏ ဖောက် သည် နိုင်ငံအပေါ် အားတုံ့အားနာရှိဟန်တူ၏။ ဆူဒန်တွင် လူပေါင်း သုံးသိန်း ကျော် အစုလိုက်အပြုံလိုက် အသတ်ခံရသည်ကို အမှုမထားဘဲ တရုတ်က ဆူဒန်တွင် လက်နက်စက်ရုံများ တည်ဆောက်ပေးကာ စစ်ကြောင့်ကြေမွ နေသော နိုင်ငံကို သေနတ်တွေ၊ ဒုံးပျံထိပ်ဖူးတပ်လက်ပစ်ဗုံးတွေ၊ သံချပ်ကာ ကားတွေ၊ ရဟတ်ယာဉ်တွေ၊ ကျည်ဆံမျိုးစုံတွေ ရောင်းချနေ၏။

"တရုတ်က ရေနံတွေဝယ်ပြီး ရတဲ့ငွေနဲ့ တရုတ်လုပ် အေကေ ၄၇ လက်နက်တွေဝယ်ပြီး ဒါဖာမှာ လူထောင်နဲ့ သောင်းနဲ့ချီ သတ်ခဲ့တယ်။ ကုလသမဂ္ဂက ဆူဒန်ကို အပြစ်ပေးမယ့်ကိစ္စကိုလည်း တရုတ်ကပဲ အကာ အကွယ်ပေးခဲ့တယ်"ဟု နယူးရောက်တိုင်း(မ်)(စ်)သတင်းစာမှ ဆောင်းပါး ရေးဆရာ 'နိကလပ်စ်ဒီခရစ်စတော့ဖ်'က ရေးခဲ့၏။

တရုတ်က နိုင်ဂျီးရီးယားနှင့် အင်ဂိုလာတွင်လည်း ရေနံဝယ်၏။ ၀၆ ခုနှစ်၏ ပထမနှစ်ဝက်တွင် 'အင်ဂိုလာ'သည် တရုတ်၏ အကြီးဆုံး နံဖောက်သည်ကြီး ဖြစ်၏။ ပြီးလျှင် ဆော်ဒီအာရေဗျ၊ အီရန်နှင့် ရုရှား မှ အများဆုံးဝယ်သည်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် အာဖရိကနိုင်ငံ းဆယ့်ရှစ်နိုင်ငံမှ ခေါင်းဆောင်များကို 'ပေကျင်း'သို့ ဖိတ်ကာ 'မဟာ ာမြောက် ပူးပေါင်းလုပ်ဆောင်မှုပုံစံသစ်'ဟု ဆိုကာ တရုတ်အကူအညီ ဘာ ၅ ဘီလျံ ပေးအပ်ခဲ့၏။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် တရုတ်

သမ္မတ 'ပူကျင်းတောင်'က အာဖရိကနိုင်ငံ ရှစ်နိုင်ငံသို့ သွားရောက်ကာ အကူအညီများ ပေးခဲ့၏။

တရုတ်က လက်တင်အမေရိကကိုလည်း အလွတ်မပေး။ ၂၀၀၂ တွင် လက်တင်အမေရိကနှင့် တရုတ်ကုန်သွယ်မှုက ဒေါ်လာ ၂၀၀ ဘီလျံထိ ရှိ၏။ တရုတ်က သဘာဝသယံဇာတများနှင့် အစားအသောက်ရောင်း၏။ အမေရိကန်ကို ဆန့်ကျင်သော ဗင်နီဇွဲလားကလည်း တရုတ်ကို ရေနံရောင်း၏။ အာဂျင်တီးနားက ၄င်း၏ ပို့ကုန် စုစုပေါင်း၏ ၉ ရာခိုင်နှုန်းကို တရုတ်ထံပို့၏။ ကမ္ဘာပေါ်တွင် အကြီးဆုံး ကြေးနီထုတ်လုပ်သော ချီလီက တရုတ်ကို သတ္တုတွေ များစွာ ရောင်း၏။ ဘရာဇီးက တရုတ်ကို ပဲပိစပ်နှင့် ကော်ဖီ ရောင်းသည်။ တရုတ်က ဘရာဇီးတွင် ဒေါ်လာ ဘီလျံ ၁၀၀ ရင်းနှီးမြှုပ်နှံထား၏။ တကယ်တော့ တရုတ်ကို တင်ပို့သော စားသောက် ကုန်၏ သုံးပုံတစ်ပုံမှာ လက်တင်အမေရိကမှပင် ဖြစ်၏။ အထူးသဖြင့် ပဲပိစပ်အများဆုံး တင်ပို့၏။

အိန္ဒိယရော တရုတ်တို့က စွမ်းအင်ကို ပထမတန်းအနေနှင့် ငတ်မွတ်နေကြရာ သူတို့နှင့် အိမ်နီးနားချင်းနိုင်ငံတွေကို စည်းရုံးကြ၏။ နှစ်နိုင်ငံလုံးပင် မြန်မာနိုင်ငံကို ချဉ်းကပ်ကြ၏။ မြန်မာနိုင်ငံက အနောက်ဘက်တွင် အိန္ဒိယ၊ အရှေ့ဘက်တွင် တရုတ်တို့ကြားမှ နိုင်ငံဖြစ်၏။ ၁၉၈၈ အရေးတော်ပုံကြီးနောက်ပိုင်းတွင် မြန်မာပြည်တွင် ဒီမိုကရေစီလှုပ်ရှားမှုများ ကျယ်ပြန့်လာကာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရက်တစ်အစိုးရပေါ်ထွန်းလာ၏။

ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီခေါင်းဆောင်တစ်ဦးဖြစ်သူ အိန္ဒိယသမ္မတ 'အေပီဂျေအဗ္ဗဒူကာလန်'က ၂၀၀၆ ခုနှစ် မတ်လတွင် မြန်မာပြည်သို့ရောက်ခဲ့၏။ သို့သော် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အထိန်းသိမ်းခံရဆဲဖြစ်၍ တွေ့ခွင့်မရခဲ့။ ရက်သတ္တပတ် အနည်းငယ်အကြာတွင် တရုတ်ပြည်က မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ် စိုးဝင်းကို တရုတ်ပြည်သို့ဖိတ်ကာ တရုတ်သမ္မတ 'ဟူကျင်းတောင်'၊ ဝန်ကြီးချုပ် 'ဝမ်ကျားဘို'တို့နှင့် တွေ့ခွင့်ပေး၏။ တရုတ်က မြန်မာတပ်မတော်နှင့် ရင်းနှီးစွာ အဆက်အဆံရှိ၏။

တရုတ်ရော အိန္ဒိယကပါ မြန်မာပြည်မှ သဘာဝဓာတ်ငွေ့ကို ရယူရန် နည်းမျိုးစုံနှင့် ကြိုးပမ်းနေကြ၏။ လျှပ်စစ်ဓာတ်အား အမြောက်အမြားရယူရန် ကြိုးပမ်းသော 'မြစ်ဆုံ' ဆည် စီမံကိန်းကား မြန်မာပြည်သူလူထုအများစု သိသိသာသာ ကန့်ကွက်ထားမှုကြောင့် အကောင်အထည် မဖော်နိုင်သေး။ သို့သော် တရုတ်က ဘက်စုံထောင့်စုံမှနေ၍ 'မြစ်ဆုံ'စီမံကိန်း ပြန်လည်စတင်ရန် ကြိုးပမ်းနေဆဲ။

❖❖❖

တရုတ်ပြည်တွင် အဓိက ရင်ဆိုင်နေရသည့် ပြဿနာကား လေထုညစ်ညမ်းမှုဖြစ်၏။ မြို့များစွာတွင် ပြူတင်းပေါက်ဖွင့်လိုက်သည်နှင့် စူးစူးဝါးဝါး အပုပ်နံ့ကြီးကို မရှောင်မလွှဲ ရှူကြရမည်။ တကယ်တော့ ပြင်ပလေထဲမှ အနံ့ဆိုးမဟုတ်။ လေကပင် အနံ့ဆိုးတွေစွဲနေတာ ဖြစ်၏။ ရေကန်တွေကလည်း ကြည်ကြည်လင်လင် မရှိ။ မည်းနက်နေ၏။ ဓာတုပစ္စည်းတွေ ပျော်ဝင်နေပြီး ရေကမသန့်။

ကမ္ဘာပေါ်တွင် အသက်ရှူရအဆိုးဆုံး နေရာကိုပြပါဆိုလျှင် တရုတ်ပြည်က 'ချီကျင်း'မြို့ကို ပြရမည်။ လူဦးရေ သန်း ၃၀ လောက်နေထိုင်၏။ အမေရိကန်ပြည် ကာလီဖိုးနီးယားပြည်နယ်နှင့် လူနေသိပ်သည်းမှု အရွယ်အစားတူ၏။ မြို့များတွင် မိုးမျှော်တိုက်တွေက မြို့ကို အလှဆင်ထား၏။ သို့သော် လမ်းမပေါ်တွင်ကား အလုပ်ကြမ်းသမားတွေ နေရာအနှံ့ တွေ့ရ၏။ သူတို့က အထုပ်အပိုးသယ်သူတွေ။ အဆောက်အဦပစ္စည်းတွေကအစ ကုန်စိမ်းပစ္စည်းတွေအထိ သယ်ရ၏။ ဝါးလုံးကို တံပိုးလုပ်ပြီး တစ်ဖက်တစ်ချက်တွင် ပစ္စည်းတွေထည့်ကာ ပခုံးထမ်းပြီး ဟိုမှသည်သို့ သွားလာနေကြရ၏။ လုပ်အားခက တစ်နာရီကို ဆင့် ၆၀ လောက်သာရ၏။ မြန်မာငွေ တစ်ထောင်ပင် မပြည့်။ သူတို့အဖို့ ခြေထောက်သန်မာဖို့ လိုသကဲ့သို့ အဆုတ်လည်း အားကောင်းရမည်။ သို့သော် ရှူရသောလေက မသန့်။ အမြဲပင် နှခင်းကြောင်တောင် မှောင်မည်းနေတတ်၏။ မီးခိုးငွေ့များကြားမှ နေရောင်ကို ပျပျလေးသာ မြင်ရ၏။ မိုးထိထိုးထွက်နေသော မိုးမျှော်တိုက်တွေပင် မီးခိုးငွေ့ထဲမှာ ပျောက်နေတတ်၏။ မြို့ထဲမှာသာ လေထုက ညစ်ညမ်းနေသည် မဟုတ်။ မြို့ပြင်မှာလည်း အသက်ရှူကြပ်၏။ သစ်ပင်များ၏ သစ်ရွက်

အားလုံးလိုလို ကျောက်မီးသွေးမိုင်းတွင်းမှထွက်သော ဖုန်မှုန့်အမဲတွေ ကပ်နေ၏။ ကမ္ဘာပေါ်တွင် အက်ဆစ်မိုးအရွာဆုံးက 'ချုံကျင်း'။

'ချုံကျင်း' သာမက တရုတ်ပြည်၏ မြို့ကြီး ၂၀၀ ကျော်ကို ကမ္ဘာ ကုလသမဂ္ဂက မသန့်ရှင်းသောမြို့များအဖြစ် သတ်မှတ်ထား၏။ နေထိုင်သူ အများစုသည် အဆုတ်ရောဂါကို ခံစားကြရ၏။ ကမ္ဘာ့လေမသန့်ဆုံး မြို့ပေါင်း ၂၀ တွင် သုံးမြို့က အိန္ဒိယနှင့် တရုတ်တွင် ရှိ၏။

တရုတ်ရော အိန္ဒိယပါ ၎င်းတို့၏ စွမ်းအင်အတွက် ကျောက်မီးသွေးကို အဓိကသုံးစွဲကြ၏။ အိမ်မှာ ထမင်းဟင်းချက်တာကအစ လျှပ်စစ်ဓာတ်အားအထိ ကျောက်မီးသွေးမပါလျှင် မဖြစ်။ အိန္ဒိယ၏ စွမ်းအင်သုံးစွဲမှု တစ်ဝက်သည် ကျောက်မီးသွေး၊ တရုတ်၏စွမ်းအင်သုံးပုံနှစ်ပုံသည် ကျောက်မီးသွေး၊ နှစ်နိုင်ငံစလုံး ကျောက်မီးသွေး အထွက်များကြ၏။

တရုတ်ပြည်၏ မြို့တော် 'ပေကျင်း'သည် ကမ္ဘာပေါ်တွင် လေမသန့်ဆုံး ၁၃ နိုင်ငံမြောက် စာရင်းထဲတွင် ပါဝင်၏။ တစ်မြို့လုံး အနံ့အသက်က မကောင်း။ တရုတ်ပြည်၏ မြို့ကြီးအချို့တွင် သဲမှုန်တိုင်းတွေကျ၏။ အနီးအနားရှိ ဂိုဘိသဲကန္တာရက သဲမုန်တိုင်းများကြောင့် တစ်မြို့လုံး အဝါရောင်ဖြစ်ကုန်၏။ လမ်းလျှောက်သူ၊ စက်ဘီးစီးသူအားလုံး ပါးစပ်နှင့် ခေါင်းတွင် ပဝါစည်းပြီးမှ အပြင်ထွက်၍ရ၏။

'ပေကျင်း'တွင် 'မိုးပြာရောင်နေ့များ' ဆိုသည်ကို လက်ချိုးရေတွက်၍ ရ၏။ လေအရည်အသွေးကောင်းသည် မဆိုးပါ ဆိုသောနေ့တွေက 'မိုးပြာရောင် နေ့တွေ' ဖြစ်၏။ ၂၀၀၆ ခုနှစ် စာရင်းအရ တစ်လတွင် 'မိုးပြာရောင်နေ့' က ၉ ရက်သာ ရှိ၏။ 'ပေကျင်း'၏ လေထုညစ်ညမ်းမှုက အမေရိကန်တိုင်းတာမှုစနစ်အရမူ လေးဆ ပိုဆိုးနေသည် ဆို၏။

လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားသောရောဂါများကို ကုသစရိတ်က တရုတ်ပြည်တွင် တစ်နှစ်ကို ဒေါ်လာ ၅၄ ဘီလျံ ကုန်ကျ၏။ တစ်နှစ်ကို လူပေါင်း ၁၇၈,၀၀၀ အသက်တိုကြ၏။ ၂၀၀၁ မှ ၂၀၁၀ ကြားတွင် မသေသင့်ဘဲ အချိန်စောသေသူပေါင်းက နှစ်ဆတိုးလာမည်ဟု တွက်ထားကြ၏။ ထိုလေထုညစ်ညမ်းမှုကြောင့် သေသူ တစ်နှစ်ကို ခြောက်သိန်းခန့် ရှိမည်ဟု ခန့်မှန်းရ၏။

တရုတ်ပြည်တွင် ဆိုရိုးစကားတစ်ခုပင် ပေါ်လာ၏။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည် မဟုတ်၊ အသက်ရှူခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည်ဟူ၍။

ကမ္ဘာ့ဘဏ်၏အဆိုအရ 'ဒေလီ' နှင့် 'ကာလကတ္တား' သည်လည်း လေထုညစ်ညမ်း၏။ အမေရိက၏ လေထုညစ်ညမ်းသော မြို့တွေထက် အိန္ဒိယ၏ မြို့ကြီးတွေက ရှစ်ဆမှ ဆယ်ဆထိ ပိုညစ်ညမ်း၏။ အိန္ဒိယ၏ ဒွမ်းအင်သုံးစွဲမှုက တိုးတက်နေ၏။ ၁၉၈၈ မှ ၂၀၀၅ တွင် ၃၀၁ ရာခိုင်နှုန်း ပိုတက်၏။ တရုတ်၏ ၂၈၃ ရာခိုင်နှုန်းထက်ပင် ပို၏။ သို့ဖြင့် လေထုညစ်ညမ်းမှုတွေ ပိုများလာသည်။ ၂၀၀၁ မှ ၂၀၂၀ အတွင်း အိန္ဒိယတွင် မြို့ပြနေ လူပေါင်း ၅ သိန်းနီးပါး မသေသင့်ဘဲ အသက်ရှူလမ်းကြောင်းရောဂါဖြင့် သေကြသည်။ အိမ်ပြင်မှာသာမက အိမ်ထဲတွင်လည်း မီးသွေးမီးဖိုမှထွက်လာသော ညှော်နံ့များကြောင့် ရောဂါဖြစ်သည်။ အိမ်တွင်းလေ မသန့်မှုက ရောဂါမျိုးစုံ၏ ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းထိရှိ၏။ ကလေးများ အသက်ရှူလေပြွန်ရောဂါ ရကြသည်။ လူကြီးတွေက အဆုတ်ကင်ဆာ။

လေသာမက တရုတ်ပြည်တွင် သောက်ရေကလည်း သောက်၍မရ။ တရုတ်ပြည်၏ မြစ်များထဲမှ သုံးပုံတစ်ပုံက ညစ်ညမ်းနေ၏။ စိုက်ပျိုးရေးအတွက်ရော၊ စက်မှုလုပ်ငန်းအတွက်ပါ မသင့်တော်သောရေတွေ ဖြစ်၏။ စက်ရုံများ၊ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရုံများအနီးတွင် နေထိုင်သူအများစုမှာ ကင်ဆာရောဂါရကြောင်း သုတေသနတွင် တွေ့ရ၏။ စက်ရုံများမှ အညစ်အကြေးတွေကြောင့် နာမည်ကျော် ယန်စီမြစ်က ရေနေသတ္တဝါတွေကို သေစေသကဲ့သို့ ရေကလည်း ကင်ဆာဖြစ်စေသည့်ရေဖြစ်သည်ဟု အစိုးရပိုင် 'ဆင်ဟွာ' သတင်းဌာနက သတင်းရေး၏။

"တရုတ်ပြည်ရဲ့ အနာဂတ်ကို စကားလုံးတိုတိုနဲ့ ဖြေပါလို့ဆိုရင် ဖြေမယ်။ အဲဒါက ရေပဲ"ဟု အမေရိကန်နိုင်ငံခြားရေးဌာန အကြံပေးပုဂ္ဂိုလ် 'ကက်နက်လီဘာမယ်လ်'က ပြော၏။ လူဦးရေအများဆုံး တရုတ်နိုင်ငံတွင် ရေသန့်က ၈ ရာခိုင်နှုန်းသာရှိ၏။ ကမ္ဘာ့လူဦးရေအတွက် ၂၂ ရာခိုင်နှုန်းရှိ၏။ တရုတ်ပြည်တွင် စက်မှုထွန်းကားလာခြင်းနှင့် လူဦးရေတိုးပွားလာခြင်းကြောင့် ရေက ပိုရှားလာ၏။ မြို့ပြတွေ၊ စက်ရုံတွေက ရေတွေ ပိုသုံး

၏။ ရေပြတ်လတ်သဖြင့် သီးနှံထွက်နှုန်းပင် ၈ ရာခိုင်နှုန်းထိကျလာ၏။

တရုတ်ခေါင်းဆောင်များက ရေကို မည်သို့ ဝေပုံကျသုံးစွဲရမည့် ကိစ္စကို ခေါင်းခဲနေကြ၏။ မိုးပိုကောင်းသော တောင်ပိုင်းမှ ရေကို ပိုမို ခြောက်သွေ့သော မြောက်ဘက်သို့ ပြောင်းရရင်ကောင်းမလား။ တရုတ်ပြည် အနောက်ဘက်မှ ရေကို ငတ်မွတ်နေ၏။ အရှေ့ဘက်ကို ဘယ်လိုပြောင်း ပေးမည်နည်း။ သဲကန္တာရတွေက ပိုကျယ်လာ၏။ လယ်တောတွေက ခြောက် သွေ့ကုန်၏။ အဆိပ်ရေတွေ သုံးစွဲနေရသော ဒေသတွင် ကင်ဆာဖြစ်နှုန်း တွေ များလာပြီ။ 'ရှင်းကျင့်' ကဲ့သို့သော တရုတ်ပြည်မှ မြို့အချို့သည် ကမ္ဘာပေါ်တွင် လူတစ်ဦးခြင်း သုံးစွဲနေရသော ရေ၏ သုံးပုံတစ်ပုံကိုသာ သုံးနေရ၏။

တရုတ်ပြည်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ အနာဂတ်တွင် ကြုံကြရဦးမည်။ တရုတ်ပြည်တွင် လုပ်အားစွမ်းပကား အပြည့်အဝရှိသော အသက် ၁၈ မှ ၃၅ အတွင်း လူတွေ လျော့နည်းလာပြီ။ အငြိမ်းစားယူမည့်သူတွေကို ထောက်ပံ့စရာပိုလာ၏။ ကျေးလက်မှ ပုဂ္ဂိုလ် များ၏ ဝင်ငွေကို မြို့နေလူတန်းစားနှင့် ညီအောင် မညှိပေးနိုင်ပါက လူမှု ရေး တင်းကြပ်မှုတွေ ပေါက်ကွဲလာမည်။

ယခု လောလောဆယ်ကား အိန္ဒိယနှင့် တရုတ်တို့၏ စီးပွားရေးက တိုးပွားလာနေ၏။ ကမ္ဘာ့ထိပ်ဆုံးသို့ ရောက်လာကြပြီ။ အရင်းရှင်လမ်း ကြောင်းလိုက်သဖြင့် အိန္ဒိယနှင့် တရုတ်ပြည်သူ သန်း ရာပေါင်းများစွာသည် ချမ်းသာလာကြ၏။ လူနေမှုဘဝ တိုးတက်မြင့်မားလာကြ၏။ ကမ္ဘာတစ်ဝန်း တိုးတက်လာသော ကုန်သွယ်ရေးကြောင့် နိုင်ငံတွေ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပိုမိုနီးကပ်လာကြ၏။ အီးမေးလ်တွေ၊ ဖုန်းတွေကြောင့် ကမ္ဘာကြီးက ကျုံ့ လာ၏။ ပထဝီနိုင်ငံရေး အရွေ့ကား ကြီးမားလှ၏။ စီးပွားရေးဖွံ့ဖြိုးမှုများ ကလည်း ပိုမိုကြီးမားသော ညှိနှိုင်းမှုများဖြစ်စေရန် တွန်းအားပေးမည်။ ဤသည်မှာ အိန္ဒိယနှင့် တရုတ်တွင်သာမဟုတ်။ ကမ္ဘာတစ်ခုလုံးတွင် ဖြစ် လာမည်။

၀

## (၈)

## အပြိုင်အဆိုင် သုံးသပ်ချက်

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဟောင်း 'ရောဘတ်ရူဘင်'သည် 'ပတ်(စ်)ရိပ်သာ'ကို ဆီးကြည့်နိုင်သော ရုံးပေါ်မှာထိုင်နေရင်း အိန္ဒိယ၊ ဘရုတ်တို့ကြောင့် အမေရိက မည်သို့ဖြစ်လာမည်ကို စဉ်းစားခန်းဖွင့်နေ၏။ သူက မျက်မှောင်ကုတ်ကာ အတွေးရေယဉ်ကြောတွင် မျောနေ၏။ နောက်ဆုံးမှ သူ့နှုတ်ဖျားက စကားတွေ ဖွင့်အန်ကျလာသည်။

"အပြောင်းအလဲကတော့ ရောမပဲ။ လူတွေက အနာဂတ်အတွက် စိတ်မသက်မသာ ဖြစ်ကြရမယ်။ စိတ်မသက်မသာလည်း ဖြစ်သင့်ကြပါတယ်"

သူသာလျှင် စိုးရိမ်ပူပန်နေသူ တစ်ဦးတည်းသောပုဂ္ဂိုလ် မဟုတ်။ နိုင်ငံ၏ တစ်ဘက်ခြမ်းတွင်ရှိနေသော၊ နိုင်ငံရေးအရလည်း အစွန်းတစ်ဖက်ကျနေသော ရီပတ်ပလီကန်အမတ် 'ပွါန်ချန်း'ကလည်း ဤမေးခွန်းကိုပင် စဉ်းစားကြည့်နေ၏။ သူက ကမ္ဘာ့စီးပွားရေးနယ်ပယ်ကို ထဲထဲဝင်ဝင် နားလည်သိကျွမ်းသူ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် 'ဘင်နီဒစ်အာနိုးလ် ဒီမီးအို' စီးပွားရေးအုပ်စု၏ အစုရှယ်ယာဝင်တစ်ဦးလည်း ဖြစ်၏။ လွန်ခဲ့သော နှစ်အနည်းငယ်က 'မစ္စတာချန်း'သည် အိန္ဒိယနှင့် တရုတ်နိုင်ငံမှ အလုပ်သမား ရာပေါင်းများစွာကို သူ၏ ကာလီဖိုးနီးယားဆော့ဖ်ဝဲကုမ္ပဏီ ဖြစ်သော 'ဆီးဆော့(စ်)'ကုမ္ပဏီအတွက် ငှားရမ်းခဲ့၏။ ထိုအတွက် သူစိတ်ကောင်းဖြစ်မိသည်ဟုလည်း ပြော၏။ တကယ်တော့ သူ့ကုမ္ပဏီတွင်

အမေရိကန်ဝန်ထမ်းများကိုသာ ငှားလို၏။ သို့သော် ငွေရေးကြေးရေးအခြေ အနေအရ တရုတ်နှင့် အိန္ဒိယလုပ်သားများက လုပ်ခဈေးနှုန်းသက်သာသဖြင့် ငှားရမ်းရခြင်း ဖြစ်၏။

'မစ္စတာချန်' ကိုယ်တိုင်ကလည်း တပြည်သူတပြည်သား ဖြစ်၏။ သူ့မိဘများက ကွန်မြူနစ်ပါတီတက်လာချိန်တွင် ရှန်ဟဲမှ ဟောင်ကောင်သို့ ထွက်ပြေးလာကြ၏။ သူ ကလေးဘဝတစ်လျှောက်လုံး အိမ်ခန်းကျဉ်းလေးထဲတွင် မိသားစုတပြုံတမကြီး ကြပ်ကြပ်သတ်သတ်နေခဲ့ကြရ၏။ ထမင်းစားစားပွဲအဖြစ် သေတ္တာတစ်လုံးပေါ်တွင် စားပွဲခင်း ခင်းကာ စားသောက်ကြရ၏။ 'မစ္စတာချန်'၏ ဖခင်က ရှန်ဟဲတက္ကသိုလ်မှ ဘွဲ့ရခဲ့၏။ သို့သော် ဟောင်ကောင်မှာကျတော့ စက်ရုံလုပ်သားအနေနှင့် တဝမ်းတခါး ရှာစားရ၏။ သူ၏ သားသမီးများကိုကား ကျောင်းကောင်းကောင်းမှာ ပညာသင်စေ၏။ 'မစ္စတာချန်'က စာကြိုးစား၏။ တစ်နေ့တွင် အမေရိကမှာ ပညာသင်မည်ဟု ရည်မှန်းခဲ့၏။ တကယ်လည်း သူ့ရည်မှန်းချက်ပြည့်ဝ၏။ အမေရိကတွင် အောက်ခြေသိမ်းအလုပ်များစွာကို လုပ်ကိုင်ရင်း ပညာရှာခဲ့၏။ သူ၏ ကြိုးစားမှုကြောင့် အသက် ၄၃ နှစ်တွင် 'ဆီးဆော့စ်'ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဖြစ်လာ၏။ သူက အိန္ဒိယနှင့် တရုတ်မှ လုပ်သားများကိုခေါ် အလုပ်ခန့်ကာ အလုပ်တိုးချဲ့၏။ ပထမတွင် တရုတ်လုပ်သား လေးရာကျော် ငှား၏။ နောက်တော့ အိန္ဒိယမှ လုပ်သားတွေခေါ်၏။ အိန္ဒိယမှ ငှားရမ်းခဲ့သူပေါင်း ၂၀၀ ကျော်။

"တကယ်တော့ ကိုယ့်နိုင်ငံသားတွေ မခေါ်ဘဲ သူတို့ကို ခေါ်ခန့်ရတာ ရှက်စရာပဲ။ သူတို့က အမေရိကမှာ လစာကောင်းကောင်းရလာကြတယ်"ဟု သူက ဝန်ခံ၏။

တရုတ်နှင့် အိန္ဒိယလူမျိုး တစ်ဘီလျံခန့်သည် ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ဝင်ရောက်လုပ်ကိုင်နေကြပြီ။

"အမေရိကန်လူမျိုးတွေအနေနဲ့ စိန်ခေါ်မှုမျိုးစုံ ရင်ဆိုင်ရတော့မယ်။ ပြိုင်ဆိုင်မှုက သိပ်ကြီးလာပြီ။ ဒါဟာ အမေရိကန်နိုင်ငံကို စတင်တည်ထောင်ပြီး နှစ် ၁၀၀ အကြာမှာ ပထမဆုံးကြုံတွေ့ရတဲ့ အခက်အခဲပဲ"ဟု 'မစ္စတာချန်'က ပြောသည်။

'မော်ဂန်စတင်လီ' စီးပွားရေးလုပ်ငန်းစုကြီး၏ ဘောဂဗေဒအရာရှိချုပ် 'စတီဖင်ရိုး'သည် နယူးရောက်တွင် ရုံးထိုင်ရသည်ထက် တကယ်တမ်း အချိန်ကုန်လွန်ရတာက အိန္ဒိယနှင့် တရုတ်ပြည်တွင် ဖြစ်၏။ ကမ္ဘာ့စီးပွားရေး အချက်အချာက အနောက်နိုင်ငံမှာ မဟုတ်တော့။ အိန္ဒိယနှင့် တရုတ်တွင် ဖြစ်နေပြီ။ အိန္ဒိယနှင့် တရုတ် တိုးတက်လာကြ၍ ကမ္ဘာ့စီးပွားရေးကို ဓောက်ထိုးမိုးမျှော် ဖြစ်စေ၏။ အမေရိကန်တို့ ဘာမှမတတ်နိုင်။ သက်ပိုက်ကြည့်နေရုံသာ။ သူတို့ရှေ့မှ တဖျတ်ဖျတ် တိုးတက်သွားသော အိန္ဒိယနှင့် တရုတ်ကိုသာ မျက်လုံးပြူးမျက်ဆံပြူးနှင့် ကြည့်နေရုံသာ။

❖❖❖

တရုတ်နှင့် အိန္ဒိယသည် ရန်သူလား၊ မိတ်ဆွေလား။ အိန္ဒိယနှင့် တရုတ် တိုးတက်လာခြင်းသည် အခြားနိုင်ငံများအဖို့ အကောင်းလား၊ အဆိုးလား။ အကြီးကျယ်ဆုံး အပြောင်းအလဲတွေကတော့ အထင်အရှားပင်။ ပြိုင်ဆိုင်မှုသစ်တွေက အများအပြား။ မမျှော်လင့်သော ရင်းမြစ်တွေရှိ၏။ မမြင်ရသော အဆက်အစပ်တွေရှိ၏။ စီးပွားရေးအရွေ့က မှန်းဆ၍ပင်မရတော့။ ပုံသေနည်းချ၍ မရ။ ဟောကိန်းထုတ်၍ မမှန်နိုင်တော့။ အလွန်ရှုပ်ထွေး ပွေလိမ်လှ၏။

တရုတ်နှင့် အိန္ဒိယ ရောမဘီလူးကြီးနှစ်ကောင် နိုးထလာခြင်းသည် ကမ္ဘာ့စီးပွားရေးလောကကို အရှိန်အဟုန်ကြီးစွာ ဂယက်ထစေ၏။ အမေရိကအတွက်တော့ အကျိုးအမြတ်ကြီးစွာရ၏။ သူ၏ ထုတ်ကုန်အများစုကို ဤနှစ်နိုင်ငံက အကြီးအကျယ်ဝယ်ယူသုံးစွဲရာ ဈေးကွက်ကြီး နှစ်နိုင်ငံရှိခြင်းပင် ဖြစ်၏။ တရုတ်နှင့် အိန္ဒိယတွင် စက်ရုံများသွားတည်ထားသော အမေရိကန်ကုမ္ပဏီများသည် သူတို့ပစ္စည်းကို ဈေးသက်သက်သာသာ ရောင်းနိုင်၏။ အမေရိကန်ပြည်သူများအနေနှင့်လည်း ယခင် တစ်ဒေါ်လာတန်ပစ္စည်းကို ယခု ဆင့် ၆၀ လောက်နှင့် ဝယ်နိုင်သဖြင့် အဆင်ပြေ၏။ 'ဝေါလ်မက်' နှင့် အခြား အမေရိကန်ဆိုင်ကြီးများ ပိုမိုတိုးတက်ချမ်းသာကြ၏။ 'ဝေါလ်မက်'၊ 'ဂူးလ်ဝပ်သ်'စသော ကုန်ပဒေသာတိုက်ကြီးများ။ ဂျပန်၏ 'ယန်း ၁၀၀' စတိုးများတွင် ကုန်ပစ္စည်းမျိုးစုံ သက်သက်သာသာနှင့်

ဝယ်ယူ ရရှိကြ၏။ တစ်ချိန်တည်းမှာပင် အမေရိကန်လူမျိုးတို့အနေနှင့်ကား အလုပ်လက်မဲ့ ပိုများလာ၏။ အလုပ်အကိုင် အခွင့်အလမ်း ပိုရှားလာ၏။ သူတို့၏ အလုပ်နေရာများကို တရုတ်နှင့် အိန္ဒိယကျွမ်းကျင်လုပ်သားတွေ၊ ပညာရှင်တွေ အစားထိုး ဝင်ရောက်လာ၏။

အမေရိကန်လူမျိုးတို့က တရုတ်ပစ္စည်းဝယ်ယူမှုသည် တရုတ်က အမေရိကန်ပစ္စည်းဝယ်ယူမှုထက် အဆမတန်ပိုများ၏။ ထို့ကြောင့် တရုတ်အစိုးရတွင် အမေရိကန်ဒေါ်လာ အရန်ငွေ တစ်ပုံတစ်ပင် စုဆောင်းရရှိထား၏။ ၂၀၀၆ ခုနှစ် စာရင်းအရ တရုတ်တွင် နိုင်ငံခြားအရန်ငွေ စုစုပေါင်း ဒေါ်လာ ၁.၁ ထရီလျံ ရှိ၏။ ထိုသို့သော ပမာဏမျိုး ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ မရှိ။ တရုတ်၏ နိုင်ငံခြားငွေ အပိုအရန်ငွေသည် ၂၀၀၂ ကထက် ၂၀၀၆ တွင် သုံးဆတိုး၏။ တရုတ်တို့ကို ကျေးဇူးတင်ရသည်မှာ စာချုပ်ဈေး၏ အတိုးနှုန်းများ ကျဆင်းလာသည့်ရလဒ်ကို အမေရိကန်ပြည်သူတို့ ခံစားရခြင်း ဖြစ်၏။ အတိုးနှုန်းသက်သာလာ၍ အမေရိကတွင် အိမ်ခြံမြေ အရောင်းတွေ တက်လာ၏။ အတိုးနှုန်းသက်သက်သာသာနှင့် အိမ်တွေ၊ ကားတွေ ဝယ်နိုင်၊ ငွေချေးနိုင်လာ၏။ အမေရိကန်ပြည်သူတွေက အရာရာကို ပေါပေါလောလောဝယ်နိုင်လာကြ၏။ ထိုအထဲတွင် တရုတ်ပစ္စည်းက အများဆုံး။

ကမ္ဘာ့စီးပွားရေးကို မည်သို့ဆက်နွယ်ရိုက်ခတ်သည်ကို ဥပမာတစ်ခု ပြပါမည်။

'ကင်ဆပ်(စ်)'ပြည်နယ်မှ မြို့တစ်မြို့တွင် အိမ်ဝယ်သည် ဆိုပါစို့။ သူက ဒေါ်လာ ၂၂၅,၀၀၀ တန် အိမ်ဝယ်ရန် ဒေါ်လာ ၁၅၀,၀၀၀ ချေးနှင့် အတိုး ၆.၅ ရာခိုင်နှုန်းပေးရသည်လည်း အရစ်ကျအနေနှင့် ဒေါ်လာ ၉၅၀ ပေးရမည်။ ဘောဂဗေဒပညာရှင်ဆရာ၏ တွက်ချက်မှုအရဆိုလျှင် တရုတ် ၏ အတိုးနှုန်းအပေါ် ဖိအားသာမရှိလျှင် သူက အတိုး ၇.၅ ရာခိုင်နှုန်း ပေးရမည်။ ထိုအခါ တစ်လကို ဒေါ်လာ ၁၀၀ ပိုလာမည်။ တစ်နှစ်ကို ဒေါ်လာ ၁၂၀၀။ ယခုတော့ ထိုဒေါ်လာ ၁၂၀၀ ကို သူ သုံးနိုင်၏။ ထို့ကြောင့် တရုတ်ကို ကျေးဇူးတင်ရမည်။

အမေရိကန်လူမျိုးတို့ အိမ်တွေ ပိုမိုဝယ်လာကြရာ အိမ်ဈေးကွက်

တွေက ပိုတက်လာ၏။ ငါးနှစ်အတွင်းတွင် ၂၂၅,၀၀၀ ဒေါ်လာနှင့် ဝယ်ထားသော အိမ်က ဒေါ်လာ ၃၅,၀၀၀ ။ ထိုအခါ အိမ်တန်ဖိုးငွေမှ တော်တော်များများကို အကြွေးပြန်ဆပ်လာနိုင်သည်။

တစ်ချိန်တည်းမှာပင် တရုတ်ယွမ်တန်ဖိုးတွေ တက်လာ၏။ တရုတ်ကုန်ပစ္စည်းများမှာ ပြိုင်ဖက်မရှိ ကမ္ဘာပေါ်တွင် အလုံးအရင်းနှင့် ရောင်းနေရာ ယွမ်တန်ဖိုး တရိပ်ရိပ်တက်လာ၏။ တရုတ်ကုမ္ပဏီများက သူတို့၏ပစ္စည်း ပိုဈေးမာစေရန် စက်ရုံအချို့ကို အိန္ဒိယနှင့် ဗီယက်နမ်သို့ ပြောင်းရွှေ့ကာ ပိုမိုသက်သာသော လုပ်အားခကို ရယူကြ၏။ ထိုမျှသက်သာသော ဈေးနှုန်းကို အမေရိကန်ကုမ္ပဏီတို့ မည်သို့မျှ မပြိုင်ဆိုင်နိုင်ဘဲ နောက်ကောက်ကျကြရ၏။

❖❖❖

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကိုအတူတကွ ပူးပေါင်းလုပ်ကိုင်ကြသော ပလေယာအားလုံး အကျိုးအမြတ်ရကြ၏။ ဆယ်စုနှစ်အတွင်းတွင် ထိုပုံစံပေါ်ထွန်းလာ၏။

တရုတ်က ကမ္ဘာ့အကြီးဆုံးစက်ရုံနိုင်ငံ၊ အမေရိကန်က ကမ္ဘာ့အကြီးဆုံး ဝယ်ယူစားသုံးသူ၊ အိန္ဒိယက ကမ္ဘာ့စီးပွားရေးအတွက် စီမံအုပ်ချုပ်မည့်ရုံး။

စီးပွားရေးထွန်းကားလာမှုနှင့်အတူ နိုင်ငံရေးကလည်း ပြောင်းလဲလာသည်။

ဥပမာ- တရုတ်သည် သူ၏အကြီးဆုံးဖောက်သည်နိုင်ငံ ဖြစ်သော အမေရိကန်နှင့် မိတ်မပျက်အောင် ဆက်ဆံ၏။ 'ဝေါလ်မတ်'တို့ကဲ့သို့ ကုန်ပဒေသာတိုက်ကြီးများက တရုတ်ပစ္စည်းတွေ မဝယ်လျှင် တရုတ်အလုပ်သမား သန်းပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်ကုန်မည်။ ထိုအခါ သူတို့အစိုးရအပေါ် ဒေါသဖြစ်မည်။ 'ဆင်းရဲနွမ်းပါးခြင်းသည် ပုန်ကန်မှု၏အရင်းအမြစ် ဖြစ်သည်'ဟူသော ဆိုရိုးစကားအတိုင်း အစိုးရအပေါ် မကျေနပ်ဖြစ်မှုတွေကြောင့် ဆန္ဒပြပွဲများဖြစ်လာကာ နိုင်ငံရေးမတည်ငြိမ်မှုတွေဖြစ်လာမည်။ နိုင်ငံရေးတည်ငြိမ်မှုသည် တရုတ်အစိုးရ၏ အလိုလားဆုံး

ဆန္ဒဖြစ်၏။ ထို့ကြောင့် လူတွေကို ချမ်းသာအဆင်ပြေအောင် ကြိုးစားပေးသည်။ အာမတောင့်လျှင် သီလစောင့်ကြပြီး တိုင်းပြည်တည်ငြိမ်မည် မဟုတ်ပါလား။ အိန္ဒိယအစိုးရသည်လည်း တိုင်းပြည်စီးပွားရေး တိုးသည်ထက် တိုးရန်၊ ပြည်သူတွေ ချောင်လည်ချမ်းသာအောင် ကြိုးစားနေသည်။ နိုင်ငံရေး တည်ငြိမ်ပြီး အုပ်ချုပ်သူအစိုးရ တည်မြဲလိုလျှင် တိုင်းပြည်စီးပွားရေး တိုးတက်အောင်၊ ပြည်သူတွေ ချမ်သာချောင်လည်အောင် လုပ်ရမည်ဟူသော သင်ခန်းစာ ထင်ထင်ရှားရှားရ၏။

❖❖❖

'မစ္စတာချန်'သည် အမေရိကန်မွေး၊ အမေရိကန်ကြီး သူ၏သားသမီးများကို 'မန်ဒါရင်'တရုတ်ဘာသာစကားကို ဖိဖိစီးစီး သင်ပေး၏။ တစ်နှစ်တစ်ခါ ဟောင်ကောင်သို့သွားကာ တရုတ်ကျောင်းသုံးစာအုပ်များဝယ်ပြီး သူ့ကလေးတွေကို ပြ၏။ တရုတ်ကျောင်းသားများသည် ပိုမိုတိုးတက်သော သင်ခန်းစာများကို အတန်းတိုင်းတွင် သင်ပေးနေကြောင်း သူက ပြသသည်။

"အမေရိကန်ပညာရေးက ကမ္ဘာပေါ်မှာ အဆင့်အမြင့်ဆုံးပဲ။ ဒါပေမယ့် ပညာရေးရဲ့ အနှစ်သာရကို အသုံးမချနိုင်ကြဘူး။ တရုတ်ပညာရေးကတော့ လက်တွေ့ကျတဲ့ ပညာရေးပဲ"ဟု 'မစ္စတာချန်'က သုံးသပ်၏။

အမေရိကန်ပညာရေးတွင် သိပ္ပံနှင့် သင်္ချာကို တိုးမြှင့်သင်ကြားစေသင့်ကြောင်းလည်း ပညာရေးပါရဂူများက အကြံပေးကြ၏။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ ပညာရေးတွင် သင်္ချာနှင့် သိပ္ပံသင်ရိုးက မြင့်၏။ လက်တွေ့အသုံးချ၍ ရ၏။

အမေရိကပညာရေးသည် ကမ္ဘာလုံးဆိုင်ရာ လုပ်အားဈေးကွက်တွင် ပြိုင်ဆိုင်မှုပြုရန် အားနည်းနေ၏။ အမေရိကန်မှ ၁၅ နှစ်အရွယ် ကျောင်းသူကျောင်းသားများသည် ကမ္ဘာ့ပညာရေးပြိုင်ပွဲတွင် ဝင်ပြိုင်ရာ အဆင့် ၂၁ သာရ၏။ အမေရိကန်မှ ရှစ်တန်းကျောင်းသားသည် သင်္ချာတွင် အဆင့် ၁၅ သာရ၏။ သိပ္ပံပညာတွင် အဆင့် ၉ သာရ၏။

အပေါ်ယံအဆောက်အဦပိုင်းတွင်လည်း ပြုပြင်စရာတွေ လိုသေး၏။

"ကနေဒီလေဆိပ်နဲ့ ရှန်ဟဲလေဆိပ်ရောက်ရင် ဘယ်နိုင်ငံက ပို

ခေတ်မီသလဲဆိုတာ ကွဲကွဲပြားပြားသိမယ်''ဟု 'မစ္စတာရာဘင်'ကပြော၏။ တရုတ်ပြည်၏ လမ်းတွေက အမေရိကန်လမ်းတွေထက်ပိုသာ၏။ အမေရိကန် အဝေးပြေးလမ်းတွေက ၁၉၅၀ တဝိုက်တွင် တည်ဆောက်ခဲ့ရာ ယခုအခါ အတော်ဟောင်းနွမ်း စုတ်ပြတ်နေပြီ။

အင်တာနက်စနစ်ကို အမေရိကန်က တီထွင်ခဲ့သည်မှာ မှန်၏။ သို့သော် ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယတို့က မြန်နှုန်းပိုမြင့်၏။ အဆင့်မြင့် လက်ကိုင်တယ်လီဖုန်း ကွန်ရက်တွေရှိ၏။ အိန္ဒိယလယ်ကွင်းများကို ဖြတ်သွားသော ရထားပေါ်၌ ခရီးသည်များသည် သူတို့၏ လက်ပ်တော့ ကွန်ပျူတာများဖြင့် အင်တာနက်ကို အလွယ်တကူ သုံးနိုင်ကြ၏။ တရုတ်၏ မြေအောက်လမ်းတွင် သွားလာနေသော ကားပေါ်တွင် လက်ကိုင်ဖုန်း သုံး၍ရ၏။ ဒါမျိုး အမေရိကတွင် မရ။ ထိုသို့ ရနိုင်ရန် အမေရိကန်ကုမ္ပဏီ များက တရုတ်နှင့် အိန္ဒိယပညာရှင်များကို ငှားရမ်းလုပ်ကိုင်နေရ၏။

ဘောဂဗေဒပညာရှင် 'အယ်လန်ဘလိုင်ဒါ'က 'အမေရိကန်တွေက ကော်လာပြာဖြစ်ဖြစ်၊ ကော်လာဖြူဖြစ်ဖြစ်၊ သူတို့ရဲ့ အလုပ်တွေမှာ အာရုံ စိုက်လုပ်ဖို့၊ ပညာဖြည့်ဆည်းဖို့ လိုနေတယ်။ ယုတ်စွအဆုံး ဆံပင်ညှပ်အလှ ပြင်သူပဲ ဖြစ်ဖြစ်၊ အဝတ်အထည်ဒီဇိုင်းပညာရှင် ဖြစ်ဖြစ်၊ ပန်းအလှပြင်သူ ဖြစ်ဖြစ်က အစ ကိုယ့်ပညာကို ကိုယ်တန်ဖိုးထားတတ်ရမယ်။ ဒီအပိုင်းမှာ အမေရိကန်တွေ အများကြီးကြိုးစားကြဖို့ လိုနေတယ်'ဟု စိစစ်ဝေဖန်ကြ၏။

အိန္ဒိယ၏ အကြီးဆုံးကုမ္ပဏီကြီးဖြစ်သည့် 'အင်ဖိုဆီး(စ်)'၏ အမှု ဆောင် အရာရှိချုပ် 'နန်ဒန်နီလင်ကာနီ'က အမေရိကန်ကုမ္ပဏီများစွာကို အိန္ဒိယသို့ ဆွဲဆောင်ခဲ့သူ ဖြစ်၏။ သူက 'မစ္စတာဘလိုင်းဒါး'၏ စကားကို ထောက်ခံ၏။

''အိန္ဒိယက နည်းပညာရှင်တွေက ပိုမိုပြီး အဆင့်မြင့်တယ်။ ဥပမာ ဓာတ်ရောင်ခြည်ပါရဂူဆိုရင် ဘန်ဂလိုမြို့ကနေပြီး ဓာတ်ရောင်ခြည်အိပ်စ် ရေးကို လိုင်းပေါ်ကနေ ဖတ်ပြီး ကုသပေးနိုင်တယ်။ အိုင်တီပညာမှာတော့ အိန္ဒိယလူမျိုးကို ဘယ်သူမှ မမီဘူး''ဟု ဆို၏။

အိန္ဒိယလည်း စီးပွားရေးအပြောင်းအလဲ မှန်ကန်စွာလုပ်ပြီး ကမ္ဘာ့ အိပ်တန်းစီးပွားရေးလောကကို အခန့်သားရောက်ခဲ့ပြီ။

တရုတ်ကလည်း ကွန်မြူနစ်ဝါဒကို လက်ကိုင်ထားရင်း လွတ်လပ်သော စီးပွားရေးဝါဒကို ကျင့်သုံးခဲ့ရာ ကမ္ဘာပေါ်တွင် မယုံနိုင်သော အောင်မြင်မှုကို ရခဲ့ပြီ။

အမေရိကန်ကကော ပြောင်းစရာရှိတာ ပြောင်းလဲဝံ့ပါသလား။

အခြားနိုင်ငံများကရော။

အပြောင်းမှန်ရမည်။

အပြောင်းရဲရမည်။

ပေါ်လစီဖန်တီးသူတို့၏ အမြော်အမြင်၊ စေတနာ၊ ဉာဏ်ပညာ၊ သတ္တိတို့ပေါ်တွင် ထိုနိုင်ငံပြည်သူများ၏ ကံကြမ္မာက မူတည်နေပါသည်။

❖❖❖

၂၀၀၈ ခုနှစ် ဇန်နဝါရီတွင် အိန္ဒိယဝန်ကြီးချုပ် 'မန်မိုဟန်ဆင်း' သည် တရုတ်ပြည်သို့ ပထမဆုံးအကြိမ် ချစ်ကြည်ရေးခရီး လာရောက်ခဲ့၏။ 'ပေကျင်း'မြို့ကို လေယာဉ်ပေါ်မှ မဆင်းမီ သူ မမျှော်မှန်းထားတာတွေကို မြင်လိုက်ရ၏။ လွန်ခဲ့သော ငါးနှစ်က 'အကာလ်ဘီယာရီဗိုင်းပါရီ'သည် ကမ္ဘာ့အကြီးဆုံး လေဆိပ်သို့ရောက်ခဲ့၏။ အနာဂတ်ဗိသုကာလက်ရာပုံစံကို ဗိသုကာဆရာ 'နော်မန်ဖော်စကာ'က ဒီဇိုင်းဆွဲ တည်ဆောက်ထားသော လေဆိပ်ဖြစ်၏။ လေဆိပ်ပုံစံက နဂါးပုံစံ။

'မစ္စတာဆင်း'က သူ၏ သင်္ကေတဖြစ်သော အပြာရောင်ဘောင်းထုပ် ဝတ်ဆင်ကာ လေယာဉ်ပေါ်မှ ဆင်းသည်။ တရုတ်တာဝန်ရှိသူများက ခေတ်မီ အဆောက်အဦများ၊ ၂၀၀၅ အိုလံပစ်အတွက် ပြင်ဆင်ထားပုံများကို လိုက်ပြ၏။ ၂၀၀၇ တစ်နှစ်ထဲတွင် တရုတ်သည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၆၇ ဘီလျံဖိုး ရခဲ့သည်ကို 'မစ္စတာဆင်း' သိထား၏။ ဤပမာဏက အိန္ဒိယထက် ငါးဆပိုများသည်။

"တရုတ်ရဲ့ အံ့သြလောက်တဲ့ စီးပွားရေးတိုးတက်မှုကို အိန္ဒိယက ကျွန်တော်တို့အနေနဲ့ အထူး ချီးကျူးပါတယ်"ဟု ဘောဂဗေဒပညာရှင်တဖြစ်လဲ ဝန်ကြီးချုပ် 'မစ္စတာဆင်း'က ချီးကျူးစကားပြောသည်။

"အိန္ဒိယကလဲ ပြောင်းလဲနေပါတယ်။ တရုတ်ပြည်ရဲ့ အောင်မြင်မှု

...ာ ပြောင်းလဲဖို့အတွက် တွန်းအားဆိုတာ ကျွန်တော် ဝန်ခံပြောကြားလိုပါ ...ယ်''ဟုလည်း ပြော၏။

အိန္ဒိယ၏ စီးပွားရေးတိုးတက်နှုန်းသည် သုံးနှစ်အတွင်း ၉ ရာခိုင်နှုန်း ...ိ တိုးခဲ့၏။ သို့သော် တရုတ်ကို မမီနိုင်သေး။ 'ဘုံဘေ နိုင်ငံတကာ ...လေဆိပ်'က သနပ်ခါးလူးရုံမျှသာ ပြင်ဆင်ရသေး၏။ 'နယူးဒေလီ'လေဆိပ် ...ာ ယခင်အတိုင်း။

''အိန္ဒိယနိုင်ငံရော၊ တရုတ်နိုင်ငံပါ အလျင်အမြန်ပြောင်းလဲနေပါ ...ယ်။ တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံပေါင်းရင် လူဦးရေက ၂.၅ ဘီလျံရှိတယ်။ ...ီထွင်ဖန်တီးနိုင်စွမ်းတွေလည်းရှိရင် ကမ္ဘာကို လွှမ်းနိုင်ပါတယ်။ ကမ္ဘာ ...လည်း ဒါကို သိတယ်။ ဒါကိုလည်း စိတ်ဝင်တစားစောင့်ကြည့်နေကြ ...ယ်''ဟုလည်း တရုတ်ပညာရှင်များနှင့် တွေ့ဆုံပွဲတွင် ပြောခဲ့၏။

တရုတ်က အမေရိကန် 'မော်ဂန်စတန်လီ' လုပ်ငန်းစုကြီးတွင် ...ဒေါ်လာ ၅ ဘီလျံ ရင်းနှီးမြှုပ်နှံ၏။ 'ရာတန်တာတာ'၏ အိန္ဒိယကုမ္ပဏီ ...ဖြစ်သည့် 'တာတာ' ဓာတုလုပ်ငန်းက တရုတ်ပြည်မှ ထရုံနာမိုင်းကုမ္ပဏီ ...ို ဒေါ်လာ ၁ ဘီလျံနှင့် ဝယ်၏။

ဒေလီမြို့ပြင်ရှိ 'ဂါဂါအွန်'ဒေသသည် ဆီလီကွန်းတောင်ကြားအဖြစ် ...ခြင်းညခြင်း ပြောင်းလဲလာ၏။ ခေတ်မီရုံး အဆောက်အဦသစ်တွေ မှိုလို ...က် ပေါ်ထွက်လာ၏။ 'ဂါရာဝွန်'မှ 'နယူးဒေလီ'သို့သွားရာ ဟိုင်းဝေး ...မ်းမကြီးပေါ်တွင် နွားအချို့သွားလာနေသည်ကား အိန္ဒိယအမှတ်အသား ...ု ပြောရမည်လားမသိ။

တရုတ်ပြည်တွင်ကား ဘတ်စကတ်ဘော အားကစားနည်းသည် အမေရိကန်၏ ထင်ရှားသော ထုတ်ကုန်ဖြစ်လာ၏။ တရုတ်နိုင်ငံသား ...ယောင်မင်း'က ကမ္ဘာ့ဘတ်စကတ်ဘော ချန်ပီယံအဖြစ် ကျော်ကြားလာ ...၊ ပေကျင်းတစ်မြို့လုံးတွင် ဘတ်စကတ်ဘောကွင်းက လက်ညှိုးထိုးမလွဲ။ ...ခင်က တရုတ်ပြည်လမ်းမများပေါ်တွင် ပျားပန်းခတ်တွေ့ရသော စက်ဘီး ...ကြီးမှာ ပျောက်ခြင်းမလှပျောက်သွားကာ ခေတ်မီဇိမ်ခံကားတွေ တဝီဝီ ...းဆွဲနေကြ၏။ လေထုညစ်ညမ်းမှုကြားမှ တရုတ်ပြည်၏ ခေတ်မီသစ်လွင် ...သော အဆောက်အဦများက ထိုးဖောက်ထွက်နေကြ၏။

တရုတ်နှင့် အိန္ဒိယတိုးတက်လာမှု အရှိန်အဟုန်ကို မည်သူမျှ တားဆီး၍ မရ၊ ဆီး၍ မနိုင်။ သူတို့ကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများကို ကမ္ဘာတစ်ဝန်းလုံး မရှောင်သာ၊ မလွှဲသာ။ လုပ်စရာတစ်ခုပဲရှိ၏။ သူတို့ကို ရင်ဆိုင်၊ သဟဇာတမျှတအောင် နေထိုင်။

၀

## (၉)

# ပထဝီနိုင်ငံရေး လင်းယုန်၊ နဂါးနှင့် ဆင်တို့၏ ပြန်လည်စီစဉ်မှုများ

တရုတ်ပြည်တွင်ကား ဘာသာရေးပြဿနာသိပ်မရှိ။ ထာဝရဘုရားသခင်နှင့် ဘာသာရေးက အရေးမပါလှ။ ၇၀ ရာခိုင်နှုန်းကျော်က ဘာသာရေးမယုံကြည်သူများ ဖြစ်ကြ၏။ သူတို့ကိုယ်သူတို့ 'လွတ်လပ်သော တွေးခေါ်သူများ' ဟု ခေါ်ကြ၏။ ဤသည်မှာ ဗြိတိန်၊ အမေရိက၊ အီရန်၊ ဆော်ဒီအာရေဗျတို့နှင့် အဓိကခြားနားချက် ဖြစ်၏။ အလယ်ခေတ်ကပင်လျှင် ရှုးဆိတ်သာသနာပြုရဲမက်တွေက ဘာသာရေးကို အကြောင်းပြုကာ စစ်ပွဲတွေ ဆင်နွှဲခဲ့ကြ၏။ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့က သူတို့၏ပထဝီနိုင်ငံရေးပေါ်မူတည်ကာ ဩဇာထူထောင်ကြ၏။ တရုတ်ကတော့ သူတို့ယုံကြည်သော ကွန်ဖြူးရှပ်ဝါဒကို အတင်းအကြပ်ဝါဒဖြန့်မှုမရှိ။ အိန္ဒိယမှာတော့ ဘာသာရေးက အတော်ရှုပ်ထွေး၏။ အဓိကအားဖြင့် ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာတို့၏ အားပြိုင်မှုက ကြီးလှ၏။

မည်သို့ဆိုစေ တရုတ်ရော အိန္ဒိယပါ ပထဝီနိုင်ငံရေးအရ ဘာသာရေးကို ဦးစားမပေးကြ။ သူတို့၏ ရည်မှန်းချက်က တူသည်။ စီးပွားရေး။ ၂၀၀၆ ခုနှစ်တွင် 'တရုတ်ဗဟိုရုပ်မြင်သံကြား' မှ တင်ဆက်သော 'ပါဝါအင်အားကြီးနိုင်ငံများ၏ ပေါ်ထွန်းလာမှုနှင့် ကျရှုံးမှု' ဆိုသော ရုပ်သံဇာတ်လမ်း မှတ်တမ်းတွင်လည်း ထင်ရှား၏။ ဤမော်ကွန်းရုပ်ရှင်က အပိုင်း ၁၂ ပိုင်းရှိ၏။ 'ကနေဒီ' မှစ၍ 'မဟာသီယာမိုဟာမက်' အထိပါ၏။ တရုတ်

က ကိုလိုနီနိုင်ငံများ၊ အင်ပါယာများ၏ သမိုင်းကို လေ့လာ၏။ ပါဝါအင်အားကြီးနိုင်ငံ ကိုးနိုင်ငံဖြစ်သော ပေါ်တူဂီ၊ စပိန်၊ နယ်သာလန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်၊ ရုရှား၊ အမေရိကန်။

အမေရိကန်သမ္မတ 'ရစ်ချက်နစ်ဆင်'သည် ၁၉၇၂ ခုနှစ်တွင် တရုတ်ကို ကမ္ဘာလုံးဆိုင်ရာ ပင်မရေစီးထဲသို့ စသွင်းခဲ့၏။ နိုင်ငံခြားရေးဝန်ကြီး 'ဟင်နရီကစ်ဆင်းဂျာ'၏ အစီအစဉ်ဖြစ်၏။ သူက ကမ္ဘာကျော် 'ရှန်ဟဲကြေညာစာတမ်း'ကို ထုတ်ပြန်ခဲ့၏။

"အမေရိကန်၏ ထိုင်ဝမ်ရေလက်ကြားရဲ့ တစ်ဖက်က တရုတ်လူမျိုးအားလုံးကို အသိအမှတ်ပြုတယ်။ တရုတ်ပြည်က တစ်ပြည်တည်း ရှိတယ်။ ထိုင်ဝမ်က တရုတ်ရဲ့ အစိတ်အပိုင်းပဲ။ အမေရိကန်အစိုးရဟာ ဒီအခြေအနေကို စိန်မခေါ်ဘူး။ ဒါဟာ ထိုင်ဝမ်ပြဿနာကို ငြိမ်းချမ်းစွာ အခြေချမှုကို ပိုမိုခိုင်မာအောင် လုပ်ဆောင်တာပဲ"

ထိုနေ့မှစ၍ ကမ္ဘာသည် ပြောင်းလဲခဲ့၏။ ထိုနေ့မတိုင်မီအထိ အမေရိကသည် တရုတ်ကို အသိအမှတ်မပြုခဲ့။

'ဂျင်မီကာတာ' သမ္မတဖြစ်လာသောအခါ သူက 'တိန့်ရှောက်ဖိန်'ကို ယုံကြည်လောက်သော ပုဂ္ဂိုလ်အဖြစ် ဆက်ဆံခဲ့၏။ သူက 'တိန့်ရှောက်ဖိန်'ကို ဝါရှင်တန်သို့ အလည်လာရန် ဖိတ်၏။ အံ့သြစရာကောင်းတာက 'တိန့်'၏ အကြောင်းပြန်ချက်။

"ကျုပ် နှစ်ပတ်အတွင်း လာမယ်"

သူက တရုတ်နှစ်သစ်ကူးကာလ၏ ပထမနေ့တွင် ဝါရှင်တန်သို့ ရောက်၏။ ဤအချိန်သည် စစ်အေးကာလ၏ အအေးခဲဆုံးကာလ ဖြစ်သည်။

"ကာတာ'က ဖုန်းကောက်ကိုင်ကာ ဆိုဗီယက်သမ္မတ 'ဘရက်ဇညက်'ကို ပြောသည်။ ထို့နောက် ဂျပန်နိုင်ငံကို ဖုန်းဆက်၏။ တရုတ်-အမေရိကန်တို့၏ နွေးထွေးသော ဆက်ဆံရေးနှင့် ပတ်သက်၍ သူက ရှင်းပြ ၏။

'ရော်နယ်ရီဂန်'သမ္မတ ဖြစ်လာသည်။ သူက ကွန်မြူနစ်ဆန့်ကျင်ရေးသမား။ ထိုင်ဝမ်ကိုသာ ပေါ်ပေါ်တင်တင် ထောက်ခံအားပေးသူ ဖြစ်၏။

သို့သော် သူလည်း စိတ်ပြောင်းသွား၏။ တရုတ်ကို မဆန့်ကျင်တော့။ အမေရိကန်၊ တရုတ်စီးပွားရေးကို အကြီးအကျယ်ဖွင့်ပေးခဲ့၏။

၁၉၉၂ ကျတော့ 'သမ္မတဂျော့ဘွတ်ရှ်စီနီယာ'က ထိုင်ဝမ်ကို ၁၅၀ အက်ဖ် ၁၆ စစ်လေယာဉ်တွေ ရောင်း၏။ တရုတ်က ဒေါသဖြစ်၏။ ထိုင်ဝမ်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးပေါ်လစီကို ဝေဖန်သည်။

သမ္မတ 'ဘီလ်ကလင်တန်' ဘဲဥပုံရုံးကို ရောက်လာသည်။ သူက တရုတ်၏ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဘဝင်မကျ။ ထိုင်ဝမ်သမ္မတ 'လီတိန်ဟွေး'ကိုပင် အမေရိကန်သို့ ဖိတ်ကြားကာ ကော်နယ်လ်တက္ကသိုလ်တွင် မိန့်ခွန်းပြောစေ၏။ တရုတ်အစိုးရ အကြီးအကျယ် အမျက်ကွက်၏။ အမေရိကန်၏ 'တရုတ်တစ်ပြည်တည်းပေါ်လစီ'ကို ထပ်သွားနေမှုကို ဒုပ်စွဲ၏။ နောက်ပိုင်းတွင် အမေရိကန်က တရုတ်နှင့် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်လွှဲ၏။

၁၉၉၇ ထိပ်သီးဆွေးနွေးပွဲတွင် 'အမေရိကနှင့် တရုတ်တို့ ၂၁ ရာစုတွင် မဟာဗျူဟာ၏ ပူးပေါင်းလုပ်ဆောင်မှု တည်ဆောက်ရေးကို သဘောတူခဲ့၏။

၁၉၉၉ တွင် တရုတ်က အမေရိကန်၏ နျူကလီးယားနှင့် နည်းပညာ ချမှတ်ချက်များကို ခိုးသည်ဟု အမေရိကန်က စွပ်စွဲ၏။ ဘဲလ်ဂရိတ်ရှိ တရုတ်သံရုံးကို နေတိုးက မတော်တဆဖုံးခွဲမိ၏။ ဒါတွေကို 'ကလင်တန်' က ညင်သာစွာ ဖြေရှင်းပေးခဲ့၏။ သူ၏ သမ္မတ ရှစ်နှစ်သက်တမ်းတွင် တရုတ်ပြည်ကို 'ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်'သို့ ဝင်ခွင့်ပြုခဲ့၏။

တရုတ်က ပေါ်လစီများစွာ ပြောင်းခဲ့၏။ ပထမက ဆိုဗီယက်ဆန့်ကျင်ရေး မဟာဗျူဟာ။ ထို့နောက် ဈေးကွက်နှင့် ပြန်လည်ပြုပြင်ရေးလုပ်ဆောင်မှု။ ထို့နောက် တိန်အန်မင်း အရေးအခင်းအပြီး နိုင်ငံကို ပြန်လည် တည်ငြိမ်အောင်လုပ်မှု။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်ကို ဝင်ခြင်း။ ထို့နောက် ကမ္ဘာကျော် 'ပေကျင်းအိုလံပစ်'။

ထိုအချိန်တွင် တရုတ်သည် တောင်တရုတ်ပင်လယ်တွင် ဗီယက်နမ်နှင့် အချင်းများနေ၏။ ရုရှားနှင့်လည်း နယ်နိမိတ်ပြဿနာရှိ၏။ သို့သော်

တရုတ်က 'ငြိမ်းချမ်းစွာ တိုးတက်မှု' လမ်းကြောင်းကို ရွေးခဲ့၏။ ထို့နောက် တရုတ်ခေါင်းဆောင်များသည် 'ငြိမ်းချမ်းစွာ ဖွံ့ဖြိုးမှု' လမ်းကို လိုက်၏။

အမေရိကန်သမ္မတ 'ဂျော့ဘွတ်ရှ်ဂျူနီယာ' ကမူ တရုတ်ကို 'မဟာဗျူဟာမြောက်မိတ်ဖက်'၊ 'မဟာဗျူဟာမြောက် ပြိုင်ဖက်' ဟူ၍ ပို သဘောထား၏။ သူက ဒီမိုကရေစီနိုင်ငံဖြစ်သော အိန္ဒိယကို ပိုအခွင့်အရေး ပေးလို၏။

အိန္ဒိယ၏ နိုင်ငံခြားရေးပေါ်လစီကတော့ သိပ်မထူးလှ။ ပြည်တွင်း နိုင်ငံရေးနှင့် စီးပွားရေးပေါ်မူတည်၍ အပြောင်းအလဲရှိသည်။ ပထမဆယ်စု နှစ်များတွင် အိန္ဒိယ၏ ပထမဆုံးဝန်ကြီးချုပ် 'ဂျဝါဟာလာနေရူး' ၏ ပညာ တတ်အမြင်များပြောင်းသော ကမ္ဘာ့အမြင်ပုံစံအတိုင်းသာ ဖြစ်၏။

"အိန္ဒိယရဲ့ နိုင်ငံခြားရေးဝါဒက လူတစ်ယောက်ရဲ့ အသိဉာဏ် ပညာပေါ်ပဲ မူတည်နေပါတယ်။ အဲဒါကတော့ ဝန်ကြီးချုပ်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်တဲ့ ဂျဝါဟာလာနေရူးပေါ်ပဲ တည်ပါတယ်"ဟု နိုင်ငံခြားရေးဌာန အတွင်းဝန် 'ကေပီအက်စ်မီနွန်' က ရေးခဲ့ဖူးသည်။

နေရူးက ဘက်မလိုက်ဝါဒီနှင့် စစ်အေးဝါဒီ ဆန့်ကျင်ရေးသမား ဖြစ်၏။ သူက စာအလွန်ဖတ်သူ၊ စာရေးကောင်းသူ ဖြစ်၏။ သူက သူ့ကိုယ်သူ 'အိန္ဒိယအား အုပ်ချုပ်သူ နောက်ဆုံး အင်္ဂလိပ်လူမျိုး' ဟုပင် ရေးခဲ့ဖူး၏။

နေရူး၏ ကာကွယ်ရေးဝန်ကြီး 'ဗီကေမီနွန်' က စစ်ရေးကို သိပ် စိတ်မဝင်စား။ သူက လွှတ်တော်တွင် စကားစစ်ထိုးခြင်းနှင့် မဟာဗျူဟာ ကျသော စီမံကိန်းချမှတ်ခြင်းတို့ကို ပိုစိတ်ဝင်စား၏။

၁၉၆၂ တွင် တရုတ်နှင့် စစ်ဖြစ်ချိန်မှစ၍ နေရူး၏ ကြားနေဝါဒက ယိမ်းယိုင်လာ၏။ ယခင်က သူ၏ ကမ္ဘာ့အမြင်အရ တရုတ်နှင့် အိန္ဒိယ သည် လွတ်လပ်သော အာရှ၏ 'ခင်မင်ရင်းနှီးသော မဏ္ဍိုင်' များဖြစ်သည် ဟူ၍။ ထို့ကြောင့် ၁၉၄၉ ခုနှစ် ကွန်မြူနစ်တော်လှန်ရေးတွင် သူသည် တရုတ်ကို အချုပ်အခြာနိုင်ငံအဖြစ် လျင်မြန်စွာ အသိအမှတ်ပြုခဲ့၏။ သူက ကိုရီးယားစစ်ပွဲတွင်ပင် တရုတ်ကို ကျူးကျော်သူဟု သတ်မှတ်ရန် ငြင်းပယ် ခဲ့၏။ ၁၉၅၀ ခုနှစ်တဝိုက်က 'ဟင်ဒီချင်နီဘိုင်ဘိုင်' (အိန္ဒိယနှင့် တရုတ် သည် ငြိမ်းချမ်းသော ညီနောင်များ) ဟူသောစကား တာစားခဲ့၏။

၁၉၅၉ ခုနှစ်တွင် တိဘက်တို့က တရုတ်အစိုးရကို ပုန်ကန်ကြ၏။ အိန္ဒိယမီဒီယာနှင့် နိုင်ငံရေးသမားအချို့က တရုတ်သည် တိဘက်ကို မတရား နှိပ်နေသည်ဟု ရှုံ့ချကြ၏။ ဤသည်ကို မီဒီယာသဘော သိပ်နားမလည် သော တရုတ်အစိုးရက ဒါဟာ နေရူးစနစ်ပဲဟု သတ်မှတ်ကြ၏။ ထိုနေ့မှ ၍ တရုတ်တို့ မျက်လုံးတွင် နေရူးကို 'နယ်ချဲ့ရုပ်သေးလက်ကိုင်ဒုတ်'ဟု မြင်လာကြ၏။

တရုတ်က အိန္ဒိယနယ်စပ် အငြင်းပွားမှုကို အကြီးအကျယ် ကိုင်တွယ် ၏။ ၁၉၆၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် နယ်စပ်စစ်ပွဲ ဖြစ်၏။ မည်သူက မည်သူ့ကို စတိုက်သလဲကား အတပ်မပြောနိုင်။ အိန္ဒိယ နှင့် အခြားသော အနောက်အုပ်စုများကမူ တရုတ်က စတိုက်သည်ဟုဆို၏။ 'အိန္ဒိယ တရုတ်စစ်ပွဲ'စာအုပ်ကို ရေးသားသူ 'နီဗီးလ်မက်ဆွဲ'ကမူ စစ်မီးကို မွေးသူက အိန္ဒိယဟု ဆို၏။

စစ်ပွဲတွင် အိန္ဒိယဘက်မှ စစ်ရေးဆိုင်ရာ အားနည်းချက်များ ရှိ၏။ ရန်သူ၏ စစ်အင်အားကို အတွက်မှားသည်လည်း ရှိ၏။ နေရူးကိုယ်တိုင်ပင် သူ၏ အားနည်းချက်ကို ပြန်လည်ဝန်ခံခဲ့၏။

အမေရိကန်နှင့် ဗြိတိန်တို့က ကြားဝင်စေ့စပ်ပေး၍ ၁၉၆၂ စစ်ပွဲက ပြီးသွားသည်။ အိန္ဒိယအတွက်ကား အမျိုးသားဂုဏ်မာန ဆုံးရှုံးခဲ့ရ၏။

နေရူးနောက်တွင် ဝန်ကြီးချုပ်ဖြစ်သူက သူ့သမီး 'အင်ဒီယာဂန္ဒီ'။ သူ၏ နိုင်ငံခြားရေးဝါဒက ပိုပြီး လက်တွေ့ကျ၏။ သူက သူ့ဖခင်၏ ဘက်မလိုက် မူဝါဒကိုကား ဆက်လက်လက်ခံကျင့်သုံး၏။ သို့သော် သူက ကမ္ဘာ့ကယ်တမ်းတွင်ကား စစ်အေးတိုက်ပွဲတွင် ဆိုဗီယက်ဘက်မှရှိ၏။ အမေ ရိကာ က ပါကစ္စတန်ဘက်မှရှိ၍ သူက ဆိုဗီယက်ဘက်မှနေခြင်း ဖြစ်၏။ သူက နစ်ဆင်၊ ကစ်ဆင်းဂျား အုပ်စုနှင့်မတည့်။ 'ကစ်ဆင်ဂျား'က အိန္ဒိယရှိ သူ၏ သံအမတ်အား ပြောဖူး၏။

"ခင်ဗျားဆီက ပြောစကားနည်းနည်းပဲကြားရရင်၊ အိန္ဒိယအကြောင်း နည်းနည်းပဲကြားရရင် ကျွန်တော် ပိုပျော်တယ်ဗျာ"ဟု ဆို၏။

'အင်ဒီရာဂန္ဒီ'က အမေရိကန်ကိုရော တရုတ်ကိုပါ တိုက်ခိုက်သည့် အနေနှင့် သူ၏တပ်များကို အရှေ့ပါကစ္စတန်သို့ လွှတ်ကာ ယခု ဘင်္ဂလား

ဒေ့ရှ်ဟု ခေါ်သော နယ်နိမိတ်ကို လွတ်မြောက်အောင်လုပ်ခဲ့၏။ ၁၉၇၄ တွင် အိန္ဒိယ၏ ပထမဆုံး နျူးကလီးယားဗုံးကို စတင်ဖောက်ခွဲ၏။ သို့သော် သူ အုပ်ချုပ်ချိန်တွင် အိန္ဒိယစီးပွားရေးက အလွန်ကျဆင်းခဲ့၏။ ထို့အတူ စစ်အေးတိုက်ပွဲတွင် အရှုံးဘက်ကနေသော ကိစ္စများ အဆုံးသတ်သွားသည်။

ဝန်ကြီးချုပ် 'ရာဂျစ်ဂန္ဒီ'သည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာတွင် ပေကျင်းသို့ သွား၏။ ကုန်သွယ်ရေးနှင့် စီးပွားရေးတံခါးကို ရဲဝံ့စွာဖွင့်ခဲ့၏။ ၁၉၉၇ ခုနှစ်တွင် နှစ်နိုင်ငံ စစ်မဖြစ်ရေးစာချုပ်ကို ချုပ်ဆို၏။ ထို့နောက် နှစ်နိုင်ငံ ရင်းနှီးစွာ ဆက်ဆံကြ၏။ အထူးသဖြင့် ကုန်သွယ်ရေးကိစ္စများတွင် နှစ်ဦးသဘောတူ တိုးချဲ့ဆောင်ရွက်ကြသည်။

တရုတ်ဝန်ကြီးချုပ် 'ဝမ်ကျားပေါင်'က 'ကျုပ်တို့နှစ်နိုင်ငံ လက်ဆွဲနှုတ်ဆက်ကြရင် တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြမယ်'ဟု ပြောခဲ့၏။

အိန္ဒိယနှင့် တရုတ်တို့သည် ရေကို မျှဝေ သုံးစွဲကြ၏။ ဟိမဝန္တာမှ စီးကျလာသော ရေများကြောင့် အိန္ဒိယ၏ ဂင်္ဂါမြစ်၊ ဟိန္ဒူမြစ်၊ ဗြဟ္မပုတ္တရမြစ်နှင့် တရုတ်၏ မဲခေါင်မြစ်၊ မြစ်ဝါမြစ်၊ ယန်စီမြစ်တို့ ဖြစ်လာကြ၏။ ဤမြစ်များ၏ ရေကို လူဦးရေ ၃ ဘီလျံ သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ကျော်က သောက်သုံးကြ၏။ သို့သော် ထိုမြစ်များ၏ မူရင်းစီးဆင်းရာ ရေခဲပြင်များမှာ လွန်ခဲ့သော နှစ်ငါးဆယ်အတွင်း ငါးပုံတစ်ပုံမျှ ပျက်စီးခဲ့၏။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုတွေ ဖြစ်လာ၏။ ဂေဟဗေဒ အကြပ်အတည်းတွင် အိန္ဒိယရော တရုတ်ပါ ပူးတွဲခံရ၏။ ဤသည်က အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သော ပြဿနာဖြစ်၏။ ဤသည်ကို နှစ်နိုင်ငံပူးတွဲ အဖြေရှာရန် ကြိုးစားကြမည် သို့မဟုတ် အစားအစာနှင့် ရေအတွက် နှစ်နိုင်ငံ စစ်ခင်းကြမည်လား။ အိန္ဒိယကတော့ တရုတ်သည် ဆည်ကြီးများဆောက်ကာ ရေကြောင်းတွေ ပြောင်းလဲဖျက်ဆီးနေကြသည်ဟု စွပ်စွဲ၏။

တရုတ်၊ အိန္ဒိယကား တစ်နိုင်ငံနှင့် တစ်နိုင်ငံ သတိထား စောင့်ကြည့်နေကြသည်။

၂၀၀၉ ခုနှစ် ဇွန်လတွင် နိုင်ဂျီးရီးယားနိုင်ငံတွင် ငှက်ဖျားတိုက်ဖျက်ရေး ဆေးဝါးအတု သေတ္တာပေါင်းများစွာ ဖမ်းမိခဲ့၏။ သေတ္တာများပေါ်

ဘွင် 'အိန္ဒိယပြည်တွင်လုပ်သည်'ဟု ရေးထား၏။ တကယ်တမ်း စစ်ဆေး ကြည့်ခမ်းလိုက်တော့ တရုတ်ကလုပ်တာတွေ ဖြစ်နေ၏။ တရုတ်အစိုးရက နိုင်ဂျီးရီးယားအစိုးရကို တောင်းပန်ကာ ကုန်သည်ခြောက်ယောက်ကို ဖမ်းပြီး အသဒဏ်စီရင်ခဲ့၏။

အရှေ့အာရှတွင် ပြိုင်ဆိုင်မှုလည်း လုပ်၏။ တရုတ်က တောင်အာရှ အာဖဂန်နီစတန်၊ ပါကစ္စတန်၊ အင်္ဂလားဒေ့ရှ်နှင့် မြန်မာ)ကို စည်းရုံး၏။ အိန္ဒိယက 'အရှေ့မျှော်'ဝါဒ ကျင့်သုံးကာ အာဆီယံ + ၃ (ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား)တို့ကို စည်းရုံး၏။ အာဆီယံနှင့် တောင်ကိုရီးယားတွင် လွတ်လပ်သော ကုန်သွယ်ရေးစာချုပ်များ ချုပ်၏။ အိန္ဒိယက ရှေ့ဆက်ပြီး 'အရှေ့အာရှထိပ်သီး' (အာစီယံ + ၃၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်) ကို တိုးချဲ့ကာ တရုတ်၏ ဩဇာကို ချိန်ခွင်ညှာညှိ၏။ အိန္ဒိယက အမေရိကန် နှင့် ရုရှားကို မစည်းရုံး။

အိန္ဒိယ၏ ဒေါ်လာ ၃၀ ဘီလျံ ကာကွယ်ရေး အသုံးစရိတ်သည် တရုတ်၏ ဒေါ်လာ ၇၀ ဘီလျံ အသုံးစရိတ်ကို မမှီ။ တရုတ်ပြည်တွင် အမြဲတမ်းစစ်သည်အင်အား ၂.၁ သန်းရှိကာ ကမ္ဘာပေါ်တွင် အကြီးဆုံး စစ်အင်အား ဖြစ်၏။ အိန္ဒိယက ကမ္ဘာ့တတိယ အင်အားအကြီးဆုံး ဖြစ်၏။ အိန္ဒိယစစ်အင်အားက ၁.၂ သန်းရှိ၏။ တရုတ်က နျူကလီးယားထိပ်ဖူး ၁၅၀၀ မှ ၂၀၀၀ ထိပိုင်ပြီး အိန္ဒိယကမူ ၉၀ သာရှိသည်။

နျူကလီးယား စီးပွားရေးစာချုပ်ကို ၁၉၆၈ တွင် ချုပ်ဆိုရာ အမေရိက၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှား၊ တရုတ်တို့ပါ၏။ သူတို့သည်သာ နျူကလီးယားလက်နက် ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆို၏။ ထိုအထဲတွင် အိန္ဒိယ မပါ။ ထို့ကြောင့် အိန္ဒိယက ဤစာချုပ်ကို ကန့်ကွက်၏။ ၁၉၇၄ တွင် ရာဂျာစသန် သဲကန္တာရတွင် နျူကလီးယားဗုံး ဖောက်ခွဲ၏။ ၁၉၉၈ တွင် နောက်တစ်လုံး ထပ်ဖောက်၏။

အမေရိကန် လိုလားသူ မျိုးချစ်အစိုးရခေါင်းဆောင် ဝန်ကြီးချုပ် 'ဂျက်ပါဂျီး'လက်ထက်တွင် ဖြစ်၏။

၂၀၀၀ ပြည့်နှစ် မတ်လတွင် 'ဘီလ်ကလင်တန်' အိန္ဒိယသို့ အလည်

အပတ် ရောက်လာ၏။ ၂၂ နှစ်အကြာ အိန္ဒိယသို့ ရောက်လာသော အမေရိကန်သမ္မတ ဖြစ်၏။

'ဂျော့ဘွတ်ရှ်ဂျူနီယာ'က ၂၀၀၂ တွင် 'အိန္ဒိယနှင့် ခိုင်မာသော ဆက်ဆံရေး'ကို ပြုလုပ်၏။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံကြ၏။ 'ဘွတ်ရှ်'က အိန္ဒိယဝန်ကြီးကို အိမ်ဖြူတော်သို့ ဖိတ်ခေါ်ကာ 'နှင်းဆီပန်းခြံ'တွင် လမ်းလျှောက်ရင်း စကား ပြောကြ၏။ အမေရိကန် အိန္ဒိယ အဆင်ပြေမှုလမ်းကြောင်းပေါ် ပြန်ရောက် လာ၏။

အိန္ဒိယတွင် ဝန်ကြီးချုပ် 'မန်အိုဟန်ဆင်း' တက်လာ၏။ သူ့ကို အားနည်းသော ဝန်ကြီးချုပ်ဟု ဆိုကြသော်လည်း အချို့နေရာများတွင် သူ၏ လုပ်ပုံကိုင်ပုံက အဆင်ပြေသွားတာတွေ ရှိ၏။ အထူးသဖြင့် သူ့၏ နိုင်ငံခြား ရေးပေါ်လစီက ကောင်း၏။

"အိန္ဒိယနိုင်ငံသည် ခွက်တစ်လုံးနှင့် တောင်းစားနေရသောဘဝဖြစ် သော၊ သူတကာ၏ အကူအညီယူနေရသောအဆင့်မှ မတက်လျှင် အမေရိက က အိန္ဒိယကို လေးစားမည်မဟုတ်" ဟု ဆိုသော အမေရိကန်ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး 'တီအင်ဘောလ်'၏ ပြောစကားကို 'မန်အိုဟန်ဆင်း' က အမြဲသတိရ၏။ ထို့ကြောင့် 'ဆင်း'သည် ကုန်သွယ်ရေးနှင့် ပတ်သက် သော ဥပဒေများထဲမှ အဆင်မပြေ မချောမွေ့တာတွေကို ရဲရဲကြီးပြုပြင် ခဲ့၏။ အမေရိကန်နိုင်ငံမှ ဘိုးအင်းဂျက်လေယာဉ် ၅၀ ကို ဒေါ်လာ ၇ ဘီလျံ ပေးဝယ်၏။ 'ဆင်း'က အမေရိကန်သမ္မတ 'ဂျော့ဒဗလျူဘွတ်ရှ်' နှင့် တည့်အောင်ပေါင်း၏။

၂၀၀၆ ခုနှစ် မတ်လတွင် 'ဘွတ်ရှ်' အိန္ဒိယသို့လာ၏။ ရီပတ်ပလီ ကန် သမ္မတများထဲမှ ပထမဆုံး အိန္ဒိယကိုလာသူဖြစ်၏။ ခြောက်နှစ်အတွင်း အိန္ဒိယသို့ ပထမဆုံးလာသော အမေရိကန်သမ္မတလည်း ဖြစ်၏။ အမေရိကန် နှင့် ဆက်ဆံရေးပြန်ကောင်းလာကာ ကုန်သွယ်မှုတွေ တိုးမြှင့်လုပ်ကိုင်ခဲ့၏။ ဤတွင် အိန္ဒိယစီးပွားရေးက ပြန်လည်ဦးမော့လာသည်။ 'မန်မိုဟန်ဆင်း' သည် အောင်ပွဲခံသူရဲကောင်း ဖြစ်လာ၏။ သူ့ကို 'ယဉ်ကျေးသိမ်မွေ့သော သံမဏိလူသား'ဟုပင် ခေါ်ဝေါ်ချီးကျူးကြ၏။

တရုတ်က ၂၀၁၀ ရှန်ဟဲကမ္ဘာ့ကုန်စည်ပြပွဲအတွက် ဒေါ်လာ ၅၅ ဘီလျံ သုံးခဲ့သည်။ အမေရိကန်၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဟောင်း 'ဘဇက်မင်စကီး' တို့လို ပုဂ္ဂိုလ်များက အမေရိကနှင့်တရုတ် ငြိမ်း ချမ်းစွာ ပူးပေါင်းလုပ်ဆောင်ရေးမူဝါဒကို ထောက်ခံကြ၏။ နိုင်ငံခြားရေး ဝန်ကြီး 'ဟီလာရီကလင်တင်' ကလည်း 'စမတ်ပါဝါ' ကို အသုံးချလို၏။ 'စမတ်ပါဝါ' မှာ စစ်အင်အားကို လိမ္မာပါးနပ်စွာ သုံးပြီး စီးပွားရေးနှင့် ယဉ်ကျေးမှုဘက်ဆိုင်ရာတွင် တိုးမြှင့်လုပ်ဆောင်ရေး ဖြစ်၏။ ပါဝါမာနှင့် ပါဝါပျော့ကို အစဉ်အလာ မဟာဗျူဟာအရ ရောနှောပြီး တရုတ်နှင့် ဆက်ဆံ ရေး ထူထောင်ရန်ဖြစ်၏။ သူက ၂၁ ရာစုသည် ဗဟုဝါဒကမ္ဘာ မဟုတ်၊ အခုပင် လုပ်ဆောင်သူများစွာပါဝင်သော ကမ္ဘာဟု ယူဆ၏။

တရုတ်က အမေရိကန်ကို ကုန်ပစ္စည်းပေါင်း ဒေါ်လာ ၃၅၀ ဘီလျံ ဖိုး ထုတ်ကုန်အဖြစ် ပို့၏။ ထို့နောက် ဘီလျံ ၈၀၀ ဖိုး ပြန်ဝယ်၏။ တရုတ်က အမေရိကန်ဈေးကွက်ကို ရယူလိုသည်။ အမေရိကန်က တရုတ် ငွေကြွေကို ရယူလို၏။

အမေရိကန်နှင့် တရုတ်တို့က သူ့အကျိုး ကိုယ့်အကျိုး ချိန်ခွင်ညှာညှိ ကြ၏။ သို့သော် စစ်အင်အားတွင်မူ အမေရိကန်က သာနေ၏။ တရုတ်က ဂျီဒီပီ၏ ၁၀ ရာခိုင်နှုန်းကို လက်နက်အတွက် သုံး၏။ ယင်းသည် အမေရိကန်၏ လက်နက်အပေါ် သုံးစွဲမှု၏ ၁၀ ရာခိုင်နှုန်းမျှသာ ရှိ၏။ အမေရိကန်တွင် နျူကလီးယားစွမ်းအင် လေယာဉ်တင်သင်္ဘော ၁၂ စင်းရှိ ၏။ တရုတ်က ယခုမှလုပ်နေဆဲ။ အမေရိကန်တွင် နျူကလီးယားထိပ်ဖူး ဗုံးပေါင်း ဒုံးပျံ ထောင်ချီရှိ၏။ တရုတ်တွင်ကား သုံးလေးဆယ်သာရှိ၏။ သို့သော် ဤအချက်အလက်များက အမေရိကန်တို့ စုံစမ်းသိရှိထားချက်များသာ ဖြစ် ၏။ တရုတ်က အလွန်လျှို့ဝှက်တတ်သည်ဖြစ်ရာ တရုတ်၏ စစ်အင်အား အတိအကျကို ခန့်မှန်း၍ မရ။ တရုတ်က ကျိတ်လုပ်နေသော စစ်ရေးဆိုင်ရာ လုပ်ငန်းများစွာ ရှိနိုင်သေးသည်။

အမေရိကန်က တရုတ်အနေနှင့် မြောက်ကိုရီးယားကို ထိန်းနိုင်သော ပါဝါသိပ်ကောင်းတစ်ဦးအနေနှင့်လည်း အားကိုးပုံရ၏။ တရုတ်က မြောက်

ကိုရီးယားကို လောင်စာဆီရာနှုန်းပြည့်နီးပါး ထောက်ပံ့နေရာ ကင်မ်ဂျုံအန် အပေါ် ဩဇာရှိ၏။

လူအင်အားကြီးမားများပြားပြီး စီးပွားရေးတဟုန်ထိုးတက်လာသော တရုတ်က ကြောက်စရာကောင်းသည်မှာ မှန်၏။ ၎င်း၏ စီးပွားရေးက ရှစ်နှစ်လျှင် နှစ်ဆတိုးနေ၏။ သဘာဝသယံဇာတလည်း ကြွယ်ဝ၏။ ကမ္ဘာ့ လူဦးရေ၏ ငါးပုံတစ်ပုံရှိကာ ဘီလပ်မြေက ကမ္ဘာ၏ တစ်ဝက်လောက်၊ သံမဏိက ကမ္ဘာ၏ သုံးပုံတစ်ပုံ၊ အလူမီနီယံက လေးပုံတစ်ပုံ ရှိနေရာ ကမ္ဘာ့ကုန်ကြမ်းပစ္စည်းဈေးကွက်တွင် နံပါတ်တစ်နေရာက ရောက်နေ၏။ တရုတ်က အမေရိကနှင့်လည်း ဘီလျံပေါင်းရာနှင့်ချီပြီး ကုန်သွယ်မှု လုပ်နေ၏။ ဆူဒန်မှ ကမ္ဘာ့အကြီးဆုံး ရေနံကုမ္ပဏီနှစ်ခုကို တရုတ်က ထိန်းချုပ်ထားကာ ရေနံထွက်နှုန်း၏ သုံးပုံနှစ်ပုံကို ရယူ၏။ ပလက်တီနမ်နှင့် သံကြွပ်ကို ဇင်ဘာဘွေမှ ဝယ်၏။

အာရှနိုင်ငံများနှင့်လည်း တရုတ်က ချစ်ကြည်ရေးနှင့် ကုန်သွယ်ရေးကို တိုးချဲ့လုပ်ကိုင်၏။ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်္ကာပူတို့နှင့် ဆက်ဆံရေးကောင်းအောင် ထူထောင်၏။ ၂၀၀၇ ခုနှစ်တွင် အာဆီယံနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းပင် လုပ်၏။ ၂၀၁၀ နှစ်သစ်ကူးနေ့တွင် တရုတ်က ကမ္ဘာ့တတိယအကြီးဆုံး လွတ်လပ်သော ကုန်သွယ်မှုဇရိယာကို စတင်တည်ထောင်၏။

အရှေ့တောင်အာရှနိုင်ငံ ဆယ်နိုင်ငံနှင့် ပူးတွဲလုပ်ဆောင်ခြင်း ဖြစ်၏။

တောင်အာရှတွင် တရုတ်၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုက ပါကစ္စတန်တွင် ဒေါ်လာ ၁၅ ဘီလျံရှိ၏။ လက်တင်အမေရိကတွင် ၁၀ ဘီလျံရှိ၏။ အာဂျင်တီးနားတွင် တရုတ်စူပါမားကက်ပေါင်း ၄၀၀၀ ကျော်ရှိ၏။

အမေရိကန် သမ္မတ 'ဘားရက်အိုဘားမား' က ၂၀၀၉ နိုဝင်ဘာလတွင် အာရှနိုင်ငံများသို့ ၉ ရက်ခရီးလည်ပတ်ရာတွင် ပေကျင်းတွင် သုံးရက်နေခဲ့၏။ နောက်ထပ် ငါးရက်အကြာတွင် 'အိုဘားမား' သည် အိန္ဒိယဝန်ကြီးချုပ် 'မန်အိုဟန်ဆင်း' ကို အိမ်ဖြူတော်တွင် လက်ခံတွေ့ဆုံခဲ့ရာ အမေရိကန်-

အိန္ဒိယ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စာချုပ်များကို လက်မှတ်ရေးထိုးခဲ့၏။

အမေရိကန် လင်းယုန်၊ တရုတ် နဂါးနှင့် အိန္ဒိယ ဆင်တို့က ကမ္ဘာ့အသိုက်ကြီးတစ်ခုထဲတွင် အတူနေကြရာ ၂၁ ရာစု ကမ္ဘာတွင် မည်သို့အပြောင်းအလဲတွေ ဖြစ်လာကြမလဲ။

သူတို့အချင်းချင်း မည်မျှထိ ညီညီညွတ်ညွတ်ရှိနိုင်ကြမလဲ။

အားပြိုင်ပွတ်တိုက်မှုတွေကြောင့် အခြားနိုင်ငံတွေမှာ ထိခိုက်မှုတွေရှိနိုင်မလား။

ကမ္ဘာကြီး ပိုမိုငြိမ်းချမ်းသာယာဝပြောစွာ နေထိုင်နိုင်ရေးကို ထိုသုံးနိုင်ငံက မည်သို့ လုပ်ဆောင်ပေးနိုင်ပါမလဲ။

လက်ရှိ သူတို့၏ ခေါင်းဆောင်သုံးဦးပေါ်တွင် ဤမေးခွန်းများ၏အဖြေက မူတည်နေ၏။

အမေရိကန်သမ္မတ - ဒေါ်နယ်ထရမ့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ - ရှီကျင့်ဖိန်

အိန္ဒိယဝန်ကြီးချုပ် - နာရင်ဒရာမိုဒီ

ဤသုံးနိုင်ငံတွင် အမေရိကန်နှင့် အိန္ဒိယက ဒီမိုကရေစီနိုင်ငံ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကတော့ ဈေးကွက်စီးပွားရေးကျင့်သုံးနေသော ကွန်မြူနစ်နိုင်ငံ။

အမေရိကန်သမ္မတ 'ဒေါ်နယ်ထရမ့်'ကမူ 'အမေရိကန်ပထမမူဝါဒ'ကို ဦးစားပေးကာ ပြည်တွင်းဖြစ်အားပေးရေးကို အားသွန်ဆောင်ရွက်နေ၏။ သို့သော် 'အမေရိကန်ပထမ'ဟူသော စာလုံးများပါသော အလံများနှင့်ဦးထုပ်များဖြင့် စည်းရုံးရေးလုပ်ရာတွင် ထိုအလံ၊ ထိုဦးထုပ်များမှာ 'တရုတ်နိုင်ငံလုပ်'များဖြစ်သည်က ရယ်သွမ်းသွေးစရာဖြစ်ခဲ့၏။ မည်သို့ဆိုစေ အမေရိကန်သည် ၂၁ ရာစုနှောင်းပိုင်းတွင် 'တရုတ်'နှင့် 'အိန္ဒိယ'ကို မီအောင် အတော်ကြိုးစားမှုရမည်။

ကျွန်တော်တို့သည် နှစ်ပေါင်း ၂၀၀ ကျော်မျှ အနောက်တိုင်းကဦးဆောင်သော ကမ္ဘာတွင် နေထိုင်ခဲ့ကြရ၏။ 'ခေတ်မီခြင်း' (Modernization) ဆိုသည်မှာ 'အနောက်တိုင်းဆန်ခြင်း' (Westernization) ဟုပင်

ထင်နေကြ၏။ ၂၁ ရာစုတွင်ကား ဤသို့ မဟုတ်တော့။ အနောက်တိုင်း မဟုတ်သောနိုင်ငံများက အင်အားတိုးပွား ကြီးမားစွာ ဩဇာတက်လာကြပြီ။ အနောက်တိုင်းက ရှေ့ဆက်၍ မလွှမ်းမိုး မစိုးမိုးနိုင်တော့။ ခေတ်မီခြင်းဟူသည် အခြားပုံစံတစ်ခုဖြစ်လာ၏။ ဤပြိုင်ဆိုင်သော ခေတ်မီမှုကာလသစ်တွင် အဓိကဦးဆောင်လှုပ်ရှားနေသည်မှာ တရုတ်နှင့် အိန္ဒိယဖြစ်၏။ တရုတ်နှင့် အိန္ဒိယ တိုးတက်ထွန်းကားလာခြင်းသည် အနောက်နိုင်ငံများ၏ ကမ္ဘာ့စိုးမိုးမှုပုံစံကို နိဂုံးချုပ်ရန် သံချောင်းခေါက်လိုက်ခြင်း ဖြစ်၏။ ဤသို့ဖြင့် ကမ္ဘာကြီးသည် ပုံစံသစ်တစ်ခုအသွင်ဖြင့် ခြားနားစွာ ပေါ်ထွန်းလာတော့မည်။ တရုတ်နှင့် အိန္ဒိယ တိုးတက်ကြီးပွားလာခြင်းသည် ကျွန်တော်တို့ခေတ်၏ စီးပွားရေးနှင့် ပထဝီနိုင်ငံရေး အပြောင်းအလဲတစ်ခုကို အဓိပ္ပာယ်ဖွင့်ဆိုရပါမည်။ ယခု ၂၁ ရာစုသည် မြောက်အတ္တလန်တိတ် ဩဇာအာဏာဖြင့် ပုံသွင်းပုံလောင်းထားသောကမ္ဘာ မဟုတ်တော့။

တရုတ်နှင့် အိန္ဒိယတို့ ကမ္ဘာတွင် ဩဇာတက်လာခြင်း၏ အဓိကပဲ့ကိုင်ရှင် နှစ်ဦးဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ 'ရှီကျင့်ဖိန်'နှင့် အိန္ဒိယမှ ဝန်ကြီးချုပ် 'နာရင်ဒရာမိုဒီ'တို့၏ အကြောင်းကို သိထားရန်လို၏။ အထူးသဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့က ကျင်းပသော တရုတ်ကွန်မြူနစ်ပါတီ၏ ၁၉ ကြိမ်မြောက် အမျိုးသားညီလာခံတွင် တင်သွင်းသော အစီရင်ခံစာကို 'ရှီကျင့်ဖိန်နိဒါန်း' တွင် ဖတ်ရှုလေ့လာသင့်ပါသည်။

၀

## (၁၀)

## တရုတ်အနာဂတ် တရုတ်ပြည်အစစ်

### (၁) တရုတ်ပြည်ဆိုတာ ဘာလဲ၊ တရုတ်ပြည်နှင့် ပတ်သက်သည့် မြင်ကွင်း လေးရပ်။

နိုင်ငံတကာရေးရာများကို လေ့လာရေးသားနေသူတစ်ဦး အနေနှင့် ကျွန်တော်သည် နိုင်ငံခြားသို့သွားလာရသော အခွင့်အရေးများရှိကာ၊ ကွဲပြား ခြားနားသော နိုင်ငံများမှ လူမျိုးပေါင်းစုံနှင့် တွေ့ခွင့်ရခဲ့၏။ ကျွန်တော် အမေရိကန်နိုင်ငံ 'ဗီရိမင်'သို့ ရောက်နေစဉ်ကာလက၊ ကားရပ်ကာ အစား အသောက်တချို့ဆင်းဝယ်၏။ ဆိုင်ရှေ့မှ မြက်ခင်းသည် နွေရာသီပင် ဖြစ် သော်လည်း စိမ်းစိုနေ၏။ ထို့ကြောင့် မြက်ခင်းပြင်ရှေ့တွင်သာထိုင်ရန် ဆုံးဖြတ်လိုက်၏။ အစားအသောက်စားရင်း နေရောင်အောက်တွင် ရှုမျှော်ခင်း ကို အရသာခံနေမိ၏။

မကြာမီမှာပင် ထရပ်ကားကြီးတစ်စင်းဆိုင်ရှေ့တွင် ရပ်လာသည်ကို တွေ့ရ၏။ ယာဉ်မောင်းက ကားရှေ့ခန်းမှ ခုန်ဆင်းလိုက်၏။ သူ့ကိုမြင်မြင် ချင်း သူသည် အမေရိကန်အရှေ့အလယ်ပိုင်းသားမှန်း ကျွန်တော်သိလိုက်၏။ ထိုဒေသရှိ လူများက အသိပညာကြွယ်ဝသူများ ဖြစ်ကြ၏။ သူက ကျွန်တော် ထိုင်နေသည့်နေရာသို့ ရောက်လာပြီး ဘေးမှာ လာထိုင်သဖြင့် စကားလက်ဆုံ ကျမိကြ၏။

"ခင်ဗျားက ကမ္ဘာလှည့်ခရီးသည်၊ ဂျပန်လား"

"ဟင့်အင်း၊ ကျွန်တော်က တရုတ်လူမျိုးပါ"

အမေရိကတွင် လူများစွာတို့သည် ဂျပန်နှင့် တရုတ်ကို မခွဲခြားတတ်ကြ။ မည်သို့ဆိုစေ ယခုယာဉ်မောင်းကမူ ကျွန်တော်တရုတ်ဆိုသည်ကို သိလိုက်သည်နှင့် သူ့မျက်နှာပြင်ပေါ်တွင် ကျွန်တော့်အပေါ် ကရုဏာသက်သည့် အရိပ်အယောင်သန်းလာသည်ကို တွေ့ရ၏။ ထို့နောက် သူက ဆက်ပြော၏။ အမေရိကအနေဖြင့် တရုတ်အပါအဝင် အခြားနိုင်ငံများကို ကူညီထောက်ပံ့သင့်သည်ဟု ဆို၏။

ထိုယာဉ်မောင်း၏ မျက်လုံးများကို အဓိပ္ပာယ်ဖတ်လိုက်သည်။ ဤသည်မှာ တရုတ်ပြည်အပေါ်တွင် သူတို့၏ ပထမဆုံးအမြင်ပင် ဖြစ်၏။ နောက်တစ်လအကြာတွင် ကျွန်တော်ဝါရှင်တန်သို့ ထပ်လာရ၏။ 'မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန'မှ ကြီးမှူးကျင်းပသော 'လူငယ်ခေါင်းဆောင်မှု' အစည်းအဝေးသို့ တက်ခြင်းဖြစ်၏။ ထိုအစီအစဉ်တွင် ကျွန်တော်သည် ကွဲပြားခြားနားသော တရုတ်ပြည်ကို တွေ့လိုက်ရပြန်၏။ ဝတ်စုံပြည့်ဝတ်ထားသော အသက်သုံးဆယ်အရွယ်လူငယ်တစ်ဦးက ကော်ဖီခွက်လက်မှကိုင်ရင်း ကျွန်တော့်ဆီရောက်လာ၏။ သူ့ကြည့်ရသည်မှာ မိမိကိုယ် မိမိ အတော်ယုံကြည်စိတ်ချမှုရှိပုံရသည်။ ဤအသက်အရွယ်တွင် စီးပွားရေးအောင်မြင်နေပုံရ၏။ ကျွန်တော် တရုတ်ပြည်မှလာသည်ကို သူသိရသောအခါ သူက အတော်စိတ်လှုပ်ရှားသွားပုံရ၏။ စိတ်အားထက်သန်မှုအပြည့်၊ ချီးကျူးမှုအပြည့်နှင့် သူက ပြော၏။

"အနာဂတ်ဈေးကွက်က တရုတ်ပြည်မှာ ရှိတယ်ဗျ"

ထို့နောက် သူသည် တရုတ်ပြည်တွင် မည်သို့စီးပွားရေးလုပ်နိုင်သည်များကို ဆွေးနွေး၏။

"ကျွန်တော် ခရိတ်ဂ်လစ်လို တရုတ်ပြည်မှာ ဝက်ဘ်ဆိုက်တစ်ခုထောင်ချင်တယ်။ ဘယ်လိုလုပ်သင့်သလဲ။ ခင်ဗျား ခရိတ်ဂ်လစ်ကို သိသလား"

ကျွန်တော် 'ခရိတ်ဂ်လစ်'ကိုသိသည်ဟု ပြောလိုက်၏။ ၎င်းသည် မြို့လုံးအနှံ့ သတင်းအချက်အလက်မျှဝေပေးသော ဝက်ဘ်ဆိုက်ဖြစ်ပြီး လူတိုင်းက နှစ်သက်ကြ၏။ သို့သော် ကျွန်တော်သိရသလောက်ပြောရလျှင် တရုတ်ပြည်တွင် အလားတူဝက်ဘ်ဆိုက်များစွာရှိနေပြီး တစ်ဦးနှင့် တစ်ဦးလည်း အပြင်းအထန်ပြိုင်ဆိုင်နေကြရ၏။

ကျွန်တော် သူ့ကို ရှင်းပြသည်ကို ထိုလူငယ်က သိပ်ယုံကြည်ဟန်မတူ။ ထို့ကြောင့် ကျွန်တော်က မှတ်မိသမျှ ဝက်ဘ်ဆိုက်အမည်စာရင်းကို သူ့ကိုရေးပေးလိုက်၏။

ထိုစာရွက်ကို သူက သေသေချာချာ အိတ်ကပ်ထဲထည့်ကာ ဆက်မေးပြန်သည်။

“ဖေ့စ်ဘွတ်စ်လို ဝက်ဘ်ဆိုက်ရော တရုတ်ပြည်မှာရှိသလား”

“ရှိပါတယ်”

“အမေဇုန်ကော”

ကျွန်တော် ခေတ္တစဉ်းစားပြီးမှ ‘ရှိတာပေါ့’ဟု ပြောလိုက်၏။

သူက ကော်ဖီကို တစ်ကျိုက်သောက်လိုက်ကာ

“ဘာပဲဖြစ်ဖြစ် ကျွန်တော်တစ်ခုခုတော့ လုပ်နိုင်ကောင်းပါတယ်” ဟု ပြော၏။

“ခင်ဗျား တရုတ်ပြည်ကို ပထမဆုံးလာသင့်တယ်”ဟု နောက်ဆုံးကျွန်တော်က ပြောလိုက်၏။

“လာရမှာပေါ့”ဟု သူက ကျွန်တော့်လက်ကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ရင်း ပြော၏။

ဝါရှင်တန်ကဲ့သို့သော နေရာမျိုးတွင်ပင် ကျွန်တော်သည် လူတွေအား ခင်ဗျားတို့ တရုတ်ပြည်ကို ရောက်ဖူးသလားဆိုတာကို ကျွန်တော်မေးဖို့ရာ ကြိုးစားရှောင်ရှားခဲ့၏။ အမေရိကန်လူမျိုးအများစုသည် တရုတ်ကို မရောက်ဖူးကြ။ သူတို့သည် တရုတ်ပစ္စည်းတွေကို နေ့စဉ်သုံးကာ တရုတ်ပြည်မှ လူတွေအများကြီးကို နေ့တိုင်းမြင်တွေ့နေကြ၏။ သူတို့က တရုတ်ပစ္စည်းတွေကိုတော့ အကြောင်းအမျိုးမျိုးရှာပြီး အပြစ်ပြောတတ်ကြ၏။ တစ်ခါတစ်လေကျတော့လည်း ရိုးရာကို ပြောနေကျပုံစံမျိုးဖြစ်ပြီး တစ်ခါတစ်လေကျတော့လည်း မတော်တဆပါးစပ်က လွှတ်ခနဲပြောလိုက်ကြပုံရပါသည်။ ယခုအခါရုပ်မြင်သံကြားများတွင် ဝါဒဖြန့် ကြော်ငြာပုံစံမျိုးနှင့် တရုတ်တို့သည် အမေရိကန်တို့၏ အလုပ်အကိုင် အခွင့်အရေးများကို ယူသွားကြပြီး အမေရိကန်အစိုးရသည် တရုတ်အပေါ်တွင် ငွေကြေးအကြွေးတွေ အများကြီးတင်နေသည်ဟု ပြောနေကြ၏။ ဤသည်မှာ အမေရိကန်တို့အနေဖြင့် တရုတ်

၏ တည်ရှိမှုကို ပိုမိုနားလည်သဘောပေါက်ရန် ဖြစ်နေသကဲ့သို့ အမေရိကန်လူမျိုးတို့အနေဖြင့် တရုတ်အပေါ် ပို၍နားလည်မှု လွဲနိုင်စရာအကြောင်းလည်းရှိ၏။ ယနေ့ခေတ် အနောက်ကမ္ဘာတွင် တရုတ်သည် အလွန်အရေးတကြီး သတိပြုဆွေးနွေးစရာနိုင်ငံ ဖြစ်နေ၏။ သို့သော် တရုတ်အကြောင်းပြောကြဆိုကြသူများတွင် တရုတ်ပြည်ကို အမှန်တကယ်ရောက်သူကားနည်းလှ၏။

လွန်ခဲ့သော နှစ်အနည်းငယ်က ပေကျင်းတွင် ကျွန်တော်သည် အမေရိကန်နိုင်ငံ မေရီလန်တက္ကသိုလ်မှ ဧည့်ပါမောက္ခ 'ဘင်ဂျမင်ဂဘာဘို' ကို ဧည့်ခံကြိုဆိုရသော အဖွဲ့တွင်ပါဝင်ခဲ့၏။ 'ပါမောက္ခဂဘာဘို'သည် ထင်ရှားသော နိုင်ငံရေးသိပ္ပံပညာရှင်ဖြစ်ပြီး ယခုအကြိမ်မှာ သူ၏ ပေကျင်း ဒုတိယမြောက်ခရီး ဖြစ်၏။ ပထမအကြိမ် ၁၉၈၀ ခုနှစ်များက လေဆိပ်မှ မြို့ထဲသို့အလာတွင် ပါမောက္ခကြီးသည်ကား ပြတင်းပေါက်မှနေ၍ မြင်ကွင်းများကို အံ့ဩတကြီးကြည့်နေခဲ့၏။ ပထမအကြိမ် သူ ပေကျင်းရောက်စဉ်က မြေလွတ်မြေရိုင်းများတွင် ရောမအဆောက်အဦကြီးတွေ နေရာယူနှင့်နေပြီ။ သို့သော် သူက ဘာမှမပြောဘဲ ငြိမ်ပြီးလိုက်လာ၏။ နောက်ရက်အနည်းငယ်လည်း သူက ဘာမှမပြော။ တစ်နေ့ကျတော့ ကျွန်တော်တို့ကားက ညစ်ပတ်သော ရပ်ကွက်တစ်ခုကိုဖြတ်သွား၏။ ဤအခါမှ 'ဘင်ဂျမင်'ကစိတ်လှုပ်ရှားစွာနှင့် ထအော်၏။

"ခုကျမှ ကျုပ် ပေကျင်းကို ပြန်အမှတ်ရတာဗျ"

ဟုတ်ပါသည်။ သူ၏ မျက်စေ့ထဲတွင် တရုတ်ကို အဟောင်းအတိုင်းသာမြင်ပုံရ၏။ သူပေကျင်းမှ မပြန်မီ တရုတ်ပြဇာတ်တစ်ခုကြည့်ချင်သည်ဟု ပြော၏။ အချိန်ကလည်း သိပ်မရှိသဖြင့် ကျွန်တော်က သူ့ကို ပေကျင်းရှိ အကောင်းဆုံးဇာတ်ရုံသို့ခေါ်သွားကာ သံစုံတီးဝိုင်းကို ပြ၏။ ဒါကိုသူက မကြိုက်။ ကျွန်တော့်အနေနှင့်တော့ အတော်ကောင်းသော တီးဝိုင်း။ သို့သော် သူကတော့ သိပ်ပြီးအနောက်တိုင်းဆန်လွန်း၊ ခေတ်မီလွန်းသည်ဟုထင်နေ။ တကယ်တော့ သူ့ကို ကျွန်တော်က ပေကျင်းအော်ပရာသို့ ခေါ်သွားသင့်သည်။ သူက ကျွန်တော့်ကို တရုတ်မပီသဘူးဟုပင် ထင်ပုံရ၏။ တကယ်တော့ အနောက်နိုင်ငံသားများအဖို့ ညစ်ပတ်သော ရပ်ကွက်နှင့်

ပေကျင်းအော်ပရာသည်သာ တရုတ်အမှတ်အသားဟု ထင်နေကြဟန်တူ၏။ အမှန်စင်စစ်လည်း ယနေ့ တရုတ်ပြည်တွင် ထိုအရာများပျောက်ကွယ်ကုန်ချေပြီ။

အထက်တွင်ဖော်ပြထားသော ဇာတ်လမ်းသုံးခုသည် တရုတ်အပေါ် အခြားနိုင်ငံများက အမြင်သုံးမျိုးပင် ဖြစ်၏။ ထိုဇာတ်လမ်းသုံးမျိုးသည် အနောက်တိုင်းသားများအဖို့ တရုတ်အပေါ် ရှုမြင်ချက်များပင် ဖြစ်၏။ နောက်ဆုံးအနေဖြင့် ကျွန်တော်က အနောက်နိုင်ငံမဟုတ်သော ကမ္ဘာမှ အခြားဇာတ်လမ်းတစ်ခုကို ပြောပြလိုပါသည်။ တရုတ်အပေါ် စတုတ္ထမြောက် အမြင်ပဲ ဆိုပါစို့။

လွန်ခဲ့သော လအနည်းငယ်က ကျွန်တော်သည် တရုတ်စာနယ်ဇင်း ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပါကစ္စတန်သို့သွားခဲ့၏။ ပါကစ္စတန်တွင် လမ်းပေါ်၌ အနောက်တိုင်းသားများကို သိပ်မတွေ့ရ။ ထိုအချိန်က 'အိုစမာဘင်လာဒင်'ကို အမေရိကန်အထူးတပ်ဖွဲ့က သတ်ဖြတ်ပြီးကာစ အချိန်ဖြစ်၏။ ကျွန်တော်တို့အဖွဲ့သည် ပါကစ္စတန်မြို့တော်တော်များများကို လေ့လာရေး ရောက်ခဲ့ကြ၏။ ပါကစ္စတန်ကား ပြဿနာတွေအများကြီးနှင့် ကြုံနေရသော်လည်း အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင်။ အိန္ဒိယနှင့် စစ်ဘက်ဆိုင်ရာ ထိပ်တိုက်တွေ့နေရ၏။ အာဖဂန်နစ္စတန်နှင့် အီရန်နယ်စပ်များတွင် ပြဿနာတွေတက်နေ၏။ အသေခံဗုံးခွဲမှုတွေရှိနေ၏။ လမ်းပေါ်တွင် ကတုတ်ကျင်းတွေ၊ သံဆူးကြိုးတွေ အတားအဆီးတွေရှိ၏။ အမေရိကန်စစ်လေယာဉ်များက နယ်မြေပေါ်ဖြတ်သန်းနေကြ၏။ စီးပွားရေးအကြပ်အတည်းတွေကြုံနေရသည်။ ပါကစ္စတန်သည် တကယ့်ပီတိ တတိယကမ္ဘာ့နိုင်ငံ ဖြစ်၏။ သို့သော် ပါကစ္စတန်လူမျိုးတို့၏ မျက်စိတွင် တရုတ်ကို မည်သို့မြင်ပါသလဲ။

ပါကစ္စတန်တို့က တရုတ်သည် တိုးတက်ထွန်းကားနေသည်ဟု သဘောထား၏။ လာဟိုပြတိုက်တွင် လွန်ခဲ့သောနှစ် ၄၀၀၀ ခန့်က ရှေးဟောင်း အိန္ဒိယအမွေအနှစ်များကို ပြသထားသည်။ မဂိုအင်ပါယာ၏ နန်းတော်ဟောင်းကလည်း ထိုနေရာနှင့်မနီးမဝေးတွင် ရှိသည်။ ခေါင်းမြီးခြုံ ဝတ်ရုံအမည်းဝတ်ထားသော ပါကစ္စတန်မိန်းကလေးတစ်ဦးက သူမကြောင်း တရုတ်ပြည်သွားပြီး ဘွဲ့လွန်သင်တန်းတက်ရောက်မည်ဟု ဝမ်းသာ

အားရ ပြောၾ၏။ သူက သိပ္ပံနှင့် စက်မှုပညာအဆင့်မြင့်တက္ကသိုလ်တွင် တက်ရမည် ဖြစ်၏။ ထိုတက္ကသိုလ်မှာ ကျွန်တော်အလုပ်လုပ်သောနေရာနှင့် မဝေးလှ။ သူက သိပ်စိတ်လှုပ်ရှားလွန်းသဖြင့် ကျွန်တော့်ကို စကားတွေအများကြီးပြော၏။ ပါကစ္စတန်လူမျိုးအများစုက တရုတ်သည် သူတို့၏ မိတ်ဆွေနိုင်ငံဟု ထင်ထားကြ၏။ အစ္စလာမာဘက်မြို့၏ တောင်စောင်းတစ်နေရာတွင် အရပ်သူအရပ်သားများက ကျွန်တော်တို့ တရုတ်သတင်းစာဆရာအဖွဲ့နှင့် ဓာတ်ပုံတွဲရိုက်ပါရစေဟု ခွင့်တောင်းကြ၏။ သူတို့က တရုတ်လူမျိုးများကို 'နောင်တော်တို့'ဟု ခေါ်ကြ၏။ ပါကစ္စတန်နိုင်ငံက တရုတ်သည် သူတို့၏ အနာဂတ်ကို ဖော်ဆောင်ပေးမည်ဟု ယုံကြည်ထားကြ၏။ ပါကစ္စတန်ထိန်းချုပ်ထားသော ကသ္မီယမြို့တော်တွင် မြို့တော်ဝန်က တရုတ်သတင်းစာဆရာများကို သူ၏ရုံးထဲတွင် ဧည့်ခံ၏။ သူက အင်္ဂလိပ်လို မပြောတတ်။ သူ့ဘာသာစကားနှင့် တရုတ်သည် 'စူပါပါဝါ' ဆိုသော အဓိပ္ပာယ်ကို ကျွန်တော်ဆန်းစစ်နေမိသည်။ တောင်ပတ်လမ်းကို ကွေ့ဝိုက်ဆင့် တက်မောင်းနှင်နေကြသော သည်ကားမောင်းသမားများကလည်း ဤစကားလုံးကိုပင် ပြောကြ၏။ အမေရိကန်တွင် တွေ့ခဲ့ရသော ထရပ်ကားမောင်းသမားနှင့် သူတို့အမြင်က ဆန့်ကျင်ဘက်။ သူတို့က တရုတ်ကုမ္ပဏီများအတွက် ကားမောင်းပေးကြ၏။ တရုတ်တို့က ဤနေရာတွင် ကမ္ဘာ့အမြင့်ဆုံးနိုင်ငံတကာလမ်းကို ဖောက်နေကြ၏။

တကယ်တော့ ကျယ်ပြောလှသော တတိယကမ္ဘာတွင် နေထိုင်နေကြသူများသည် အနောက်ကမ္ဘာတွင် နေထိုင်ကြသူများကဲ့သို့ တရုတ်အပေါ် အမြင်တွေ တစ်ဦးနှင့်တစ်ဦး မတူညီကြ။ ပါကစ္စတန်တို့က အင်အားတောင့်တင်းသော 'နောင်တော်ကြီး'သည် အမေရိကန်၏ စိုးမိုးမှုမှ ကာကွယ်ပေးမည်ဟု ယုံကြည်ထားကြ၏။ အချို့သော အရှေ့တောင်အာရှနိုင်ငံများကမူ အမေရိကန်၏ ကြီးစိုးမှုနှင့် တရုတ်၏ချမ်းသာမှုတို့ကို အားပြိုင်ကာ ချိန်ခွင်ညှာညှိကြ၏။ သူတို့၏ အမြင်အရ တရုတ်သည် အင်အားကလည်းကောင်း၊ အရေးလည်းကြီးသဖြင့် သူ့ကိုလည်း သိပ်မယုံရဟူ၍ ဖြစ်၏။ အာဖရိကသားအချို့က တရုတ်၏ အောင်မြင်မှုကို တိုးတက်မှုပုံစံတစ်ခုအနေနှင့် မြင်ကာ အချို့ကမူ အနောက်တိုင်းမီဒီယာတို့၏ ဝါဒဖြန့်စကားအတိုင်း

'ကိုလိုနီလက်သစ်' ဟု သဘောထားကြ၏။ အနောက်နိုင်ငံမဟုတ်သော ကမ္ဘာမှ လူများစု၏ သဘောထားကမူ တရုတ်တိုးတက်မှုသည် ကြီးမားသော စွမ်းအင်တစ်ခုဟု ဆိုကြ၏။ တရုတ်ပြည်၏ တိုးတက်လာမှုသည် 'ပေါ်ထွန်းလာသော ဈေးကွက်သစ်' ဆိုသည်လောက်တော့ ဘယ်အခါမှ ရှုယ်ကူရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်၍ မရနိုင်ပါ။

တရုတ်ပြည်နှင့် ပတ်သက်သော အမြင်လေးရပ်တွင် ကျွန်တော်တို့သည် တရုတ်ပြည်အပေါ် ကွဲပြားခြားနားသော သဘောထားလေးခုကို တွေ့ရ၏။ လူဖြူထရပ်ကားမောင်းသမား၊ ဝါရှင်တန်မှ စီးပွားရေးလုပ်ငန်းရှင်၊ ဧည့်ပါမောက္ခနှင့် ပါကစ္စတန်လူမျိုးစုခေါင်းဆောင်။ သူတို့၏ အမြင်လေးခုသည်

**အမြင် (တစ်) - တရုတ်သည် တတိယကမ္ဘာ**

တရုတ်သည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၏။ ကြီးမားပြီး ဆင်းရဲ၏။ တတိယကမ္ဘာ၏ ဝိသေသအားလုံးပိုင်ဆိုင်၏။ နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရ လည်းကောင်း တရုတ်သည် ဖွံ့ဖြိုးပြီးနိုင်ငံများထံမှ လမ်းညွှန်မှုနှင့် အကူအညီများ လိုအပ်နေ၏။

**အမြင် (နှစ်) - တရုတ်သည် ပေါ်ထွန်းလာသော ဈေးကွက်**

တရုတ်သည် ကမ္ဘာ့အကြီးဆုံးပေါ်ထွန်းလာသော ဈေးကွက်များထဲမှ တစ်ခုဖြစ်၏။ လျင်မြန်စွာ ကြီးထွားလာသော စီးပွားရေးနှင့်အတူ လူမှုဘဝက တည်ငြိမ်နေ၏။ အပေါ်ယံအဆောက်အဦ တိုးတက်လာသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အမြတ်များစွာရသော နိဗ္ဗာန်ဘုံဖြစ်၏။ တရုတ်နှင့် ဆက်ဆံလျှင် တစ်စုံတစ်ရာသော စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်သည်။

**အမြင် (သုံး) - တရုတ်သည် ရှေးဟောင်းနိုင်ငံ**

တရုတ်သည် ရှေးကျသော ဟောင်းနွမ်းသော သက်တမ်းရှည်ကြာသော ထူးဆန်းအံ့သြဖွယ်ဖြစ်သော အရှေ့တိုင်းယဉ်ကျေးမှုကို ကိုယ်စားပြု၏။ ၎င်းသည် နှစ်လိုဖွယ်အလွန်ကောင်းပြီး အနောက်တိုင်းယဉ်ကျေးမှုနှင့် လုံးဝကွဲပြားခြားနားသည်။

## အမြင် (လေး) - တရုတ်သည် စူပါပါဝါ

တရုတ်သည် အနာဂတ်တွင် စူပါပါဝါနိုင်ငံ ဖြစ်မည်။ တရုတ်သည် အလွန်လျင်မြန်သော အရှိန်အဟုန်နှင့် ကမ္ဘာကို ဩဇာလွှမ်းမိုးနေ၏။ စက်မှုတော်လှန်ရေးနောက်ပိုင်းတွင် ကမ္ဘာ့သမိုင်း၌ သိသာထင်ရှားသော အပြောင်းအလဲကို ဖြစ်စေမည်။

အနောက်နိုင်ငံသားများနှင့် အနောက်နိုင်ငံသားမဟုတ်သူများ အားလုံး၏ အမြင်တွင် တစ်မျိုးနှင့် တစ်မျိုးမတူပါ။ လူတစ်ကိုယ်အမြင်တစ်မျိုး ဆိုသကဲ့သို့ တရုတ်အပေါ် သူ့အမြင်နှင့် သူရှိကြသည်။

ဤတွင် ကျွန်တော်တို့အဖို့ မေးစရာတစ်ခုပေါ်လာ၏။

တရုတ်က ဖွံ့ဖြိုးမှုအောက်ကျနေသလား။ သို့မဟုတ် တိုးတက်နေသလား။

သူက တိုးတက်လာသလား သို့မဟုတ် ရှေးကျနေဆဲလား။

ခေတ်မီသလား။ ရှေးဟောင်းအစွဲရှိနေဆဲလား။

အကူအညီလိုနေသည့် ချိနဲ့သော နိုင်ငံလား။ အင်အားကောင်း၍ အန္တရာယ်ပြုလာမည့် နိုင်ငံလား။

ဤအချက်များကို သုံးသပ်ကာ မှန်ကန်သောအဖြေတစ်ခုရှာနိုင်ပါသလား။

တရုတ်ရေးရာကျွမ်းကျင်သူများသည် 'တရုတ်ပြည်သစ်'နှင့် ပတ်သက်၍ တိကျသောအဖြေမပေးနိုင်ကြသည်ဆိုသည့်အချက်ကို ကျွန်တော် ဝန်ခံပါရစေ။ ဤသည်မှာ အပြစ်မဟုတ်ပါ။ တရုတ်လူမျိုးများ ကိုယ်တိုင်ကလည်း တစ်ဦးနှင့်တစ်ဦး အမြင်တွေက မတူကြ။ တရုတ်ပြည်ကလည်း ဗဟိုမှာနေသူနှင့် အနောက်ဘက်ခြမ်းမှာနေသူသည်လည်း အမြင်မတူနိုင်။ တရုတ်ပြည်တွင် လေယာဉ်နှင့်မသွားဘဲ ရထားဖြင့် ခရီးသွားကြည့်ကြပါ။ သွားရင်းလာရင်း အိမ်တွေကို သေသေချာချာ ဂရုစိုက်ကြည့်ပါ။ အိမ်အတော်များများသည် ရထားလမ်းထက်နိမ့်သော မြေပေါ်တွင် ဆောက်ထားကြ၏။ ကျွန်တော့်ဖခင်ကြီးသည် တစ်ချိန်က တောင်ပေါ်ဒေသတစ်ခုတွင် အလုပ်သွားလုပ်ဖူးသည်။ သူက ကျွန်တော့်ကို ပြန်ပြောပြ၏။ သူအလုပ်လုပ်ရာနေရာတွင် အစိုးရရုံးတစ်ခုသည်သာ အိမ်ကောင်းကောင်း

ာန်းကန်း ရှိသည်တဲ့။ ထိုအိမ်က သုံးထပ်တိုက်။ သို့သော် အိမ်သာတစ်လုံး မရှိ။ လူတွေက အိမ်နောက်ဖေးကွက်လပ်တွင်သာ အညစ်အကြေးစွန့်ကြသည်ဆို၏။ သာမန်မိသားစုများတွင် အဝတ်ကောင်းဟူ၍ တစ်စုံ နှစ်စုံသာ ၏။ မိသားစုဝင်များသည် အပြင်ထွက်လျှင် တစ်ယောက်အင်္ကျီတစ်ယောက် ဲသွားကြရ၏။

တောင်သူလယ်သမားများကို မေးကြည့်ပါ။ တရုတ်ပြည်သည် ဖွံ့ဖြိုးိုးတက်သော နိုင်ငံလား။ စူပါပါဝါနိုင်ငံလား။ မည်သူမျှ ခေါင်းငြိမ့်မည် ဟုတ်။ တရုတ်လူဦးရေ၏ တစ်ဝက်ကျော်သည် ကျေးလက်တွင်နေကြ၏။ ြို့ပြတွင် လာနေသူများမှာလည်း ထိုကျေးလက်မှ ပြောင်းရွှေ့လာကြသူတွေ ြစ်၏။ သူတို့လည်း သူတို့ဆင်းရဲခဲ့သည့်ဘဝကို မမေ့။

ထို့ကြောင့် တရုတ်လူမျိုးအများစုက သူတို့သည် တတိယကမ္ဘာတွင် သာ ထိုင်ကြသည်ဟုသာ ဖြေကြမည် ဖြစ်၏။ ကမ္ဘာတွင် တရုတ်လူမျိုး ာစ်ဦးချင်း၏ ဂျီဒီပီက ၁၀၀ အဆင့်တွင်ရှိ၏။ ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် နှိုင်းလျှင် ၄င်းသည် အလယ်အလတ် အဆင့်တွင်သာရှိ၏။

တရုတ်လယ်သမားများကို မေးကြည့်ပါ။

"အောက်တန်းနောက်တန်းကျနေတာကို ဘယ်လိုပြောင်းပစ်မလဲ"

"ဒီမိုကရေစီနဲ့ ပြောင်းမလား"

သူတို့ခေါင်းခါကြမည်မှာ သေချာ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဒီမိုကရေစီကို မသိကြ။ သူတို့က ပေါ်လစီကြောင့်ပဲဟုသာ ဆိုကြသည်။ တရုတ်လူမျိုးအများစုသည် ဒုက္ခရောက်လျှင် အစိုးရထံမှ ထိရောက်သော အကူအညီရဖို့သာ မျှော်လင့်ထားကြ၏။ အစိုးရပြောင်းလဲဖို့ စိတ်ကူးသဲတွင်ပင် မထည့်ကြ။

တရုတ်ပြည်၏ ကြီးမားသော မြို့များအလယ်အလတ်စား မြို့များ ာွင် နေထိုင်ကြသော သန်းရာပေါင်းများစွာသော ပြည်သူတို့ကမူ ခေတ်သစ် မြို့ပြဘဝကို ခံစားနေကြသည်။ သူတို့အဖို့ ခေတ်မီသော စီးပွားရေးကမ္ဘာ ာွင်နေထိုင်ကြသည်ဟု ယုံကြည်ထားကြ၏။ သူတို့က ပုဂ္ဂလိက အောင်မြင် မှုများကို လက်တွေ့ခံစားနေကြ၏။ သူတို့က ချမ်းသာမှုနောက်သို့လည်း ိတ်အားထက်သန်စွာ လိုက်နေကြ၏။ နိုင်ငံခြားသို့ အလည်အပတ်ထွက်

ကြ၏။ ဖိမ်ခံပစ္စည်းတွေ ဝယ်ကြ၏။ အင်တာနက်ကို သုံးကြ၏။ ဘလော့ဂ်ကို သုံးကြ၏။ ခရက်ဒစ်ကတ်နှင့် ဈေးဝယ်သည်။ အက်ပဲလ်၊ အီအမ်ဒဗလျူနှင့် ဟားမီး(စ်)တို့သည် တရုတ်တွင် ဈေးကွက်ကို အကောင်းဆုံး ကြိုးစားချဲ့ထွင်နေကြသည်။ ဒီမိုကရေစီအကြောင်းပြောရင်းနှင့် တရုတ်လူငယ်များက အမေရိကကို အင်တာနက်မှနေ၍ တိုက်ခိုက်နေကြ၏။ မည်သို့ဆိုစေသူတို့သည် တစ်ချိန်တည်းမှာပင် အမေရိကန်သို့သွားပြီး ဘွဲ့လွန်သင်တန်းများတက်ရန် ကြိုးစားနေကြသည်။ တရုတ်တို့၏ မြို့ပြဘဝသည် ကမ္ဘာအရပ်ရပ်က ခေတ်မီမြို့ကြီးများနှင့်အတူတူပင် ဖြစ်သည်။ 'ဝမ်ဇု'မြို့သည် ခပ်သေးသေးပင် ဖြစ်၏။ နှစ်တိုင်းလုပ်ငန်းသစ်ပေါင်း ထောင်နှင့်ချီရှိလာရောက်ဖွင့်လှစ်ကြ၏။ သို့သော် မကြာခင်အတော်များများ ပြန်ပိတ်ပစ်ကြရ၏။ 'ဒုံဂွမ်း'မြို့သည်လည်း ထိုနည်းတူ။

မြို့ပြနေတရုတ်ရေပေါ်ဆီ လူတန်းစားများကမူ စီးပွားရေးယဉ်ကျေးမှုသစ်နှင့် မြို့ပြလူမှုဘဝကို အကျွမ်းဝင်နေကြပြီ။ ၁၉၉၀ ပြည့်နှစ်များတွင်မွေးဖွားခဲ့ကြသော မျိုးဆက်သစ်အများစုသည် လူလတ်တန်းစားများအဖြစ်ကြီးပြင်းလာကြသူများ ဖြစ်ကြ၏။ လူအများစုမှာ နိုင်ငံ၏ အောင်မြင်မှုပေါ်တွင် ဂုဏ်ယူတတ်ကြ၏။

ပေါ်ထွန်းလာသော ဈေးကွက်နှင့် နှိုင်းယှဉ်လျှင်၊ တရုတ်သည်ယဉ်ကျေးမှုဟောင်းဖြစ်သည်ဟု ပြောရန်မလွယ်ကူပါ။ တရုတ်ပြည်၏ နှစ်ပေါင်းများစွာ သန္ဓေတည်ခဲ့သော ယဉ်ကျေးမှုသည် ကမ္ဘာအနှံ့ပျံ့နှံ့နေပါပြီ။ ဆင်းရဲဟောင်းနွမ်းသော ရပ်ကွက်များနှင့် ပေကျင်းအော်ပရာက သောကဇာတ်များသည် ခေတ်မရှိတော့။ ပျောက်ဆုံးသွားပြီ။ သို့သော် တရုတ်လူမျိုးတို့၏ ဝိသေသလက္ခဏာကား အလွန်တောင့်တင်းခိုင်မာ၏။ 'ရှီချွမ်'ပြည်နယ်မှ သူ့ကိုယ်သူ 'တတိယကမ္ဘာ'တွင် နေထိုင်သူဟု ခံယူထားသော လယ်သမားတစ်ဦး၏ တရုတ်ဝိသေသလက္ခဏာနှင့် ရှန်ဟဲရှိ ပေါ်ထွန်းလာသောဈေးကွက်တွင်နေထိုင်သော တရုတ်တစ်ဦး၏ ဝိသေသလက္ခဏာမှာ တူတူပင် ဖြစ်၏။ ဤရိုးရာမှာ နှစ်ထောင်ပေါင်းများစွာစွဲထင်ခဲ့ချေပြီ။ ဤခိုင်မာသော ယဉ်ကျေးမှုသည်ပင် တရုတ်ပြည်သူများ၏ စည်းရုံးမှုကို ပိုမိုမြဲမြံစေ၏။ ရှီချွမ်မှ လယ်သမားနှင့် ရှန်ဟဲမြို့ပြနေတို့ကြားမှ ကွာဟမှုသည်

အမေရိကန်ဒီမိုကရက်နှင့် ရီပက်ပလီကန်တို့၏ ခြားနားမှုထက်မပိုပါ။ ယနေ့အခါတွင် တရုတ်တို့သည် 'ပျောက်ဆုံးနေသော ယဉ်ကျေးမှု'ကို ဖက်တွယ်ထားဆဲ ဖြစ်၏။

တရုတ်ပြည်နှင့်ပတ်သက်၍ ပထမအမြင်သုံးခုနှင့် နှိုင်းစာလျှင် 'စူပါပါဝါ'ဆိုသော အမြင်ကား လက်ခံသူနည်းပါး၏။ တရုတ်ပြည်သူများ၏ မျက်လုံးထဲတွင်မူ တရုတ်သည် တတိယကမ္ဘာ့နိုင်ငံ၏ ပေါင်းစည်းမှုပင်ဖြစ်၏။ ပေါ်ထွန်းလာသော ဈေးကွက်နှင့် ရှေးဟောင်းယဉ်ကျေးမှုတို့ ပေါင်းစည်းမှုပင် ဖြစ်၏။ ထိုအချက်မျှလောက်နှင့် 'စူပါပါဝါ'စကားလုံးကို မသုံးနိုင်သေးပါ။ မြို့ကြီးပြကြီးတွင် နေထိုင်သူများမှာမူ ယာဉ်ကြောပိတ်ဆို့မှု၊ အိမ်ဈေးကြီးမှု၊ လူမှုရေးမတရားမမျှတမှု၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများပေါ်တွင် မကျေနပ်ကြ။ ယနေ့ တရုတ်ပြည်သူများသည် အမေရိကန်ကို ၁၈၈၀၊ ၁၉၂၀၊ ၁၉၆၀ ခုနှစ်များ ပေါင်းစပ်သည့်ပုံစံမျိုး ဖြစ်၏။ သူတို့သည် ပုဂ္ဂလိက အောင်မြင်မှုများနောက် တစ်ကောက်ကောက်လိုက်နေသကဲ့သို့ တစ်ဖက်တွင်လည်း ငွေကြေးလွှမ်းမိုးမှုများကြောင့် အရုပ်ဆိုးအကျည်းတန်မှုများ၊ မတရားမှုများ၊ အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်နေကြ၏။ သူတို့ပတ်ဝန်းကျင်ရှိ ကမောက်ကမဖြစ်ရပ်များ၊ ဖြောင်းတိဖြောင်းသန်အခြေအနေများကို အော့နှလုံးနာနေကြ၏။ စူပါပါဝါတဲ့လား။ မည်သို့ဖြစ်လာနိုင်အံ့နည်း။

တရုတ်လူမျိုးများနှင့် အနောက်နိုင်ငံသားတို့ကြားမှ တရုတ်ပြည်နှင့်ပတ်သက်၍ အယူအဆအရှုအမြင်များက ကွာခြားလှ၏။ ယနေ့ခေတ်တွင် နိုင်ငံခြားသားများက တရုတ်လူမျိုးတို့သည် ၎င်းတို့၏ အံ့မခန်းအောင်မြင်မှုများကို မသိကျိုးကျွန်ပြုနေကြသည်ကို တွေ့ရ၍ အံ့သြနေကြ၏။ တရုတ်ကသူ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောစတင်ရေချသည့်နေ့က တရုတ်လူမျိုးတို့သည် အမေရိကန်၏ လေယာဉ်တင် တိုက်သင်္ဘော ၁၂ အကြောင်းပြောနေကြ၏။ တရုတ်က ဂျီဒီပီတွင် ဂျပန်ကိုကျော်ပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးဖြစ်လာသောအခါ တရုတ်မီဒီယာက တရုတ်၏ လူတစ်ဦးချင်း ဂျီဒီပီနှင့် အာဖရိကနိုင်ငံငယ်များနှင့် နှိုင်းပြီးပြောနေကြ၏။ နိုင်ငံခြားလေ့လာသူများကမူ တရုတ်ပြည်သူတို့၏ ရောမရည်မှန်းချက်နှင့် ရည်ရွယ်

စီမံကိန်းတို့ နီးစပ်စွာဆက်ဆံမှုကို ယုံကြည်ကြသည်။ တစ်နည်းအားဖြင့် ပြောရလျှင် သူတို့သည် 'ရွှေတံဆိပ်ယဉ်ကျေးမှု' အမျိုးအစားတစ်ခုကို ပိုင်ဆိုင်ကြသည်ဟု ဆိုရမည်။ ဥပမာ အိုလံပစ်အားကစားပွဲတွင် တရုတ်တို့က ရွှေတံဆိပ်ရဖို့ တစ်ခုတည်းကိုသာ စိတ်ဝင်စားကြ၏။ ဒုတိယဆုရခြင်းသည် သူတို့အတွက် ရှုံးနိမ့်ခြင်းပင် ဖြစ်၏။

ဤသည်မှာ စိတ်ဝင်စားစရာကောင်းသော ဖြေရှင်းချက်ဖြစ်၏။ သို့သော် တရုတ်ပြည်တွင် နေထိုင်သူများကမူ ထိုဖြေရှင်းချက်ကို ဘဝင်မကျကြ။ အင်တာနက်ထဲတွင် နေ့တိုင်းအပြင်းအထန် ငြင်းခုန်နေကြသည်ကို ကြည့်လျှင် မည်သူမျှ ရေရှည်စီမံကိန်းကိုမရှာနိုင်ကြသည်မှာ သေချာနေ၏။ တရုတ်ပြည်ကို ကျွန်တော်တို့ မြင်ကွင်းလေးရပ်ဖြင့် ကြည့်ကြပြီးပြီ။ မြင်ကွင်းလေးဆယ်ဖြင့် ကြည့်၍လည်းရ၏။ သို့သော် ရေရှည်စီမံကိန်းကားမရှိ။ အားလုံးသဘောတူကြမည့် အဖြေမရ။ တရုတ်ပြည်သည် ဥရောပကဲ့သို့ပင် အမျိုးအစားကွဲပြားမှုတွေများ၏။ အမေရိကကဲ့သို့ ကျယ်ပြော၏။ ပိရမစ်များကဲ့သို့ ရှေးကျ၏။ ဒူဘိုင်းကဲ့သို့ပင် အပြောင်းအလဲတွေ ထောင်နှင့်ချီရှိ၏။ တရုတ်ပြည်ဖြေရှင်းရမည့် စိန်ခေါ်မှုများမှာ အာဖရိက၊ အိန္ဒိယ၊ ဝေါလ်စထရီ၊ ဘရပ်ဆဲလ်နှင့် ကရင်မဒလင် စုစုပေါင်းထက်များ၏။ ဤသည်ပင် တရုတ်ပြည်၊ တရုတ်ပြည်အစစ်ဖြစ်၏။ တရုတ်ပြည်သည် ဘာမှမရှိသော တိုင်းပြည်နှင့် အကုန်လုံးရှိသော တိုင်းပြည်ဖြစ်၏။ ပြဿနာတွေ စိန်ခေါ်တွေအားလုံးနှင့် ယှဉ်တွဲနေထိုင်ခြင်းကပင် ထူးခြားချက်ဖြစ်၏။

## (၂) အမြင်မှားယွင်းမှုများ – တရုတ်ပြည်နှင့် ပတ်သက်သည့် မြင်ပုံမြင်နည်းများ

တကယ်တော့ တရုတ်သည် သိပ်ပြီးထူးခြားလှသော နိုင်ငံကားမဟုတ်ပါ။ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် တရုတ်ပြည်သည်လည်း နားလည်ရန် သိပ်ခက်ခဲသော နိုင်ငံကားမဟုတ်ပါ။ တရုတ်နိုင်ငံသည် အလွန်ရှုပ်ထွေးသော နိုင်ငံဖြစ်သည်ဟု ကျွန်တော်တို့ ပြောကြသည်။ သို့ဆိုလျှင် ဝိရောဓိများစွာမရှိသော နိုင်ငံရှိပါမည်နည်း။ တရုတ်သည် နယ်မြေကျယ်သည်ကား မှန်၏။ သို့သော် အခြားနိုင်ငံများကရော

ကွဲပြားခြားနားမှုများစွာနှင့် ပေါင်းစပ်ထားသည်မဟုတ်ပါလား။ အမေရိကန်ကကိုပဲ ကြည့်ဦး။ နယူးယောက်ရှိ မင်ဟက်တန်ကျွန်လေးပေါ်တွင်ပင် ဗဟိုပန်းခြံ၏ မြောက်ဘက်နှင့် တောင်ဘက်တွင် ကွဲပြားခြားနားသော မြင်ကွင်းများရှိကြသည်။ သို့သော် နိုင်ငံခြားသားကမ္ဘာလှည့်များသည် ဘိုင်း(မ်)စကွဲ သို့မဟုတ် လစ်ဘာတီရုပ်တုကြီးကို ဓာတ်ပုံရိုက်ကာ။ သူတို့မိတ်ဆွေများကို ဒါအမေရိကပဲဟု ပြောပြကြ၏။

တရုတ်ပြည်ကို မလာကြမီလူများစွာက ကျွန်တော့်ကို ပြောဖူးကြသည်။ တရုတ်လူမျိုးတွေက တူညီဝတ်စုံတစ်မျိုးထဲဝတ်ကာ ဆံပင်ပုံစံတစ်မျိုးတည်း ရှိကြသလားတဲ့။ နိုင်ငံကြီးတစ်ခုလုံး စက်ရုံကြီးသဖွယ်လည်ပတ်နေပြီး လူတိုင်းက စက်ရုပ်တွေလို တိတ်တဆိတ်တကုပ်ကုပ် အလုပ်လုပ်နေကြသလားတဲ့။ ကျွန်တော်က ပြန်ဖြေလိုက်ရာ အဲဒါက တရုတ်ပြည်မဟုတ်ဘူး။ အဲဒါက စာရေးဆရာ 'ဂျော့အော်ဝဲလ်'ရေးတဲ့ 'သမုဒ္ဒရာနိုင်ငံ'။ တရုတ်ပြည်ဘက်ကလည်း အမြင်တစ်မျိုး။ အမေရိကန်လူမျိုးတိုင်းက အိပ်ခန်းမှာ သေနတ်တွေထားသလားတဲ့။ ဒါက ဟောလိဝုဒ်ရုပ်ရှင်ကားထဲက ပြကွက်တွေပါ။ ဤသို့ဖြင့် တစ်ဦးနှင့်တစ်ဦး အမြင်တွေက တစ်ယောက်တစ်မျိုးစီ။

ကျွန်တော်က နိုင်ငံခြားသားများကို ပြောပြရ၏။ တရုတ်ပြည်အကြောင်း စိတ်ဝင်စားလျှင် တရုတ်ပြည်ကို ဝတ္ထုပစ္စည်းတစ်ခုသဘောဖြင့် လေ့လာကြပါနှင့်ဟု။ တိရစ္ဆာန်များ၊ အပင်များကို သဘာဝဝါဒီများက လေ့လာသောပုံစံမျိုးနှင့် ချဉ်းကပ်၍မရပါ။ တရုတ်ပြည်အကြောင်း လေ့လာလိုလျှင် တရုတ်ပြည်နှင့် အခြားတိုင်းပြည်များမှ တူညီသည့်အချက်များကို ကြည့်ပြီးမှ လေ့လာသင့်သည်။

တရုတ်ပြည်သည် ကမ္ဘာ့ရှေးအကျဆုံးနိုင်ငံကြီးဖြစ်သည့်အတွက် ...င်းတွင် လူသားနှင့်ပတ်သက်၍ အခြေခံအကျဆုံး တန်ဖိုးများရှိ၏။ နှစ်...ထောင်ပေါင်းများစွာကပင် တရုတ်ပြည်သူတို့သည် အလုပ်ကြိုးစားကြ၏။ ...ည်မှန်းချက်ကြီးကြ၏။ လူမှုရေးတာဝန်ကျေကြ၏။ လူတိုင်းအနေနှင့် သူ၏...ဘောမသတ်လောဘကို သတ်ရမည်။ တစ်ချိန်တည်းမှာပင် ပုဂ္ဂလိက...အောင်မြင်မှုအတွက်လည်း ဇွဲရှိရှိဖြင့် ကြိုးစားလုပ်ဆောင်ရမည်။ မိမိ၏

မိသားစုအပေါ် တာဝန်ကျေရုံမျှမက လူမှုအဖွဲ့အစည်း၌ ကမ္ဘာလောကတစ်ခုလုံးအတွက်ပါ တာဝန်ကျေပေးဆပ်ရမည်။ 'တစ်ဦးချင်းစီ၏ စာရိတ္တတန်ဖိုးကို ထိန်းသိမ်း၊ မိသားစုကို ညီညီညွတ်ညွတ်ရှိအောင် စည်းရုံး၊ နိုင်ငံကို စည်းစနစ်ကျနစွာ စီမံ၊ စကြဝဠာကြီးတစ်ခုလုံး ငြိမ်းချမ်းမှုတွေစိုးမိုး'။ ဤအလေ့အထများကို တရုတ်တို့က အရိုးစွဲအောင် လေ့ကျင့်ထားကြ၏။ ဤသည်တို့မှာ တရုတ်လူမျိုးတို့၏ သီးသန့်တန်ဖိုးများလေလော။ မဟုတ်ပါ။ ၄င်းသည် ၁၇ ရာစု မြောက်အမေရိက၏ အရှေ့ဘက်ကမ်းရိုးတန်း၊ ဥရောပအလယ်ပိုင်း၊ ဂျာမနီမိသားစု၊ အမေရိကားရှိ အူကာပြည်နယ်မှ လူများတို့သည်ကိုလည်း ဤအတွေးအခေါ်များ ရှိကြသည်ပင်။ သို့သော် လူများစုက လက်တွေ့မကျင့်သုံးကြခြင်းသာ ရှိ၏။ လူမျိုးတိုင်းတွင် ဤကောင်းမြတ်၍ စံပြုအပ်သော ရည်မှန်းချက်များရှိကြသည်ချည်းပင် ဖြစ်၏။

အချို့လူများက မေးကြသည်။ တရုတ်လူမျိုးများသည် ဘာသာတရားတစ်စုံတစ်ခုမှ မယုံကြည်ကြဘဲနှင့် လူသားတို့၏ အောင်မြင်သော အစဉ်အလာကို မည်သို့ထိန်းသိမ်းကြပါသလဲဟု။ ပထမဆုံးအနေဖြင့် အသိအမြင် လွဲမှားနေသည်ကို ကျွန်တော်ရှင်းပြလိုပါသည်။ တရုတ်လူမျိုးတို့တွင် သူတို့၏ ဘာသာရေး ယုံကြည်မှုများရှိကြပါသည်။ နှစ်ထောင်ပေါင်းများစွာကပင် ဘာသာရေးတွင် တရုတ်လူမျိုးတို့၏ နေ့စဉ်ဘဝသည် အစိတ်အပိုင်းဖြစ်ခဲ့၏။ ယနေ့ထိလည်း ထိုသို့ပင်ဖြစ်၏။ ကျွန်တော်၏ ဇာတိမြေဖြစ်သော ရှီချွမ်ပြည်နယ်တွင် လစဉ်အချို့ရက်များတွင် အသက်အရွယ်ကြီးသူရာပေါင်းများစွာသည် 'အီမေတောင်'သို့ နှစ်ရက်ကြာတက်ကာ၊ ဗုဒ္ဓဘာသာစေတီသို့ ဘုရားဖူးသွားကြ၏။ မီတာ ၃၀၀၀ မြင့်သော တောင်ကိုတက်ပြီး ဘုရားဖူးကြသည်။ မတ်စောက်သော တောင်တက်နေရာများရောက်လျှင် သူတို့သည် ဗုဒ္ဓဘာသာဘုရားစာများရွတ်ပြီး တက်ကြ၏။ သူတို့က တစ်စက်ကလေးမျှ မရပ်မနား၊ တစ်ဦးနှင့်တစ်ဦး လက်ချင်းဆက်တွဲပြီး တောင်တက်ကြ၏။ သူတို့၏ ဘာသာရေးယုံကြည်မှု ပြင်းထန်လွန်းလှ၍ လူငယ်တို့ပင် သူတို့ကဲ့သို့ တောင်မတက်နိုင်ကြ။ တရုတ်ပြည်အနှံ့အပြားတွင် ဘာသာရေးအဆောက်အဦများစွာရှိသည်။ တရုတ်ပြည် အနောက်ပိုင်းနယ်မြေ၏ သုံးပုံတစ်ပုံတွင် ရိုးရာဘာသာရေးအဖွဲ့အစည်းတွေ အခိုင်အမာပင် ရှိနေ၏။

အချို့လူများက ထင်ထားကြသည်။ ကွန်မြူနစ်တို့ ဆယ်စုနှစ်ကြာ လွှမ်းမိုးမှုကြောင့် တရုတ်ပြည်မှ ဘာသာရေးပျက်ပြားခဲ့ရသည် ဆိုကြ၏။ ဤသည်မှာ မမှန်ပါ။ တရုတ်လူမျိုးများသည် ဘာသာရေးကိုင်းရှိုင်းသူများ ဖြစ်ကြ၏။ တရုတ်ပြည်သမိုင်းတွင် တောက်ဝါဒ၊ ဗုဒ္ဓဝါဒ၊ အစ္စလာမ် ဘာသာ၊ ခရစ်ယန်ဘာသာများသည် အတော်များများလည်း ပျံ့နှံ့ရှိခဲ့၏။ တရုတ်ဧကရာဇ် အများအပြားသည် ဘာသာရေးကိုင်းရှိုင်းသူများ ဖြစ်ကြ၏။ သို့သော် သူတို့သည် ဘာသာတရားကို ခုတုံးလုပ်၍ တိုင်းပြည်ကို မအုပ် ချုပ်ကြ။ ဥရောပမှာကဲ့သို့ပင် တရုတ်ပြည်သမိုင်းတွင်လည်း ဘာသာရေးတပ် များနှင့် နိုင်ငံရေးအင်အားစုများ တိုက်ပွဲတွေဖြစ်ခဲ့ကြ၏။ နိုင်ငံရေးထဲသို့ ဘာသာရေးဝင်ပါလာက တရုတ်ဧကရာဇ်များသည် ဘာသာရေးကို ဖယ် ထုတ်ခဲ့ကြ၏။ ဧကရာဇ်ကိုယ်တိုင်က ဘာသာရေးယုံကြည်သူဖြစ်စေကာမူ သူက နိုင်ငံရေးထဲသို့ ဘာသာရေးကိုရော မထည့်တတ်။ 'ဆွန်ခေတ်' (အေဒီ ၁၀၀၀) တွင် တရုတ်တို့၌ နိုင်ငံအုပ်ချုပ်ရေးတွင် စနစ်ကျသော ဒဿနိကနှင့် နိုင်ငံရေးစနစ်ကို ပိုမိုအသုံးပြုခဲ့ကြ၏။ နောက်ထပ် နှစ်တစ်ရာ ကြာလာသောအခါ ဥရောပတွေးခေါ်ပညာရှင်များက တရုတ်တို့၏ ဘာသာ ရေးနှင့် နိုင်ငံရေးမရောယှက်မှုကို ချီးကျူးလာကြရ၏။

ယနေ့ခေတ်တွင် တရုတ်ပြည်၌ ဘာသာရေးအယူဝါဒမရှိသူများလာ ၏။ 'ဟန်'လူမျိုးများသည် မည်သည့်ဘာသာကိုမှ သီးသန့်မယုံကြည်ကြ။ သို့သော် ဘာသာအယူဝါဒမရှိ၍ ယုံကြည်မှုမရှိဟုကား ပြော၍မရ။ တရုတ် လူမျိုးများသည် ယေဘုယျအားဖြင့် 'ကောင်းကင်ဘုံ'ကိုကား ယုံကြည်ကြ ၏။

တရုတ်ပြည်သူများ၏ ပညာရေး၊ လေ့ထုံးစံ၊ စကားပုံ၊ ဒဿနတို့ တွင် ဘာသာရေးအငွေ့အသက်ရောက လွှမ်းမိုးနေဆဲ နှစ်ထောင်ပေါင်းများ စွာကြာမှ တရုတ်ပြည်တွင် အဓိကလွှမ်းမိုးသော ဘာသာမရှိသော်လည်း တရုတ်ပြည်သူတို့သည် ကိုယ်ကျင့်သိက္ခာ၊ မိမိမိဘ၊ မိမိကျင့်ဝတ်စောင့်ထိန်း မှု၊ သိက္ခာသမာဓိတို့ကိုကား ထိန်းသိမ်းကြ၏။

ယခုကဲ့သို့ စီးပွားရေးတိုးတက်မှု အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေကာ၊ ချမ်းသာမှုနောက်ကို တကောက်ကောက်လိုက်နေကြသော ခေတ်တွင် ကိုယ်

ကျင့်သိက္ခာစောင့်ထိန်းမှု ယိုယွင်းလာမလားဟု အများက စိုးရိမ်နေကြ၏။ ပုဂ္ဂလိကတစ်ဦးချင်းအခွင့်အရေးသည် လူမှုရေးလုပ်ဆောင်မှုတို့ကြားက ဆက်နွယ်မှုကို မီဒီယာများနှင့် အင်တာနက်တို့က အဓိကထားဆွေးနွေးနေကြ၏။ အနောက်နိုင်ငံများ၏ စက်မှုဖွံ့ဖြိုးလာမှုကိုကြည့်လျှင် စီးပွားရေးပိုပြီး လျင်လျင်မြန်မြန် တိုးတက်လာလေ လူမှုရေးပြဿနာများ၊ ကျင့်ဝတ်ဖောက်ဖျက်မှုများ ပိုမိုပျက်ယွင်းလာလေဆိုသည်ကို တွေ့ခဲ့ကြပြီ ဖြစ်၏။ ထို့ကြောင့် အနောက်ကမ္ဘာတွင် ဘာသာရေးနှင့် ရိုးရာတန်ဖိုးများ ပြန်လည်ခေါင်းထောင်လာခြင်း ဖြစ်၏။

နောက်တစ်ခုအငြင်းပွားစရာမှာ တရုတ်၏ နိုင်ငံရေးစနစ်ဖြစ်၏။ တရုတ်ပြည်သည် အနောက်နိုင်ငံအများစု ကျင့်သုံးကြသော နိုင်ငံရေးစနစ်နှင့် အလွန်ကွဲပြားသော စနစ်ကို ကျင့်သုံးခဲ့၏။ တရုတ်နိုင်ငံရေးစနစ်နှင့် အခြားနိုင်ငံများ၏ စနစ်များက မတူညီကြ။ တရုတ်တို့သည် ဥပဒေအစဉ်အလာကို စာရင်းအင်းနှင့် မှတ်တမ်းမတင်ခဲ့ကြ။ သို့သော် တည်တံ့ကျင့်သုံးခဲ့သည့် သမိုင်းကြောင်းကား ရှည်လျားလှ၏။ လွန်ခဲ့သော နှစ် ၃၀၀၀ ခန့်ကပင် တရုတ်တို့၏ နိုင်ငံရေးကျင့်ဝတ်တွင် နိုင်ငံရေးအာဏာနှင့် သာမန်ပြည်သူတို့ ဆက်စပ်မှုကို တည်ထောင်ခဲ့ကြ၏။ ဤသည်မှာ ယခုထိ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေကြဆဲ ဖြစ်သည်။ ဘုရင်ခေတ်ကာလကလည်း တရုတ်ဧကရာဇ်တို့သည် ရောမအင်ပါယာနှောင်းခေတ်က ဘုရင်များကဲ့သို့ စစ်အာဏာရှင် မဟုတ်ခဲ့။ 'ငါဟာ နိုင်ငံတော်ပဲ'ဟု ဆိုသော လူဝီ ၁၄ နှင့်လည်း မတူ။ ဘုရင်များကို ငယ်စဉ်ကပင် ကွန်ဖြူးရှပ်ဝါဒီဝန်ကြီးများက ပညာသင်ပေးကြ၏။ နိုင်ငံရေးလောကတွင်လည်း ဝန်ကြီးများသည် ဧကရာဇ်နှင့် အာဏာကိုခွဲဝေသုံးစွဲကြ၏။ သာမန်ပြည်သူတို့မှာ လွတ်လွတ်လပ်လပ် နေနိုင်ကြ၏။ သူတို့အနေဖြင့် အနေဝေးသော ဧကရာဇ်ထက် ကိုယ့်မိသားစု၏ အမိန့်စည်းကမ်းကို လိုက်နာသည်သာများ၏။ ပညာသင်စာမေးပွဲဖြေဆိုပြီး အုပ်ချုပ်သူလူတန်းစားထဲသို့ လူသာမန်တို့ ဝင်ရောက်နိုင်၏။ အုပ်ချုပ်သူသည် သူကြိုက်သလို အုပ်ချုပ်၍မရ။ ဥပဒေလမ်းညွှန်နှင့်အညီ အုပ်ချုပ်ရ၏။ အုပ်ချုပ်သူက ပြည်သူအပေါ် တရားနှင့်အညီ မအုပ်ချုပ်လျှင် ကောင်းကင်ဘုံက အခြားသင့်လျော်သူကို ရွေးပေးရ၏။

အမေရိကန်ကလည်း ဒီမိုကရက်တစ်စနစ်ကို ၁၈ ရာစုကစ၍ ဘုထောင်ကျင့်သုံးခဲ့၏။ သို့သော် ကျွန်စနစ်ကို ဖျက်သိမ်းနိုင်ဖို့ နှစ် ၁၀၀ ချကြာခဲ့၏။ ၂၀ ရာစုတွင် လူများစွာသည် တရားမျှတမှု လွတ်လပ်မှုနှင့် ငြိမ်းချမ်းရေးတို့အတွက် တိုက်ပွဲဝင်နေကြဆဲ။ ၂၁ ရာစု၏ ဒုတိယဆယ်စုနှစ် တွင်လည်း အမေရိကန်များသည် တိုက်ပွဲဝင်နေကြဆဲ။

'ကျွန်ုပ်တို့ကို' နှင့် 'သူတို့ကို'ဆိုသော အငြင်းပွားမှုကိုသာ ဖယ်ရှား လိုက်လျှင် တရုတ်ပြည်၏ နိုင်ငံရေးတိုးတက်မှုသည် အနောက်ကမ္ဘာနှင့် အတူတူသာ ဖြစ်သည်။ 'ဒီမိုကရေစီ' နှင့် 'တစ်ပါတီအာဏာရှင်စနစ်'တို့ကို ရွေးချယ်မှုအစား၊ ပြောင်းလဲမှုအဆင့်ဆင့် စဉ်ဆက်မပြတ်ဖြစ်စဉ်နှင့် နိုင်ငံ ရေးနောက်ခံကားချပ်များ တိုးတက်မှုများဖြစ်စဉ်သာ ဖြစ်သည်။ နိုင်ငံရေး ဘဝတွင် လူတိုင်းကာကွယ်စောင့်ရှောက်မှုခံရရေးသည်သာ နိုင်ငံရေးအရ ဘုံစံပြုစရာများ ဖြစ်၏။ ထို့နောက် အားလုံးခြုံငုံပါဝင်သော လူမှုရေးတိုး တက်မှုရှိသည့် နိုင်ငံရေးအစီအစဉ်ကို တည်ထောင်ရမည်။

တရုတ်ပြည်သူများ၏ နိုင်ငံရေးတိုက်ပွဲကား ပို၍ခက်ခဲကာ ပို၍ အကွေ့အကောက်များ၏။ ၁၉ ရာစုကုန်တွင် ဥရောပကိုလိုနီဝါဒ၏ အောက် တွင် ရှေးခေတ်တရုတ်နိုင်ငံရေး စနစ်ပြိုကွဲခဲ့ရ၏။ ကျင်မင်းဆက်ကျရှုံးခဲ့ ပြီးနောက် စစ်တွေ ဆက်တိုက်ဖြစ်၏။ ပထမကမ္ဘာစစ် ဒုတိယကမ္ဘာစစ် တို့အပါအဝင် တရုတ်လူမျိုးတို့သည် ခက်ခဲကျပ်တည်းသော အခြေအနေ အောက်တွင် ခေတ်သစ်နိုင်ငံရေးပုံစံများကို စမ်းသပ်ကြည့်ကြ၏။ ထိုအချိန် က ဒီမိုကရေစီသည် အကျယ်လောင်ဆုံးကြွေးကြော်သံ ဖြစ်ခဲ့၏။ သို့သော် တရုတ်ပြည်တွင် ဖြေရှင်းရသော ပြဿနာက အာဏာရှင်လုံးဝနားမလည် သော ဒီမိုကရေစီကို ကျင့်သုံးရန်ဖြစ်၏။

သို့သော် ခေတ်မီစက်မှုအဖွဲ့အစည်းနှင့်လျော်ညီသော နိုင်ငံရေးစနစ် တစ်ခုကား တည်ထောင်ရ၏။ စိုက်ပျိုးရေးခေတ်က လယ်သမားများကို စက်မှု လုပ်သားများအဖြစ် ပြောင်းလဲရ၏။ ဤစနစ်ပြောင်းလဲရန်အတွက် အဆင် ပြေစေရန် နိုင်ငံရေးလိုအပ်ချက်သစ်များလည်း လိုက်လံပြောင်းလဲပေးရ၏။

တရုတ်ပြည်သည် တစ်ခါတစ်ရံအစွန်းရောက် ဒီမိုကရေစီကိုလည်း ကြုံတွေ့ရတတ်၏။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစောပိုင်းသမိုင်းသည် အနောက်နိုင်ငံက မြင်သည်များနှင့် ကွဲပြားခြားနားလှ၏။ ဥပမာ- 'ယဉ်

ကျေးမှုတော်လှန်ရေး' ကာလ ဖြစ်၏။ စည်းမဲ့ကမ်းမဲ့ လမ်းပေါ်တွင် ကျင့်သုံးသော ဒီမိုကရေစီ ဖြစ်၏။ သာမန်ပြည်သူ၊ လယ်သမား၊ အလုပ်သမား၊ ကျောင်းသားတို့သည် ကျောင်းအုပ်ကြီး၊ မြို့တော်ဝန်၊ ဝန်ကြီးစသူတို့၏ အိမ်သို့ ဝိုင်းဝန်းချီတက်ကာ ကန့်ကွက်ဆန္ဒပြကြ၏။ ရေပေါ်ဆီ လူတန်းစားဆိုသည်များကို ဖြုတ်ချကာ၊ သူပုန်အများစုဖြစ်သော 'တော်လှန်ရေးအဖွဲ့အစည်း'များကို ရွေးချယ်တင်မြှောက်ကြ၏။ ပုဂ္ဂလိကပိုင်ဆိုင်မှုကို 'ပြည်သူလူထု အများစု' ပိုင်ဆိုင်မှုအဖြစ် ပြောင်းလဲပစ်ကြ၏။ ပစ္စည်းမဲ့ ဒီမိုကရေစီဟူသော အသံတွေ ကျယ်လောင်စွာ အော်ကြ၏။ သို့သော် အချိန်ကြာသည်နှင့်အမျှ ငတ်မွတ်မှု၊ အဆင်မပြေမှုများ ကြုံလာကြရသောအခါ သူတို့က 'တိန့်ရှောက်ဖိန်'ခေါင်းဆောင်သော ပြုပြင်ပြောင်းလဲရေးကို ထောက်ခံလာကြပြန်၏။

ယနေ့အထိ တရုတ်ပြည်၏ နိုင်ငံရေးတွင် အခက်အခဲများစွာ ကြုံတွေ့နေရဆဲ။ တရုတ်ပြည်သူတို့က ဒီမိုကရေစီ၊ ကောင်းမွန်သော အုပ်ချုပ်မှု၊ နိုင်ငံရေးတိုးတက်မှုများကို တောင့်တနေကြဆဲ။ ပြုပြင်ပြောင်းလဲမှုတိုးတက်မှုတို့ကို ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းရမည်ကို သူတို့သိ၏။ တရုတ်လူမျိုးတို့ တကယ်လိုလားကြသည်မှာ အနောက်နိုင်ငံသားများ၊ အာဖရိကပြည်သူများ လိုလားကြသည်နှင့် တစ်မျိုးတစ်ဘာသာဖြစ်၏။

## (၃) ရွှံ့ခြေထောက်နှင့် ဧရာမလူသား – တရုတ်ကရင်ဆိုင်နေရသော စိန်ခေါ်မှုများ

ယဉ်ကျေးမှုနှင့် နိုင်ငံရေးကို ဘေးဖယ်ထားလိုက်လျှင် နိုင်ငံခြားသားအားလုံး တအံ့တသြကြည့်မြင်နေကြရသည်က တရုတ်၏ စီးပွားရေးဖြစ်၏။ တရုတ်ပြည်သို့ မရောက်ဖူးသူများပင်လျှင် သတင်းစာဖတ်ပြီး ဤအချက်ကို ရှင်းရှင်းလင်းလင်း သိနိုင်ကြ၏။ 'ဂိုးလ်မင်းဆက်ရှ်'ကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုဘဏ်များက လာမည့်ဆယ်စုနှစ်တစ်ခုတွင် တရုတ်က အမေရိကကိုကျော်ကာ ကမ္ဘာ့အကြီးဆုံး စီးပွားရေးကို ပိုင်ဆိုင်မည်ဟု တွက်ထားကြ၏။ ၂၁ ရာစုတွင် တရုတ်သည် ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံကြီးဖြစ်မှာ သေချာနေပြီ။

သို့သော် ဤအချက်ကိုပင် တစ်နည်းတစ်ဖုံ ဘာသာပြန်ချက်ရှိသေး ၏ အောက်ပါစာစောင်သည် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လက ဖော်ပြခဲ့သော ဥရောပသတင်းဝက်ဘ်ဆိုက်တစ်ခုကို တရုတ်ဘာသာပြန်ဆိုကာ တရုတ်ပြည် ၏ အဓိကဝက်ဘ်ဆိုက်များတွင် ကျယ်ကျယ်ပြန့်ပြန့်တင်ခဲ့သည့်အချက်များ ဖြစ်၏။

"တကယ်တော့ တရုတ်ပြည်သည် ၁၉၇၈ ခုနှစ်နှင့်စာလျှင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတွင် အဆ ၁၀၀ နီးပါးတိုးတက်လာသည် ဟု ဆိုရမည်။ တစ်နည်းဆိုရလျှင် တစ်နှစ်ကို ၁၄ ရာခိုင်နှုန်းတိုးလာသည်ပင် ဖြစ်၏။ တော်ရုံတန်ရုံလူ မျက်လုံးပြူးသွားမည့်ကိစ္စ ဖြစ်သည်။ ထာဝရ ဘုရားသခင်က ကောင်းကင်ဘုံနှင့် မြေကမ္ဘာကို ဖန်ဆင်းသည်။ ကျန်သော အရာအားလုံးကိုမူ တရုတ်ပြည်တွင် လုပ်မည်ဟုဆိုရမည့်ပုံစံမျိုး။ တရုတ်ပြည် သည် ကမ္ဘာပေါ်တွင် အကြီးဆုံးမော်တော်ကားထုတ်လုပ်သူ ဖြစ်၏။ ယခင် နှစ်ကဆိုလျှင် အမေရိကထက် မော်တော်ကားပို၍ ရောင်းချခဲ့ရ၏။ တရုတ် ၏ ထုတ်ကုန်များသည် ဂျာမနီကိုကျော်ပြီး ကမ္ဘာတွင် ရှေ့ဆုံးတွင်ရှိ၏။

သို့သော် ဒါတွေကိုကြည့်ပြီး ကြောက်ရမှာလား။ ဒါမျိုးကို ၁၉၈၀ နှစ်များကလည်း ကြုံခဲ့ဖူးပြီးပြီ။ ထိုစဉ်က ဂျပန်သည် ကားထုတ်လုပ်မှု တွင် အများဆုံးဖြစ်ကာ အမေရိကနှင့် ဥရောပကို ကျော်တက်သွားခဲ့၏။ ထိုအခါ ပြင်သစ်နှင့် ဂျပန် ကားထုတ်လုပ်သူများက စိန်ခေါ်သည့်အနေ ဖြင့် သူတို့၏ ကားများ၏ ဒီဇိုင်းနည်းပညာတို့ကို ပိုမိုအရည်အသွေးမီအောင် ကြိုးစားလုပ်ကိုင်ကြ၏။ အရည်အသွေးအရရော၊ ထုတ်လုပ်မှုပမာဏပါ ပိုမိုသက်မြင့်မားအောင် လုပ်ကြ၏။ စိန်ခေါ်မှုကား အလွန်ကြီးမားသည်။

ယခုအခြေအနေတွင် တရုတ်ပြည်သည် ရွှံ့ခြေထောက်နှင့် ဧရာမ လူကြီး ဖြစ်နေ၏။ ကမ္ဘာ့စီးပွားရေးလောကတွင် ဒုတိယတနေရာယူ ထားသည်မှာ ဤနှစ်စောစောပိုင်းကမှ ဖြစ်၏။ နိုင်ငံက ဧရာမအကြီးကြီး။ သို့၏ ဂျီဒီပီကို ကမ္ဘာ့ဘဏ်မှ ခန့်မှန်းချက်အရမူ ၁၂၇ အဆင့်သာရှိသေး၏။ အင်ဂိုလာတို့ အဇာဘိုင်ဂျန်တို့ထက်ပင် နိမ့်သေး၏။ တရုတ်သည် ဖွံ့ဖြိုး ဆဲနိုင်ငံသာသာပဲ ရှိသေး၏။ ထို့ကြောင့် ရေရှည်ပြေးလမ်းတွင် သိပ်ပြီး သေချာပေါက်မပြောနိုင်သေး။ လွန်ခဲ့သော နှစ်များကပင် ဟိုနေရာ သည်

နေရာ သပိတ်တိုက်ပွဲသတင်းများကြားနေရပြီး လုပ်အားခတိုးမြှင့်ပေးနေရရာ ၎င်းသည် ယှဉ်ပြိုင်မှုကို ထိခိုက်ပြီး ၎င်း၏ ယခင်တိုးတက်နှုန်းကို နှေးကွေးစေသည်။

တရုတ်လူမျိုးတို့သည် 'ရွှံ့ခြေထောက်နှင့် ရောမပုဂ္ဂိုလ်'ဟူသော အလင်္ကာကို အလွန်သဘောပေါက်နားလည်လွယ်ကြ၏။ နိုင်ငံ၏ ရောမကြီးမားလွန်းမှုသည် ပြဿနာများကို အလွန်ပွားများစေသည်ဟု သူတို့ခံယူသဘောပေါက်ထားကြ၏။ တရုတ်ပြည်၏ ပြဿနာများမှာ ကမ္ဘာ့အခြားနိုင်ငံများထက် ပို၍ရှုပ်ထွေး ပို၍ခက်ခဲ၏။ ရိုးရိုးသားသားပြောရလျှင် တရုတ် ပြည်သူတို့ ကြုံရသော အကျပ်အတည်းသည် တစ်ခါတစ်ရံ သူများတကာ ထက်ပို၍ ချဲ့ကားကျယ်ပြန့်လှ၏။ တရုတ်ပြည်၏ ပြဿနာများသည် သိပ် ထူးခြားလှသည်ကား မဟုတ်။ သို့သော် လူတစ်ဘီလျံထက်ပို၍ ဖြေရှင်း ပေးစရာကားလိုနေ၏။

နိုင်ငံများစွာ ရင်ဆိုင်နေရသော ကြုံတွေ့နေကျ ပြဿနာများကို ကျွန်ုပ်တို့ ရွေးချယ်တင်ပြကာ တရုတ်ပြည်သူတို့၏ လက်ရှိအတွေးအမြင် အကြောင်းကို ရှာဖွေကြည့်ရပါမည်။

ပထမဆုံးပြောရမည်မှာ အလုပ်အကိုင် အခွင့်အလမ်းဖြစ်၏။ အနောက်နိုင်ငံသားတို့က အလုပ်လက်မဲ့ဖြစ်ခြင်းအပေါ် အလွန်အာရုံထားကြ၏။ ၎င်းသည် အမေရိက၏ အဓိကစီးပွားရေးပြဿနာ ဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့်ပင် အစိုးရသည် စီးပွားရေးကို ရင်းနှီးမြှုပ်နှံနေရ၏။ နိုင်ငံခြားပြိုင်ဘက်များထံမှ အကျိုးအမြတ်ကို ညှစ်ထုတ်နေရ၏။ ထိုပြဿနာများကို တရုတ်အဖို့တော့ သိပ်မရင်ဆိုင်ရ။ အဘယ့်ကြောင့်ဆိုသော် အလုပ်အကိုင် အခွင့်အလမ်းအားလုံးသည် တရုတ်ပြည်သို့ ရောက်နေ၍ဖြစ်၏။

အကယ်၍ သင်သည် တရုတ်လူမျိုးတက္ကသိုလ်ဘွဲ့ရဆိုပါမူ ဤအမြင်ကို သဘောမတူမှာ သေချာ၏။ သင့်အနေဖြင့် တရုတ်ပြည်တွင် အလုပ်ရရန်မလွယ်။ သင်နှင့်အတူ တစ်ချိန်တည်းတွင် အလုပ်အကိုင်အတွက် ယှဉ်ပြိုင်နေသူပေါင်း ၆ သန်းရှိ၏။ ၂၀၁၁ ခုနှစ်တွင် ဘွဲ့ကြို၊ ဘွဲ့ရပေါင်း ၆.၆ သန်းရှိနေသည်။ ဘွဲ့မြင့်မြင့်မားမား မရသောသူပေါင်း ၉ သန်းကလည်း အလုပ်သမားဈေးကွက်ထဲတွင် ရောက်နေကြ၏။ တရုတ်ပြည်၏ မြို့များတွင်

ာစ်နှစ်တစ်နှစ် အလုပ်မရသောသူပေါင်း ၂၄ သန်းကျော်ရှိ၏။ တရုတ် ်းပွားရေးက ယခင်နှုန်းထားအတိုင်း ဆက်သွားနေပါက အလုပ်အကိုင် အခွင့်အလမ်း ၁၂ သန်းသာပေးနိုင်ဦးမည်။

တရုတ်ပြည်မှ အလုပ်ရှာနေကြသူအရေအတွက် စုစုပေါင်းသည် ဥရောပတစ်နိုင်ငံလုံး၏ လူဦးရေနှင့် ညီမျှနေ၏။ တရုတ်ပြည်သည် 'ကမ္ဘာ့စက်ရုံ'ကြီးသဖွယ် ဖြစ်လာနေသည့်တိုင် အလုပ်က ရှားနေဆဲ။ ပ်အားခနှုန်းအနည်းဆုံးနှင့် လုပ်ကိုင်နေရသော်လည်း လူတိုင်း အလုပ် ဖို့ မလွယ်သေး။ တစ်နှစ်လျှင် အလုပ်လက်မဲ့ ဦးရေတစ်ဝက်နီးပါးကား လျော့လာ၏။ သာမန်တရုတ်အလုပ်သမားအဖို့တော့ အလုပ်အကိုင်အခွင့် အရေးတွေ ပိုပိုရလာနေသည်မှာ မှန်၏။

ဒါက တစ်ဖက်အမြင်ဖြစ်၏။ အခြားတစ်ဖက်အမြင်အရမူ 'ကမ္ဘာ့ က်ရုံ'ကြီးသည် ခက်ခဲသော ပြဿနာတစ်ခုကို ရင်ဆိုင်နေရဆဲ။ ၂၀၁၀ ၌ ကမ်းရိုးတန်းစက်ရုံများတွင် အလုပ်သမားသစ် စုဆောင်းတိုးတက် ာနေ၏။ တရုတ်လူမှုအဖွဲ့အစည်းမှ အလုပ်ကြမ်းသမားများသည် လုပ်ခ ည်းနည်း အလုပ်များများကို မလုပ်ချင်တော့။ မိမိတို့ရပ်ဌာနေမှ ဝေးလံ သောနေရာများတွင် ပင်ပန်းဆင်းရဲကြီးစွာ အလုပ်မလုပ်ချင်ကြတော့။ ကမ်းရိုး န်းစက်ရုံများသည် ဥရောပနှင့် အမေရိကအတွက် ကုန်ပစ္စည်းအဓိက ာ်ပေးသော ဒေသများဖြစ်သည်။ သူတို့က လုပ်အားခတိုးပေးလျှင် သူတို့ ာွက် သိပ်မကျန်တော့။ တရုတ်ပြည်တွင် ဤပြဿနာကို ခေါင်းခဲနေကြ ယခင် အလုပ်ရှိသူများက အလုပ်ဆက်မလုပ်ချင်ကြ။ တခြားလူတွေ ာလည်း အလုပ်မရကြ။ မူရင်းအလုပ်ကို ဆက်မလုပ်လိုသူများက တစ်ပိုင်း၊ ာအလုပ်မှ မရကြသူများက တစ်ပိုင်း။

ဒုတိယအချက်ကား လူမှုရေးလုံခြုံမှုပင် ဖြစ်၏။ ဤပြဿနာသည် အနောက်တိုင်းသားများတော့ ရင်းနှီးပြီးသားဖြစ်နေပြီ။ ဥရောပနိုင်ငံများ သည် လူမှုလုံခြုံရေးနှင့်ပတ်သက်၍ အများကြီးလုပ်ပေးခဲ့ရ၏။ သို့သော် ာနပ်မှုမရသေး။ သမ္မတအိုဘားမားသည်ပင် အမေရိကန် လူသန်းပေါင်း ာ ကျန်းမာရေးအာမခံချက် မပေးနိုင်၍ ခေါင်းခဲနေရ၏။ တရုတ်ပြည် ်ကား ထိုသို့သော လူမျိုးသန်း ၁၀၀ ကျော်ရှိ၏။ လူနည်းစုကလည်း

အာမခံကြေးအလွန် မဖြစ်စလောက်သာ ရရှိခံစားနေကြရ၏။ ဆေးရုံတက်လျှင် ဆေးကုသစရိတ်တစ်ဝက်ကို ကာယကံရှင်က ကျခံနေရ၏။ တရုတ်ပြည်တွင် အစိုးရသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးစောင့်ရှောက်မှု အလွန်အားနည်းနေသည်။ ထိုအချက်နှစ်ချက်နှင့် အိုးအိမ်ပြဿနာပါပေါင်းလိုက်လျှင် 'တောင်ကြီးသုံးလုံး' ဟု ခေါ်သော ဧရာမပြဿနာကြီးဖြစ်လာ၏။ လူတစ်ဘီလျံကို ဤပြဿနာရှင်းပေးရဖို့ မလွယ်ကူပါ။ 'အိုးဘားမား' သည် အမေရိကန်သမ္မတဖြစ်ခဲ့၍သာ ကံကောင်းနေခြင်းဖြစ်၏။

တရုတ်ခေါင်းဆောင်များသည် နံနက်အိပ်ယာမှ နိုးထကြသည်နှင့် အသက်မွေးဝမ်းကျောင်းပြဿနာမျိုးစုံကို စတင်ရင်ဆိုင်ကြရ၏။ တရုတ်သည် ကမ္ဘာ့စီးပွားရေးနံပါတ် နှစ်နိုင်ငံကြီးဖြစ်နေသော်လည်း ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင်မူ အခြေသော ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံတွေလောက်ပင် လုပ်မပေးနိုင်။ တရုတ်လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်း ဖြစ်၏။ သို့သော် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်သည် ၃ ရာခိုင်နှုန်းသာရှိ၏။ ၂၀၀၉ ခုနှစ်တွင် တရုတ်အစိုးရက ကျန်းမာရေးရန်ပုံငွေ ၂၄.၇ ရာခိုင်နှုန်းသာ ရင်းနှီးမြှုပ်နှံခဲ့၏။ ဖွံ့ဖြိုးသောနိုင်ငံများတွင် ၇၅ ရာခိုင်နှုန်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၅၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံနေကြ၏။ တရုတ်အစိုးရ၏ ပညာရေးရင်းနှီးမြှုပ်နှံမှုကလည်း ပျမ်းမျှ ကမ္ဘာ့စံချိန်ကို မမီသေး။

သို့ဆိုလျှင် တရုတ်အစိုးရသည် ငွေများကို ဘယ်လိုသုံးပစ်နေပါသလဲ။ ငွေကြေးအမြောက်အမြားသည် အလဟဿဖြစ်ကုန်၏။ သို့တည်းမဟုတ် ခြစားရာတွင် ပါသွားသည်ဟု အချို့အစွန်းရောက်များက အပြစ်တင်ကြ၏။ အလဟဿဖြစ်တာရော လာဘ်ပေးလာဘ်ယူခြစားတာရောက ဧရာမ ပြဿနာကြီး ဖြစ်၏။ သို့သော် ဤမျှလောက်ဖြင့်ကား ပေါ့ပေါ့တန်တန်စွပ်စွဲ၍ မရ။ တရုတ်အစိုးရ၏ အဓိကဘဏ္ဍာရေးအသုံးစရိတ်သည် စီးပွားရေးဖွံ့ဖြိုးမှုကို တိုးမြှင့်ရန် ရည်ရွယ်ချက်ရှိ၏။ အပေါ်ယံအဆောက်အဦကို တည်ဆောက်၏။ စက်ရုံသစ်များတွင် ရင်းနှီးမြှုပ်နှံသည်။ ဝင်ငွေနည်းသောနေရာများနှင့် ပြည်သူများကို ထောက်ပံ့ကူညီ၏။ အလုပ်လက်မဲ့ပြဿနာကြီးထွားနေချိန်တွင် တရုတ်အစိုးရက မြင့်မားသော စီးပွားရေးတိုး

ဘက်မှုနှုန်းကို ကြိုးစားထိန်းသိမ်းနေရသည်။ ထိုသို့ပြုလုပ်နေ၍ လူမှုလုံခြုံရေးမှာ နောက်ကျကျန်ရစ်ခဲ့ရ၏။ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများလုပ်လွန်း၍ ပြဿနာသစ်တွေ ဆပွားတိုးလာရသည်လည်း ရှိ၏။

တတိယအချက်က စီးပွားရေးပူဖောင်းဖြစ်၏။ ယနေ့အခါတွင် ကမ္ဘာ့စီးပွားရေးသည် ပူဖောင်းပေါက်ကွဲမှုဒဏ်ကို ခံနေရ၏။ ဘဏ္ဍာရေးအကြပ်အတည်းသည် ကြီးမားသော ချေးငွေများ၊ အိမ်မြေယာ အရောင်းအဝယ်များမှ စတင်ခဲ့၏။ ယနေ့အခါတွင် တရုတ်ပြည်၏ မြေယာအရောင်းအဝယ်ပြဿနာက နေရာတကာပျံ့နှံ့သွားပြီး စာရင်းဇယားများအရ၊ တရုတ်ပြည်၏ မြို့ကြီးတော်တော်များများ၏ အိမ်ဈေးမှာ 'မင်ဟက်တန်' သို့မဟုတ် 'ဘာလင်'နှင့် တန်းတူ သို့မဟုတ် ပိုမြင့်မားနေ၏။ သို့သော် တရုတ်မိသားစု၏ ဝင်ငွေကား အနောက်နိုင်ငံသားများထက် အဆပေါင်းများစွာ နိမ့်ကျနေ၏။ အိမ်ဈေးနှင့် ဝင်ငွေအချိုး၊ အိမ်ဈေးနှင့် အိမ်ငှားခအချိုးသည် တရုတ်မြို့ကြီးများတွင် နိုင်ငံတကာစံနှုန်းထက် နှစ်ဆမျှပိုနေ၏။ အိမ်ဈေးကြီးမြင့်လွန်းခြင်းသည် အရေးကြီးသော လူမှုရေးဝိရောဓိ ပဋိပက္ခများစွာကို မွေးဖွားလာစေ၏။

မြေယာဈေးကွက်ပြဿနာအပြင် တရုတ်ပြည်၏ အခြေခံစက်ရုံများသည် ရင်းနှီးမြှုပ်နှံမှုကို လိုတာထက်ပိုနေတာလည်း တွေ့နေရ၏။ ၂၀၁၀ တွင် တရုတ်ပြည်၏ သံမဏိထုတ်ကုန် တန်ပေါင်းသန်း ၆၀၀ ကျော်၏။ ကမ္ဘာ့သံမဏိထွက်နှုန်း စုစုပေါင်းထက်ပင် များနေသည်။ ထို့ကြောင့် သံမဏိထုတ်ကုန်ပိုလွန်မှုသည် တရုတ်အတွက် အမြတ်အစွန်းကား သိပ်မရ။ တရုတ်ပြည်၏ ကမ်းရိုးတန်းအပေါ်စားစက်ရုံများသည်လည်း ကြောက်စရာပြိုင်ဆိုင်မှုကို ကြုံနေရ၏။ နိုင်ငံတကာ ဝယ်လိုအားကျလာသည်နှင့်အမျှ ကုမ္ပဏီအများစု ပိတ်ကုန်သည်။

တရုတ်အစိုးရသည် တရုတ်ပြည်၏ ကြီးထွားလာသော စီးပွားရေးပူဖောင်းကို ထိန်းသိမ်းရန် ကြိုးစားနေ၏။ တရုတ်ပူဖောင်းတစ်ခုပေါက်သည်နဲ့ ကမ္ဘာ့စီးပွားရေး ပျက်ကပ်ဆိုက်သွားမည်။ ယနေ့ တရုတ်ပြည်သည် အကျိုးမျှော်ကိုးမှုဖြင့် ခွဲခြားခြင်းခံထားရသော လူမှုအဖွဲ့အစည်း ဖြစ်နေ၏။ အိမ်ခန်းပိုင်ဆိုင်သူများက အိမ်ဈေးဆက်တက်နေမည်ကို ယုံကြည်ကြ၏။

အိမ်ခန်းမပိုင်သူ အချို့ကလည်း အစိုးရက ဈေးနှုန်းများကို ကျိုးကြောင်းမျှတစွာ ထိန်းပေးမည်ဟု ထင်ထားကြ၏။

ဒေသအစိုးရများသည် ရင်းနှီးမြှုပ်နှံမှုမှနေ၍ စီးပွားရေးဖွံ့ဖြိုးမှုကို မှီခိုအားကိုးနေကြ၏။ စီးပွားရေးကျသွားလျှင် အလုပ်လက်မဲ့ ပြဿနာတက်လာမည်ကို ကြောက်နေကြ၏။ တိုးတက်မှုနှုန်းမြန်သော်ငြားလည်း၊ တရုတ်ပြည်သည် ဘာမဟုတ်သည့်ကိစ္စလေးတွေ၊ အတိုးနှုန်း ပဋိပက္ခတွေ၊ မရေရာမသေချာမှုတွေနှင့် အီလည်လည်ကြီးဖြစ်နေဆဲ။ ဤသည်တို့မှာမူ အနောက်ကမ္ဘာနှင့်အတူတူ။

စတုတ္ထပြဿနာမှာ ချမ်းသာဆင်းရဲကွာခြားမှု။ စီးပွားရေးတိုးတက်မှုကား မည်သည့်အခါမှ တရားမျှတသည်မဟုတ်။ ဈေးကွက်ပြိုင်ဆိုင်မှုသည် နိုင်သူနှင့် ရှုံးသူကို ခွဲခြားပေး၏။ နိုင်သူရော ရှုံးသူရော မဟုတ်သူများလည်း ထိခိုက်တတ်၏။ စီးပွားရေးတိုးလာလေ လူတန်းစားကွာဟမှုကြီးလာလေဖြစ်၏။ ၁၉၇၈ ခုနှစ်က ပျမ်းမျှတစ်နှစ်တာ ဝင်ငွေကွာဟမှုမှာ ၂၀၉.၈ ယွမ် ဖြစ်၏။ ၁၉၉၂ တွင် ၁၂၄၂.၆ ယွမ်ဖြစ်လာ၏။ ၂၀၀၉ တွင်ကား ၁၂၀၂၂ ယွမ်ထိ ဖြစ်လာသည်။ ထိုကြောက်မက်ဖွယ်ရာ ကိန်းဂဏန်းများ၏ နောက်ကွယ်တွင် ဖြစ်လာမည်မှာ ငွေကြေးဖောင်းပွမှုပြဿနာသည်ပင် ဖြစ်သည်။ ယနေ့ တရုတ်ပြည်ကိုကြည့်လျှင် ကြီးမားသောမြို့များ၊ အလယ်အလတ်မြို့များရှိ လူနေမှုအဆင့်အတန်းနှင့် ကျေးလက်အခြေအနေကား မိုးနှင့်မြေပမာ အကြီးအကျယ် ကွာခြားနေပြီ။

အထူးသဖြင့် အရှေ့ဘက်ခြမ်းမြို့များသည် အနောက်ဘက် ကျေးလက်ဒေသတို့နှင့် ကွာဟမှုက ပိုကြီး၏။ ၂၀၀၉ ခုနှစ်တွင် 'ရှဲ့ကျန်း' ပြည်နယ်ရှိ မြို့များနှင့် 'ဂွီချိုး'ပြည်နယ်ရှိ ကျေးလက်များ၏ လူတစ်ဦးချင်း ဝင်ငွေကွာခြားမှုများ ဆယ်ဆရှိ၏။ ယနေ့တွင် တရုတ်သည် ဖိမ်ခံပစ္စည်း ထုတ်လုပ်မှုတွင် ကမ္ဘာ၌ ဒုတိယစွဲ၏။ ၂၀၁၂ တွင် ဂျပန်ကို ကျော်တက်ကာ ပထမဖြစ်မည်။ ထိုတန်ဖိုးကြီးပစ္စည်းများကို ဝယ်ယူသုံးစွဲသူများမှာ တရုတ်ပြည်အရှေ့ဘက်ခြမ်းမှ သန်းနှင့်ချီသော သူများဖြစ်၏။ ထိုအချိန်တွင် တရုတ်ပြည် အနောက်ဘက်ခြမ်းနေထိုင်သူ သန်း ၄၀ မှာ ဆင်းရဲတွင်းနစ်

နေကြ၏။ ဝင်ငွေနည်းသူပေါင်း သန်း ၂၇၀ ရှိ၏။ နိုင်ငံတကာအဆင့်နှင့် ကိုင်းတာလျှင် ယခုအရေအတွက်ထက်မက ဆင်းရဲသူပိုများနိုင်၏။

ယနေ့အခါတွင် ပညာတတ်လူ့မလိုင်များနှင့် သာမန်တရုတ်ပြည်သူ တို့သည် ဝင်ငွေကွာဟမှုကြီးမားခြင်းကို စိုးရိမ်နေကြသည်သာမက ဖွံ့ဖြိုး မှုအခွင့်အလမ်းမညီမျှမှုကိုလည်း စိုးရိမ်နေကြ၏။ တရုတ်ကျောင်းသားများ အဖို့ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုရာတွင် တစ်ပြည်လုံးမေးခွန်းအတူတူ ဖြစ်သော်လည်း တောင်ပေါ်ဒေသ ဆင်းရဲသည့်နေရာတွင်နေရသူက အရှေ့ ဘက်မြို့ကြီးပြကြီးများတွင် နေရသူနှင့် အခွင့်အရေးက မတူ။ တရုတ်ပြည် ၏ ထိပ်တန်းတက္ကသိုလ်များတွင် တက်ရောက်သူ ဆင်းရဲသားဦးရေမှာ တစ်နှစ်ထက် တစ်နှစ်ပိုပိုလျော့လာ၏။ ဤသည်မှာ စီးပွားရေးပြိုင်ဆိုင်မှု နှင့် တရားရေးပြိုင်ဆိုင်မှု၏ သဘာဝကျသော ရလဒ်ပင် ဖြစ်သည်။ သူဆင်းရဲတို့အတွက် အခွင့်အရေးမှာ အလွန်နည်းနေ၏။

စဉ်းစားကြည့်ပါ။ ကမ္ဘာပေါ်ရှိ တန်ဖိုးအကြီးဆုံးဖက်ရှင်အကျဆုံး ပစ္စည်းတွေကို ဝယ်သုံး၊ အိမ်တွေမြေတွေ အများကြီးပိုင်သည့်မိဘမှ ပေါက် ဖွားလာသူ လူငယ်လေးတစ်ဦးနှင့် သူတစ်ပါးထံမှ ပိုက်ဆံချေးငှားပြီး ကျောင်းတက်ရသူ၊ ကျောင်းပြီးလျှင်လည်း အဆက်အသွယ်မကောင်း၍ အလုပ်ရဖို့ မလွယ်သူ လူငယ်လေးတစ်ဦးတို့သည် ဤတစ်ပြည်ထဲတွင် နေထိုင်နေကြ၏။ မည်သို့သော တရားမျှတမှုဟူသည် ရှိနိုင်ပါမည်လဲ။ ဝင်ငွေမနေ့ဥစ္စာကွဲပြားခြားနားမှု၊ ကွာဟမှုကြီးလာလေ ပြဿနာတွေက ပိုတက်လာလေ။

အထက်တွင်ဖော်ပြသော ပြဿနာများမှာ ပြဿနာများစွာထဲမှ တချို့ သာလေသာရှိသေး၏။ ထို့ကြောင့် တရုတ်ပြည်သည် ‘ရွှံ့ခြေထောက်နှင့် ဒရာမလူသား’ ဆိုသော စကားကို တရုတ်တွေ ပိုသဘောပေါက်ကြသည်မှာ သဘာဝကျလှ၏။ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးစီးပွားရေးနိုင်ငံကြီး ဖြေရှင်းရမည့် ပြဿနာကား နည်းနည်းနောနောမဟုတ်။

တရုတ်ပြည်၏ စီးပွားရေးနှင့် အောင်မြင်မှုကို ကမ္ဘာက လေးစား ချီးကျူးကြပါသည်။ သို့သော် နိုင်ငံခြားသားများက တရုတ်ပြည်အခြေအနေ ကို သေသေချာချာ သဘောမပေါက်သေးသည်က ဆိုး၏။ အေဒီ ၁၀၀၀

မှစ၍ တရုတ်ဒသသနနှင့် ကမ္ဘာ့အမြင်သည် အကြီးအကျယ်ပြောင်းလဲခဲ့၏။ ဆွန်၊ ယွမ်၊ မင်း၊ ကျင်းစသော မင်းဆက်များခေတ်တွင် တရုတ်သည် သိပ္ပံနည်းပညာ စီးပွားရေးတို့တွင် ကမ္ဘာကို ဦးဆောင်ခဲ့၏။ ထိုခေတ်က တရုတ်တွင် အလွန်ချမ်းသာကြွယ်ဝ၏။ တရုတ်ပြည်သူတို့သည် နှစ် ၁၀၀၀ နီးပါးသည် ပြည်တွင်းရေးပြဿနာမျိုးစုံ ကြုံရသကဲ့သို့ နိုင်ငံခြားတပ်ဖွဲ့များစွာ၏ ရန်ကိုလည်း ခုခံခဲ့ရ၏။ ၁၄ ရာစုခေတ်အစောပိုင်းကပင် တရုတ်ရေတပ်သည် သမုဒ္ဒရာတွင် နေရာအနှံ့ ရွက်လွှင့်သွားလာခဲ့၏။ သို့သော် မည်သည့်နေရာမှ ကိုလိုနီမလုပ်ခဲ့။ ကိုယ့်နိုင်ငံကြီးကို ကိုယ်ပင်ထိန်းသိမ်းရန် အတော်ကြိုးစားခဲ့ကြရာ အခြားနိုင်ငံများကို သိမ်းပိုက်ရန် မရည်ရွယ်၊ မိမိပြည်တွင်းရေးပြဿနာကို မိမိနိမ်နင်းသူ ဖြေရှင်းထိန်းသိမ်းလျှင် နိုင်ငံသည် အင်အားကြီးပြီး ချမ်းသာကြွယ်ဝလာမည်ကို သိ၏။ ထိုအခါ အခြားနိုင်ငံများက တရုတ်ပြည်ကို လေးစားရိုသေလာကြမည်မှာ အမှန်။ တရုတ်၏ နိုင်ငံရေးဒသသနကပင် ဤသို့ဆိုထား၏။

“အတွင်းမှာ စိတ်ဓာတ်မြင့်မြင့်မားမား မွန်မွန်မြတ်မြတ်ထား။ အပြင်မှာ စေတနာသဒ္ဓါတရား ထက်ထက်သန်သန်ကျင့်ကြံ”။

ထို့ကြောင့် တရုတ်ပြည်သည် သူ့ပုံစံနှင့်သူ တံခါးပိတ်ပြီးနေခဲ့၏။ တရုတ်ပြည်၏ အခြေအနေ အကျင့်အကြံကို ပြင်ပမှ ဝေဖန်သူများကြ၏။ ယနေ့ခေတ်တွင် ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ကြ၏။ ဝေဖန်မှုများကိုကား လက်ခံရမည်သာ။ သို့သော် ဘက်မလိုက်သော ဝေဖန်မှုများဖြစ်ရန်ကား အရေးကြီး၏။

တရုတ်ပြည်နှင့် ပတ်သက်၍ လေ့လာဆွေးနွေးလိုသူများကို ‘ဂျော့ဝါရှင်တန်’၏ စကားနှင့်ပင် အကြံပြုပါရစေ။

“မလိုမုန်းထားမှု၏ ကျေးကျွန် ဘယ်အခါမှ အဖြစ်မခံပါနှင့်”

## (၁) အံ့ဩလောက်စရာ စီးပွားရေးပွပေါက်တိုးမှု

တရုတ်ပြည်၏ စီးပွားရေးတိုးတက်မှုလျင်မြန်နှုန်းမှာ တကယ်ပင် အံ့လောက်စရာဖြစ်၏။ ပေါ်လစီပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်ဝါဒစတင်ကျင့်သုံးသော ၁၉၇၈ မှ ၂၀၁၀ အတွင်း တရုတ်ပြည်၏ ဂျီဒီပီသည်

ဘီလျံ ၃၆၄.၅၂ ယွမ်မှ ၄၀.၁၂၀၂ ထရီလျံယမ် (အမေရိကန်ဒေါ်လာ ၅.၈၈ ထရီလျံ) အထိရှိလာကာ ကမ္ဘာ့ဒုတိယစီးပွားရေး အကြီးဆုံးနိုင်ငံ အထိ ဖြစ်လာသည်။ ဂျီဒီပီတိုးတက်နှုန်းမှာ ၁.၈ ရာခိုင်နှုန်းမှ ၉.၃ ရာခိုင်နှုန်း အထိ တိုးတက်လာသည်ဟု ဆိုရမည်။ လွန်ခဲ့သော ဆယ်စုနှစ်သုံးခုအတွင်း ပျမ်းမျှအားဖြင့် တစ်နှစ်ကို ၁၀ ရာခိုင်နှုန်းတိုးတက်လာသည်ဟု တွက်ချက် နိုင်၏။ ၂၀၀၁ ခုနှစ် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ချုပ်၏ စာရင်းဇယားများအရ တရုတ်ပြည်၏ နိုင်ငံခြားကုန်သွယ်မှု တိုးတက်နှုန်းမှာ ကမ္ဘာတစ်ဝှန်းလုံးကို လွှမ်းမိုးခြုံငုံသွားသည်ဟုပင် ပြောရမည်ဖြစ်၏။ တရုတ်ပြည်၏ စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ၁၉၈၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀.၆၄ ဘီလျံမှ ၂၀၁၀ တွင် ၁၉၇၂.၇၆ ဘီလျံအထိ ဖြစ်လာ၏။ ဤ ၂၀၀၈ ခုနှစ်တွင် စီးပွားရေးကပ်ဆိုက်ခဲ့သော်လည်း တရုတ်၏ ပို့ကုန်တန်ဖိုးမှာ အရှိန်အဟုန် နှင့် မြင့်မားနေဆဲ ဖြစ်၏။ သို့ဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံး ပို့ကုန်တင်သွင်း သော နိုင်ငံဖြစ်လာသည်။ ထို့ကြောင့် ၂၀၁၁ ဇွန်လအထိ တရုတ်ပြည်တွင် နိုင်ငံခြားရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၃၁၉၇၄၉၁ ဘီလျံထိရှိနေ၏။

နိုင်ငံခြားနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုတွင်လည်း တရုတ်၏ အောင် မြင်မှုမှာ မှတ်လောက်သားလောက်စရာပင် ဖြစ်သည်။ တရုတ်ကုန်သွယ် ရေးဝန်ကြီးဌာနမှ ၂၀၁၀ တွင် ထုတ်ပြန်သော စာရင်းဇယားများအရ တရုတ် ၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၀ တွင် အမေရိကန်ဒေါ်လာ ၆၈.၈၁ ဘီလျံရှိရာ သမိုင်းစံချိန်ချိုးလိုက်ခြင်းပင် ဖြစ်၏။ တရုတ်ပြည်က စံချိန်ချိုးလိုက်ခြင်းပင် ဖြစ်၏။ တရုတ်ပြည်က ချမှတ်ခဲ့သော ‘ဒသမ မြောက် ငါးနှစ်စီမံကိန်း’ လျာထားချက်တစ်ခုလုံး၏ ၂.၃ ဆမျှပင် ရှိ၏။ တရုတ်ပြည်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ နှစ်စဉ် ၂၁.၇ ရာခိုင်နှုန်းတိုး တက်နေ၏။ ထို့ကြောင့် ပျမ်းမျှအားဖြင့် နှစ်စဉ်တိုးနှုန်းများ ၄၉.၉ ရာခိုင်နှုန်း အထိရှိသည်ဟု ဆိုရမည်။ ဤသည်မှာ ၉ နှစ်ဆက်တိုက် အရှိန်အဟုန်နှင့် တိုးနေခြင်း ဖြစ်သည်။ ကုလသမဂ္ဂ၏ တွက်ချက်မှုအရဆိုလျှင် တရုတ်ပြည် ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၀ တွင် ကမ္ဘာပေါ်၌ ပဉ္စမမြောက် လိုက်သော နိုင်ငံဖြစ်လာသည်။ ဂျပန်နှင့် ဗြိတိန်ကို ပထမဆုံးကျော်ဖြတ် သွားခြင်း ဖြစ်သည်။ ဤသို့တိုးမြှင့်လာခြင်းမှာ တရုတ်ပြည်တစ်ခုလုံးရှိ

စက်မှုဆိုင်ရာ တိုးတက်မှုများကြောင့်ဟု ပြောနိုင်၏။ ဒေသတွင်း စက်မှုတိုးမြှင့်မှုနှင့် လွှဲပြောင်းမှုကြောင့်လည်း ဖြစ်သည်။ ထိုအတိုင်းသာဆိုလျှင် တရုတ်ပြည်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဆုပ်ယူပိုင်နိုင်သော နိုင်ငံဖြစ်ဖို့ အလားအလာတွေ ကောင်းနေ၏။ ကုလသမဂ္ဂကမူ နောင်နှစ်နှစ်အတွင်း ထိုအခွင့်အရေးကို တရုတ်ရမည်ဟု ဟောကိန်းထုတ်ထားသည်။

တရုတ်ပြည်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုကိုလည်း တိုးတက်ထိန်းသိမ်းရန် အဓိကအင်အားစုတစ်ခု ဖြစ်လာ၏။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ် စီးပွားရေးအကြပ်အတည်းကာလကိုကြည့်လျှင် တရုတ်က ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု၏ ၂၀ ရာခိုင်နှုန်းကို ထိုနှစ်က ထိန်းပေးနိုင်ခဲ့သည်ကို အထင်အရှားတွေ့ရ၏။ နောက်တစ်နှစ်တွင် တရုတ်တစ်နိုင်ငံတည်းက ၅၀ ရာခိုင်နှုန်းကို ထိန်းပေးနိုင်ခဲ့သည်။ တရုတ်ပြည်တွင် ဈေးကွက်ကြီးရှိနေရာ၊ ကမ္ဘာ့ကုန်ပစ္စည်းများကို လုံလောက်စွာ သုံးစွဲနိုင်သော ပမာဏဖြစ်သည်။ ၎င်းရင်းနှီးမြှုပ်နှံထားသော နိုင်ငံရပ်ခြားများတွင်လည်း အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေးနိုင်ခဲ့၏။ အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အပေါ်ယံအဆောက်အဦကိုလည်း တည်ပေးနိုင်ခဲ့သည်။ ခြုံငုံ၍ ပြောရလျှင် တရုတ်သည် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံကြီးအနေဖြင့် မဟာစွမ်းပကားကို တာဝန်သိသိဖြင့် ခံယူကျင့်သုံးကာ နိုင်ငံတကာပုံရိပ်သစ်ကို ရယူနိုင်ခဲ့သည်ကို မည်သူမျှမငြင်းနိုင်။

စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ပြည်သူများ၏ လူနေမှုဘဝတိုးတက်မှုကလည်း ကမ္ဘာက မျက်လုံးပြူးလောက်အောင် လုပ်ပြနိုင်ခဲ့၏။ မြို့ပြနေတရုတ်ပြည်သူတို့၏ လူတစ်ဦးချင်း၏ ဝင်ငွေသည် ၁၉၇၈ တွင် ၃၄၃.၄ ယွမ်မှ ၂၀၁၀ တွင် ၁၉၁၀၉ ယွမ်ထိ ဖြစ်လာသည်။ ဝင်ငွေများတိုးလာသည်နှင့်အမျှ ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်လာသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မတိုင်မီက အိမ်ထောင်စု ၁၀၀ တွင် ကားတစ်စင်းမှမရှိ။ ၂၀၀၉ တွင်မူ အိမ်ထောင်စု ၁၀၀ တွင် ကား ၁၀.၈၉ စင်းရှိလာ၏။ (ထိုအထဲတွင် သုံးဘီးကားနှင့် လော်ရီကားအို ကားဟောင်း ၁၂.၈ သန်းလည်း ပါဝင်၏) ယာဉ်စီးရေမှာ ၂၀၁၉ ကထက် ၁၉.၃ ရာခိုင်နှုန်းတိုး

ာ၏။ ပုဂ္ဂလိကပိုင်ယာဉ်ပေါင်း ၆၅.၃၉ သန်းရှိ၏။ ၂၀၁၀ ကုန်တွင် ာရုတ်ပြည်တွင် လိုင်းဖုန်းပေါင်း ၂၉၄.၃၈ သန်းရှိ၏။ ထိုအထဲတွင် မြို့ပြ ၌ ၁၉၆.၆၂ သန်း၊ ကျေးလက်၌ ၉၇.၇၆ သန်းရှိ၏။ မိုဘိုင်းဖုန်းပေါင်း ၁၁၁.၇၉ သန်းရှိသည်။ ထိုအထဲတွင် ၄၇.၀၅ သန်းမှာ သရီးဂျီမိုဘိုင်း န်းကိုင်ကြ၏။ ၂၀၀၉ ခုနှစ်တွင် ဖုန်းစုစုပေါင်း ၉၂.၄၄ သန်းရှိရာမှ ၁၁၀ ခုနှစ်ကျော်တွင် ၁၁၅၃.၃၉ သန်းထိ တိုးလာ၏။ ထို့ကြောင့် လူ ၁၀ လျှင် တယ်လီဖုန်း ၈၆.၅ ပိုင်ဆိုင်သည်ဟု တွက်ပြနိုင်၏။ အင်တာနက် သုံးစွဲမှုမှာ ၄၅၇ သန်းရှိ၏။ သန်း ၄၅၀ က ဘရောဒ်ဘင်းသုံး၏။ အင်တာ နက်သုံးစွဲသူရာနှုန်းအားဖြင့် ၃၄.၃ ရာခိုင်နှုန်းရှိသည်။ ာမ္ဘာလှည့်ခရီးသည် ပေါင်း ၂.၁ ဘီလျံလာရောက်ရာ ၂၀၀၉ နှင့် နှိုင်းဆလျှင် ၁.၆ ရာခိုင်နှုန်း တိုးလာ၏။ ပြည်တွင်းခရီးသွားများ၏ င်ငွေသည် ၁၂၅၈ ဘီလျံယွမ်ထိရှိ လာသည်။ တရုတ်ပြည်သူပြည်သားထဲမှ ၇.၃၉ သန်းက နိုင်ငံခြားသို့သွား ကြရာ ၂၀.၄ ရာခိုင်နှုန်းတိုးလာသည်။ နိုင်ငံခြားသို့ အပျော်ခရီးထွက်သူ ပေါင်း ၅၁.၅၁ သန်းရှိလာသည်။ ုပ်မြင်သံကြားစက်ကို အိမ်ထောင်စု ၁၀၀ တွင် ၁၃၅.၆၅ ပိုင်ကာ လူ ၁၀၀ လျှင် ကင်မရာ ၄၁.၆၈ ဦးပိုင်၏။ အိမ်ထောင်စု ၁၀၀ တွင် လေအေးပေးစက်သုံးသူ ၁၀၆.၈၄ ဦးထိရှိ၏။ ဤသည်မှာ ၂၀၀၉ ထိ ာရင်းဇယားများဖြစ်ပြီး ၂၀၁၂ ကုန်တွင်ကား ဤအရေအတွက်ထက် အဆပေါင်းများစွာပိုလာသည်ကို တွေ့ရ၏။

အပေါ်ယံအဆောက်အဦတည်ထားမှုတွင်လည်း တရုတ်က အံ့မခန်း ဖြစ်၏။ ယခင်က ဆိုဗီယက်ထံမှ အကူအညီရ၏။ ဥပမာ- ပထမဆုံးယန်စီ မြစ်ကူးတံတားကို ဆိုဗီယက်မှ ကူညီဆောက်လုပ်ပေးခြင်း ဖြစ်သည်။ ဤတံတားသည် တရုတ်ပြည်၏ မြောက်ပိုင်းနှင့် တောင်ပိုင်းကို ဆက်စပ် ပေးသော အသက်သွေးကြောတံတားကြီး ဖြစ်၏။ စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ပြီးနောက်တွင် တရုတ်ပြည်သည် မည်သည့် အကူအညီမျှမယူဘဲ မိမိဘာသာ မိမိတည်ဆောက်နိုင်ခဲ့၏။

၁၉၄၉ မှ ၂၀၀၈ အထိ တရုတ်ပြည်၏ ရထားသံလမ်းအရှည်မှာ ၂၁၈၀၀ ကီလိုမီတာမှ ၇၉၇၀၀ ကီလိုမီတာထိရှိခဲ့၏။ ၁၉၆၂ တွင် ကီလို

မီတာ ၁၀၀ မျှသာရှိရာမှ ၂၀၀၈ တွင် ၂၅၀၀၀ ကီလိုမီတာထိရှိလာသည်။ ကုန်လမ်းသည် ၁၉၄၉ တွင် ကီလိုမီတာ ၈၀၀၀၀ သာရှိရာမှ ယခုအချိန် သန်းပေါင်း ၃.၇၃ ကီလိုမီတာ ဖြစ်လာ၏။ အမြန်လမ်းမကြီးအရှည် ၆၀၃၀၀၀ ကီလိုမီတာထိရှိလာရာ အဆပေါင်း ၆၀၂ ဆတိုးလာခြင်းပင် ဖြစ်၏။ လေကြောင်းပို့ဆောင်ရေးတွင်လည်း ပြည်တွင်းလေဆိပ်ပေါင်း ၁၅၂ ခု၊ လေကြောင်းလိုင်း ၁၅၃၂ ခုရှိလာရာ ၁၉၉၀ ကထက် ၁၀၉၅ ခုပိုလာသည်ဟု ဆိုရမည်။ လေကြောင်းလိုင်းအရှည်မှာလည်း သန်းပေါင်း ၂.၄၆ ကီလိုမီတာရှိလာရာ ၁၉၄၉ ကထက် အဆပေါင်း ၂၁၆ ဆထိ တိုးလာသည်။

သယ်ယူပို့ဆောင်ရေးတွင် ကုန်ပစ္စည်းပေါင်းတန်ချိန် ၃၂ ဘီလျံတန်ဖိုးကို တင်ပို့သယ်ဆောင်ခဲ့ရာ ၂၀၀၉ ထက် ၁၃.၄ ရာခိုင်နှုန်းတိုးလာ၏။ ဆိပ်ကမ်းကလည်း ၈.၀၂ ဘီလျံတန်ချိန် သယ်ပို့လာ၏။ ဆိပ်ကမ်းတွင် ကွန်တိန်နာပေါင်း ၁၄၅ သန်းကို တစ်နှစ်အတွင်း သယ်ဆောင်ပေးနိုင်ခဲ့၏။

လူဦးရေ သန်း ၁၄၀၀ နီးပါးရှိကာ အကျယ်သန်း ၈.၆ ကီလိုမီတာ နှစ်ထပ်ကိန်းရှိသော ဧရာမနိုင်ငံကြီး၏ အပေါ်ယံအဆောက်အဦသည် စီးပွားရေးအရ အရေးပါရုံမျှမက၊ နက်ရှိုင်းသော နိုင်ငံရေးအဓိပ္ပာယ်ကိုလည်း ဆောင်နေသည်။ ဥပမာအားဖြင့် မြန်နှုန်းမြင့် ရထားပို့ဆောင်ရေးကြောင့် ဝေးလံခေါင်းပါးသော ဒေသများ၏ ဆက်သွယ်ရေးပိုကောင်းလာကာ၊ အမျိုးသားဂုဏ်ကို ပိုဆောင်လာနိုင်၏။ စွမ်းပကားကြီးသော အခြေခံစက်ရုံများနှင့် အပေါ်ယံအဆောက်အဦတည်ဆောက်မှုတို့ကြောင့် တရုတ်ပြည်၏ တိုးတက်မှုမှာ ရေရှည်ခံလာသည်။

တရုတ်ပြည်၏ စက်မှုကဏ္ဍ ခုန်ပျံကျော်လွှားတိုးတက်လာ၏။ တရုတ်ပြည်သစ်တည်ထောင်ကာစက ကြီးမာသောစက်မှုလုပ်ငန်းများကို ဆိုဗီယက်အကူအညီဖြင့် တည်ဆောက်ခဲ့ကြရ၏။ နမူနာအားဖြင့် ဝူဟန်ပြည်နယ်ရှိ အကြီးစားစက်မှုလုပ်ငန်းများမှာ ဆိုဗီယက်အကူအညီဖြင့် တည်ဆောက်ထားခြင်းသာ ဖြစ်၏။ ဝူဟန်သံမဏိစက်ရုံဆိုလျှင် ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းသံမဏိစက်ရုံ ၁၀ ခုတွင် စာရင်းဝင်ဖြစ်ခဲ့၏။

၂၀၁၀ တွင် တရုတ်၏ စက်မှုထုတ်ကုန်သည် ယွမ်ပေါင်း ၁၆၀၀၃

သရီလျံထိရှိခဲ့၏။ ယခင်နှစ်ထက် ၁၂.၁ ရာခိုင်နှုန်းတိုးလာခြင်း ဖြစ်၏။ နိုင်ငံခြားနှင့် စပ်တူစက်မှုလုပ်ငန်းများလည်း ရှိ၏။ ပုဂ္ဂလိကပိုင်များတွင် ဘူဝေး၊ ရှုဂန်အုပ်စု၊ ဆီနီအကြီးစားစက်မှုလုပ်ငန်း၊ ဘီဝိုင်ဒီနှင့် ဂီလီတို့သည် ပုဂ္ဂလိကပိုင်များ ဖြစ်ကြ၏။ ၎င်းတို့သည် သံ၊ သံမဏိ၊ ဆက်သွယ်ရေး၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်များကို အကြီးအကျယ်ထုတ်လုပ်ကာ ကမ္ဘာကို ဖြန့်ချိနေကြ၏။

၂၀၁၁ တွင် ကမ္ဘာ့အကြီးဆုံးစက်ရုံ ၅၀၀ ထဲတွင် တရုတ်ပြည်က ၆၁ ခုပါဝင်လာရာ ဂျပန်ကို ပထမဆုံးအကြိမ် ကျော်ဖြတ်ခဲ့ခြင်းဖြစ်၏။ ၂၀၀၃ ခုနှစ်က ၁၁ ခုစာရင်းဝင်ခဲ့၏။

စက်မှုထွန်းကားလာကာ နိုင်ငံကြီးပွားချမ်းသာလာသကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည်လည်း အရေးပါသော အချက်တစ်ခုဖြစ်လာ၏။ ၂၀၀၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကြပ်အတည်းနှင့်အတူ ရာသီဥတုပြောင်းလဲခြင်းပြဿနာကလည်း ဖွားဖက်တော်ပမာ ပေါ်ထွန်းလာ၏။ တရုတ်ပြည်သည် စွမ်းအင်အရင်းအမြစ်များကို အခြားနည်းများဖြင့် ရှာနေရ၏။ တောင်ကြားမြစ်များမှ ရေအားလျှပ်စစ်စက်ရုံအသေးများမှ ကီလိုမီတာ သန်း ၂၀ ရမည်ဟု ခန့်မှန်းထား၏။ အပေါ်ယံအနေဖြင့် နျူကလီယားစွမ်းအင် စီမံကိန်းတွေ ဖော်ဆောင်နေရသည်။ 'လင်ဂေါင်' နျူကလီယားစက်ရုံပြီးစီးလျှင် ကီလိုဝပ် ၁၁.၇၄ သန်းရမည်ဟု ခန့်မှန်းထား၏။ တတိယအနေဖြင့် လေအားလျှပ်စစ်ကိုလည်း လုပ်ဆောင်နေ၏။ ၎င်းကို ကီလိုဝပ် ၁၄ သန်းရမည်ဟု ခန့်မှန်းတွက်ချက်ထား၏။ အဓိက စွမ်းအင်ထုတ်လုပ်ရေးများကိုလည်း ကြိုးစားနေရ၏။

တရုတ်ပြည်သည် 'ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုသုတေသန' ဆိုသော သုတေသနစီမံချက်ကို အမျိုးသားစီမံကိန်းအနေဖြင့် သတ်မှတ်ကာ လုပ်ဆောင်နေ။ ထိုသုတေသနမှနေ၍ အမျိုးသားဆိုင်ရာ အကျိုးစီးပွားများ ရှိလာကာ တိုးတက်မှုရေရှည်ဖြစ်ထွန်းရေးကို မျှော်မှန်းထား၏။ ဤသို့ဖြင့် ကာဗွန်အနည်းဆုံးသုံးသော နည်းပညာကို တရုတ်က စတင်တီထွင်နေ၏။ ဤနည်းပညာအောင်မြင်လျှင် ရာသီဥတုပြောင်းလဲမှုကို ပြုပြင်နိုင်မည်ဟု ဆို၏။

စွမ်းအင်သစ်နှင့် ပြန်လည်အစားထိုးစွမ်းအင်လုပ်ငန်းများကို တရုတ်ပြည်က အရေးတကြီးလုပ်ဆောင်နေရ၏။ အစားထိုးစွမ်းရည်တိုးတက်မှုရေလတ်နှင့် ရေရှည်စီမံကိန်းကို သတ်မှတ်ကာ စွမ်းအင်ပြဿနာကို အဖြေရှာနေ၏။ ဤစီမံကိန်းအကောင်အထည်ပေါ်လျှင် စုစုပေါင်း စွမ်းအင်သုံးစွဲမှု၏ ၁၀ ရာခိုင်နှုန်းကို အစားထိုးသုံးစွဲနိုင်မည်ဖြစ်၏။ ၂၀၂၀ တွင် ဤနည်းပညာဖြင့် ၁၅ ရာခိုင်နှုန်းအစားထိုး သုံးစွဲနိုင်ရေးကို ရည်မှန်းချက်ချထား၏။

## (၂) ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင်းမှ အကျပ်ရိုက်မှုများ

တရုတ်ပြည်၏ စီးပွားရေးတွင် ပထမဆုံးအားနည်းချက်မှာ ချို့နဲ့သော စိုက်ပျိုးရေးအခြေခံပင် ဖြစ်သည်။ ၎င်းသည် တရုတ်ပြည်၏ စီးပွားရေးနှင့် သိပ္ပံတိုးတက်မှုတွင် အဦးဆုံးသော အတားအဆီးဖြစ်၏။ တရုတ်ပြည်သည် မူလကတည်းက စိုက်ပျိုးနိုင်သော မြေမလုံလောက်သော နိုင်ငံဖြစ်၏။ ၂၆-၂-၂၀၀၉ နေ့က ထုတ်ပြန်သော တရုတ်ပြည်၏ လယ်ယာမြေစာရင်းဇယား တရုတ်ပြည်တွင် စိုက်ပျိုးနိုင်သော မြေဧက ၁၈၅၅၇၄၀၀၀၀ ဧကရှိသည်ဆို၏။ ၎င်းသည် ယခင်နှစ်နှစ်ကထက် ဧကထောင်ပေါင်း ၂၉၀ ဆုံးရှုံးလျော့နည်းသွားခြင်းပင် ဖြစ်၏။ ၁.၈ ဘီလျံဧကသည်လည်း ပျောက်ကွယ်လုမတတ် အခြေအနေရောက်နေ၏။ လူတစ်ဦးချင်းမြေပိုင်ဆိုင်မှုသည် ၁.၄ ဧကထက် လျော့နည်းနေသည်က ပိုဆိုး၏။ ထိုနှုန်းထားသည် ကမ္ဘာပေါ်တွင် နိုင်ငံ ၁၂၀ ၏ နောက်တွင်ရောက်နေ၏။ တစ်ချိန်ထဲမှာပင် တရုတ်ပြည်သူတို့၏ လိုအင်ကို တိုးပွားနေ၏။

၂၀၀၉ ခုနှစ်တွင် တရုတ်က ပဲပိစပ်တန်ပေါင်း ၄၂.၅၅ သန်းလို၏။ ဤသည်မှာ ပြည်တွင်းထုတ်ကုန်၏ သုံးဆဖြစ်၏။ ဟင်းရွက်ဆီတန်ပေါင်း ၈.၁၆ သန်းကို ပြည်ပမှ သွင်းနေရသည်။ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်သည် ၄.၆ ဘီလျံဒေါ်လာမှ ၂၀၁၀ တွင် ၂၃.၁၄ ဘီလျံဒေါ်လာထိ အရှုံးပြနေ၏။ အကြီးအကျယ်ဝယ်ယူ တင်သွင်းနေရသည်။ ပဲပိစပ်ဆိုလျှင် ပြည်တွင်းလိုအင်၏ ၃၀ ရာခိုင်နှုန်းသာထွက်၏။ စားသုံးဆီက ၅ ရာခိုင်နှုန်း၊ ချည်မျှင်က ၆၀ ရာခိုင်နှုန်းသာထွက်၏။ ထို့ကြောင့် ပဲပိစပ်နှင့် စားသုံးဆီကို ပြည်ပမှ အဓိကသွင်းနေရ၏။ ထို့ကြောင့် စားသောက်ကုန်

ေး နှုန်းများ မြင့်တက်လာရ၏။ စိုက်ပျိုးရေးသည် အမျိုးသားစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ရာ အလွန်အရေးပါလှ၏။

စိုက်ပျိုးထွက်ကုန်လျော့နည်းမှုတွင် ဆည်မြောင်းလုပ်ငန်းအားနည်း ကလည်း အခရာဖြစ်၏။ ၂၀၁၀ တွင် ဆည်မြောင်စီမံကိန်းသုံးစွဲငွေသည် မ်သန်း ၂၀၀ လျော့နည်း၏။ သယ်ယူပို့ဆောင်ရေးအသုံးစရိတ်၏ ၁၀ ခိုင်နှုန်းမျှသာ ရှိ၏။

စိုက်ပျိုးရေးထုတ်ကုန်များကို ဖြန့်ဖြူးသော စနစ်ကလည်း မကောင်း။ ယ်သမားများအဖို့ အသုံးဝင်သော ဈေးကွက်သတင်းကို အချိန်မီမရကြ။ ့ကြောင့် စိုက်ပိုးရေးထုတ်ကုန်များသည် ဈေးကွက်လိုအပ်ချက်ကို မီအောင် သုတ်နိုင်။ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုများသဖြင့် ထုတ်လုပ်ဖြန့်ဖြူး ေးနှုန်းထားများမြင့်လာရာ နောက်ဆုံး၌ စိုက်ပျိုးရေးထုတ်ကုန်ဈေးပေါ်တွင် သာ ပုံကျတော့၏။ လယ်သမားများ၏ ဝင်ငွေကတော့ တိုးသင့်သလောက် ဘိုး။

လယ်သမားများဝင်ငွေတိုးရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးသည် အစိုးရပေါ်တွင် လုံးလုံးလျားလျားမူတည်နေ၏။ အစိုးရက စိုက်ပျိုးရေး အပေါ်ယံ အဆောက်အဦတည်ဆောက်မှုများတွင် ရင်းနှီးမြှုပ်နှံမှသာ အရောင်းအဝယ် စာရိတ်ကျလာပြီး စားသုံးသူရော လယ်သမားအတွက်ပါ အကျိုးရှိနိုင်မည်။

တရုတ်စီးပွားရေးဖွံ့ဖြိုးမှု၏ ဒုတိယအကြပ်အတည်းမှာ ဒေသဆိုင်ရာ ဖြိုးမှု မညီမျှခြင်းဖြစ်၏။ တရုတ်ပြည်က မြေပမာဏကျယ်ပြော၏။ ယံဓာတနှင့် ပထဝီအနေအထားကွဲလွဲပြားပြားရှိ၏။ ထို့ကြောင့် တူညီသော ဖြိုးမှု မဟာဗျူဟာချမှတ်ရန်ခဲယဉ်း၏။ ခေတ်မီတိုးတက်ရေးတည်ဆောက် များသည် ကွဲပြားခြားနားသောဒေသများတွင် သင့်လျော်သလို လုပ်ပေး သည်။ ထိုသို့မလုပ်နိုင်သောအခါ ဒေသတွင်း တစ်နေရာနှင့် တစ်နေရာ ညီမျှမှုများ ဖြစ်လာ၏။

ပြန်လည်ပြုပြင်ရေးနှင့် တံခါးဖွင့်မှုနှစ် ၃၀ ကာလအတွင်း အရှေ့ က်ခြမ်းဒေသများက ပိုမိုတိုးတက်လာ၏။ ထိုဒေသများသည် ဝင်ငွေ အလယ်အလတ်စားနိုင်ငံများကိုပင် မီလာ၏။ တရုတ်ပြည်တွင် တိုးတက် ဘသောဒေသ (၁၀)ခုနှင့် ဖွံ့ဖြိုးမှုနောက်ကျသော ဒေသ (၁၀)ခုတို့ကြား

တွင် ရောမကျွာဟာချက်ကို တွေ့နေရ၏။ ကွမ်တုံ၏ ဂျီဒီပီသည် အမြင့်ဆုံးဖြစ်ကာ အနိမ့်ဆုံးဖြစ်သော တိဘက်နှင့်နိုင်းလျှင် ၈၉၀၆ ဆကျွာ၏။ ရှန်ဟဲမှ လူတစ်ဦးချင်း ဂျီဒီပီသည် ကွိုဂျိုထက် ၆.၈၄ ဆများ၏။ အဖွံ့ဖြိုးဆုံးပြည်နယ် ၁၀ ခုထဲတွင်ပင် ကွာဟချက်တွေရှိသေး၏။ ကွမ်တုံး၊ ကျန်ဆု၊ ရှန်တုန်နှင့် စီကျန်တို့က အခြား ၆ ပြည်နယ်ထက်ပိုသာ၏။

ဂျီဒီပီအလွန်များ၊ တစ်ဦးချင်းဝင်ငွေလျော့နည်း ဒေသဆိုင်ရာဖွံ့ဖြိုးမှုမညီမျှ။ ဤသုံးချက်သည် တရုတ်ပြည်၏ လက်ရှိစီးပွားရေးဖွံ့ဖြိုးမှုလက်တွေ့အနေအထား ဖြစ်၏။

အရှေ့ဘက်ခြမ်းဒေသများသည် စီးပွားရေးတိုးတက်လာသကဲ့သို့စက်ရုံများလည်း ပိုမိုများပြားလာ၏။ ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသော ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းမှာ ပိုမိုထွန်းကားလာ၏။

ရှင်းကျင့်ပြည်နယ်သည် ကွမ်တုံးတွင် ကျင်းပသော ဒုတိယအကြိမ်မြောက် လယ်သမားအားကစားပြိုင်ပွဲတွင် ဝင်မပြိုင်။ အဘယ်ကြောင့်ဆိုသော်သူ့ပြည်နယ်တွင် လယ်သမားအရေအတွက် နည်း၍ဟု ဆို၏။ ၄င်းသည်အရှေ့ဘက်ကမ်းရိုးတန်းဒေသများ၏ ခေတ်မီတိုးတက်မှုအဆင့် မည်မျှမြင့်မားလာကြောင်း ပြသမှုပင်ဖြစ်၏။

တရုတ်ပြည်အလယ်ပိုင်း၊ ဝူဟာန်ပြည်နယ်တွင်သူ ပျင်းရိမှုပပျောက်ရေးစီမံကိန်းပင် လုပ်နေရ၏။ ဝန်ထမ်းများက ပျင်းရိပျင်းတွဲအလုပ်လုပ်ကာရေသာခိုမှုများနေ၍ ဖြစ်၏။ တကယ်တော့ သူတို့က မလုပ်မရှုပ်မပြုတ်ဆိုသော မူဝါဒအတိုင်း ရေစီးထဲမျှောလိုက်နေကြခြင်း ဖြစ်၏။ သူတို့ပြည်နယ်ဖွံ့ဖြိုးမှုနောက်ကျ၍ စိတ်ဓာတ်ကျနေခြင်း ဖြစ်၏။

ဆိုရှယ်လစ်ဝါဒ၏ အန္တိမပန်းတိုင်မှာ လူတိုင်းချမ်းသာရေးဖြစ်၏။ သို့သော် နယ်မြေဒေသဖွံ့ဖြိုးမှု မညီမျှခြင်းက ဤပန်းတိုင်ရောက်ဖို့ ခက်နေသည်။ ဤမျှကြီးမားသော နိုင်ငံကြီးတွင် နေရာတကာ တန်းတူညီမျှတိုးတက်ရန် မည်သို့လုပ်နိုင်ပါမည်နည်း။ လျှောက်လှမ်းရမည့် ခရီးကား တမျှော်တခေါ်။

တတိယ၊ အကျပ်အတည်းမှာ ဦးဆောင်ဦးရွက်သုံးဦးတွဲဖက်အဖွဲ့ပင် ဖြစ်၏။ ရင်းနှီးမြှုပ်နှံမှု၊ လိုအပ်မှု၊ တင်ပို့မှုတို့သည် တိုင်းပြည်စီးပွားရေး

ကို တွန်းပို့နိုင်၏။ သို့သော် တရုတ်ပြည်၏ အကြီးဆုံးပြဿနာသည် ရင်းနှီး မြှုပ်နှံမှုနှင့် ထုတ်ကုန်အပေါ်တွင် အလွန်အမင်းအားကိုးအားထားပြုခြင်း ဖြစ်၏။ တစ်ချိန်တည်းမှာပင် လိုအပ်မှုက နည်းနေ၏။ ကမ္ဘာ့အုပ်ချုပ်မှု အဖွဲ့သို့ တရုတ်ဝင်ခွင့်ရသည့်အချိန်မှစ၍ တရုတ်ပြည်၏ နိုင်ငံခြားကုန်သွယ်မှုအပေါ် မှီခိုနေမှုအမြဲပင် ၆၀ ရာခိုင်နှုန်းပတ်ဝန်းကျင်တွင် ရှိ၏။ ဤသည်မှာ တရုတ်ပြည်အဖို့ နိုင်ငံခြားငွေ အရန်ငွေများစွာရခဲ့သည် မှန်၏။ ဒုံးရိုးပြောရလျှင် နိုင်ငံချမ်းသာလာ၏။ နိုင်ငံတကာစီးပွားရေးမြင့်တက်လာ၏။ 'တရုတ်ပြည်တွင် လုပ်သည်' ဆိုသော ကုန်ပစ္စည်းတွေက ကမ္ဘာအနှံ့ရောက်လာ၏။

တစ်ချိန်တည်းမှာပင် တရုတ်သည် အနောက်နိုင်ငံမှ ငွေကြေးစာချုပ်အများအပြားကို ဝယ်ယူစုဆောင်းကာ ကမ္ဘာ့ဘဏ္ဍာရေးအကြပ်အတည်းတွင် 'ကယ်တင်ရှင်' ဝင်လုပ်နိုင်ခဲ့၏။ သို့သော် တစ်ဖက်က ကြည့်လျှင်လည်း ပို့ကုန်အပေါ် အလွန်အမင်းမှီခိုအားကိုးမှုသည် နိုင်ငံတကာ စီးပွားရေးပတ်ဝန်းကျင်က တရုတ်အပေါ် အလွယ်တကူ ဩဇာသြောင်းမှုကိုလည်း ဖြစ်စေ၏။ အထူးသဖြင့် ကမ္ဘာ့စီးပွားရေးအကြပ်အတည်းကာလတွင် တရုတ်သည်လည်း အထိနာသင့်သလောက်နာခဲ့ရ၏။

ပါဝါကြီးမားသော နိုင်ငံအနေဖြင့် တရုတ်သည် ကြီးမားသော နိုင်ငံခြားကုန်သွယ်မှုကို ကျောရိုးအနေနှင့် လိုအပ်သည်ဟုဆိုစရာအကြောင်း ရှိ၏။ သို့သော် မှီခိုလွန်းအားကြီးခြင်းသည်ကား ပြဿနာ။ နိုင်ငံခြားကုန်သွယ်မှုတွင်း သွင်းကုန်နှင့် ထုတ်ကုန်က မညီမျှ။ တရုတ်က ပိုက်ဆံသာရှာတတ်ပြီး တခြားနိုင်ငံများ၏ ငွေကြေးအကြပ်အတည်းတော့ တာဝန်မသိတတ်ဟု အပြောခံရသည်။ ထို့ကြောင့် တရုတ်သည် ပြည်တွင်းလိုအပ်ချက်နှင့် ပြည်သူ့လိုအပ်ချက်တို့ကြားတွင် မျှတအောင်ကိုင်တွယ်ဖို့ လို၏။

ကုန်သွယ်မှုနှင့် နှိုင်းစာလျှင် ရင်းနှီးမြှုပ်နှံမှုက တရုတ်စီးပွားရေးကို ဆွဲတင်ရာတွင် ပို၍အခြေခံကျ၏။ တရုတ်ပြည်တွင် လမ်းတွေ၊ တံတားတွေ အဆောက်အဦတွေ ဆောက်စရာအများကြီးလိုသေး၏။ တရုတ်ပြည်၏ ဂျီဒီပီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်တန်ဖိုးက အလွန်ကြီးမားသော အချိုးအနေနှင့် ဝင်နေ၏။ သို့သော် ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်ကမူ သိပ်မများလှ။ ဤသို့ မညီမျှမှုကို ရေရှည်ကိုင်တွယ်ရန်မလွယ်ကူ။

တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံဖြစ်၏။ ၎င်းသည် ဝယ်လိုအားစွမ်းပကားကိုသာ ပြောင်းလဲသွားလျှင် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ဝယ်ယူသုံးစွဲမှု ဈေးကွက်ဖြစ်လာမည်။ ထိုအခါ စီးပွားရေး ဖွံ့ဖြိုးမှုကား အတောမသက်နိုင်အောင် ဖြစ်ထွန်းမည်။ ဤသည်ကို မှန်ကန်စွာ အသုံးချတတ်ဖို့သာ လို၏။ ထို့ကြောင့် ပြည်သူတို့၏ ဝယ်လိုအားကိုမြှင့်တင်ပေးရန်လို၏။ ပြည်တွင်းလိုအပ်ချက်ကို ချဲ့ထွင်ပေးရမည်။ ဦးဆောင်ဦးရွက်သုံးဦးအဖွဲ့ကြားတွင် ခိုင်မာသော တည်ဆောက်မှုများပြုလုပ်ကာ တရုတ်ပြည်၏ ရေရှည်တည်တံ့မည့် စီးပွားရေးဖွံ့ဖြိုးမှု၏ ခိုင်မာသော နယ်မြေကို ချရပါမည်။

စတုတ္ထအကြပ်အတည်းမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စွမ်းအင်ဆိုင်ရာ ပြဿနာကို ရင်ဆိုင်ရန်ဖြစ်၏။ ထိုသို့သော သဘာဝပတ်ဝန်းကျင်မရှိပါက စီးပွားရေးမဖွံ့ဖြိုးမတိုးတက်နိုင်ပါ။ စီးပွားရေးလုပ်ရှားမှုများသည် သဘာဝသယံဇာတအပေါ်တွင် အမှီပြုနေသကဲ့သို့၊ အပြန်အလှန်အားဖြင့် ၎င်းသည် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ဖျက်ဆီးနိုင်၏။ ပျက်စီးမှုက အတိုင်းအတာတစ်ခုထိ ရောက်လာလျှင်၊ သဘာဝပတ်ဝန်းကျင်ပျက်စီးပြီး၊ လူသားတို့၏ စီးပွားရေးလုပ်ရှားမှုများသည်လည်း ရှေ့ဆက်၍ ဘာမှလုပ်၍ ရကြတော့မည် မဟုတ်။ စွမ်းအင်သည် စီးပွားရေးလုပ်ရှားမှုနှင့် ပတ်ဝန်းကျင်အတွက် အလွန်အရေးကြီးသော အဆက်အစပ်ဖြစ်၏။ တရုတ်နိုင်ငံသည် ကြီးမားသော စွမ်းအင်သုံးစွဲသည့် နိုင်ငံဖြစ်၏။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် စွမ်းအင်ဆိုင်ရာဖိအားသည် ဖော်မပြနိုင်လောက်အောင်ပင် ကြီးမား၏။

၂၀၁၀ ပြည့်နှစ်တွင် တရုတ်ပြည်၏ ဂျီဒီပီသည် ကမ္ဘာပေါ်တွင် ဒုတိယလိုက်၏။ သို့သော် ကျောက်မီးသွေး၊ ကျောက်ဖြစ်ရုပ်ကြွင်းရေနံ၊ သံ၊ သံမဏိ၊ ဆောက်လုပ်ပစ္စည်းတို့ သုံးစွဲမှုတွင် ကမ္ဘာပေါ်တွင် ပထမဖြစ်၏။ ကုန်ကြမ်းပစ္စည်းတင်သွင်းမှုတွင်လည်း ပထမပင် ဖြစ်သည်။ တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် စက်မှုသစ်သားပျော့ဖတ်ဝတ္ထုပစ္စည်းများ ထုတ်လုပ်ရာတွင် ဒုတိယလိုက်၏။ ကျောက်ဖြစ်ရုပ်ကြွင်းရေနံတင်သွင်းမှုတွင်လည်း ဒုတိယအကြီးဆုံး ဖြစ်၏။ ၎င်း၏ စွမ်းအင်ဂျီဒီပီတစ်ဦးခြင်းသုံးစွဲ

သည် ဖွံ့ဖြိုးသော နိုင်ငံများ၏ ၈ ဆမှ ၁၀ ဆမျှထိရှိ၏။ ထို့ကြောင့် ာတုအောက်ဆီဂျင်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ထွက်နှုန်းသည် ကမ္ဘာပေါ်တွင် ဗိုလ်စွဲနေ၏။ ၁၉၇၈ မှစ၍ စွမ်းအင်သုံးစွဲမှု၏ ၁ ရာခိုင်နှုန်းသည် ကျောက်မီးသွေးဖြစ်ရာ၊ အပျက်ဓာတ်ငွေ့ပြန်ထွက်နှုန်း ားက အလွန်မြင့်မားလာ၏။ ၄င်းကြောင့် ဌာနပတ်ဝန်းကျင် အလွန်အမင်း က်စီးမှု (အထူးသဖြင့် လေအရည်အသွေးကျဆင်း)ရုံမျှသာမက ကမ္ဘာလုံး ိုင်ရာ သဘာဝပတ်ဝန်းကျင်နိုင်ငံရေးအရလည်း အတိုက်ခိုက်အခံရဆုံး ဖြစ်၏။ ထို့ကြောင့် တရုတ်နိုင်ငံသည် နိုင်ငံတကာအသိုင်းအဝန်း၏ လိုလား ပ်သော ရာသီဥတုပြောင်းလဲမှုအတွက် အထူးတာဝန်ရှိလာသည်။ အခြား စ်ဖက်ကလည်း အီးယူအပါအဝင်ဖြစ်သော ဖွံ့ဖြိုးပြီးနိုင်ငံများက တရုတ် ပြည်ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဖိအားပေးကာ၊ ရာသီဥတုနိုင်ငံ ရေးတွင် သူတို့က အပေါ်စီးရအောင်လုပ်နေကြ၏။ အခြားတစ်ဖက်ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံတို့ကြားတွင် ပြိုကွဲမှုများ စတင်ပေါ်ပေါက်လာ၏။ အထူးသဖြင့် သေးငယ်သော ပစိဖိတ်ကျွန်းနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အကြီးအကျယ်ခံကြရသဖြင့် တရုတ်ပြည်ကို ဓာတ်ငွေ့ထုတ်နှုန်းလျှော့ရန် တာဝန်ရှိသည်ဟု တောင်းဆိုလာကြ၏။ ဥပမာ- ကိုပင်ဟေဂင်ရာသီဥတု ပြောင်းလဲမှုညီလာခံတွင် ကျွန်းနိုင်ငံများ၏ ကိုယ်စားလှယ်များက အထူးနှုန်း ထိန်းသိမ်းမှု ရည်မှန်းချက်ကို ၂ ဒီဂရီစင်တီဂရိတ်မှ ၁.၅ ဒီဂရီစင်တီဂရိတ် သို့လျှော့ချရန် တောင်းဆို၏။ ထိုသို့လျှော့ချရန် တရုတ်တွင် ပို၍တာဝန်ရှိ သည်ဟု ဆို၏။ တရုတ်ပြည်သည် နိုင်ငံခြားငွေ ရန်ပုံငွေအကြီးဆုံးပိုင်ဆိုင် ားသည်ဖြစ်ရာ၊ ဖွံ့ဖြိုးပြီးနိုင်ငံများထံမှ အကူအညီအထောက်အပံ့များကို ဆုပ်ကိုင်သင့်။ အလယ်အလတ်နှင့် နိုင်ငံငယ်များ၏ အညိုအညင်လည်း ခံသင့်။ သို့မှသာ ရန်ပုံငွေများ ပိုမိုစုဆောင်းလာနိုင်မည် ဖြစ်၏။

တရုတ်ပြည်၏ စွမ်းအင်သုံးစွဲမှုပမာဏကြီးလွန်းသဖြင့် ၄င်းသည် နိုင်ငံခြားစွမ်းအင်များကို အားကိုးနေရ၏။ ၂၀၁၁ တွင် အာရှအနောက်ပိုင်း နှင့် အာဖရိကမြောက်ပိုင်းတို့တွင် အပြောင်းအလဲတွေ သိသိသာသာဖြစ်ခဲ့ ဘွတ်ရှ်အစိုးရ၏ လက်ချက်ကြောင့် မဟာအရှေ့အလယ်ပိုင်းတွင် ပြဿနာများစွာ ပေါ်ခဲ့၏။ ထိုအထဲတွင် ဘဏ္ဍာရေးအကြပ်အတည်းရင်

ဆိုင်လာရ၍ ပိုဆိုးလာ၏။ အဓိကအချက်ကား ထိုဒေသရှိ ရေနံသယံဇာတ ဖြစ်၏။ စွမ်းအင်အလွန်လိုအပ်သော နိုင်ငံများအထိနာကြ၏။ တရုတ်ပြည်သည် ရေနံကို အကြီးအကျယ်သွင်းရသော နိုင်ငံဖြစ်၏။ ပထမဦးစွာ ရေနံစိမ်းဈေးတွေ မြင့်တက်လာ၏။ ဤသည်မှာ တရုတ်ပြည်၏ စီးပွားရေးတိုးတက်လာမှုတွင် စရိတ်တွေ ပိုထောင်းလာခြင်းပင် ဖြစ်၏။ ဒုတိယအချက်မှာ လစ်ဗျားအပြောင်းအလဲ။ ဤသည်က အကြီးမားဆုံး။ တရုတ်နိုင်ငံသည် လစ်ဗျားတွင် ရင်းနှီးမြှုပ်နှံမှုများ အကြီးအကျယ် လုပ်ထားခဲ့သည်။ ထို့ကြောင့် အလွန်အမင်ထိခိုက်နစ်နာမှုတွေရှိသည်။ ဆီးရီးယားတွင်လည်း ထိုနည်းတူပင်။ အီရန်နှင့် အခြားအနောက်နိုင်ငံများတွင်လည်း မသိနိုင်သော ပြဿနာတွေ ရင်ဆိုင်ရဦးမည်။ အာရှအနောက်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းတို့တွင် အပြောင်းအလဲများကြောင့် တရုတ်၏ ပြည်တွင်းစွမ်းအင်ပြဿနာ တုန်ခါသွားခဲ့ရ၏။ ထို့ထက်ပိုပြောရလျှင်၊ အိန္ဒိယသမုဒ္ဒရာနှင့် အဒေင်ပင်လယ်ကွေ့ရှိ ပင်လယ်ဓားပြများရန်ကလည်း တမျောက်။ တရုတ်နှင့်ရုရှားတို့သည် စွမ်းအင်ဈေးနှုန်းညှိနှိုင်းမှုလည်း ယခုထိ မရပ်သေး။ မဲခေါင်မြစ်အတွင်း တရုတ်သင်္ဘောသားများ အသတ်ခံရမှုသည်လည်း အရှေ့တောင်အာရှ၏ မမြင်ရသော ခြိမ်းခြောက်မှုပေါ်လာခြင်းပင် ဖြစ်၏။ ဤအချက်အားလုံးသည် တရုတ်ပြည်၏ စွမ်းအင်ထောက်ပံ့မှု ဘေးကင်းရေးအတွက် နှိုးစက်မြည်လာခြင်းပင် ဖြစ်၏။ ဤပြဿနာများအားလုံး ပြေလည်စေရန်မှာ တရုတ်ပြည်တွင် စုပါပါဝါစွမ်းရည်ထက်မြက်သော နိုင်ငံရေးပညာနှင့် ကောင်းမွန်သော မဟာဗျူဟာ စီမံကိန်းလိုအပ်လှ၏။

'တရုတ်ပြည်မှာ လုပ်သည်' အကြပ်အတည်းကိုပဲ ကြည့်လိုက်ပါဦးစို့။ အေစီမီလန်နှင့် အင်တာမီလန်တို့သည် နာမည်ကျော် ဘောလုံးအသင်းနှစ်သင်းဖြစ်ကြပြီး၊ ကမ္ဘာကျော်နာမည်ရ အသင်းကြီးနှစ်သင်း ဖြစ်သည်။ ဤသည်မှာ ထိုအသင်းနှစ်သင်းသည် အချိန်အတော်ကြာ ရန်သူဟောင်းပြိုင်ဘက်ကြီးတွေ ဖြစ်ခဲ့ကြ၍ဖြစ်၏။ လွန်ခဲ့သောငါးနှစ်က လာဘ်ပေးလာဘ်ယူမှုကြောင့် အီတလီဘောလုံးလောကတစ်ခုလုံး တုန်ခါသွားကာ အေစီမီလန်သည်လည်း အကြီးအကျယ်ထိခိုက်ခဲ့၏။ သို့သော် အင်တာမီလန်ကား မထိခိုက်။ ထို့ကြောင့် အင်တာမီလန်သည် အီတလီ စီးရီးအေကို

ည်မ်းမိုးသွားကာ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီအထိ ချန်ပီယံဖလား ငါးခု ခဲ့၏။ ထို့နောက်တော့ အေစီမီလန်က ထိပ်တန်း ပြန်ရောက်လာပြန်၏။ အေစီမီလန် ဆုဖလားကို ပြန်ရလာသောအခါ ၎င်း၏ ကြွေးကြော်သံက ဘ်ဝင်စားစရာကောင်း၏။

"အင်တာမီလန်ချန်ပီယံ တရုတ်ပြည်တွင် လုပ်သည်"

'အေစီမီလန်ချန်ပီယံ အီတလီတွင်လုပ်သည်' ဆိုလိုသည်မှာ အင်တာ လန်ချန်ပီယံဆု ၁၂ ကြိမ်ရခဲ့ခြင်းမှာ ၎င်း၏ အစိကပြိုင်ဘက်နားနေသဖြင့် ဖြစ်၏။ ထို့ကြောင့် သူရသော ချန်ပီယံဆုသည် တရုတ်ပြည်မှာ လုပ်သော ကုန်ပစ္စည်းများကဲ့သို့ ဈေးပေါပြီး အဆင့်နိမ့်၏။ မည်သို့ပင် ဆိုစေကာမူ 'အေစီမီလန်' ချန်ပီယံဆုသည်သာ ပြိုင်ဘက်အားလုံးကို ကျော်နင်းနိုင်သော ချန်ပီယံအစစ်ဖြစ်သည်။ ၎င်းဆုမျိုးသည် အဆင့်မြင့်ထိပ်တန်း အကောင်း ား အီတလီပစ္စည်းများနှင့်တူသည်ဟု နှိုင်းယှဉ်ဖော်ပြထားခြင်း ဖြစ်သည်။ ထို့ကြောင့် တရုတ်ပြည်သူတို့၏ ဂုဏ်ယူစရာဖြစ်သော 'တရုတ်ပြည်တွင် လုပ်သည်'မှာ ယခုအခါ ဈေးပေါပြီး အဆင့်နိမ့်သောပစ္စည်းအဖြစ် သတ်မှတ် ခြင်းခံနေရသည်။

'တရုတ်ပြည်တွင် လုပ်သည်' ပြဿနာအကြောင်းရင်းသည် စီးပွား ရေးဥပဒေ ရည်မှန်းချက်များပေါ်တွင် မူတည်နေ၏။ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများထက် အတော်နောက်ကျပြီးမှ ဖွံ့ဖြိုးတိုးတက်စပြုလာသော တရုတ် နိုင်ငံအနေဖြင့် နိုင်ငံခြားငွေကို လုပ်အားခသက်သာမှုမှတစ်ဆင့် ထိုးဖောက် ရလိုခြင်း ဖြစ်၏။ ဤကား မူလအခြေအနေ။ သို့သော် တရုတ်နိုင်ငံ ကမ္ဘာ့စီးပွားရေးတွင် ဒုတိယအဆင့်ရောက်လာပြီး လူတစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၄၀၀၀ မျှရှိလာကြသည်နှင့်အမျှ လုပ်အားခများလည်း မြင့်တက် လာ၏။ သို့သော် လုပ်သားများ၏ ကျွမ်းကျင်မှု အရည်အသွေးသည် လိုက်သင့်သလောက် တက်မလာသေး။ ထို့ကြောင့် ကမ္ဘာကို ဖြန့်ချိသော ပစ္စည်းအမြောက်အမြားကို ဈေးသက်သက်သာသာနှင့် ထုတ်လုပ်ရသည့်အခါ အရည်အသွေးမြင့်သင့်သလောက် မမြင့်သည်မှာ သဘာဝကျပါသည်။ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကြပ်အတည်း ဆိုက်ရောက်သော အခါ နိုင်ငံတကာ ဝယ်ယူနှုန်း သိသိသာသာကျဆင်းလာ၏။ ဝယ်လိုအား

နည်းလာချိန်တွင် တရုတ်ပြည်လုပ်အားခက ပြန်မကျသဖြင့် ပစ္စည်းအရည်အသွေးပိုင်းတွင် ထပ်ကျလာခြင်း ဖြစ်၏။

၁၉၉၂ ခုနှစ်တွင် 'အေဆာကုမ္ပဏီအုပ်စု' တည်ထောင်သူ 'မစ္စတာ ရှီဇင်ရောင်'က နာမည်ကျော် 'ပြုံးနေသော မျဉ်းကွေး'သီအိုရီကို လက်တွေ့ကျင့်သုံးကာ 'အေဆာ'ကို ပြန်လည်တည်ဆောက်မွေးဖွားပေးခဲ့၏။ မျဉ်းကွေး၏အလယ်တွင် ထုတ်လုပ်မှု။ လက်ဝဲဘက်က သုတေသနနှင့် ဖွံ့ဖြိုးရေး။ ဤသည်မှာ ကမ္ဘာ့ကုန်စည်များနှင့် ယှဉ်ပြိုင်ရေးအတွက် ဖြစ်၏။ လက်ျာ ဘက်က ဈေးကွက်။ အဓိကအားဖြင့် ပြည်တွင်းပြိုင်ဆိုင်မှုကိုသာ ဦးတည်၏။ ဤနည်းဖြင့် သူ၏ ကုန်ပစ္စည်းအရည်အသွေးများကို ကမ္ဘာ့အဆင့်မီထုတ် လုပ်နိုင်ခဲ့၏။

'တရုတ်ပြည်တွင် လုပ်သည်'ဆိုသော ပစ္စည်းများနိုင်ငံရပ်ခြားတွင်ကျယ်နေခြင်းမှာ ပြိုင်ဘက်ပစ္စည်းများထက် ဈေးသက်သာခြင်းကလည်း အဓိကအကြောင်း ဖြစ်၏။ အရည်အသွေးကို ယခုထက်မြှင့်လိုက်လျှင် ရောင်းဈေးက တက်သွားမည်။ ရောင်းဈေးတက်လျှင် ရောင်းအားကျလာမည်။ ရောင်းအားကျလာလျှင်လည်း ပစ္စည်းဈေးထပ်တက်လာမှ ဖြစ်မည်။ ဤသို့ ဂျာအေးသူ့အမေရိုက် သံသရာလည်နေသည်။ ပြိုင်ဘက်ထက်ဈေး လည်းသက်သာ အရည်အသွေးလည်း ကောင်းသော ပစ္စည်းများဖြစ်ရန် ဆက်လက်ကြိုးစားရဦးမည်။ တကယ်တော့ ယခုအခါ 'တရုတ်ပြည်တွင် လုပ်သည်'ကိစ္စသည် စီးပွားရေးပိုင်ဆိုင်ရာသာမက နိုင်ငံရေးပိုင်ဆိုင်ရာမှာပါ သိက္ခာကျစရာဖြစ်နေ၏။

သမိုင်းကို ပြန်ကြည့်လျှင် နိုင်ငံတစ်ခုသြဇာထက်လာခြင်းသည် ၄င်းနိုင်ငံတီထွင်ထုတ်လုပ်သော ပစ္စည်းအရည်အသွေးမည်မျှမြင့်မားမှုရှိမရှိပေါ်တွင် မူတည်နေသည်ကို တွေ့ရ၏။ ဥပမာ ဂျာမနီ၏ 'ဆီးမင်း'လျှပ်စစ်ပစ္စည်းများ၊ 'မာစီဒီးဘင့်စ်'ကားများ အမေရိကန်၏ 'အိုင်ဘီအမ်' 'မိုက်ခရိုဆော့ဖ်'နှင့် 'ဟက်ဝဲလ်'။ နယ်သာလန်နိုင်ငံကို ကြည့်ဦး။ နိုင်ငံကပိစိကွေးလေး။ သို့သော် ကမ္ဘာ့အဆင့်မီ 'ဖီလစ်' လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်နိုင်၍ ၄င်းနိုင်ငံသိက္ခာတက်ခဲ့သည်။ တရုတ်ပြည်သည်လည်း 'တရုတ်ပြည်တွင် လုပ်သည်'မှနေ၍ 'တရုတ်ပြည်တွင် ဖန်တီးတီထွင်

သည်'ဟူသော အခြေအနေသို့ ပြောင်းနိုင်ဖို့ အရေးကြီးသည်။ တရုတ်ပြည်၏ အမျိုးသားပုံရိပ်တည်ဆောက်နိုင်ရန် အရည်အသွေးရှိ အဆင့်မြင့်ကုန်ပစ္စည်းတံဆိပ်များ ဖန်တီးထုတ်လုပ်ရန် လိုအပ်၏။

ဆဌမမြောက်စိန်ခေါ်မှုသည်ကား တစ်သက်တာ မရေရာမှုတိုးပွားနေသော ကမ္ဘာ့စီးပွားရေးဖြစ်၏။ တရုတ်ပြည်သည် တံခါးဖွင့်စီးပွားရေးလမ်းကြောင်းကို လိုက်ခဲ့၏။ နိုင်ငံတကာဘဏ္ဍာရေးစနစ်နှင့် စွမ်းအင်စနစ်တို့သည် တစ်ခုနှင့်တစ်ခု သြဇာသက်ရောက်ကြ၏။ ၎င်းကိုလည်း ကမ္ဘာ့ရေနံဈေးပေါ်တွင်လည်း မူတည်နေ၏။ နိုင်ငံတကာ စွမ်းအင်စနစ်၏။ အကြီးမားဆုံးအချက်သည် ရေနံဈေးမတည်ငြိမ်မှု၊ ရေနံဈေးအတက်အကျပေါ်တွင်မူတည်နေ၏။ ဒေါ်လာအဆင့်စနစ်အောက်မှ ပြောင်းလဲနေသော ငွေလဲလှယ်နှုန်းစနစ်သည်လည်း နိုင်ငံတကာရေနံဈေးနှုန်း အတက်အကျ၏ ရင်းမြစ်တစ်ခု ဖြစ်သည်။ ဤဘဏ္ဍာရေးအကြပ်တရား၏ မူလဘူကတွင်အမေရိကန်၏ ကမ္ဘာ့ရေနံဈေးလမ်းကြောင်းကို တိုက်ရိုက်ပါဝင်နေခြင်းကလည်း တစ်ကြောင်းဖြစ်၏။ ထိုပါဝင်ပတ်သက်မှုသည် အိုပက်၏ ထိန်းချုပ်မှုထက်ပင်ပိုနေ၏။ ယခုလောလောဆယ်တွင်လည်း ဘဏ္ဍာရေးအကြပ်အတည်းကမပြီးဆုံးသေး။ ဥရောပနှင့် အမေရိကန်ကြွေးမြီအကြပ်အတည်း အနောက်အာရှနှင့် အာဖရိကမြောက်ပိုင်း မတည်ငြိမ်သော အခြေအနေစသည်တို့သည် စီးပွားရေးနှင့် နိုင်ငံရေးအရေးကြီးသော ပြဿနာများဖြစ်၏။ ဤသို့သော မတည်ငြိမ်မှုအရပ်ရပ်ကြားတွင် တရုတ်စီးပွားသည် ကြိုတင်ကာကွယ်မှုများစွာကိုလုပ်ရမည့်အပြင် စွန့်စားမှုအချို့ကိုလည်း ရှောင်ရပေမည်။

## ၃) ခိုင်မာပြီးမြန်ဆန်သော စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်စေရန် ကြိုးပမ်းမှုများ

စိုက်ပျိုးရေး၊ ကျေးလက်ဒေသများနှင့် လယ်သမားများသည် တရုတ်၏ တိုးတက်မှုကို တလျှောက်လုံးဒုက္ခပေးခဲ့ပေ၏။ အထူးသဖြင့် တရုတ်ပြည်၏ စိုက်ပျိုးရေးက အတော်ခေတ်နောက်ကျဆဲ ဖြစ်နေ၏။ သိပ္ပံနှင့်နည်းပညာကဏ္ဍကို ထိထိရောက်ရောက် မသုံးနိုင်သေး။ ရွာသူရွာသားများ၏ နေအိမ်ကအစ သပ်သပ်ရပ်ရပ် မရှိသေး။ တရုတ်ပြည်၏ ကျေးလက်

အများစုသည် ဖွံ့ဖြိုးရှိရန် အတော်အလှမ်းဝေးနေသေးသည်။ ကျေးလက် ပြည်သူတို့ ရေနှင့်ဆေးဝါးကုသမှုနဲ့ လုံခြုံရေးကိုလည်း ဆောင်ရွက်ပေးရဦး မည်။ လယ်သမားများ အရောင်းအဝယ်အာမခံချက် ရေရေရာရာ မရှိ။ လူမှုဖူလုံရေးကိစ္စများလည်း အာမခံမပေးသဖြင့် လယ်သမားများအဖို့ အသက်ကြီးလာလျှင် ပျော်ပျော်ရွှင်ရွှင် စိတ်ချလက်ချနေရဖို့ အတော်ဝေး ပေသည်။

"စိုက်ပျိုးရေး၊ ကျေးလက်ဒေသနဲ့ လယ်သမားတစ်ခုနှင့်တစ်ခု အလွန်နီးကပ်စွာ ဆက်စပ်နေ၏။ လယ်သမားများ ခေတ်မီတိုးတက်ရေးသည် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု တီထွင်ဖန်တီးပေးရေးနှင့် ကျေးလက်အုပ်ချုပ် မှုပုံစံ ပြောင်းမပေးဘဲ မဖြစ်နိုင်။ ၎င်းတို့သည် အမျိုးသားစီးပွားရေးပေါ်တွင် လည်း မူတည်နေသေးသည်။ ဤသည်မှာလည်း ဗဟိုအစိုးရ၏ ဆောင်ရွက် ပေးနိုင်မှု အတိုင်းအတာကို ကြည့်ရဦးမည်။ ၁၁ ကြိမ်မြောက် ပြည်သူ့ ညီလာခံသည် စတုတ္ထမြောက် အစည်းအဝေးတွင် ဝန်ကြီးချုပ်ဝမ်ကျားပေါင် က စိုက်ပျိုးရေး၊ ကျေးလက်ဒေသနဲ့ လယ်သမားများအပေါ် ရင်းနှီးမြှုပ်နှံ မှု တိုးမြှင့်ပေးရန်၊ လယ်သမားများ အကျိုးဖြစ်ထွန်းစေမည့် စိုက်ပျိုးရေး ပေါ်လစီကို တိုးမြှင့်ပေးမည်ဟု ပြောကြားခဲ့သည်။ သို့ဖြင့် ၂၀၁၂ တွင် ဗဟိုအစိုးရဘတ်ဂျက်မှ ငွေ ၉၈၈.၄၅ ဘီလျံကို ချမှတ်ပေးခဲ့ရာ ယခင်နှစ် ကထက် ၁၃၀.၄၈ ဘီလျံတိုးလာ၏။

ဤနေရာတွင် တရုတ်ပြည်၏ ဒေသဆိုင်ရာ တိုးတက်မှုဗျူဟာချက် ကိုလည်း ထည့်သွင်းစဉ်းစားရန်လို၏။ တရုတ်ပြည်၏ ဒေသဆိုင်ရာပေါ်လစီ ကို လေးပိုင်းပိုင်း၍ရ၏။ အရှေ့ပိုင်းကမ်းခြေဒေသများကို ထပမဆုံးဖွံ့ဖြိုး ရေးလုပ်ငန်း၊ ထို့နောက် အနောက်ဘက်ခြမ်းဒေသများကို ဖွံ့ဖြိုးမှုလုပ်ရန်၊ အရှေ့မြောက်ဒေသကို ပြန်လည်အားဖြည့်တင်းရန်၊ တရုတ်ပြည်အလယ် ပိုင်းကို ကူညီထောက်ပံ့ရန်၊ ပို၍ အသေးစိတ်ပြောရလျှင် ဒေသများကို အောက်ပါအတိုင်းခွဲနိုင်၏။

အရှေ့ယန်စီမြစ်စီးပွားရေးဇုန်၊ အရှေ့တောင်အနောက်ဘက်စီးပွားရေး ဇုန်၊ တောင်ဘက်ပုလဲမြစ်ဝကျွန်းပေါ်ဒေသ စီးပွားရေးဇုန်နှင့် မြောက်ဘက် ဒေသစီးပွားရေးဇုန်၊ ဤစီးပွားရေးဇုန်များထဲမှ ကျွန်တော်တို့ ထပ်ခွဲနိုင်သေး

သည်။ ဥပမာ- ဝူဟန်မြို့ကို အလည်မှထားပြီး ပတ်ပတ်လည်မြို့။ 'ဇူတန်' မြို့အုပ်စု၊ 'ကျန်တန်' ကျွန်းဆွယ် စီးပွားရေးအဝန်းအဝိုင်း၊ 'ချင်ဒူး' စမ်းသပ်ပြုပြင်ပြောင်းလဲရေးဇုန် စသဖြင့်။

အထူးစီးပွားရေးဇုန်အချို့ကို အချို့မြို့ကြီးများတွင် တည်ဆောက်ခဲ့၏။ ၎င်းတို့အတွက် ပေါ်လစီကလည်း ပို၍ပို၍ ကောင်းလာ၏။ ဥပမာ- 'ကျန်ရှင်းဒေသသစ်' နှင့် 'ချိုကျင်းဒေသသစ်'၊ 'ကျင်းကျန်'၏ အနောက်မြောက်နယ်စပ်တွင်လည်း 'ကပ်ရှဂါ' နှင့် 'ဘော်ဂတ်စ်' စသော အထူးစီးပွားရေးဇုန် နှစ်ခုပေါ်လာ၏။ 'ရှင့်ကျင့်' အထူးစီးပွားရေးဇုန်တွင် အောင်မြင်မှုအကြီးအကျယ်ရသဖြင့် ယခု တစ်မြို့လုံး ချဲ့ထွင်လုပ်ကိုင်နိုင်ပေပြီ။

ထို့ပြင် အိမ်နီးနားချင်းဒေသများသည်လည်း ပထဝီအနေအထားသာလွန်မှုပေါ်မူတည်ကာ တစ်နေရာနဲ့ တစ်နေရာ ထောက်ပံ့ဖြည့်ဆီးကူညီရ၏။ ဥပမာ- ဝူဟန်နှင့် ချန်ချူးသည် နန်ချန်း-ဂျူဂျန်' ပူးပေါင်းလုပ်ဆောင်ခဲ့၏။ ထိုဒေသနှစ်ခုလုံးမှာ ပထဝီအနေအထားအရ တစ်ခုနှင့်တစ်ခုသိစပ်မှုရှိ၏။ ထိုဒေသစီမံကိန်းက တရုတ်ပြည်အလယ်ပိုင်းကို စီးပွားရေးဘိုးတက်စေရန် ရည်ရွယ်ထား၏။

၂၀၁၁ တွင် ပြည်နယ် ၁၄ ခုနှင့် မြို့များကို 'ထရီလျံဂျီဒီပီကလပ်' စာရင်းသွင်းခဲ့၏။ ဤသည်မှာ တရုတ်ပြည်၏ ဒေသဆိုင်ရာဖွံ့ဖြိုးမှုသည် ပူးပေါင်းဆောင်ရွက်မှု အသီးအပွင့်များကိုရရှိပြီး တရုတ်ပြည်၏ နောက်ဆုံးပန်းတိုင်ဖြစ်သော တစ်ပြည်လုံး ချမ်းသာကြွယ်ဝရေးလမ်းကြောင်းကို ရည်သန်သွားရန်ဖြစ်၏။

ကျေးလက်မှ လုပ်သားများကို မြို့ပြဒေသများသို့ ပြောင်းရွှေ့ပေးသောစီမံချက်လည်း ရှိ၏။ ထိုစီမံချက်ကြောင့် လုပ်သားစွမ်းရည် ပိုမိုမြင့်တက်လာသကဲ့သို့ စက်မှုပိုင်းဆိုင်ရာအတတ်များလည်း ပိုမိုရရှိစေ၏။ ထို့ကြောင့်လယ်သမားတော်တော်များများသည် စက်ရုံလုပ်သားတွေဖြစ်လာလေရာရွာသားများက မြို့သားများဖြစ်လာကြသောအခါ မြို့ပြလူတန်းစားသစ်ပေါ်လာ၏။ ထိုလူတန်းစားက မြို့ပြကျွမ်းကျင်လုပ်သားတွေ ဖြစ်လာကြ၏။ မြို့ပြရောက်လာပြီး အခွင့်အလမ်းကို ဖမ်းဆုပ်နိုင်သူများသည် ချမ်းသာလာကြ၏။ ရွာသူရွာသားတို့ ယခင်က အိပ်မက်ပင်မမက်ဖူးသော ချမ်းသာမှုကို လက်တွေ့ရရှိလာကြ၏။

မြို့ပြများ တည်ဆောက်လာနိုင်ခြင်းကြောင့် တရုတ်ပြည်သည် တိုးတက်မှုများစွာရခဲ့၏။ သို့သော် ပြဿနာများကား ရှိနေဆဲ။ မြို့ပြရောက်လာသည်နှင့် သူ့အတွက် အလုပ်အကိုင်အခွင့်အလမ်းမှအစ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးများကိုပါ အာမခံချက်ပေးနိုင်ဖို့ ဖန်တီးပေးရ၏။ လူတိုင်းစေ့၏ အခွင့်အရေးများရရှိရန်ကား မလွယ်ပါ။ များစွာသော အခက်အခဲများရှိနေဆဲ ဖြစ်၏။ ဤစိန်ခေါ်မှုများစွာကို အချိန်တိုအတွင်း ဖြေရှင်းပေးရန်လို၏။

'တရုတ်ပြည်တွင်လုပ်သည်' မှနေ၍ 'တရုတ်ပြည်မှ တီထွင်ဖန်တီးသည်'ဖြစ်ရန် ကြိုးစားနေကြ၏။ ၂၀၁၀ အောက်တိုဘာလက ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ဂူဟာန်မြို့သို့ ရောက်ရှိစဉ် ဂူဟာန်အကြီးစားစက်မှုလုပ်ငန်းသို့ ဝင်ရောက်ကြည့်ရှုခဲ့ကာ အမှာစကားပြောကြားခဲ့၏။

'တရုတ်ပြည်မှာ တပ်ဆင်တယ်'ဆိုတဲ့ စကားက သိပ်ကောင်းတယ်။ ကျွန်တော်က တစ်ခုထပ်ဖြည့်ပါရစေ။ 'တရုတ်ပြည်က တီထွင်တယ်'ဆိုတဲ့ စကားပါပဲ။ အဆင့်မြင့်တီထွင်မှုတွေ လုပ်ကြစေလိုပါတယ်။ အရည်အသွေးလည်းမြင့် အသုံးလည်းဝင်တဲ့ ပစ္စည်းမျိုးတွေလည်း ထွင်ကြပါ'ဟု ပြောကြားသွား၏။

၂၀၁၁ နိုဝင်ဘာလက ပြင်သစ်နိုင်ငံ ကန်းစ်မြို့တွင် ကျင်းပခဲ့သော ဂျီ ၂၀ ခေါင်းဆောင်များ၏ ဆဋ္ဌမအကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတ 'ဟူကျင်တောင်'က တင်ပြချက် ၅ ချက်တင်ပြခဲ့၏။ ပထမအချက်က ဟန်ချက်ညီညီ ကြီးထွားဖွံ့ဖြိုးဖို့၊ ဒုတိယအချက်က နိုင်-နိုင်ရလဒ်ရစေ၍ ပူးပေါင်းဆောင်ရွက်မှု၊ တတိယက ပြန်လည်တည်ထောင်ရေးတွင် အုပ်ချုပ်မှုစနစ် တိုးတက်စေမှု၊ စတုတ္ထက တီထွင်ဆန်းသစ်ရေးတိုးမြှင့်မှု၊ ပဉ္စမက ဖွံ့ဖြိုးမှုတွင် ချမ်းသာကြွယ်ဝမှုတို့ ဖြစ်သည်။

၂၀၀၉ ခုနှစ်ကုန်အထိ တရုတ်ပြည်က နိုင်ငံ ၁၆၁ နိုင်ငံသို့ ယွမ် ၂၅၆.၃ ဘီလျံ ကူညီခဲ့၏။ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၃၈ ကိုလည်း ထောက်ပံ့ခဲ့၏။ နွမ်းပါးသော နိုင်ငံပေါင်း ၅၀ ၏ အကြွေးများကိုလည်း လျော်ပစ်ခဲ့၏။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူထောင်ပေါင်းများစွာကို လေ့ကျင့်သင်တန်းပေးခဲ့၏။ နွမ်းပါးသော နိုင်ငံများသို့ ထောင်ပေါင်း ၂၁ မျှရှိသည့်

ဆေးပညာရှင်အဖွဲ့နှင့် ထောင်ပေါင်း ၁၀ ရှိ ဆရာ၊ ဆရာမများစေလွှတ်ကူညီခဲ့၏။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ကုန်စည်များကို အကောက်ခွန်မယူ ရောင်းချခဲ့၏။

ခြုံ၍ဆိုရလျှင် တရုတ်ပြည်သည် နိုင်ငံတကာအသိုင်းအဝန်းတွင် အသင်းဝင်အဖွဲ့ဝင်အဖြစ် ပူးပေါင်းကူညီဆောင်ရွက်မှုများ လုပ်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတကာစီးပွားရေး ဟန့်တားမှုများ လျှော့နည်းစေရေးနှင့် တရုတ်အမျိုးသား အကျိုးစီးပွားကာကွယ်ရေးအတွက်လည်း တတ်နိုင်စွမ်းသမျှ ဆောင်ရွက်နေပါသည်။

## (၄) တရုတ်ပြည်၏ ကာဗွန်နိမ့်စီးပွားရေးပုံစံ

နှစ် ၆၀ သက်တမ်းရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဂျီဒီပီ သည် ၂၀၁၀ တွင် အမေရိကန်ဒေါ်လာ ၅.၉ ထရီလျံထိ ရှိလာ၏။ တစ်ချိန်တည်းမှာပဲ တရုတ်ပြည်သည် နိုင်ငံခြားအရန်ငွေ ၂.၈ ထရီလျံ ဒေါ်လာရှိလာ၏။ နိုင်ငံခြားအရန်ငွေ ကမ္ဘာပေါ်တွင် အများဆုံးနိုင်ငံ ဖြစ်သည်။ သိပ္ပံနှင့် နည်းပညာလည်း ထိပ်တန်းအဆင့်သို့ ရောက်လာသည်။ ခေတ်သိပ္ပံနှင့် နည်းပညာအသီးအပွင့်ကို ဆက်လက်ခံစားရရန် တီထွင်မှုကြီး လေးခုလည်း ဖြစ်ထွန်းလာ၏။ အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး၊ ဂြိုဟ်တုနှင့် အာကာသယာဉ်တို့ ဖြစ်၏။

ယခုအခါ ကာဗွန်နိမ့်စီးပွားရေးကို တီထွင်လုပ်ဆောင်နေ၏။ ဤစီမံကိန်းမျိုး ကမ္ဘာပေါ်တွင် လုပ်ဆောင်နိုင်သည့်နိုင်ငံ အတော်ရှား၏။ တရုတ်ပြည်သည် ၂၇-၈-၂၀၁၀ က မွန်ဂိုးလီးယားပြည်နယ်တွင် တရုတ် ရှင်ဟွာအုပ်စုက ဤစီမံချက်ကို စတင်လုပ်ဆောင်နိုင်ခဲ့၏။ ဤစီမံကိန်းမျိုးကို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ယခုအကြိမ်သည် ပထမဆုံးအကြိမ် အကြီးမားဆုံးလုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်၏။

ပြန်လည်အားဖြည့်စွမ်းအင်အနေဖြင့် တရုတ်၏ လေစွမ်းအင်နှင့် နေရောင်စွမ်းအင်နည်းပညာတို့သည် အလွန်ပင်အောက်မြင်မှုရခဲ့၏။ ၂၀၁၀ နှစ်၏ ပထမလေးလပိုင်း လေစွမ်းအင်သည် ၁၈.၈ ဘီလျံကီလိုဝပ်ဖြစ်ရာ ယှဉ်ခဲ့သောနှစ်ထက် ၆၀.၅ ရာခိုင်နှုန်းတိုးလာခြင်း ဖြစ်သည်။ လေစွမ်းအင်

၎င်းမျှရရှိခြင်းသည် အဆင့်မြင့်နည်းပညာပစ္စည်းများ အသုံးပြုခြင်းကြောင့် ဖြစ်၏။ လေစွမ်းအင်နည်းပညာများကို ၂၀၀၃ ခုနှစ်တွင် စတင်တပ်ဆင်ရာ နိုင်ငံခြားပစ္စည်း ၉၀ ရာခိုင်နှုန်းဝယ်ယူရ၏။ ၂၀၁၀ ပြည့်နှစ်တွင်မူ သူ့ပြည်တွင်းဖြစ်ပစ္စည်း ၉၀ ရာခိုင်နှုန်း အစားထိုးလာနိုင်၏။ 'ဟွာရူး' လေအားလျှပ်စစ်စက်ရုံဆိုလျှင် ကမ္ဘာပေါ်တွင် အဆင့် ၂ လိုက်လာသော စက်ရုံဖြစ်၏။ လေအားလျှပ်စစ် ၁ ကီလိုဝပ်ကို ယွမ် ၇၀၀၀ ကျရာမှ ယခုအခါ ယွမ် ၄၀၀၀ အထိ ကျဆင်းလာသည်။ နေရောင်စွမ်းအင်စက်ရုံများမှ လျှပ်စစ်အားထုတ်လုပ်မှုသည်လည်း ၂၀၀၉ တွင် ကမ္ဘာ့စံချိန်ချိုးခဲ့၏။ 'ဆန်းတက်' နေစွမ်းအားစက်ရုံဆိုလျှင် ကမ္ဘာပေါ်တွင် ပဉ္စမအကြီးဆုံးစက်ရုံ ဖြစ်လာပြီ။

ထို့ပြင် တရုတ်သည် ကျောက်မီးသွေးပြောင်းလဲအသုံးပြုမှု နည်းပညာကိုလည်း ရေရှည်စီမံကိန်းအနေဖြင့် လုပ်ဆောင်နေ၏။ 'ပေကျင်းတက္ကသိုလ် ကျောက်မီးသွေးဓာတုဗေဒသုတေသနသိပ္ပံ' သည် တရုတ်ကျောက်မီးသွေး သုတေသနတက္ကသိုလ်၏ လက်အောက်တွင်ရှိ၏။ ၂၀၂၀ တွင် တရုတ်သည် ကမ္ဘာ့အကြီးအဆုံး ကျောက်မီးသွေးသန့်စင်စက်ကို ပိုင်ဆိုင်မည် ဖြစ်၏။ ကျောက်မီးသွေးသန့်စင်ခြင်းနှင့် ပြောင်းလဲခြင်းနည်းပညာသည် နိုင်ငံတကာ အဆင့်သို့ ရောက်ရှိလာသည်။

ကာဗွန်နိမ့်စီးပွားရေးနှင့် ရာသီဥတုပြောင်းလဲမှုတို့ ဆက်စပ်နေရာ ၎င်းစီမံကိန်းအတွက် ကုန်ကျငွေအမြောက်အမြား လိုအပ်သည့်အခါ ထိုအား ဖြည့်စွမ်းအင်သုံးစွဲမှုသည် ၂၀၁၀ တွင် စုစုပေါင်းစွမ်းအင်သုံးစွဲမှု၏ ၁၀ ရာခိုင်နှုန်းနေရာကို ယူနိုင်ပြီ ဖြစ်၏။ ၂၀၂၀ တွင် ပန်းတိုင်ဖြစ်သော ၁၅ ရာခိုင်နှုန်းသို့ ရောက်မည်မှာ သေချာနေ၏။

ကာဗွန်နိမ့်စီးပွားရေးလုပ်ရာတွင် အရင်းအနှီးက သိပ်များသည်။ ပစ္စည်းပစ္စယအများစုကို နိုင်ငံခြားမှတင်သွင်းရသည်။ ဥပမာ- ၂၀၀၈ ဇန်နဝါရီက 'ရှင်ကန်နည်းပညာကုမ္ပဏီက ဂျာမန်ပစ္စည်းဝယ်ယူစရိတ် ယူရို ၄၁.၂၄ သန်းရှိသည်။ ၎င်းကုမ္ပဏီသည် ကမ္ဘာပေါ်တွင် အကြီးဆုံး လေစွမ်းအင်ပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီများထဲတွင် တစ်ခုအပါအဝင် ဖြစ်၏။ ၎င်းကုမ္ပဏီမှ ထုတ်သောလေစွမ်းအင် တာဘိုင်ဓာတ်ပေါင်း ၃၀၀၀ ကျော်ကို ကမ္ဘာအနှံ့ သုံးစွဲနေကြသည်။

၂၀၁၀ တွင် တရုတ် 'ဂီးလီမော်တော်ယာဉ်အုပ်စု' က ဥရောပ 'ဗောလ်ဗို' ကုမ္ပဏီ၏ လုပ်ပိုင်ခွင့်အားလုံး၏ သုတေသနနှင့် ဖွံ့ဖြိုးမှုအင်ဂျင်နီယာ ၃၀၀၀ စလုံးကို ဝယ်ယူခဲ့သည်။ ထိုအထဲတွင် လူသားရင်းမြစ်အားလုံးနှင့် တီထွင်မှုစနစ်အားလုံးတို့ပါ အကျုံးဝင်၏။ ဤကဲ့သို့ ပင်လယ်ရပ်ခြားလုပ်ငန်းကြီးမျိုးကို တစ်ခုလုံးဝယ်ယူနိုင်သည်မှာ တရုတ်ပြည်သည် စီးပွားရေးဖွံ့ဖြိုးမှု၏ ကဏ္ဍသစ်သို့ တက်လှမ်းလာခြင်းပင် ဖြစ်၏။

စက်ရုံ အလုပ်ရုံများ တိုးတက်ထွန်းလားလာသည်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများ ပိုမိုလာပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ပိုမိုရှိလာသည်။ ထို့ကြောင့် ၂၀၂၀ တွင် ကာဗွန်ဒိုင်အောက်ဆိုက်ကို ၁၀ မှ ၄၅ ရာခိုင်နှုန်းထိ လျှော့ချရန် လိုအပ်နေရ၏။ တရုတ်ပြည်သည် ဘဲခါးဖွင့် စီးပွားရေးဝါဒကျင့်သုံးပြီး တရုတ်က ကမ္ဘာပေါ်တွင် အကျိုးပြုမှုသုံးခု လုပ်လာခဲ့၏။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှု၊ နိုင်ငံတကာကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေး၊ အနာဂတ်တွင် အဓိကအလုပ်ကြီးနှစ်ခု လုပ်ရဦးမည်။ အစိမ်းရောင်ပေးဆပ်မှုနဲ့ အစိမ်းရောင်ပေးအပ်မှု၊ အစိမ်းရောင်ဖွံ့ဖြိုးမှု၊ အစိမ်းရောင်တိုးတက်မှု၊ အစိမ်းရောင်ပေးဆပ်မှုကို တရုတ်က ကမ္ဘာကို ပေးအပ်ရမည်။ အစိမ်းရောင်ဖွံ့ဖြိုးမှုသည်သာ အစိမ်းရောင်ပေးဆပ်မှုဖြစ်စေပြီး အစိမ်းရောင်ပေးဆပ်မှုသည် အကြီးမားဆုံးပေးဆပ်မှု ဖြစ်၏။ ထိုအခါကျမှသာလျှင် တရုတ်ပြည်၏ တိုးတက်ဖွံ့ဖြိုးမှုသည် (အစိမ်းရောင်ဖွံ့ဖြိုးမှုနှင့် သိပ္ပံပညာတိုးတက်မှုကို ဆိုလိုသည်) ကမ္ဘာကို ရောမခြိမ်းခြောက်မှုမဟုတ်ကြောင်း၊ လူသားအားလုံးအတွက် အကြီးမားဆုံးပေးဆပ်မှုဖြစ်ကြောင်း ဂုဏ်ယူစွာပြောဆိုနိုင်မည် ဖြစ်သည်။

၁

# (၁၁)
# လူမှုပြောင်းလဲရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးများထဲမှ စိန်ခေါ်မှုများ

လူဦးရေ ၁.၃ ဘီလျံရှိပြီး အဓိကဖွံ့ဖြိုးတိုးတက်နေသော တရုတ်ပြည်သည် ပြုပြင်ပြောင်းလဲရေးနှင့် အရှိန်အဟုန်ကြီးသော တိုးတက်မှုများကို ဒရစပ်လုပ်ဆောင်နေရ၏။ ပြည်သူအများစု၏ ပညာရေး၊ အားကစား၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးလုံခြုံမှု၊ သက်ကြီးရွယ်အိုများကိစ္စ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုဘဝတိုးတက်ရေး၊ တန်းတူညီမျှရေး၊ ဥပဒေနားလည်စိုးမိုးရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးစသည့် ကိစ္စပေါင်းစုံလည်း အဆင်ပြေအောင် ညှိနှိုင်းလုပ်ဆောင်နေရ၏။ တရုတ်ပြည်သည် ရိုးရာအစဉ်အလာ ဖက်တွယ်သော နိုင်ငံတစ်ခုမှ ခေတ်မီနိုင်ငံအဖြစ်သို့ ကူးပြောင်းရာတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြတ်သန်းရ၏။ ဤနေရာတွင် ဝန်ခံရလျှင် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုနောက်သို့ လူမှုရေးဖွံ့ဖြိုးမှုက အမီမလိုက်နိုင်။ အများပြည်သူဝန်ဆောင်မှုက ကျေနပ်လောက်ဖွယ်မရှိ။ သက်ကြီးရွယ်အိုဦးရေများပြားမှု ပြဿနာက အလွန်အမင်းဖြေရှင်းစရာ ရှိနေ၏။ ဥပဒေစိုးမိုးမှုများလည်း ထင်သလောက်အားရစရာ မရှိ။ အချို့ဒေသများတွင် ချမ်းသာဆင်းရဲကွာဟမှုတွေ များနေဆဲ။ မြို့ပြနှင့် ကျေးလက် တိုးတက်ဖွံ့ဖြိုးမှုကလည်း ကွာဟနေသေးသည်။

## ၁) အောင်မြင်မှုသစ်များ – ပြည်သူ့မျှော်လင့်ချက်

ပြည်သူများသည် နိုင်ငံတော်၏ အုတ်မြစ်ဖြစ်ကာ၊ ထိုအုတ်မြစ်ခိုင်မာသော နိုင်ငံတော်ဘေးအန္တရာယ်ကင်းမည်။ တရုတ်အစိုးရသည် ၎င်း၏တာဝန်ဖြစ်သည့် ပြည်သူတို့၏ လူမှုဘဝတိုးတက်ရေးကို အမြဲတစေဆောင်ရွက်ပေး၏။ လူအများစုအဖို့ ကျေနပ်လောက်ဖွယ်ဖြစ်သော်လည်း လူနည်းစု၏ မကျေနပ်မှုများကားရှိနေဆဲ။ အထူးသဖြင့် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေး၊ အိမ်ရာပြဿနာများကား ဖြေရှင်းစရာတွေ့ကြုံနေရဆဲ။

တရုတ်ပြည်ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ဝါဒကျင့်သုံးလာသည့် နှစ် ၃၀ အတွင်း ပညာရေးရင်းနှီးမြှုပ်နှံမှုကား တစ်နှစ်ထက်တစ်နှစ် ပိုများလာ၏။ ၂၀၀၉ ခုနှစ်တွင် အမျိုးသားပညာရေးဘတ်ဂျက်မှာ ယွမ် ၁၆၅၀.၂၇ ဘီလျံထိရှိ၏။ ၂၀၁၂ ခုနှစ်တွင် ၄ ရာခိုင်နှုန်း ထပ်တိုးလာသည်။ အထူးသဖြင့် ကျေးလက်များသို့ ဆရာများများရောက်ရှိရေးကို ဖိအားပေးလုပ်ဆောင်ခဲ့၏။ မသင်မနေရပညာရေးစနစ် ကျင့်သုံးခဲ့သည်နှင့်အညီ ကျောင်းနေအရွယ်ကလေးများ၏ ၉၉ ရာခိုင်နှုန်းသည် ကျောင်းတက်ကြ၏။ ကျေးလက်နှင့် ဝေးလံသော ဒေသများတွင် ကျောင်းပေါင်း ၄ သိန်းထပ်တိုးဆောက်လုပ်သည်။ ၂၀၁၀ အကုန်တွင် အဆင့်မြင့်ပညာ သင်ယူသူပေါင်း ၃၁.၀၅ သန်းထိရှိ၏။ တက္ကသိုလ်အဆင့် သင်ယူသူပေါင်းက ၄ သိန်းရှိ၏။ ၂၀၀၅ – ၂၀၁၀ အတွင်း တက္ကသိုလ်ဘွဲ့ရပေါင်း ၅၄.၈၆ သန်းရှိခဲ့ပြီ။ လုပ်ငန်းနယ်ပယ်များတွင် အဆင့်မီ လုပ်အားများအဖြစ် တာဝန်ထမ်းဆောင်ကြ၏။ အဆင့်မြင့်ဘွဲ့ရသူပေါင်း ၁၁၉ သန်းရှိသည်။ တရုတ်ပြည်တွင် စာမတတ်သူမရှိသလောက်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုကို ဇောက်ချလုပ်ဆောင်သဖြင့် တရုတ်ပြည်၏ ပျမ်းမျှသက်တမ်းက ၇၃.၅ နှစ်ရှိလာသည်။ မိခင်ကလေးစောင့်ရှောက်ရေးလည်း တိုးတက်နေ၍ ကလေးအသေအပျောက်နှုန်း အလွန်နည်းသည်။ ၂၀၀၃ မှစတင်ကာ ကျေးလက်ဒေသများတွင် ဆေးအာမခံအဖွဲ့ အစီအစဉ်များ ဖွဲ့စည်းပေးခဲ့၏။ ပြည်သူဦးရေ ၉၀ ရာခိုင်နှုန်း တက်ရောက်

နိုင်သော ပြင်ပလူနာဆေးရုံ၊ အတွင်းလူနာဆေးရုံများ ဆောက်လုပ်ပေးနိုင်ခဲ့၏။

သိပ္ပံနှင့် နည်းပညာတိုးတက်မှုကိုမူ ကမ္ဘာကပင် အံ့သြခဲ့ရ၏။ အခြေခံသုတေသနလုပ်ငန်းကို ၂၀၁၀ ပြည့်နှစ်တွင် ယွမ် ၃၂.၈ ဘီလျံထိ ချမှတ်ဆောင်ရွက်ခဲ့၏။ တရုတ်ပြည်၏ သိပ္ပံနည်းကျသုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကို ယွမ် ၆၉၈ ဘီလျံထိ မြှုပ်နှံထား၏။ ဂျီဒီပီ၏ ၁.၇၅ ရာခိုင်နှုန်းဟုဆိုနိုင်သည်။ ထို့ကြောင့် တရုတ်ပြည်သည် အာကာသနည်းပညာ၊ စွမ်းအင်မြင့်ရူပဗေဒ၊ ဇီဝဗေဒ၊ ဆေးပညာ၊ ဘူမိဗေဒနှင့် ပညာရပ်များတွင် ကမ္ဘာ့အဆင့်နှင့် တစ်ပြေးထဲရှိသည်။

လူလိုက်ပါသော အာကာသယာဉ်များလည်း အောင်မြင်စွာ လွှတ်တင်ခဲ့သည်။ 'ရှင်ဇူ' ၅၊ ၆၊ ၇၊ ၈ ဒုံးပျံများနှင့် 'ချန်အီ' ၁၁၅ ဂြိုဟ်တုများက ကမ္ဘာကို ပတ်နေသည်။ ဆန်စပါးမျိုးစပ်နည်းပညာတွင်လည်း တရုတ်က တစ်ဖက်ကမ်းခတ်တတ်မြောက်သည်။ 'ကျန်ဟိ-၁' ကဲ့သို့သော စူပါကွန်ပျူတာတွေလည်း တီထွင်၏။

ယဉ်ကျေးမှုပိုင်းတွင် ပညာရှင်ပေါင်း ၁၆ဝ နှင့်ချိတ်ဆက်ကာ ယဉ်ကျေးမှုဆက်ဆံရေးများ လုပ်ဆောင်ခဲ့၏။ နိုင်ငံပေါင်း ၈၈ နိုင်ငံတွင် ကွန်ဖြူးရှပ်သိပ္ပံနှင့် ကျောင်းပေါင်း ၂၇၂ ကျောင်းဖွင့်လှစ်ခဲ့၏။ နှစ်စဉ်နိုင်ငံပေါင်း ၁၄၅ နိုင်ငံတွင် ယဉ်ကျေးမှုဖလှယ်ရေးစီမံချက်ဖြင့် ကပြဖြေဖျော်ခဲ့သည်။ 'တရုတ်-ပြင်သစ်ယဉ်ကျေးမှုနှစ်'၊ 'တရုတ်-ရုရှားယဉ်ကျေးမှုနှစ်'၊ 'တရုတ်-ဂျပန်ယဉ်ကျေးမှုနှင့် အားကစားဖလှယ်ရေးနှစ်' စသည့် လှုပ်ရှားမှုများကို ပြုလုပ်ခဲ့၏။ တရုတ်ဘာသာဖြင့် ထုတ်ဝေသောစာအုပ်၊ သတင်းစာစသည့်များ ငါးနှစ်ဆက်တိုက်ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ခဲ့၏။ နှစ်စဉ်စာအုပ်သစ် ပေါင်း ၂ သိန်းထွက်သည်။ အင်တာနက်သုံးစွဲသူပေါင်း ၄၈၅ သန်းရှိကာ ကမ္ဘာပေါ်တွင် ဦးရေအများဆုံး ဖြစ်သည်။

နှစ်စဉ် နိုင်ငံတဝန်းတွင် အားကစားလှုပ်ရှားမှုပေါင်း ၈၅ဝ,ဝဝဝ မျှ လုပ်ဆောင်ခဲ့၏။ အားကစားအသင်း ၁၇၆ သင်းရှိကာ အားကစားရုံ ၂၁ဝ,ဝဝဝ မျှရှိ၏။ ၂ဝဝ၈ ပေကျင်းအိုလံပစ်တွင် ဆုတံဆိပ် ၁ဝဝ ရခဲ့ရာ ရွှေတံဆိပ် ၅ ခုပါဝင်ခဲ့၏။ အာရှအားကစားပွဲများတွင်လည်း ၇ နှစ်ဆက်

ဘိုက် ဗိုလ်စွဲခဲ့၏။ ၂၀၀၉ ခုနှစ်အထိ တရုတ်အားကစားသမား ၂၃၁၀ ဘို့က ကမ္ဘာ့ချန်ပီယံဆုများ ရရှိခဲ့ကာ ကမ္ဘာ့စံချိန်ကို ၁၁၉၅ ကြိမ် ချိုးနိုင် ခဲ့ကြသည်။

၂၀၁၀ တွင် မြို့ပြတွင် လုပ်ကိုင်သူ အလုပ်သမားများထဲမှ ၂၅၇ သန်းသည် အခြေခံသက်ကြီးအာမခံရရှိကာ ၄၃၃ သန်းမှ အခြေခံကျန်းမာ ရေး အာမခံကို ခံစားကြရ၏။ ၁၃၄ သန်းကား အလုပ်လက်မဲ့အာမခံကို ကြ၏။ ၂၀၁၀ ခုနှစ်အကုန်တွင် လယ်သမား ၄၂.၄၃ သန်းက လယ်သမား အာမခံပင်စင်ရကြ၏။ လူတစ်ဦးချင်း ပျမ်းမျှပင်စင်လစာမှာ ယွမ် ၁၃၆၂ ဖြစ်၏။ ပညာရှင်အဆင့် ပင်စင်လစာက ယွမ် ၂၀၀၀ ဖြစ်သည်။

ဒီမိုကရေစီရေးနှင့် ဥပဒေစိုးမိုးရေးသည်ကား အရေးပါသော ကဏ္ဍ တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်ကို အုပ်ချုပ်ရေးမဟာဗျူဟာတွင် ဥပဒေနှင့် အညီ အုပ်ချုပ်ရေးကို ချမှတ်ထားသည့်အလျောက် ဥပဒေကိုသိနားလည်ရန် နှင့် လိုက်နာကျင့်သုံးရန် ပညာပေးမှုများကို ဆောင်ရွက်ရ၏။ ထို့အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုလည်း လေးချက်မျှပြင်ဆင်ခဲ့ရ၏။ သောလောဆယ်အားဖြင့် ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးကို တည်ဆောက် နေရာ ပုဂ္ဂလိကပိုင်ဆိုင်မှုများ စောင့်ရှောက်ရေးတို့ကို ပြုပြင်ထည့်သွင်းထား ၏။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ နိုင်ငံတော်က လူ့အခွင့်အရေး ကို လေးစားစောင့်ရှောက်ပေးရမည်။ တရုတ်ဝိသေသလက္ခဏာပါသော ဆိုရှယ်လစ်ဥပဒေကိုလည်း ရေးဆွဲထားသည်။

ဥပဒေသစ်များကို ပြဋ္ဌာန်းရာတွင် ပြည်သူ့ထံမှ သဘောထားကို တောင်းခံပြီးမှ အတည်ပြုသည်။ ဥပမာ- ‘တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပုဂ္ဂလိကအမြတ်ခွန်ဥပဒေ’ဆိုလျှင်လည်း ပြည်သူပေါင်း ၅ သိန်း ၃ သောင်း ထံမှ အကြံပြုချက်များကို လက်ခံရရှိပြီးမှ ရေးဆွဲပြဋ္ဌာန်းခဲ့၏။

အစိုးရအုပ်ချုပ်ရေးတွင်လည်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့၏။ နိုင်ငံရေးတွင်လည်း ဒီမိုကရေစီနည်းကျပြုပြင်ပြောင်းလဲခဲ့၏။ ပါတီတွင်း ဒီမိုကရေစီမှ ပြည်သူ့အကျိုးမျှဝေခံစားသော ဒီမိုကရေစီပုံစံ ပြောင်းခဲ့၏။ အများပြည်သူပါဝင်ပတ်သက်သော အုပ်ချုပ်ရေးနှင့် ဒီမိုကရက်တစ်ကြီး ကြပ်ရေးများကို လုပ်ဆောင်၏။ ကျေးရွာကော်မတီ၊ အလုပ်သမား

ကွန်ဂရက်၊ အလုပ်သမားသမဂ္ဂစသည်တို့တွင်လည်း ဒီမိုကရက်တစ် ရွေးကောက်ပွဲဖြင့် ရွေးချယ်၏။ ပြည်နယ် ၃၁ ခု၏ အစိုးရအဖွဲ့များက သတင်းထုတ်ပြန်ရေးနှင့် ပြောရေးဆိုခွင့်ရှိသူထားခဲ့၏။ ဗဟိုအစိုးရဝန်ကြီး ၉၈ ဌာနကလည်း ၎င်းတို့၏ အသုံးစရိတ်ကို ပြည်သူအား ချပြ၏။ တရုတ် ပြည်၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် အောင်မြင်မှုတစ်ခုမှ ခေါင်းဆောင် ကေဒါများကို တစ်သက်တာ အမြဲတမ်းခန့်အပ်သောစနစ်ကို ပြောင်းလဲ လိုက်ခြင်း ဖြစ်၏။ တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ပါတီစုံ ပူးပေါင်းဆောင်ရွက်သောစနစ်ဖြင့် အုပ်ချုပ်၏။ အစိုးရသည် ပြည်သူ့ အကျိုးပြုဝန်ဆောင်မှုကို ပြောင်းလဲကာ ကြီးကြပ်ရေး၊ လူမှုရေးစီမံချက်နှင့် ပြည်သူ့ဝန်ဆောင်မှုတို့ကို အလေးထားဆောင်ရွက်၏။ ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေးမြင့်မားပြီး အဖိုးနှုန်းချိုသာသော ပစ္စည်းများ ထုတ်လုပ်ရေးကို အားသွန်လုပ်ဆောင်နေ၏။

## (၂) စိန်ခေါ်မှုသစ်များ – စွန့်စားမှုများနှင့် စမ်းသပ်မှုများ

ဖွံ့ဖြိုးဆဲနိုင်ငံများရော ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများပါ နိုင်ငံတကာ အသိုက်အဝန်းတွင် ရင်ဆိုင်နေကြရသည်မှ လူမှုရေးတည်ငြိမ်မှုကို မည်သို့ရ အောင် ထိန်းသိမ်းမည်နည်းဆိုသော ကိစ္စနှင့် ဖွံ့ဖြိုးမှုအတွက် မည်သည့် ထိရောက်သောလမ်းကြောင်း ရှာဖွေရမည်ဆိုသည့် ပြဿနာပင် ဖြစ်၏။ တရုတ်ပြည်သည် လယ်ယာစိုက်ပျိုးရေးအခြေပြုနိုင်ငံအဖြစ်မှ စက်မှုနိုင်ငံ ကြီးအဖြစ် အောင်မြင်စွာ အသွင်ပြောင်းနိုင်ခဲ့ပြီးပြီ။ စီမံကိန်းချ စီးပွားရေးမှ ဈေးကွက်စီးပွားရေးကို တက်လှမ်းခဲ့ပြီးပြီ။ တံခါးပိတ်နိုင်ငံအဖြစ်မှ တံခါး ဖွင့်နိုင်ငံတစ်ခု ဖြစ်လာပြီးပြီ။ ကမ္ဘာ့သမိုင်းတွင် မမျှော်မှန်းနိုင်လောက်အောင် အရှိန်အဟုန်ကြီးစွာ ပြောင်းလဲသည့်နည်းတူ လူမှုရေးဖွဲ့စည်းမှုသည်လည်း အလိုလိုပြောင်းလဲလာရ၏။ ပြည်သူတို့၏ အတွေးအခေါ်များသည်လည်း လိုက်လျောညီထွေ အပြောင်းအလဲများရှိခဲ့၏။ ဤသို့ဖြင့် လူမှုရေးစီမံမှုတွင် စိန်ခေါ်မှုသစ်များ တန်းစီပြီးပေါ်ထွန်းလာ၏။

ငြိမ်းချမ်းရေးကာလတွင် အန္တရာယ်များအတွက် ပြင်ဆင်ထားသင့် သည်။ တရုတ်ပြည်သည် လူဦးရေအဆမတန်များသော နိုင်ငံကြီး ဖြစ်သည်။

ီးပွားရေးအခြေခံအုတ်မြစ်ကတော့ အားနည်း၏။ နယ်မြေဒေသတစ်ခုနှင့် ာစ်ခု ဖွံ့ဖြိုးမှုမညီမျှမှုတွေလည်း ရှိနေဆဲ။ ရှောင်လွှဲ၍ မရနိုင်သော လူမှုရေး ပြဿနာများရှိ၏။ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှု မြန်မြန်ဆန်ဆန် ဖြစ်ပေါ် ာကာ ခေတ်မီမှု နေ့ချင်း ညချင်းဖြစ်မှုများတွင် စီးပွားရေးကမောက်ကမ ဖြစ်မှုသည်လည်း အလိုလိုတွဲလျက် ပါလာတတ်သည်ကို သမိုင်းသင်ခန်းစာ ာ သိရှိပြီး ဖြစ်သည်။

တရုတ်ပြည်၏ လူမှုရေးပြဿနာများသည် ၎င်း၏ရောမလူဦးရေ ကြောင့် ဖြစ်၏။ ပြည်နယ်တစ်ခုမှ မြို့တစ်မြို့၏ လူဦးရေသည် ဥရောပမှ မြို့ကြီးတစ်မြို့စာလောက် ရှိနေ၏။ ထို့ကြောင့် ပြည်သူအားလုံးကို တစ်ပြေး ညီ မျှမျှတတ အကျိုးပြုနိုင်ဖို့ ခက်ခဲ၏။ အိမ်ရာပြဿနာ၊ ကျန်းမာရေးနှင့် ပညာရေးကိစ္စတို့သည် ဖြေရှင်းရန် မပြီးနိုင်လောက်သည့်ကိစ္စများဖြစ်၏။ သို့ကြောင့် တရုတ်ပြည်၏ အခြေအနေသည် ဖွံ့ဖြိုးဆဲနိုင်ငံအခြေအနေတွင် သာ ရှိသေးသည်ဟု ပြောနိုင်သည်။ ၂၀၁၁ နိုဝင်ဘာလ ၂ ရက်နေ့က ထုတ်ပြန်သော ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွံ့ဖြိုးရေးအစီအစဉ်တွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေတို့ကို ဖော်ပြထားရာ နော်ဝေနိုင်ငံက ပထမ၊ တရုတ်က ၁၀၁ အဆင့်ရှိသည်ကို တွေ့ရ၏။

တရုတ်ပြည်သည် အတိုင်းအတာတစ်ခုအထိကား စီးပွားရေး၊လူမှုရေး တိုးတက်သည်မှာ မှန်၏။ သို့သော် ကျေနပ်လောက်ဖွယ်အဆင့်ကား မရောက် သေး။ ဉာဏ်ပညာပိုမိုကြီးမားစွာနှင့် သတ္တိပိုမိုရှိရန်ကား လိုနေသေး၏။ အထူးသဖြင့် လူဦးရေ ဤမျှများပြားသော နိုင်ငံတစ်ခုတွင် ပြဿနာပေါင်း များစွာကို ရဲရဲရင့်ရင့်ပြတ်ပြတ်သားသားနှင့် အသိဉာဏ်ကို အစွမ်းကုန်သုံး ပြီး ကိုင်တွယ်ဖြေရှင်းနိုင်ပါမှ တော်ကာကျမည်။

တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံဖြစ်၏။ ၂၀၁၀ နိုဝင်ဘာလအထိရသော စာရင်းများအရ ပြည်မကြီးတွင် လူဦးရေ ၁၃၃၉၇၂၄၈၅၂ ရှိကာ ထိုအထဲတွင် အမျိုးသားဦးရေက ၆၈၆၈၅၂၅၇၂ ဖြစ်ပြီး ၅၁.၂၇ ရာခိုင်နှုန်းရှိ၏။ အမျိုးသမီးဦးရေက ၆၅၂၈၇၂၂၈၀ ရှိ၏။ ၄၈.၇၃ ရာခိုင်နှုန်းဖြစ်၏။ မြို့ကြီးနှစ်မြို့တွင် လူဦးရေသန်း ၂၀ နေထိုင်ပြီး အခြားမြို့ကြီး ရှစ်မြို့တွင် လူဦးရေ ၁၀ သန်းမျှစီ နေထိုင်ကြ၏။ အချို့

မြို့ကြီးများဆိုလျှင် လူဦးရေ သန်း ၆၀ ထိပင် နေထိုင်ကြသည်ကို တွေ့ရသည်။ အလယ်အလတ်မြို့များတွင်ပင် အနည်းဆုံး လူ ၁ သန်းတော့ နေထိုင်သည်။ တရုတ်ပြည်သူ တစ်ဘီလျံသည် မြို့တွင်နေကြ၏။ မြို့ကြီးများက စီးပွားရေးအကွက်အကွင်း ပိုကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပိုများ၍ ဖြစ်၏။ မြို့ပြသို့ လူများစုလာရောက်နေထိုင်ကြရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ ရေဖြန့်ဖြူးရေး၊ အမှိုက်စနစ်တကျပစ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ နေထိုင်မှုအခြေအနေ၊ လူမှုရေးစီမံချက်၊ လူမှုရေးလုံခြုံမှုစနစ်တို့တွင် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်လာသည်။

သက်ကြီးရွယ်အိုပြဿနာသည်လည်း တရုတ်ပြည်၏ အထူးခေါင်းခဲရသော ပြဿနာဖြစ်၏။ ကမ္ဘာ့သက်ကြီးရွယ်အို၏ ငါးပုံတစ်ပုံသည် တရုတ်ပြည်တွင်ရှိ၏။ ၂၀၁၀ ခုနှစ်အကုန်တွင် အသက် ၆၀ ကျော် သက်ကြီးရွယ်အိုပေါင်း တရုတ်ပြည်တွင် ၁၇၈ သန်းရှိ၏။ စုစုပေါင်းလူဦးရေ၏ ၁၃.၂၆ ရာခိုင်နှုန်း ဖြစ်သည်။ နိုင်ငံတကာတွင် ပျမ်းမျှအားဖြင့် သက်ကြီးရွယ်အိုက ၁၀ ရာခိုင်နှုန်းမျှရှိရာ ကမ္ဘာ့စံချိန်ကို ချိုးသကဲ့သို့ ဖြစ်နေ၏။ သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေး၊ စောင့်ရှောက်မှု၊ လူမှုရေးလုပ်ငန်းတို့ကို အတော်တာဝန်ကြီးစွာ လုပ်ဆောင်နေရ၏။ လက်ရှိကာလတွင် တရုတ်ပြည်၏ အငြိမ်းစားလစာမှာ လုံလုံလောက်လောက် မရှိသေး။ ထို့ကြောင့် သက်ကြီးရွယ်အိုများအတွက် နိုင်ငံတော်က အတော်ကြီးပင် ခက်ခက်ခဲခဲ ထောက်ပံ့နေရသည်။

ကျေးလက်မှ မြို့တက်၍ အလုပ်လုပ်သူ တစ်နှစ်ထက်တစ်နှစ်များလာနေသည်။ ရွှေ့ပြောင်းလုပ်သားပေါင်း ၂၆၁ သန်းမျှပင်ရှိ၏။ ထိုအထဲတွင် ၄၀ ရာခိုင်နှုန်းက လူငယ်များဖြစ်ကြ၏။ မြို့ပေါ်တွင် စက်ရုံအလုပ်ရုံများ ပိုမိုထွန်းကားလာသည်နှင့်အမျှ ရွှေ့ပြောင်းလုပ်သားဦးရေသည် သန်း ၃၀၀ ထိရှိလာ၏။ ဤပမာဏသည်မှာ အမေရိကန်တစ်နိုင်ငံလုံး၏ လူဦးရေမျှပင် ရှိ၏။ မြို့ပေါ်တက်အလုပ်လုပ်ကြသူများသည် နေရာအနှံ့ ညီညီမျှမျှရှိလှသည်ကား မဟုတ်။ ဖွံ့ဖြိုးတိုးတက်သော ကမ်းရိုးတမ်းဒေသများသို့သာ စုပြုံသွားနေကြရာ ဟန်ချက်မညီမျှတော့။ အချို့ဒေသများဆိုလျှင် မူရင်းနေထိုင်ကြသူ ဇာတိပြည်သူများထက် ရွှေ့ပြောင်းလုပ်သားက ပို၍ပင်များနေ၏။ 'ကွမ်တုံး'ပြည်နယ်ဆိုလျှင် ယခုအခါ ရွှေ့ပြောင်းလုပ်သား

သန်း ၃ဝ ထိပင်ရှိ၏။ သူတို့ထဲရှိ ၉ဝ ရာခိုင်နှုန်းသည် ပုလဲမြစ်ဝကျွန်းပေါ် ဒေသတွင် ပိုရှုံစုပြုံနေထိုင်ကြ၏။ စုပြုံရောက်ရှိလာသော ရွှေ့ပြောင်းလုပ်သားများ၏ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးကိစ္စများကို စီစဉ်ရသည်မှာ အလွန်ပင်ခေါင်းနပန်းကြီးလှသော လုပ်ငန်းဖြစ်၏။

၂ဝ၁ဝ ပြည့်နှစ်တွင် လူတစ်ဦးချင်းဂျီဒီပီသည် ဒေါ်လာ ၄၄ဝဝ ချူထိ ရှိလာ၏။ တရုတ်ပြည်၏ စီးပွားရေးပမာဏသည် ဒေါ်လာ ၆ သရီလျံ ကျော်လာပြီး ကမ္ဘာ့နံပါတ်နှစ် အကြီးဆုံးစီးပွားရေးနိုင်ငံ ဖြစ်လာ၏။ သို့သော် ပြည်သူများ၏ ဝင်ငွေသည် စီးပွားရေးထွန်းကားလာမှုနှင့် နှိုင်းစာလျှင် နှေးကွေးနေ၏။ စီးပွားရေးတိုးတက်မှုကို ပြည်သူတို့၏ သူနေမှုဘဝက မည်သို့မျှ လိုက်မမီခဲ့။ ထို့ကြောင့် ပြည်သူများထဲတွင် အဆင်မပြေဖြစ်သူ တွေ ရှိနေဆဲ။

နိုင်ငံတော်အသုံးစရိတ်၏ ၃ဝ ရာခိုင်နှုန်းကို ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးတွင် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းစသည်တို့တွင် ရင်းနှီးမြှုပ်နှံထားသော်လည်း လူတစ်ဦးချင်းဝင်ငွေ ဂျီဒီပီဒေါ်လာ ၃ဝဝဝ မှ ၆ဝဝဝ ကြားရသော နိုင်ငံများနှင့် နှိုင်းစာလျှင် တရုတ်ပြည်သည် ထိုနိုင်ငံများ ထက် ၁၃ မှ ၂၄ ရာခိုင်နှုန်းထိ နိမ့်ကျနေဆဲ ဖြစ်၏။ ကျန်းမာရေးစောင့်ရှောက်မှုက မညီမမျှ။ တရုတ်ပြည်လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းရှိနေပေသည်။ ကမ္ဘာ့ကျန်းမာရေးအသုံးစရိတ်၏ ၂ ရာခိုင်နှုန်းမျှသာ သုံးနိုင်ပေ၏။ အသုံးစရိတ် ၈ဝ ရာခိုင်နှုန်းကို မြို့ပြတွင် သုံးနိုင်သေးသည်။ ကျေးလက်များတွင် ဘာမှထိထိရောက်ရောက် မရှိလှ။ အနောက်အလယ်ပိုင်းဒေသများနှင့်စာလျှင် အခြေခံကျန်းမာရေးအခြေအနေကိုပင် ဖြည့်ဆည်းမပေးနိုင်သည်ကို တွေ့ရ၏။ ဆရာဝန်၊ ဆရာမ မလုံလောက်။

ပညာရေးမှာမူ ယေဘူယျအားဖြင့် တိုးတက်မှုရှိသည်ဟု ဆိုနိုင်၏။ နိုင်ငံနှင့်ချီပြီး ပညာရေးအဆင့်မြင့်ဖို့ကား ဆက်လုပ်ရဦးမည်။ တိုးတက်သည်ပင်သော မြို့ပြနှင့် ဖွံ့ဖြိုးမှုနောက်ကျသောဒေသများ၏ ပညာရေးခြားနားချက် ကွာဟမှုကား ရှိသေး၏။

အလုပ်အကိုင်အခွင့်အလမ်းဘက်တွင်လည်း အားရဖွယ်မရှိသေး။ ဘွဲ့ရ အလုပ်လက်မဲ့ပြဿနာကို ရင်ဆိုင်နေရဆဲ။ ၂ဝ၁၁ တွင် ဘွဲ့ရဦးရေ

၇.၅၈ သန်းရှိလာသော်လည်း ထိုအထဲက တစ်ဝက်ကျော်ကျော်မှာ အလုပ်မရကြသေး။ နှစ်စဉ် အလုပ်သစ်ရသူဦးရေ ၉ သန်းမျှ တိုးလာသော်လည်း အလုပ်လုပ်လိုသူတိုင်း အလုပ်ရရေးကား မဖြစ်နိုင်သေး။

အိုးအိမ်ပြဿနာကလည်း ကြီးမားလှ၏။ အိမ်ဈေးကွက်က တစ်နှစ်ထက်တစ်နှစ် ခေါင်ခိုက်လာ၏။ လူတိုင်း အိမ်ပိုင်ရေးဆိုသည်မှာ စဉ်းစား၍ မရနိုင်သောကိစ္စဖြစ်နေ၏။ အလယ်အလတ်တန်းစား အလုပ်သမားပင်လျှင် အိမ်ပိုင်ဖို့မလွယ်။ အိမ်ပိုင်ဖို့ အိပ်မက်မမက်ရဲကြသည့် လူလတ်တန်းစားများသည် မှီခိုအားထားစရာ တစ်နေရာစာရရှိရေးကိုသာ လုံးပန်းနေကြရ၏။

တရုတ်ပြည်တွင် ဆင်းရဲချမ်းသာကွာဟမှုက ပို၍ ကျယ်ပြန့်လာ၏။ 'ချမ်းသာသူတစ်ဦးရှိလျှင် ဆင်းရဲသူ ၅၀၀ ခိုကိုး၍ရမည်' ဆိုသော တရုတ်ဆိုရိုးစကားနှင့် 'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား၍ရသည်' ဆိုသော မြန်မာစကားပုံက ဆင်တူ၏။ ၂၀၁၀ တွင် မြို့နေလူတန်းစား၏ ပျမ်းမျှဝင်ငွေမှာ ၂၁၀၃၃ ယွမ်ဖြစ်သော်လည်း ကျေးလက်နေလူထု၏ ပျမ်းမျှဝင်ငွေမှာမူ ၅၉၁၉ ယွမ်သာရှိသေးသည်။ အချိုးကြည့်လျှင် ၃.၅၅ : ၁ ဖြစ်၏။ ပြည်မကြီးတွင် မီလျံနာသန်းကြွယ်သူဌေး ၈၇၅၀၀၀ မျှရှိ၏။ ထိုအထဲတွင် ၅၅၀၀၀ မှာ ဘီလျံနာ ကုဋေကြွယ်သူဌေးတွေ ဖြစ်ကြ၏။ ယွမ်တစ်ဘီလျံထက်ကျော်လွန်ချမ်းသာသူ ၁၉၀၀ ရှိ၏။ ၁၄၀ ကား ယွမ်ဆယ်ဘီလျံကျော် ချမ်းသာသည်။ တရုတ်ပြည်၏ အမျိုးသားဝင်ငွေ ၈၀ ရာခိုင်နှုန်းကို လူချမ်းသာ ၂၀ ရာခိုင်နှုန်းက အပိုင်စီး စီးကြသည်ဟု ကမ္ဘာလုံးဆိုင်ရာ ချမ်းသာမှုအစီရင်ခံစာတွင် ဖတ်ရှုရ၏။

စီးပွားရေးပြုပြင်မှုနှင့် တံခါးဖွင့်ဝါဒကျင့်သုံးလိုက်သည်နှင့်အမျှ ချမ်းသာ ဆင်းရဲကွာဟမှုများပြားလာသည်မှာ သဘာဝပင်ဖြစ်၏။ ဤပြဿနာသည် ကြာလာလေ ပေါက်ကွဲမှုနီးလာလေဖြစ်မည်ကား သေချာ၏။

ဥပဒေစိုးမိုးရေးကလည်း တရုတ်ပြည်ကို အဓိကစိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်၏။ အထူးသဖြင့် တရားစီရင်ရေးကဏ္ဍတွင် မတရားမှုများရှိနေသေး၏။ လာဘ်ပေးလာဘ်ယူမှုများလည်း နေရာတကာတွင် တွေ့နေရ

သော်လည်း ထိုလာဘ်ပေးလာဘ်ယူမှု၊ ခြစားမှုတို့သည် စီးပွားရေးအရ သိခိုက်နစ်နာမှုများစွာရှိသကဲ့သို့ အစိုးရနှင့် ပြည်သူကြား ယုံကြည်မှုကိုလည်း ယိုယွင်းချိနဲ့စေ၏။

တရုတ်ပြည်သည် ဧရိယာအကျယ်အဝန်းကြီးမားပြီး လူဦးရေများ ပြားသည်နှင့်အမျှ မတော်တဆဖြစ်ပွားမှုသည်လည်း များသည်။ နှစ်စဉ် လူပေါင်း ၁၃၀,၀၀၀ သေဆုံးကာ ၇၀၀,၀၀၀ ဒဏ်ရာရကြ၏။ ကျောက်မီး သွေး မိုင်းပြိုကျမှု၊ ယာဉ်တိုက်ခိုက်မှု၊ စက်ရုံမတော်တဆထိခိုက်မှုများ ကြောင့် ဖြစ်၏။ ၄င်းကိုလည်း နှစ်စဉ် ၂၅၀ ဘီလျံယွမ်ဆုံးရှုံးရ၏။ ၂၀၁၀ ပြည့်နှစ်ထဲတွင် မတော်တဆဖြစ်မှု ၃၆၃၃၈၃ ခုဖြစ်ခဲ့ရာတွင် လူပေါင်း ၇၉၅၅၂ ဦး သေဆုံးခဲ့၏။ ထိုအထဲတွင် ၂၄၃၃ ဦးမျှ ကျောက်မီးသွေးမိုင်း တွင် သေဆုံးကြခြင်း ဖြစ်၏။

အများပြည်သူလုံခြုံမှုသည်လည်း ကောင်းသည်ဟု မဆိုနိုင်သေး။ နှစ်စဉ် ရာဇဝတ်မှုက ၂၄·၇ ရာခိုင်နှုန်းတိုးနေ၏။ ရာဇဝတ်မှုများကြောင့် သေဆုံးသူ ၇၀၀၀၀ မျှထိရှိ၏။ ၄င်းတို့ကြောင့် ယွမ်ဘီလျံ ၄၀ ဆုံးရှုံး၏။ စီးပွားရေးရာဇဝတ်မှုကား ပိုများ၏။ ၄င်းကြောင့် နှစ်စဉ်ယွမ် ၈၀ ဘီလျံ ဆုံးရှုံး၏။ နိုင်ငံတကာအကြမ်းဖက်ဝါဒကလည်း တရုတ်ပြည်တွင် အခြေ တည်စပြုပြီ။ ၄င်းသည် တရုတ်ပြည်တွင် အစစ်အမှန် ခြိမ်းခြောက်နေ၏။ တရုတ်ပြည်၏ အိမ်နီးနားချင်းနိုင်ငံများတွင် နိုင်ငံရေးမတည်ငြိမ် များစွာရှိ နေ၏။ ဤသည်တို့မှ အကြမ်းဖက်လှုပ်ရှားမှုများက တရုတ်ပြည်ကို ရိုက် ခတ်လာနိုင်၏။

## ၃) အခွင့်အလမ်းသစ်များ

တရုတ်ပြည်သည် ဖွံ့ဖြိုးမှုနိမ့်ကျသော လူမှုအသိုက်အဝန်းမှ ဝင်ငွေ အလယ်အလတ်ရှိသော လူမှုအသိုက်အဝန်းသို့ လျင်မြန်စွာ ကူးပြောင်းလာ သည်။ လူမှုရေးပြောင်းလဲလာသည်နှင့်အမျှ ပြဿနာများလည်း ပေါ်ပေါက် လာသည်မှာ ဓမ္မတာပင်ဖြစ်၏။ ထို့ကြောင့် ခေတ်ပြိုင်တရုတ်ပြည်သည် အခြေအသစ်ကိုခံယူကာ သုတေသနလုပ်ငန်းနှင့် စူးစမ်းရှာဖွေရေးလုပ်ငန်းများ ကို တစ်ဖက်က ကြိုးပမ်းဆောင်ရွက်နေရသကဲ့သို့ တစ်ဖက်ကလည်း **စီးပွား**

ရေးကောင်းအောင်နှင့် လူမှုရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းနေရ၏။

လူမှုရေးပြဿနာအချို့မှာ လူ့အဖွဲ့အစည်းတိုးတက်မှုဖြစ်စဉ်တွင် ကြုံရလေ့ကြုံရတတ်သော ကိစ္စများဖြစ်၏။ ဆင်းရဲချမ်းသာကွာဟမှု၊ အခွင့်အရေး မမျှတမှုစသည့် လူဦးရေအလွန်များပြားသော တရုတ်ပြည်အဖွဲ့အလုပ်လက်မဲ့ပြဿနာကလည်း အလွန်ကြီး၏။ အိမ်ရာပြဿနာ အလွန်ကြီး၏။ ထိုကြားထဲတွင် အစိုးရ၏ လာဘ်ပေးလာဘ်ယူမှု၊ ခြစားမှုများကလည်း မီးလောင်ရာလေပင့်။ တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ခိုင်မတ်သော ဦးဆောင်မှုရှိနေသေး၍သာ ဂယောက်ကမသိပ်မဖြစ်ခြင်း ဖြစ်၏။ တရုတ်အစိုးရအနေနှင့် ပိုမိုပွင့်လင်းမြင်သာမှု၊ ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေးတို့ကို ဒီမိုကရက်တစ်ဖြစ်စဉ်ဖြင့်သာ ကြိုးပမ်းလုပ်ဆောင်သွားရန်လို၏။

'အစိုးရက သေးသေး၊ လူမှုအဖွဲ့အစည်းက ကြီးကြီး' ဆိုသော ပေါ်လစီပစ်မှတ်ကို ဦးတည်ကာ ပြည်သူ့ဝန်ဆောင်မှုနှင့် လူမှုရေးအုပ်ချုပ်စီမံမှုတို့ကို ပြန်လည်ပြောင်းလဲဖွဲ့စည်းရန်လို၏။ တရုတ်ပြည်အနေဖြင့် အများပြည်သူပိုင် ဘဏ္ဍာရေးစနစ်ကိုလည်း ထူထောင်သင့်သည်။ သို့မှသာ အခြားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို ပိုမိုချောမွေ့စွာ ဆောင်ရွက်နိုင်ပါမည်။ တစ်ချိန်တည်းမှာပင် လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကိုလည်း အရှိန်အဟုန်မြှင့်ပြီး ကျောသားရင်သားမရွေး ဆောင်ရွက်သင့်၏။

၁၇ ကြိမ်မြောက် ပါတီကွန်ဂရက်က 'ပါတီကော်မတီက ဦးဆောင်သော လူမှုရေး၊ အုပ်ချုပ်ရေးပုံစံကို အစိုးရကစီမံပြီး လူမှုရေးပူးပေါင်းဆောင်ရွက်မှုများတွင် အများပြည်သူပါဝင်နိုင်ခြင်းရှိအောင်' ရေးဆွဲရမည်ဖြစ်၏။ လွတ်လပ်သော လူမှုအဖွဲ့အစည်းတစ်ခုကား တရုတ်ပြည်တွင် တိုးတက်ပေါ်ပေါက်လာပြီ။ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများမှ လူမှုအဖွဲ့အစည်းများလောက်ကား အားမကောင်းသေးကြောင်း ဝန်ခံရပါမည်။

ကျေးလက်များမှနေ၍ အလုပ်အကိုင်အခွင့်အလမ်းကောင်းသော မြို့သို့တက်လာကြသူ ကျေးရွာသူရွာသားများ၏ ပြဿနာကလည်း တမှောင့်။ ၂၀၁၀ မေလစာရင်းအရ 'ရှင်းကျင်း' သို့ ဝင်ရောက်နေထိုင်သူပေါင်း ၁၂

သန်းရှိသည်ဟု သိရ၏။ အိမ်ထောင်စုစာရင်းနှင့် တိတိကျကျနေထိုင်သူများ ာမူ ၂.၅၁ သန်းရှိ၏။

ယခုလောလောဆယ် ၂၀၁၀ ခုနှစ်စာရင်းပိတ်အဖြစ် တရုတ်ပြည် ွင် မှတ်ပုံတင်ထားသော လူမှုအဖွဲ့အစည်းပေါင်း ၄၀၀၀ ကျော်ရှိ၏။ မ်းမျှအားဖြင့် လူတစ်သိန်းတွင် အဖွဲ့အစည်း ၄ ခုရှိသလို ဖြစ်၏။

၂၃-၄-၁၉၉၀ က တည်ထောင်ခဲ့သော 'ရှင်းကျင့်လုပ်အားပေးအဖွဲ့' ဆိုလျှင် ကနဦးက အဖွဲ့ဝင် ၄၆ ဦးရှိရာမှ ယခုဆိုလျှင် အဖွဲ့ဝင်ပေါင်း ၅၀,၀၀၀ မျှထိ တိုးလာ၏။ ဤအဖွဲ့သည် မြို့၏လူမှုရေးလုပ်ဆောင်မှု ားစွာကို အခမဲ့ကူညီစောင့်ရှောက်သောအဖွဲ့ ဖြစ်၏။ ၂၀၁၀ ပြည့်နှစ် န်နဝါရီလက 'လူမှုရေးအသင်းအောင်မြင်မှု'ဆုများ ချီးမြှင့်ခဲ့ရာ 'ရှင်းကျင့် ည်နယ်'က စီမံကိန်းပေါင်း ၃၈၅၃ တွင် ပုဂ္ဂလိက ပါဝင်ဆောင်ရွက်မှုများ ကြောင့် ပထမဆုရခဲ့၏။

○

# (၁၂)

# အိန္ဒိယနိုင်ငံသစ်

## အိန္ဒိယနိုင်ငံသစ်တည်ထောင်ခြင်း

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်စေရန် မည်သည့်အချက်များ လိုအပ်ပါသနည်း။ ထင်ရှားသော ညွှန်းကိန်းများမှာ နိုင်ငံ၏ ဓနဥစ္စာ၊ ပြည်သူတို့၏ ကြွယ်ဝချမ်းသာမှုနှင့် နိုင်ငံတကာဖိုရမ်တွင် ရပ်တည်နိုင်မှုတို့ပင် ဖြစ်၏။ ထို့ပြင် အခြားသော ညွှန်းကိန်းများလည်း နိုင်ငံ၏ ဓနနှင့်ပတ်သက်၍ ပြဆိုနေသေးသည်။ အမျိုးသားထုတ်လုပ်မှုတန်ဖိုး (ဂျီအင်ပီ)၊ ပြည်တွင်းထုတ်ကုန်တန်ဖိုး (ဂျီဒီပီ)၊ အရန်နိုင်ငံခြားငွေလဲလှယ်မှုအရန်၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း၊ လူတစ်ဦးခြင်းဝင်ငွေစသည်တို့ ဖြစ်၏။ ၎င်းတို့အပြင် ကုန်သွယ်မှုပမာဏ၊ နိုင်ငံတကာကုန်သွယ်မှုဝေစု (သွင်းကုန်ရော ထုတ်ကုန်ပါ အပါအဝင်)နှင့် ၎င်းတို့နှစ်ခုလုံး၏ တိုးတက်မှုနှုန်းကပေးသော စီးပွားရေးစွမ်းအင်၊ ဖန်တီးထားသော ဓနဥစ္စာကို ဆက်လက်ထိန်းသိမ်းရေးနှင့် ထပ်မံ၍ ဓနဥစ္စာဖန်တီးရေးတို့လည်း ပါဝင်၏။ စီးပွားရေးညွှန်းကိန်းများက အရေးကြီးသည်။ သို့သော် ၎င်းတို့သည် မြင်သာထင်သာသော အစိတ်အပိုင်းအချို့အဝက်ကိုသာ ပြဆိုနိုင်ပါသည်။

ဤနေရာတွင် 'ဂန္ဒီဂျီး'၏ စကားတစ်ခွန်းကို ကိုးကားလို၏။

'ပြည်သူများအားလုံး၏ မျက်နှာပြင်ပေါ်မှ မျက်ရည်များကို သုတ်ပေးနိုင်သောအချိန်ကျမှ တကယ်အောင်မြင်သော နိုင်ငံဖြစ်မည်'ဟူသော စကား။

ဝန်ကြီးချုပ် 'နေရူး'သည်လည်း မသိနားမလည်မှုများ၊ စာမတတ် ြောက်မှု၊ ရောဂါဘေးဆိုးများ၊ အခွင့်အရေးမညီမျှမှုများကို ရည်ရွယ်ချက် ရှိဖြင့် တိုက်ဖျက်ရန် အခက်အခဲမျိုးစုံကြားမှ ကြိုးစားခဲ့၏။

ဤသို့ဖြင့် အိန္ဒိယနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ခေါင်းဆောင်ကြီးများက ခေတ်အဆက်ဆက် လုံးပန်းအားထုတ်ခဲ့ကြသည်။

'ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယ'ဟူသည် အဘယ်နည်း။ 'အိန္ဒိယပြည် သူအားလုံး (လက်ရှိ မှီတင်းနေထိုင်သူများရော၊ နှောင်နှစ်များစွာအတွင်း ပေါက်ဖွားရှင်သန်လာကြမည့်သူများ အပါအဝင်)၏ ဘဝများတိုးတက် ခြင့်မားအောင် လုပ်ပေးနိုင်သည့် အနေအထားရောက်မှသာ ဖွံ့ဖြိုးတိုးတက် သည်ဟု ခေါ်ဆိုနိုင်၏။ အိန္ဒိယပြည်သူအားလုံးတို့သည် လုံခြုံမှုပြည့်ဝသော၊ ပျော်ရွှင်စရာကောင်းသော 'ပစ္စုပ္ပန်'ရှိရေးသာမက ပိုမိုကောင်းမွန်သော 'အနာဂတ်'အတွက်ပါ အာမခံချက် လုံလုံလောက်လောက်ရှိနေစေရမည်။ ဤအဆင့်ရောက်မှသာ 'ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယ'ဟု ခေါ်ဆိုနိုင်မည်။

ယနေ့ခေတ်သည် 'ဂလိုဘယ်လိုက်ဇေးရှင်း'ခေတ် ဖြစ်သည်။ ပြည်ပ အင်အားစု ဩဇာသက်ရောက်မှုများသည် အိန္ဒိယလူ့အဖွဲ့အစည်းထဲသို့ င်လာမည်။ ပြည်တွင်းပြိုင်ဆိုင်မှုရော၊ ကမ္ဘာလုံးဆိုင်ရာ၊ ပလေယာများနှင့် ရော အသုံးချတတ်ပါက နိုင်ငံသည် အကျိုးရှိပြီး ခိုင်မာတောင့်တင်းနိုင်၏။ ဤအတော်ဆုံး၊ အထူးချွန်ဆုံးပုဂ္ဂိုလ်များအကြား တင်းမာမှုများ ပိုလာကာ အာဏာတိုက်ပွဲများဖြစ်လာနိုင်ကြောင်း အလားအလာမြင်နေရသည်။

○

## နည်းပညာ သို့မဟုတ် နိုင်ငံ့ခွန်အား၏ အနှစ်သာရ

အိန္ဒိယပြည် တိုးတက်ဖွံ့ဖြိုးရန် အားကိုးအားထားပြုရမည့် ပြည်တွင်း အင်အားသုံးခုရှိသည်။

၁။ ပြည်သူလူထု

၂။ စီးပွားရေး

၃။ မဟာဗျူဟာ

နည်းပညာတိုးတက်မှုကို ဇယား(၁)တွင် ပြထားသည့်အတိုင်း လူ့သမိုင်းစဉ်တစ်လျှောက် ကြည့်နိုင်၏။ နည်းပညာစွမ်းပကားများကြောင့် ကုန်ထုတ်စွမ်းအား ပိုလာ၏။ အလုပ်အကိုင် အခွင့်အလမ်းများပေါ်များလာ၏။ ယှဉ်ပြိုင်မှုဈေးကွက် ပိုမိုကျယ်ပြန့်လာသည်။ ထိုမှတစ်ဆင့် လူသား ကျွမ်းကျင်မှုများသည် တဖြည်းဖြည်းနှင့် စဉ်ဆက်မပြတ် တိုးတက်လာ၏။

နည်းပညာနှင့် နိုင်ငံတစ်ခု၏ မဟာဗျူဟာစွမ်းအင်တို့၏ ဆက်စပ်မှုသည် လွန်ခဲ့သော ဆယ်နှစ်ကမှစ၍ ပိုပြီးထင်သာမြင်သာရှိလာသည်။ မည်သည့်နိုင်ငံမဆို တိုးတက်ဖွံ့ဖြိုးလာရန်မှာ များပြားလှစွာသောမဟာဗျူဟာ နည်းပညာများ မရှိမဖြစ် လိုအပ်၏။ ထို့ပြင် ၄င်းတို့၏ ကိုယ်ပိုင်ဖန်တီးမှု စွမ်းပကားများကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်နိုင်သည့် အရည်အသွေး လည်း ပြည့်ဝနေရမည်။

ကုန်ထုတ်လုပ်ငန်းတွင် အရေအတွက် အမြောက်အမြားထုတ်လုပ်ရေးနှင့် အရည်အချင်းမြင့်မြင့် ထွက်ပေါ်ရေးကို အရေးကြီးသကဲ့သို့ လုပ်ငန်းခွင် အခွင့်အရေးများ ပေါ်များရေးသည်လည်း ဂရုစိုက်ရမည့်အချက်ဖြစ်၏။ လူတို့၏ အာဟာရပြည့်ဝရေးနှင့် ကျန်းမာမှု၊ လုံခြုံစိတ်ချရေးကိုလည်း

နည်းပညာက လိုက်လံဖော်ဆောင်ပေးရ၏။ ရောဂါရှာဖွေရေးကိရိယာအဖြစ် ခါတ်မှန်ရိုက်ခြင်း ပေါ်ထွန်းလာသကဲ့သို့ ပင်နီဇီဝဆေးအဖြစ် ပင်နီစလင် ပေါ်ထွန်းလာခြင်းတို့သည် ချက်ချင်းလက်ငင်းဖြစ်ပေါ်လာသည်မဟုတ်ဘဲ ခရီးရှည်ကြီး ကြာမြင့်စွာ လျှောက်လှမ်းပြီးမှ ပေါ်ထွန်းလာခြင်းတို့ ဖြစ်၏။

**ဇယား (၁)**

| ၂၀၀၀ ပြည့်နှစ် မတိုင်မီနှစ်ပေါင်း | တီထွင်မှု | ရလဒ်/ အကြောင်းပြချက် |
|---|---|---|
| ၁၀၀၀၀၀ | အမဲလိုက်ရာတွင် လူ့အရည်ချင်းကို | လက်နက်ကိရိယာ သုံးခြင်း တိုးပွားစေ |
| ၄၈၀၀၀ | လက်နက်ထုတ်လုပ်၊ အသုံးပြုခြင်း | |
| ၃၅၀၀ | လှေများ၊ ရွက်လှေများတီထွင် | |
| ၈၀၀ | တိုင်ကပ်နာရီ | လက်မှုပိုင်းဆိုင်ရာ အလုပ်လုပ်ရာတွင် အချိန်ကုန်သက်သာ၊ ပိုမိုလွယ်ကူ |
| ၃၆၀ | စက်မှုပိုင်းဆိုင်ရာ ဂဏန်းတွက်စက်များ | |
| ၁၉၀ | ရထားလမ်းဖောက်၊စွမ်းအင် အတွက် မီးသွေးနှင့် ဆီသုံး | စိတ်ပိုင်းဆိုင်ရာ အလုပ်များလုပ်ကိုင် ရာတွင် ပိုမိုလွယ်ကူ |
| ၁၆၀ | လျှပ်စစ်ဓာတ် | |
| ၁၄၀ | ပုံရိပ်နှင့် အသံထုတ်လုပ်ခြင်း | သယ်ယူပို့ဆောင်ရေး တွင်ပို၍သက်သောင့် သက်သာရှိ၊ အချိန် ကုန် သက်သာ |

| | | |
|---|---|---|
| ၁၀၀ | ကြေးနန်း၊ ဆက်သွယ်ရေး၊ ဓာတ်မှန် | |
| ၉၅ | လေယာဉ်ပျံ | ခရီးသွားလာရာ ပိုမိုမြန်ဆန် |
| ၈၀ | မော်တော်ယာဉ်၊ မော်တော်ကားလမ်း | |
| ၉၀ | ဓာတုပစ္စည်းအမြောက်အမြား ထုတ်လုပ်ခြင်း | |
| ၅၅ | နျူကလီးယားလက်နက်၊ စွမ်းအင် | |
| ၅၀ | ကွန်ပျူတာ | |
| ၄၅ | အိမ်သုံးပစ္စည်းအမြောက်အမြား ထုတ်လုပ် | ရုပ်ပိုင်းဆိုင်ရာဘဝ အဆင့်တိုးတက် |
| ၄၀ | ဓာတ်မြေသြဇာပိုသုံး | |
| ၃၅ | လေဆာ | |
| ၂၀ | စီတီစကင် | |
| ၁၀ | အင်တာနက် | အသိပညာအခြေခံ ပိုတိုးတက် |

ကမ္ဘာပေါ်တွင် နည်းပညာများ အရှိန်အဟုန်ကြီးစွာ တိုးတက်ဖွံ့ဖြိုးလာသကဲ့သို့ ဘေးထွက်ဆိုးကျိုးများလည်း ပေါ်လာ၏။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းမှု။ ထို့ကြောင့် စက်ရုံများကလည်းပိုမိုသန့်ရှင်းသော နည်းပညာများ တီထွင်လာကြရ၏။ မည်သို့ဆိုစေ နည်းပညာထွန်းကားမှုသည် ပြည်သူတို့ကို ဘဝသစ်သို့ တွန်းပို့လာခဲ့သည်။

နည်းပညာတိုးတက်လာသည်နှင့်အမျှ ဘက်လေးဘက်ကို အားကိုးအားထားပြုမှု ပိုလာသည်။

၁။ ပြည်သူ

၂။ စီးပွားရေး

၃။ မဟာပျူဟာအင်အား

၄။ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် တိုးတက်ရေး

ထိုအချက်လေးချက်စလုံးကို ထိန်းသိမ်းကိုင်တွယ်ရန် အဓိက ဘျှမ်းကျင်ပိုင်နိုင်မှုကို ထိန်းချုပ်နိုင်သူမှာ ပြည်သူပင်ဖြစ်၏။

၀

## (၁၃)

## စီးပွားရေးအမြင်

၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့ဂျီဒီပီသည် ဒေါ်လာ ၂၅၂၂၄ ဘီလျံဖြစ်၏။ ၁၉၉၅-၂၀၀၀ အတောအတွင်း ကြီးထွားနှုန်းက ၂.၅ ရာခိုင်နှုန်းဖြစ်၏။ ၂၀၀၀-၂၀၁၀ တွင် ၃ ရာခိုင်နှုန်းရှိ၏။ ၂၀၁၀-၂၀၂၀ တွင် ၃.၅ ရာခိုင်နှုန်း တိုးမည်။ ထို့ကြောင့် ထိုအချိန်တွင် ကမ္ဘာ့ဂျီဒီပီသည် ဒေါ်လာ ၅၅၄၅၃ ဘီလျံ ဖြစ်မည်။ ၂၁ ရာစုအစတွင် ထိုသို့တိုးပွားနှုန်း မြင့်မားလာရခြင်း မှာ လျင်မြန်စွာ စီးပွားတိုးလာသော နိုင်ငံများ ပေါ်ထွန်းလာ၍ ဖြစ်၏။ ထိုနိုင်ငံများထဲတွင် အိန္ဒိယလည်း ပါဝင်၏။ ၁၉၈၀ ခုနှစ်များနောက်ပိုင်းတွင် စီးပွားတိုးလာသော နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ မက္ကဆီကိုစသော နိုင်ငံ များဖြစ်၏။ ထိုသို့သော နိုင်ငံမျိုး ၁၈ နိုင်ငံ၏ ဂျီဒီပီစုစုပေါင်းသည် ဒေါ်လာ ၈၁၆၈ ဘီလျံမျှရှိ၏။ ထိုအထဲတွင် အိန္ဒိယဝေစုက ၁.၇၄ ရာနှုန်း မျှရှိသည်။ ၁၉၉၀ ခုနှစ်တွင် စီးပွားတိုးလာသော နိုင်ငံများက ၂၄ နိုင်ငံမျှ ရှိလာ၏။ ၁၉၉၀ တွင် ထိုနိုင်ငံများ၏ ဂျီဒီပီစုစုပါင်းက ဒေါ်လာ ၁၇၆၂၅ ဘီလျံဖြစ်ပြီး အိန္ဒိယက ၁.၄၄ ရာခိုင်နှုန်းပါဝင်သည်။ ၁၉၉၄ တွင် စီးပွား တိုးနိုင်ငံပေါင်း ၂၈ နိုင်ငံ ဖြစ်လာသည်။ နိုင်ငံသစ်များအနေဖြင့် ထိုင်း၊ တောင်အာဖရိကနှင့် တူရကီတို့ ပါဝင်လာသည်။ ဂျီဒီပီစုစုပေါင်းက ဒေါ်လာ ၂၂၃၄၈ ဘီလျံ။ အိန္ဒိယက ၁.၃၁ ထိ ပြန်ကျသွားသည်။

## ဇယား (၂)
## ကမ္ဘာ့ဂျီဒီပီ

| နှစ်များ | အမေရိကန်ဒေါ်လာ ဘီလျံ |
|---|---|
| ၁၉၉၅ | ၂၅၈၅၄·၀၈ |
| ၁၉၉၈ | ၂၇၈၄၂·၀၂ |
| ၂၀၀၀ | ၂၉၂၅၁·၅၂ |
| ၂၀၀၂ | ၃၁၀၃၂·၉၄ |
| ၂၀၀၅ | ၃၃၉၁၀·၅၃ |
| ၂၀၀၇ | ၃၅၉၇၅·၆၈ |
| ၂၀၁၀ | ၃၉၃၁၁·၆၀ |
| ၂၀၁၅ | ၄၆၆၈၉·၈၅ |
| ၂၀၂၀ | ၅၅၄၅၂·၉၀ |

## ဇယား (၃)
## ကမ္ဘာ့စီးပွားရေးအကြီးမားဆုံးနိုင်ငံများ

| နိုင်ငံများ<br>၁၉၈၀/၁၉ နိုင်ငံ | ဂျီဒီပီစုစုပေါင်း<br>အမေရိကန်<br>ဒေါ်လာသန်းပေါင်း | အိန္ဒိယ၏<br>ဝေစုရာခိုင်နှုန်း |
| --- | --- | --- |
| အိန္ဒိယ၊ တရုတ်၊ ဘရာဇီး၊<br>မက္ကဆီကို၊ အာဂျင်တီးနား၊<br>ဆော်ဒီအာရေဗျ၊ စပိန်၊<br>အီတလီ၊ ဗြိတိန်၊၊<br>ဩစတြေးလျ၊ ဂျပန်၊<br>ကနေဒါ၊ အမေရိက၊<br>နက်သာလင်၊ ပြင်သစ်၊<br>ဘယ်ဂျီယံ၊ ဆွီဒင်၊<br>ဂျာမနီ၊ ဆွစ်ဇာလန် | | |
| ၁၉၉၀ / ၂၄ နိုင်ငံ | | |
| **(အသစ်ဝင်လာသောနိုင်ငံများ)**<br>အင်ဒိုနီးရှား၊ အီရန်၊ ဒိန်းမတ်၊<br>ဩစတြီးယား၊ ကိုရီးယား၊<br>နော်ဝေ၊ ဖင်လန်<br>(အာဂျင်တီးနား၊<br>ဆော်ဒီအာရေဗျတို့စာရင်းမှ<br>ထွက်သွားကြသည်။) | ၁၇၆၂၄၅၇၀ | ၁.၄၄ |
| ၁၉၉၄ / ၂၈ နိုင်ငံ | | |
| **(အသစ်ဝင်လာသောနိုင်ငံများ)**<br>ထိုင်း၊ တောင်အာဖရိက၊<br>ဆော်ဒီအာရေဗျ၊အာဂျင်တီးနား၊<br>တူရကီ (အီရန်ထွက်သွား) | ၂၂၃၄၇၇၂၆ | ၁.၃၁ |

| | | |
|---|---|---|
| ၂၀၀၀ / ၃၃ နိုင်ငံ | | |
| **(အသစ်ဝင်လာသောနိုင်ငံများ)** ပိုလန်၊ မလေးရှား၊ ပေါ်တူဂီ၊ အစ္စရေး၊ ဖင်လန် | ၂၅၉၄၃၅၅၂.၇ | ၁.၆၈ |
| ၂၀၁၀ / ၃၈ နိုင်ငံ | | |
| **(အသစ်ဝင်လာသောနိုင်ငံများ)** ဖိလစ်ပိုင်၊ ကိုလံဘီယာ၊ ပါကစ္စတန်၊ အီရန်၊ ချီလီ | ၃၄၈၃၁၆၃၆.၅ | ၂.၆၂ |
| ၂၀၂၀ / ၄၂ နိုင်ငံ | | |
| **(အသစ်ဝင်လာသောနိုင်ငံများ)** ပီရူး၊ ဟန်ဂေရီ၊ ဗိနီဇွဲးလား၊ ဂရိ | ၅၂၄၈၈၅၆၈.၂ | ၄.၀၇ |

မှတ်ချက် ။ ။ ဂျီဒီပီ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလျံနှင့် ၄င်း အထက်ရှိသော နိုင်ငံများကို စီးပွားရေးအကြီးမားဆုံးနိုင်များဟု သတ်မှတ် သည်။

အထက်ဖော်ပြပါ ဇယားကိုကြည့်လျှင် မျက်မှောက်ကာလစီးပွားရေး ...းနှုန်းအရ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးအကြီးမားဆုံးနိုင်ငံ ၁၁ ...ငံရှိပြီး အိန္ဒိယ၏ ဝေစုက ၁.၆၈ ရာခိုင်နှုန်းရှိကာ ၂၀၂၀ ပြည့်နှစ်တွင် ...ပွားရေးအကြီးမားဆုံးနိုင်ငံ ၄၂ နိုင်ငံရှိပြီး အိန္ဒိယဝေစုက ၄.၀၇ ရာနှုန်းမျှ ... ရှိနိုင်မည်။ ဇယား (၄) တွင် ဖော်ပြခဲ့သည့်အတိုင်း မည်သို့ဆက်လက် ...ဘက်လာနိုင်သည်ကို တွေ့ရ၏။


လက်ရှိစာရင်းဇယားများအအရကြည့်လျှင် အရှေ့တောင်အာရှနိုင်ငံ ...းသည် စိန်ခေါ်မှုသစ်များဖြစ် (သို့မဟုတ်) ပိုမိုကြီးမားသော အခွင့်အရေး ...းရလာနိုင်၏။

၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံးစီးပွားရေးစာရင်း ...င် စတုတ္ထမြောက်နိုင်ငံဖြစ်လာမည်။ အိန္ဒိယ၏ နေ့ဥစ္စာတိုးပွားလာမှုကို

ဇယား (၄)တွင် ကြည့်နိုင်၏။ ထိုသို့ကြည့်ရာတွင် လူဦးရေကိုလည်း ထည့် တွက်ရမည်။ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေက ၇ ဘီလျံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၉.၄ ဘီလျံထိ ဖြစ်လာမည်။ အိန္ဒိယတွင် လက်ရှိ လူဦးရေတိုးနှုန်းက ၁.၈ ရာနှုန်းဖြစ်ပြီး ၂၀၂၀ တွင် ၁.၅ ရာနှုန်းထိ ကျဆင်းမည်ဟု တွက်ချက်ထားကြ၏။ ထိုသို့လူဦးရေတိုးနှုန်းကို လျှော့ချနိုင်မှသာ အခြေခံပညာရေးနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုတို့တွင် ရင်းနှီးမြှုပ်နှံမှု လုံလုံလောက်လောက် လုပ်ပေးနိုင်မည်။ ၂၀၁၀ ပြည့်နှစ်တွင် အိန္ဒိယလူဦးရေက ၁.၂ ဘီလျံရှိကာ လူတစ်ဦးခြင်း ဂျီဒီပီက ၇၆၂ ဒေါ်လာရှိ၏။ ၂၀၂၃ ပြည့်နှစ်တွင် လူဦးရေက ၁.၄ ဘီလျံရှိလာကာ ဂျီဒီပီက ၁၅၄၀ ဒေါ်လာရှိလာလိမ့်မည်။

၂၀၂၀ ပြည့်နှစ်တွင် အောက်တန်းအရောက်ဆုံး ၁၀ ရာခိုင်နှုန်းသည် ပင် တစ်ဦးခြင်း ဂျီဒီပီ ၅၆၉ ဒေါ်လာရကြကာ ထိပ်ဆုံးတန်း ၁၀ ရာခိုင်နှုန်း ကမူ ၄၃၆၉ ဒေါ်လာရကြမည်။ ခြုံငုံ၍ ပျမ်းမျှဝင်ငွေတွက်ရလျှင် ဒေါ်လာ ၁၅၆၉ ရကြမည်။ အနိမ့်ဆုံးအဆင့်နှင့် အမြင့်ဆုံးအဆင့်၏ ကွာခြားမှုအချိုး က ၁း၇.၇ ဖြစ်၏။ အနိမ့်ဆုံးနှင့် အလယ်အလတ်အဆင့်၏ ကွာခြားမှု အချိုးက ၁း၂.၇၅ ဖြစ်ပြီး အလယ်အလတ်အဆင့်နှင့် အမြင့်ဆုံးအဆင့် ကွာခြားမှုက ၁း၂.၇၈ ဖြစ်သည်။ ဤအချိုးအဆသည် နိုင်ငံတကာတွင် လည်း ထိုနည်းတူပင် ဖြစ်သည်။

# ဇယား (၄)
## ကမ္ဘာ့စီးပွားရေးအကြီးဆုံးနိုင်ငံများနှင့် အိန္ဒိယ
## (၁၉၉၆–၂၀၂၀)



အိန္ဒိယသည် ကမ္ဘာ့စီးပွားရေးအကြီးဆုံး စတုတ္ထမြောက်နိုင်ငံ ဖြစ်သည်။ ၁၉၉၇-၂၀၀၁ အတွင်း ၇.၅ ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၆ အတွင်း ၈ ရာခိုင်နှုန်း၊ ၂၀၀၇ မှ ၂၀၁၁ အတွင်း ၁၀ ရာခိုင်နှုန်းနှင့် ၂၀၁၂-၂၀၂၀ အတွင်း ၁၃ ရာခိုင်နှုန်း တိုးတက်နှုန်း မြင့်လာရမည်ဖြစ်၏။

အိန္ဒိယနိုင်ငံသည် လက်ရှိဆင်းရဲမှုမျဉ်းကို လျှော့ချနိုင်ရမည်။ ဆိုလိုသည်မှာ ၁၉၉၆ ခုနှစ်က ဈေးနှုန်းများကို ၂၁၂.၈ ဒေါ်လာဖြင့် ထားရမည်။ လူတစ်ဦးခြင်းဝင်ငွေသည် ၁၉၉၆ တွင် ၂၇၈.၄ ဒေါ်လာရသည်မှ ၁၇၁၇.၁ ဒေါ်လာထိ ရအောင်ဆွဲတင်နိုင်ရမည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် အောက်ပါ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရမည်။

- ပြည်တွင်းဈေးကွက်ကို အစဉ်မပြတ်ချဲ့ထွင်ခြင်း၊
- စီးပွားရေးချဲ့ထွင်ခြင်း၊
- ကိုယ်ပိုင်လုပ်ငန်း တိုးချဲ့ခြင်း၊
- ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍ နှစ်ခုလုံး ပြိုင်တူတိုးတက်ရေး၊
- ခေတ်မီစိုက်ပျိုးရေးလုပ်ငန်း - ကျေးလက်စီးပွားရေးကို အရည်အသွေးမီ ပြောင်းလဲရေး၊
- အသေးစားနှင့် အလတ်စား စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများကို အားပေးခြင်း၊
- ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊
- ထုတ်လုပ်ရေးတွင် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့်တင်မှု၊
- ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယက ဦးဆောင်မှုများ (ဥပမာ-သံမဏိ၊ အလူမီနီယမ်၊ အလျှိုင်း၊ ဘိလပ်မြေစသော ဓာတ်သတ္တုအခြေခံစက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်၊ အီလက်ထရွန်နစ်၊ အစားအသောက်၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ လူသားအသိပညာနှင့် ကျွမ်းကျင်မှုအပေါ် အခြေခံစသော စက်မှုလုပ်ငန်းများ၊ အိုင်တီဆော့ဖ်ဝဲ၊ သတင်းမီဒီယာ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ စသည်တို့ကို တိုးတက်လုပ်ဆောင်ခြင်း)

○

# (၁၄)

# လူမှုရေးညွှန်းကိန်းများနှင့် နိုင်ငံတစ်ခု၏ပန်းတိုင်

စာမတတ်သူ ပပျောက်ရေးကို ၁၉၉၁ တွင် ၅၂ ရာခိုင်နှုန်းမှ ၂၀၂၀ တွင် ၈၀ ရာခိုင်နှုန်းထိ ပြုလုပ်နိုင်မည်ဟု မျှော်လင့်ထားသည်။ လူ့သက်တမ်းပိုရှည်နိုင်ရန်လည်း ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမို တိုးချဲ့လုပ်ဆောင်ရ၏။ လူဦးရေအများစုဖြစ်သော လူငယ်များအတွက် ပိုမို ကောင်းမွန်သော ဘဝနေထိုင်ရေးကို အာမခံချက်ပေးနိုင်အောင် ကြိုးစားရမည်။ စာတတ်မြောက်ပြီး လုပ်ငန်းကျွမ်းကျင်သူများစွာ အိန္ဒိယတွင် အရန် အင်အားအဖြစ်ရှိ၏။ အမျိုးသမီးများကလည်း စီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများစွာ ဖော်ထုတ်ပေးရမည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုသည်လည်း မရှိမဖြစ် လုပ်ဆောင်ရမည့် ကိစ္စဖြစ်၏။ အိန္ဒိယ၏ ရှေးဟောင်း အသိဉာဏ်နှင့် ရိုးရာပညာတို့သည်လည်း နိုင်ငံကြီး များ တိုးတက်ရေးလုပ်ငန်းများတွင် အလွန်တန်ဖိုးရှိလှ၏။ သတင်းနည်း ပညာသစ်များကလည်း မြို့ပြနှင့် ကျေးလက်ကွာဟမှုကို ဆက်စပ်ပေးကာ တစ်နိုင်ငံလုံး တစ်နေရာနှင့် တစ်နေရာသတင်းအချက်အလက် အချိန်နှင့် တစ်ပြေးညီ သိနိုင်လာသည်။ အိန္ဒိယ၏ စွမ်းအားအနှစ်သာရကား ကိုယ် ပိုင်ရင်းမြစ်များဖြစ်ကြသော အမျိုးသားရေးနှင့် လူသားတို့အပေါ်တွင်သာ မူတည်နေသည်။ ပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးအခွင့်အလမ်းတို့ကို တိုးတက်ရေးတို့အတွက် ၎င်းတို့၏ စွမ်းပကားအပေါ်တွင်သာ အခြေခံတည် ဆောက်သွားရမည် ဖြစ်၏။

## ဇယား (၅)
## ဂျီဒီပီပျံ့နှံမှုနှင့် လူတစ်ဦးခြင်းစီ၏ ဂျီဒီပီ

| လူတန်းစား | ဂျီဒီပီ (ဒေါ်လာဘီလျံ) | | | | တစ်ဦးခြင်းဂျီဒီပီ (ဒေါ်လာ) | | | |
|---|---|---|---|---|---|---|---|---|
| | ၁၉၉၆ | ၂၀၀၀ | ၂၀၁၀ | ၂၀၂၀ | ၁၉၉၆ | ၂၀၀၀ | ၂၀၁၀ | ၂၀၂၀ |
| အနိမ့်ဆုံး ၁၀ % | ၁၂.၄၇ | ၁၆.၁ | ၃၃.၇ | ၇၉.၁ | ၁၃၀.၁ | ၁၅၈.၈ | ၂၈၁.၉ | ၅၆၉.၂ |
| နောက်ထပ် ၁၀ % | ၁၆.၀၂ | ၂၀.၉ | ၄၃.၈ | ၁၀၂.၆ | ၁၆၉.၂ | ၂၀၆.၀ | ၃၆၅.၇ | ၇၃၈.၅ |
| ထိပ်ဆုံးဆင့် ၁၀ % | ၉၄.၆၀ | ၁၂၄.၀ | ၂၅၈.၉ | ၆၀၇.၃ | ၉၉၈.၉ | ၁၂၁၈.၉ | ၂၁၆၃.၆ | ၄၃၆၉.၄ |
| အကြမ်းဖျင်းခြုံငုံ | ၃၃၃.၀ | ၄၃၆.၄ | ၉၁၁.၇၂ | ၂၁၄၀.၅ | ၃၅၁.၇ | ၄၂၉.၂ | ၇၆၁.၈ | ၁၅၃၈.၅ |

အိန္ဒိယနိုင်ငံသမိုင်းတွင် ပန်းတိုင်နှစ်ခုရှိသည်။ ပထမပန်းတိုင်မှာ အိန္ဒိယလွတ်မြောက်ရေးဖြစ်၏။ ယခင်နောက်ဆုံးမျိုးဆက်ဖြစ်သော လွတ်မြောက်ရေးတိုက်ပွဲဝင်ခဲ့ကြသူများ ဖြစ်ကြသည့် မဟတ္တမဂန္ဒီခေါင်းဆောင်သော ပုဂ္ဂိုလ်ကြီးများစွာသည် အိန္ဒိယလွတ်မြောက်ရေးအတွက် အသက်သွေးချွေးများကို ရင်းနှီးပေးဆပ်တိုက်ပွဲဝင်ခဲ့ကြ၏။ လွတ်မြောက်ရေးသည် ပြည်သူများချမှတ်သော ပထမဆုံးပန်းတိုင်ဖြစ်၏။ ခေါင်းဆောင်များအပါအဝင် အလွှာအသီးသီးသော ပြည်သူများက နိုင်ငံလွတ်မြောက်အောင် ဆောင်ရွက်ခဲ့ကြ၏။

နောက်ထပ်မျိုးဆက်တို့ကား ဖွံ့ဖြိုးသော အိန္ဒိယနိုင်ငံဖြစ်ရေးပန်းတိုင်ကို လျှောက်လှမ်းကြ၏။ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုများကို ကြိုးပမ်းလုပ်ဆောင်ကြ၏။ နောက်ဆယ့်ငါးနှစ်မှ နှစ်နှစ်ဆယ်အတွင်းတွင် အိန္ဒိယသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရန် လမ်းကြောင်းမှန်ပေါ်သို့ ရောက်နေပြီ။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဆင့်ဆိုသည်မှာ အဘယ်နည်း။ အမျိုးသားစီးပွားရေးကို အဓိကအပြောင်းအလဲလုပ်ကာ ကမ္ဘာ့အကြီးဆုံးစီးပွားရေးထဲတွင် တစ်ခုအပါအဝင် ဖြစ်အောင် လုပဆောင်ခြင်းပင် ဖြစ်သည်။ ဆင်းရဲခြင်းမျဉ်း၏အထက်တွင် ပြည်သူများရှိနေကာ အဆင့်မြင့်ပညာရေးနှင့် ကျန်းမာရေးကို ခံစားခွင့်ရကြပြီး အမျိုးသားလုံခြုံရေးအာမခံချက်ရှိသော အနေအထားကို ခေါ်၏။ အဆင့်မီကုန်ပစ္စည်းများထုတ်လုပ်နိုင်ကာ ပို့ကုန်ဘန်ဖိုးမြင့်မားပြီး နိုင်ငံသူ နိုင်ငံသားအားလုံး ချမ်းသာကြွယ်ဝမှုရှိသည့် အဆင့်ကိုခေါ်သည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရန် အဓိကအချက်သည် နိုင်ငံတစ်ခု၏ နည်းပညာစွမ်းအားပင်ဖြစ်၏။ ဤသို့ဖြင့် အခြေခံအမျိုးသားအဆောက်အအုံကို ဘက်စုံထောင့်စုံ ကြီးကြီးမားမား ဆောင်ရွက်နိုင်ကြရမည်။ ကြွယ်ဝသော သဘာဝအရင်းအမြစ်များကို မှန်ကန်စွာ အသုံးချနိုင်သည့် ပါရမီရှင် သိပ္ပံပညာရှင်များနှင့် အတတ်ပညာရှင်များ၏ ကြိုးပမ်းလုပ်ဆောင်မှုကား အခရာဖြစ်သည်။ ဤသို့ဖြင့် အိန္ဒိယနိုင်ငံသည် သက္ကရာဇ် ၂၀၂၀ တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာမည်။

ယခုအခါ အိန္ဒိယ၏ ဆော့ဖ်ဝဲပို့ကုန်သည် ကမ္ဘာ့ဈေးကွက်တွင် တတိယ သို့မဟုတ် စတုတ္ထအဆင့်သို့ ရောက်နေပြီ။ ဆော့ဖ်ဝဲ သို့မဟုတ်

အိုင်တီပိုင်းဆိုင်ရာတွင် အိန္ဒိယက ကမ္ဘာ့ထိပ်တန်းဆင့်နေရာသို့ ရောက်နေပြီ။ ဂျုံ သို့မဟုတ် ဆန်ထုတ်လုပ်ရေးတွင်လည်း ကမ္ဘာ့အဆင့် စတုတ္ထဆင့်မျှ ရှိနေသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ပြည်တွင်းတွင် ရှိသင့်သလောက် ရှိနေပြီ။ နိုင်ငံတကာဖက်စပ်စက်ရုံ တော်တော်များများ အိန္ဒိယတွင် ရှိနေ၏။ သက္ကရာဇ် ၂၀၂၀ တွင် အိန္ဒိယသည် ကမ္ဘာ့ဆေးဝါးဈေးကွက်၏ ၁၀ မှ ၁၅ ရာခိုင်နှုန်းထိ ပါဝင်နိုင်လာမည်။

အိန္ဒိယနိုင်ငံ 'ဘန်ဂလိုမြို့'သည် ယခုအခါ 'ဆော့ဖ်ဝဲမြို့'ဟု ကမ္ဘာသိ ထင်ရှားနေသည်မှာ ဆော့ဖ်ဝဲ အမြောက်အမြား ကမ္ဘာကို ဖြန့်ချိနေသည့်အတွက်ဖြစ်၏။ ထို့အတူ 'ဟိုက်ဒြာဘတ်မြို့'ကိုလည်း ဆော့ဖ်ဝဲနှင့် အိုင်တီပစ္စည်းများစွာ ထုတ်လုပ်နေ၍ 'ဆိုက်ဒြာဘတ်'ဟုပင် 'ဆိုက်ဘာ'နှင့်တွဲပြီး နာမည်ပြောင်းခေါ်နေကြပြီ။ တကယ်တော့ အိန္ဒိယတွင် ထိုမြို့နှစ်ခုသာမက အိန္ဒိယတစ်ပြည်လုံးပင် ဆော့ဖ်ဝဲကို အမြောက်အမြား ထုတ်နေကြသော နေရာများဖြစ်နေ၏။ ဘာကြောင့် ဤသို့ဖြစ်လာပါသလဲ။ အိန္ဒိယကျောင်းနှင့် ကောလိပ်တော်တော်များများက လူငယ်များကို ဆော့ဖ်ဝဲပညာရှင်များအဖြစ် မွေးထုတ်ပေးနေ၍ ဖြစ်၏။ ဆော့ဖ်ဝဲတတ်မှ အလုပ်ရမည်ဖြစ်ရာ လူငယ်တို့က အားသွန်ခွန်စိုက် ဤပညာရပ်ကို တခုတ်တခဲ ကြိုးပမ်းကြသဖြင့် ဆော့ဖ်ဝဲပညာရှင် အမြောက်အမြား ထွက်ပေါ်နေခြင်းဖြစ်၏။ ထိုပညာရှင်လေးများကို သက်ဆိုင်ရာပညာရပ်များတွင် ပို၍ထူးချွန်လာစေရန် လေ့ကျင့်ပေးရမည်။ တစ်ချိန်တည်းမှာ သူတို့ကို ကိုယ့်ပြည်တွင်းတွင် ထိုက်ထိုက်တန်တန် နေရာပေးရမည်။ ထိုသို့မပေးနိုင်လျှင် ဦးနှောက်ယိုစီးမှုများ ဖြစ်ကုန်မည်။ ယခုပင်လျှင် အိန္ဒိယမှ ဆော့ဖ်ဝဲပညာရှင် တစ်သန်းကျော်သည် နိုင်ငံတကာထွက်ပြီး လခကောင်းကောင်းနှင့် အလုပ်လုပ်နေကြပြီ။

အိန္ဒိယနိုင်ငံ၏ အနာဂတ်ကို ခြုံငုံကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်။

- ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ ဖြစ်လာမည်။
- ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယဟူသည် အိန္ဒိယအနေဖြင့် ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံ ငါးခုစာရင်းဝင်ဖြစ်လာခြင်း

ကို ဆိုလိုသည်။ အမျိုးသားလုံခြုံရေးတွင်လည်း ကိုယ့်အားကိုယ်ကိုး နိုင်သော နိုင်ငံဖြစ်လာမည်။ ထို့ထက်ပို၍ဆိုရလျှင်ကား အိန္ဒိယသည် ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် ဩဇာညောင်းသူ ဖြစ်လာမည်။

- ထိုသို့အဆင့်ရောက်လာစေရန် စိုက်ပျိုးရေးတွင် ခြေလှမ်းများစွာ လှမ်းနိုင်ရန်လို၏။ အိန္ဒိယအရှေ့ပိုင်းကို ဂျုံစိုက်ပျိုးထုတ်လုပ်မှု ကြီးထွားစေရမည်။ မျိုးစပ်စပါးကိုလည်း တိုးမြှင့်သုံးစွဲရမည်။ အခြားသောသီးနှံများ၊ ဟင်းသီးဟင်းရွက်များ ထွက်နှုန်းတိုးသည့်နည်းတူ အရည်အသွေးလည်း တိုးတက်အောင် လုပ်ရမည်။ စိုက်ပျိုးရေးနည်းပညာတိုးမြှင့်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ဂရုစိုက်ရမည်။
- စိုက်ပျိုးရေးအင်အားစုကို အားကိုးကာ နှံစားပြောင်း၊ နွားနို့၊ သစ်သီး၊ ဟင်းသီးဟင်းရွက်များကို အမြောက်အမြား ထုတ်လုပ်ပြီး ပြည်တွင်းချမ်းသာကြွယ်ဝမှုကို တည်ဆောက်ရမည်။
- စားကုန်သောက်ကုန်လုပ်ငန်း စက်ရုံများဆောက်ပြီး အကျိုးဆောင်လုပ်ငန်းများ လုပ်ဆောင်ရမည်။
- အိန္ဒိယ၏ ဓာတ်သတ္တုပစ္စည်းကြွယ်ဝမှုကို အခြေခံကာ အဓိကနည်းပညာစက်မှုလုပ်ငန်းများဖြင့် ခေတ်မီတိုးတက်သော ပစ္စည်းများထုတ်လုပ်ရန်ဖြစ်၏။ ထိုအထဲတွင် သံမဏိ၊ တိုက်တင်နီယမ်၊ အလူမီနီယမ်စသော ဓာတ်သတ္တုများကို စွမ်းအားမြင့် အသုံးချခြင်းမျိုးဖြစ်၏။
- အိန္ဒိယဓာတုဗေဒစက်မှုလုပ်ငန်းကို ကမ္ဘာလုံးဆိုင်ရာ နည်းပညာတီထွင်မှုအဖြစ် အသွင်ပြောင်းကာ သန့်စင်သော လုပ်ငန်းစဉ်များဖြင့် ဆေးဝါးသစ်များ ထုတ်လုပ်ရန်ဖြစ်၏။ ထိုနည်းတူ ရေပိုက်နက်တွင်မှ ရရှိသော သယံဇာတများကို စီးပွားရေးစွမ်းပကားအဖြစ် အသွင်းပြောင်းရန် ဖြစ်၏။
- စက်မှုပစ္စည်းများ၊ အထည်အလိပ်များ၊ လျှပ်စစ်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရမည်။ ၂၀၁၀ ပြည့်နှစ်မှစ၍ အိန္ဒိယသည် နည်းပညာပို့ကုန်များကို ကမ္ဘာ့ခေါင်းဆောင်

အဖြစ် ထုတ်လုပ်မည့် အဆင့်ရောက်ခဲ့ရာ ရှေ့ဆက်၍ ထိုဦးဆောင်မှုကို လမ်းကြောင်းမပျောက်အောင် လုပ်ဆောင်သွားမည်။

- လုပ်ငန်းကျွမ်းကျင်သော လူသားသယံဇာတများကို အိန္ဒိယက ဦးဆောင်ကာ ကမ္ဘာအနှံ့သို့ ဖြန့်ချိပေးမည့် ဝန်ဆောင်မှုများကို လုပ်ဆောင်မည်။ လုပ်ငန်းဝန်ဆောင်မှုများကို သာမန်အဆင့်မှ ပိုမိုကျွမ်းကျင်သူအဆင့်သို့ တိုးမြှင့်သွားရမည် ဖြစ်သည်။
- အိန္ဒိယနိုင်ငံသည် စီးပွားရေးကို တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အာကာသလေ့လာရေး၊ အဏုမြူစွမ်းအင်စသည်တို့ကိုလည်း နိုင်နင်းစွာ ကိုင်တွယ်အသုံးချတတ်အောင် ကြိုးပမ်းနေရမည်။ အလွန်ရှုပ်ထွေးသော စက်ကိရိယာများ သို့မဟုတ် အီလက်ထရွန်နစ်များကို ပိုင်နိုင်ကျွမ်းကျင်နေစေရန် လေ့ကျင့်မှုမပြတ်ရှိနေစေရမည်။
- စီးပွားရေးကို ဘက်ပေါင်းစုံ အလျင်အမြန်တိုးတက်အောင် လုပ်နေစဉ်တွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုသည်လည်း အဓိကအရေးပါသည်။ နည်းပညာဆန်းသစ်တီထွင်မှုများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအနှံ့ လက်တန်ရှည်ရှည် လုပ်ဆောင်ပေးရမည်။ ကမ္ဘာက စံနမူနာပြုနိုင်လောက်သည့် အကောင်းဆုံးကျန်းမာရေးဆောင်ရွက်မှုကို အိန္ဒိယက လုပ်ဆောင်ပြရမည်။

***(အိန္ဒိယသမ္မတဟောင်း-အဗ္ဒူကာလန်၏ Building A New Nation ကို ပြန်ဆိုသည်)***

၀

နောက်ဆက်တွဲ (က)

# ရှီကျင့်ဖိန် နိဒါန်း

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၈ ရက်နေ့ နံနက်တွင် ပြည်သူ့ခန်းမကြီး၏ စကားပြောစင်မြင့်တွင် မတ်တတ်ရပ်၍ 'ရှီကျင့်ဖိန်'သည် တရုတ်ကွန်မြူနစ်ပါတီ၏ ၁၉ ကြိမ်မြောက် အမျိုးသားညီလာခံတွင် အစီရင်ခံစာကို ဖတ်ကြားနေ၏။ စကားလုံးပေါင်း ၃၂၀၀၀ ပါဝင်သော အစီရင်ခံစာသည် မျက်မှောက်ဆယ်စုနှစ်ကာလတွင် အထင်ရှားဆုံးဖြစ်သဖြင့် တက်ရောက်လာသူကိုယ်စားလှယ်များ၏ ကောင်းချီးသြဘာပေးမှုကို အကြိမ် ၇၀ ကျော်ပင် ရရှိခဲ့၏။

အစီရင်ခံစာထဲတွင် 'ရှီကျင့်ဖိန်'က တရုတ်အထူးဝိသေသလက္ခဏာဖော်ဆောင်သော ဆိုရှယ်လစ်ဝါဒသည် ခေတ်သစ်တွင် ပေါ်ထွန်းလာပြီဖြစ်ကြောင်း ပြောကြားခဲ့၏။

"ဒါဟာ တရုတ်ပြည်ဖွံ့ဖြိုးမှုရဲ့ သမိုင်းဝင်လမ်းဆုံလမ်းခွသစ်ပဲ"ဟု သူက ပြောခဲ့၏။ ဤအစီရင်ခံစာကို နိုင်ငံခြားဘာသာ ဆယ်ဘာသာပြန်ဆိုခဲ့၏။ ဘာသာပြန်သူအများစု၊ နိုင်ငံခြားဘာသာ ဘာသာဗေဒပညာရှင်အများစုတို့က 'ခွန်အားကြီးမားသော'ဆိုသည့် စကားလုံးသည် အထင်တကြီး တလေးတစားအသုံးပြုရာတွင် ပါဝင်ခဲ့သည်ဟု ဆိုကြသည်။

"ကျွန်တော် ပထမတစ်ချီဖတ်လိုက်ရကတည်းက စိတ်ဝင်စားသွားတယ်။ ကျွန်တော်မနက်ကနေ ညသန်းခေါင်အထိ ထမင်းမေ့ဟင်းမေ့ကိုဖတ်ခဲ့တယ်"ဟု ရုရှားမှ ဘာသာဗေဒပညာရှင် 'အောလ်မိဂူနိုဗာ'က ပြော

၏။ 'ခွန်းဖောင်ဒေးရှင်း'မှ တရုတ်ရေးရာပါရဂူ အမေရိကန်နိုင်ငံသား 'ရောဘတ်လောရင့်စ်ခွန်း'က ဤနိုင်ငံရေးအစီရင်ခံစာနှင့် ကွန်ဂရက်တွင် 'ရှီ'သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပါတီတစ်ခုလုံးတွင် အခရာဖြစ်ကာ သမိုင်းဝင်အဦးအစသစ်တွင် တရုတ်၏ ရပ်တည်ချက်ကို ဖော်ပြနေကြောင်း မှတ်ချက်ချခဲ့၏။

အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပသော ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေးတွင် 'ရှီ'ကို တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဒုတိယအကြိမ်ပြန်လည်ရွေးကောက် တင်မြှောက်ခဲ့ကြ၏။ ဤသည်မှာ တရုတ်ကွန်မြူနစ်ပါတီတစ်ခုလုံး၏ အလိုဆန္ဒကို ရောင်ပြန်ဟပ်ခြင်းပင် ဖြစ်၏။ ပြည်တွင်းနှင့်ပြည်ပက မီဒီယာများနှင့် လေ့လာသူများက 'ရှီ'သည် တရုတ်ပြည်ကြီးကို ပိုမိုကြီးမားကောင်းမွန်သော နိုင်ငံမှနေ၍ ကြီးကျယ်သြဇာညောင်းသော နိုင်ငံသစ်ကြီးအဖြစ် ဦးဆောင်သွားမည့် အသင့်လျော်ဆုံးပုဂ္ဂိုလ်ဟု မြင်ကြ၏။

၁၉၄၉ ခုနှစ်တွင် မော်စီတုံးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ကြောင်း ကြေညာခဲ့ကာ နိုင်ငံခြားကျူးကျော်သူများ၏လက်မှ အဖိနှိပ်ခံရာစုနှစ်ကို အဆုံးသတ်ပေးခဲ့၏။

'တိန့်ရှောက်ဖိန်'ကမူ ပြုပြင်ရေးနှင့် တံခါးဖွင့်ပေါ်လစီကိုချမှတ်ကာ နိုင်ငံချမ်းသာကြွယ်ဝရာလမ်းကြောင်းကို ဖောက်ပေးခဲ့၏။

၁၉ ကြိမ်နှင့် အကြိမ် ၂၀ မြောက်ပါတီကွန်ဂရက်ကြား လာမည့်ငါးနှစ်သည်ကား 'ရာစုနှစ်ခုပန်းတိုင်'ကို အကောင်အထည်ဖော်မည့်ကာလဖြစ်သည်ဟု 'ရှီ'က တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသစ်ကို စာနယ်ဇင်းများနှင့် မိတ်ဆက်ပေးရာ၌ ပြောကြားခဲ့၏။

"ကျွန်တော်တို့ဟာ ပထမရာစုပန်းတိုင်ကို အကောင်အထည်ဖော်ရုံမကပါဘူး။ ဒုတိယရာစုကို သွားမယ့်လမ်းကြောင်းပေါ်လည်း ရောက်နေပါပြီ။ အဲဒီတာဝန်တွေ ထမ်းဆောင်ဖို့၊ ရည်မှန်းချက်ပြည့်ဝအောင်မြင်ဖို့၊ တရုတ်ကွန်မြူနစ်ပါတီဝင်တွေရဲ့ ယုံကြည်မှုရဖို့ကို လုံ့လဉဿာဟကြီးစွာနဲ့ လုပ်ဆောင်သွားကြမယ်လို့ ကတိပြုပါတယ်"ဟု ပြောခဲ့သည်။

သူက တရုတ်ကွန်မြူနစ်ပါတီဝင်များသည် ထာဝစဥ်နှုပျိုလန်းဆန်းသော စိတ်ဓာတ်များရှိပြီး ပြည်သူ၏ ထာဝရကျေးကျွန်များအနေနှင့် ခေတ်၏ ရှေ့ဆောင်လမ်းပြ၊ နိုင်ငံ၏ ကျောရိုးသဖွယ် လုပ်ဆောင်သွားကြမည်ဟု အလေးထားပြောကြားခဲ့၏။

အရာရာကို ဖြစ်အောင်လုပ်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်ပေတည်း။

လွန်ခဲ့သော ငါးနှစ်က 'ရှီ'ကို မီဒီယာများက တရုတ်ကွန်မြူနစ်ပါတီ၏ ဆိုရှယ်လစ်မီဒီယာခေတ်၏ ပထမဆုံးဦးဆောင်သူဟု မြင်ခဲ့ကြ၏။ သူက ၁၈ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါ်လစ်ဗျူရို အလုပ်အမှုဆောင်အဖွဲ့မှ အသစ်ရွေးချယ်ထားသော ပုဂ္ဂိုလ်များကို ဦးဆောင်ကာ စာနယ်ဇင်းနှင့် တွေ့ဆုံခဲ့သူ ဖြစ်၏။

"လာမယ့် မိနစ်အနည်းငယ်အတွင်းမှာ နောင်လာမယ့်ဆယ်နှစ်အတွက် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးကို ခေါင်းဆောင်မယ့် ပုဂ္ဂိုလ်လာပါတော့မယ်။ တိုတိုပြောရရင် တရုတ်နိုင်ငံကို ကြီးကျယ်တဲ့နိုင်ငံကြီးအဖြစ် လုပ်ပေးမယ့်သူပဲ။ သူက ပြည်သူတွေရဲ့ ဝေဒနာတွေကို ပြောမယ်။ အကျင့်ပျက်ခြစားမှုတွေကို အမြစ်ကစ တွန်းလှဲပစ်မယ့်သူပဲ"ဟု 'ဖိုင်နယ်ရှယ်တိုင်းမ်(စ်)'သတင်းစာက ရေးခဲ့၏။

"သူက အရည်အချင်းလည်း ရှိတယ်။ နိုင်ငံရေးစွမ်းအားလည်း ရှိတယ်။ မြန်မြန်ထက်ထက် စပြီးအကောင်အထည်ဖော်တတ်တဲ့သူ၊ အောင်မြင်အောင် လုပ်တတ်သူပဲ"ဟု ဘော်စတွန်တက္ကသိုလ်မှ တရုတ်နိုင်ငံရေး ပါရဂူ 'ဂျိုးဇက်ဖူးစမစ်'က ပြောခဲ့၏။

လွန်ခဲ့သောငါးနှစ်က 'ရှီ'ကို စောင့်ကြည့်ခဲ့ကြ၏။ စီးပွားရေးတိုးတက်မှုနှေးကွေးလာသော၊ ချမ်းသာဆင်းရဲကွာဟမှုများလာသော၊ အကျင့်ပျက်ခြစားမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများလာသော တရုတ်ပြည်ကြီးကို တရုတ်ခေါင်းဆောင်သစ် 'ရှီ'မည်သို့ ကိုင်တွယ်ဖြေရှင်းမည်ကို စောင့်ကြည့်ခဲ့ကြ၏။

ယခုတော့ စောင့်ကြည့်ကာလကျော်လွန်ခဲ့ပြီ။ 'သမိုင်းဝင်အပြောင်းအလဲ'များကို မျက်ဝါးထင်ထင်မြင်ကြလေပြီပဲ။

အဓိကပြုပြင်ပြောင်းလဲရေး စီမံကိန်း ၃၆၀ ကို လုပ်ဆောင်ခဲ့ပြီးပြီ။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ၁၅၀၀ အစပျိုး လုပ်ဆောင်နေပြီ။

၂၀၁၃ နှင့် ၂၀၁၆ ကြားတွင် စီးပွားရေးက ၇.၂ ရာခိုင်နှုန်း တိုးတက်လာ၏။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုက ၂.၅ ရာခိုင်နှုန်းရှိ၏။

လူပေါင်း သန်း ၆၀ ကျော်က ဆင်းရဲနွမ်းပါးမှုကို လက်ပြနှုတ်ဆက်နိုင်ခဲ့ကြ၏။

ပြည်နယ်အဆင့်အထက်ရှိသူ ပုဂ္ဂိုလ်များ ရာပေါင်းများစွာကို အကျင့်ပျက်ခြစားမှုကိစ္စဖြင့် စုံစမ်းစစ်ဆေးခဲ့၏။ အရေးယူခဲ့၏။ ဤသို့ဖြင့် ပါတီဝင် ၈၉ သန်းကျော်သည့် သန့်ရှင်းစွာ၊ ပိုမိုခွန်အား တိုးတက်ကောင်းမွန်လာသည်။

တရုတ်တပ်မတော်မှ စစ်သည်နှစ်သန်းတို့သည်လည်း အတွေးအခေါ်ပုံစံ၊ အလုပ်ပုံစံများ ပြန်လည်ပုံဖော်နိုင်ခဲ့ကာ ဖွဲ့စည်းရေးပုံစံများ အသစ်ပြင်ဆင်နိုင်ခဲ့၏။

အတင်းကြပ်ဆုံး သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးစနစ်ကို ချမှတ်ပြီး လုပ်ငန်းအကောင်အထည်မဖော်နိုင်သော အရာရှိများစွာကို အပြစ်ပေးအရေးယူခဲ့၏။ ထို့ပြင် နိုင်ငံအနေနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် အထင်ကရ တိုးတက်အောင်မြင်များရခဲ့၏။ အာကာသစခန်း၊ ရေဒီယိုတယ်လီစကုတ်၊ ကွမ်တမ်ဂြိုဟ်တု၊ ရေငုတ်သင်္ဘောတို့တွင် အောင်မြင်တိုးတက်မှုများ အထင်အရှားတွေ့ရ၏။

ဆယ်စုနှစ် ခြောက်ခုကျော် အဆက်ပြတ်နေရာမှ ထိုင်ဝမ်ခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်ရေးတွေ့ဆုံမှုများ ပြုလုပ်နိုင်ခဲ့၏။

အထူးသဖြင့် အမေရိကန်တို့ ရုရှားတို့နှင့်လည်း တရုတ်သည် ဆက်ဆံရေးသစ် တစ်ခုတည်ဆောက်နိုင်ခဲ့သည်။

တရုတ်ငွေကြေးဖြစ်သော ယွမ်သည် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့နှင့် ဆက်သွယ်နိုင်ခဲ့သည်။ လူသားတို့၏ အနာဂတ်ကောင်းကျိုးကို ရှေ့ရှုသော 'ခါးပတ်နှင့် လမ်း' အစီအစဉ်ကိုလည်း ချမှတ်ကာ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုများ စတင်နိုင်ခဲ့၏။

အထက်ဖော်ပြပါ လုပ်ငန်းအားလုံးမှာ လွယ်ကူသည့်ကိစ္စရပ်များ

မဟုတ်။ သို့သော် 'ရှီ' နှင့် သူ၏ လုပ်ဖော်ကိုင်ဖက်များက အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့၏။ 'ရှီ'၏ မမိုတ်မသုန်သော စိတ်ခွန်အားနှင့် စွမ်းဆောင်မှုများကြောင့် သူလုပ်သမျှ အောင်မြင်ခဲ့သည်။

"ပြည်သူနဲ့ပါတီကသာ ကျွန်တော်တို့လုပ်စေချင်တာရှိရင် ကျွန်တော်တို့ မတုန့်မဆိုင်းလုပ်သွားမှာပဲ" ဟု တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်များတက်သော အစည်းအဝေးတစ်ခုတွင် 'ရှီ'က ပြောခဲ့ဖူးသည်။

'ရှီ'၏ တရုတ်ပြည်အနာဂတ်လမ်းပြမြေပုံကား စိတ်လှုပ်ရှားစရာကောင်း၏။ ကြီးကျယ်သော ခေတ်သစ်ဆိုရှယ်လစ်နိုင်ငံဖြစ်ရန်အတွက် အတော်အသင့်ချမ်းသာကြွယ်ဝသော ဘက်ပေါင်းစုံလူ့အဖွဲ့အစည်းဖြစ်ရန် ၂၀၂၀ ကို ရည်မှန်း၏။ ၂၀၂၀ မှ ၂၀၃၅ ကြားတွင် ဆိုရှယ်လစ်ခေတ်မီရေးကို အခြေချမည်။ ၂၀၃၅ မှ ရာစုနှစ်လည် ကာလအတွင်းတွင် တရုတ်ပြည်သည် ကြီးမားသော ခေတ်မီဆိုရှယ်လစ်နိုင်ငံ ဖြစ်မည်။ ထိုနိုင်ငံသစ်သည် ကြွယ်ဝချမ်းသာ၊ အင်အားတောင့်တင်း၊ ဒီမိုကရေစီကျကျ၊ ယဉ်ကျေးမှုမြင့်တက်မြင့်မား၊ ဟန်ချက်ညီပြီး လှပသော နိုင်ငံဖြစ်စေရမည်ဟု ရည်မှန်းထား၏။

ထိုအခါကာလတွင် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှုကိုပေးနိုင်ကာ နိုင်ငံတကာဩဇာရှိသော နိုင်ငံဖြစ်မည်။ လူတိုင်းချမ်းသာကြွယ်ဝမှု အခြေခံအားဖြင့် ရရှိစေမည်။ ဘိန်းစစ်ပွဲ (၁၈၄၀-၁၈၄၂) ကာလမှစပြီး မျှော်မှန်းခဲ့သော တရုတ်နိုင်ငံအခြေအနေ ဖြစ်၏။

ဤရောမအိပ်မက်ကြီးကို အကောင်အထည်ဖော်ရန် တရုတ်ပြည်ကြီးကို ဦးဆောင်သွားမည့်သူမှာ ပြိုင်ဘက်ကင်းသည့် ပွဲကိုင်ရှင်ဖြစ်သော 'ရှီကျင့်ဖျင်'ပင်တည်း။

ထို့ကြောင့် 'ရှီ'ကို မီဒီယာများက 'ခွန်အားပြည့်ဝသော၊ ရည်မှန်းချက်ကြီးသော၊ စိတ်ဓာတ်တည်ကြည်ခိုင်မာသော၊ လမ်းဖောက်ထွင်သူ'ဟု ဖော်ပြကြခြင်း ဖြစ်၏။ ထို့ကြောင့် 'ရှီ'သည် ဟားဗတ်ကနေဒီကျောင်း၏ အက်ရှ်စင်တာမှ 'ဒီမိုကရက်တစ်အုပ်ချုပ်ရေးနှင့် တီထွင်မှု'ကို ဆောင်ကြဉ်းသော ကမ္ဘာ့ခေါင်းဆောင်ဆယ်ဦးတွင် ထိပ်ဆုံးတန်းဆင့်မှ ပါဝင်ခဲ့၏။

၁၉ ရက်နေ့တွင် ဂျပန်နိုင်ငံ 'နီကေးသတင်းစာ'က 'ရှီ'သည် နောက်ထပ် နှစ် ၃၀ သို့မဟုတ် ၃၀ ကျော်အတွက် တရုတ်ပြည်၏ မူကြမ်းကို ရေးဆွဲပြီးဖြစ်ကာ တရုတ်ပြည်ကို ကမ္ဘာလုံးဆိုင်ရာ ပါဝါအဆင့် ရောက်အောင် စီမံနိုင်သူဖြစ်သည်ဟု ရေးသားခဲ့၏။

လွန်ခဲ့သော ငါးနှစ် 'ရှီ' ရာထူးစတင် လက်ခံစဥ်ကာလက သူ၏ ပထမဦးစားပေးဆောင်ရွက်ချက်မှာ ပါတီတစ်ခုလုံးက ဗဟိုကော်မတီကို လေးစားရန်နှင့် စုပေါင်းဆောင်ရွက်မှုကို လိုက်နာရန် ကိစ္စဖြစ်၏။ ပါတီတွင် အားနည်းချက်အချို့ရှိကြောင်း သူသိ၏။ ထို အားနည်းချက်များထဲတွင် အဓိကအကျဆုံး စိန်ခေါ်မှုကား အကျင့်ပျက်ခြစားမှုပင် ဖြစ်၏။ အကျင့်ပျက်ခြစားမှုကို ပိုပြီးဆိုးမလာမီ နှိမ်နင်းမှဖြစ်မည်။ ထိုသို့မလုပ်နိုင်လျှင် ပါတီပြိုင်ကွဲပျက်စီးနိုင်သည်ကို 'ရှီ' ကောင်းကောင်းကြီး သိ၏။ ပါတီပြို ကွဲလျှင် နိုင်ငံ ယိုယွင်းပျက်စီးပြီ။ ထို့ကြောင့် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ပြီး အမြစ်ပြတ်ချေမှုန်းရန် 'ရှီ'က ဆုံးဖြတ်၏။ ဤနှိပ်ကွပ်နှိမ် နင်းလှုပ်ရှားမှုမှာ တရုတ်ကွန်မြူနစ်ပါတီ၏ ၉၆ နှစ်သမိုင်းတွင် အပြင်း ထန်ဆုံးဖြစ်၏။ ကမ္ဘာပေါ်တွင်လည်း ဤမျှထိရောက် ပြင်းထန်သော လှုပ်ရှားမှုမျိုး မရှိခဲ့။ ပထမဦးဆုံး 'ကျား'များထဲမှ တစ်ဦးကား 'လီချွန် ချိန်း' ဖြစ်၏။ သူက ရှီချွမ်ပြည်နယ်ကော်မတီမှ ကွန်မြူနစ်ပါတီ ဒုတိယ အတွင်းရေးမှူး ဖြစ်သည်။ သူက ၁၈ ကြိမ်မြောက် ကွန်မြူနစ်ပါတီဗဟို ကော်မတီ၏ အရန်အဖွဲ့ဝင်အဖြစ် အရွေးခံခဲ့ရသည်မှာ တစ်လသာရှိသေး ၏။ သူ့ကို ၂၀၁၂ ဒီဇင်ဘာတွင် စတင်စုံစမ်းစစ်ဆေး၏။ သူကဲ့သို့ပင် ပထမလအတွင်းတွင် စုံစမ်းထောက်လှမ်းခြင်းခံရသူ 'ကျား' ခုနစ်ကောင် လည်း ရှိ၏။

၂၀၁၄ ဇူလိုင်လတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံ ရေးဗျူရိုမှ အလုပ်အမှုဆောင် 'ချောင်ယွန်ကန်း'ကိုလည်း စုံစမ်းစစ်ဆေးခဲ့ ၏။ ပထမတော့ ပြည်သူများက အံ့ဩနေကြ၏။ ဤမျှ အဆင့်မြင့်ရာထူး ရှင်ကြီးတွေကို စုံစမ်းစစ်ဆေးနေ၍ ဖြစ်၏။

လွန်ခဲ့သော ငါးနှစ်အတွင်းတွင် 'သံခမောက်ဆောင်း'အရာရှိကြီး များထဲမှ အချို့သည် ဩဇာအာဏာကြီးမားလှသဖြင့် လွယ်လွယ်ကူကူနှင့်

ဖြတ်ပယ်၍ မရဟု ထင်ကြ၏။ သို့သော် သူတို့လည်း အကျင့်ပျက်ခြစားမှုနှင့် အကျုံးဝင်လျှင် ကျောသားရင်သားမရွေး အပြစ်ပေးခံရ၏။ 'ချောင်ချွန်ကန်း' အပြင် 'ဘိုကျီလိုင်' ခေါင်ဆိုရှောင် 'ရှုကဟောင်' 'ဆွန်ကျင်ကိုင်' 'လင်ရှီဟွာ'တို့သည်လည်း အပြစ်ပေးခံရ၏။ ၁၈ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင် ၄၃ ဦး၊ စည်းကမ်းထိန်းသိမ်းရေးစစ်ဆေးမှု ဗဟိုကော်မရှင်မှ ၉ ဦးတို့ အစစ်ဆေးခံရ၏။

"အကျင့်ပျက်ခြစားတဲ့ အရာရှိကြီးရာကျော်ကို မနှိပ်ကွပ်ခဲ့ရင် တရုတ်ပြည်သူ ၁.၃ ဘီလျံကို သစ္စာဖောက်ရာကျသွားမယ်"ဟု 'ရှီ'က ပြောခဲ့၏။ ဤအကျင့်ပျက်ခြစားမှုများကြောင့် စီးပွားရေးတိုးတက်မှု အဟန့်အတားဖြစ်မည်လားဟု စိုးရိမ်သူများအား 'ရှီ'က 'ကျွန်တော်သိသလောက်ပြောရရင်တော့ ကောင်းကင်ဟာ ပြိုမကျနိုင်ပါဘူး'ဟု ဖြေခဲ့၏။

'ရှီ'လျှောက်ခဲ့ရသောလမ်းက ဖြောင့်ဖြူးချောမွေ့လှသည်မဟုတ်။ ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ (စီပီစီ) အမျိုးသားကွန်ဂရက်အစီခံရင်စာတွင် 'ရန်းကန်တိုက်ပွဲ'ဟူသော စကားလုံးကို ၂၃ ကြိမ်မျှပင်သုံးထားခဲ့၏။ ၂၀၁၅ ခုနှစ်တွင် ဆင်နွှဲသော အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးစီမံချက်ကို အစီရင်ခံစာဟု ဖော်ပြထားခဲ့၏။ ၂၀၁၆ ခုနှစ်တွင်ကား စီပီစီသည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတွင် အပေါ်စီးမှရလာသည်ဟုဆိုရမည်။ ယနေ့အချိန်အခါတွင်ကား အတော်ပင် ထိရောက်နိုမ်နင်းနိုင်သောအဆင့်သို့ ရောက်လာပြီ။ ဆက်လက်၍ ပါတီကအကျင့်ပျက်ခြစားမှုကိုအမြစ်ဖြတ်ချေမှုန်းသွားရန် သန္နိဋ္ဌာန်ချထား၏။ အင်တာနက်မှ လူကြိုက်များသော ကာတွန်းတစ်ခုတွင် 'ရှီ'က ကျားပေါ်တွင်ခွထိုင်ကာ ကျားကြီးကိုသူ့လက်သီးဖြင့် အပြင်းအထန်ထိုးနှက်နေပုံကို ဖော်ပြထား၏။

အမျိုးသားစာရင်းအင်းဗျူရို၏ အဆိုအရ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးစတင်လုပ်ခဲ့သည့် ၂၀၁၂ မှစ၍ တရုတ်ပြည်သူ ၇၅ ရာခိုင်နှုန်းက ကျေနပ်ကြောင်းသိရ၏။ ၂၀၁၆ ခုနှစ်တွင် ကျေနပ်သူအရေအတွက်မှာ ၉၂.၉ ရာခိုင်နှုန်းထိ တိုးတက်လာသည်။

'ရှီ'က ပြည်သူ၏ ထောက်ခံမှုရစေရန်အတွက် 'ကျားကြီး'များ၊

'ယင်မမဲရိုင်း'ကြီးများကိုသာ နှိပ်ကွပ်သည်မဟုတ်ဘဲ အောက်တန်းအဆင့်မှ အရာရှိများ၏ အကျင့်ပျက်ခြစားမှုများကိုပါ နှိမ်နင်းခဲ့၏။

၂၀၁၃ ခုနှစ် စောစောပိုင်းက 'ဆင်ဟွာသတင်းဌာန'တွင် ဖော်ပြသော ဆောင်းပါးတစ်ပုဒ်၌ 'အစားအစာ အဟောသိကံဖြစ်မှု'အကြောင်း ရေးထား၏။ ၎င်းကို 'ရှီ'က ဖတ်မိပြီး 'အလေအလွင့် အဟောသိကံဖြစ်မှုတွေကို ရပ်ဝေရမယ်'ဟု ညွှန်ကြားချက်ထုတ်ခဲ့၏။ ပြည်သူ့ငွေကြေးများ အဟောသိကံဖြစ်မှုကို သူတားဆီးခဲ့၏။ ဤစီမံချက်ကို ငါးနှစ်ကြာ ကြပ်ကြပ်မတ်မတ် လုပ်ဆောင်ခဲ့၏။

"လူတွေက ပြောကြတယ်။ ညစာစားပွဲကြီးတွေမှာ အစားအသောက် ကုန်ကျစရိတ်က တစ်နှစ်ကို ဘီလျံ ၂၀၀ နီးပါးရှိတယ်တဲ့။ ဒါကို အရင်က ဘယ်သူမှမဖြေရှင်းကြဘူး။ ခုမှ အချက်ရှစ်ချက်ပါတဲ့စည်းမျဉ်းနဲ့ ကန့်သတ်ခြိုးခြံလို့ အကောင်အထည်ပေါ်လာတာပဲ"ဟု လက်ထောက်အတွင်းရေးမှူး 'ယန်ရှောက်ဒူ'က ပြောသည်။ ဤအကန့်အသတ်ထဲတွင် အရာရှိများအနေနှင့် မလိုအပ်သော ဇျူရိုကရက်ဆန်သည့် အစည်းအဝေးများ လျှော့ချခြင်း၊ အနှစ်မပါသော စကားစမြည်အစည်းအဝေးများဖြင့် အချိန်ကုန်စေခြင်းတို့ကို ဆင်ဆင်ခြင်ခြင်လုပ်ရန် ညွှန်ကြားထား၏။

အချက်ရှစ်ချက်ပါသော အကန့်အသတ်စည်းမျဉ်းက တရုတ်ပြည်ကို ပြောင်းလဲစေ၏။

"ပြည်သူတွေက ကျွန်တော်တို့ကို အာဏာအပ်နှင်းထားတာ။ ဒါကြောင့် ကျွန်တော်တို့က ပါတီနဲ့ နိုင်ငံအတွက် အသက်ကိုတောင်ပေးထားကြရမှာပေါ့။ ပါတီနဲ့ နိုင်ငံကောင်းကျိုးကို စွမ်းစွမ်းတမံလုပ်ကြရမှာပေါ့။ ကျွန်တော်တို့ လုပ်သင့်တာတွေ လုပ်ရမယ်။ ပြည်သူကို စိတ်အနှောင့်အယှက်ပေးတာမျိုးတွေ မလုပ်ကြရဘူး"ဟု 'ရှီ'က ပြောခဲ့သည်။

'ရှီ'က ပါတီမှတဝန်ရှိသူများကို ပြည်သူနှင့်နီးစပ်အောင် စီစဉ်ညွှန်ကြား၏။ ပါတီဝင်များအား ပါတီဖွဲ့စည်းပုံဥပဒေ၊ ပါတီစည်းကမ်း၊ အဓိကပေါ်လစီချမှတ်သော မိန့်ခွန်းများကို သေသေချာချာနားလည်စေရန် တိုက်တွန်း၏။ ပါတီ၏ သဘောတရားသစ်များကို ကျေကျေညက်ညက်နားလည်စေကာ ပါတီ၏ သမိုင်းဝင်ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်

သက်နက်တပ်ဆင်ပေးခဲ့၏။ ပါတီတွင်းမှ အခွင့်အရေးသမားများကို ဖယ်ရှား ပစ်၏။ လွန်ခဲ့သော ငါးနှစ်ကျော်က အခွင့်ထူးခံ ပါတီတာဝန်ခံ ၅၀၀၀ ကျော်ကို ရာထူးမှ ဖယ်ရှားခဲ့၏။ သူတို့၏ သားသမီးများ၊ ဇနီးများကို နိုင်ငံရပ်ခြားသို့ ပို့ကာ သူတကာထက် ပို၍အခွင့်အရေးခံစားစေကြ၍ ဖြစ်၏။ ပါတီတာဝန်ခံ ၂၂၀၀၀ ကျော်တို့ကို ရာထူးအပြောင်းအရွှေ့လုပ်ပစ်၏။

'ရှီ'၏ မမိုတ်မသုန် ခိုင်မာပြတ်သားသော စိတ်ဓာတ်သည် 'မာက့်စ်' ဝါဒကို ယုံကြည်မှုမှ အရင်းတည်ခဲ့၏။ 'ရှီ'၏ မိန့်ခွန်းများကို အသေးစိတ် လေ့လာသူ လုပ်ဖော်ကိုင်ဖက်တစ်ဦးက 'ရှီဟာ ကွန်မြူနစ်ဝါဒနဲ့ ဆိုရှယ် လစ်ဝါဒကို အခိုင်အမာယုံကြည်တယ်ဆိုတာ ထင်ရှားပါတယ်'ဟု မှတ်ချက် ချ၏။

'ပြန်လည်ဆန်းသစ်မှုလမ်း'အမည်ရှိ ပြပွဲတစ်ခုကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့က အမျိုးသားပြတိုက်တွင်ကျင်းပရာ 'ရှီ'လည်း သွားရောက်ခဲ့၏။ ထိုပွဲတွင် 'ရှီ'က 'ချင်ဝမ်ဒေါင်'အကြောင်းပြောပြ၏။ 'ချင်ဝမ်ဒေါင်'က 'ကွန်မြူနစ်ကြေညာစာတမ်း'ကို ဘာသာပြန်ရာတွင် အာရုံ စူးစိုက်လွန်းသဖြင့် လက်ဖက်ရည်ခွက်ထဲသို့ အညိုရောင်သကြား ထည့် မည့်အစား မင်တွေလောင်းထည့်ကာ သောက်မိခဲ့ပုံကို ပြောပြခြင်း ဖြစ် သည်။ 'သစ္စာတရားရဲ့ အရသာက သိပ်ချိုမြတယ်'ဟု 'ရှီ'က ပြောသည်။

'ရှီ'၏ စိတ်ဓာတ်ခွန်အားများသည် သူ့မိဘများဖြစ်ကြသူ 'ရှီကျုံ ဆွန်'နှင့် 'ကျိုရှင်'တို့ထံမှ အမွေရခြင်း ဖြစ်၏။ သူ့မိဘနှစ်ပါးလုံးပင် ငယ်ကယ်ရွယ်ရွယ်နှင့် တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသူများ ဖြစ်ကြ၏။ ၁၉၆၂ ခုနှစ်တွင် 'ရှီကျုံဆွန်'သည် နိုင်ငံရေးပြစ်ဒဏ် ၁၆ နှစ်ကျခံခဲ့ရ၏။ သို့သော် သူက စိတ်ဓာတ်မကျခဲ့။ ဖခင်လုပ်သူ၏ ပြစ်ဒဏ်ဂယက်က 'ရှီ' ကိုပင် ရိုက်ခတ်၏။ 'ရှီ'သည်လည်း ကြမ်းတမ်းသောဘဝကို လျှောက် လှမ်းခဲ့ရ၏။ 'ရှီ'က သူ့ဖခင်ထံ ရေးသောစာတစ်စောင်တွင် သတိထားမိတာ တစ်ခုရှိ၏။ သူ့ဖခင်သည် အကြပ်အတည်း၊ အခက်အခဲထဲရောက်နေစေ ကာမူ ကွန်မြူနစ်ဝါဒကို မမိုတ်မသုန်ယုံကြည်ကာ ပါတီ၏ ကြီးကျယ်မြင့် မြတ်မှု၊ ပါတီ၏ မှန်ကန်မှုနှင့် အောင်ပွဲကို မြဲမြံစွာ မဆုတ်မနစ်ယုံကြည် သက်ခံကြောင်း ဖြစ်၏။

''အဖေ့ရဲ့ စကားတွေလုပ်ရပ်တွေက ကျွန်တော်တို့အတွက် ရှေ့ကို ဆက်ချီတက်ဖို့ မှန်ကန်တဲ့လမ်းကြောင်းကို ညွှန်ပြနေတာပဲ''ဟု သူက ရေးခဲ့၏။

'ရှီ' ငါးနှစ်၊ ခြောက်နှစ်သားအရွယ်လောက်တွင် သူ့မိခင်က ဝယ်ပေးသော စာအုပ်တစ်အုပ်အကြောင်းလည်း ပြန်ပြော၏။ ထိုစာအုပ်မှာ တောင်ဘက်ခွန်မင်းဆက်ခေတ် (၁၁၂၇-၁၂၇၉)က မျိုးချစ်စစ်သူကြီး ယွီဖေ အကြောင်း ရုပ်ပြစာအုပ် ဖြစ်၏။ ထိုစာအုပ်ထဲတွင် ယွီ၏မိခင်က သူ့သား ကျောပေါ်တွင် နိုင်ငံကိုချစ်ရန်အတွက် တရုတ်အက္ခရာစာလုံးလေးလုံး ဆေးမင်ကြောင်ထိုးပေးခဲ့ပုံပါဝင်၏။ ထိုစာလုံးလေးလုံးမှာ 'ဂျင်းကျော်ဘောင်ဂေါင်' (လုံးဝဥဿုံ သစ္စာရှိစွာဖြင့် နိုင်ငံအကျိုးဆောင်ရွက်)ဆိုတဲ့ စာလုံးလေးလုံးဖြစ်သည်။ ''ကျွန်တော် ဒီစာလုံးလေးလုံးကို တစ်သက်လုံးစွဲနေခဲ့တယ်။ ဒီစာလုံးတွေနောက်ကို ကျွန်တော့်ဘဝတစ်ခုလုံး ကောက်ကောက်ပါအောင် လိုက်ခဲ့တာပဲ''ဟု 'ရှီ'က ပြောသည်။ 'ရှီ'သည် ငယ်စဉ်ကပင် 'ကွန်မြူနစ်လူငယ်အဖွဲ့ချုပ်'ကို ရှစ်ကြိမ်၊ တရုတ်ကွန်မြူနစ်ပါတီကို ဆယ်ကြိမ်ပါတီဝင်အဖြစ် လျှောက်ထားခဲ့၏။ အသက် ၂၀ တွင် ပါတီဝင်ဖြစ်လာ၏။

''ရှီက တကယ့်ခေါင်းဆောင်ကြီးပဲ။ သူက ရုံးထိုင် အလုပ်လုပ်ရုံ တင်မကဘူး။ ပြည်သူကြားလည်း ဆင်းတဲ့သူပဲ''ဟု ၁၉ ကြိမ်မြောက် စီပီစီအမျိုးသားကွန်ဂရက်အစီရင်ခံစာကို ဘာသာပြန်သူ နိုင်ငံခြားဘာသာဗေဒပညာရှင် ကိုးဦးအနက်တစ်ဦးဖြစ်သူ လာအိုလူမျိုး 'ကီယိုဗစ်လမ်ဇီယွန်' က ပြောသည်။

''ကျွန်တော် လေ့လာမိသလောက်ပြောရရင် လူတွေအများစုက သူ့ကိုကြိုက်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အပြောင်းအလဲကြီးတွေ အများကြီးလုပ်ခဲ့သူကိုး''ဟု ပြင်သစ်ဘာသာပြန်သူ 'ပဂ္ဂီကန်တော့ဇ်ဖူးယက်' ကလည်း မှတ်ချက်ချ၏။

လွန်ခဲ့သော ငါးနှစ်အတွင်းတွင် 'ရှီ'ကို သာမန်ပြည်သူများကြားတွင် မကြာခဏတွေ့ရတတ်၏။ သူ့ပတ်ဝန်းကျင်တွင် ဩဘာလက်ခုပ်ချီးကျူးသံတွေ၊ မိုဘိုင်းဖုန်းကင်မရာများ တဖျပ်ဖျပ်ရိုက်သံတွေ စီညံနေ၏။

လမ်းဘေးစားသောက်ဆိုင်တွင် သူက ပြည်သူများနှင့်အတူ တန်းစီပြီး ဝယ်စား၏။ သူ 'ပညာတတ်လူငယ်'အနေနှင့် ကျေးလက်တွင်လုပ်ဆောင်ခဲ့စဉ်က နေရာများသို့ရောက်လျှင် မိတ်ဟောင်းဆွေဟောင်းတွေအတွက် အမှတ်တရလက်ဆောင်တွေ ယူသွားသည်။ ရေနံတန်းမှာ လုပ်ဆောင်နေသူ အလုပ်သမားများနှင့် မိုးရေထဲအကြာကြီးရပ်ပြီး စကားပြော၏။ လယ်သမားများ၏ စပါးကျီနှင့် မီးဖိုချောင်ထဲအထိဝင်ပြီး လေ့လာ၏။ ငလျင်ဒဏ်ခံရသည့် နေရာသို့သွားကာ ဒုက္ခသည်များ၏ တဲတွင်ညအိပ်၏။

'ရှီ'သည် တစ်ခါတစ်လေ နှင်းတွေသည်းကြီးမည်းကြီးကျနေစဉ်တွင် ဘေးဂျင်း၏ ဆင်ခြေဖုံးရပ်ကွက်သို့သွားကာ ရပ်ကွက်သူ၊ ရပ်ကွက်သားများ လစာဘယ်လောက်ရသလဲ၊ အလုပ်က အဆင်ပြရဲ့လား၊ လခနဲ့အသုံးမျှ မမျှ၊ အနွေးဓာတ်အတွက် ဘာတွေနဲ့ မီးမွေးမီးလှုံနေကြသလဲ၊ အနီးဆုံး အများသုံးအိမ်သာက အဆင်ပြေရဲ့လားကအစ စုံစမ်းမေးမြန်းတတ်သည်။

တရုတ်ပြည်၏ အဆင်းရဲဆုံးဒေသသို့လည်း ကိုယ်တိုင်သွားရောက်ကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လက်တွေ့ကွင်းဆင်းခဲ့၏။

၁၉ ကြိမ်မြောက် စီပီစီအမျိုးသားကွန်ဂရက်တွင် 'ရှီ'သည် တရုတ်ပြည်အနောက်တောင်ဘက် 'ဂွီချောင်ပြည်နယ်'၏ ကိုယ်စားလှယ်ဖြစ်သည်။ ဤနေရာက တရုတ်ပြည်တွင် အဆင်းရဲဆုံးဖြစ်၏။ လူတစ်ဦးချင်း ဂျီဒီပီက ယွမ် ၃၃၀၀၀ (အမေရိကန်ဒေါ်လာ ၄၉၈၀) ဖြစ်၏။ ထိုဒေသမှ ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီးဆွေးနွေးကာ 'ရှီ'က အဖြေရှာပေးခဲ့၏။

"တရုတ်ကွန်မြူနစ်တွေရဲ့ အဓိကရည်မှန်းချက်က တရုတ်ပြည်သူတွေ ပျော်ရွှင်ဖို့၊ တရုတ်နိုင်ငံကြီး ပြန်လည်အားသစ်လောင်းဖို့ပဲ"ဟု ကိုယ်စားလှယ် ၂၃၀၀ တက်သော ကွန်ဂရက်တွင် 'ရှီ'က ပြောခဲ့သည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာက ဟူနန်ပြည်နယ်အလယ်ပိုင်းသို့ စစ်ဆေးရေးသွားရောက်ခဲ့ကာ 'မြောင်'တိုင်းရင်းသားလူနည်းစုနှင့် တွေ့ဆုံခဲ့၏။ ထိုအချိန်က ဤဒေသသည် ဆင်းရဲတွင်းနစ်နေသော ဒေသဖြစ်၏။

"ကျွန်မရှင့်ကို ဘယ်လိုခေါ်ရမလဲ"ဟု စာမတတ်သူ ရွာသားတစ်ဦးက 'ရှီ'ကို မေး၏။

“ကျွန်တော်က ပြည်သူ့ကျွန်ပါ”

‘ရှီ’က သူ့ကိုယ်သူ မိတ်ဆက်၏။

‘ရှီ’က ဤဒေသတွင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို လုပ်ပေးခဲ့၏။ ‘ကီဝီ’သီးပင်များစိုက်လုပ်ရန် အရင်းအနှီးနှင့် အတတ်ပညာများပေးဝေခဲ့၏။ ယခုတော့ ထိုဒေသသည် ဆင်းရဲခြင်းမှ လွတ်ကင်းသွားလေပြီ။

သက္ကရာဇ် ၂၀၂၀ တွင် ဆင်းရဲနွမ်းပါးသူပေါင်း လက်ကျန်သန်း ၄၀ ကို ဆင်းရဲတွင်းမှ လွတ်စေရမည်ဟု ‘ရှီ’က ကတိပေးခဲ့သည်။ ပိုမိုကောင်းမွန်သော ပညာရေး၊ ပိုမိုအာမခံချက်ရှိသော အလုပ်၊ ပိုမိုကောင်းမွန်သော ဝင်ငွေ၊ ပိုမိုအားကိုးအားထားလောက်ဖွယ်သော လူမှုရေးအာမခံချက်၊ ပိုမိုကောင်းမွန်သော ဆေးဝါးကုသမှု၊ ပိုမိုကောင်းမွန်သော အိမ်ရာ၊ ပိုမိုလှပသော ပတ်ဝန်းကျင်၊ ပိုမိုကြွယ်ဝသော ယဉ်ကျေးမှုဘဝများရရှိစေရန် ‘ရှီ’က အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်နေ၏။

တရုတ် အထူးဝိသေသလက္ခဏာပါသော ဆိုရှယ်လစ်ဝါဒကား ခေတ်သစ်တွင် တရုတ်လူမှုအဖွဲ့အစည်း၏ ဟန်ချက်မညီသော၊ လုံလောက်မှုမရှိသေးသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ၏ အစဉ်အမြဲတိုးပွားလာသော ပိုမိုကောင်းမွန်သော ဘဝလိုအပ်ချက်တို့ကြားတွင် ရှိနေသည်ဟု ‘ရှီ’က ပြော၏။

ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ‘ရှီ’က အရည်အသွေးပြည့်ပညာရေးကို နိုင်ငံရှိကလေးတိုင်း ညီတူညီမျှ သင်ကြားခွင့်ရရှိရေးကို ကြိုးစားလုံးပမ်းနေ၏။ ‘ကျန်းမာသော တရုတ်ပြည်’ဖြစ်ရန်လည်း အဓိကကျသော ဆေးပညာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်စီစဉ်နေ၏။

ကိုယ်ပိုင်ပစ္စည်းဥစ္စာ အခွင့်အရေးကာကွယ်မှုစနစ်ကလည်း ပိုမိုတိုးတက်လာပြီဖြစ်ရာ ပြည်သူတို့၏ ပိုမိုလုံခြုံစိတ်ချမှုအတွက် အာမခံနိုင်ပြီ ဖြစ်သည်။

‘ရှီ’က စီပီစီ၏ ပြည်သူကို အလုပ်အကျွေးပြုမှုဝါဒကို စိတ်ရောကိုယ်ပါ ထောက်ခံကာ လေ့ကျင့်ပေးနေ၏။ ‘ရှီ’ကိုယ်တိုင် ယခုအခြေအနေ

သို့ရောက်လာသည်မှာ 'ပညာတတ်လူငယ်'အနေနှင့် သူကျေးလက်ဆင်း အလုပ်လုပ်ကိုင်ခဲ့သော အတွေ့အကြုံများရခဲ့၍ ဖြစ်၏။ တစ်ချိန်က မြို့ပြ နေလူငယ်များကို ကျေးလက်သို့စေလွှတ်ကာ 'လယ်သမားများထံမှ ပညာ ယူ'ဆိုသော ယဉ်ကျေးမှုတော်လှန်ရေး လှုပ်ရှားမှုရှိခဲ့၏။

'ရှီ'သည် တရုတ်ပြည်အနောက်မြောက်ဘက် 'ရှာချီ'ပြည်နယ်ရှိ 'လျန်ဂျီဟဲ'ခေါ် ရွာငယ်လေးတွင် ၁၉၆၉ မှ ၁၉၇၅ ထိ နေခဲ့ဖူး၏။

"အဲဒီအချိန်က ကျွန်တော်အလုပ်မျိုးစုံလုပ်ခဲ့ရတယ်။ မြေရိုင်းတွေ ခုတ်ထွင်ရတယ်။ ပျိုးကြဲတယ်။ လယ်ထွန်တယ်။ နွားဆိတ်ကျောင်းတယ်။ မီးသွေးဖုတ်တယ်။ နွားချေးကျုံးတယ်။ ဒီလိုနဲ့ ကျွန်တော် ပြည်သူတွေရဲ့ ဘဝကို လက်တွေ့နားလည်ခွင့်ရခဲ့တယ်။ ဒီအတွေ့အကြုံတွေဟာ ကျွန်တော့် ဘဝအတွက် အဖိုးမဖြတ်နိုင်တဲ့ ပညာတွေပဲ"ဟု 'ရှီ'က ပြော၏။

'ရှီ'သည် လူဦးရေထူထပ်သော ဤနိုင်ငံ၏ သာမန်ပြည်သူများ၏ ဘဝကို သေသေချာချာ သိနားလည် သဘောပေါက်ခဲ့၏။ သူ၏ နိုင်ငံရေး သက်တမ်း ၄၄ နှစ်အတွင်းတွင် အောက်ခြေပါတီခေါင်းဆောင်ငယ်လေး အဆင့်မှ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်ကြီးအဆင့်အထိ တက်လှမ်း ခဲ့ရ၏။ သာမန်ပြည်သူဘဝမှ နိုင်ငံ၏ သမ္မတအဖြစ်ရောက်ခဲ့ရ၏။ သူလိုင်ါ လို တပ်မတော်အရာရှိငယ်အဖြစ်မှ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ ဖြစ်ခဲ့၏။

သူက ပါတီ၊ အစိုးရနှင့် တပ်မတော်တွင် အမှုထမ်းဖူးသည်။ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ဗဟိုအဆင့် အမျိုးစုံဖြတ်သန်းဖူး၏။ မည်သည့်နေရာဌာနတွင်မဆို သူ၏ လုပ်ရပ်က ထူးခြားပြောင်မြောက် စွမ်းရည်ထက်မြက်ခဲ့သူ ဖြစ်သည်။ သူက တရုတ်ကွန်မြူနစ်ပါတီကို ပြည်သူ့ အကျိုးဆောင်ရေးအတွက် ဦးဆောင်၏။ ရှေ့ကို ကြံ့မြင်တတ်သကဲ့သို့ သုံးသပ်ဆင်ခြင်မှုတွင်လည်း အားကောင်း၏။

"ကျွန်တော် ရှီကိုလေးစားတယ်။ တရုတ်ခေါင်းဆောင်အနေနဲ့ ခေတ်သစ်အတွက် လိုအပ်တဲ့ အရည်အသွေးတွေ သူ့မှာအကုန်ရှိတယ်"ဟု ၁၉ ကြိမ်မြောက် စီပီစီအမျိုးသားကွန်ဂရက်အစီရင်ခံစာကို ဘာသာပြန် နေသူ ရုရှားဘာသာဗေဒပညာရှင် 'အောလ်ဂါမီဝွန်နိုဗာ'က ပြောသည်။

## တရုတ်ပြည်ပြုပြင်ပြောင်းလဲရေးနောက်ကွယ်မှ မဟာဗျူဟာပညာရှင်

၂၁ ရာစုတွင် တရုတ်ပြည်ခေတ်မီရေးအတွက် ရှေ့သို့တက်လှမ်းရန် 'ရှီ'သည် ကမ္ဘာ့အကြီးဆုံးပမာဏရှိသော ပြုပြင်ပြောင်းလဲရေးပုံစံကို စတင်ချမှတ်ခဲ့သည်။

၂၀၁၂ တွင် တရုတ်ကွန်မြူနစ်ပါတီ၏ အကြီးအကဲအဖြစ် တာဝန်ယူပြီး ရက်သတ္တတပ်သုံးပတ်အကြာတွင် 'ရှီ'သည် ၁၉၉၂ ခုနှစ်က 'တိန့်ရှောက်ဖိန်' လျှောက်လှမ်းခဲ့သော လမ်းအတိုင်း တရုတ်ပြည်တောင်ပိုင်း ဌမ်တုံးပြည်နယ်သို့သွားခဲ့၏။ ထိုဒေသသည် လွန်ခဲ့သော နှစ် ၃၀ ကျော်အကြာက ပြုပြင်ပြောင်းလဲရေးစတင်လုပ်ခဲ့သော ရှေ့တန်းနေရာဖြစ်၏။ ထိုနေရာတွင် 'ရှီ'က 'ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ရေးသည် တရုတ်ပြည်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးသည်'ဟု ကြေညာလိုက်၏။ ထိုအခါ တရုတ်ပြည်၏ အနာဂတ်ကို မရေရာမသေချာဟု ယူဆသူများက သံသယဝင်ကြသည်။ စီးပွားရေးမအောင်မြင်သည့်ကိစ္စမှသည် အလုံးစုံပြိုကွဲပျက်စီးသည်အထိ မအောင်မြင်ဟု ထင်ကြ၏။ 'ရှီ'ကမူ သူကိုယ်သူစိတ်ချယုံကြည်သူပီပီ အစစအရာရာကို တာဝန်ခံ၏။

"ကျွန်တော့်အပေါ် ယုံကြည်မှုတွေ ဆုံးရှုံးကုန်မှာစိုးလို့ နေ့ရောညရောဘက်စုံက စဉ်းစားသုံးသပ်တယ်။ တာဝန်ကြီးကြီးကို ယူထားသူအနေနဲ့ တာဝန်ခံရမှာပဲ"ဟု ပြောသည်။ သူက လွန်ခဲ့သောနှစ် ၁၈၀၀ က 'ရှုကျီလန်'ဆိုသော နိုင်ငံရေးသမားကို အတုယူ၏။ ထိုသူက မဟာဗျူဟာမြောက် စဉ်းစားတွေးတောမှုနှင့် လုံ့လဉဿဟအရာတွင် ပါရဂူမြောက်သူဖြစ်၏။

'ရှီ'က သူ၏ ထိပ်တန်းဆင့် ဒီဇိုင်းနှင့် မဟာဗျူဟာမြောက်အစီအစဉ်ကို 'စက်ဝန်းငါးခု' ဘက်စုံပေါင်းစပ်မှုဖြင့် ချမှတ်သည်။ ဤအစီအစဉ်တွင် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ဂေဟဗေဒတိုးတက်မှုများ အကျုံးဝင်သည်။ ထို့နောက် 'ခက်ရင်းသွား လေးခုကျယ်ပြန့်သော မဟာဗျူဟာ' ချမှတ်ကာ အတော်အသင့်ကြွယ်ဝသော ဘက်စုံလူမှု

အသိုက်အဝန်း ထူထောင်၊ ပြုပြင်ပြောင်းလဲရေးကို နက်ရှိုင်း၊ အဆင့်မြင့် ဥပဒေအခြေပြု အုပ်ချုပ်ရေးလုပ်ဆောင်၊ ပါတီ၏ အုပ်ချုပ်ရေးကို ခိုင်မာ သန့်စွမ်းအောင်လုပ်သည်။

သူက တရုတ်စီးပွားရေးတိုးတက်မှု၏ လတ်တလောကဏ္ဍကို 'ပုံမှန် သစ်'ဟု ဖွင့်ဆိုခဲ့၏။ ၎င်းမှတစ်ဆင့် ဖွံ့ဖြိုးစေရန် အခြေသစ်များကို ရှာ၊ စီးပွားရေးအတွက် မောင်းနှင်အားသစ်များကို ထုတ်ဖော်မည် ဖြစ်၏။

၂၀၁၃ ဧပြီလမှစ၍ အရာရှိတစ်စုကို ဦးဆောင်ကာ ၁၈ ကြိမ်မြောက် စီပီစီဗဟိုကော်မတီ၏ တတိယအကြိမ် ညီလာခံအတွက် ပြုပြင်ပြောင်းလဲ ရေး အစီရင်ခံစာတင်ရန် လုပ်ဆောင်၏။

"ကျွန်တော်တို့ဆီကို ဌာနမျိုးစုံကအဆိုပြုလွှာ ၁၀,၀၀၀ ကျော်ရ တယ်။ နယ်မြေအစိုးရတွေဆီကလည်း ရတယ်။ ဘယ်ဟာကို ဦးစားပေး ရမလဲဆိုတာတောင် ဆုံးဖြတ်ရခက်နေတယ်"ဟု တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါ်လစီသုတေသနရုံးမှ ဒုတိယညွှန်ကြားရေးမှူး 'ကျင်ဇင်လီ' က ပြောသည်။

"ဒါတွေကို နောက်ဆုံးအဆုံးအဖြတ်ပေးတာကတော့ ရှီပဲ။ အရေး ကြီးတဲ့ လူမှုရေးဝိရောဓိတွေဖြစ်စေတဲ့ ပြဿနာတွေကို ကိုင်တွယ်ဖို့ပေါ့" ဟု ဆက်ပြောသည်။

၂၀၁၃ ခုနှစ် ကျယ်ပြန့်သောပြုပြင်ပြောင်းလဲမှုတွင် အရာရှိကြီးများ အတွက်ပေးသော အိမ်ရာများကိုစွလည်းပါ၏။ ထိုပုဂ္ဂိုလ်ကြီးများနှင့် သူတို့ မိသားစုများသည် သူတို့ အငြိမ်းစားယူပြီးတိုင်အောင် ထိုအိမ်ရာများတွင် ဆက်နေကြ၏။ တကယ်တော့ တာဝန်ထမ်းဆောင်ဆဲ အရာရှိကြီးများ အတွက်သာ အိမ်ရာပေးခြင်းဖြစ်သည့် ကိစ္စမျိုးကို 'ရှီ'မတိုင်မီက ဆွေးနွေး ခဲ့ကြသော်လည်း အဆုံးအဖြတ်က မကျ။

'ရှီသည် ကျွန်ုပ်တို့၏ အုပ်စုခေါင်းဆောင်'ဟု တရုတ်ကွန်မြူနစ် ပါတီအာဘော် 'ပြည်သူ့နေ့စဉ်'သတင်းစာက ခေါ်ဝေါ်သုံးစွဲသည်။ အဘယ် ကြောင့်ဆိုသော် ယခင် ငါးနှစ်အတါင်း 'ရှီ'သည် ပြုပြင်ပြောင်းလဲရေး အဓိကကိစ္စ တော်တော်များများတွင် ခေါင်းဆောင်သူဖြစ်၍ ဖြစ်၏။ ဆိုက် ဘာလုံခြုံရေး၊ တပ်မတော်ပြုပြင်ပြောင်းလဲရေးတို့မှအစ ဘဏ္ဍာရေးနှင့်

စီးပွားရေးကိစ္စများအထိ သူမပါလျှင် မပြီး။ 'ရှီ'က တရုတ်ကွန်မြူနစ်ပါတီကို ဥပဒေအခြေပြု အုပ်ချုပ်ရေးစနစ်လုပ်ငန်းအသီးသီးတွင် တိုးမြှင့်အကောင်အထည်ဖော်ရန်၊ ဗဟိုဦးဆောင်အဖွဲ့ ဖွဲ့ရန် ကြေညာခဲ့၏။

'ရှီ'သည် ဤအုပ်စုများ၏ အလုပ်တိုင်းတွင် ပါဝင်၏။ အရေးကြီးသော ပေါ်လစီများ၏ မူကြမ်းကို ဝါကျတစ်ကြောင်းခြင်းဖတ်ပြီး သုံးသပ်၏။

'ရှီ'နှင့် နီးစပ်သူများက 'ဆင်ဟွာ'ကိုပြောကြားရာ၌ သူ့ကိုတင်ပြသော အစီရင်ခံစာတိုင်းကို သူဖတ်သည်ဆို၏။ ညနေဘက်မည်မျှနောက်ကျပြီးဝင်သော အစီရင်ခံစာပင်ဖြစ်စေ နောက်နေ့ နံနက်တွင် မှတ်ချက်နှင့်အတူပြန်ချပေးတတ်၏။

'ရှီ'၏ ခေါင်းဆောင်မှုအောက်တွင် ခေတ်မီစီးပွားရေးစနစ် ပုံစံသစ်တစ်ခု တရုတ်ပြည်တွင် ရုပ်လုံးပေါ်လာသည်။ ထိုအထဲတွင် စွမ်းအင်ပမာဏများများ ထုတ်လုပ်ရေးကိစ္စ၊ တီထွင်ဆန်းသစ်ရေး၊ ကျေးလက်တိုးတက်ကြီးပွားရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေး၊ အလုံးစုံတံခါးဖွင့်ရေးပုံစံများပါဝင်၏။

'ရှီ'က အရာရှိများကို ပိုမိုနားလည်သဘောပေါက်နိုင်ရန် ကမ္ဘာလှည့်ခရီးသွား တရုတ်လူမျိုးများ နိုင်ငံခြားသွားပြီး နိုင်ငံခြားဖြစ်လျှင် စစ်ထမင်းအိုးများနှင့် အီလက်ထရွန်နစ် အိမ်သာထိုင်ခုံ ဝယ်ကြပုံဇာတ်လမ်းများကို ပြောပြသည်။

'ရှီ'ကမူ ထူးခြားသော တရုတ်ဝိသေသလက္ခဏာ ဖော်ဆောင်သည့် ဆိုရှယ်လစ်ဝါဒစနစ်တိုးတက်ဖွံ့ဖြိုးရန်၊ နိုင်ငံ၏ အုပ်ချုပ်ပုံစနစ်နှင့် စွမ်းရည်ခေတ်မီရန်တို့ကို အာရုံစိုက်၏။

တည်ငြိမ်ရေးနှင့် ထိရောက်ရေးကို 'ပဉ္စမမြောက်ခေတ်မီရေး'အနေနှင့် ဖော်ဆောင်သည်။ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ ကာကွယ်ရေးနှင့် သိပ္ပံတို့ကို 'ခေတ်မီရေးလေးခု'အဖြစ် ၁၉၆၀ ပြည့်နှစ်များတွင် ပါတီက သတ်မှတ်ခဲ့၏။

ဥပဒေအခြေပြုအုပ်ချုပ်ရေး၊ သဘာဝပတ်ဝန်းကျင် သဟဇာတရှိရေး၊ ဆိုရှယ်လစ်တန်ဖိုးအနှစ်သာရ သိရှိရေးတို့မှသည် ယဉ်ကျေးမှုယုံကြည်ချက်ရှိရေးသည်တို့ကို တရုတ်၏ မဟာခေတ်မီရေးဒီဇိုင်းတွင် အသစ်ထပ်မံဖြည့်ဆည်းထား၏။

'ရှီ'၏ ရည်မှန်းချက်သည် 'ခေတ်မီသော မဟာဆိုရှယ်လစ်နိုင်ငံ' ဖြစ်သည်။ ၄င်းသည် ဆိုရှယ်လစ်ဝါဒက အရင်းရှင်ဝါဒအပေါ် အောင်နိုင်ခြင်းဖြစ်၏။ ၄င်းသည် တရုတ်ပြည်ကို အလတ်တန်းစားဝင်ငွေထောင်ချောက်မှ ရှောင်လွဲစေရုံမျှမက အခြားဆိုရှယ်လစ်နိုင်ငံများ၏ အုပ်ချုပ်ရေးအတွက် နမူနာယူစရာလည်း ဖြစ်ပေသည်။

## တပ်မတော်ကို အသွင်ပြောင်းခဲ့သော ထိပ်တန်းတပ်မှူးကြီး

ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအနေနှင့် 'ရှီ'သည် ကမ္ဘာ့အင်အားအကောင်းဆုံး တပ်မတော်ကြီးတည်ထောင်ရန် ကြိုးပမ်းခဲ့၏။ ဤရည်မှန်းချက်အောင်မြင်ရန်အတွက် တပ်ဖွဲ့ဝင်နှစ်သန်းရှိသော တပ်မတော်ကြီးကို ခြေလှမ်းနှစ်လှမ်းဖြင့် ချဉ်းကပ်အကောင်အထည်ဖော်ခဲ့၏။

"၂၀၃၅ မှာ ကျွန်တော်တို့ရဲ့ အမျိုးသားကာကွယ်ရေးတပ်မတော်ရဲ့ ခေတ်မီရေးက အခြေခံအားဖြင့် ပြီးမြောက်သွားမယ်။ ၂၁ ရာစုအလယ်ပိုင်းလောက်ကျရင်တော့ ကျွန်တော်တို့ ပြည်သူ့တပ်မတော်ဟာ ကမ္ဘာ့အဆင့်မီ တပ်မတော်အဆင့်ကို ရောက်နေမှာပဲ"ဟု ၁၉ ကြိမ်မြောက် စီပီစီ အမျိုးသားကွန်ဂရက်အစီရင်ခံစာတွင် ပြောကြားခဲ့၏။ ဤရည်မှန်းချက်ပန်းတိုင် နှစ်ခုလုံးကား မလွယ်ကူလှပါ။ 'ရှီ'က တပ်မတော်၏ စစ်အတွင်းကာလက တော်လှန်ရေးစိတ်ဓာတ်ကို ပြန်လည်နှိုးဆွခဲ့ရ၏။

'မော်'၏ ထင်ရှားသောစကားရပ်များထဲတွင် 'နိုင်ငံရေးအာဏာသည် သေနတ်ပြောင်းဝမှလာသည်'ဆိုသော စကားက ထင်ရှား၏။ တပ်မတော်သည် များပြားလှစွာသော ကွဲပြားခြားနားသည့် အလုပ်များ၊ တာဝန်များကို ခေတ်သစ်တွင် ထမ်းဆောင်နေရ၏။ ကျယ်ပြောလှသော နိုင်ငံ၏ နယ်နိမိတ်များ အချုပ်အခြာတည်မြဲရေးကို ကာကွယ်ရ၏။ ရေကြောင်း၊ လေကြောင်းကာကွယ်ရေးများကို လုပ်ရ၏။ အမျိုးသားရင်ကြားစေ့ရေးကို ဆောင်ရွက်ရ၏။ တရုတ်ပြည်၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရ၏။ အကြမ်းဖက်မှုကို တန်ပြန်တိုက်ခိုက်ရသည်။ သဘာဝဘေးအန္တရာယ်ဖြစ်သည့် နေရာများသို့ သွားရောက်အကူအညီပေးရ၏။ သို့သော် 'ရှီ'အတွက်မူ ပထမဦးစားပေးမှာ တပ်မတော်တစ်ခုလုံး စည်းလုံးညီညွတ်

ပြီး အမိန့်ကို အတိအကျလိုက်နာရေးပင် ဖြစ်၏။ ပါတီ၏ အမိန့်များကို တပ်မတော်က လိုက်နာကျင့်သုံးရေးပင် ဖြစ်၏။ ညီလာခံတစ်ခုတွင် 'ရှီ' က 'ပြည်သူ့လွတ်မြောက်ရေးတပ်မတော်' (ပီအယ်လ်အေ)၏ ကောင်းမွန်သော အစဉ်အလာနှင့် နိုင်ငံရေးအရ သစ္စာရှိသောမူဝါဒများ၊ ပါတီ၏ ခေါင်းဆောင်မှု၊ လိုက်နာမှုများကို ချီးကျူးပြောကြားခဲ့၏။ ၁၈ ကြိမ်မြောက် စီပီစီအမျိုးသားကွန်ဂရက်တွင် ပီအယ်လ်အေအရာရှိ ၁၀၀ ကျော်ကို စုံစမ်းစစ်ဆေးအရေးယူခဲ့၏။ ထိုအထဲတွင် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှစ်ဦးပင်ပါဝင်၏။ အရေးယူခံရသော အရာရှိအရေအတွက်သည် တော်လှန်ရေးကာလတွင် တိုက်ပွဲတွင်ကျဆုံးခဲ့သည် ဗိုလ်ချုပ်အရေအတွက်ထက်ပိုများ၏။ ဗဟိုစစ်ကော်မရှင်အောက်တွင် စည်းကမ်းထိန်းသိမ်းရေးကော်မရှင်သစ်နှင့် နိုင်ငံရေး၊ ဥပဒေရေးဆိုင်ရာ ကော်မရှင်သစ်တို့ကို ဖွဲ့စည်းလိုက်၏။ တပ်မတော်ဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်း ၄၀ ကျော်ကို ထုတ်ပြန်ကာ ပီအယ်လ်အေ၏ စံနမူနာကောင်းကို ထိန်းသိမ်းပြီး ပီအယ်လ်အေကျင့်ဝတ်၊ တင်းကြပ်သော စည်းမျဉ်းနှင့် မြင့်မားသော စိတ်ဓာတ်တို့ကို တည်ဆောက်ခဲ့၏။

'ရှီ'က တပ်မတော်ကို စီးပွားရေးတွင် လုံးဝမပါဝင်ရန် ကန့်သတ်ခဲ့၏။

"တပ်မတော်ဟာ တပ်မတော်နဲ့တူတဲ့ အလုပ်ပဲလုပ်ရမယ်"ဟု 'ရှီ' က ပြောသည်။

'ရှီ'က 'ပီအယ်လ်အေ'၏ တိုက်ခိုက်စွမ်းရည်ကိုလည်း မြှင့်တင်ပေး၏။ ၂၀၁၂ လောက်ကိုပြန်ကြည့်လျှင် တပ်မတော်သည် ခေတ်မီစစ်ဆင်ရေး အားနည်းနေကြောင်း သူက ထောက်ပြ၏။

"ကျွန်တော် တရုတ်ပြည်ရဲ့ ခေတ်သစ်သမိုင်းကို အများကြီးဖတ်ဖူးတယ်။ တပ်မတော်အင်အားလျော့နည်းပြီး ရန်သူအကျူးကျော်ခံရတဲ့ကာလတွေအကြောင်း ဖတ်မိရင် သိပ်ကိုကြေကွဲတာပဲ"ဟု သူက ပြော၏။ ဤကဲ့သို့ နာကျင်စရာသမိုင်းမည်သည့်အခါမှ ပြန်မလာစေရန် 'ရှီ'သည် အမျိုးသားကွယ်ရေးနှင့် တပ်မတော်ပြန်လည်ပြုပြင်ရေးကို ၂၀၁၅ မှစ၍ ဆောင်ရွက်ခဲ့၏။

တပ်မတော်ဌာနချုပ်လေးခုဖြစ်သော လေ့ကျင့်ရေး၊ နိုင်ငံရေး၊ ဘဏ္ဍာရေး၊ လက်နက်စသည်တို့ကို အေဂျင်စီ ၁၅ ခုအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့၏။ တိုင်းစစ်ဌာနချုပ် ခုနစ်ခုကို ဌာနချုပ်ငါးခုအဖြစ် ပြန်လည်စုစည်းခဲ့၏။ ကြည်းတပ်စစ်သည် အရေအတွက်ကို လျှော့ချကာ ဒုံးပျံတပ်အသစ်၊ မဟာဗျူဟာအထောက်အကူတပ်သစ်များကို တည်ထောင်၏။

ပီအယ်လ်အေတပ်မတော်အရာရှိ ဦးရေကို ၃၀ ရာခိုင်နှုန်း လျှော့ချလိုက်သည်။ ဗိုလ်ချုပ်ကြီးများ ရာနှင့်ချီ၍ ရာထူးအပြောင်းအရွှေ့ပြုလုပ်သည်။

အရပ်ဖက်စစ်ဖက်ပေါင်းစပ်မှုသည် ယခု အမျိုးသားမဟာဗျူဟာဖြစ်လာသည်။ သိပ္ပံနှင့် တီထွင်ဆန်းသစ်မှုကို ပို၍ ဦးစားပေးလာ၏။

လွန်ခဲ့သော ငါးနှစ်အတွင်း တရုတ်ပြည်မှ ပြည်တွင်းဖြစ်လေယာဉ်ဘင်သင်္ဘောကို စတင်ရေချနိုင်ခဲ့၏။ ပို့ဆောင်ရေးလေယာဉ်နှင့် စတိုသ်ျက်လေယာဉ်သစ်များ ထုတ်လုပ်နိုင်ခဲ့၏။ နောက်ဆုံးပေါ် ဒုံးပျံလက်နက်များထွက်ပေါ်လာ၏။ စစ်ဘက်ဆိုင်ရာ ဟတ်ဝဲသုတေသနများက အလွန်ဘိုးတက်လာ၏။ စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများက 'ရှီ'၏ ပြုပြင်ပြောင်းလဲမှုများသည် ပီအယ်လ်အေကို အကြီးအကျယ်ပြောင်းလဲစေသည်ဟု သုံးသပ်ကြ၏။

'ရှီ'၏ ပီအယ်လ်အေနှင့် နီးနွယ်ဆက်စပ်မှုကား မဆန်းလှပါ။ 'ရှီ'က တကယ်တော့ 'ပီအယ်လ်အေ' တပ်ဖွဲ့ဝင်ဟောင်းပေပဲ။

၁၉၇၉ ခုနှစ်က 'ဆင်ဟွာတက္ကသိုလ်'မှ ဘွဲ့ရပြီးနောက် 'ရှီ'က တပ်မတော်သို့ ဝင်ရောက်ခဲ့၏။ ထို့နောက် ဗဟိုစစ်ကော်မရှင်၏ ကာကွယ်ရေးဝန်ကြီးဌာနရုံးချုပ်တွင် ကာကွယ်ရေးဝန်ကြီး၏ အတွင်းရေးမှူးရာထူးတာဝန်ထမ်းဆောင်ခဲ့၏။

သူ့ကို အရောင်လွင့်နေသော စစ်ယူနီဖောင်းဖြင့် မကြာခဏတွေ့ရတတ်၏။ တစ်ခါတစ်လေ စစ်သုံးလွယ်အိတ်ကြီး လွယ်လို့။ သုံးနှစ်အကြာတွင်ကား သူသည် 'ဟီဘေ့ခရိုင်' 'ရှင်ဒင်'မြို့တွင် ပါတီဒုတိယဥက္ကဋ္ဌဖြစ်လာ၏။ နောက်ထပ် ဆယ်စုနှစ်များစွာတွင် သူသည် နိုင်ငံတနံတလျားတာဝန်ထမ်းဆောင်ရာတွင်လည်း စစ်ဘက်နှင့် ဆက်စပ်သော တာဝန်များကို

ထမ်းဆောင်ခဲ့ရ၏။ ယခုတိုင် ပေကျင်းမြို့လယ်ခေါင်ရှိ 'ချုံနိုင်ဟိုင်းခေါင်းဆောင်မှုနယ်မြေ'ရှိ သူ၏စားပွဲပေါ်တွင် တပ်မတော်ယူနီဖောင်းနှင့် သူ၏ဓာတ်ပုံထားရှိနေဆဲ ဖြစ်၏။

''ကျွန်တော်က ငယ်ငယ်ကတည်းက ပီအယ်လ်အေရဲ့သမိုင်းကို အများကြီးဖတ်ခဲ့တယ်။ တပ်မတော်ရဲ့ ရှေးခေတ်မျိုးဆက်ခေါင်းဆောင်ကြီးတွေကို သိပ်ပြီး ချစ်ခင်လေးစားခဲ့တယ်။ ကြည်ညိုခဲ့တယ်''ဟု 'ရှီ'က တစ်ခါက ပြောဖူး၏။ ယခုအခါ 'ရှီ'သည် စားပွဲခုံပေါ်မှနေ၍ ပီအယ်လ်အေကို အမိန့်ပေးနေသူမဟုတ်။

လွန်ခဲ့သော ငါးနှစ်လုံးလုံးသူသည် လေတပ်မတော်၏ နောက်ဆုံးပေါ် လေယာဉ်ခေါင်းတွင် ထိုင်၊ ရေတပ်မတော်၏ နောက်ဆုံးထုတ် ရေငုတ်သင်္ဘောပေါ်တက်၊ ပီအယ်လ်အေ လေယာဉ်နှင့် သင်္ဘောလေ့ကျင့်ရေးအစီအစဉ်တွေကို ကိုယ်တိုင်ကြည့်ရှုကြပ်မတ်ခဲ့သူ ဖြစ်၏။

သူက ပြည်တွင်းနေရာအနှံ့သွားကာ ကျွန်းတွေပေါ်တက်ကြည့်၏။ နယ်ခြားအစွန်အဖျားကိုသွားသည်။ ဂိုဘီသဲကန္တာရအလယ် ခရီးကြမ်းလည်း လျှောက်လှမ်း၏။ မည်သည့်နေရာရောက်ရောက် သူက တပ်ရင်းတပ်ဖွဲ့များကို ဂရုတစိုက်ရှိ၏။ အလေးထား၏။

သူက ရဲဘော်ငယ်လေးများနှင့်အတူ ညစာစားသည်။ ရေချိုးခန်းထဲဝင်ကာ ရေပူရေအေးစစ်၏။ ရဲဘော်တွေ အိမ်ထောင်ပြုရက်တွေကို ဂရုတစိုက်မေး၏။ မကြန့်ကြာ မနှောင့်နှေးစေရန် စီစဉ်ပေးသည်။

၂၀၁၄ ခုနှစ် ဇောဇောပိုင်းက 'ရှီ'သည် တရုတ်နှစ်သစ်ကူးရက်မတိုင်မီ မွန်ဂိုလီးယားအတွင်းပိုင်းရှိ တပ်စခန်းသို့သွားစစ်၏။ လေက အရိုးကွဲအောင်တိုက်နေသည်။ နှင်းတွေကလည်း တဖွဲဖွဲကျနေသည်။ သူက မတ်စောက်လှသော လှေကားထစ်များမှတစ်ဆင့် အစောင့်တဲဆီသို့ တက်၏။ ပြီးတော့ ကင်းသမား၏ မှတ်ပုံတင်စာအုပ်တွင် လက်မှတ်ထိုးသည်။

''ဒီနေ့တော့ ရဲဘော်တို့နဲ့အတူ ကျပ်လဲ ကင်းစောင့်တာဝန်ယူမယ်'' ဟု ရဲဘော်များကို ပြောခဲ့၏။

ငါးနှစ်အတွင်း 'ရှီ'သည် စစ်ရေးပြအခမ်းအနားနှစ်ခုကို တက်ခဲ့၏။ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် သူက အစိမ်းရောင်းစစ်ဝတ်စုံကာ အမိုးဖွင့်

ဘပ်မတော်ဂျစ်ကားဖြင့် 'ဇူရီဟီစစ်သင်တန်း အခြေစိုက်စခန်း' သို့ သွား၏။
ပီအယ်လ်အေ၏ နှစ် ၉၀ ပြည့် အခမ်းအနားမတိုင်ခင်လေးတွင် ဖြစ်သည်။
သို့နောက် စစ်ရေးပြအခမ်းအနားကို စစ်ဆေးသည်။ နောက်တစ်ကြိမ်က
၂၀၁၅ တွင် ဖြစ်သည်။ ဂျပန်ကျူးကျော်စစ်ကို အောင်နိုင်သည့် တရုတ်
ပြည်သူ့တော်လှန်ရေးစစ်ပွဲ အကြိမ် ၇၀ မြောက် အောင်ပွဲနေ့အခမ်းအနား
ဖြစ်၏။ ဤစစ်ရေးပြပွဲတွင် နိုင်ငံခြားတပ်ဖွဲ့ ၁၇ ဖွဲ့မှ စစ်သည် ၁၀၀၀
ကျော်တို့လည်း ချီတက်ကြ၏။ ရုရှားတပ်ဖွဲ့လည်း အပါအဝင်။ စစ်ရေးပြပွဲ
ရှေ့တွင် 'ရှီ' က တပ်ဖွဲ့ဝင် သုံးသိန်းလျှော့ချခြင်းသည် တရုတ်၏ ငြိမ်းချမ်း
ရေးချစ်မြတ်နိုးမှုကို ပြသခြင်းပင် ဖြစ်ကြောင်း၊ တရုတ်ပြည်၏ အမျိုးသား
ကာကွယ်ရေးပေါ်လစီအရ မိမိနိုင်ငံကို ကာကွယ်ရန်ပင် ဦးတည်ချက်ထား
ကြောင်း စသည်ဖြင့်ပြောကြားခဲ့၏။

'ရှီ' ၏ စကားအတိုင်းဆိုရလျှင် "စစ်ကိုပြီးဆုံးအောင် တိုက်နိုင်တဲ့
ဘစ်ဦးတည်းသောသူက စစ်ကိုဖန်တီးတဲ့သူပဲ။ စစ်ကို ကာကွယ်အောင်လုပ်
နိုင်တဲ့ တစ်ဦးတည်းသော သူကလည်း စစ်ကို အသင့်ပြင်ဆင်တဲ့သူပဲ။
တိုက်ခိုက်နိုင်တဲ့သူတွေသာ ကျူးကျော်မှုကို ခုခံနိုင်မှုအားနည်းသူတွေပဲ"
ဟု ဆို၏။

## ကမ္ဘာ့ခေါင်းဆောင်

၂၀၁၇ ခုနှစ် ဇန်နဝါရီတွင် သမ္မတ 'ရှီ' က ဂျီနီဗာသို့သွားပြီး
မိန့်ခွန်းပြော၏။

"လူသားတွေအတွက် ဝေမျှခံစားတဲ့အနာဂတ်ကို တည်ဆောက်ဖို့
အတူတကွ အလုပ်လုပ်ကြပါ" ဟု ပြောခဲ့၏။ ၄၇ မိနစ်အတွင်း 'ရှီ' ကို
လက်ခုပ်လက်ဝါးတီး မတ်တတ်ရပ်အားပေးမှုပေါင်း ၃၀ ကျော်ရှိခဲ့၏။
သူ၏ မိန့်ခွန်းအဓိကအချက်များပြောချိန်တွင် ပြောသမျှဝါကျတိုင်းလိုလို
လက်ခုပ်သြဘာတွေရ၏။ သူက ဝေမျှခံစားသော အနာဂတ်လူ့ဘောင်ကို
ပြောရာတွင် ပွင့်လင်းသော၊ အားလုံးအကျုံးဝင်သော၊ သန့်ရှင်းသော၊ လှပ
သော ကမ္ဘာကို ငြိမ်းချမ်းရေးတည်မြဲမှု၊ နိုင်ငံတကာ ဘေးကင်းလုံခြုံမှု၊
နှင့် အကျိုးစီးပွားရှိမှုတို့ဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း ပြောခဲ့၏။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် 'အင်တိုနီယိုဂုတ်တာရီးစ်' က ကုလသမဂ္ဂသည် တရုတ်ပြည်နှင့် ပူးပေါင်းကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးလုပ်မည်ဖြစ်ကြောင်း၊ လူသားတို့အတွက် ဝေမျှရမည့် အနာဂတ်လူ့ဘောင်ပန်းတိုင်ကို ရည်ညွှန်းပြောကြားခဲ့၏။

ဤသည်မှာ တရုတ်တို့၏ အရေးကြီးသော အယူအဆကိုကုလသမဂ္ဂက ပထမဆုံးသဘောတူ ပူးပေါင်းဆောင်ရွက်မည်ဟု ပြောခြင်းဖြစ်၏။

၂၀၁၆ ခုနှစ် ဇွန်လတွင် တရုတ်-ဥရောပကုန်တင်ရထား ဝါဆော သို့ရောက်သော အခမ်းအနားကျင်းပ၏။ 'ရှီ'နှင့် ပိုလန်သမ္မတ 'အွန်ဂျက်စ် ဒူဒါ'တို့က ပိုလန်ပန်းသီးများကို အတူစားကြ၏။ ယနေ့ဆိုလျှင် ပန်းသီး ကဲ့သို့ ထုတ်ကုန်များသည် 'ခါးပတ်နှင့် လမ်း'အစီအစဉ်အရ တရုတ်ပြည် သို့ ရောက်ရှိနေပေပြီ။

'ရှီ'က နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြန်ဆန်စေရန်လည်း ဦးဆောင်ဦးရွက် လုပ်ဆောင်ပေး၏။ နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် နိုင်ငံ တကာအဖွဲ့အစည်းများက 'ရှီ'၏ စီမံချက် အကြံဉာဏ်ကို သဘောတူကာ ပါဝင်လုပ်ဆောင်မည်ဟု ပြောကြ၏။ ၂၀၁၇ ခုနှစ် မေလတွင် 'ရှီ'သည် 'ခါးပတ်နှင့်လမ်း' ဖိုရမ်ကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဦးဆောင်လုပ်ခဲ့၏။ ဂျီဆဲဗင်းနိုင်ငံများအပါအဝင် ကမ္ဘာ့အထင်ကရ စီးပွား ရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များတက်ရောက်ကြ၏။

နိုင်ငံတကာအသိုက်အဝန်းအနေနှင့် 'ရှီ'သည် စီးပွားရေးဂလိုဘယ် လိုက်ဖေးရှင်းတွင် အဓိကဦးဆောင်သူ ကိုယ်စားလှယ်တော်ကြီး ဖြစ်၏။ သူသည် 'ဒါးဗိုစ်'တွင် ကျင်းပသော 'ကမ္ဘာ့စီးပွားရေးဖိုရမ်'သို့ ပထမဆုံး တက်ရောက်သူ တရုတ်ခေါင်းဆောင် ဖြစ်သည်။

ထိုဖိုရမ်တွင် သူပြောသောမိန့်ခွန်းက ထင်ရှားသည်။

"မိမိဘာသာမိမိ ကာကွယ်စောင့်ရှောက်တယ်ဆိုတာက ကိုယ့် ဘာသာကိုယ် အမှောင်ခန်းထဲမှာ ပိတ်လှောင်ထားတာမျိုးပဲ။ လေနဲ့ မိုးတောင် အပြင်မှာပဲရှိနေရင် အမှောင်ခန်းကလည်း အလင်းရောင်နဲ့လေ ပိတ်ဆို့နေ မှာပေါ့။ ဒါမျိုးနဲ့တော့ ကုန်သွယ်ရေးစစ်ပွဲမှာ ဘယ်သူမှ အောင်မြင်သူဖြစ် မှာ မဟုတ်ဘူး"

ထိပ်သီးညီလာခံတွင် 'ရှီ'သည် ဟိုတယ်မှ မနက် ၅နာရီထွက်ကာ နောက်နေ့မနက် ၁ နာရီကျော်လောက်မှ ဟိုတယ်ပြန်ရောက်၏။

သူသည် ရုရှားသမ္မတ 'ဗလာဒီမာပူတင်'နှင့် အကြိမ် ၂၀ ကျော်တွေ့ခဲ့ဖူးပြီး သူတို့နှစ်ဦး၏ ခိုင်မြဲသော ရင်းနှီးမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းတွင် အကောင်းဆုံးဖြစ်ခဲ့ရ၏။ ယခင် အမေရိကန်သမ္မတ 'ဘားရက်အိုဘားမား'နှင့်ရော လက်ရှိသမ္မတ 'ဒေါ်နယ်ထရမ့်'နှင့်ရော မကြာခဏ စကားပြော၏။ ထို့ကြောင့် ယုံကြည်မှုပိုမိုတည်ဆောက်နိုင်ကာ သံသယတွေလျော့ပါးပြီး အနာဂတ် နှစ်နိုင်ငံဆက်သွယ်ရေးလမ်းကြောင်းတွေ ပိုကောင်းအောင်ချမှတ်နိုင်ခဲ့၏။

'ရှီ'သည် ဥရောပသမဂ္ဂဌာနချုပ်များသို့ သွားရောက်သော ပထမဆုံးတရုတ်ခေါင်းဆောင် ဖြစ်၏။ သူသည် ဥရောပအဓိကနိုင်ငံအားလုံးသို့ ရောက်၏။ နိုင်ငံတိုင်း၌ တရုတ်အထူးဆက်ဆံရေးများ ပြုလုပ်နိုင်ခဲ့၏။ တရုတ်၏ အာရှရင်းနှီးမြှုပ်နှံမှုဘဏ်၏ တည်ထောင်သူအဖွဲ့ဝင်နိုင်ငံ ၅၇ နိုင်ငံတွင် ဥရောပနိုင်ငံများက သုံးပုံတစ်ပုံရှိ၏။

'ရှီ'သည် အာဖရိက၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့သွား၍လည်း သံခင်းတမန်ခင်း ကောင်းမွန်ရေးတို့ကို လုံးပမ်းနိုင်ခဲ့၏။

ဝေါလ်စထရိဂျာနယ်က "ကမ္ဘာ့ဇာတ်ခုံတွင် မစ္စတာရှီသည် တရုတ်က အနောက်နိုင်ငံ အစားထိုးနိုင်ငံအဖြစ် ပြသနိုင်ခဲ့၏။ သူ၏ နိုင်ငံရေးစနစ်နှင့် ယဉ်ကျေးမှုက ထူးခြား၏။ ကုန်သွယ်ရေး၊ မညီမျှမှုတိုက်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲရေးတို့တွင်လည်း သူက ခေါင်းဆောင်ဖြစ်၏" ဟု ရေးသားခဲ့၏။

၁၉ ကြိမ်မြောက် စီပီစီအမျိုးသားကွန်ဂရက်တွင် 'ရှီ'က ထူးခြားသော တရုတ်ဝိသေသလက္ခဏာပါသည့် သံတမန်ဆက်ဆံရေးသည် နိုင်ငံတကာဆက်ဆံရေးပုံစံသစ်ဖြစ်ကာ လူသားတို့အတွက် ဝေမျှခံစားအနာဂတ်ကို တည်ဆောက်နိုင်မည်ဟု တင်ပြခဲ့၏။

ဤဒဿနာကို 'ရှီ'က ဖော်ဆောင်ကာ ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ တာဝန်သည် သူ၏ တာဝန်ဟုခံယူခဲ့၏။ ဤကမ္ဘာလုံးဆိုင်ရာ အမြင်ဖြင့် သူသည် အဓိကခေါင်းဆောင် ဖြစ်လာ၏။ တရုတ်တိုးတက်မှုကို ကမ္ဘာတစ်ခုလုံးနှင့် ပေါင်းစပ်လိုက်ခြင်း ဖြစ်၏။

'ရှီ'၏ ကြွယ်ဝလှသော စာပေနှင့် အနုပညာအသိတို့က နိုင်ငံတကာ နယ်ပယ်တွင် ဆက်ဆံရေးကောင်းသူအဖြစ် တွန်းပို့နိုင်ခဲ့၏။ အင်တာဗျူး တစ်ခုတွင် သူက ရုရှားစာရေးဆရာ ဆယ်ဦး၏ အမည်နှင့် ရုရှားဂန္ထဝင် လက်ရာများကို ပြောပြနိုင်ခဲ့၏။ ဥရောပတွင် ရောက်ရှိစဉ်ကာလကလည်း သူသည် ပြင်သစ်နှင့် ဂျာမန်အနုပညာကြွယ်ပွင့်များစွာကို စကားပြောခဲ့ရာ ထိုနိုင်ငံသားများနှင့် ပိုရင်းနှီးမှုရခဲ့၏။ သူ၏ အယူအဆအတွေးအမြင်များ ကို စာပေနှင့် အနုပညာအခံဖြင့် ပြောကြားတတ်၏။

'တရုတ်လမ်း'နှင့် ပတ်သက်၍ ဖော်ပြရာ၌ သူသည် ကြွယ်ဝသော ဘာသာစကားကို သုံးစွဲခဲ့၏။ 'တရုတ်ဟာ ငြိမ်းချမ်းရေးလိုလားတဲ့၊ ခင်မင် တတ်တဲ့၊ ယဉ်ကျေးတဲ့ ခြင်္သေ့ကြီး'၊ 'တရုတ်ဟာ ဧရာမပုဂ္ဂိုလ်ကြီး'၊ 'တရုတ်ကို မင်ဖစ်တိုနဲ့ နှိုင်းလို့မရဘူး'၊ 'တရုတ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အမြန်ရထားပေါ်က ကြိုဆိုနေပါတယ်'ဟု မျိုးစုံပြောခဲ့၏။

'ရှီ'က လူတိုင်းကို ရိုးသားပွင့်လင်းစွာ၊ နွေးထွေးစွာ၊ အလေးထား စွာ ဆက်ဆံတတ်၏။ 'ပူတင်'က 'ရှီ'သည် ၂၀၁၃ ခုနှစ် အေပက်အစည်း အဝေးတစ်ခု၌ သူ့ကို မွေးနေ့ကိတ်လက်ဆောင်ပေးကာ ဆင်ဒဝစ်အသား ညှပ်မုန့်နှင့် ဗောဒ်ကာအရက် အတူတူသောက်ခဲ့သည်ဟု ပြောဖူး၏။ ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ကွန်ဂိုသမ္မတနိုင်ငံ သမ္မတ 'ဒင်းနစ်ဆာဆိုးငူရက်ဆို' တရုတ်ပြည်သို့ ၁၄ ကြိမ်မြောက် အလည်ရောက်လာသည်။ 'ရှီ'က သူ့ကို ယခင်အခေါက်များလာရောက်စဉ်က မှတ်တမ်းတင်ဓာတ်ပုံ ၇၀ ကျော်ကို လက်ဆောင်ပေးခဲ့၏။ သူတို့နိုင်ငံတွင် ပြည်တွင်းစစ်ကြောင့် မှတ်တမ်းများ ပျက်စီးခဲ့ရာ ယခု 'ရှီ'ပေးသော ဓာတ်ပုံမှတ်တမ်းများရရှိ၍ အလွန်ကျေးဇူး တင်ကြောင်း ပြောခဲ့၏။

ဒုတိယကမ္ဘာစစ်အတွင်းက တရုတ်ပြည်အတွက် တိုက်ခိုက်ပေးခဲ့သူ ရုရှားစစ်ပြန်တစ်ဦးကို ဂုဏ်ပြုပွဲတွင် စစ်သည်ဟောင်းကြီး သွားရလာရခက်ခဲ သည်ကို သတိပြုမိသည်နှင့် 'ရှီ'က 'ရဲဘော်ကြီး၊ ကျွန်တော့်ဆီမလာပါနဲ့။ ကျွန်တော် ရဲဘော်ကြီးဆီလာပါမယ်'ဆိုကာ သူ့ထံသွားခဲ့သည်။ဩစတြေးလျ ရောက်စဉ်ကလည်း သူ၏ ကွယ်လွန်သူ မိတ်ဆွေဟောင်း 'ဂျင်မ်ဘေကွန်' ၏ မိသားစုထံ တကူးတကသွားရောက် နှုတ်ဆက်ခဲ့၏။

ဘောလုံးလက်ရွေးစင် 'ဆာဂျီယိုဩဂါရီ'နှင့် 'ရှီ'တို့ ဆယ်လ်ဖီ ရိုက်ထားသော ဓာတ်ပုံသည် အွန်လိုင်းတွင် လူကြည့်အများဆုံးဖြစ်ခဲ့၏။ အာဂျင်တီးနားတွင် သူသည် 'ဆာဂျီယို'၏ နံပါတ် ၁၀ တံဆိပ်ပါဂျာစီ အင်္ကျီကို ဝမ်းမြောက်ဝမ်းသာလက်ခံရယူခဲ့၏။ အင်တာဗျူးလုပ်ရာတွင် 'ရှီ'က သူသည် ဘောလုံး၊ ဘတ်စကတ်ဘော၊ ဘော်လီဘော၊ လက်ဖွေ့ အပါအဝင် အားကစားကြိုက်ကြောင်း ပြောခဲ့၏။ သူ နည်းနည်းအားလပ်ချိန် ရသည်နှင့် ရေကူးတတ်၏။ တစ်ခါကူးလျှင် မီတာ ၁၀၀၀ ကျော် ကူး၏။

သူ၏ ဇနီးဖြစ်သူ 'ပင်လီယွမ်'က သမ္မတ၏ နိုင်ငံခြားခရီးစဉ် အချို့တွင် လိုက်ပါတတ်၏။ သူကလည်း တရုတ်သံတမန်ဆက်ဆံရေးတွင် ကြယ်ပွင့်တစ်ဦး ဖြစ်လာ၏။ ၂၀၁၅ ဆောင်းဦးပေါက်ရာသီတွင် 'ပင်'က ကုလသမဂ္ဂစကားပြောစင်မြင့်၌ မိန့်ခွန်းနှစ်ခု ပြောခဲ့၏။ မိန့်ခွန်းများကို သွက်လက်သော အင်္ဂလိပ်ဘာသာဖြင့် ပြောခဲ့၏။ မိန့်ခွန်းတစ်ခုကတော့ သူမ၏ တရုတ်အိပ်မက်အကြောင်း။

"ကလေးတိုင်း၊ အထူးသဖြင့် မိန်းကလေးတိုင်း ပညာကောင်းကောင်း သင်ယူခွင့်ရှိရပါမယ်။ ဒါက ကျွန်မရဲ့ တရုတ်အိပ်မက်ပါပဲ"

တစ်ခုကတော့ အိပ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် ရောဂါစွဲကပ်နေသော ကလေးများနှင့် သူ့အကြောင်း။

သူတို့၏ ချစ်ကြည်ရေးခရီးများက တရုတ်မိသားစု၏ နွေးထွေးမှုကို ပြ၏။ သူတို့ လေယာဉ်တံခါးဖွင့်လိုက်သည်နှင့် သူတို့စုံတွဲသည် လက်ချင်း ချိတ်တွဲထွက်လာတတ်၏။ သူတို့နှစ်ဦးက နေနှင့်လ၊ ရွှေနှင့်မြလို လိုက်ဖက် ညီလှ၏။ ၂၀၁၃ ခုနှစ် ဇွန်လတွင် သူတို့က 'ကော်စက်ရီကာ' ကျေးလက်မှ အိမ်တစ်အိမ်သို့ သွားလည်ကြ၏။ အိမ်ရှင်က သွားရေစာယူလာ၏။ 'ရှီ'က မုန့်တစ်ခုယူလိုက်ကာ 'ကျွန်တော်တို့နှစ်ယောက် ဒီမုန့်တစ်ခုကို မျှစားမယ်လေ'ဟု ပြောသည်။

'ရှီ'လာလျှင် နိုင်ငံအတော်များများက အထူးပြုကြိုဆိုကြ၏။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနနှင့် စစ်ဌာနချုပ်က သူတို့၏ ဂိတ်တံခါးများကို ပထမဆုံးအကြိမ်ဖွင့်ပြီး 'ရှီ'ကို ဂုဏ်ပြုကြိုဆိုကြ၏။ ကမ္ဘောဒီးယားမှ ဘုရင်၏ မယ်တော်ကြီး 'နိုရိုဒုံမိုနီနစ်သ်သီဟာနု'ဆိုလျှင် ကွယ်လွန်သူ သူ့ဖခင်ဘုရင်ကြီး 'နိုရိုဒုံသီဟာနု'ထိုင်သော ပလ္လင်ပေါ်တွင် 'ရှီ'အား

ထိုင်စေ၏။ ဤပလ္လင်သည် ဘုရင်ကြီး သီဟာနု နတ်ရွာစံချိန်မှစပြီး မည်သူမျှ မထိုင်ခဲ့ကြသော တော်ဝင်ပလ္လင်တော်ဖြစ်၏။

## ခေတ်သစ်အတွက် ခေတ်မီရေးဗိသုကာ

၁၉ ကြိမ်မြောက် စီပီစီအမျိုးသားကွန်ဂရက်က အဓိကမီးမောင်းထိုးပြသည်မှာ 'ခေတ်သစ်အတွက် တရုတ်ဝိသေသလက္ခဏာပါသော ဆိုရှယ်လစ်ဝါဒဟူသည့် ရှီ၏ အတွေးအခေါ်'ပင် ဖြစ်၏။ ဤအတွေးအခေါ်ကို အသစ်ပြန်လည်ပြုပြင်ထားသော စီပီစီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထား၏။

ပါတီ၏ ၁၈ ကြိမ်မြောက် အမျိုးသားကွန်ဂရက်မှစ၍ 'ရှီ'ကို ခေါင်းဆောင်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ထားသော တရုတ်ကွန်မြူနစ်ပါတီဝင်များသည် ခေတ်နှင့် လိုက်လျောသင့်တော်သော တရုတ်ဝိသေသလက္ခဏာဖော်ဆောင်သည့် ဆိုရှယ်လစ်ဝါဒကို မည်သို့ချမှတ်အကောင်အထည်ဖော်ရမည်ကို သုံးသပ်လုပ်ဆောင်ကြ၏။ သို့ဖြင့် 'ရှီကျင့်ဖိန်'၏ ခေတ်သစ်အတွက် တရုတ်ဝိသေသလက္ခဏာပါသော ဆိုရှယ်လစ်ဝါဒကို ဖော်ဆောင်ကာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းခဲ့ကြ၏။

'ရှီ'၏ အတွေးအခေါ် လမ်းညွှန်မှုအောက်တွင် စီပီစီက တရုတ်ဘိုင်းရင်းသားလူမျိုးစု အုပ်စုဝင်အားလုံးကို ဦးဆောင်ကာ ကြီးမားသော လုပ်ဆောင်မှုကို လှုပ်ရှားဆောင်ရွက်စေပြီး မဟာစီမံကိန်းချကာ ရည်မှန်းချက်ကြီးစွာဖြင့် မဟာအိပ်မက်ကြီးကို အကောင်အထည်ဖော်ရန် တရုတ်ဝိသေသလက္ခဏာပါသော ဆိုရှယ်လစ်ဝါဒခေတ်သစ်ကို ချီတက်ကြ၏။

'ရှီ'၏ ခေတ်မီရေးအစီအစဉ်သည် အနောက်တိုင်း၏ ခေတ်မီရေးအစီအစဉ်နှင့် လုံးဝဥဿုံကွဲလွဲရုံမျှမက အနောက်တိုင်း၏ ခေတ်သစ်လစ်ဘရယ်ပုံစံနှင့်လည်း ခြားနား၏။ 'ကားလ်မာက်စ်'၏ 'အရင်းကျမ်း' ထုတ်ဝေပြီး နှစ် ၁၅၀ အကြာ၊ ကွန်မြူနစ်ကြေညာစာတမ်းထုတ်ပြန်ပြီး နှစ် ၁၇၀ အကြာတွင် ဆိုရှယ်လစ်တရုတ်ပြည်က ပြုပြင်ရေးနှင့် တံခါးဖွင့်ရေး နှစ် ၄၀ မြောက် အခမ်းအနားကို မကြာခင်ကျင်းပတော့မည်။ တရုတ်ဝိသေသလက္ခဏာပါသော ဆိုရှယ်လစ်ဝါဒခေတ်သစ်အတွင်းသို့ ဝင်

ရောက်လာခြင်းသည် ၂၁ ရာစု တရုတ်ပြည်၏ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ အပြည့်အဝဖော်ဆောင်နိုင်ခြင်းပင် ဖြစ်၏။ တရုတ်ဝိသေသလက္ခဏာပါသော ဆိုရှယ်လစ်ဝါဒအောင်တံခွန်သည် မြင့်မားစွာ လွင့်ပျံနေသောလူတိုင်းအတွက် ဂုဏ်ယူစွာဖြင့် တွေ့နေရပြီဟု 'ရှီ'က ၁၉ ကြိမ်မြောက် စီပီစီအမျိုးသားကွန်ဂရက် ဖွင့်ပွဲအစီရင်ခံစာတွင် တင်ပြခဲ့၏။

စက်တင်ဘာလတွင် 'ရှီ'သည် စီပီစီဗဟိုကော်မတီနိုင်ငံရေး ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတွင် ဆိုရှစ်လယ်ဝါဒ၏ နှစ် ၅၀၀ ခရီးကို သုံးသပ်တင်ပြခဲ့၏။

အခြားနိုင်ငံများ၏ နိုင်ငံရေးစနစ်များကို ပုံတူကူးချခဲ့သဖြင့် ရရှိလာသော တရုတ်နိုင်ငံ၏ ရှုံးနိမ့်မှုများ၊ ဆိုရှယ်လစ်ဝါဒကို ရွေးချယ်ခဲ့သဖြင့် အောင်မြင်မှုရပုံများကို ချပြခဲ့၏။ အထူးသဖြင့် ပြုပြင်ရေးနှင့် တံခါးဖွင့်ရေးလုပ်ဆောင်ခဲ့သော နှစ် ၄၀ အတွေ့အကြုံကို ရှင်းပြ၏။ အခြားနိုင်ငံများ၏ ဖွံ့ဖြိုးမှုပုံစံများကိုလည်း ခွဲခြမ်းစိတ်ဖြာပြခဲ့၏။

"တကယ့်စီးကြည့်တဲ့သူဟာ ဖိနပ်က တော်၊ မတော်သိမှာ"ဟု 'ရှီ'က ပြော၏။ 'ပါတီအနေနှင့် အတိတ်ကတင်းကြပ်မှုတွေ အထီးကျန်မှုတွေနောက်ကို ပြန်မလိုက်ရဘူး။ ဒီလိုပဲ ကျွန်တော်တို့ရဲ့ သဘာဝကို ပြောင်းပစ်စေမယ့် ဘက်မှားကိုလည်း မရွေးရဘူး။ ကျွန်တော်တို့ရဲ့ စနစ်ကို ပစ်ပယ်မယ့်ဘက်ကိုလည်း မလိုက်သင့်ဘူး"ဟု 'ရှီ'က ပြောခဲ့၏။ ကွန်ဂရက်သို့ အစီရင်ခံစာတွင် 'ရှီ'က လမ်းကြောင်း၊ သဘောတရား၊ စနစ်နဲ့ တရုတ်ဝိသေသလက္ခဏာဆောင်တဲ့ ဆိုရှယ်လစ်ဝါဒယဉ်ကျေးမှုကို ဆက်လက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ရမယ်။ တခြားဖွံ့ဖြိုးဆဲနိုင်ငံတွေ ခေတ်မီတိုးတက်ဖွံ့ဖြိုးရေးကိုလည်း အလင်းပြရမယ်။ သူတို့ရဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရင်း သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြန်ဆန်လိုတဲ့ နိုင်ငံတွေအတွက်လည်း ကူညီရမယ်။ လူသားတွေ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ရာ တရုတ်အသိပညာနဲ့ ချဉ်းကပ်မှုက ဒါပါပဲ"ဟုလည်း ပြောခဲ့၏။

တရုတ်ပြည်၏ ဆိုရှယ်လစ်ဝါဒဖွံ့ဖြိုးတိုးတက်မှု၊ သဘောတရားရောလက်တွေ့ပါဖော်ပြနေသည်မှာ နိုင်ငံအနေနှင့် သမိုင်းဆိုင်ရာအတက်နှင့်

အကျကို ရှောင်ရှားနိုင်ရေးပင် ဖြစ်၏။ တရုတ်နိုင်ငံအနေနှင့် သမိုင်းနိဂုံးဆိုသော ကြိုတင်ဟောကိန်းမျိုးအတွက် အခြားသော အဖြေတစ်မျိုးကို ရှာမည် ဖြစ်၏။ အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီ၏ မလွဲမရှောင်နိုင်သော အောင်ပွဲများတွင် ဖြစ်ပေါ်လာတတ်သော 'သမိုင်းနိဂုံး' ကို 'ဖရစ်စစ်ဖူကူယာမား' က ဟောကိန်းထုတ်ဖူး၏။

'ရှီ' ကမူ တရုတ်ဝိသေသလက္ခဏာဖော်ဆောင်သော ဆိုရှယ်လစ်ဝါဒကို ခေတ်သစ်ဆီသို့ ဦးတည်ခေါ်ဆောင်လာခဲ့ပြီး ၎င်းသည် လူသားအားလုံးအတွက် ခေတ်သစ် ဖြစ်၏။ ယခုကျွန်ုပ်တို့သည် ဖွံ့ဖြိုးရေးလမ်းကြောင်းသစ်များ၏ လမ်းဆုံလမ်းခွတွင် အတူတကွရပ်တည်နေကြပြီ။

*(ဆင်ပဲ့ဗ်သတင်းဌာနမှ မင်နာ၊ ချိန်ကျို၊ ဝမ်ဘောင်၊ လီဇီနီ၊ ဖူရှမ်ကျို၊ ဝမ်အိုက်ရှီနှင့် ဇန်လီမင်းတို့၏ ဆောင်းပါးကို ပြန်ဆိုပါသည်။)*

○

နောက်ဆက်တွဲ (ခ)

## နာရင့်ဒရာမိုဒီ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

'နာရင်ဒရာမိုဒီ' သည် ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ၁၃ နှစ်ကြာ အုပ်ချုပ်ခဲ့၏။ သူ့ကို 'ဘာရတ်ကီးယား ဂျာနာတာပါတီ' (ဘီဂျေပီ) ၏ ခေါင်းဆောင် 'အယ်လ်ကေအက်ဗာနီ' က ၂၀၀၁ ခုနှစ်တွင် ဂူဂျာရတ်နှင့် ဟီမားချားလ်ပရာဒက်ရှ်ဒေသတို့တွင် မဲဆွယ်ပွဲလှုပ်ရှားမှု၌ ဦးဆောင်ရန် ရွေးချယ်ခဲ့ခြင်း ဖြစ်၏။

၂၀၀၁ ခုနှစ်၊ အောက်တိုဘာ ၇ ရက်နေ့တွင် ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရကာ သက်တော်ရှည်ဝန်ကြီးချုပ်အဖြစ် ဆယ်စုနှစ်တစ်ခုကျော် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်၏။ ၂၀၁၂ ခုနှစ် ဂူဂျာရတ် ဥပဒေပြုအစည်းအဝေး ရွေးကောက်ပွဲတွင် စတုတ္ထသက်တမ်းအနေဖြင့် ဝန်ကြီးချုပ်အဖြစ် ဆက်တိုက်အရွေးချယ်ခံခဲ့ရသူ ဖြစ်သည်။

သူ၏ နိုင်ငံရေးခရီးအစမှာ 'အာရ်အက်စ်အက်စ်' (ဟိန္ဒူလက်ယာစွန်းအုပ်စု)၏ လက်တိုလက်တောင်း ဟိုပြေးသည်ပြေး အဖွဲ့ဝင်တစ်ဦးအနေနှင့် ဖြစ်၏။ 'နာရင်ဒရာမိုဒီဒါဒက်(စ်)မိုဒီ' သည် အောက်ခြေမှစ၍ နိုင်ငံရေးကို သိမ်းကျုံးလုပ်ခဲ့ရာ ယခုအဆင့်မြင့်ဆုံး ရောက်ရှိလာသည်အထိ ဇွဲလုံ့လ ဝီရိယအားကောင်းလှ၏။ သူ၏ လုပ်ရပ်များကို ချီးကျူးသြဘာပေးသူများပြားသကဲ့သို့ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ကြသူများလည်း ရှိသည်။ အားလုံးတညီတညွတ်တည်း ချီးကျူးကြသည်ကား သူ၏ မှန်ကန်သော စီးပွားရေးပေါ်လစီကြောင့် ဂူဂျာရတ်ပြည်နယ် တစ်ရှိန်ထိုး တိုးတက်လာမှုပင် ဖြစ်၏။

ထိုစဉ်တိုင်အောင် ဂူဂျာရတ် ပြည်နယ်တစ်ခုလုံးတွင် ပြည်နယ်သူ၊ ပြည်နယ်သားအားလုံး၏ဘဝ အဆင့်မြင့်တိုးတက်ရေးကို လုံးဝဥဿုံ မဆောင်ရွက်နိုင်သေးသည်ကို သူအားမလိုအားမရ ဖြစ်ခဲ့၏။

## နိမ့်ကျသော ဘဝအစ

မိုဒီ၏ ငယ်ဘဝဇာတ်လမ်းကား သိပ်မကောင်းလှ။ အာရ်အက်စ် အက်စ်ပါတီသို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် မရောက်သေးမီကာလတွင် လက်ဖက်ရည်ဆိုင် အလုပ်သမား ဖြစ်ခဲ့၏။ သို့သော် သူ၏ ပင်ကိုဗီဇက အရာရာကို မျက်စိဖွင့်၊ နားစွင့်ကာ လေ့လာအတုယူတတ်သူပီပီ၊ အတွေ့ အကြုံရင့်ကျက်သူ ပုဂ္ဂိုလ်ကြီးများထံမှ နည်းနာခံယူ၊ ဩဝါဒများကို လိုက် နာကျင့်သုံးရင်း ကြိုးစားလာခဲ့ရာ အချိန်တိုတိုအတွင်း 'အေဘီဗွီပီ' (အာရ် အက်စ်အက်စ်၏ ကျောင်းသားအုပ်စု) ခေါင်းဆောင်တစ်ဦး ဖြစ်လာ၏။

## မိသားစု

ယခင် ဘုံဘေပြည်နယ်တစ်ခုဖြစ်ခဲ့သော 'မယ်ဆာနာခရိုင်'၊ ဗာဒ် နာဂါမြို့တွင် လူလတ်တန်းစားမိသားစုမှ ၁၇-၉-၁၉၅၀ တွင် မွေးဖွားခဲ့၏။ ဖခင်က 'ဒါမိုဒါဒတ်(စ်) မိုလ်ချန်မိုဒီ'၊ မိခင်က 'ဟီရာဘာအင်မိုဒီ'၊ သူ့ကို အသက်ငယ်ငယ်နှင့် အိမ်ထောင်ချပေးကြသည်။ သို့သော် သူက လက်မထပ်မပေါင်းသင်းဘဲ၊ ဘဝတစ်လျှောက်လုံး လူပျိုကြီးအနေနှင့်သာ နေထိုင်ခဲ့၏။

## နိုင်ငံရေးကာလ အစောပိုင်း

လူငယ်ဘဝမှာပင် နိုင်ငံရေးလောကို ရောက်ခဲ့ကာ 'ရစ်ချ်ထရီယ၊ ဆွာယမ်စီဝပ်ဆန်' (အာရ်အက်စ်အက်စ်)ပါတီတွင် ပါဝင်လှုပ်ရှားခဲ့၏။ ၁၉၆၀ ပြည့်နှစ်များ၊ အိန္ဒိယ-ပါကစ္စတန် စစ်ပွဲကာလတွင်း လူငယ်လေးပင် ဖြစ်သော်လည်း သူက ဘူတာရုံတစ်လျှောက် ချီတက်လာကြသော စစ်သည် တော်များကို လုပ်အားပေး အလုပ်အကျွေးပြုခဲ့၏။ လူငယ်ဘဝမှာပင် သူက 'အက်စီးလ်၊ ဆာရာတိယ၊ ဝိဒကာသီ၊ ပါရီရှက်'ဆိုသော အဂတိလိုက်စား မှု တိုက်ဖျက်ရေး ကျောင်းသားအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

ထိုအဖွဲ့တွင် အချိန်ပြည့်လုပ်ဆောင်ရင်း သူ့ကို 'ဘီဂျေပီ'ပါတီ၏ ကိုယ်စားလှယ်အဖြစ် တင်မြှောက်ကြ၏။ သူ ကောလိပ်တက်နေစဉ် အတွင်းမှာပင် 'အာရ်အက်စ်အက်စ်'ပါတီ၏ မဲဆွယ်စည်းရုံးရေးသမား လုပ်ခဲ့၏။

ဂူဂျာရတ်ပြည်နယ်တွင် ခိုင်မာတောင့်တင်းသော ကေဒါ အခြေစိုက်စခန်းကို ထူထောင်ခဲ့သည်။ သူ၏ ရိုးသားနိမ့်ချသော ဘဝနေမှု ပုံစံကြောင့်လည်း လူသိပိုများလာသည်။ နေ့မအိပ်ညမအိပ် အလုပ်လုပ်၊ လောဘကြီးလွန်းသူလည်း ဖြစ်သည်။ သူ့ဘာသာသူလည်း ဟိန္ဒူအမျိုးသားရေးဝါဒီ နိုင်ငံရေးသမားပုံစံမှ မှန်ကန်သော အုပ်ချုပ်ရေးသမားတစ်ဦးဖြစ်ရန်လည်း ကြိုးစားပုံဖော်ခဲ့၏။

သူတို့ပါတီက နိုင်ငံရေးလောကတွင် အာရုံစိုက်ခြင်း ခံလာကြရပြီး ၁၉၉၀၊ ဧပြီလတွင် ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ခဲ့၏။ ထိုနောက်ပိုင်းတွင် ဘီဂျေပီပါတီသည် ၁၉၉၅ ၌ ဂူဂျာရတ်ပြည်နယ်တွင် အာဏာရလာသည်။ ထိုအချိန်အတောအတွင်းတွင် မိုဒီသည် 'ဆွမ်နတ်သ်'မှ 'အယုဒ္ဓယရက်သ်ယထရာ' နှင့် အိန္ဒိယတောင်ပိုင်း 'ကန်ယာကုမ္မာရီ'မှ မြောက်ဘက် ကက်ရှ်မီးယားအထိ တာဝန်ယူရကာ အမြဲမပြတ် လှည့်လည်သွားနေရသည်။

'မာလီပနောဟာဂျိရှီ'၏ 'အက်တာယထနာ'ခေါ် 'စည်းရုံးရေးခရီး'တွင် ပါဝင်ခဲ့ကာ ၁၉၉၅ ခုနှစ် နိုင်ငံတော်ရွေးကောက်ပွဲတွင် သုံးစွဲသော မဟာဗျူဟာများကြောင့် သူသည် နိုင်ငံရေးလောကတွင် ရှေ့တန်းရောက်လာ၏။ ဘီဂျေပီပါတီ၏ အောင်ပွဲများနှင့်အတူ 'မိုဒီ'သည် ပါတီ၏ အထွေထွေအတွင်းရေးမှူးအဆင့်သို့ပင် ရောက်ရှိလာ၏။ မနေမနား အလုပ်ကို ဖိလုပ်တတ်မှုနှင့် သစ္စာရှိမှုတို့က သူတို့ပါတီတာဝန်ကြီးများ လုပ်ဆောင်နိုင်စေခဲ့ကာ 'ဟာရာနာ'နှင့် 'ဟီမားချားလ်ပရာဒက်ရှ်'ဒေသများတွင်ပါ သူ တာဝန်ယူလာရသည်အထိ ဖြစ်လာ၏။ နှေးသုံးနှေးကျော်လွန်သည်နှင့် သူသည် 'ဘီဂျေပီ'ပါတီ၏ အမျိုးသားအတွင်းရေးမှူးအထိ ဖြစ်လာ၏။

## ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်

ဂူဂျာရတ်ပြည်နယ်ကား အဂတိလိုက်စားမှုများ ထူပြောကာ အုပ်ချုပ်ရေးစနစ်ကလည်း အားနည်းလှ၏။ 'ရှန်ကာဆင်း ဗာဂီလာ' 'ဘီဂျေပီပါတီ'မှ ထွက်သွားသောအခါ 'ကီရှုဘိုင်ပတေးလ်'က ဂူဂျာရတ်ပြည်နယ်ဝန်ကြီး

ချုပ် ဖြစ်လာ၏။ ထိုအခါ 'မိုဒီ'က ဒေလီတွင် ပါတီ အထွေထွေအတွင်းရေး မှူး ဖြစ်သွား၏။

၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားသော 'ဘွတ်ရှ်ငလျင်'ကိစ္စတွင် ဘီဂျေပီ ခေါင်းဆောင်များက ဝန်ကြီးချုပ်သစ်ပြောင်းရန် ဆန္ဒရှိလာကြ၏။ ထိုနေရာ ကို အစားထိုးဝင်ရောက်ရန် 'မိုဒီ'ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာတွင် ဂုဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် အစားထိုးခန့်အပ်ကြ၏။

ထိုအချိန်တွင် မိုဒီသည် အုပ်ချုပ်မှု အတွေ့အကြုံမရှိသေး။ ထို့ကြောင့် သူတို့ သိပ်စိတ်မချ၍ ဒုတိယဝန်ကြီးချုပ်တစ်ဦးဖြင့် ထားရှိပေးရန် စီစဉ် ကြ၏။ ဤသည်ကို 'မိုဒီ'က လက်မခံ။ 'ဂုဂျာရတ်ကို လုံးဝတာဝန်ယူလျှင် ယူရ၊ မယူရလျှင် မလုပ်'ဟု ရဲရဲဝံ့ဝံ့ ပြောခဲ့၏။ သို့ဖြင့် ၂၀၀၇ ဇူလိုင်တွင် သူဝန်ကြီးချုပ်ဖြစ်လာရာ ဂုဂျာရတ်သမိုင်းတွင် သက်တမ်းအရှည်ဆုံး ဝန်ကြီး ချုပ် ဖြစ်ခဲ့၏။

၂၀၁၂ ခုနှစ် ဂုဂျာရတ် ဥပဒေပြုအဖွဲ့ ရွေးကောက်ပွဲတွင် 'မိုဒီ'က အိန္ဒိယအမျိုးသားကွန်ဂရက်ကို အများစုမဲ ၈၆၃၇၃ ဖြင့် အနိုင်ရခဲ့၏။ ဘီဂျေပီပါတီက နေရာ ၁၈၂ နေရာတွင် ၁၁၅ နေရာနိုင်ခဲ့၏။ ထို့ကြောင့် ဂုဂျာရတ်တွင် အစိုးရအဖွဲ့ ဖွဲ့နိုင်ခဲ့၏။

'မိုဒီ'၏ ဝန်ကြီးချုပ် စတုတ္ထသက်တမ်းဖြစ်သော နောက်နှစ်မတ်လ တွင် သူ့ကို ဘီဂျေပီ ပါလီမန်ဘုတ်၏ အဖွဲ့ဝင်အဖြစ် ခန့်အပ်ကြ၏။ ဤသည်မှာ ပါတီ၏ အမြင့်ဆုံး အဆုံးအဖြတ်ပေးနိုင်သည့် ရာထူးဖြစ်၏။ သူတို့ပါတီ၏ ဗဟိုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်အဖြစ်လည်း အဆိုပြု ကြ၏။

## ကြမ်းတမ်းသော စိန်ခေါ်မှုများ

သူ၏ 'ဂန်ဒင်နာဂါ'တွင် တရားမဝင် တည်ဆောက်ထားသော ဘုရားကျောင်း ၂၀၀ အား ဖျက်ဆီးနိုင်ရန် ဆုံးဖြတ်ချက်ကို လူအများက ဝေဖန်ကြ၏။ ဝန်ကြီးချုပ် 'မန်မိုဟန်ဆင်း'၏ အကြမ်းဖက်နှိမ်နင်းရေး ဥပဒေမှာ အတည်ပြုရန် နှောင့်နှေးမှုများကိုလည်း သူက ပျစ်ပျစ်နှစ်နှစ် ဝေဖန်ခဲ့၏။

၂၀၀၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် 'မွမ်ဘိုင်းဖောက်ခွဲမှု' နောက်ပိုင်းတွင် ပိုမိုတင်းကျပ်သော ဥပဒေများပြဋ္ဌာန်းရန် သူက တောင်းဆိုခဲ့၏။ သို့ဖြင့် ဗဟိုအစိုးရအပေါ် သူ၏ ထိုးနှက်ချက်များမှာ ပိုမိုပြင်းထန်လာသည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာ မွမ်ဘိုင်း တိုက်ခိုက်မှုများအစတွင် 'မိုဒီ' က ဂူဂျာရတ်ကမ်းခြေတစ်လျှောက် လုံခြုံရေးကို ပိုမိုချထားရန် တောင်းဆိုခဲ့၏။ သူ၏ တောင်းဆိုမှုကို 'ယူပီအေ'အစိုးရက ချက်ချင်းလိုက်လျောကာ ထောက်လှမ်းရေး၊ အမြန်သဘော် ၃၀ ကို တည်ဆောက်ရန် ခွင့်ပြုခဲ့၏။

'လက်ဒက်ချ်' နှင့် 'ဘရွန်နာချားလ်ပရာဒက်ရှ်'ဒေသများသို့ တရုတ်များ ချဉ်းကပ်လာမှုအပေါ် ဗဟိုအစိုးရ၏ အားနည်းချက်၊ အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ ဘင်္ဂလားဒေ့ရှ်များ စိမ့်ဝင်ထိုးဖောက်လာမှု ပြဿနာတို့အပေါ် ဗဟိုအစိုးရကို ထောက်ပြဝေဖန်ခဲ့၏။

## ဝေဖန်ခံရမှုများ

၂၀၁၂ ခုနှစ် ဂူဂျာရတ် အရေးအခင်းအတွက်မှ 'မိုဒီ'အစိုးရကိုင်တွယ်မှု ညံ့ဖျင်းသည်ဟု ပြန်လည်ဝေဖန်ခံရပြန်၏။ ဖြစ်ပျက်သမျှပြဿနာများအတွက် မိုဒီ တာဝန်ရှိသည်ဟု ဆိုကြ၏။ 'မိုဒီ'၏ လူမျိုးရေးဘက်လိုက်မှုများကို အပြစ်တင်ကြ၏။ သူ၏ အုပ်ချုပ်မှုက ဖက်ဆစ်ဆန်လွန်းသည်ဟုလည်း ဝိုင်းပြောကြ၏။ ဘီဂျေပီပါတီကို ကိုယ်စားမပြုဘဲ ကိုယ်တိုင်လုပ်ချင်တာ ကိုယ်လုပ်နေသူဟုလည်း ပြောသံဆိုသံတွေ ညံစီနေ၏။

၂၀၁၃ ဇွန်လတွင် 'မိုဒီ'ကို အမျိုးသားမဲဆွယ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်သောအခါ 'အယ်လ်ကေအက်ဗာနီ'က မကျေမနပ်ဖြစ်ပြီး နုတ်ထွက်စာတင်၏။ သို့သော် ဘီဂျေပီ ခေါင်းဆောင်ပိုင်းက မိုဒီဘက်မှသာ လိုက်ပြီး ၂၀၁၄ လှုပ်ရှားမှုကို ဦးဆောင်စေ၏။

## မိမိဘာသာမိမိ တည်ဆောက်သူ

မိုဒီက စကားပြော၊ တရားဟောကောင်း၏။ စာရေးသားရာတွင်

လည်း ထိထိမိမိ ရေးတတ်၏။ ဟာသဉာဏ်လည်း ရှင်၏။ လူတကာကို စည်းရုံးရေးလည်း ထက်မြက်၏။ သူက 'မဟတ္တမဂန္ဒီ'ကို ဆရာတင်၏။

"သူက အဟိံသဆိုတဲ့ သည်းခံခြင်းတရားကို ဟောတယ်။ ဒါပေမယ့် လက်ကတော့ တုတ်ကိုင်ထားတယ်။ သူက ဘယ်တော့မှ ဦးထုပ်မဆောင်းဘူး။ ဒါပေမယ့် တစ်ကမ္ဘာလုံးက ဂန္ဒီရဲ့ ဒိုတီကို လိုက်ဝယ်ကြတယ်"ဟု သူက ပြော၏။ မိုဒီသည် တစ်ခါက ဟိမဝန္တာတောင်တန်းတစ်လျှောက် လှည့်လည်သွားလာကာ ယောဂီဆာဒူးကြီးများနှင့်အတူ နေထိုင်ကာ ဟိန္ဒူဘာသာကို ပိုမိုနားလည်အောင် ကြိုးစားခဲ့ဖူး၏။ ဤအရည်အသွေးများက လူတွေ သူပြောရင် အာရုံစူးစိုက်နားထောင်ကြကာ သူ့ဆွဲဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်တတ်ကြခြင်း ဖြစ်သည်ဟု ဆိုကြ၏။ အများကို သူ့နောက်လိုက်ပါအောင် စည်းရုံးနိုင်သည်မှာ 'မိုဒီ'၏ ထူးခြားသော ပါရမီ ဖြစ်၏။

## အိန္ဒိယခေါင်းဆောင်များကြားတွင် ထင်ပေါ်မှု

သူ၏ 'ပီတူး ဂျီတူး'ဖော်မြူလာကာ ထင်ရှား၏။ 'လူထုကို ထောက်ခံ၊ ကောင်းမွန်သော အုပ်ချုပ်ရေးကို လုပ်ဆောင်'ဆိုသော လှုံ့ဆော်မှု ဖြစ်၏။ ဂူဂျာရတ်ပြည်နယ်က မြေက သိပ်မကောင်း၊ သို့သော် သူ၏ အုပ်ချုပ်စီမံမှုကောင်းမွန်လှ၍ စိုက်ပျိုးရေးသီးနှံ အထွက်နှုန်းကောင်း၏။ မြေအောက် ရေအရင်းအမြစ်ရှာဖွေရေး အောင်မြင်၏။ ဆည်မြောင်း၊ တာတမံ အားကောင်း၏။ မိုဒီ၏ 'ဂူဂျာရတ်ပုံစံ' တည်ဆောက်မှုက တစ်တိုင်းတစ်ပြည်လုံး နမူနာယူစရာ ဖြစ်ခဲ့၏။ ထို့ကြောင့် 'မိုဒီ'ကို အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ပြည်သူများက လိုလားကြ၏။ အကြောင်းပြချက်က ဘာလဲ။ ပြည်သူတို့က ခိုင်မာတောင့်တင်း ပြတ်သားသော ခေါင်းဆောင်မှုကို လိုလားကြသည်။ ရှင်းလင်းပြတ်သားသော လမ်းပြမြေပုံကို သူတို့မြင်ချင်ကြ၏။ ချက်ချင်းလက်ငင်း လုပ်ငန်းများ အကောင်အထည်ဖော်မှုကို ဖြစ်စေချင်ကြက၏။ အိန္ဒိယ၏ စီးပွားရေး၊ အဦးအဆောင်ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသော 'ရာတန်တာတာ'မှ 'မူကက်ရှ်အမ်ဘာနီ'အထိ အိန္ဒိယတွင်

အဆုံးအဖြတ် မှန်မှန်ကန်ကန် ပြတ်သားသော ခေါင်းဆောင်မှုကို လိုလားကြသည် ဆို၏။ 'မိုဒီ'၏ 'အနည်းဆုံးအစိုးရနှင့် အများဆုံးအုပ်ချုပ်မှုပုံစံ' ဟူသော ဆောင်ပုဒ်ကို လူထုက သဘောကျကြ၏။

## ဘဝဇာတ်ကြောင်းနောက်ခံ

မိုဒီသည် အိန္ဒိယနိုင်ငံ၏ ၁၅ ဦးမြောက် ဝန်ကြီးချုပ် ဖြစ်သည်။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးချိန်တွင် မွေးဖွားသော ပထမဆုံးဝန်ကြီးချုပ်လည်း ဖြစ်သည်။ ငယ်စဉ်က သူ့ဖခင်ဖွင့်သော ဘူတာရုံမှ လက်ဖက်ရည်ဆိုင်တွင် ကူရောင်းပေးခဲ့၏။ ထို့နောက် သူ့အစ်ကိုနှင့်အတူ ဘတ်စ်ကားဂိတ်အနီးတွင် လက်ဖက်ရည်ဆိုင် ဖွင့်ခဲ့သေးသည်။ ၁၉၆၇ ခုနှစ်တွင် ဇာတိမြို့ အထက်တန်းကျောင်းမှ ကျောင်းပြီးခဲ့၏။ အတန်းထဲတွင် ပညာရေးက သာမန်မျှအဆင့်သာ ရှိ၏။ သို့သော် စကားရည်လုပွဲများတွင် တက်တက်ကြွကြွ ဟောပြောတတ်သည်။ ပြဇာတ်တွင်လည်း ဝါသနာပါသည်ဟု ဆို၏။ ဤအရည်အချင်းများက သူ၏ နိုင်ငံရေးသမားဘဝကို အလွန်အထောက်အကူပေးခဲ့၏။

'မိုဒီ'က ရှစ်နှစ်သား အရွယ်လောက်ကပင်စပြီး 'အာရ်အက်စ်အက်စ်' ပါတီနှင့် အဆက်အသွယ်ရခဲ့ကာ ပါတီ၏ သင်တန်းများကို တက်ခဲ့၏။ 'ဗာကီလ်ဆာဟက်ဗ်'ဆိုသူကို သူ အလွန်ကြည်ညို၏။ သူ၏ နိုင်ငံရေးဂုရုနှင့် ဆရာကြီးဟု ပြောခဲ့၏။ ထိုပုဂ္ဂိုလ်ကြီးက သူ့ကို 'အာရ်အက်စ်အက်စ်' ပါတီ၏ အငယ်တန်း အလုပ်သင်ပါတီဝင်အဖြစ် တာဝန်ပေးခဲ့၏။ နံနက်ပိုင်း သင်တန်းချိန်များတွင် 'မိုဒီ'သည် 'ဗာဆန့်ဂါဂျင်ဒရာဂတ်ဒ်ကာ'နှင့် 'နာသာလာလ်ဂျပ်ဂ်ဒါ'စသော နိုင်ငံရေးသမားကြီးများထံမှ ဩဝါဒခံယူခဲ့၏။ ထိုပုဂ္ဂိုလ်ကြီးများသည် နောင်အခါ 'ဘီဂျေပီ'ပါတီခေါင်းဆောင်ကြီးများ ဖြစ်လာကြ၏။

'မိုဒီ'၏ မိဘများက သူတို့၏ 'ဂန်ချီဇာတ်' မျိုးနွယ်ဓလေ့ထုံးစံအရ ကလေးအရွယ်တွင်ပင် အိမ်ထောင်ချပေးခဲ့၏။ အသက် ၁၃ နှစ်တွင် 'ဂျာရှိုဒါ ဆင်ချီမန်လာလ်'နှင့် စေ့စပ်ပေးကြကာ ၁၈ နှစ်အရွယ်တွင် လက်ထပ်ပေးခဲ့၏။ သူတို့ ခေတ္တခဏသာ အတူနေခဲ့ကြပြီး 'မိုဒီ'က သူ့

ဖျက်ကာ အဖမ်းမခံရစေရန် ရှောင်တိမ်းခဲ့ရ၏။ တစ်ချိန်တည်းမှာပင် ဗဟိုအစိုးရကို ဆန့်ကျင်သောစာတွေ ပုံနှိပ်ကာ ဖြန့်ဝေခဲ့၏။

နိုင်ငံတွင်းမှ လှုပ်ရှားတက်ကြွသူများကို အဆက်အသွယ်လုပ်၏။ ထိုအချိန်တွင် 'ဂူဂျာရတ်တိုက်ပွဲ' အမည်စာအုပ်တစ်အုပ်ကို ဂူဂျာရတ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့သေးသည်။ ထို့နောက် 'အာရ်ှအက်စ်အက်စ်' ပါတီက 'မိုဒီ' ကို 'ဘီဂျေပီ' ပါတီသို့ ၁၉၈၅ ခုနှစ်တွင် တာဝန်ချထား၏။ ထိုအချိန်တွင် 'ဘီဂျေပီ' ပါတီ၌ 'ရှန်ကာဆင်းဗာဂီလာ' နှင့် 'ကေရှုဘိုင်ပတေးလ်' တို့က နာမည်ကြီးတွေ ဖြစ်၏။ ၁၉၉၀ ခုနှစ်တွင် မိုဒီက စည်းရုံးရေး ပိုကောင်းသဖြင့် ထင်ရှားလာ၏။ ၁၉၉၅ ခုနှစ်တွင် ရွေးကောက်ပွဲ၌ 'ဘီဂျေပီ' ပါတီ အောင်မြင်မှုရခဲ့၏။

၁၉၉၅ ခုနှစ် နိုဝင်ဘာတွင် မိုဒီသည် 'ဘီဂျေပီ' ၏ အမျိုးသားအတွင်းရေးမှူးဖြစ်လာကာ နယူးဒေလီသို့ ပြောင်းရွှေ့ရ၏။ ၁၉၉၈ ခုနှစ် မေလတွင်မှ 'မိုဒီ' သည် ဘီဂျေပီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ရာထူးတိုးတက်ခဲ့၏။ သူ၏ မဟာဗျူဟာများက ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲ အောင်မြင်မှုရခဲ့ပြန်၏။

၂၀၀၁ ခုနှစ်တွင် 'ကေရှုဘိုင်ပတေးလ်' ၏ ကျန်းမာရေးက ကျဆင်းလာကာ 'ဘီဂျေပီ' ပါတီသည် ကြားဖြတ်ရွေးကောက်ပွဲတွင် အရေးနိမ့်လာ၏။ အာဏာအလွဲသုံးစားလုပ်မှု၊ အဂတိလိုက်စားမှု၊ အုပ်ချုပ်ရေး လျော့နည်းမှုများကြောင့် နာမည်ပျက်လာ၏။ ၂၀၀၁ 'ဘွတ်ရ်ှ' မြေငလျင်ကို ကိုင်တွယ်ရာတွင် အားပျော့သဖြင့် အဝေဖန်ခံရ၏။ ထို့ကြောင့် 'ဘီဂျေပီ' ပါတီက ဝန်ကြီးချုပ်သစ်ခန့်ထားရန် ခေါင်းဆောင်သစ်ရှာရတော့၏။ ဤတွင် 'မိုဒီ' ကို အားလုံးက မျက်စိကျသွားကြ၏။ သို့သော် 'မိုဒီ' က အုပ်ချုပ်မှု အတွေ့အကြုံမရှိ။ ၇-၁၀-၂၀၁၄ တွင် 'မိုဒီ' သည် ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ် ဖြစ်လာ၏။ ၂၀၀၂ ခုနှစ် ဒီဇင်ဘာရွေးကောက်ပွဲအတွက် ပြင်ဆင်ရန် သူ့မှာ တာဝန်ရှိလာ၏။ သို့သော် သူ၏ ဝန်ကြီးချုပ်သက်တမ်း ပထမနှစ် ၂၀၀၂ ခုနှစ်တွင် 'ဂူဂျာရတ်အရေးအခင်း' နှင့် ရင်ဆိုင်လာရ၏။

## ဂူဂျာရတ်အရေးအခင်း

၂၇-၂-၂၀၀၂ တွင် ခရီးသည် ရာပေါင်းများစွာ ပါလာသော

ရထား တစ်စင်း 'ဂေါဒရာ'အရပ်တွင် မီးလောင်ရာ လူ ၆၀ သေဆုံးခဲ့၏။ ခရီး သည်အများစုမှာ ဟိန္ဒူဘုရားဖူးများ ဖြစ်ကြ၏။ ဤဖြစ်ရပ်၏ လက်သည် တရားခံမှာ မွတ်စလင်အစွန်းရောက်များဟူသော ကောလာဟလ ထွက်လာ ရာမှ ၊မွတ်စလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုသည် ဂုဂျာရတ်ပြည်နယ်တစ်ခု လုံး စတင်ဖြစ်ပွားလာရတော့သည်။

လူပေါင်း ၉၀၀ မှ ၂၀၀၀ အကြား သေဆုံးကြကာ ထောင်ပေါင်း များစွာ ဒဏ်ရာရကြ၏။ အိန္ဒိယအစိုးရက အရေးပေါ်အခြေအနေ ကြေညာ ၏။ တချို့နေရာများတွင် ပစ်ခတ်နှိမ်နင်းရ၏။ တပ်မတော် အကူအညီကို လည်း ယူရ၏။ သို့သော် လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ အတိုက်အခံ ပါတီများ၊ အိန္ဒိယတချို့တို့က ဂုဂျာရတ်အစိုးရ၏ အကိုင်အတွယ်မတတ်ပုံ ကို ဝိုင်းဝေဖန်ကြ၏။ အထူးသဖြင့် ရပ်အလောင်းများကို ဘာမီဒါဘက်သို့ ပြောင်းရွှေ့ရန် 'မိုဒီ'၏ ဆုံးဖြတ်ချက်ကြောင့် အကြမ်းဖက်မှုတွေ ပိုဖြစ်လာ ရသည်ဟု 'မိုဒီ'ကို စွပ်စွဲကြ၏။

၂၀၀၈ ခုနှစ် မတ်လတွင် တရားရုံးချုပ်က ပြည်နယ်အစိုးရကို ၂၀၀၂ ဂုဂျာရတ်အရေးအခင်းတွင် ဖြစ်ပျက်သည့် အမှု ၉၃ မှုကို ပြန်လည် စစ်ဆေးရန် အမိန့်ချခဲ့၏။ ၂၀၁၀ မတ်လတွင် မိုဒီပင် တရားရုံးတွင် အစစ်ဆေးခံနေရ၏။ သို့သော် သူ့ကို အပြစ်ရှာ၍မတွေ့။ သို့သော် မိုဒီ၏ ပါဝင်ပတ်သက်မှု ရှိမရှိမှုကိုကား ဆက်၍ အငြင်းပွားနေကြဆဲ။

နယူးယောက်တိုင်းမ်သတင်းစာမှ သတင်းထောက် 'ဆီလီယာ ဒက်ဂါ' က 'မိုဒီ'နှင့် အင်တာဗျူးလုပ်ခဲ့၏။ မိုဒီက သတင်းမီဒီယာကို ပိုမိုကောင်းမွန်အောင် မကိုင်တွယ်နိုင်ခဲ့ခြင်းအတွက်သာ သူ ဝမ်းနည်းပါသည် ဟု ပြောခဲ့၏။

တချို့ကလည်း 'မိုဒီ'အား ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ပေးရန် တောင်းဆိုလေ၏။ မိုဒီက နုတ်ထွက်စာတင်သော်လည်း ပါတီက လက်မခံ ခဲ့။ နောက်ရွေးကောက်ပွဲတွင် မိုဒီခေါင်းဆောင်ကာ 'ဘီဂျေပီ'ပါတီက ၁၈၂ နေရာတွင် ၁၂၇ နေရာ အနိုင်ရခဲ့၏။

## ဒုတိယသက်တမ်း (၂၀၀၂-၂၀၀၇)

'မိုဒီ'၏ ကြိုးပမ်းမှုကြောင့် ဂုဂျာရတ်ပြည်နယ်သည် ရင်းနှီးမြှုပ်နှံ

မှုအတွက် ဆွဲဆောင်မှုရှိသော နေရာဖြစ်လာ၏။ မိုဒီက ပြည်နယ်တွင်း၌ စီးပွားရေးနှင့် နည်းပညာဌာနတွေ တိုးချဲ့ဖို့ဖွဲ့စည်း၏။ ၂၀၀၇ ခုနှစ် 'တောက်ပလင်းလက်ဂူဂျာရတ်' ထိပ်သီးအစည်းအဝေးတွင် မြေယာရင်းနှီးမြှုပ်နှံမှု အိန္ဒိယရူပီး ဖြဒသမဖ ထရီလီယံရခဲ့၏။ စီးပွားရေးတွင် မိုဒီ၏ စွမ်းဆောင်ချက်များ အောင်မြင်ခဲ့သော်လည်း မွတ်စလင်များနှင့် ဆက်ဆံရေးတွင် မိုဒီ အဝေဖန်ခံရ၏။ ဂူဂျာရတ်အကြမ်းဖက်မှုတွင် မိုဒီကို မဖယ်ရှားခြင်းသည် အမှားအယွင်းဖြစ်သည်ဟု ယခင်ဝန်ကြီးချုပ် 'ဗတ်ချ်ပါယီ'က ပြောခဲ့၏။

## ၂၀၀၇ ရွေးကောက်ပွဲ

၂၀၀၇ တွင် လွှတ်တော်ရွေးကောက်ပွဲရှိသော ၂၀၀၉ တွင် အထွေထွေရွေးကောက်ပွဲ ရှိ၏။ ၁၈-၇-၂၀၀၆ တွင် 'မိုဒီ'က အိန္ဒိယဝန်ကြီးချုပ် 'မန်မိုဟန်ဆင်း'အား အကြမ်းဖက်လှုပ်ရှားမှု ကာကွယ်ရေးအက်ဥပဒေ၏ အားနည်းမှုကို ထောက်ပြဝေဖန်ခဲ့၏။ မွမ်ဘိုင်းပေါက်ကွဲမှုတွင် ဥပဒေများ တင်းကျပ်ရမည် ထောက်ပြခဲ့၏။ ၂၀၀၁ အိန္ဒိယပါလီမန် တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သူ ပါကစ္စတန် ဂျီဟတ်ဝါဒီ 'အက်ဂါလ်ဂုရု'ကို ကွပ်မျက်ရန် တိုက်တွန်း၏။ ဂူဂျာရတ်ပြည်နယ်၏ မိုင် ၉၉၀ ရှည်သော ကမ်းရိုးတန်းအတွက် လုံခြုံရေးချပေးရန် တောင်း၏။ ထို့ကြောင့် ဗဟိုအစိုးရက မြန်နှုန်းမြင့် ထောက်လှမ်းရေးသင်္ဘော ၃၀ ချထားခဲ့၏။

၂၀၀၇ ဇူလိုင်လတွင် 'မိုဒီ'၏ ဂူဂျာရတ်ဝန်ကြီးချုပ်သက်တမ်း ၅၀၆၃ ရက်ပြည့်၏။ ရာထူးတစ်ခုတည်းကို ထိုမျှကြာမြင့်စွာ လုပ်ဆောင်ခဲ့သူအဖြစ် စံချိန်တင်နိုင်၏။ ၂၀၀၇ ရွေးကောက်ပွဲတွင် ၁၈၂ နေရာ၌ ၁၂၂ နေရာ အနိုင်ရခဲ့၏။ ထို့ကြောင့် မိုဒီသည် ဝန်ကြီးချုပ်ရာထူးကို ဆက်လက် တာဝန်ထမ်းဆောင်ရပြန်သည်။

## တတိယသက်တမ်း (၂၀၀၇-၁၂)

မိုဒီက မြေအောက်ရေ သယံဇာတ ရှာဖွေရေးကို ဖိဖိစီးစီးလုပ်၏။ ဂူဂျာရတ်ပြည်နယ်၏ မြေသားကမကောင်း။ စိုက်ပျိုးရေး မဖြစ်ထွန်းနိုင်။

၂၀၀၈ ဒီဇင်ဘာလတွင် မြေအောက် ရေရှာဖွေရေးတွင် ၅၀၀၀၀၀ အဝီစိ တွင်းတူး၊ ရေလှောင်တာတမံတွေ တည်ဆောက်၏။ ရေလုံလောက်စွာ ရသောအခါ မျိုးရိုးဗီဇ ပြုပြင်ထားသော ဝါဂွမ်းများစိုက်၏။ အဝီစိတွင်းရေ များမှ ရေဖြန့်ဖြူးပေး၏။ သို့ဖြင့် အိန္ဒိယတွင် ဝါဂွမ်းအထွက်ဆုံး ဒေသဖြစ် လာ၏။ ၂၀၀၁-၀၇ အတွင်း ဂုဂျာရတ်တွင် စိုက်ပျိုးရေးက ၉ဒသမ၆ ရာခိုင်နှုန်း တိုးလာ၏။

ဂုဂျာရတ်ပြည်နယ်ရှိ ကျေးရွာတိုင်း မီးရရှိရေးကို မိုဒီအစိုးရက ဆောင်ကြဉ်းလုပ်ဆောင်ပေးနိုင်ခဲ့သည်က အထင်ကရမှတ်တိုင်ကြီး ဖြစ်၏။ ပြည်နယ်အတွင်း၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ်ကိုလည်း မိုဒီက အကြီးအကျယ်ပြောင်းလဲစေခဲ့ရာ လယ်သမားများအတွက် အထူးအကျိုး သက်ရောက်မှု ရှိလှ၏။ လယ်ယာလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု နှင့် အခြားသော ကျေးလက်ဓာတ်အားဖြန့်ဖြူးမှုကို ခွဲခွဲခြားခြား လုပ်ဆောင် ပေးခဲ့၏။

ဂုဂျာရတ် နိုင်ငံတကာဘဏ္ဍာရေး 'တက်စ်-မြို့တော်' စီမံကိန်း သည်လည်း မိုဒီ၏ အရေးပါသော စွမ်းဆောင်ချက်တစ်ခု ဖြစ်၏။ ပထမ အဆင့်တွင်ပင် မိုးမျှော်တိုက်ကြီးနှစ်လုံးဖြစ်သော 'ဂစ်ဖ်ဝမ်း' နှင့် 'ဂစ်ဖ်တူး' နှစ်လုံးကို ၂၀၁၂ တွင် ဆောက်လုပ်ပြီးစီးခဲ့၏။

မိုဒီအစိုးရက ဂုဂျာရတ်ပြည်နယ်ကို ကမ္ဘာ့အဆင့်မီ၊ ချမ်းသာကြွယ်ဝ ခေတ်မီသော ပြည်နယ်ကြီးအဖြစ် အသွင်ပြောင်းရန် 'တောက်ပလင်းလက် သော ဂုဂျာရတ်' ဆောင်ပုဒ်ကို ထူထောင်ပြီး လုပ်ဆောင်ခဲ့၏။ သို့သော် ဝေဖန်သူများက ဆင်းရဲမှုလျှော့ချရေးတွင်ကား မိုဒီမအောင်မြင်ဟု ထောက် ပြကြ၏။ ပညာရေးနှင့် အာဟာရတွင်လည်း ခေတ်နောက်ကျသေးသည်ဟု ဆို၏။ ဂုဂျာရတ်ပြည်နယ်သည် အိန္ဒိယတွင် ဆင်းရဲနှုန်း ၁၃ ခုမြောက် ပြည်နယ်၊ ပညာရေးအောက်တန်း နောက်တန်းကျမှုတွင် အဆင့် ၂၁၊ အသက် ငါးနှစ်အောက် ကလေးငယ်များ ပေါင်ချိန်မပြည့်မှု ၄၄ဒသမ၇ ရာခိုင်နှုန်း၊ အာဟာရမပြည့်ဝမှု ၂၃ ရာခိုင်နှုန်းရှိသည်ဟု ဆိုကြ၏။ ဂုဂျာရတ်အစိုးရ ကမူ လူနေမှုအဆင့်တွေ ဆပွားမြင့်မားလာကာ ကျောင်းဆက်မနေဘဲ ကျောင်းထွက်နှုန်းက ၂၀၀၁ တွင် ၂၀ ရာခိုင်နှုန်းရှိရာမှ ၂၀၁၁ တွင် ၂

ရခိုင်နှုန်းအထိ လျော့ကျသွားကြောင်း၊ ကလေးမွေးစဉ် မိခင်သေဆုံးမှုမှာ ၂၀၀၁ ထက် ၂၀၁၁ တွင် ၃၂ ရာခိုင်နှုန်း လျော့ပါးသွားကြောင်း ကြေညာခဲ့၏။

နိုင်ငံရေးသိပ္ပံပညာရှင် 'ခရစ်စတိုဖာ ဂျက်ဖာလော့'ကမူ အိန္ဒိယနိုင်ငံလူနေမှုအဆင့်ညွှန်းကိန်းတွင် ပြည်နယ် ၂၁ ပြည်နယ်တွင် ဂူဂျာရတ်သည် အဆင့် ၁၀ တွင် ရှိသည်ဟု ဆို၏။ နိုဗယ်ဆုရဘောဂဗေဒပါရဂူ 'အမတ်တယာဆင်း'ကမူ မိုဒီအုပ်ချုပ်သော ကာလတွင် ဂူဂျာရတ်၏ ပညာရေးနှင့် ကျန်းမာရေးမှာ ထင်သလောက် မတိုးတက်'ဟု မှတ်ချက်ချပေးခဲ့၏။ ဘောဂဗေဒပါရဂူ 'အာဗင်းပနန်ဂါရိယာ'နှင့် 'ဂျက်ဂဒစ်ဘတ်ဂ်ဂါတီ'တို့ကမူ ဂူဂျာရတ်ပြည်နယ်သည် အခြားပြည်နယ်ထက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် သိသိသာသာ အောင်မြင်သည်ဟု ဆိုကြပြန်၏။ အခြားသော ပြည်နယ်များထက် စာတတ်မြောက်မှုနှုန်းက မြင့်တက်လာကာ ကျန်းမာရေး စောင့်ရှောက်မှုများလည်း ထင်ထင်ရှားရှား တိုးတက်သည်ဟု ဆိုကြ၏။

၂၀၁၂ ဥပဒေပြုအဖွဲ့ ရွေးကောက်ပွဲတွင် မိုဒီက 'မာနင်နာဂါ' မဲဆန္ဒနယ်မှ အိန္ဒိယအမျိုးသားကွန်ဂရက်အမတ်လောင်း 'ရွှေတာ'ကို မဲဆန္ဒ ၈၆၁၃၇၄ ဖြင့် အနိုင်ရခဲ့၏။ ဘီဂျေပီပါတီက ၁၈၂ နေရာတွင် ၁၁၅ နေရာ အနိုင်ရခဲ့၏။ ထို့ကြောင့် သူ့ပါတီက အစိုးရဖွဲ့ခွင့်ရခဲ့၏။

နောက်ထပ် ကြားဖြတ်ရွေးကောက်ပွဲများတွင်လည်း ဘီဂျေပီပါတီက နောက်ထပ် အမတ်နေရာများ အနိုင်ရခဲ့ပြန်၏။ ထို့ကြောင့် 'ဘီဂျေပီ'ပါတီ၏ အမတ်နေရာက ၁၁၉ နေရာအထိ ရှိလာ၏။

မိုဒီအား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ပြီးနောက် ၂၁-၅-၂၀၁၄ တွင် မိုဒီက ပြည်နယ်ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ကာ သူ့နေရာကို 'အာနန်ဒီဘင်ပတေးလ်'အား အစားထိုးပေးခဲ့၏။

၂၀၀၉ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဘီဂျေပီပါတီ မဲဆွယ်စည်းရုံးသူများထဲတွင် 'မိုဒီ' က ထိပ်ဆုံးအဆင့်မှ ဖြစ်၏။

## အိန္ဒိယ၏ ပထမဆုံး လူမှုကွန်ရက်မဲဆွယ်မှု

မိုဒီက မဲဆွယ်စည်းရုံးရာတွင် တွစ်တာ၊ ဖေ့စ်ဘွတ်ခ်၊ ဂူဂဲလ်တို့ကို

ထိထိရောက်ရောက် သုံးစွဲခဲ့၏။ ၂၆-၅-၂၀၁၄ တွင် သူက ဝန်ကြီးချုပ် အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့၏။ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ အာဖဂန်နစ္စတန် သမ္မတ 'ဟာမစ်ကာဇိုင်း'၊ သီရိလင်္ကာသမ္မတ 'မယ်ဒရာရာဂျာပက်ကဆာ'၊ ဘူတန်ဝန်ကြီးချုပ် 'တရှာရင်ကော့ဗ်ရေး'၊ မောလ်ဒိုက်ဖ်(စ်) သမ္မတ 'အဗ္ဗဒူပါယာမင်း အဗ္ဗဒူဂေယွန်'၊ မောရီးရှပ်စ်ဝန်ကြီးချုပ် 'နာဗင်းရပ်ဂူလမ်'၊ နီပေါဝန်ကြီးချုပ် 'ဆူရှိလ်ကွိုင်ရာလာ'၊ ပါကစ္စတန်ဝန်ကြီးချုပ် 'နာဝပ်ဖ်ရှာရစ်ဖ်'၊ ဘင်္ဂလားဒေ့ရှ်လွှတ်တော်ဥက္ကဋ္ဌ 'ရှီရင်ရှာမင်းချောင်ကူရီ' တို့ကိုပါ ဖိတ်ကြားခဲ့ရာ အိန္ဒိယသမိုင်းတွင် ဤသို့ နိုင်ငံအကြီးအကဲများစွာ ဖိတ်ကြားသည်မှာ ပထမဆုံးအကြိမ်ပင် ဖြစ်၏။ သူ ဖိတ်ကြားသည့် ပုဂ္ဂိုလ်များထဲတွင် မတက်ရောက်နိုင်သူဟူ၍ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် 'ရှိတ်ဟာစီနာ'သာ ကျန်၏။ သူက နဂိုကတည်းက ဂျပန်ခရီးစဉ်ရှိနေ၍ ဖြစ်၏။

## ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်အနေဖြင့် ခရီးစဉ်များ

မိုဒီသည် ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့စဉ် တရုတ်၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများသို့ သွားရောက်ခဲ့၏။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သို့သွားကာ 'အထူးစီးပွားရေးဇုန်'များကို လေ့လာပြီး ထိုပုံစံမျိုးကို ဂူဂျာရတ်ပြည်နယ်တွင် လုပ်ဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ်၊ စက်တင်ဘာနှင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာတို့တွင်လည်း တရုတ်ပြည်သို့ ထပ်သွားခဲ့၏။ အနောက်နိုင်ငံများကား မိုဒီနှင့် ဆက်ဆံရေး သိပ်မကောင်း။ ၂၀၁၂ ခုနှစ် ဂူဂျာရတ်အရေးအခင်းကိစ္စနှင့် ပတ်သက်၍ ဗြိတိန်၊ အမေရိကန်နှင့် အီးယူနိုင်ငံများက သူ့ကို သပိတ်မှောက်ထားကြ၏။ သူ့ကို အမေရိကန်ပြည်ဝင်ခွင့် ပိတ်၏။ ဗြိတိန်နှင့် အီးယူတို့က မိုဒီနှင့် ဆက်ဆံရေးကို ငြင်းပယ်ကြ၏။ အရေးအခင်းကာလက မိုဒီ၏ အနေအထားကို မကြိုက်ကြ၍ ဖြစ်၏။ မည်သို့ဆိုစေ၊ မိုဒီသည် အိန္ဒိယ၏ အမျိုးသား ခေါင်းဆောင်ကြီးအဖြစ် ရောက်ရှိလာရာ ဗြိတိန်က ၂၀၁၂ ခုနှစ် အောက်တိုဘာတွင်လည်းကောင်း၊ အီးယူက ၂၀၁၃ ခုနှစ် မတ်လတွင်လည်းကောင်း သပိတ်မှောက်မှုကို ရုပ်သိမ်းခဲ့ကြ၏။ မိုဒီ အိန္ဒိယဝန်ကြီးချုပ် ဖြစ်လာသော အခါ သူ့ကို ဝါရှင်တန်သို့ လာရောက်ရန် အမေရိကန်အစိုးရက ဖိတ်ကြား ခဲ့၏။

၂၀၁၁ ခုနှစ်တွင် ဂူဂျာရတ်အောင်မြင်မှုကို သဘောကျ၍ ကရာချိ ကုန်သည်ကြီးများအသင်းက မိုဒီအား ပါကစ္စတန်လာရောက်ရန် ဖိတ်ကြားခဲ့၏။ ကရာချိနှင့် အာမီဒါဘတ်မြို့နှစ်မြို့ လေကြောင်း ခရီးဆက်သွယ်မှုပြုရန်ပါ တောင်းဆိုကြ၏။ မိုဒီကလည်း ပါကစ္စတန်၏ လောင်စာအခက်အခဲကို ကူညီမည်ဟု ပြောခဲ့၏။

၂၀၁၄ ခုနှစ် ဧပြီလတွင် ပါကစ္စတန်သံတမန်များက 'ဒေးလီးတယ်လီဂရပ်ဖ်'သတင်းစာနှင့် တွေ့ဆုံရာတွင် 'အိန္ဒိယဝန်ကြီးချုပ်အဖြစ် သူတို့က မိုဒီကို လိုလားသည်'ဟုပင် ပြောကြားခဲ့ကြ၏။ မိုဒီသည်သာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် လိုအပ်သည့် ခေါင်းဆောင်ဖြစ်သည်ဟု ပြောကြ၏။

၂၀၁၂ ခုနှစ်တွင် ဂျပန်သို့သွား၏။ ဂူဂျာရတ်တွင် ဂျပန်က ပုဂ္ဂလိကကုမ္ပဏီများစွာ ရင်းနှီးမြှုပ်နှံမှု များစွာလုပ်ဆောင်ခဲ့၏။

## အိန္ဒိယဝန်ကြီးချုပ်၏ နိုင်ငံခြားခရီးစဉ်များ

ဝန်ကြီးချုပ်ဖြစ်ပြီး မိုဒီ၏ ပထမဆုံး နိုင်ငံခြားခရီးစဉ်မှာ ဘူတန်နိုင်ငံသို့ ဖြစ်၏။ ထို့နောက် ၈-၈-၂၀၁၄ တွင် သူ နီပေါသို့သွား၏။ ၃၀-၈-၂၀၁၄ မှစ၍ ဂျပန်သို့ ဆယ်ရက်ကြာခရီးစဉ်များ သွားပြန်သည်။

မိုဒီက ဟိန္ဒူမိသားစုမှ မွေးဖွားလာသူပီပီ သက်သတ်လွတ်သမားဖြစ်၏။ သူ၏ ဘဝနေမှုပုံစံက အလွန်ရိုးစင်း၏။ အလုပ်အကိုင် အလွန်အမင်း၊ ဖိဖိစီးစီး လုပ်တတ်သူ ဖြစ်သည်။ ရှက်တတ်ပြီး လူတွေနှင့် သိပ်ရောရောထွေးထွေး မနေတတ်။ သူက ဂူဂျာရတီဘာသာဖြင့် ကဗျာများစပ်ဆိုတတ်၏။ နဂိုနေ ရိုးအေးသလောက် လူအုပ်ကြီးရှေ့တွင်ကား စကားပြော အလွန်ကောင်းသူ ဖြစ်လာပြန်သည်။ သူက လူမှုကွန်ရက်ကို ထိရောက်စွာ အသုံးချတတ်သူ နိုင်ငံရေးသမား ဖြစ်၏။ ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံး ခေါင်းဆောင်နံပါတ်-၂ ဟုလည်း ဆိုနိုင်၏။ တွစ်တာတွင် သူ့ကို ထောက်ခံလိုလားသူပေါင်း ခြောက်သန်းကျော်ရှိ၏။ သူက အင်တာနက်တွင် အဆက်အသွယ်လုပ် ပြောဆိုတတ်သော ပထမဆုံး အိန္ဒိယနိုင်ငံရေးသမားဟုလည်း ဆိုနိုင်၏။

ဗြိတိသျှဘောဂဗေဒပညာရှင် ဂျင်မ်အိုနီးလ်က 'မိုဒီ'သည် စီးပွား

ရေးဘောဂဗေဒ အလွန် ပိုင်နိုင်ကျွမ်းကျင်သူ ဖြစ်သည်။ အိန္ဒိယတွင် ဤကဲ့သို့ ခေါင်းဆောင်မျိုး လိုအပ်သည်'ဟု ရေးခဲ့၏။ ဘောဂဗေဒပါရဂူ 'ခရစ်ဝုခ်'ကလည်း 'အိန္ဒိယစတော့ဈေးကွက်အတွက် နာရင်ဒရာမိုဒီသည် အကြီးမားဆုံး မျှော်လင့်ချက် ဖြစ်သည်'ဟု သတ်မှတ်၏။

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်တွင် အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ အိန္ဒိယနိုင်ငံ၏ ဟိန္ဒူဘာသာရေးနှင့် ခြိုးခြံမှုအကျင့်တရားများကို အလေးထား ပြောကြားခဲ့၏။ လူသားတို့၏ ဘဝနေထိုင်မှုပုံစံကို ပြောင်းလဲနိုင်ပြီး ရာသီဥတုပြောင်းလဲမှု ပြဿနာကို ဖြေရှင်းရာတွင် နာမ်ပိုင်းဆိုင်ရာကျင့်စဉ်တစ်မျိုးဖြစ်သော ယောဂကျင့်စဉ်ကို ကျင့်သုံးသင့်ကြောင်း ပြောကြားခဲ့၏။ အိန္ဒိယနွယ်ဖွား အမေရိကန်နိုင်ငံခြားသားများနှင့် တွေ့ဆုံရာတွင်လည်း ၂၁ ရာစုသည် အာရှ၏ရာစုဖြစ်ကြောင်း ပြောကြားခဲ့၏။

## ဘွဲ့ဂုဏ်ထူးဆောင် ဆုတံဆိပ်များ

- ဂူဂျာရတ်တနာ (ဂူဂျာရတ်ဂုဏ်ဆောင်)
- ကရီဒါမန့်ချ် (ရာပြည့်နှစ်ဆု)
- အီး-ရက်တနာ (အိန္ဒိယကွန်ပျူတာအသင်းဆု)
- အကောင်းဆုံး ပြည်နယ်ဝန်ကြီးချုပ် (အိန္ဒိယတုဒေးမဂ္ဂဇင်း)
- အာရှ အကောင်းဆုံးအောင်မြင်သူဆု (အက်ဖ်ဒီအိုင်မဂ္ဂဇင်း)
- တိုင်းမ်မဂ္ဂဇင်း မျက်နှာဖုံးရှင် (မတ်လ၊ ၂၀၁၂)
- ၂၀၁၄ ကမ္ဘာ့ဩဇာအရှိဆုံး ပုဂ္ဂိုလ်တစ်ရာ စာရင်းဝင် (တိုင်းမ်မဂ္ဂဇင်း- ၂၀၁၄)
- တွစ်တာ၏ လူကြိုက်အများဆုံး အာရှခေါင်းဆောင် (modi@narendramodi)

၀

နောက်ဆက်တွဲ (ဂ)

## တရုတ်နှင့် နက်ရှိုင်းသော ပင်လယ်ပြာကြီး

လိကျန်မှတစ်ဆင့် တာလီသို့ ကျွန်တော်နောက်ကြောင်းပြန်ကာ ဘတ်စ်ကားဖြင့် မြန်မာလမ်းဟောင်း (ယခု အမှတ် ၆၅ အမျိုးသားအမြန်လမ်း)မှ ပြန်ခဲ့၏။ ရာစုနှစ်များစွာပင် ဤဒေသသည် တရုတ်ဧကရာဇ် အုပ်ချုပ်ရေးအတွက် အကန့်အသတ် များစွာရှိခဲ့သည်မှာ ဘာကြောင့်လဲဆိုသည်ကို လွယ်ကူစွာမြင်ရ၏။ ကျွန်တော်သည် တောင်တစ်ခုပြီးတစ်ခု ဖြတ်ရ၏။ အချို့တောင်ထွတ်များက ပေ ၁၅,၀၀၀ ထိမြင့်၏။ တောင်ကြားက ပေ ၉,၀၀၀ မျှနက်၏။ တောင်များကို မွေ့လိမ်မွေ့ကောက်သွားနေရ၏။ သို့မဟုတ် တစ်ခါတစ်လေ တောင်ကိုဖြတ်ဖောက်ထားသော လိုဏ်ခေါင်းမှ သွားနေရ၏။ တစ်ခါတစ်လေ အဝေးကို လှမ်းမြင်ရ၏။ လမ်းမကြီး၏ တောင်ဘက်ကို ငုံ့ကြည့်လိုက်လျှင် မီးခိုးရောင်ကျောက်တုံးကြီးများက ထိုးထွက်နေတာ၊ တောင်ကမ်းပါးယံ သစ်တောကြီးများကို တွေ့ရ၏။ တစ်ခါတစ်လေတော့ တောင်နှစ်ဖက်ကြားထဲရောက်နေကာ အစိမ်းရောင်နံရံများကိုသာ တစ်ဖက်တစ်ချက်တွင် တွေ့ရ၏။ ဖြစ်ကတတ်ဆန်းဆောက်ထားသော ကျောက်တိုက် သို့မဟုတ် အုတ်တိုက်လေးများကို မတ်စောက်သော ကမ်းပါးယံဘေးများတွင် တွေ့ရတတ်၏။ ယာဉ်မောင်းက နှစ်ယောက်။ တစ်ဦးက လူလတ်ပိုင်းအရွယ်။ သူကတော့ မောင်းတာ မြန်သည်။ ကားတော်တော်များများကို ကျော်တက်တတ်၏။ အထူးသဖြင့် တရွေ့ရွေ့လိမ့်နေသော ကုန်စည်အပြည့် တင်ထားသည့် လော်ရီကားတွေကို သူက ကျော်

တက်တတ်၏။ တစ်ဦးကတော့ စိတ်ခတ်ပြတ်သားခိုင်မာပုံရသည့် အမျိုးသမီးငယ်။ သူကမူ ပို၍ သတိထားမောင်းတတ်၏။ အမျိုးသား ကားမောင်းနေစဉ် တရုတ်ခေတ်ပေါ်သီချင်းသံက ရှေ့ဘက်အသံချဲ့စက်မှ ပေါက်ကွဲထွက်နေတတ်၏။ အမျိုးသမီး ကားမောင်းအလှည့်တွင်မူ အသံပိတ်ထားသော ရုပ်ရှင်ကို ခေါင်းပေါ်ရှိ ရုပ်မြင်သံကြားစက်မှ ပြနေ၏။

လမ်းခုလတ်တွင် ကျွန်တော်တို့သည် ကမ္ဘာ့အရှည်ဆုံးမြစ်ကြီးနှစ်စင်းကို ဖြတ်ရ၏။ မဲခေါင်မြစ်နှင့် သံလွင်မြစ်၊ တစ်ခုနှင့်တစ်ခု နှစ်နာရီခြားဖြတ်ရ၏။ ထို့နောက် တောင်ဆင်းလမ်းကိုရောက်ပြီ။ ပေ ၅၀၀၀ မှစဆင်းကြ၏။ တောင်ပေါ်မှနေ မြေပြန့်ဆီသို့။ စပါးခင်းတွေ မရေမတွက်နိုင်အောင် တွေ့ရ၏။ အချို့က တောင်ကမ်းပါးယံဘေးတွင်ရှိ၏။ ကျောက်စိမ်းရောင်လှေကားထစ်တွေနှင့် တူနေ၏။ လမ်းဘေးတစ်လျှောက် ငှက်ပျောပင်တွေ၊ ဝါးပင်တွေ တွေ့ရ၏။ အိမ်တွေကတော့ ကျောက်နှင့်မဆောက်။ သစ်သားနှင့် ဝါးနှင့်။ ညတော်တော်မိုးချုပ်မှ ရွှေလီမြို့သို့ ရောက်၏။ (လူဦးရေက ၁၄၀,၀၀၀ မျှရှိ၏) မြန်မာပြည်နှင့်က မိုင်အနည်းငယ်သာ ဝေးတော့၏။ ကျွန်တော် ၁၉၉၁ ခုနှစ်က ရွှေလီသို့ တစ်ခေါက်ရောက်ဖူး၏။ ကချင်တောင်တန်းသို့ အသွားတွင်ဖြစ်၏။ ဤမြို့ကို နိုင်ငံခြားခရီးများအတွက် ဖွင့်ပေးသည်မှာ မကြာသေး။ ဟိုဘက် မြန်မာနယ်စပ်တွင်မူ သောင်းကျန်းသူတွေသိမ်းထားသော နယ်မြေရှိ၏။ နိုင်ငံခြားသားများအတွက် တည်းခိုခန်းတစ်ခုသာရှိ၏။ အခန်းတစ်ခုစီက အချုပ်ခန်းသာသာမျှသာ ရှိ၏။ ကွပ်ပျစ်တစ်လုံးရယ်၊ ပလတ်စတစ်စားပွဲတစ်လုံးရယ်သာရှိ၏။ စားပွဲပေါ်မှာက ရေနွေးခတ်ဗူးတစ်ဗူးထားသည်။

ယခင်တစ်ခေါက် ရွှေလီသို့ လာစဉ်ကလိုပင် ဤမြို့သည် ဆင်းရဲပြီး ခေတ်နောက်ကျနေကြောင်း တွေ့ရ၏။ လမ်းနှစ်လမ်းတွင် ဈေးသည်များရှိ၏။ မြန်မာကျောက်စိမ်းနှင့် အခြားကန့်သတ်ကုန်အချို့သာ ရောင်း၏။ ဤမြို့တွင် အိတ်ချ်အိုင်ဗွီရောဂါ ကူးစက်နေ၏။ ပြည့်တန်ဆာကြောင့်က တစ်ပိုင်း၊ ဟီရိုးအင်းဘိန်းဖြူစွဲနေသူများ၍က တစ်ပိုင်းဖြစ်၏။ ဆေးစွဲသူများကို နေရာတကာတွေ့ရ၏။ ဖျားနာနေသော ပိန်ပိန်အမျိုးသား၊ အမျိုးသမီးတွေ၊ အဝတ်တွေက စုတ်ပြတ်ညစ်ပတ်နေ၏။ ပလက်ဖောင်းပေါ်တွင် လှဲသူလှဲ။ နံရံကို မှီသူမှီ။

ဆံပင်ညှပ်ဆိုင်တော့ အများကြီးရှိ၏။ မော်ခေတ်ကမူ ဆံပင်ပုံက တစ်မျိုးတည်းထားကြတာများ၏။ နောက်ပိုင်းကျတော့ ဆံပင်ပုံစံမျိုးစုံထား ခွင့်ရှိလာ၏။ တရုတ်နယ်စပ်ကို ကျော်လျှင် 'မြန်မာ့နည်း မြန်မာဟန် ဆိုရှယ် လစ်ဝါဒ'က အမျိုးသမီးများ ဆံပင်ပုံစံကို ပုံသေကန့်သတ်မထားခဲ့။ မြန်မာ ပြည်ဘက်မှ ဆံပင်ညှပ်ပညာရှင် အချို့သည်ပင် ရွှီလီတွင် ဆံပင်ညှပ်ဆိုင် လာဖွင့်ပြီး စီးပွားရှာနေကြသည်ကို တွေ့ရ၏။ တည်းခိုခန်းများနှင့် မြန်မာ ဆံပင်အလှပြင်ဆိုင်များ မည်သည့်နေရာတွင် ရှိကြမည်ကို ကျွန်တော်မမှတ် မိတော့။ သို့သော် ရှိနေဦးမည်ဟုကား ကျွန်တော် ထင်သည်။

၂၁ ရာစု ရွှေလီကား ခေတ်မီတိုးတက်လာစေပြီ။ အုန်းပင်လေးများ အလှစိုက်ထားသော လမ်းကလေးများ၊ အာမာနီအဝတ်အထည်များ၊ ရိုး လက်စ်နာရီရောင်းသော မှန်ဆိုင်များ၊ အနာဂတ်ပုံစံ မော်ဒယ်ဆောက်ထား သော ဟိုတယ်များ၊ အထပ် ၂၀ အမြင့်အဆောက်အဦများသာ အစီအရီ တွေ့ရ၏။ အထပ်မြင့်တိုက်များပေါ်က လှမ်းကြည့်လိုက်လျှင် တောင်ဘက် တွင် စိမ်းပြာရောင် ရှမ်းတောင်တန်းများကို မြင်ရ၏။ ကျွန်တော်တည်းသော အခန်းက တစ်ညကို ဒေါ်လာ ၅၀ ပေးရရာ မြို့တွင် အကောင်းဆုံးထဲက တစ်ခုဖြစ်ဟန်တူ၏။ အပြင်ဘက်တွင် ဇိမ်ခံကားအရှည်ကြီး တစ်စင်းရပ် ထားသည်ကို တွေ့ရ၏။ ဤကားသည် ကျွန်တော် မြင်ရသမျှ ကားထဲတွင် အရှည်ဆုံးဖြစ်ဟန်တူ၏။

ဧည့်ကြိုများကား နိုင်ငံခြားသားနှင့် ဆက်ဆံဖူးသူများ မဟုတ် ကြောင်း ထင်ရှား၏။ မည်သူမျှ အင်္ဂလိပ်စကားမပြောတတ်။ သို့သော် ယဉ်ကျေးပြီးဖော်ရွေ၏။ မန်ဒါရင်စကားကို သိမ်မွေ့ညင်သာစွာပြောကာ ခြေဟန်လက်ဟန်နှင့် ဧည့်ခံ၏။ ဧည့်ခန်းနံရံတွင် နာရီများချိတ်ထား၏။ လန်ဒန်၊ ရန်ကုန်၊ တိုကျို၊ ပေကျင်းနှင့် နယူးယောက်စံတော်ချိန်များကို ပြထား၏။ တစ်ဖက်တွင်ကား ကျောက်ချောခင်းကြမ်းပြင်နှင့် ကျယ်ပြန့် သော ဧည့်နားနေစရာရှိ၏။ ဆိုဖာအမည်းကြီးတွေ၊ မှန်စားပွဲတွေနှင့် ဆက်တီ တစ်ခုံတွင် ဘောင်းဘီတိုနှင့် လူတစ်စု ထိုင်နေကြ၏။ စီးကရက်သောက် လျက်။ ဝီစကီသောက်လျက်။ သူတို့ပြောနေသော ဘာသာစကားကို ကျွန်တော် နားမလည်သော ဂျင်းဖောစကားဖြစ်မည်ဟုကား ထင်၏။ (ဂျင်း

ဖောစကားကို ဤဒေသတွင် သုံးကြ၏။ မြန်မာပြည်မှ ကချင်စကားမျိုးနှင့် တူ၏)

ဟိုတယ်ဝန်ထမ်းလေးတစ်ဦးက ကျွန်တော့်ကို အပေါ်ထပ်ခေါ်သွား၏။ တစ်ယောက်ခန်းနှစ်ယောက်ခန်း ဇိမ်ခံခန်းများ မျိုးစုံရှိ၏။ ဈေးအကြီးဆုံးကတော့ 'အုပ်ချုပ်သူဇိမ်ခံခန်း' ပင် ဖြစ်၏။ ကြော်ငြာစာရွက်တွင် ကြည့်ရာ ထိုအခန်းတွင် သားရေဆုံလည်ကုလားထိုင်၊ သစ်သားစားပွဲကြီးတစ်လုံး၊ စာအုပ်စင်စသည်တို့ ရှိသည်ကို တွေ့ရ၏။ ရုပ်မြင်သံကြားစက်တစ်လုံးကတော့ တရုတ်လိုင်းများကို ပြနေ၏။ အောက်ထပ်တွင်ကား တရုတ်ဟိုတယ်တိုင်းတွင်ရှိသည့် အနှိပ်ခန်းမျိုးသာမက၊ တစ်ထပ်လုံး အနှိပ်ဆိုင်ဖွင့်ထားသည်ကို တွေ့ရ၏။

ရွှေလီသည် မြန်မာတရုတ်နယ်စပ်မှ အကြီးဆုံးမြို့ဖြစ်၏။ တရုတ်မြန်မာနယ်စပ်ကား ရှည်လျား၏။ အမေရိကန် ကနေဒါနယ်စပ်၏ သုံးပုံတစ်ပုံမျှရှိ၏။ သို့မဟုတ် အမေရိကန် မက္ကဆီကိုနယ်စပ်၏ သုံးပုံနှစ်ပုံမျှရှိမည်။ နယ်စပ်တစ်ခုလုံး တောင်တန်းတွေချည်း။ ရွှေလီတစ်ခုတည်းသာ မြေပြန့်ဖြစ်၏။ တရားဝင်သွားလာ၍ရသော လမ်းများရှိသကဲ့သို့ တရားမဝင်လမ်းများစွာလည်း ရှိ၏။ မည်သည့်အစိုးရကမှ နယ်စပ်ကို ကောင်းစွာမထိန်းသိမ်းမစောင့်ရှောက်ကြ။ မြန်မာရော တရုတ်ဘက်ကပါ အုပ်ချုပ်မှုအာဏာကို ခွဲဝေသုံးစွဲကြ၏။ မြန်မာဘက်ကမူ ပြည်သူ့စစ်မျိုးစုံနှင့် ယခင်လက်ဟောင်းသောင်းကျန်သူ တစ်စုလုံးက တာဝန်ယူကြ၏။ တစ်ခါတစ်လေလည်း အစိုးရအဖွဲ့ဝင် အရာရှိများ စစ်သည်များလာရောက်တတ်ကြ၏။

ဤဒေသ၏ နယ်ခြားအဖြစ် ရွှေလီမြစ်က အမှတ်သင်္ကေတဖြစ်သော်လည်း ဟိုမှာဘက်ကမ်း၏ အချို့မြေများကိုလည်း တရုတ်ကပင်ပိုင်၏။ ဟိုဘက်နှင့် သည်ဘက်ကို ရွှေလီတံတားရှည်ကြီးနှင့် ဆက်ထား၏။ ဟိုဘက်ကမ်းကို Jiegao သို့မဟုတ် မြို့ဟောင်းဟုခေါ်၏။ သို့သော် ဟောင်းနွမ်းရေးကျသော အရာတစ်ခုမျှ မတွေ့ရ။ ကြီးမားသော ဆိုင်ကြီးတွေရှိ၏။ စားသောက်ဆိုင်တွေ၊ ရုံးတွေရှိ၏။ ဆိုင်ပိုင်ရှင်အများစုက မြန်မာလူမျိုးများ ဖြစ်ကြ၏။ မြန်မာပြည်မှာထက် ပိုချမ်းသာပုံရသောသူများဖြစ်ကြ၏။ အချို့က ကျောက်စိမ်းနှင့် အခြားတန်ဖိုးကြီးကျောက်သံပတ္တမြားတွေ ရောင်း

ကြ၏။ သို့သော် ဆိုင်များစွာတွင် အဝတ်လျှော်စက်၊ မိတ္တူကူးစက်မှသည် ကလေးကစားစရာအထိ အကုန်ရောင်း၏။ ကျွန်တော်က ရုံးဖွင့်ရက်တစ်နေ့ လယ်တွင် ပန်းခြံသို့သွားရာ လူတွေကြပ်သိပ်နေ၏။ အချို့လူတွေက မြန်မာ လူမျိုးတွေ ဝတ်သကဲ့သို့ လုံချည်တွေ၊ ထဘီတွေနှင့်။ အချို့လူများကလည်း အနောက်တိုင်းဝတ်စုံဝတ်ထားသော်လည်း မြန်မာစကားပြောသံကြားရ၏။ တရုတ်ခရီးသည်များမှာ ပန်းခြံတွင် ဓာတ်ပုံအရိုက်ခံနေကြ၏။ နောက်ခံ ဆိုင်းဘုတ်က 'မြန်မာပြည်မှ ကြိုဆိုပါသည်'ဆိုသော ဆိုင်းဘုတ်။ ယူနန် ၏ ကုန်သွယ်မှုလမ်းကြောင်း၏ သုံးပုံနှစ်ပုံသည် ရွှေလီမှ ဖြစ်ကြ၏။ ထို့ကြောင့် ယူနန်က ပိုက်ဆံတွေရနေ၏။

မြန်မာပြည်ဘက်မှ လာသူအုပ်စုတစ်ခုက သေသပ်လှပစွာ ဝတ်ဆင် ထားသည်ကို တွေ့ရ၏။ ဘလောက်စ်အင်္ကျီအကြပ်များ၊ မီနီစကတ်များ၊ ဒေါက်မြင့်ဖိနပ်များ ဝတ်ဆင်ကာ သွားလာနေကြ၏။ မိုင်းလားတွင် မြန်မာ မိန်းမလျာများအဖွဲ့က နာမည်ကြီး၏။ ကာစီနိုတွေ ပိတ်လိုက်တော့ မြန်မာ မိန်းမလျာအဖွဲ့က ဖြေဖျော်ရေးတွင် နာမည်ပိုကြီးလာ၏။ အချို့လူများက မြောက်ဘက်ပိုင်း ရွှေလီကို ရွှေ့ပြောင်းကာ အလုပ်သစ်ရှာကြ၏။ ကေတီဗီ ကြော်ငြာတွေ တွေ့ရ၏။ ကေတီဗီဆိုသည်မှာ ကာအိုကေသီချင်းဆိုခန်းဆို သည်ကို နောက်မှသိရ၏။ အငှားကားများနှင့် ကောင်းမွန်ခံ့ညားသော ဆလွန်းကားများ၊ လေအေးစက်တပ် ဘတ်စ်ကားများသည် ကားရပ်နားစခန်း တွင် ရပ်ထားသည်။ လုံချည်ဝတ် ခပ်ညစ်ညစ်ခပ်နွမ်းနွမ်း မြန်မာတစ်စုကို လည်း တွေ့ရ၏။ အချို့လူများမှာ နိုင်ငံပြည်ပသို့ ပထမဆုံးရောက်ဖူးသူများ ဖြစ်ဟန်တူ၏။ တရုတ်ပြည်သည် သူတို့အတွက် အနာဂတ်၏ မြင်ကွင်း တစ်ရပ်ဖြစ်ပုံရ၏။

ရွှေလီမှ ကုန်ဈေးနှုန်းများက ရန်ဟဲ သို့မဟုတ် ပေကျင်းနှင့်အတူတူ ပင် ဖြစ်၏။ သို့သော် မြို့က ခပ်ကျဉ်းကျဉ်း။ ကျွန်တော်တစ်နာရီလောက် လျှောက်ပြီးသည်နှင့် မြို့လယ်ကောင်သွားစရာနေရာမကျန်တော့။ ကျောင်း ဝတ်စုံနှင့် ပြုံးရွှင်နေသော ကလေးများစက်ဘီးပတ်စီးနေကြသည်ကို တွေ့ ရ၏။ အပြာရောင်နှင့် အဖြူရောင်ယူနီဖောင်းတွင် လည်စည်းအနီလေးတွေ စည်းထားကြ၏။ လမ်းဘေးတွင် အမျိုးသား အမျိုးသမီးကြီးများက

မာကျောက်ကစားနေကြ၏။ လူတွေက ခပ်အေးအေး သက်သာနေထိုင်ကြ၏။ လက်ဖက်ရည်ကြမ်းလေး သောက်လိုက်၊ နေကြာစေ့လေးဝါးလိုက်ဖြင့် နွေးထွေးသော နေရောင်ခြည်အောက်တွင် ရှိလီသည် ချမ်းသာပြည့်စုံပြီး ဣန္ဒြေရရှိလှ၏။

မြန်မာတွေ တော်တော်များများရှိ၏။ သူတို့ကျတော့ စိတ်အေးလက်အေးရှိပုံမရကြ။ နွမ်းပါးကြပုံပေါ်သူများ တွေ့ရ၏။ ပထမနေ့တွင် ကျွန်တော် အမျိုးသားနှစ်ဦးကို လမ်းဆုံတွင် တွေ့ရ၏။ စုတ်ပြဲနေသော အိပ်ထဲတွင် အဝတ်တွေထည့်ကာ၊ စာရွက်တစ်ရွက်ကြည့်လိုက်၊ ခေါင်းကုတ်လိုက်နှင့် မည်သည့်ဘက်သွားရမှန်းမသိ ဖြစ်နေ၏။ နေလောင်ထားသော အသားနှင့် မြန်မာလူရမ်းကားတစ်ချို့လည်း တွေ့ရ၏။ ကြည့်ရတာ ရိုင်းရိုင်းစိုင်းစိုင်းနှင့် အခြေအမြစ်ရှိပုံမရကြ။ တစ်ညနေတွင် တောက်ပသော လမ်းမီးရောင်အောက်တွင် ကျွန်တော်လမ်းကူးရန်ပြင်နေစဉ် မြန်မာစုံတွဲတစ်တွဲကို တွေ့ရ၏။ သူတို့က ကျေးလက်ပုံစံအဝတ်အစားတွေနှင့်။ ဘာဆက်လုပ်ရမလဲ အချင်းချင်း အော်ကြီးဟစ်ကျယ် ငြင်းနေကြ၏။ တည်းခိုနေရာပြန်ရမလား၊ ဒါမှမဟုတ် အဆက်အသွယ်သစ်ရှာရမလား ငြင်းနေကြ၏။ အခြားမြန်မာများကား အခြေအနေကောင်းကြသည်တူ၏။ လှည့်ပတ်သွားလာရင်း ဒီဗီဒီစက်ရှာကြ သို့မဟုတ် ဂေါက်ရိုက်တံတစ်စုံဝယ်ရန်ရှာကြနှင့်ပျော်ပျော်ပါးပါး။

အခြားမြန်မာများကား အကဲခတ်ရခက်၏။ ရွှေလီလမ်းပေါ်မှ တရုတ်အုပ်စုတွေဟု ထင်ထားသူများကာ အနားရောက်တော့မှ စကားပြောသံနားထောင်ပြီး သူတို့မြန်မာတွေမှန်း သိလိုက်ရ၏။ ဘောင်းဘီနှင့် ပိုလိုရှပ်နှင့် ရှူးဖိနပ်နှင့်။ ရုပ်ဖျက်ထားသလား အောက်မေ့ရ၏။ သူတို့က ဌာနေတရုတ်တွေနှင့် ရောနေ၏။ ကျွန်တော်ကကော ဘာထူးလို့လဲဟု ပြန်စဉ်းစားမိ၏။

မြန်မာပြည်မှလာသူ အချို့ကမူ အိန္ဒိယလား၊ ပါကစ္စတန်လား၊ ဘင်္ဂလားဒေ့ရှ်ကလား။ ထိုသို့သောရုပ်ရည်မျိုးတွေ ရှိကြ၏။ ၁၉၉၀ ပြည့်နှစ်များအတောအတွင်း စောစောပိုင်းက ရိုဟင်ဂျာထောင်ပေါင်းများစွာ ဘင်္ဂလားဒေ့ရှ်သို့ မောင်းထုတ်ခဲ့၏။ မြန်မာပြည်အနောက်ဘက်ပိုင်းတွင် နေထိုင်ကြသူတို့၏ မူလဇာစ်မြစ်က ဘင်္ဂါလီဖြစ်၏။ သူတို့ထဲမှ တချို့က ဆန့်ကျင်

ဘက်ကိုပြေးရင်းမှ ရှီလီကို မျက်စိလည်လမ်းမှားရောက်လာကာ ဤနေရာတွင်ပင် အခြေချခဲ့ကြ၏။ သူတို့ဘာသာ သူတို့ဗလီများဆောက်ကြ၏။ အချို့လူများက တောင်အာရှဘိုးဘွားများမှ ဆင်းသက်လာသော ဗမာများဖြစ်ကြ၏။ သူတို့က အခြားသူများကဲ့သို့ပင် ငွေလာရှာကြခြင်း ဖြစ်၏။ ဒုတိယနေ့ မွန်းလွဲပိုင်းတွင် ကျွန်တော်က ဟာလာလုပ်ထားသော အစားအသောက်ရောင်းသည့်ဆိုင်တွင် စားသောက်နေစဉ် တစ်ဖက်စားပွဲမှ ပုဂ္ဂိုလ်တစ်ဦးနှင့် စကားပြောဖြစ်၏။ သူက သူ့မိသားစုမှာ ပန်ချာပီများဖြစ်ကြကြောင်း ပြော၏။ (ယခု ပါကစ္စတန်နေရာမှ လူများ)။ သူကိုယ်တိုင်ကမူ မန္တလေးတွင် မွေးသည်ဟု ဆို၏။ သူက မျက်နှာသေးသေး၊ ဆံပင်ရှည်ရှည်၊ ခပတ်ပန်းကန်ပြားကြီးတစ်ချပ်ကို အားရပါးရစားနေ၏။ သူဤနေရာရောက်သည်မှာ နှစ်ရက်သာရှိသေးကြောင်း၊ မော်တော်ဆိုင်ကယ်တစ်စင်းဝယ်ရန်နှင့် မိတ်ဆွေတချို့ဆီလာလည်ခြင်း ဖြစ်ကြောင်းပြော၏။

"ကျွန်တော်က သတ္တဗေဒပညာနဲ့ ဘွဲ့ရခဲ့သူပါ။ ခင်ဗျားယုံမှ ယုံပါ့မလား မသိဘူး။ ဒါပေမယ့် ကျွန်တော်သတ္တဗေဒဘွဲ့နဲ့ ဘာလုပ်စားလို့ရမလဲ။ ကျွန်တော့် မိသားစုက စီးပွားရေးလုပ်ပါတယ်။ စီးပွားရေးမှ ခပ်သေးသေးလေးပါ။ ကျွန်တော်တို့က တရုတ်တွေနဲ့ အလုပ်လုပ်တယ်။ ပစ္စည်းတွေ ပို့တာပြုတာပေါ့။ ကျွန်တော် တရုတ်ပြည်တွင်းက အဆက်အသွယ်ရဖို့ ကြိုးစားနေပါတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ မော်တော်ဆိုင်ကယ် ဝယ်ပြီး ပြန်မှာပါ"

ရွှေလီနှင့် တရုတ်ပြည်အပေါ် ယေဘုယျ ဘယ်လိုမြင်သလဲဟု ကျွန်တော်က သူ့ကို မေးကြည့်၏။

"ပိုပြီးတော့ တိုးတက်ဖွံ့ဖြိုးတဲ့ နေရာပဲ။ ဒါပေမယ့် ငြိမ်းငွေ့စရာကောင်းတယ်။ ကျွန်တော်က မန္တလေးကို ပိုကြိုက်တယ်။ မန္တလေးကို ဒီထက်နည်းနည်း ပိုတိုးတက်စေချင်တယ်။ ကျွန်တော့်အတွက်တော့ မန္တလေးမှာ တိရစ္ဆာန်ရုံတစ်ခုတော့ ရှိစေချင်တယ်။ ဒါမှမဟုတ် ကျွန်တော့်မိသားစုက ဆာဖာရီဥယျာဉ်လိုဟာမျိုး၊ ကျွန်တော် ဖတ်ဖူးတာမျိုးလေးတစ်ခုထူထောင်ချင်တာပါ။ တိရစ္ဆာန်တွေက လွတ်လွတ်လပ်လပ် သွားလာကြ၊ လူတွေက ကားနဲ့ မောင်းဝင်ပြီး ကြည့်ကြ။ အဲဒီအတွက် အဖိုးအခ ကျွန်တော်က ကောက်မယ်"

သူက စားလက်စခပတ်ကို နောက်ဆုံးလက်စသတ်လိုက်ပြီး စားပွဲထိုးအား လက်ဖက်ရည်ထပ်ပေးရန် ပြောလိုက်၏။ 'ဒါက ကျွန်တော့်အိပ်မက်ပဲ'ဟု သူက အဆုံးသတ်၏။

ရွှေလီသည် တစ်ချိန်က မူးယစ်ဆေးဝါးနှင့် ပြည်တန်ဆာလုပ်ငန်းတို့ကြောင့် နာမည်ပျက်ခဲ့၏။ အနီးအနားနေရာများတွင် ဘိန်းကို ဆယ်စုနှစ်များစွာ စိုက်ပျိုးခဲ့၏။ ၁၉၉၀ ပြည့်နှစ်များပတ်လည်အထိမူ ဘိန်းကို ထိုင်းနယ်စပ်ထိတင်ပို့၏။ ထိုင်းနယ်စပ်တွင် ဘိန်းဖြူချက်၏။ ထို့နောက် ဘန်ကောက်မှတစ်ဆင့် အနောက်နိုင်ငံဈေးကွက်များသို့ တင်ပို့၏။ ၁၉၉၀ ပြည့်နှစ်များ၏ အစဦးပိုင်းမှစ၍ မြန်မာလက်နက်ကိုင်တစ်စုသည် နယ်စပ်၏တစ်ဖက်ကမ်းမှနေ၍ သူတို့ဘာသာသူတို့ ဘိန်းဖြူချက်လုပ်ကြ၏။ ထိုင်းပွဲစားလုပ်မှုကို ဖြတ်တောက်ကာ တရုတ်၏ ကျန်ကမ္ဘာနှင့်အဆက်အသွယ်ကို အခွင့်ကောင်းယူခဲ့၏။ ဤတွင် ရွှေလီသည် အဓိကစီးပွားရေးအချက်အခြာဖြစ်လာ၏။ တရုတ်ပြည်တွင် မူးယစ်ဆေးဝါးပြစ်မှုကို သေဒဏ်ပေးသော်လည်း မြန်မာမူးယစ်ဆေး သယ်ယူသူများအတွက်မူ မူးယစ်ဆေးဝါးကို ကူမင်းသို့ ရက်အနည်းငယ်ကြာသယ်သွားနိုင်ရုံဖြင့် နှစ်နှစ်စာ ကောင်းကောင်းထိုင်စား၍ရ၏။ ဘိန်းဖြူနှင့် ပြည့်တန်ဆာတို့မှတစ်ဆင့် အေအိုင်ဒီအက်စ်ဖြစ်လာသည်။ ၁၃ ရာစုတုန်းက မွန်ဂိုမြင်းသည်တော်တို့သည် မြန်မာ-ယူနန်နယ်စပ်မှ 'သေမင်း' မဟူရာသေမင်းဟုခေါ်သော ပလိပ်ရောဂါကို သယ်ဆောင်လာကြ၏။ ထိုမှတစ်ဆင့် တရုတ်ပြည်အတွင်းပိုင်းမြို့များသို့ ရောက်လာ၏။ ထိုမှတစ်ဖန် ပျံ့ပွားကာ စတက်ပ်မြက်ခင်းများဆီသို့။ ထိုမှ ဥရောပသို့ရောက်သွား၏။ သို့ဖြင့် လူပေါင်း ဆယ်သန်းမက သေဆုံးကြရ၏။ ယခု ၁၉၉၀ နှစ်ပိုင်းများတွင် ဤဒေသ၌ပင်၊ အထူးသဖြင့် ရွှီလီသည် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ပြဿနာကို တရုတ်သို့ ယူလာပြန်ချေပြီ။ နယ်စပ်ဒေသများမှတစ်ဆင့် ကူးစက်နှုန်းက မှန်မှန်ကြီး တိုးတက်လာသည်။ ၁၉၈၉ ခုနှစ်တွင် ဌာနေအရာရှိများက ဘိန်းဖြူသမား ၁၅၀ တွင် အိပ်ချ်အိုင်ဗွီပိုးရှိကြောင်း တွေ့ခဲ့ရ၏။ ဤသည်မှာ တရုတ်ပြည်တွင် ပထမဆုံးတွေ့ရသော အခိုင်အမာ အမှုအခင်းများဖြစ်၏။

ရွှေလီသည် အချိန်အနည်းငယ်မျှ ရိုင်းစိုင်းပြီး အန္တရာယ်များသော

ပုံရိပ်ကိုရခဲ့၏။ သို့သော် ကျွန်တော်ရောက်ရှိချိန်ကိုမူ ညအခါပင်ဖြစ်သော်လည်း အေးချမ်းဘေးကင်းလှပါသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က နိုင်ငံအနှံ့ ကာစီနိုလောင်းကစားရုံများကို ပိတ်ပစ်ခဲ့၍ မြို့၏ညဘက်ကား စည်ကားမှု လျော့သွားသည်။ ထို့ပြင် ပြည့်တန်ဆာနှင့် မူးယစ်ဆေးဝါးကိုလည်း စစ်ဆင်ရေးဖြင့် ပိတ်ပင်တားဆီးခဲ့၏။ မြန်မာကျောက်စိမ်းကတော့ အတော်အရောင်းအဝယ် ဖြစ်၏။ ကျောက်စိမ်းအရောင်းအဝယ်တစ်ခုတည်းပင် တစ်နှစ်ကို ဒေါ်လာဘီလျံတစ်သန်းကျော် နှစ်စဉ်ရ၏။ ဘိန်းဖြူထုတ်လုပ်သူကျဆင်းလာပြီး ဆေးစွဲသူများသည် မြို့လယ်ကောင်တွင် ပေါ်ပေါ်တင်တင် အသုံးမပြုရဲကြတော့။ အဆောက်အဦတစ်ခု၏ နံရံတွင်ကား 'ကျူတီကလပ်' ကြော်ငြာပိုစတာကြီးတစ်ခုကို တွေ့ရ၏။ ဘီကီနီနှင့် ကောင်မလေးတစ်ဦးက တစ်ကိုယ်လုံးမြွေပတ်ပြီး ရိုက်ထားသော ပုံဖြစ်၏။

ရွှေလီမြို့ကတော့ အတော်အတန်ချမ်းသာနေပြီဟု ဆိုနိုင်၏။ သို့သော် အနီးအနားက ကျေးလက်များက ချမ်းသာဖို့ဝေးသေးသည်။ ယူနန်၏ လူတစ်ဦးချင်းဝင်ငွေသည် မြန်မာပြည်ထက် အနည်းဆုံးနှစ်ဆများနေသော်လည်း ယူနန်သည် တရုတ်ပြည်တွင် အဆင်းရဲဆုံးပြည်နယ်များထဲတွင် တစ်ခုအပါအဝင် ဖြစ်နေဆဲ။ ရွှေလီမြို့လေးကွက်ကွက်သာ ချမ်းသာပြီး ဘေးပတ်ပတ်လည် ကျေးလက်တွေက ဆင်းရဲနေကြ၏။ မြို့မှ တစ်နာရီလောက် ထွက်ခွာလိုက်လျှင်ပင် လူနေမှုအဆင့်အတန်းက သိသိသာသာကြီးပင် နိမ့်ကျလာသည်ကို တွေ့ရ၏။ မြို့မှာက အိမ်ကြီး ရခိုင်တွေ။ နံရံအမြင့်ကြီးကာထားသော ခြံဝင်းတွေ။ အချို့ဆိုလျှင် ကြက်တောင်ရိုက်ကွင်းပါရှိသေး၏။ အပြင်မှာလည်း တန်ဖိုးကြီးကားတွေ ရပ်ထား၏။ ထိုမှ ကျော်သွားလျှင် တဲပုတ်လေးတွေ။ သောက်ရေသုံးရေပင် ရှားပါးသော နေရာ။ မြန်မာပြည်ထက် နည်းနည်းလေးမျှသာမည့် လယ်သမားများ၏ဘဝ။

တရုတ်အစိုးရကနှင့် ၎င်း၏ 'အနောက်ဘက်ဆီသို့' မဟာဗျူဟာကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ချမှတ်ကာ ငွေကြေးအမြောက်အမြား အကုန်အကျခံလျက် ပိုမိုဆင်းရဲသော ကုန်းတွင်းပိုင်းဒေသများ၏ အပေါ်ထပ်အဆောက်အအုံကို ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားလုပ်ဆောင်ခဲ့၏။ ယူနန်ပြည်နယ်၏ စီးပွားရေးကလည်း ဆယ်စုနှစ်အစတွင် အမေရိကန်ဒေါ်လာ

၂၄ ဘီလျံမှ လေးဆကျော်တက်ကာ ၂၀၀၉ ခုနှစ်တွင် ဘီလျံ ၉၁ ဘီလျံ ထိ တိုးလာ၏။ ရွှေလီသို့ ကျွန်တော်ရောက်ပြီး လအနည်းငယ်အကြာတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျင်ဂွမ်ရုံက 'ယူရေးရှင်းကုန်းတွင်းတံတား' ဆိုသော ခေတ်လွန်ရထားလမ်းကို ဖန်တီးခဲ့၏။ ၎င်းသည် ပုလဲမြစ်ဝှမ်းဒေသ (ဟောင်ကောင်နှင့် ကွမ်ကျိုးအနီး)မှ ယူနန်ကိုဖြတ်ကာ မြန်မာပြည်သို့။ ထိုမှတစ်ဆင့် ရောတာဒမ်သို့သွားမည့် ရထားလမ်းဖြစ်၏။ တရုတ်သည် အာဖရိကတွင် ပို့ကုန်ဈေးကွက်သစ် တိုးတက်ဖွံ့ဖြိုးနေပေရာ ဤလမ်းသည် ကွမ်တုံမှ အီဂျစ်ပြည်ကိုင်ရိုသို့ ပင်လယ်ခရီးကို ကီလိုမီတာ ၆၀၀၀ ထက် မနည်း ချုံ့ပစ်နိုင်မည်ဟု သူက ပြော၏။

တစ်နေ့တွင် ကုန်ရထားများသည် ဟော်လန်သို့အသွားတွင် ရွှေလီမှ ဖြတ်သွားကောင်း ဖြတ်သွားနိုင်၏။ ယခုတော့ ရွှေလီ၏ စိတ်ဝင်စားမှုနှင့် ဂရုထားမှုသည် အမြင်ကျဉ်းမြောင်းကောင်းကျဉ်းမြောင်းနေမည်။ ဤနေရာ တွင် ဖွံ့ဖြိုးမှု၌ အရေးကြီး တကာ့အကြီးဆုံးက မြန်မာဈေးကွက်ဖြစ်နေ၏။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း စိမ်းလန်းစိုပြေနေသော တောင်တန်း ရှုမျှော်ခင်းကို အချိန်အဆမဲ့စွာ သစ်ပင်များခုတ်လှဲခဲ့မှုကြောင့်၊ ဆည်မြောင်း တာတမံများ ဆောက်လျက် ရေအားလျှပ်စစ်စီမံကိန်းများ လုပ်ခဲ့ခြင်းကြောင့်၊ မိုးခေါင်ရေရှားဖြစ်ကာ သဘာဝပတ်ဝန်းကျင်ပျက်စီးခဲ့ရချေပြီ။ ယခုတော့ တရုတ်ကုမ္ပဏီများသည် နယ်စပ်ကိုကျော်ပြီး မြန်မာပြည်မှ သစ်တောများ ကို ပိုမိုခုတ်လှဲရန် မျက်စောင်းထိုးနေကြ၏။ မြန်မာပြည်မှ မြစ်တွေကို ပိတ်ဆို့ကာ ဆည်ဆောက်ကြသည်။ လာရောက်နေထိုင်သူများကြောင့် သဘာဝသယံဇာတသစ်များ ငတ်မွတ်ကြသော ရွှေလီသည် ပို၍ချမ်းသာ လာ၏။

မည်သို့ဆိုစေကာမူ မြန်မာပြည်ကို လှမ်းရန်အတွက် အထူးစိန်ခေါ်မှု တွေကို ဖြတ်သန်းကျော်လွှားရဦးမည်။ မူးယစ်ဆေးဝါးနှင့် ရောဂါဘယများ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါများအပြင် ၄က်ဖျားလည်း နယ်စပ်တွင် ထူ၏။ မြန်မာပြည်တွင် တရုတ်ပြည်မှ ပြောင်းရွှေ့နေထိုင်သူ လူဦးရေသိပ် များ၏။ မြန်မာတွေက သူတို့ကို တရုတ်ကိုလိုနီများဟု မြင်ကြ၏။ မည်သို့ ဆိုစေ တရုတ်အာဏာပိုင်တို့ကလည်း ပူပင်သောကရောက်နေကြ၏။ ယခု

ကဲ့သို့ တရုတ်မျိုးချစ်ဝါဒထွန်းကားနေသောခေတ်တွင် လုံခြုံမှုကို မည်သည့် ခြိမ်းခြောက်မှုမျှမခံလိုကြ။ ၂၀၀၉ ခုနှစ် နှောင်းပိုင်းတွင် တရုတ်အချို့ကို မြန်မာလူဆိုးများက ပြန်ပေးဆွဲကာ ငွေဖြင့်တောင်းဆိုကြ၏။ ဤသတင်း သည် နိုင်ငံအဖို့ ခေါင်းကြီးသတင်းဖြစ်ခဲ့၏။ တရုတ်ဆန့်ကျင်ရေး အဓိက ရုဏ်းများသည် ပေကျင်းအတွက် အပျက်အစီးပင် ဖြစ်၏။ ပုံမှန်အခြေအနေ တွင် ဤစိန်ခေါ်မှုအားလုံးကို အစိုးရနှင့်အတူ နယ်စပ်အခြားဘက်မှလည်း အတူတကွ စီမံအုပ်ချုပ်၍ရ၏။ သို့သော် မြန်မာအတွက်ကား အထူးကိစ္စ။ မြန်မာအစိုးရဆိုတာက ရှိနေ၏။ အစိုးရမဟုတ်သော တပ်တွေကလည်း ရှိသေးသည်။ သူတို့က နိုင်ငံတော်၏ ထိန်းချုပ်မှုမရှိဘဲ လွတ်လပ်စွာ လှုပ်ရှားနေကြ၏။

ရွှေလီမြစ်ဝှမ်းဒေသသည် မြန်မာနှင့် တရုတ်ကြား သဘာဝနယ်ခြား ဖြစ်နေသည်မှာ ကြာခဲ့ပြီ။ မြန်မာမင်းများက အခြားတစ်ဖက်၊ တရုတ် အင်ပါယာက ဤမှာဘက်မှ တစ်ဖက်တစ်ချက်စီအုပ်ချုပ်ကြ၏။ မြန်မာ နန်းတွင်းသူ နန်းသွင်းသားများနှင့် တရုတ်မန်ဒါရင်တို့၏ ဘဝင်စိတ်များက ဒေသခံပြည်သူများ၏ တကယ့်ရှိရင်းစွဲ လက်တွေ့ဘဝထက် ပိုလွန်းနေ၏။ ယနေ့ခေတ်အခါတွင် နှစ်နိုင်ငံစလုံး၏ နယ်စပ်တွင် တိုင်ခေါ် ရှမ်းလူမျိုးတို့ မှာ တို့၏မျိုးရိုးစဉ်လာ ခေါင်းဆောင်များ၏ အုပ်ချုပ်မှုခံယူ၍ တည်ရှိကြ၏။ သူတို့မည်သည့်ယဉ်ကျေးမှု သို့မဟုတ် ဘာသာဗေဒ အဆီးအတားကမှ ခွဲခြား၍မထား။ အနောက်တောင်ဘက်တွင်ကား မန္တလေးရှိ၏။ မြန်မာမင်း များက အုပ်ချုပ်၏။ အရှေ့မြောက်တွင် ပေကျင်းအခြေစိုက် မင်းဆက်များ ဖြစ်ကြသော မွန်ဂို၊ တရုတ်နှင့် မန်ချူးတို့ အုပ်ချုပ်ကြ၏။

တိုင်လူမျိုးစုတို့ကို ယခု ပြည်သူ့သမ္မတနိုင်ငံ၏ တိုင်းရင်းသားများ အဖြစ် သွတ်သွင်းခဲ့ကြ၏။ တိုင်လူမျိုးတစ်သန်းလောက်က ယူနန်တွင်နေကြ ၏။ လာအိုနှင့် ထိုင်းနယ်စပ်များတွင်လည်း နေကြ၏။ ထိုဒေသရှိ ဒေသ သုံးစကားနှင့် ဓလေ့ထုံးစံများသည် ခွဲခြား၍ မရ။ တူညီကြ၏။

၁၉၅၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် ဤဒေသကို ရှမ်းစော်ဘွားတစ်ဦး ဖြစ်သူ ဖန်ယူချီက အုပ်ချုပ်၏။ သူ၏ အတွင်းရေးမှူး အပါးတော်မြဲအဖြစ် စီဝိုင်လီးကို ၁၉၄၂ ခုနှစ်တွင် ခန့်အပ်ခဲ့၏။ စီဝိုင်လီးက ၁၉၁၇ ခုနှစ်တွင်

ယူနန်ပြည်နယ်၌ မွေးဖွားကာ ပညာတတ် မိသားစုပေါက်ဖွားလာသူ ဖြစ်၏။ သူက တရုတ်အနောက်တောင်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့တစ်ခုရကာ ၁၉၄၃ ခုနှစ်တွင် အမေရိကသို့သွားပြီး ယေးလ်တက္ကသိုလ်မှ အနုပညာမဟာဘွဲ့ ကို ရခဲ့ပြန်သည်။ ထို့နောက် အရောင်းရဆုံးစာအုပ်တစ်အုပ်ဖြစ်သည့် 'ပန်းစည်သီချင်း' ဝတ္ထုကိုရေးခဲ့သည်။ ထိုဝတ္ထုကို မိုငြမ်းကာ ၁၉၅၈ ခုနှစ်တွင် ရော့ဒ်ဂျားစ်နှင့် ဟမ်မာစတိန်းက ဂီတသံစုံအဖြစ် ဖန်တီးခဲ့၏။ ၁၉၄၀ ခုနှစ်၊ သူတက္ကသိုလ်မှ ဘွဲ့ရချိန်နှင့် အမေရိကသို့ မသွားမီစပ်ကြား တွင် စီဝိုင်လီးက မန်ရှီး (ရှီလီနှင့် ကပ်လျက်မြို့)တွင် နေခဲ့၏။ ထိုစဉ်က သူသည် စော်ဘွားဖန်၏ အပါးတော်မြဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။

ထိုစဉ်က စော်ဘွားက ၄၁ နှစ်သာရှိသေး၏။ သူက မန်ရှီး၏ အနာဂတ်ကို သူ့ဘာသာသူ ခေတ်မီအောင် တည်ဆောက်ကာ တရုတ်နှင့် မြန်မာနှစ်နိုင်ငံလုံးနှင့် ဆက်သွယ်ပေါင်းကူးမည်ဟု ယုံကြည်ခဲ့၏။ ထိုစိတ်ကူး ဖြင့် သူသည် သူ၏မြို့လေးကို နေချင့်စဖွယ်ဖြစ်အောင် ဖန်တီးကာ မန္တလေး မှ ကူမင်းသို့အသွားလမ်းတွင် နှစ်လိုဖွယ်ရာ စခန်းတစ်ထောက်အဖြစ် ပြု လုပ်ခဲ့၏။ ရှန်ဟဲကုန်သည်များပိုင်သော လက်ဖက်ရည်ဆိုင်တွေ၊ ရေချိုး ခန်းတွေ ဖွင့်၏။

စော်ဘွားက သူ၏မိဖုရားကြီးကိုခေါ်ကာ အပါးတော်မြဲ လီနှင့်အတူ ရန်ကုန်သို့ ခရီးထွက်ခဲ့၏။ သူတို့က မြန်မာလမ်းမှတစ်ဆင့် မန္တလေးသို့ ကားဖြင့်သွားကြ၏။ ထို့နောက် ရထားဖြင့် ရန်ကုန်သို့သွား၏။ ရန်ကုန်မှ လူကုံထံများက သူတို့ကို ဝမ်းသာအားရကြိုဆိုကြ၏။ သူတို့ကို ပါတီတွေ ဖိတ်၏။ ကလပ်တွေ မြင်းပွဲတွေကို ခေါ်သွားသည်။

"စော်ဘွားဖြစ်တဲ့အတွက် မြန်မာပြည်မှာ ခုလိုအခွင့်အရေးတွေ ရတာပဲ။ အမျိုးသမီးတွေကဆို ဝိုင်းဝိုင်းလည်နေတာပဲ။ အသားပုပ်ကို ယင်အုံ သလိုပေါ့"ဟု သူက အပါးတော်မြဲလီကို ပြော၏။ သူက လှိုင်းတွန့်ဆံပင် လေးနှင့် ရုပ်ချောသော ယူရေးရှင်းမလေး အီဒါကိုတွေ့ပြီး စွဲလမ်းခဲ့၏။ အီဒါက အိုင်ယာလန်လူမျိုး သင်္ဘောသားနှင့် တရုတ်ကချေသည်၏ သမီး ဖြစ်သည်။ ယင်းကို သူ့မိဘများက သဘောမတူမှာစိုး၍ အင်္ဂလိပ်လူမျိုး ဗိုလ်မှူးကြီးတစ်ဦးနှင့် မွန်ဂိုမင်းသမီး၏ သမီးတော်ဟု ပြောခဲ့၏။ အီဒါက

ကြက်တောင်နှင့် ဖဲကစားတတ်၏။ သူ၏ ဟိန္ဒူအထိန်းတော်ကြီးထံမှ ပြင်သစ်စကားလည်း အနည်းငယ်သင်ယူ၏။ သူက ကာကီဘောင်းဘီတို နှင့် ဒေါက်မြင့်ဖိနပ်စီး၏။ စော်ဘွားက သူ့ကို 'ဒါလင် အီဒါ'ဟု ခေါ်သည်။ သူ၏ ခေတ်မီတိုးတက်ရေး ကြိုးပမ်းမှု အစိတ်အပိုင်းတွင် သင်ယူဖူးသည့် တစ်လုံးတည်းသော အင်္ဂလိပ်စကားမှာ 'ဒါလင်'သာ ဖြစ်၏။

၁၉၅၃ ခုနှစ်တွင်ကား တရုတ်ကွန်မြူနစ်များသည် ပေကျင်းတွင် လေးနှစ်ကြာခဲ့ပြီးနောက် သူတို့နေရာသို့ ချီတက်ရကာ စော်ဘွားစနစ်ကို ဖျက်သိမ်းခဲ့၏။ ပြည်သူများရော၊ ဟော်နန်းမှ လူများပါ မြန်မာပြည်သို့ ထွက်ပြေးကြ၏။ ယဉ်ကျေးမှု တော်လှန်ရေးအတွင်းတွင် ရှမ်း သို့မဟုတ် တိုင်အုပ်ချုပ်သူများ၏ နန်းတော်များရော၊ ဘုန်းတော်ကြီးကျောင်းတွေ၊ ဘုရားတွေပါ ဖျက်ဆီးခဲ့ကြ၏။ ဘုန်းတော်ကြီးများကို လူထွက်ခိုင်းကာ အလုပ်ကြမ်းလုပ်ခိုင်း၏။ ကျန်ရစ်သော ရှမ်းမင်းမျိုးမင်းနွယ်များကို ရိုက်နှက်သည်။ သတ်ဖြတ်သည်။ ရှေးရိုးရာစဉ်လာ စော်ဘွားများ ပျောက်ကုန်တော့၏။ သို့သော် မြန်မာပြည်ဘက်တွင်ကား ဒေသခေါင်းဆောင်များ စစ်ဘုရင်များ မျိုးဆက်သစ်ပေါ်လာကာ သူတို့နေရာကို ယူလိုက်ကြ၏။ ယနေ့အထိ ထိုဒေသတွင် သူတို့ရှိနေဆဲ။

❖❖❖

ရွှေလီ၏ တောင်ဘက်တည့်တည့်တွင်ကား ဝတောင်တန်းများရှိ၏။ ဤနယ်မြေကို ညီညွတ်သော ဝ နိုင်ငံတော်တပ်မတော်က ထိန်းချုပ်ထား၏။ ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် ဝ ပြည်သူ့စစ်များသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ထိန်းချုပ်မှုအောက်တွင် ရှိ၏။ ဗမာပြည်ကွန်မြူနစ်ပါတီကို ပေကျင်းက ထောက်ပံ့အားပေးကာ အစိုးရကို တိုက်ခိုင်း၏။ ကွန်မြူနစ်သောင်းကျန်သူများသည် ၁၉၈၉ ခုနှစ်တွင် ပြိုကွဲပြီး ဝပြည်သူ့စစ်တို့က ပြန်လည်စုစည်းကာ ညီညွတ်သော ဝနိုင်ငံတော် တပ်မတော်ကို ဖွဲ့စည်းခဲ့၏။ သူတို့ကိုလည်း ပေကျင်းက ထောက်ခံအားပေး၏။ လက်ရှိ ဝခေါင်းဆောင်များသည် တရုတ်ဘာသာစကားကို သွက်လက်စွာပြောကာ တရုတ်အစိုးရနှင့် နီးစပ်သောဆက်ဆံမှုရှိ၏။ အများစုက နယ်စပ်၏ ဟိုမှာဘက်ကမ်း ယူနန်ပြည်နယ်ပေါက်တွေဖြစ်ကြ၏။ သူတို့၏ ထိပ်တန်းစစ်ရေး

အရာရှိများနှင့် စီးပွားဖက်များသည် တရုတ်တိုင်းရင်းသားမျိုးနွယ်စုများပင် ဖြစ်ကြ၏။ ၁၉၈၉ ခုနှစ်တွင် မြန်မာ့တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့ပြီး မြန်မာအစိုးရက ဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးရန် သဘောတူခဲ့၏။ မြန်မာအစိုးရက အနောက်နိုင်ငံ အစိုးရများနှင့် ကုလသမဂ္ဂ တို့ထံမှ အကူအညီကို မျှော်လင့်၏။ ဤသည်က အကောင်အထည်မပေါ် ပါ။ တရုတ်ကသာ ဝင်လာပြီး လမ်းများနှင့် အပေါ်ထပ်အဆောက်အအုံ များကို တည်ဆောက်ပေးကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့် လုပ်ကိုင်၏။ ဘိန်းစိုက်ခင်းများနေရာတွင် တရုတ်ရာဘာစိုက်ခင်းများက နေရာယူလာသည်။ ရောဂါဘယဟူသည် နယ်စဉ်မခြားသည်ကို သတိပြု မိကာ တရုတ်က ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း နယ်စပ်ဖြတ် ကျော်လုပ်ဆောင်ပေး၏။ သို့သော် ပြဿနာကြီးတွေကတော့ ရှိနေ၏။ ဝတို့ သည် လက်နက်တောင့်တင်းကြသူများသာမက လက်နက်များပါထုတ်လုပ် ရန် ကြိုးစားသူများ ဖြစ်ကြ၏။ သူတို့က ယူနန်တွင် လက်နက်စက်ရုံများ ကို တရားမဝင်ထူထောင်ခဲ့၏။ ထိုလက်နက်များကို အိန္ဒိယ၏ အရှေ့မြောက် ဘက်ရှိ သောင်းကျန်းသူများထံ ပို့ပေး၏။

အတိတ်ကာလက စစ်ဘုရင်များသည် စစ်ပွဲ၏ အကြောင်းရင်းများ ဖြစ်ခဲ့ကြ၏။ ၁၇၆၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် ရှမ်းအကြီးအကဲများနှင့် ပဋိပက္ခဖြစ်ခဲ့၏။ ရှမ်းအကြီးအကဲတို့က မြန်မာဘုရင်ရော၊ တရုတ်ဧကရာဇ် ကိုပါ သစ္စာခံသူများ ဖြစ်ကြ၏။ ပြဿနာအစမှာ တရုတ်ကုန်သည်တစ်ဦး ကို သတ်ဖြတ်မှုမှစ၏။ ဤသည်မှာ မြန်မာတို့၏ ထောက်ပံ့ကူညီမှုပါသည် ဟု တရုတ်က စွပ်စွဲပြီး မန်ချူးတရုတ်တပ်မလေးခုက မြန်မာပြည်ကို လေးနှစ်ကြာ ကျူးကျော်တိုက်ခိုက်ခဲ့၏။ အဆုံးတွင် မြန်မာတို့က အနိုင် ရခဲ့၏။ သို့သော် တရုတ်-မြန်မာဆက်ဆံရေးက ဆယ်စုနှစ်များစွာ ပျက်စီး ခဲ့ရ၏။

သို့သော် နယ်ခြားရှိ အုပ်ချုပ်သူများသည် အရေးပါ၏။ ငြိမ်းချမ်း ရေးဖော်ဆောင်သူများ ဖြစ်ကြ၏။ ထိုသူများထဲတွင် ထင်ရှားသူတစ်ဦးကို ပြောပါမည်။ သူ့အမည်က ဝူရှန်းကျန်းဖြစ်၏။ နာမည်ပြောင်အရမှု အိချောင် ဟု သို့မဟုတ် 'ခြေတိုကျား' ဟု ခေါ်၏။ သူက တရုတ်တိုင်းရင်းသားလူမျိုး

စုဝင်တစ်ဦး ဖြစ်၏။ ယူနန်ပြည်နယ် အရှေ့ပိုင်းတွင် ဆင်းရဲသောမိသားစုမှ မွေးခဲ့၏။ ၁၇၄၀ ပြည့်နှစ် ပတ်ဝန်းကျင်၌ ထိုဒေသတွင် ငွေတွင်းတစ်ခုကို သူတူးပြီး နေ့ချင်းညချင်း ချမ်းသာလာခဲ့၏။ နောင်အခါ သူသည် ယူနန် အုပ်ချုပ်မင်းလုပ်သူ၏ လူယုံပါဖြစ်လာကာ သူ့ကို အကောက်ခွန်အရာရှိ ခန့်ခဲ့၏။ ထိုအချိန်က မြန်မာနိုင်ငံနှင့် တရုတ်တို့ကြားတွင် ကုန်သွယ်မှုမရှိသေး။ ဝုနှင့် ယူနန်ပြည့်ရှင်တို့က ကုန်သွယ်မှုလုပ်လျှင် ငွေအများကြီးရပေါက် ရလမ်းရှိမည်ဟု တွက်မိ၏။ နှစ်ဖက်မင်းတို့ကမူ ကုန်သွယ်မှုလုပ်ရန် သိပ်စိတ်မဝင်စားကြ။ ထို့ကြောင့် သူတို့ နှစ်ယောက်ကသာ နေပြည်တော်သို့ တရုတ်ကေရာဇ်၏ သံတမန်ပုံစံ အယောင်ဆောင်ပြီးသွား၏။ မြန်မာမင်းတို့က တရုတ်ကေရာဇ်၏ အသိအမှတ်ပြုမှုကို ခံရသည်ဆိုကာ ဝမ်းသာအားရသူတို့ကို လက်ခံခဲ့၏။ သူတို့အပြန်တွင် မြန်မာသံတမန်အဖွဲ့တစ်ဖွဲ့ပါ တစ်ပါတည်း ထည့်ပေးလိုက်၏။ သူတို့ ပေကျင်းရောက်သောအခါ လှိုက်လှဲပျူငှာစွာ ဧည့်ခံခြင်းခံခဲ့ရ၏။ နောက်ဆုံးတွင် သံတမန်အလဲအလှယ် သိပ်မဖြစ်ခဲ့။ သို့သော် မြန်မာပြည်တွင် ပြည်တွင်းရေး မငြိမ်မသက်မှုများ ဖြစ်ခဲ့သဖြင့် ရှေ့ဆက်လုပ်စရာတွေ ရပ်တန့်သွား၏။ ဝုကိုလည်း နောက်တက်လာသူ ယူနန်မင်းက ဘဝင်မကျဖြစ်ကာ ဖမ်းဆီးခြင်းခံခဲ့ရ၏။

ယင်းဖြစ်ရပ်သည် မြန်မာတရုတ်နယ်ခြား၏ တဖြည်းဖြည်းချင်း တိုးတက်မှုဖြစ်စဉ်တွင် အရပ်သားများ၏ အခန်းကဏ္ဍမည်မျှအတိုင်းအတာအထိ ပါဝင်ခဲ့ကြောင်း သက်သေတစ်ခုပင် ဖြစ်၏။ ယနေ့ခေတ်တွင်မူ နှစ်ဦးနှစ်ဖက် ပိုမိုနားလည်မှုများ၊ သဘောတူမှုများရရှိကာ နယ်စပ်ကုန်သွယ်ရေးများ ပေါ်ထွန်းလာ၏။ ဒေသတွင်း တရုတ်တိုင်းရင်းသားမျိုးနွယ်ကွန်ရက်များက ထိုင်ဝမ် သို့မဟုတ် ဟောင်ကောင်တွင် ပင်လယ်ရပ်ခြားအဖွဲ့အစည်းများ တည်ထောင်ကာ နယ်စပ်မြို့များဆီသို့ ပစ္စည်းတင်ပို့ခဲ့၏။ ထိုအထဲတွင် အခြားသော ကွန်ရက်များဖြစ်ကြသည့် ရှမ်း သို့မဟုတ် ထိုင်းလူမျိုးတို့က ပွဲစားအဖြစ် ဆောင်ရွက်ကာ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးကို ဖြစ်ထွန်းစေခဲ့၏။ ထိုလုပ်ငန်းသည် မလေး-ကူမင်းသာမက ထိုင်းနိုင်ငံ၏ မြို့များဖြစ်ကြသော ချင်းမိုင်နှင့် ဘန်ကောက်ထိပင် ကုန်စည်စီးဆင်းမှုများ ဖြစ်ထွန်းစေခဲ့၏။ ယူနန်ပြည်နယ်တွင်းမှာမူ ရှမ်းတိုင်းရင်းသားတို့

သည် တရုတ်ယဉ်ကျေးမှု ဩဇာအလွှမ်းခံကြရပြီး တရုတ်နည်း တရုတ်ဟန် နှင့်ပင် ကျင့်ကြံနေထိုင်ကြ၏။ တရုတ်ဘာသာစကားကို ထိုင်းသံခပ်ဝဲဝဲနှင့် ပြောကြ၏။ မြန်မာနယ်စပ်နှင့်နီးသော နေရာများတွင်မူ မြန်မာ့ယဉ်ကျေးမှု ကို ပို၍ ခံယူကြ၏။ တောင်ဘက်တွင်ကား ထိုင်းနယ်စပ်နှင့် ကပ်နေရာ ထိုင်းပုံစံပိုယူကြ၏။ မိသားစုများတွင် ဤသုံးနိုင်ငံစလုံးတွင် ဆွေမျိုးများ ပျံ့နှံ့နေရာ ဈေးကွက်ချဲ့ထွင်ရေးတွင် ပိုအဆင်ပြေ၏။

ပေကျင်းမှ လမ်းညွှန်ချက်သိပ်မယူဘဲ ဒေသခံပြည်သူများသည် သူတို့ ကြမ္မာကို သူတို့ ပိုမိုဖန်တီးနိုင်လာကြ၏။ ဤသည်ပင် ကမ္ဘာလုံးဆိုင်ရာ အဆင့်တစ်ခုနှင့် ပိုမိုနီးကပ်လာခြင်းဟု ပြောနိုင်သည်။

❖❖❖

၁၅ ရာစုတွင် တရုတ်ဘုရင့်ရေတပ်မတော်မှ 'ဇင်ဟီး'သည် သင်္ဘော များစွာကို အုပ်ချုပ်ဦးဆောင်ကာ အိန္ဒိယသမုဒ္ဒရာသို့ ကြိမ်ဖန်များစွာ ရွက် လွှင့်သွားလာခဲ့၏။ သူက အာဖရိက အရှေ့ဘက်ကမ်းခြေအထိပင် ရောက် ၏။ သူ၏ ရေတပ်တွင် အရှည်ပေ ၄၀၀၊ ဖြက်ပေ ၁၅၀ ရှိသော သင်္ဘော ကြီးများပင် ပါ၏။ ထိုစဉ်က စပိန်နှင့် ပေါ်တူဂီသင်္ဘောများထက်ကြီး၏။ တရုတ်သင်္ဘောများတွင် ရေသိုလှောင်ရုံများပါ ပါ၏။ ကုန်ပစ္စည်းများလည်း ပါ၏။ စစ်သည်တော် ၃၀၀၀၀ ကိုလည်း တင်ဆောင်နိုင်ခဲ့သည်။ အိန္ဒိယ သမုဒ္ဒရာမှ ပြည်သူများအတွက် အံ့မခန်းမျက်လုံးပြူးစရာပင် ဖြစ်ခဲ့သည်။ ဇင်ဟီးသည် ယူနန်မြန်မာနယ်စပ်မှ မွတ်စလင်ဘာသာဝင် ဖြစ်၏။ သူက အာရှနှင့် အာဖရိကဘုရင်များထံမှ လက်ဆောင်များကိုပါ သယ်ဆောင်ပြီး တရုတ်ပြည်ပြန်လာ၏။ လက်ဆောင်များထဲတွင် အာဖရိကမှ လက်ဆောင် ပေးလိုက်သော သစ်ကုလားအုပ်တစ်ကောင်ပင် ပါလာသေး၏။ ထို့ပြင် အနောက်နိုင်ငံ၏ သတင်းများကိုလည်း သယ်ဆောင်လာသည်။ သို့သော် တရုတ်က ထိုသို့သော ကမ္ဘာအနှံ့ ခြေဆန့်စူးစမ်းရှာဖွေမှုမျိုးကို တစ်ကြိမ် တည်းသာလုပ်ပြီး နောက်ထပ်ဆက်မလုပ်တော့။ အမေရိကန်တို့ လကမ္ဘာကို တစ်ကြိမ်သွားပြီး ထပ်မသွားသည့်ပုံစံမျိုး။ တရုတ်တို့အနေနှင့် ပြည်တွင်း ရေးကိုသာ ပိုအာရုံစိုက်ကြ၏။ အီရတ်မွန်ဂိုနှင့် တာပန်တို့၏ အိုဂါစသော

ပြည်တွင်းရန်သူများကို နှိမ်နင်းရေးကိုသာ ဖိလုပ်ခဲ့၏။ ထိုအချိန်မှစ၍ တရုတ်တို့က ရေတပ်ကို ထပ်မံတိုးချဲ့ရန် မကြိုးစားတော့။

ယခုတော့ ပြောင်းလဲသွားပြီ။ လွန်ခဲ့သော နှစ်နှစ်ဆယ်အတွင်း တရုတ်ရေတပ်က ကြီးထွားလာ၏။ တရုတ်တွင် လေယာဉ်တင်သင်္ဘောကား မရှိသေး။ သို့သော် ဖျက်သင်္ဘောများကိုကား များစွာဝယ်ယူချဲ့ထွင်ထား၏။ (ရုရှားမှ ဝယ်ခြင်းဖြစ်၏) ရေငုပ်သင်္ဘောတွေလည်း ရှိ၏။ ထိုအထဲတွင် အနုမြူရေငုပ်သင်္ဘောပင်ပါသေးသည်။ သင်္ဘောကိုပစ်နိုင်သော ဒုံးပျံကို ကမ္ဘာ့ပထမဆုံးလည်း တရုတ်ကစမ်းသပ်သည်ဟု သိရ၏။ ဤသည်မှာ အမေရိက၏ ပစိဖိတ်ရေတပ်ကို ခြိမ်းခြောက်မှု တစ်ခုဖြစ်၏။ ၂၀၀၈ ခုနှစ်နှောင်းပိုင်းတွင် တရုတ်ရေတပ်က နိုင်ငံတကာတပ်ဖွဲ့များနှင့် ပူးပေါင်းကာ ဆိုမာလီပင်လယ်ဓားပြများ တိုက်ဖျက်ရေးတွင် ပါဝင်ခဲ့၏။ ဆိုမာလီပင်လယ်ဓားပြနှိမ်နင်းရာသို့ တရုတ်က အကောင်းဆုံးသင်္ဘောများနှင့်အတူ ကိုယ်ခံပညာကျွမ်းကျင်သော တိုက်ခိုက်ရေးသမားများကိုပါ စေလွှတ်ခဲ့၏။ နောက်တစ်နှစ်အကြာတွင် တရုတ်အငြိမ်းစား ရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးက အိန္ဒိယသမုဒ္ဒရာအနောက်ဘက်တွင် တရုတ် ရေတပ်အခြေစိုက်စခန်း အမြဲတမ်းနေရာချထားရေးကို အဆိုပြုခဲ့၏။ ပင်လယ်ဓားပြများကို ဝင်တိုက်ခြင်းသည် ရှေ့ဆက်လုပ်မည့်အရာများ၏ ရှေ့ပြေးသင်္ကေတတစ်ရပ်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

၁၇၉၃ ခုနှစ်တွင် တရုတ်ပြည်၏ ကျန်းလုံဧကရာဇ်က အလည်လာရောက်သော ဗြိတိသျှ သံတမန် ဆာဂျော့မက်ကာတနေးကို အလယ်ခေတ်နိုင်ငံတော်တွင် ပြင်ပကမ္ဘာမှ လိုအပ်တာ အနည်းအကျဉ်းမျှသာရှိမည်ဟု ပြောခဲ့၏။ သို့သော် ယနေ့ အလယ်ခေတ်နိုင်ငံသည်ကား ၎င်း၏ စက်မှုတော်လှန်ရေး ပိုမိုတိုးတက်ရန် ကုန်ကြမ်းပစ္စည်းများ အသည်းအသန်လိုအပ်နေချေပြီ။ အထူးသဖြင့် ရေနံနှင့်ဓာတ်ငွေ့။ တရုတ်တွင် ရေနံရှိ၏။ သို့သော် ထွက်တာထက် သုံးစွဲတာက ပိုများနေ၏။ ၁၉၉၃ ခုနှစ်အထိ တရုတ်ပြည်သည် ရေနံထုတ်လုပ်ရောင်းချသူ ဖြစ်ခဲ့၏။ သို့သော် နောက်ပိုင်းတွင် သွင်းရတာက အဆမတန်ပိုများလာ၏။ ယခုဆိုလျှင် တစ်နှစ်ကို တန်ချိန်သန်း ၁၇၀ မျှမက တင်သွင်းနေရ၏။ နှစ်နှစ်ဆယ်အတွင်း ပမာဏငါးဆမျှ

တိုးလာခြင်းပင် ဖြစ်သည်။ တရုတ်က ကြေးနီ၊ သံကြွပ်နှင့် ရှားပါးသော မြေသားသတ္တုတွေ လိုပါ၏။ ပို့ကုန်ဈေးကွက်အတွက် လွယ်ကူသော လမ်းကြောင်းတွေလည်း ရယူလို၏။

ဤကုန်ကြမ်းပစ္စည်းအားလုံးကိုလည်း အရှေ့အလယ်ပိုင်းနှင့်အာဖရိက အပြင် ဩစတြေးလျနှင့် ပစိဖိတ်အဝန်းအဝိုင်းနိုင်ငံများမှလာ၏။ ပေကျင်း အတွက် အိန္ဒိယသမုဒ္ဒရာသင်္ဘောလမ်းကြောင်း အရေးကြီးမှုက အလွန်အမင်း အရေးပါလာ၏။ ရှီလီမှပင်လယ်သို့ ယခုအခါ ၂၄ နာရီ မောင်းရုံနှင့် ရောက်၏။ ဤသည်မှာ မန္တလေးကို ဖြတ်ကာ ရခိုင်တောင်တန်းများကို ကျော်ကာ သွားရမည်။ ထို့အတွက် တရုတ်အင်ဂျင်နီယာများက အသစ် စက်စက်ဆိပ်ကမ်းတစ်ခုကို တည်ဆောက်နေကြ၏။ ရေနံနှင့် ဓာတ်ငွေ့ပိုက် လိုင်းများသည်လည်း ဤလမ်းမှ ဆက်သွယ်ထား၏။ ရထားလမ်းများနှင့် အမြန်ကားလမ်းများက နောက်ပိုင်း ဆက်ပေါ်ထွန်းလာမည်။ နှစ်အနည်း ငယ်အတွင်း တရုတ်နှင့် တရုတ်ဩဇာမှာ ဘင်္ဂလားပင်လယ်အော်အပေါ်၊ သမိုင်းတစ်လျှောက် မည်သည့်ခေတ်ကာလနှင့်မျှ မတူစွာ ပို၍ဩဇာပျံ့နှံ့ လာမည်သာ ဖြစ်၏။

အနောက်နိုင်ငံများက မြန်မာပြည်အပေါ် ပိတ်ဆို့ကာဆီးမှုများသည် ဆယ်စုနှစ်သုံးစုပင်ကျော်လာပြီ။ အမေရိကန်နှင့် ဥရောပထံမှ မည်သည့် အကူအညီမျှမရ။ ထိုပြိုင်ဘက်များမရှိသဖြင့် တရုတ်နှင့် မြန်မာဆက်ဆံ ရေးက ပိုကောင်းလာ၏။ အနောက်နိုင်ငံ အစိုးရများနှင့် မတူသည်မှာ တရုတ်က မြန်မာနိုင်ငံရေးစနစ်၏ သဘောသဘာဝကို လုံးဝဂရုမထားခြင်း ဖြစ်၏။ တရုတ်က အရှေ့တောင်အာရှအစိုးရအားလုံးနှင့် သင့်တင့်အောင် ပေါင်း၏။ ဒီမိုကရက်တစ်ဖြစ်ဖြစ်၊ ကွန်မြူနစ်ဖြစ်ဖြစ်၊ အာဏာရှင်ဖြစ်ဖြစ်၊ ဘာပဲဖြစ်နေနေ၊ စီးပွားရေးလုပ်လို့ရလျှင်တော်ပြီ။ တရုတ်အရေးထားတာက မြန်မာနိုင်ငံ၏ တည်ငြိမ်ရေးသာ ဖြစ်၏။ တရုတ်အစိုးရအရာရှိကြီးများက ဤကိစ္စကို အမြဲပြော၏။ ဤသည်မှာ မန္တာန်မည်ကာမတ္တ မဟုတ်တော့။ အခြားအစိုးရများထက်ပို၍ တရုတ်အစိုးရက သိသည်မှာ ပြည်တွင်းစစ်ကို ဆယ်စုနှစ်များစွာ တိုက်ခိုက်ပြီးနောက် မကြာခင် လုံးလုံးလျားလျား စစ်ပြီး သွားမည်ကို သိနေ၏။ မြန်မာအစိုးရက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

သစ်ဆီကို ရှေးရှုသွားနေပြီး ရွေးကောက်ပွဲများလည်း ကျင်းပနေရာ ကျေနပ်စရာထက် ပိုမိုသော အဆင့်တစ်ခု ရောက်နေပြီ။ တရုတ်တို့က စီးပွားရေး စီမံကိန်းများစွာ ချမှတ်ကာ မြန်မာအစိုးရကို ကူညီနေ၏။ ရောမ အပေါ်ထပ် အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် လူသားဆိုင်ရာ အခွင့်အရေး ကြိုးပမ်းမှုများဆောင်ရွက်နေသော အနောက်နိုင်ငံအစိုးရများထက် မြန်မာပြည်အတွက် ရေရှည်တွင်ပို၍ အကျိုးရှိစေမည်ကို တရုတ်ကသိ၏။ သို့သော် ၂၀၀၉ ခုနှစ်တွင် အဖြစ်အပျက်တစ်ခုက ရုတ်တရက်ပေါ်ပေါက်လာ၏။

ကိုးကန့် ကိစ္စ။ ကိုးကန့်သည် မြန်မာပြည်ထဲရှိ သေးငယ်သော တရုတ်တိုင်းရင်းသားမျိုးနွယ်စု တစ်ခုဖြစ်၏။ ရှမ်းလီ၏အရှေ့ဘက် မိုင်အနည်းငယ်အကွာတွင်ရှိ၏။ ယူနန်ပြည်နယ်၊ နယ်စပ်တွင်နေထိုင်သော အခြားလူမျိုးများကဲ့သို့ပင် သူတို့သည်လည်း တရုတ်ပြည်နယ်အနှံ့အပြားမှ ရာစုနှစ်ပေါင်းများစွာ ပျံ့နှံ့လာရောက်နေထိုင်ကြသူများ ဖြစ်ကြ၏။ သူတို့ မန်ဒရင်ဘာသာစကားပြော၏။ လေသံကတော့ ဝဲ၏။ ကိုးကန့်ကို မြန်မာပြည်မှ နိုင်ငံကျော်ဘိန်းရာဇာများက ထောက်ပံ့ထား၏။ ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် ကိုးကန့်ပြည်သူ့စစ်များသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ သောင်းကျန်းသူတပ်မှ တပ်ဖွဲ့ဝင်များဖြစ်ကြ၏။ ၁၉၈၉ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပြိုကွဲသွားသောအခါ ကိုးကန့်ပြည်သူ့စစ်လည်း ပြိုကွဲသွား၏။ ထို့နောက် သူတို့ဘာသာ သူတို့ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်ဟု ပြန်လည်ဖွဲ့စည်းခဲ့၏။ သူတို့က မြန်မာအစိုးရနှင့် ပထမဆုံးအပစ်အခတ်ရပ်စဲရန် သဘောတူသော အဖွဲ့ဖြစ်၏။ ၂၀၀၉ ခုနှစ်မှစ၍ ဤအပစ်အခတ်ရပ်စဲရေးသည် နှစ်နှစ်ဆယ်အထိ ကြာရှည်ခဲ့၏။

ပေကျင်းခေါင်းဆောင်များအတွက်မူ ၂၀၀၉ ခုနှစ် ဩဂုတ်လတွင်ဖြစ်ပွားသော တိုက်ပွဲမှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်စရာပင် ဖြစ်၏။ ကိုးကန့်ပြည်သူ့စစ်သည် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ လက်နက်ထုတ်လုပ်ရောင်းချမှုတို့တွင် ပါဝင်ပတ်သက်နေ၏။ ကိုးကန့်ပြည်သူ့ စစ်ခေါင်းဆောင်ပိုင်းအတွင်းမှာလည်း ကွဲလွဲမှုတွေ စတင်

ဖြစ်ပေါ်လာသည်။ မြန်မာတပ်က ဤအခွင့်အရေးကို လက်မလွှတ်တမ်းရယူ အသုံးချခဲ့၏။

၁၉၉၀ ပြည့်နှစ် ပတ်ဝန်းကျင်အစောပိုင်းတွင် ဖြစ်ပွားသော နယ်စပ်တိုက်ပွဲများ၌ အကြီးဆုံးစစ်ဆင်ရေးဖြစ်၏။ တရုတ်တိုင်းရင်းသားမျိုးနွယ်စု ၂၀၀၀၀ ကျော် တရုတ်ပြည်သို့ ထွက်ပြေးကြ၏။ ဗီယက်နမ်စစ်နောက်ပိုင်းတွင် တရုတ်နယ်စပ်၌ အကြီးမားဆုံး စစ်ပြေးဒုက္ခသည် အများဆုံးဖြစ်လာသော စစ်ပွဲဖြစ်၏။ ပေကျင်းက ကိုင်ရတွယ်ရခက်ပြီး အတော်ဦးနှောက်ခြောက်သွားသည်။ တကယ်တော့ ကိုးကန့်နှင့် အခြားတိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်များကို ပေကျင်းက သူတို့အတွက် အသုံးဝင်သော ကြားခံပစ္စည်းများအဖြစ် သဘောထား၏။ သူတို့ကို မြန်မာနယ်စပ်အတွင်းပိုင်းတွင် အခြေခံခြေကုပ်များအဖြစ် အသုံးချ၏။ တရုတ်အစိုးရက မြန်မာအစိုးရနှင့်လည်း ပေါင်းသင်းသည်။ တိုင်းရင်းသားပြည်သူ့စစ်များနှင့်လည်း ချစ်မိတ်ဆွေများအဖြစ် ဆက်ဆံ၏။

"တရုတ်က နှစ်ဖက်စလုံးကို ထောက်ပံ့ချင်တယ်။ လူတိုင်းအတွက် အစ်ကိုကြီးတစ်ယောက်လို စောင့်ရှောက်ကူညီတာပါ"ဟု ရှီလီရှိ ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော့်ကို ပြော၏။ ယူနန်လုံခြုံရေးတပ်ဖွဲ့များနှင့် ထိုလက်နက်ကိုင်အုပ်စုများက နေ့တဓူဝအဆက်အသွယ်တွေရှိ၏။

ယခုအချိန်ကာလသည် မြန်မာအစိုးရနှင့် အမေရိကန်တို့ ဆက်ဆံရေးတိုးတက်လာအောင် ကြိုးစားနေချိန်ဖြစ်၏။ သမ္မတအိုဘားမား၏ ပေါ်လစီသစ်က မြန်မာအစိုးရကို ဝါရှင်တန်သို့ ပြန်ချဉ်းကပ်နိုင်ရန် အခွင့်အရေးရစေ၏။ ဤသည်ကို တရုတ်က အလွန်အမင်း စိုးရိမ်ပူပန်နေစေ၏။ ခေတ်ပြိုင်နိုင်ငံတကာ ဆက်ဆံရေးဂျာနယ်၊ တရုတ်ဘာသာထုတ်စာစောင်တွင် ယူနန်တက္ကသိုလ်မှ ပညာရှင်နှစ်ဦးဖြစ်ကြသော လူရှင်ရောင်နှင့် ဝမ်အိပင်းတို့က ကိုးကန့်တိုက်ခိုက်မှုသည် မြန်မာဗိုလ်ချုပ်များက သေသေချာချာ အချိန်ကိုက်ပြောကြားလိုက်သော အဖြေတစ်ခုပင် ဖြစ်သည်ဟု ရေးသားကြ၏။

"ဒါက အနောက်နိုင်ငံကို ဘာပြလိုက်သလဲဆိုရင် မြန်မာစစ်အစိုးရဟာ သူ့ရဲ့ နိုင်ငံခြားရေးပေါ်လစီကို ညှိနှိုင်းနေပြီဆိုတာကို ပြလိုက်တဲ့

သဘောပဲ။ အမေရိကန်တို့ အိန္ဒိယတို့ တခြားနိုင်ငံကြီးတွေနဲ့ မကြာခဏ အဆက်အသွယ်လုပ်ပြီး တရုတ်ကို ရင်ဆိုင်လိုက်တာပဲ"ဟု သူတို့က ၂၀၀၉ ခုနှစ် ဒီဇင်ဘာလထုတ် စာစောင်တစ်ခုတွင် ရေးခဲ့ကြ၏။ မြန်မာတို့က တရုတ်အမေရိကန် ဆက်ဆံရေးသည် အလွန်အမင်း ထိပ်တိုက်တိုးနေသည်ကို ယုံကြည်ထားသဖြင့် သူတို့က ဝါရှင်တန်အား 'အသုံးဝင်သော မဟာမိတ်ဆိုတာဘာလဲ'ဆိုသည်ကို မြန်မာက ပြသလိုက်ခြင်းပင် ဖြစ်၏။ ကိုးကန့်ပြည်သူ့စစ်များက မူးယစ်ဆေးဝါးသယ်ဆောင်သူများ ဖြစ်ကြ၏။အမေရိကန်က ဤဒေသတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချစေချင်သည်ကို မြန်မာ တို့က သိသဖြင့် ဤသို့ ကိုးကန့်ကို မောင်းထုတ်လိုက်ခြင်း ဖြစ်သည်။ ဤအချက်ကို ဝါရှင်တန်က သိပ်သတိထားမိဟန်မတူ။ နယူးယောက်ရှိ ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် အမေရိကန် သံတမန်များနှင့် မြန်မာ ဝန်ကြီးချုပ် ဦးသိန်းစိန်တို့ တွေ့ဆုံစကားပြောကြ၏။ နိုဝင်ဘာတွင် စင်ကာပူ၌ ကျင်းပခဲ့သော ဒေသဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတအိုးဘားမားက ဝန်ကြီးချုပ်ဦးသိန်းစိန်ကို လက်ဆွဲနှုတ်ဆက်ခဲ့၏။ ၁၉၈၈ နှစ်များ ပတ်ဝန်းကျင်တွင် ဤသည်မှာ ပထမဆုံးကိုယ်ဟန်အမူအယာနှင့် နှုတ်ဆက်ခြင်းဖြစ်၏။ တရုတ်များက သံသယဝင်လာသည်။

ထို့ကြောင့် ထိုနှစ်ပိုင်းတွင် ပေကျင်းက မြန်မာပေါ်လစီအား အရှိန်မြှင့်မှုစတင်ခဲ့၏။ မြန်မာ့တပ်မတော်နှင့် သူတို့၏ အကြီးဆုံးစစ်မြေပြင်ပြိုင်ဘက်များ ဖြစ်ကြသည့် ညီညွတ်သော ဝပြည်ထောင်စုတပ်မတော်တို့ကြားမှ အခြေအနေကို တရုတ်က သေသေချာချာ ဂရုစိုက်ကြည့်ရှု၏။ ဝတို့က မြန်မာအစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို လက်ခံကာ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲခဲ့၏။ မြန်မာတပ်နှင့် ဝတို့ကြားတိုက်ပွဲသည် တရုတ်အတွက် ပထမတန်းစား ဘေးအန္တရာယ်ဆိုးပင် ဖြစ်၏။ သူတို့နှစ်ဦးစစ်ဖြစ်လျှင် တရုတ်စကားပြော စစ်ပြေးဒုက္ခသည် သောင်းနှင့်ချီ၍ ယူနန်ကို ပြေးလာကြသည်။ တိုက်ပွဲဆက်ဖြစ်နေလျှင် တရုတ်က ဘယ်သူ့ကို အားပေးမလဲ။ ထိုအခြေအနေကို ဝါရှင်တန်က အခွင့်ကောင်းဝင်ယူသွားနိုင်၏။ သူ့ဘက်ပါ သွားနိုင်၏။

တရုတ်က ထိပ်တန်းခေါင်းဆောင်များ စေလွှတ်ကာ မြန်မာအစိုးရနှင့်

ဆွေးနွေး၏။ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ထဲတွင် ဩဇာရှိသူ၊ နောင်သမ္မတဖြစ်လာမည့် ဇိကျိုပင်းသည်ပင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ၌ မြန်မာပြည်သို့ သွားရောက်ခဲ့၏။ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ၂၀၁၀ ပြည့်နှစ် ဇွန်လတွင် မြန်မာပြည်သို့လာ၏။ အခြားသော ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ပါတီအတွင်းရေးမှူးများလည်း မြန်မာပြည်သို့ သွားကြ၏။ စီးပွားရေးသဘောတူညီချက် ဒါဇင်ပေါင်းများစွာ လက်မှတ်ထိုးကြ၏။ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ပါမည်ဟု ကတိတွေပေးကြ၏။

သစ်လွင်လန်းဆန်းလာသော တရုတ်ကုန်းတွင်းပိုင်းနှင့် ကပ်လျက်ရှိသော မြန်မာနိုင်ငံသည်ကား တစ်စုံတစ်ရာ ကွဲပြားခြားနားပါသည်။ တရုတ်မျိုးနွယ်စုတို့၏ မြန်မာပြည်တွင်းသို့ ပြောင်းရွှေ့လာမှုသည် ယခင်ကထက် ပိုများလာ၏။ တရုတ်တို့ ပြောင်းရွှေ့နေထိုင်မှုသမိုင်းတွင် အကြီးဆုံးလှိုင်းများထဲမှ တစ်ခုဖြစ်၏။ ယခုအခါ ခန့်မှန်းခြေ သန်းနှင့်ချီ၍ ရှိနေ၏။ နယ်စပ်သည် မပီမသမှုန်ဝါးလာ၏။ နှစ်နိုင်ငံတို့သည် ရှည်လျားပြီး ရှုပ်ထွေးသော သမိုင်းကြောင်းတစ်လျှောက် အမြဲတမ်း ချစ်ကြည်နေမည်ကား မဟုတ်။ တရုတ်တို့သည် မြန်မာတို့ကို ဘာလုပ်ရမည်ဟု ပြောဆိုနိုင်သော အခြေအနေမရှိ။ မြန်မာတို့၏ မျိုးချစ်စိတ်ကိုလည်း တရုတ်တို့ သေသေချာချာ သတိပြုမိကြဟန်တူသည်။ နယ်စပ်တစ်လျှောက် မငြိမ်မသက်ဖြစ်၊ အကြမ်းဖက်မှုများဖြစ်ပွားခဲ့လျှင် ပေကျင်းကိုလည်း အကြီးအကျယ်ရိုက်ခတ်တတ်၏။ မြန်မာပြည်သည် ဘင်္ဂလားပင်လယ်အော်၏ ထိပ်တွင် ရပ်တည်နေ၏။ ထို့နောက် မကြာခင် တရုတ်ပြည်၏ အနောက်တောင်ပင်လယ်ကွက်လောက် ဖြစ်လာမည့်အပြင် ၂၁ ရာစု စွမ်းအင်လိုအပ်ချက်၏ ဆက်သွယ်မှု ပိုက်လိုင်းဖြစ်လာမည်။ လောင်းကြေးများကား ပိုမိုမြင့်တက်လာမည်သာ ဖြစ်၏။

၂၀၁၀ ပြည့်နှစ်တွင် မြန်မာရွေးကောက်ပွဲက နီးလာသည်။ အပစ်အခတ်ရပ်စဲရေးတွေက ဆက်လက်ရှိနေဆဲ။ တရုတ်ကလည်း အနီးကပ်စောင့်ကြည့်နေ၏။ ဩဂုတ်လတွင် တရုတ်စစ်သင်္ဘောများက ရန်ကုန်သို့ ပထမဆုံးအကြိမ် ရောက်လာ၏။ တစ်ပတ်အကြာတွင် မြန်မာခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် တရုတ်ပြည်သွား၏။ အထူးတလည် ဂုဏ်

ပြုကြိုဆိုကြ၏။ တရုတ်သမ္မတ ဟူကျင်တောင်းက နယ်စပ်တစ်လျှောက် တည်ငြိမ်ရေးကို ပြော၏။ မြန်မာတို့နှင့် ဆက်ဆံရေးကောင်းကို ဆက်လက်ထိန်းသိမ်းမည်။ မြန်မာပြည်ကို တရုတ်ပြည်၏ 'မပြောင်းလဲသော ပေါ်လစီ' ဖြင့် ဆက်ဆံကျင့်သုံးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

❖❖❖

သို့သော် အခြားသော အာရှဘီလူးကြီးတစ်ဦးက စောင့်နေသေးသည်။ ပေကျင်းသို့ မသွားမီ နှစ်လက ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အိန္ဒိယနိုင်ငံ နယူးဒေလီသို့သွားရောက်ခဲ့ရာ လှိုက်လှဲစွာကြိုဆိုခြင်းခံခဲ့ရ၏။ ဤခရီးစဉ်သည် နှစ်ဖက်စလုံးအတွက် ရှင်းပါသည်။ တရုတ်ကို အိန္ဒိယနှင့် ချိန်ခွင်လျှာ ညှိမည့်ကိစ္စ ဖြစ်သည်။ အိန္ဒိယလူမျိုးများအတွက် မြန်မာပြည်သည် အရေးပါသော မဟာဗျူဟာနိုင်ငံတစ်ခု ဖြစ်၏။ အိန္ဒိယနှင့် မြန်မာတို့ စီးပွားရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့၏။ အိန္ဒိယနှင့် မြန်မာတို့၏ ဆက်ဆံရေးက တရုတ်ထက် ပိုမိုနက်ရှိုင်းခဲ့သည်။ ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုစောစောပိုင်းတို့တွင် အိန္ဒိယနှင့် မြန်မာသည် ဗြိတိသျှအိန္ဒိယ၏ လက်အောက်ခံနိုင်ငံများအတူတူ ဖြစ်ခဲ့ကြ၏။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နယူးဒေလီသို့ သွားပြီးနောက် ပေကျင်းသို့မသွားမီ 'အီကောနော်မစ်' ဂျာနယ်၏ မျက်နှာအဖုံးတွင် 'တရုတ်နှင့် အိန္ဒိယ-ရာစုနှစ်၏ပြိုင်ပွဲ' ဟု ခေါင်းစဉ်ဖြင့် ဤပါဝါသစ်နှစ်နိုင်ငံက ကမ္ဘာ့နိုင်ငံရေးကို မည်သို့ပုံဖော်မည်ကို ရေးသားထား၏။

တရုတ်က မြန်မာနှင့် ဖြောင့်ဖြောင့်တန်းတန်းပင် ဆက်ဆံရေးလုပ်၏။ သို့သော် ရှုပ်ထွေးပုံတွေက ရှိ၏။ အစိုးရနှစ်ခုကြားတွင်သာမက အခြားသော လူများ၊ သမိုင်းများနှင့် ကြားမှဆက်ဆံရေးများတွင် ဖြစ်၏။ အိန္ဒိယကလည်း ရှုပ်ထွေးသူတွေ ရှိမည်။ တချို့က လွတ်လပ်သော ဘုရင့်နိုင်ငံများ၊ တောင်ပေါ်ဒေသအဖွဲ့အစည်းများ၊ အမျိုးသားရေး ပြဿနာများ၊ သောင်းကျန်းမှုများ ရှိနေ၏။

လွန်ခဲ့သော နှစ်တစ်ထောင်ကျော်က တရုတ်ကေရာဇ်တစ်ပါးသည် အနောက်တောင်ဘက်မှ အိန္ဒိယသို့သွားရာလမ်းကို ရှာခဲ့၏။ သို့သော် အချည်း

နိုးပင်။ သို့သော် မကြာမီဆယ်စုနှစ်အနည်းငယ်ကမူ တစ်ချိန်ကရှိခဲ့သော ပထဝီအနေအထားသည် လည်းကောင်း၊ နိုင်ငံရေးအဆီးအတားသည် လည်းကောင်း ခက်ခဲတားဆီးမှုများကို ကျော်နင်းသွားနိုင်ခဲ့ပြီ။ နှစ်သန်း ပေါင်းများစွာ သက်တမ်းရှိခဲ့သော ရှေ့တန်းစခန်းများသည် မြန်မာနှင့် ယူနန် ကြားရှိ တောင်တန်းများ၊ တောင်ကြားများကြားသို့ ရောက်ကာ၊ မပြီးဆုံး နိုင်သော ပြည်တွင်းစစ်များမှတစ်ဆင့် မသေချာ မရေရာသော အနာဂတ်များ ဆီသို့ ရွေ့လျားနေ၏။ တရုတ်နှင့် အိန္ဒိယသည် ယခုတစ်နိုင်ငံနှင့် တစ်နိုင်ငံ ပိုမိုနီးစပ်လာသည်မှာ ယခင် မည်သည့်အချိန်ကမှ ဤသို့ နီးစပ်မှုမျိုး မရှိခဲ့။

*(ဟိန်းလတ် မြန်မာပြန် - ဒေါက်တာသန်းမြင့်ဦး၏ 'တရုတ် အိန္ဒိယ ဆုံမှတ်' စာအုပ်မှ ကောက်နုတ်ချက်)*

○

နောက်ဆက်တွဲ (ဃ)

## အရှေ့မျှော်ဝါဒ

၁၉၃၈ ခုနှစ်တွင် အိန္ဒိယဝန်ကြီးချုပ်ဟောင်း ပညာကျော် ပဏ္ဍိတ် ဂျဝါဟာလာနေရူး တရုတ်ပြည်သို့ရောက်ရှိစဉ်က သမ္မတချန်ကေရှိတ်ကို ပြောခဲ့၏။

"အိန္ဒိယနဲ့ တရုတ်ဟာ အနာဂတ်မှာ ပိုပြီးအတူတူ သြဇာညောင်း ကြလိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

နေရူးသည် ထိုအချိန် အိန္ဒိယအမျိုးသားကွန်ဂရက်၏ ခေါင်းဆောင် ဖြစ်ကာ အိန္ဒိယ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာမည့်သူလည်း ဖြစ်၏။ သူက တရုတ်ကို မိတ်ဆွေအဖြစ် မြင်ထားသည်။ ကိုလိုနီခေတ်အလွန်အာရှ တွင် သဘာဝအတွဲအဖက်တွေ ဖြစ်လာမည်ဟုလည်း မြင်ထား၏။ တရုတ် ပြည်ကို ကွန်မြူနစ်တို့ သိမ်းပိုက်ပြီးနောက်မှာပင် သူ၏ တရုတ်အိန္ဒိယ ချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးသည် ခိုင်မြဲလျက်ရှိသေးသည်။ နေရူး ၏ ခေါင်းဆောင်မှုအောက်တွင် လွတ်လပ်သော အိန္ဒိယသည် စစ်အေးကာလ သစ်အတွင်း ကြားနေခဲ့၏။ ဘက်မလိုက်လှုပ်ရှားမှုကိုသာ ဂရုစိုက်အာရုံ ထားပြီး တည်ဆောက်ခဲ့၏။ အာရှနှင့် အာဖရိကနိုင်ငံများမှာလည်းအမေရိကန် နှင့် ဆိုဗီယက်တို့၏ စစ်ရေးမဟာမိတ်များမှ ကင်းကင်းရှင်းရှင်း နေခဲ့၏။ နေရူးက အိန္ဒိယရော တရုတ်ကိုပါ 'ဖွံ့ဖြိုးဆဲကမ္ဘာသစ်'တွင် အဓိကအခန်း ကဏ္ဍများက ပါဝင်စေလို၏။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းကလည်း ဘက်မလိုက် အစည်းအဝေးဖွင့်ပွဲကို တက်ရောက်ခဲ့၏။ ကွန်မြူနစ်ပေကျင်း

သည် မော်စကို၏ မဟာမိတ်ဖြစ်သော်လည်း တက်ရောက်ခဲ့ခြင်း ဖြစ်၏။ မကြာသေးမီအချိန်ကပင် နေရူးသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမေရိကန်က ကမ်းလှမ်းခဲ့သော အမြဲတမ်းနေရာကိုပင် ပယ်ချခဲ့၏။ တရုတ်ကွန်မြူနစ်အစိုးရကို ဤနေရာပေးရန် ဝါရှင်တန်က ငြင်းပယ်ခဲ့သည်ကို ကန့်ကွက်သည့် သဘောဖြစ်သည်။ ပဏ္ဍိတ်နေရူးသည် အိန္ဒိယ၏ အကြမ်းမဖက်ရေး လှုပ်ရှားမှုဖြင့် ဗြိတိသျှအုပ်ချုပ်ရေးကို ဆန့်ကျင်သော ခေါင်းဆောင်တစ်ဦးအဖြစ် သူ့ဘဝ၏ အချိန်တော်တော်များများကို သုံးစွဲခဲ့၏။ ထိုသို့ အကြမ်းမဖက်ရေး လှုပ်ရှားမှု၏ ခေါင်းဆောင်မှာ သူ၏ဆရာ ဟတ္တမဂန္ဒီပင် ဖြစ်၏။

တရုတ်ခေါင်းဆောင်ပိုင်းကမူ ကွဲပြားခြားနားသော အမြင်ဖြင့်အရာရာကို ကြည့်၏။ သူတို့က သွေးစွန်းသော ပြည်တွင်းစစ်မှနေ၍ အာဏာရရှိခဲ့ကြရာ ကိုရီးယားတွင် ရှိနေသော အမေရိကန်ကိုလည်း ဆက်တိုက်လိုကြ၏။ သူတို့က တရုတ်မြေပုံကို ချဲ့ထွင်ကြည့်ကာ မန်ချူးအင်ပါယာခေတ်က နယ်နိမိတ်ကို လောဘတကြီး ပြန်လိုချင်နေကြ၏။ ၁၉၅၁ ခုနှစ်တွင် သူတို့၏ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်က တိဘက်ကို ကျူးကျော်ဝင်ရောက်၏။ နောက်ထပ် ရှစ်နှစ်ကြာသောအခါ တိဘက်ပုန်ကန်မှုကို ချေမှုန်းပစ်ကြသည်။ သို့ဖြင့် တိဘက်ဘုန်းတော်ကြီး ဒလိုင်းလားမားလည်း အိန္ဒိယသို့ ပြေးရတော့၏။ သူ့ကို အိန္ဒိယက နွေးထွေးစွာ လက်ခံခဲ့၏။ ထိုအချိန်မှစ၍ အိန္ဒိယတွင်ပင် သူနေခဲ့သည်။ တရုတ်နှင့် အိန္ဒိယသည် ၁၂၄၀ မိုင်ရှည်သော နယ်နိမိတ်ကို ခွဲဝေထားရ၏။ ၁၉၅၀ ပြည့်နှစ် ပတ်ဝန်းကျင်နောက်ပိုင်းတွင် နယ်နိမိတ်ပြဿနာများ စတက်လာ၏။ တင်းမာမှုတွေတိုးပွားလာ၏။ ပဏ္ဍိတ်နေရူး၏ တရုတ်အိန္ဒိယပူးပေါင်းဆောင်ရွက်ရေးက မှေးမှိန်သွားသည်။ ၁၉၆၂ ခုနှစ်တွင်ကား တရုတ်အိန္ဒိယစစ်ဖြစ်တော့သည်။

၁၉၆၂ ခုနှစ် တရုတ်အိန္ဒိယစစ်ပွဲသည် လွန်ခဲ့သော ရာစုဝက်ကဖြစ်ခဲ့သော ပဋိပက္ခများကဲ့သို့ပင် ကိုလိုနီခေတ်ကို ပြန်သွားရမည်။ ဗြိတိသျှအိန္ဒိယနှင့် ပေကျင်း၏ မန်ချူးအုပ်ချုပ်သူများ ရေးဆွဲခဲ့သော နယ်နိမိတ်များမှ အရင်းခံ၏။ ၁၈၂၅ ခုနှစ်တွင် ဗြိတိသျှအရှေ့ အိန္ဒိယကုမ္ပဏီသည် အာသံမှ မြန်မာ့ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခွင့်ရခဲ့၏။ အာသံသည် ယနေ့

ခေတ်တွင် အိန္ဒိယအရှေ့မြောက်ပြည်နယ်တစ်ခု ဖြစ်နေသော်လည်း ရာစုနှစ်များစွာကမူ လွတ်လပ်သောနိုင်ငံတစ်ခု ဖြစ်ခဲ့၏။ ၁၉ ရာစုစောစောပိုင်းကျမှ မြန်မာကသိမ်းပိုက်ကာ နောက်ပိုင်းတွင် ဗြိတိသျှကို ကိုလိုနီဖြစ်ခဲ့၏။ အာသံ၏ မြောက်ဘက်တွင် တိဘက်ရှိ၏။ ထိုအချိန်က တိဘက်သည် မန်ချူးအင်ပါယာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်၏။ သို့သော် နယ်နိမိတ်များက မရှင်းလင်းမပြတ်သား။ ပထမတုန်းကမူ ဤကိစ္စက ပြဿနာမဟုတ်ခဲ့။ ခေတ္တခဏမျှ ကိုလိုနီပေါ်လစီရေးဆွဲသူတို့သည် အာသံနှင့် ပတ်သက်၍ ဘာလုပ်ရမှန်းမသိကြ။ နောက်မှ အာသံသည် ဗြိတိသျှတို့ အကြိုက် လက်ဖက်ခြောက်စိုက်၍ အလွန်ကောင်းသော မြေမှန်းသိလာကြ၏။ အာသံနှင့် တိဘက်ကြားတွင် သဘာဝနယ်ခြားမှာ ဟိမဝန္တာတောင်ဖြစ်၏။ ကိုလိုနီကိုယ်စားလှယ်များက ဟိမဝန္တာ၏ တောင်ဘက်တောင်ခြေရင်းတွင် နေကြသူများမှာ တိဘက်စကားပြောကြပြီး တိဘက်ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်ကို သိသွားကြ၏။ တောင်ခြေရှိ တဝမ်အရပ်တွင် အလွန်အရေးကြီးသော တိဘက်ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းရှိ၏။ ထိုကျောင်းမှာ ဆဋ္ဌမမြောက် ဒလိုင်းလားမား၏ မွေးဖွားရာနေရာဖြစ်၏။ ဗြိတိသျှတို့က သူတို့၏ တန်ဖိုးရှိလှသော လက်ဖက်ခင်းများအနီးသို့ နိုင်ငံခြားသားများ ရောက်လာမည်ကို စိုး၏။

ထို့နောက် ဗြိတိသျှတို့သည် 'တိဘက်အပြင်ခြမ်း' (ဟိမဝန္တာ၏ မြောက်ဘက် တိဘက်အဓိကဒေသနှင့် မြို့တော်လာဆာပါဝင်၏။)နှင့် ဟိမဝန္တာ၏ တောင်ဘက် အာသံ မြေပြန့်၏ မြောက်ဘက်တောင်ခြေဒေသဟု ခွဲခြမ်းလိုက်၏။ တောင်ခြေကို ဗြိတိသျှ အိန္ဒိယပိုင်နက်ဟု သတ်မှတ်ခဲ့၏။ တိဘက်ကိုကား ရေးကြီးခွင်ကျယ် သိပ်မလုပ်ခဲ့။ သို့သော် ၁၈၃၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် ဗြိတိသျှတို့က အာရှအလယ်ပိုင်းကို ရုရှားတို့ သြဇာပျံ့နှံ့လာသည်ကို သတိပြုမိ၏။ ရုရှားက ဗြိတိသျှနှင့် ပြိုင်ဘက်ဖြစ်၏။ ဗြိတိသျှအိန္ဒိယ မဟာဗျူဟာပညာရှင်များက လာဆာကို ရုရှားဝင်လာမှာ စိုးရိမ်ကြ၏။ ဗြိတိသျှတို့သည် မန်ချူးတရုပ်တပ်များက သူတို့၏ အိန္ဒိယ နယ်နိမိတ်နှင့် နီးနီးနားနားရှိနေသည်ကိုလည်း မကြည့်လိုကြ။

၁၉၀၅ ခုနှစ်တွင် ဖရန်စစ်ယန်းဟတ်စဘင်းခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်တစ်ဖွဲ့က တိဘက်ကို ကျူးကျော်ဝင်ရောက်ကာ ခုခံ

တားဆီးသူ တိဘက်လူမျိုးများစွာကို သတ်ဖြတ်ခဲ့မိ၏။ မည်သို့ဆိုစေ၊ နှစ်အနည်းငယ်အကြာ မန်ချူးအင်ပါယာပြိုကွဲသောအခါ၊ ဒလိုင်းလားမားအစိုးရက အပြည့်အဝလွတ်လပ်ရေး ကြေညာခဲ့၏။ ထိုအခါ ဗြိတိသျှ သံတမန်များသည် အခြေအနေသစ်ကို လက်ဦးမှုရယူရန် အမြန်ကြိုးစားကြ၏။ သီးခြားနယ်စပ်သစ် သဘောတူညီချက်ကို လာဆာဖြင့် မကြာမီ အဆုံးသတ်လိုက်၏။ 'မက်မဟွန်မျဉ်း' (၁၉၁၄ ခုနှစ်တွင် သဘောတူညီချက်ကို ညှိနှိုင်းခဲ့သူ ဗြိတိသျှ သံတမန်ဟင်နရီ မက်မဟွန်ကို အစွဲပြုပြီး ပေါ်ပေါက်သောအမည်)က ဟိမဝန္တာ၏ အမြင့်ဆုံးတောင်တန်းကို တိဘက်နှင့် ဗြိတိသျှ အိန္ဒိယ နယ်နိမိတ်အဖြစ် စည်းခြားပေးခဲ့၏။ ထိုအခါ တိဘက်စကားပြော တောင်ခြေရွာများသည် ဗြိတိသျှဘက်သို့ ပါသွားတော့၏။ တရုတ်အစိုးရက ကန့်ကွက်သော်လည်း သူလည်း ဘာမှမလုပ်နိုင်ခဲ့။ ၁၉၁၀ ပြည့်နှစ် ပတ်ဝန်းကျင်မှ ၁၉၅၁ ခုနှစ်အထိ ကျူးကျော်မှုများတွင် တိဘက်သည် သီးခြားကျန်ရစ်ကာ လွတ်လပ်ရေးတည်မြဲခဲ့၏။ ဗြိတိသျှတို့က အိန္ဒိယကို ဆက်လက်အုပ်ချုပ်ကြစဉ်၊ အာသံ၏ မြောက်ဘက် တိဘက်စကားပြောနယ်မြေများသည် ၎င်းလက်အောက်တွင်ပင် ရှိကြ၏။ ၁၉၄၈ တွင် ဗြိတိသျှက အိန္ဒိယမှ ဆုတ်ခွာခဲ့သောအခါ ဤတိဘက်ဒေသများသည် အိန္ဒိယဒိုမီနီယံ၏ အစိတ် အပိုင်း 'အရှေ့မြောက်နယ်စပ်အေဂျင်စီ'အဖြစ် ကျန်ရစ်ခဲ့၏။

လွတ်လပ်သော အိန္ဒိယနှင့် ကွန်မြူနစ်တရုတ်ပြည်တို့သည် အငြင်းပွားစရာ နယ်စပ်ကို အမွေရခဲ့၏။ နေရူးအစိုးရက ပေကျင်းနှင့် ထာဝရမိတ်ဆွေဖွဲ့ရန် အစီအစဉ်ချမှတ်ထားသော်လည်း မက်မဟွန်မျဉ်းကမူ နိုင်ငံတကာနယ်စပ်အဖြစ် ကျန်ရစ်နေဆဲဖြစ်၏။ တရုတ်တို့က တိဘက်ကို ပြန်လည်ရယူလိုကြောင်း တောင်း၏။ မန်ချူးခေတ်က သိမ်းခဲ့သော နယ်မြေအားလုံး သူတို့ပိုင်သည်ဟု အရေးဆို၏။ ခေတ္တခဏမျှတော့ မည်သူမျှ သိပ်ပြီး အငြင်းအခုန်မရှိခဲ့ကြ။ သို့သော် ၁၉၅၉ ခုနှစ်တွင် ဒလိုင်းလားမားသည် အိန္ဒိယသို့ ရောက်လာပြီးနောက်တွင် ဖိအားသစ်များ ဖြစ်ပေါ်လာ၏။ ပေကျင်းက မက်မဟွန်မျဉ်း၏ အောက် တောင်ခြေဒေသအားလုံးသည် တရုတ်၏ အစိတ်အပိုင်းဟု စတင်ပြောဆိုလာ၏။

တရုတ်စစ်တပ်ကလည်း ဝေးလံသီခေါင်သော သဲကန္တာရမှ အနောက်

ဘက် ကသ္မီယပြည်နယ်အနီးထိ လမ်းကို စတင်ဖောက်ခဲ့၏။ ၎င်းသည် ဟိမဝန္တာ၏ တစ်ဖက်စွန်းတွင်ရှိသည့် အက်ဆိုင်ချင်းဒေသအထိ ဖြစ်၏။ တရုတ်တို့အနေနှင့် အက်ဆိုင်ချင်းကို ပိုင်ဆိုင်သည့်သမိုင်းအထောက်အထား တစ်စုံတစ်ရာမရှိခဲ့။ ထိုအချိန်တွင် ပေကျင်းသည် စင်းကျန်ပြည်နယ်၏ အနောက်ဖျားအရပ်ဒေသအထိ လမ်းပန်းဆက်သွယ်ရှိနေ၏။ အက်ဆိုင်ချင်းသည် ထိုလမ်းကို တိဘက်သို့ ဆက်ဖောက်ရန်အတွက် အဆက်အစပ် နယ်မြေဖြစ်၏။ တရုတ်မှ တိဘက်သို့ တိုက်ရိုက်လမ်းမရှိ။ (ယခုတော့ ရှိနေပါပြီ) တရုတ်နှင့် အိန္ဒိယတို့ စကားပြောကြရပြီ။ မက်မဟွန်မျဉ်းကိစ္စရော၊ အက်ဆိုင်ချင်းကိစ္စရော။ သို့သော် သံတမန်ရေးက အလုပ်မဖြစ်။ နယ်စပ်များတွင် ပဋိပက္ခတွေဖြစ်ကြ၏။ ပဏ္ဍိတ်နေရူးက သူ၏ ထိပ်တန်းစစ်ဘက်အရာရှိတို့ ကန့်ကွက်နေသည့်ကြားမှ 'ရှေ့သို့ ပေါ်လစီ' ချမှတ်ကာ အိန္ဒိယက မက်မဟွန်လိုင်းတစ်လျှောက် သို့မဟုတ် ရေခဲနေသော ဟိမဝန္တာ တောင်ထိပ်ရှိ မက်မဟွန်လိုင်းအပြင်ဘက်မှာပါ တပ်စခန်းများချစေခဲ့၏။ နှစ်နိုင်ငံစလုံးတွင် အမျိုးသားရေးခံစားမှုများက ရှေ့တန်းရောက်လာ၏။

၁၉၆၁ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယတပ်က ပေါ်တူဂီတို့ ထိန်းချုပ်ထားသော နိုင်ငံ၏ တောင်ဘက် ဂိုအာကို ကျူးကျော်ဝင်ရောက်ကာ ဂိုအာကို အိန္ဒိယသမ္မတနိုင်ငံထဲသို့ သွတ်သွင်းလိုက်၏။ ဤအိန္ဒိယ၏ 'ရှေ့သို့ ပေါ်လစီ' နှင့် ဒလိုင်းလားမားကို ပေါ်ပေါ်တင်တင် ထောက်ခံမှုတို့ကို တရုတ်က အလွန်ဒေါသူပုန်ထစေသည်။ ထိုအချိန်တွင် တိဘက်သောင်းကျန်းသူများကို ငွေကြေးထောက်ပံ့ခြင်း၊ လက်နက်ကူညီခြင်းများဖြင့် အလုပ်ရှုပ်နေသော အမေရိကန်နှင့် အိန္ဒိယတို့ပေါင်းသွားမှာလည်း တရုတ်က စိုးရိမ်နေ၏။ (အမေရိကန်သည် မြန်မာပြည်သို့ ဝင်ရောက်နေသော တရုတ်အမျိုးသားတပ်များကိုလည်း ထောက်ပံ့ကူညီ၏) နောက်ဆုံးညှိနှိုင်းဆွေးနွေးပြီးနောက် ပေကျင်းက အငြင်းပွားနေသော အရှေ့မြောက်နယ်မြေကို အိန္ဒိယသို့ပေးရန် သဘောတူလိုက်၏။ အပြန်အလှန်အားဖြင့် အက်ဆိုင်ချင်းကို သိမ်းပိုက်ထားခြင်းကိုမူ အသိအမှတ်ပြုစေ၏။ အက်ဆိုင်ချင်းသည် ထိုအချိန်က ပိုမိုကြီးမားသော မဟာဗျူဟာအချက်အချာဟု သူက မြင်ထား၏။ ထိုကမ်းလှမ်းချက်ကို ပယ်ချခဲ့၏။

ထို့နောက် ၁၉၆၂ ခုနှစ် အောက်တိုဘာတွင် တရုတ်က ရှေ့တန်းစခန်းနှစ်ခုကို အကြီးအကျယ် ချေမှုန်းတော့သည်။ ဤအချိန်သည် ကျူးဘားဒုံးပျံအကြပ်အတည်း ရင်ဆိုင်နေရသော ကာလဖြစ်၍ အဆင့်မြင့်နိုင်ငံတကာအာရုံစိုက်မှုသည် အခြားနေရာတွင်ရှိကြောင်း တရုတ်က သိထားသည်။ တရုတ်တပ်မနှစ်ခုက လှိုင်းလုံးစစ်ဆင်ရေးဖြင့် တိုက်၏။ စစ်သေနတ်များမော်တာများဖြင့် ပစ်၏။ အနောက်ဘက်စစ်မျက်နှာ (အက်ဆိုင်ချင်းအနီးပတ်ဝန်းကျင်)တွင် တရုတ်တို့က အိန္ဒိယတပ်စခန်းများကို သိမ်းနိုင်၏။ ထို့နောက် လေးမြို့သို့ ချီတက်၏။ လေးသည် လာဒက်ရှ်နိုင်ငံ၏ မြို့တော်ဖြစ်၏။ ၎င်းသည် ၁၉၆၃ ခုနှစ်တွင် အိန္ဒိယအုပ်ချုပ်သော ကသ္မီယဒေသ၏ အစိတ်အပိုင်းဖြစ်၏။ အရှေ့ဘက်တွင် တရုတ်တပ်များက မိုင် ၅၀၀ တစ်လျှောက်တက်လာ၏။ ဟိမဝန္တာလမ်းကြားမှ ဆင်းလာကာ၊ တာဝမ်ကို အောက်တိုဘာ ၂၄ တွင် သိမ်း၏။ အိန္ဒိယတပ်များက ဘာမှပြင်ဆင်ထားခြင်းမရှိ။ လူအင်အားကလည်း ငါးယောက်တစ်ယောက် ဖြစ်နေ၏။ အိန္ဒိယတပ်သည် သံချပ်ကာစစ်ပွဲများကို လွင်ပြင်နှင့်သဲကန္တာရတွင် တိုက်ရန်လေ့ကျင့်ထားရာ ရေခဲနေသော တောင်တန်းပေါ်တွင် မတိုက်ခိုက်တတ်ကြ။

ကာလကတ္တား၊ ပန်ဂျပ်နှင့် အခြားဒေသများမှ အပေါစား သံချပ်ကာကားများကို အားဖြည့်ပေး၏။ သို့သော် အသုံးမဝင်။ နိုဝင်ဘာလလယ်ခန့်တွင် တရုတ်တို့က အရှေ့ဘက်ခြမ်းရှိ အိန္ဒိယစခန်းအားလုံးလောက်နီးပါးကို သိမ်းပိုက်ပြီးပြီ။ အာသံ၏ အလယ်ပိုင်းတက်စ်ပူမြို့ကိုပင် သိမ်းနိုင်ခဲ့ကြ၏။ နယ်မြေခံအစိုးရလည်း ထွက်ပြေးတော့သည်။ နယ်မြေရှိ ဘဏ်များအားလုံးကို မီးရှို့ခဲ့၏။ စိတ်ရောဂါဆေးရုံမှ လူနာများအားလုံးကိုလည်း လွှတ်ပေးခဲ့၏။ အိန္ဒိယ၏ တပ်မ ၄၈ က နိုဝင်ဘာ ၂၀ ရက်တွင် ပြိုကွဲကာ ရှေ့တန်းတွင် အိန္ဒိယတပ်ဟူ၍ မယ်မယ်ရရမကျန်တော့။ နောက်တစ်နေ့တွင် တရုတ်က အပစ်အခတ်ရပ်စဲကြောင်း အမိန့်ပေးကာ မက်မဟွန်မျဉ်းနောက်ဘက်ကို ပြန်ဆုတ်ခဲ့၏။

တရုတ်များက သူတို့လိုချင်တာရသွားပြီ။ စင်းကျန်မှ တိဘက်လမ်းကို ထိန်းချုပ်နိုင်ခဲ့၏။ အိန္ဒိယတို့၏ ခြိမ်းခြောက်မှုတစ်စုံတစ်ရာမှ မရှိတော့။ ပေကျင်းက နယူးဒေလီကို အသာရခဲ့ပြီ။ အိန္ဒိယက တုန်လှုပ်ချောက်ချား

ကျန်ခဲ့၏။ တရုတ်ကလည်း နောက်ပိုင်းတွင် ယဉ်ကျေးမှုတော်လှန်ရေး ပြဿနာနှင့် သူ့ဘာသာသူ ဗျာများနေတော့သည်။ အိန္ဒိယကလည်း ပါကစ္စတန်နှင့် စစ်ဖြစ်၍ ပြဿနာရှုပ်နေရပြန်သည်။ နှစ်နိုင်ငံစလုံးသည် သူတို့၏ ဧရာမနိုင်ငံသစ်ကြီးများ တည်ထောင်နိုင်ရေးအတွက် အလွန်ကွဲပြားခြားနားသော ပုံစံများနှင့် ကြိုးစားနေကြသည်။ တရုတ်က အတိုင်းအတာတစ်ခုအထိ ကျန်အာရှပိုင်းကို အာရုံစိုက်လာ၏။ အထူးသဖြင့် ကွန်မြူနစ်ဝါဒ တံဆိပ်ကို ပြည်ပပို့ကုန်အဖြစ် အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာတို့၏ ကွန်မြူနစ်လှုပ်ရှားမှုတွင် ကူညီထောက်ပံ့ပေး၏။ မြောက်ဗီယက်နမ်နှင့် တောင်ပိုင်းစစ်တွင် မြောက်ဗီယက်နမ်ဘက်မှ ကူညီ၏။ နောက်ပိုင်းတွင် ဖနွမ်းပင်ရှိ အမေရိကန်ကျောထောက်နောက်ခံပြု အစိုးရကို ဆန့်ကျင်သော ခမာနီတို့ကို ကူညီ၏။ ထိုဒေသများသို့ အိန္ဒိယက ဩဇာသက်ရောက်မှု တစ်စုံတစ်ရာမှ မလုပ်ခဲ့။

ထိုအချိန်က ပေကျင်းရော ဒေလီပါ နိုင်ငံရပ်ခြားတွင် စီးပွားရေးအခွင့်အရေးများရယူရန် စိတ်ကူးမရှိကြသေး။ ၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များ ပတ်ဝန်းကျင်ကာလများတွင် အရှေ့တောင်အာရှသည်လည်း ထွန်းထွန်းပေါက်ပေါက် ဈေးကွက်ဟူ၍လည်း အထူးအထွေမရှိ။ ကိုလိုနီအုပ်ချုပ်ရေး၊ အဆုံးသတ်ကာစမို့ သွေးထွက်သံယို ပဋိပက္ခတွေ၊ ပြည်တွင်းရေးမငြိမ်သက်မှုတွေနှင့် ရှုပ်ထွေးနေ၏။ အင်ဒိုချိုင်းနားတွင် စစ်ပွဲတွေဖြစ်ပွားလျက် လူတွေသန်းနှင့်ချီသေဆုံးကြရ၏။ နိုင်ငံတစ်ခုလုံးလည်း ပျက်စီးခဲ့ရ၏။ အင်ဒိုနီးရှားတွင် ၁၉၆၆ ခုနှစ် စစ်တပ်အာဏာသိမ်းပြီး နောက်ပိုင်းတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများဖြစ်ခဲ့၏။ အချေးမြို့တွင် သက်တမ်းရှည်ကြာသော သူပုန်ထမှုဖြစ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အင်ဒိုနီးရှားတပ်မတော်က အရှေ့တီမောကို ဝင်ရောက်ကျူးကျော်သည်။ ထိုမတိုင်မီအထိ ပေါ်တူဂီကိုလိုနီဖြစ်ခဲ့၏။ မြန်မာကွန်မြူနစ်ပုန်ကန်မှုကား အရှိန်အမြင့်ဆုံးကာလဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် ဗီယက်နမ်က ကမ္ဘောဒီးယားကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်၏။ ဒေသတစ်ခုလုံး ဗီယက်နမ်နှင့်သူ၏ မဟာမိတ်လာအိုကတစ်ဖက်၊ ဗီယက်နမ်အုပ်ချုပ်မှုကို ဆန့်ကျင်သော ထိုင်းနှင့်အင်ဒိုနီးရှားကတစ်ဖက် နှစ်ပိုင်းကွဲသွားသည်။ စင်ကာပူကဲ့သို့ ကျွန်းနိုင်ငံလေးမျိုးမှအပ ဒေသအားလုံးဆင်းရဲတွင်းနစ်ကြ၏။

၁၉၈၀ ပြည့်နှစ်များ ပတ်ဝန်းကျင်တွင် နိုင်ငံကြီးနှစ်ခု၏ ဆက်ဆံရေးက တိုးတက်လာသည်။ ပဏ္ဍိတ်နေရူး၏ မြေးတော်သူ ရာဂျစ်ဂန္ဒီသည် ၁၉၈၈ ခုနှစ်တွင် တရုတ်ပြည်သို့သွား၏။ ၁၉၅၄ ခုနှစ်တွင် သူ့အဘိုးသွားရောက်ပြီးနောက်ပိုင်း တရုတ်ပြည်ရောက်သော ပထမဆုံးဝန်ကြီးချုပ်ဖြစ်၏။ တရုတ်ပြည်၏ ခေါင်းဆောင် 'တိန့်ရှောက်ဖိန်'နှင့် ရာဂျစ်ဂန္ဒီ တွေ့၏။

"နောင်လာမယ့် ရာစုဟာ အာရှခေတ်သာဖြစ်မယ်ဆိုရင် အိန္ဒိယနဲ့ တရုတ်ပြည် နှစ်ခုလုံးဟာ စီးပွားရေးတိုးတက်တဲ့ နိုင်ငံတွေဖြစ်မှာပဲ"ဟု တိန့်ရှောက်ဖိန်က ရာဂျစ်ဂန္ဒီကို ပြောခဲ့၏။ နှစ်နိုင်ငံလုံးမှ ထိပ်တန်းအဆင့်မြင့်အရာရှိကြီးတွေ တစ်နိုင်ငံမှ တစ်နိုင်ငံသွားကြ၏။ ၂၀၀၅ တွင် တရုတ်သမ္မတ ဝမ်ကျားပေါင်က နယူးဒေလီသို့ သွား၏။ ထိုအခါ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဤသို့ပြောခဲ့၏။

"အိန္ဒိယနဲ့ တရုတ်ဟာ အတူတူ ကမ္ဘာကြီးကို ပုံစံပြောင်းပေးနိုင်တယ်"

အိန္ဒိယနှင့် တရုတ်တို့ ကမ္ဘာလုံးဆိုင်ရာ ပါဝါကို ရယူနိုင်ကောင်း ရယူနိုင်ကြမည်။ သို့သော် ဒေသတွင်း စီးပွားရေးလွှမ်းမိုးမှုတွင်ကား တရုတ်က ခြေလှမ်းများစွာဦးနေပြီ။

❖❖❖

ကျွန်တော့်အတွက် အိန္ဒိယက သူစိမ်းနိုင်ငံမဟုတ်ပါ။ ကျွန်တော့်မိဘများက ၁၉၃၀ ခုနှစ် ပတ်ဝန်းကျင်တွင်မွေးသည်။ ထိုအချိန်က မြန်မာနိုင်ငံသည် အိန္ဒိယအင်ပါယာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေဆဲ။ ၁၉ ရာစုနှောင်းပိုင်းကာလတွင် ကျွန်တော့်အဘိုးသည် ကာလကတ္တားတက္ကသိုလ်တွင် ပညာသင်ဖူးသည်။ ကျွန်တော်ကလေးဘဝက ကျွန်တော့်အဘိုး၏ စာဖတ်ခန်းတွင် မဟာတ္တမဂန္ဒီနှင့် ပဏ္ဍိတ်နေရူးတို့၏ ပုံများကို တွေ့ဖူးသည်။ ကျွန်တော်က ဗြိတိသျှအိန္ဒိယ၏ မြန်မာနိုင်ငံသမိုင်းကိုကင်းဘရစ်ရှ်တက္ကသိုလ်တွင် ဘွဲ့ယူရန်သင်ယူခဲ့ရ၏။ ကင်းဘရစ်ရှ်တက္ကသိုလ်တွင် ဗြိတိသျှခေတ်အိန္ဒိယသမိုင်းပညာရှင်များထံမှ သင်ယူရခြင်း ဖြစ်၏။ ရန်ကုန်သို့ ပြန်သော

ခရီးများတွင် ကျွန်တော်သက်ကြီးဝါကြီးများထံ ချဉ်းကပ်ရ၏။ ထိုအထဲတွင် ကျွန်တော့် မိသားစုလည်းပါ၏။ သူတို့က အင်္ဂလိပ်စကားပြောနိုင်ကြသူများ ဖြစ်ပြီး အင်ပါယာ၏ ထုတ်ကုန်များဖြစ်ကြ၏။ ၁၉၈၀ ပြည့်နှစ်ပတ်ဝန်း ကျင်မှာပင် ကိုလိုနီအငွေ့အသက်က ရှိနေသေးသည်။

၁၉၉၅ ခုနှစ်တွင် ကျွန်တော် အိန္ဒိယနိုင်ငံ နေရာတော်တော်များများကို နှစ်လကြာ ခရီးသွားဖူး၏။ ဟိမဝန္တာတောင်ခြေ ဒရမ်ဆာလာမှ ဆင်းလာပြီး ရာဂျစ်စသန်မှတစ်ဆင့် ဘုံဘေသို့သွားကာ ထိုမှ အိန္ဒိယတောင်ပိုင်းတစ်ဝိုက် သွားခဲ့၏။ ထို့နောက် နယူးဒေလီသို့လည်း မကြာခဏသွားဖူးသည်။ အလုပ် အတွက်လည်းကောင်း၊ မိတ်ဆွေဟောင်းများတွေ့ရန် လည်းကောင်း သွား ခြင်း ဖြစ်၏။ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်ပြန်ရောက်သောအခါ ကမ္ဘာပေါ် တွင် အိန္ဒိယတိုးတက်ဖြစ်ထွန်းလာပုံသတင်းများကို နေရာတကာတွင် ကြား ရ၏။ အနောက်နိုင်ငံမှာရော အိန္ဒိယမှာရော ဤသတင်းပင်ကြားရ၏။ အိန္ဒိယ ၏ စီးပွားရေးအောင်မြင်မှုများကို ရေးသားသော စာအုပ်တွေ ဆောင်းပါး တွေလည်း မဆုံးနိုင်အောင်များပြားလှ၏။ အိန္ဒိယသည် ယခုအခါ အနုမြူ အင်အားကြီးနိုင်ငံ ဖြစ်နေသည့်အပြင် စစ်ရေးအရလည်း အလွန်ခေတ်မီနေ သည်။ ကမ္ဘာပေါ်တွင် အကောင်းဆုံးအိုင်တီကုမ္ပဏီများလည်း အိန္ဒိယတွင် ရှိ၏။ ထောင်စုနှစ်သစ်၏ ပထမဆယ်စုနှစ်ကျော်လာသောအခါ အိန္ဒိယ စတော့ဈေးကွက်သည် တစ်နှစ်ကို ၃၅ ရာခိုင်နှုန်းမျှ ရင်းနှီးမြှုပ်နှံသူများကို အမြတ်ပေးနိုင်နေ၏။ အနောက်နိုင်ငံများတွင် အိန္ဒိယလူမျိုး သန်းကြွယ် သူဌေး၊ ကုဋေကြွယ်သူဌေးတွေ အလွန်များနေ၏။ ဗြိတိသျှခေတ် အိန္ဒိယ ကာလက မဟာရာဂျာတွေ ရွှေထီးဆောင်းစဉ်ကာလကထက်ပင် အိန္ဒိယ သူဌေးက များနေသည်။ အိန္ဒိယစာရေးဆရာ ဘာရာဗင်ရာဒီဂါသည် 'ကျားဖြူ'ဆိုသော စာအုပ်ဖြင့် ဘွတ်ကာစာပေဆုရခဲ့၏။ အိန္ဒိယ၏ အာကာသအေဂျင်စီက ချန်ဒြာယန်ဒုံးပျံကို လကမ္ဘာသို့ လွှတ်တင်နိုင်ခဲ့၏။ သန်းချီသော ဆင်းရဲနွမ်းပါးသူများကို ဆင်းရဲတွင်းမှ ကယ်တင်ခဲ့ပြီးပြီ။ အိန္ဒိယသည် ဒီမိုကရေစီကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်သော နိုင်ငံဖြစ်၏။

ဒေလီသို့ ပြန်ရောက်သောအခါ ၁၉၉၀ နှစ်များ အတောအတွင်းက ကျွန်တော် နောက်ဆုံးရောက်ခဲ့သည်နှင့် နည်းနည်းသာပြောင်းလဲလာသည်ကို

တွေ့ရ၏။ လေယာဉ်ကွင်းက သိပ်မခမ်းနား။ တန်းစီရတာလည်း တန်းက ရှည်၏။ မြို့ထဲသွားသော လမ်းက နေ့းနေသေးသည်။ လမ်းကရှုပ်သည်။ ဆူညံသည်။ မျောက်တွေက လွတ်လွတ်လပ်လပ် တစ်ကောင်ချင်းရော အုပ်စုလိုက်ရော သွားလာနေဆဲ။ ဟိုတယ်ကောင်းတွေ များစွာပေါ်လာသော်လည်း ဈေးကခေါင်ခိုက်နေ၏။ အာရှ၏ အထူးအဆင့်မြင့် ဇိမ်ခံကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ စံနှင့် တိုင်းတာလျှင် ဘာမှမထူးခြားသေး။ ရှော့ပင်းမောလ်တွေ၊ ရုံးတွေ၊ လူနေတိုက်တာတွေက မြို့နှင့်ဝေးသည်။ မြေအောက်ရထားလမ်းက သိပ်ကောင်း၏။ ကမ္ဘာ့အဆင့်မီသည်။ ရထားတွေ အချိန်မှန်၏။

ပေကျင်းတွင်ကား ဗိသုကာအမွေအနှစ်တွေရော ရှေးခေတ်အဆောက်အဦတွေကိုပါ ဖျက်ပစ်ပြီး ၂၁ ရာစုစောစောပိုင်း မိုးပျံတိုက်များကို အစားထိုးဆောက်ထားသည်။ ဒေလီတွင်ကား အစ္စလာမ်နှင့် ဗြိတိသျှအမွေများကို မြို့လယ်ကောင်တွင် တွေ့ရဆဲဖြစ်၏။ ဒေလီတွင် အလယ်ခေတ်က တူရကီများ ခေတ္တအုပ်ချုပ်ခဲ့ဖူး၏။ ၁၅၂၆ ခုနှစ်တွင် ဗဟိုအာရှမှ စစ်နိုင်သူ တိမူးလန်က အုပ်ချုပ်၏။ ထို့နောက်တွင် မဂိုမင်းဆက်ကို တည်ထောင်သူ ဘာဘူရ်က အုပ်ချုပ်ခဲ့၏။ ကြီးမားသော မူဂါလာရာခံတပ်နီက ရှိနေဆဲ။ ခံတပ်နီ အပြင်ဘက်တွင် ဈေးဆိုင်တန်းကြီးရှိ၏။ ထို့နောက် ၁၆ ရာစု ဧကရာဇ် ဟူမာယွန်နှင့် ဆာ့ဖ်ဒါဂျန်တို့၏ သင်္ချိုင်းတော်များရှိ၏။ ၁၉၁၀ နှင့် ၁၉၂၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် ဗြိတိသျှတို့သည် မြို့ဟောင်းပတ်ဝန်းကျင်၌ 'နယူးဒေလီ'မြို့ကို တည်ထောင်ခဲ့၏။ အဆောက်အဦများကို အနီရောင်၊ ပန်းရောင်၊ အဝါရောင်သဲကျောက်များဖြင့် ဆောက်၏။ တော်ဝင်အဆောက်အဦများ၏ အမိုးကို အမိုးခုံးများဖြင့် တန်ဆာဆင်၏။ ခြသေ့်ရုပ်၊ မြွေရုပ်၊ ဆင်ရုပ်တွေ စုလုပ်၏။ အိန္ဒိယဂိတ်မှစပြီး လွှတ်တော်၏ အဆောက်အဦနှင့် ဝန်ကြီးများရုံး၊ ထိုမှရပ်ချ်ထရာပတိဘာဝမ်ဆိုသော ဗြိတိသျှဘုရင်ခံအိမ်တော် (ယခု အိန္ဒိယသမ္မတအိမ်တော်)တို့သည် ရစ်ချ်ပတ်သ်ခေါ် ဘုရင့်လမ်းမတော်တစ်လျှောက် တန်းစီရှိနေ၏။

ခန်ဈေးသို့ ကျွန်တော်မကြာခဏသွားသည်။ ဆိုင်များစွာထဲတွင် စာအုပ်ဆိုင်လေးတွေ ရှိ၏။ လမ်းထောင့်တွင် မက်ဒေါ်နယ်ဆိုင်ရှိ၏။ ပိတ်စ

နှင့် အမျိုးသားဝတ် ရှပ်အင်္ကျီရောင်းသော ဆိုင်တွေရှိ၏။ သစ်သီး၊ ပန်း၊ တိုင်းရင်းဆေးရောင်းသူ ရှိ၏။ လက်ဖက်ရည်ဆိုင်အချို့နှင့် ဘစ်ချီလီအမည်ရှိ အီတလီစားသောက်ဆိုင်၊ မြေအောက်အသားညှပ်မုန့်ဆိုင်တို့လည်း ရှိသည်။ လမ်းကြားတွင် ပြည်တွင်းနှင့် နိုင်ငံခြားမဂ္ဂဇင်းရောင်းသော ဆိုင်လည်းရှိ၏။ ကာကီရောင် ယူနီဖောင်းဝတ်ဆင်ကာ ရိုင်ဖယ်များကိုင်လျက် စောင့်နေသော အမျိုးသမီးနှစ်ဦးကိုလည်း တွေ့ရ၏။ လမ်းဘေးတွင် မြက်ပင်ရှည်ကြီးတွေ ပေါက်နေ၏။ ခွေးလေခွေးလွင့်အချို့နှင့် ရှေးခေတ်ပုံစံ ဓာတ်ဆီဆိုင်ကိုလည်း တွေ့ရ၏။ ဟိန္ဒူစတန် သံအမတ်တွေ စီးသော ကားတွေ သွားလာနေသည်။ ထိုကားများပေါ်တွင် သားနားစွာ ဝတ်ဆင်ထားသော အမျိုးသမီးတွေ ဆင်းလာကြ၏။ ခန်ဈေးမှ မြေကွက်ဈေးသည် ကမ္ဘာပေါ်တွင် ၂၄ ခုမြောက် ဈေးအကြီးဆုံး မြေဖြစ်သည်။ စင်ကာပူ အောချတ်လမ်း၊ ပေကျင်းရှိ ဝမ်ဖု ကျင်လမ်းမများပေါ်မှ မြေဈေးများအတိုင်း ခေါင်ခိုက်နေ၏။ တရုတ်ပြည် တွင်ကား အရာရာကို အသစ်ပြန်ပြင်ဆောက်လုပ်ကြ၏။ အိန္ဒိယကလည်း ပြောင်းလဲနေပါပြီ။ သို့သော် ခပ်နှေးနှေး ခပ်မှန်မှန်။

နောက်ထပ် နှစ်သုံးဆယ်မျှကြာလျှင် အိန္ဒိယသည် တရုတ်ကိုကျော် ကာ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံ ဖြစ်လာတော့မည်။ စီးပွားရေးကလည်း တတိယအကြီးဆုံး နိုင်ငံဖြစ်လာမည်။ တရုတ်၊ အမေရိကပြီးလျှင် အိန္ဒိယ။ အိန္ဒိယစီးပွားရေးသည် လာမည့် ဆယ်စုနှစ်များအတွင်း ယခုထက် အဆ ၄၀ တိုးလာမည်ဟူ၍ အမေရိကန် ရင်းနှီးမြှုပ်နှံမှုဘဏ်ဖြစ်သော ဂိုလ်မ်ဒင်း ဆက်ရှ်က တွက်ပြထားသည်။

"ကျွန်တော်တို့ မိဘတွေရဲ့ မျိုးဆက်က သမိုင်းမှာ အတော်ငြီးငွေ့ စရာကောင်းတဲ့ မျိုးဆက်ပဲ။ ကျွန်တော်တို့ အဘိုးမျိုးဆက်တွေဆိုရင် သိပ်ကို လှုပ်ရှားတာပဲ။ လွတ်လပ်ရေးတိုက်ပွဲဝင်တွေ။ လွတ်လပ်ရေးအတွက် တော် တော်များများ ထောင်ကျခံကြရတယ်။ ဒါပေမယ့် ကျွန်တော်တို့ မိဘများ ကတော့ ပိုနေမြဲ ကျားနေမြဲဖြစ်ပြီး လခစားတွေ၊ ဗျူရိုကရက်တွေပဲ ဖြစ် ကြရတယ်"ဟု ကျွန်တော်နှင့်တွေ့သော တက္ကသိုလ်ကျောင်းသားတစ်ဦးက ပြော၏။ သူက စီးပွားရေးတက္ကသိုလ်တက်နေကာ စွန့်ဦးတီထွင် စီးပွားရေး လုပ်ငန်းရှင်ဖြစ်ချင်သည်ဟု ပြော၏။ အိန္ဒိယတွင် ယခုအခါ အကန့်အသတ်

မဲ့ ကြီးပွားနိုင်စရာ အခြေအနေတွင် ရှိနေပြီ။ ယခင် အယူအဆဟောင်းတွေ၊ ရှေးရိုးအစွဲတွေကို ပြောင်းလဲနိုင်ခဲ့ပြီဟုလည်း သူက ပြော၏။

အိန္ဒိယတစ်နိုင်ငံလုံးကား မတိုးတက်သေး။ နယ်မြို့များတွင် အဝေးပြေးလမ်းမှအစ ဆိပ်ကမ်းအလယ် သောက်ရေသုံးရေအထိ မပြည့်စုံသေး။ လူပေါင်း သန်း ၄၀၀ ကျော်က လျှပ်စစ်မသုံးရသေး။ မြို့များရှိ လေဆိပ်များသည် အရှေ့အာရှလေဆိပ်များထက် ပိုဆိုး၏။ မြန်မာပြည်လေဆိပ်ထက်ပင် ပိုဆိုး၏။ လာဘ်ပေးလာဘ်ယူမှုတွေ၊ ကြိုးနီစနစ်တွေ၊ ဗျူရိုကရက်ဆန်တာတွေ ရှိနေဆဲ။

နိုဗယ်ဆုရ ဘောဂဗေဒပညာရှင် အာမတ်တယာဆင်းက ပြောဖူးသည်။ အိန္ဒိယလူဦးရေ၏ တစ်ဝက်သည် ကာလီဖိုးနီးယားလူနေမှုအဆင့်အတန်းကို ခံစားနေကြရကာ အခြားတစ်ဝက်ကတော့ ဆာဟာရအာဖရိကအခြေအနေမျှသာ ဖြစ်သည်ဟု ဆို၏။ အိန္ဒိယက ယခုရောမစက်မှုနယ်မြေနှစ်ခုကို စီမံကိန်းချ ဆောင်ရွက်နေ၏။ တစ်ခုက ဒေလီမြောက်ဘက်မှ ဘုံဘေ၏ အနောက်ကမ်းရိုးတန်းသို့ နောက်တစ်ခုက တောင်ဘက် မဒရပ်စ်နှင့် ဘန်ဂလိုကြား။ ကုန်ကျစရိတ်က ဒေါ်လာဘီလျံ ၁၅၀ မျှရှိမည်။ အနောက်ဘက် ဂူဂျရတ်ပြည်နယ်နှင့် မဟာရက်စကြာ (ဘုံဘေပတ်ဝန်းကျင်) တို့က စက်မှုလုပ်ငန်း လျင်မြန်စွာတိုးတက်နေ၏။ ပန်ဂျပ်ပြည်နယ်ကား စိုက်ပျိုးရေး ထွန်းကား၏။ ဘန်ဂလိုနှင့် ဟိုက်ဒြာဘတ်တို့သည်ကား ကမ္ဘာ့အဆင့်မီ အိုင်တီထွန်းကားသော မြို့များဖြစ်ကြ၏။

ပထဝီအနေအထားကိုလိုက်၍ ဆင်းရဲချမ်းသာကွာဟမှုများ ရှိ၏။ ဥပမာ ၂၀၀၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် ဂူဂျရတ်ပြည်နယ်၌ ၁၂ မှ ၁၄ ရာခိုင်နှုန်းအထိ စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်ခဲ့သော်လည်း အရှေ့ဘက်ဖြစ်သော ဘီဟာနှင့် အိုရစ်ဆာတွင်မူ တိုးတက်နှုန်းက ၄ ရာခိုင်နှုန်းသာရှိ၏။ ဤနေရာဒေသများတွင် မော်စီတုံးဝါဒီသူပုန်တို့က ထကြွနေ၍ ဖြစ်၏။ မော်စီတုံးဝါဒီများ သို့မဟုတ် နက်ဇယ်လစ်များသည် အိန္ဒိယအုပ်ချုပ်မှုခရိုင်များ၏ သုံးပုံတစ်ပုံကျော်မျှထိ လှုပ်ရှားနေကြ၏။ နီပေါနိုင်ငံမြောက်ပိုင်းမှ ဘင်္ဂလားပြည်နယ် အနောက်ပိုင်းဒေသများတွင် လှုပ်ရှားနေကြသည်။ သူတို့က သစ်တောထူထပ်သော တောများတွင် ခိုအောင်းစိုးမိုးနေကြသည်။

အိန္ဒိယအရှေ့ဘက်အစွန်းတွင် ပြဿနာကပိုများ၏။ ကွဲပြားခြားနား သော အိန္ဒိယဟုပင် ခေါ်ရမည်။ အရှေ့မြောက်မှ ပြည်နယ်များဖြစ်သည်။ ထိုဒေသရှိ သောင်းကျန်းသူများမှာ မော်ဝါဒီတို့ထက်ပင် သက်တမ်းပိုရှည် သေး၏။ ထိုဒေသရှိ ပြည်သူများသည် အိန္ဒိယနိုင်ငံတွင် အဆင်းရဲဆုံးဖြစ် ကြ၏။ အရှေ့မြောက်ဒေသတွင် လူဦးရေသန်း ၄၀ နီးပါးရှိကာ နယူးဒေလီ အတွက် အမြဲပင်ခေါင်းကိုက်နေရသော ဒေသဖြစ်၏။ ဤဒေသရှိ သူပုန်များ နှင့် မော်ဝါဒီသူပုန်များသည် အိန္ဒိယလုံခြုံရေးကို အကြီးအကျယ် ခြိမ်းခြောက် ထားကြ၏။ အရှေ့မြောက်ဒေသမှ အကြမ်းဖက်သမား တိုင်းရင်းသားအုပ်စု ပြည့်သူ့စစ်များနှင့် ခွဲထွက်ရေးသူပုန်များ၏ အန္တရာယ်ကလည်း မသေးလှ။

တရုတ်တွင် ဆင်းရဲသော ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှာ အနောက်နှင့် အနောက်တောင်ဘက်ဖြစ်၏။ အိန္ဒိယ၏ ဆင်းရဲ သောပြည်နယ်များကား အရှေ့နှင့် အရှေ့မြောက်ဖြစ်၏။ တရုတ်ရော အိန္ဒိယ ရောအတွက် မြန်မာက ရှိနေသည်။ စွမ်းအားမြင့်သော လမ်းဆုံလမ်းခွ။ အနာဂတ်စီးပွားတိုးတက်ဖွံ့ဖြိုးမှု၏ တည်ဆောက်ရေးအုတ်မြစ်။ သို့သော် မျဉ်းပြိုင်က ထိုနေရာတွင် ဆုံး၏။

❖❖❖

၁၉၉၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် အိန္ဒိယအစိုးရက 'အရှေ့မျှော်' ပေါ်လစီကို ချမှတ်၏။ ၎င်း၏ မျှော်လင့်ချက်က အိန္ဒိယကို အရှေ့ဖျားမှ အကြီးအကျယ် ချမ်းသာသော နိုင်ငံများနှင့် ဆက်စပ်ကာ ဈေးကွက်သစ်များ၊ မိတ်ဆွေသစ်များ ရှာဖွေရေးဖြစ်၏။ ထိုအချိန်က ဝန်ကြီးချုပ်မှာ နာရာဆင် ဟာရောင်း ဖြစ်သည်။ အိန္ဒိယက စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် ကို စတင်နေချိန်လည်း ဖြစ်၏။ သူတို့နိုင်ငံကို ကမ္ဘာ့စီးပွားအဖြစ်ထွန်းဆုံး နိုင်ငံများ၏ ထိပ်ဆုံးအဆင့်သို့ တက်လှမ်းရန် စီမံကိန်းများ ရေးဆွဲနေကြ၏။ ဆယ်စုနှစ်ပေါင်းများစွာ စီးပွားရေးတိုးတက်နှုန်းက တစ်နှစ်ကို ရာခိုင်နှုန်း အနည်းငယ်သာရှိနေ၏။ ယခုတော့ ဝန်ကြီးချုပ်ရောင်းနှင့် ဘဏ္ဍာရေးဝန် ကြီး ဒေါက်တာမန်မိုဟန်ဆင်းတို့က နိုင်ငံတော်က ချုပ်ကိုင်သော စီးပွားရေး အတော်များများကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးလိုက်ရာ စီးပွားရေးတိုးတက်

မှု အရှိန်က မြင့်တက်လာ၏။ စီးပွားရေးပိုကောင်းလာသဖြင့် နိုင်ငံတကာ ဆက်ဆံရေးသစ်များကို လိုလားလာ၏။

အိန္ဒိယ၏ အနောက်ဘက်တွင် ရန်သူတော်ဟောင်း ပါကစ္စတန်ရှိသည်။ ပါကစ္စတန်နှင့်က စစ်ပွဲသုံးကြိမ်ဆင်နွှဲပြီးပြီ။ ပါကစ္စတန်အလွန်တွင် အာဖဂန်နစ္စတန်ရှိ၏။ မကြာခင် တာလီဘန်တို့လက်သို့ ကျရောက်သွားတော့မည်။ ပြီးတော့ အယာတိုလာတွေ အုပ်ချုပ်သော အီရန်။ ထိုဒေသအားလုံးနှင့် အိန္ဒိယသည် နက်ရှိုင်းသော သမိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆက်အသွယ်တွေရှိခဲ့၏။ သို့သော် စီးပွားရေးတက်လာသော အိန္ဒိယသည် လမ်းကြောင်းသစ်မှ အစုစပ်လုပ်မည့် လူသစ်တွေရှာဖို့ လိုအပ်သေးသည်။

အိန္ဒိယနှင့် အရှေ့အာရှနိုင်ငံများ ဆက်ဆံရေးကို တိုးမြှင့်လုပ်ကိုင်ရန် လိုသည်ဟု အိန္ဒိယပေါ်လစီရေးဆွဲသူများက ယုံကြည်သည်။ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ စင်ကာပူတို့က ဝင်ငွေတွင် ကမ္ဘာ့အဆင့်မီနေကြပြီ။ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည်ပင်လျှင် သိပ်နောက်ကျမကျန်ရစ်ကြ။ ထိုနိုင်ငံများအားလုံးသည် ချမ်းသာသည့်ခေတ်သစ်ကို တက်လှမ်းနေကြပြီ။ ၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်ပတ်ဝန်းကျင်များက စစ်ဘေးစစ်ဒဏ်ခံခဲ့ကြရသော အရှေ့တောင်အာရှနိုင်ငံများသည် ယခုအခါ ငြိမ်းချမ်းပြီး စီးပွားဖွံ့ဖြိုးနေကြညပီ။ ထိုဒေသရှိ ဆယ်နိုင်ငံပေါင်းကာ ဖွဲ့စည်းထားသော အာဆီယံအဖွဲ့ချုပ်လည်း ၁၉၉၇ ခုနှစ်တွင် ပေါ်ထွန်းလာပြီ။ ထိုအထဲတွင် အာဆီယံနှင့် တစ်ချိန်က ရန်သူ ဗီယက်နမ်ပါ ပါလာ၏။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ဂြိုဟ်တုရုပ်မြင်သံကြားတို့က ဤဒေသမှ ပြည်သူများအား ယခင်တစ်ခါဖူးမျှ မရှိခဲ့သော စည်းရုံးမှုကို ဖြစ်စေ၏။ အရှေ့တောင်အာရှ၏ လူလတ်တန်းစား သန်းပေါင်း ဆယ်ဂဏန်းနှင့် ချီသောသူများက ကုန်သွယ်မှု အရောင်းအဝယ်တွေ တက်လာကြ၏။ အိန္ဒိယ၏ စီးပွားရေးတံခါးဖွင့်ကာ လျှင်မြန်စွာ ကြီးထွားလာသောအခါ၊ အရှေ့ဘက်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ဆက်ဆံရေးသည် သဘာဝကျသော နောက်ထပ်ခြေလှမ်းတစ်ခု ဖြစ်၏။

သဘာဝဖက်စပ်လုပ်ရမည်မှာ တရုတ်နှင့်ပင်ဖြစ်၏။ အိန္ဒိယနှင့် တရုတ်၏ စီးပွားရေးများသည် အစပ်တည့်၊ လိုက်ဖက်လှ၏။ တရုတ်၏

စွမ်းပကားသည် ထုတ်လုပ်ရေးနှင့် အပေါ်ယံ အဆောက်အဦ ဖြစ်၏။ အိန္ဒိယသတင်းအတတ်ပညာနှင့် စီးပွားရေးဝန်ဆောင်မှုတွင် အားကောင်း၏။ လက်ရှိ သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန ဝန်ကြီး ဂျေရမ်ရာမက်ရှ်က တရုတ်နှင့် အိန္ဒိယပေါင်းစပ်ကာ 'ချင်းဒီးယား' ဟုပင် ခေါ်ဆိုသုံးနှုန်းကာ နှစ်နိုင်ငံ နီးနီးကပ်ကပ်ပူးပေါင်းပြီး လုပ်ဆောင်ကြရန် ပြောခဲ့၏။ သူ၏ စာတမ်းများနှင့် မိန့်ခွန်းများတွင် အတွေးအခေါ်စိတ်ဓာတ်များ ပြောင်းလဲရန် လိုအပ်ကြောင်း၊ ခေတ်ဟောင်း သံသယများကို ကျော်လွှားကာ၊ နယ်စပ်ဒေသများကို ပိုမိုပွင့်လင်းစွာ ပွေ့ဖက်ဆောင်ရွက်သင့်ကြောင်းများ ရေးသားပြောဆိုခဲ့၏။ ၁၉၉၀ ပြည့်နှစ် စောစောပိုင်းမှစ၍ ကုန်သွယ်မှုက အကြီးအကျယ် တိုးတက်လာ၏။ လုံးဝ အဆက်အစပ်မရှိခဲ့သည်မှ ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာဘီလျံ ၆၀ ထိပင် တိုးလာ၏။ ယူနန်နှင့် အိန္ဒိယက အဓိက ရင်းနှီးမြှုပ်နှံမှုများသာ လုပ်၏။ အိန္ဒိယကလည်း တရုတ်အိန္ဒိယ စီးပွားရေး အနာဂတ်ကို သိမြင်တတ်သော ပိုမိုရှုမြင်သဘောပေါက်လာကြသည်။

အိန္ဒိယဘက်မှ အချို့ကား သတိနှင့် နေကြသည်။ ပူပင်သောက စိုးရိမ်မှုတွေ ရှိနေကြသည်။ ဥပမာ- လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာလျှင် ဈေးပေါသော တရုတ်ပစ္စည်းများ လွှမ်းမိုးခြယ်လှယ်လာမည်ကို စိုးရိမ်ခြင်း ဖြစ်၏။ ထိုသို့ဖြစ်လျှင် ပြည်တွင်းစက်ရုံတွေ ထိခိုက်နိုင်၏။ ယနေ့ခေတ်တွင် တရုတ်သည် ကမ္ဘာတွင် အကြီးဆုံးထုတ်လုပ်မှုနှင့် အကြီးဆုံးကုန်သွယ်မှု စွမ်းပကားကို ပိုင်ဆိုင်ထားနေပြီ ဖြစ်၏။ ၂၀၀၉ ခုနှစ်တွင် ဂျာမနီကို ကျော်ဖြတ်ကာ တစ်နှစ်လျှင် ပို့ကုန်တန်ဖိုးက ဒေါ်လာ ၁.၂ ထရီလျံထိပင်ရှိလာပါပြီ။ ပို့ကုန်လောကတွင် အိန္ဒိယက ကမ္ဘာပေါ်၌ အဆင့် ၂၁ သာရှိသေး၏။ တစ်နှစ်ကို ဒေါ်လာ ၁၁၄ သန်းသာ လုပ်နိုင်သေး၏။ တရုတ်၌ ဘီလျံသန်း ၂၀ သာရှိသေး၏။ အိန္ဒိယလူသုံးကုန်ဈေးကွက်တွင် တရုတ်စီးပွားရေးက ရောင်းနေသော်လည်း၊ တရုတ်ပြည်တွင် အိန္ဒိယဈေးကွက်က မထိုးဖောက်နိုင်သေး။ အိန္ဒိယက တရုတ်ကို အဓိက ပို့နေသည်မှာ သံကြွပ်နှင့် အခြားအခြေခံလူသုံးကုန်များသာ ဖြစ်၏။

အဓိကအားဖြင့် ပိုမိုကြောက်လန့်သည်မှာကား လုံခြုံရေးကိစ္စဖြစ်၏။ တရုတ် အိန္ဒိယစစ်ပွဲအပြီး ရာစုဝက်အကြာတွင် သံသယတွေက ရှိနေဆဲ။

ကုန်သွယ်မှုက တိုးလာသည်။ ထိပ်တန်းခေါင်းဆောင်တွေလည်း အပြန် အလှန် ကူးလူးဆက်ဆံနေကြ၏။ သို့သော် နယ်စပ်ပြဿနာကား မပြီး ပြတ်သေး။ တိဘက်အပေါ် အမြင်ချင်းကမတူ။ အိန္ဒိယသမုဒ္ဒရာ ပတ်ပတ် လည်တွင် တရုတ်ကို စိတ်မချရ။ ထို့ပြင် နှစ်နိုင်ငံက ပြိုင်ဘက်တွေ။ ယခုရော၊ ၂၁ ရာစု၏ ကျန်နှစ်တွေမှာရော ပြိုင်ဘက်တွေ။

ဤနှစ်နိုင်ငံ၏ ရှေးကျလှသော ယဉ်ကျေးမှုပုံစံကလည်း ကွဲပြားခြား နားလှ၏။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် (ထိုင်ဝမ်မှအပ) ဟောင်ကောင် နှင့် မကာအိုတို့ကို ဗြိတိသျှနှင့် ပေါ်တူဂီတို့ထံမှ ၁၉၉၇ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တွင် တရုတ်တို့က ပြန်ရခဲ့ပြီ။ ပေကျင်းအစိုးရက ကွန်မြူနစ်တရုတ် သည် မန်ချူး သို့မဟုတ် ကျင်းအင်ပါယာ၊ အနောက်ဘက်တွင် တိဘက်နှင့် စင်းကျန်အပါအဝင်၊ မြောက်ဘက်တွင် မန်ချူးရီးယားနှင့် မွန်ဂိုးလီးယား အတွင်းပိုင်း၊ ယူနန်စသည်တို့မှာ ဗဟိုအုပ်ချုပ်မှုအောက်တွင် ရှိနေကြ၏။ ဟန်ဆင်းဆက်ခေတ်က ဗီယက်နမ်မြောက်ပိုင်းနှင့် ကိုရီးယားမြောက်ပိုင်း တို့သည် တရုတ်လက်အောက်တွင် ရှိခဲ့ကြ၏။ အာရှအလယ်ပိုင်းရှိ အခြား သော အိုအေစစ်နိုင်ငံအချို့သည်လည်း အလယ်ခေတ်စောစောပိုင်း ဟန်မင်း ဆက်ခေတ်က တရုတ်တို့ စိုးမိုးမှုအောက်တွင် ရှိခဲ့၏။ အတိတ်က သူအုပ် ချုပ်ခဲ့သည်များကို ယနေ့အခါတွင် တရုတ်က ပြန်လည်အုပ်ချုပ်နိုင်ခဲ့၏။ အချို့သာ ကျန်တော့၏။

အိန္ဒိယအခြေအနေကတော့ တစ်မျိုး။ တစ်ချိန်က ဗြိတိသျှ အိန္ဒိယ အင်ပါယာသည် ခိုင်ဘာတောင်ကြားမှ မလေးကျွန်းဆွယ်အထိ ယနေ့ ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာပြည်တို့အားလုံးကို အုပ်ချုပ်ခဲ့၏။ ၁၉၃၇ ခုနှစ်တွင် မြန်မာပြည်က အခြားနိုင်ငံများနှင့် ခွဲထွက်ခဲ့၏။ ထို့နောက် လွတ်လပ်ရေးရ၏။ ပါကစ္စတန်က ခွဲထွက်၏။ ကိုလိုနီခေတ်က ၁၉၃၇ ခုနှစ်ကြို နယ်နိမိတ်ကို ဖန်တီးခဲ့၏။ သို့သော် မဂိုဧကရာဇ်များခေတ်တွင် (ရှေးခေတ် မောရီယနှင့် ဂုပ္ပကခေတ်) အိန္ဒိယမှာ ယနေ့ခေတ် ပါကစ္စတန်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံပေါင်း ဖြစ်ခဲ့၏။ လွန်ခဲ့သော ရာစုနှစ် ဝက်လောက်ကလည်း ခေတ်သစ် အိန္ဒိယသည် ထိုနိုင်ငံများ၏ အနားစွန်း တွင် နယူးဒေလီနှင့် နိုင်ငံခြားရေး ပေါ်လစီစွမ်းပကားကို ကျင့်သုံးခဲ့သေး သည်။

အရှေ့တောင်အာရှဆယ်နိုင်ငံ၏ စုစုပေါင်း လူဦးရေက သန်း ၆၀၀ မျှရှိ၏။ အမေရိကန်ထက် လူဦးရေနှစ်ဆများသည်။ ထိုနိုင်ငံများအားလုံးတွင် တရုတ်၏ စီးပွားရေးပါဝါက ပိုမိုလွှမ်းမိုးမှုရှိ၏။ စစ်အေးကာလအတောအတွင်းက အရှေ့တောင်အာရှအစိုးရများနှင့် တရုတ်ဆက်ဆံရေးက အေးတိအေးစက်ဖြစ်ခဲ့၏။ သို့သော် ၁၉၉၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင်ကား ဆက်ဆံရေးက ပိုမိုနွေးထွေးလာသည်။ ယခုတော့ တရုတ်သည် ဒေသတွင်းတွင် ထိပ်ဆုံးမိတ်ဖက် စီးပွားရေးနိုင်ငံဖြစ်လာပြီ။ (ယခင်နှစ်များက အမေရိကန်၏ နေရာကို အစားထိုးဝင်ရောက်သွားသည်) အရှေ့တောင်အာရှတွင် တရုတ်သည် အခွင့်အရေးကြီးစွာရသည်။ တရုတ်ကုန်သည်အတော်များများသည် အရှေ့တောင်အာရှနိုင်ငံများတွင် သွားရောက်နေထိုင် အခြေချကာ ချမ်းသာအောင်မြင်မှု ရနေကြသည်။ သူတို့သည် တရုတ်ပြည်၏ အရှေ့တောင်ကမ်းခြေမှ လာကြသူများဖြစ်ကြသည်။ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကာ အမေရိကသို့ရောက်လာကြသော တိုင်းတစ်ပါးသားများကဲ့သို့ပင် ဖြစ်ကြသည်။ သူတို့အများစုက စီးပွားရေး လုပ်တတ်ကိုင်တတ်သူများ၏။ ဘန်ကောက်၊ ဂျကာတာနှင့် မနီလာတို့တွင် သူတို့သည် ရေပေါ်ဆီကုန်သည်စုတွေ ဖြစ်နေကြ၏။ စင်ကာပူ၏ လူဦးရေထဲမှ အများစုသည် အရှေ့တောင်အာရှ၏ အဓိက စီးပွားရေးရင်းနှီးမြှုပ်နှံသူများ ဖြစ်လာကြသည်။

မော်စီတုံးခေတ်လွန် တရုတ်ပြည်သည် ပင်လယ်ရပ်ခြား တရုတ်စီးပွားရေးသမားများနှင့် ဆက်သွယ်မှုရကာ တရုတ်စီးပွားရေးတိုးတက်မှုကို အဓိက ပံ့ပိုးပေးသူများ ဖြစ်လာကြ၏။ ထိုင်ဝမ်၊ စင်ကာပူနှင့် ဟောင်ကောင်မှ ပင်လယ်ရပ်ခြား တရုတ်အမျိုးသားများသည် တရုတ်ပြည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၆၀ ရာခိုင်နှုန်းကို ရင်နှီးခဲ့ကြသူများ ဖြစ်ကြ၏။ ၂၀၀၀ ပြည့်နှစ်ပိုင်းကာလတွင် ဒေသ၏ စီးပွားရေးသည် တရုတ်အောင်မြင်မှုနှင့် ခိုင်မြဲစွာ ဆက်စပ်ဖြစ်ထွန်းလာ၏။ ကုန်ပစ္စည်းများတွင် ပါဝင်သော ပစ္စည်းများ၊ မော်တော်ကားမှ အိုင်ပေါ့အထိကို တရုတ်ပြည်တွင် မတပ်ဆင်မီ၊ ကွဲပြားခြားနားသော နိုင်ငံများစွာတွင် ပြုလုပ်ကာ၊ ထို့နောက်မှ အနောက်တိုင်းဈေးကွက်နှင့် အခြားဈေးကွက်များသို့ သင်္ဘောဖြင့် တင်ပို့ကြ၏။ နိုင်ငံရေးရော၊ စီးပွားရေးရော အထူးအောင်မြင်ကြသူ နိုင်ငံတကာမှ ထိပ်သီး

ပုဂ္ဂိုလ်များသည် ရှန်ဟဲနှင့် ကြီးမားသော တရုတ်စက်မှုမြို့ကြီးများကို လာရောက်ကြည့်ရှုကြကာ မြင်ရသမျှကို အထင်မကြီးဘဲ မနေနိုင်ကြ။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကပ်ဆိုက်သောအခါ အနောက်နိုင်ငံများ ဘေးဒုက္ခကြုံကြသော်လည်း တရုတ်တို့မှာမူ ထိုကာလတွင် အကျိုးအမြတ်က ပိုပင်ဖြစ်ထွန်းသေး၏။ အိန္ဒိယ၏ အရှေ့မျှော်ဝါဒဟုလည်း အရှေ့တောင်အာရှနှင့် အိန္ဒိယတို့ ခိုင်မာမြဲမြံချစ်ကြည်စွာ တည်ဆောက်ရေးပင် ဖြစ်၏။ သို့သော် တကယ်တော့ ဤသည်မှာ ယခင်က တရုတ်လုပ်ခဲ့သောပုံစံကို အတုယူခြင်းသာ ဖြစ်သည်။

❖❖❖

အမြဲတမ်း ဤနည်းလမ်းအတိုင်းတော့ မဟုတ်ပါ။ လွန်ခဲ့သော နှစ် ပေါင်း ၂၀၀၀ ကျော်ကမူ အရှေ့တောင်အာရှနှင့် အရင်းနှီးဆုံး အဆက်အသွယ်လုပ်ခဲ့သော နိုင်ငံမှာ တရုတ်မဟုတ်။ အိန္ဒိယဖြစ်သည်ကို သတိရကြရန် အရေးကြီး၏။ ယဉ်ကျေးမှုနှင့် ဘာသာရေးသြဇာများသည် အိန္ဒိယမှနေ၍ ပျံ့နှံ့ခဲ့၏။ ဥရောပတိုက်သားများက မြန်မာမှ ဘာလီအထိနိုင်ငံများကို 'အိန္ဒိယ၏ ဝေးလံသောအရပ်များ' ဟုပင် သိထားကြကာ ပညာရှင်များကမူ 'အိန္ဒိယဆန်သော အရှေ့တောင်အာရှနိုင်ငံများ' ဟု ရည်ညွှန်းပြောဆိုတတ်ကြ၏။ ဤသည်မှာလည်း ရှင်းပါသည်။ ရာစုနှစ်ပေါင်းများစွာ ဤကျယ်ပြောလှသော ဒေသကြီးတွင် အိန္ဒိယယဉ်ကျေးမှုသာ ဆက်စပ်လွှမ်းမိုးခဲ့၍ ဖြစ်၏။ ဘုရင်စနစ်မှသည် နက္ခတ္တဗေဒ၊ အာကာသသိပ္ပံနှင့် စာပေအထိ အိန္ဒိယ သြဇာနှင့်ကင်းသည်ဟူ၍ မရှိခဲ့။

မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ လူများစုသည် အိန္ဒိယ၏ ဘာသာအယူဝါဒဖြစ်သော ဗုဒ္ဓဘာသာကို လက်ခံကျင့်သုံးကြကာ အင်ဒိုနီးရှား ဘာလီကျွန်းမှ ပြည်သူ ၉၀ ရာခိုင်နှုန်းက ဟိန္ဒူဘာသာဝင်များ ဖြစ်ကြ၏။ အစ္စလာမ်ဘာသာသည်လည်း အိန္ဒိယမှတစ်ဆင့် အရှေ့တောင်အာရှသို့ ရောက်လာခြင်းပင် ဖြစ်၏။ အာရပ်ကမ္ဘာနှင့် ပါရှားတို့မှလည်း အစ္စလာမ်ဘာသာပျံ့နှံ့ခဲ့၏။ ဘန်ကောက်၊ ဖနွမ်းပင်တို့တွင် ပုဏ္ဏားဖြူ ပုဏ္ဏားညိုများက နန်းတော်တွင် အမှုထမ်းကြ၏။ ယခင်ကလည်း

မန္တလေးမှ ဂျော့ဂျာကာတာအထိ နန်းတွင်းတွင် သူတို့အမှုထမ်းခဲ့ကြသကဲ့သို့ပင် ဖြစ်၏။ ဤဒေသ၏ အဓိက ဘာသာစကားများမှ စာအရေးအသားသည် အိန္ဒိယအက္ခရာများမှ ဆင်းသက်လာခြင်းဖြစ်ပြီး ဒေသသုံးဘာသာစကားအတော်များများတွင် အိန္ဒိယဝေါဟာရများစွာ ပါဝင်နေသည်ကိုလည်း တွေ့ရသည်။ အိန္ဒိယ၏ ရှေးဟောင်းဘာသာစကားများဖြစ်ကြသော သက္ကတနှင့် ပါဠိကို နိုင်ငံရေးအတွေးအခေါ်များနှင့် ခေတ်သစ်တီထွင်မှုများအထိ သုံးစွဲကြ၏။ အိန္ဒိယ၏ ဂန္ထဝင်ဖြစ်သော ရာမာယနဆိုလျှင် ဒေသတွင်းနိုင်ငံအသီးသီးက သူ့မူသူ့ဟန်နှင့် ဖော်ထုတ်ကပြကြ၏။ အရှေ့တောင်အာရှအနုပညာနှင့် ဗိသုကာပညာတွင် ရှေးခေတ်အိန္ဒိယပုံစံအတော်များများကို အတုယူသုံးစွဲကြ၏။ မြန်မာ၏ ပုဂံ၊ ကမ္ဘောဒီးယား၏ အန်ကောဝပ်သို့မဟုတ် အင်ဒိုနီးရှား၏ ဘိုရိုဗုဒစသည့် ရှေးဟောင်းလက်ရာများကို ကြည့်လျှင် အိန္ဒိယနှင့် အဆက်အသွယ် အတော်ကြီးကြီးမားမား ရှိသည်ကို တွေ့နိုင်၏။

ဤသြဇာသက်ရောက်မှုများ မည်သို့ကြီးမားပျံ့နှံ့လာသည်ကိုမူ မည်သူမျှ မသိ။ အိန္ဒိယကိုလိုနီဝါဒီများသည် ဘင်္ဂလားပင်လယ်အော်တစ်လျှောက် ရွက်လွှင့်သွားလာရင်း ယဉ်ကျေးမှုပျံ့နှံ့ခဲ့သည်ဟု ရှေးခေတ်က တချို့ပြောခဲ့ကြသည်။ ဒါကလည်း အဓိပ္ပာယ်ရှိနိုင်သော တွေးခေါ်မြော်မြင်မှုဖြစ်နိုင်ပါသည်။ အရှေ့တောင်အာရှ၏ ရှေးဟောင်းနိုင်ငံ အတော်များများ၏ အုပ်ချုပ်မင်းလုပ်သူများ၏ အမည်များသည် သက္ကတအမည်များဖြစ်နေပြီး သူတို့၏ မျိုးရိုးစဉ်ဆက်ကို လိုက်ကြည့်လျှင် အိန္ဒိယမင်းဆက် တစ်ဆက်ဆက်နှင့် ဆက်စပ်မှုရှိနေသည်ကို တွေ့ရ၏။ သူတို့၏ မြို့များကို အိန္ဒိယအမည် မှည့်ခေါ်ကြ၏။ (ဥပမာ- ထိုင်းနိုင်ငံ၏ မြို့တော်ဟောင်းဖြစ်သော အယုဒ္ဓယသည် ရာမမင်း၏ မြို့တော်အမည်ဖြစ်၏) ဘုရင်မင်းများ၏ တော်ဝင်အခမ်းအနားများကိုလည်း အိန္ဒိယဗြဟ္မဏအစဉ်အလာအတိုင်း ကျင်းပတတ်ကြသည်။

အရှေ့တောင်အာရှနိုင်ငံများသို့ အိန္ဒိယလူမျိုးများ ပထမဆုံးပျံ့နှံ့ရောက်ရှိခဲ့ရသော အကြောင်းရင်းမှာ ရွှေရှာလို၍ ဖြစ်၏။ ခရစ်တော် မမွေးဖွားမီ နောက်ဆုံးရာစုမှ အေဒီပထမရာစုအထိ အိန္ဒိယနှင့် အရှေ့တောင်အာရှ

ကုန်သွယ်မှုကို ကြီးမားစွာ လုပ်ဆောင်သည်မှာ ဘင်္ဂလားပင်လယ်အော် ဆိပ်ကမ်းတစ်လျှောက် ပြန့်ကြဲနေသော မြို့များသာဖြစ်၏။ ရှေးခေတ်က အိန္ဒိယ၏ အဓိက ကုန်သွယ်မှုမှာ အနောက်ဘက်ရှိ ပါးရှားနှင့် ပင်လယ်နီ ဖြစ်၏။ အိန္ဒိယတောင်ဘက်ဆိပ်ကမ်းများသည် ရောမသင်္ဘောများ ဆိုက်ကပ်ရာ ဖြစ်၏။ ရောမသင်္ဘောများသည် အေဒင် (ယီမင်)မှ အိန္ဒိယသို့ ရောက်လာတတ်၏။ ထိုခေတ်က အရောင်းအဝယ်အဖြစ်ဆုံးမှာ ရွှေဖြစ်၏။ အေဒီ ပထမဆုံးရာစုတွင် ဗက်စ်ပါရှင်းဧကရာဇ်က ရွှေအရောင်းအဝယ်ကို တားမြစ်ခဲ့၏။ အိန္ဒိယတွင် ရွှေရှားပါးလာသည်။ ဤတွင် အရှေ့တောင်အာရှ ဘက်သို့ လှည့်လာ၏။ အရှေ့တောင်အာရှနိုင်ငံများသည် အမွှေးအကြိုင် ပစ္စည်း သစ်မွှေးစသည်တို့ ပေါ်သောနယ်မြေဟု မသိကြမီ ရာစုပေါင်းများစွာ တွင် အိန္ဒိယက အရှေ့တောင်အာရှကို သုဝဏ္ဏဘုမ္မိ သို့မဟုတ် 'ရွှေမြေ' ဟု ခေါ်ကြ၏။ ဤသည်မှာ အိန္ဒိယ၏ ပထမဆုံး 'အရှေ့မျှော်'ဝါဒပင် ဖြစ်၏။

အိန္ဒိယသည် အရှေ့တောင်အာရှနိုင်ငံများမှ ရွှေကို လာရှာ၏။ သို့ဖြင့် အရှေ့ဘက်အာရှနှင့် အိန္ဒိယတို့သည် နှစ်ဦးနှစ်ဖက် အကျိုးရှိရာရှိကြောင်း ဆက်ဆံမှုများ ရှိလာသည်။ အရှေ့တောင်အာရှတွင် ပထမဆုံးမင်းနေပြည် များက မြန်မာနှင့် ကမ္ဘောဒီးယားတွင် ပေါ်ထွန်းလာ၏။ အရှေ့တောင်အာရှ မှ ပြည်သူများ၊ အထူးသဖြင့် ၎င်းတို့၏ ခေါင်းဆောင်များနှင့် အုပ်ချုပ်သူ လူတန်းစားက ပင်လယ်အော်တွင် ကြီးမားသော နိုင်ငံများရှိမည်ကို အံ့အား တကြီး သိလာကြ၏။ ထိုအချိန်တွင် တရုတ်နှင့် တစ်စုံတစ်ရာသော အတိုင်း အတာအထိ အဆက်အသွယ်ရှိနေချိန် ဖြစ်၏။ အိန္ဒိယက ဤအချက်ကို ဘေးဝင်နေရာယူလိုက်သည်။ ပြင်သစ်ပညာရှင် ဂျော့ကိုအက်ဒ်(စ်)က သမိုင်း တွင် အထူးခြားဆုံး ဖြစ်ရပ်များထဲမှ တစ်ခုဟု ပြောခဲ့၏။ အရှေ့တောင် အာရှ၏ ပထမဆုံး ဘုရင့်နိုင်ငံများမှာ မြန်မာနှင့် ကမ္ဘောဒီးယားတို့ ဖြစ် ကြ၏။ ၎င်းတို့သည် အေဒီရာစုစောစောပိုင်းကပင် ပေါ်ထွန်းလာကြ၏။ အိန္ဒိယ ဂုပ္ပတ္တမင်းတို့ခေတ်ဖြစ်၏။

ထို့ကြောင့် အိန္ဒိယနိုင်ငံသည် အတွေးအခေါ်နှင့် စိတ်ကူး စိတ်သန်း များ ရှာဖွေရာဒေသဖြစ်လာသည်မှာ နားလည်လောက်ပါသည်။ ထိုအချိန်

တွင် အိန္ဒိယ၌ ဂုပ္ပတ္တတို့ အုပ်စိုးချိန်ဖြစ်သည်။ ဂုပ္ပတ္တတို့သည် အိန္ဒိယမြောက်ပိုင်း အုပ်ချုပ်သူ လူတန်းစားဖြစ်ပြီး ပညာအသိဉာဏ်၊ ဘာသာရေးနှင့် အနုပညာထူးချွန်ကြသူများ ဖြစ်ကြ၏။ ဂုပ္ပတ္တအသိုက်အဝန်းတွင် ၅ ရာစု ၆ ရာစုက အရိယာဘတ္တဆိုသူ နက္ခတ္တပညာရှင်လည်း ပေါ်ထွန်းခဲ့၏။ သူက အက္ခရာသင်္ချာနှင့် တြိဂိုနိုမေတြီဆိုင်ရာ ပညာများစွာကို တီထွင်ကာ ကမ္ဘာမြေကြီး၏ အတိုင်းအထွာကို အတိကျဆုံး ပထမဆုံးတိုင်းတာနိုင်ခဲ့သူလည်း ဖြစ်၏။ ယခု အနောက်နိုင်ငံတွင် သုံးနေကြသော 'ဇီးရိုး (သုည)' အတွေးအခေါ်သည်လည်း အိန္ဒိယကိန်းဂဏန်းစနစ်မှ ဆင်းသက်လာခြင်းပင်ဖြစ်၏။ ဤသည်တို့သည် အရိယာဘတ္တနှင့် အခြားပညာရှင်များက တီထွင်ခဲ့ခြင်း ဖြစ်သည်။ ဤပညာများကို အစ္စလာမ်ကမ္ဘာမှတစ်ဆင့် ဥရောပသို့ တင်ပို့ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ဥရောပတွင် သုံးနေကြသော 'အာရာဗီ' ကိန်းဂဏန်းများနှင့် မြန်မာတို့ ထိုင်းတို့တွင် အသုံးပြုနေကြသော ကိန်းဂဏန်းများ ဆင်တူနေကြခြင်းဖြစ်၏။ အရိယာဘတ္တနှင့် ခေတ်ပြိုင် ဒဿနိက ဆရာဝပ်စရာယာနမှာ ကာမသုတ္တရကို ရေးခဲ့သူဖြစ်၏။ ပထမဆုံးပေါ်ထွက်လာသော လူသား၏ လိင်ဆိုင်ရာအပြုအမူများကို တင်ပြသော ကျမ်းဖြစ်၏။ စစ်တုရင် ကစားခြင်းသည်ပင်လျှင် ဂုပ္ပတ္တခေတ်က နန်းတွင်းကစားနည်းဖြစ်သည်ဟု ယုံကြည်ရလောက်၏။

ဂုပ္ပတ္တခေတ်တွင် မဟာယာနဗုဒ္ဓဘာသာဂိုဏ်းသစ် ထွန်းကားလာသည်။ ယင်းသည် အာဖဂန်နစ္စတန်၊ အာရှအလယ်ပိုင်းနှင့် တရုတ်ပြည်သို့ လမ်းမတစ်လျှောက်မှ ပျံ့နှံ့လာခြင်း ဖြစ်၏။ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့သည် တစ်ဘာသာနှင့် တစ်ဘာသာ နီးစပ်ကြ၏။ ဟိန္ဒူယုံကြည်မှုများနှင့် ဗုဒ္ဓဘာသာယုံကြည်မှုများ အချို့ ခပ်ဆင်ဆင်တူကြသဖြင့် ဗုဒ္ဓကိုပင် ဗိဿနိုး အလျောင်းအလျာဟု အများက မြင်လာကြ၏။ ဗုဒ္ဓဘာသာ ကိုယ်၌ကမူ အပြောင်းအလဲများစွာပြုခဲ့ကာ ပုံစံသစ်များကို ချမှတ်ကျင့်သုံးခဲ့၏။ ဂုပ္ပတ္တတို့၏ မြောက်ပိုင်းနယ်မြေများတွင်မူ ဗုဒ္ဓဘာသာ၏ မဟာယာနဂိုဏ်းသစ် ထွန်းကားလာ၏။ ၎င်းသည် ထိုမှနေ၍ အာဖဂန်နစ္စတန်၊ ဗဟိုအာရှနှင့် တရုတ်ပြည်ပိုးလမ်းမတစ်လျှောက်မှတစ်ဆင့် ဆက်လက်ပျံ့နှံ့သွား၏။ တရုတ်ဘုရားဖူးများနှင့် ဘုန်းတော်ကြီး ဖာဟီယန်သည် အိန္ဒိယသို့ စတုတ္ထရာစု

နှောင်းပိုင်းနှင့် ငါးရာစုစောစောပိုင်းတို့တွင် ရောက်ရှိလာကာ၊ ဗုဒ္ဓမွေးဖွားရာဒေသသို့ ဝင်ရောက်ဖူးမျှော်ခဲ့သည်။ ထို့နောက် တရုတ်ပြည်သို့ ရေကြောင်းခရီးမှမပြန်မီ အိန္ဒိယဘုန်းတော်ကြီး ကုမ္ဗဏီရဇီဝသည် တရုတ်ပြည်သို့ ရောက်ခဲ့ကာ၊ ဗုဒ္ဓကျမ်းစာများကို ဘာသာပြန်ရန်စီစဉ်ခဲ့၏။ သူက အာရှအလယ်ပိုင်းရှိ အိုအေစစ်မြို့ဖြစ်သော ကူချာတွင်မွေးဖွားကာ ကသ္မီရတွင် ပညာသင်ခဲ့၏။ ထိုစဉ်က ကသ္မီရသည် ဗုဒ္ဓဘာသာကျမ်းဂန်ထွန်းကားရာဒေသဖြစ်၏။ ကသ္မီရတွင် တွေ့ဆုံခဲ့သော ရာဇာနှင့် ဝင်လက်ရှာတို့နှင့်အတူ သူသည် ဗုဒ္ဓကျမ်းပေါင်း ၃၀၀ ကို တရုတ်ဘာသာပြန်ဆိုခဲ့၏။ ဤသို့ဖြင့် ဗုဒ္ဓဘာသာသည် တရုတ်၊ ကိုရီးယားနှင့် ဂျပန်တို့ကို ပျံ့နှံ့ခဲ့၏။

အရှေ့တောင်အာရှအတွက် ပိုမိုအရေးကြီးသော အဆက်အသွယ်များမှာ အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ကမ်းခြေမှ ဘင်္ဂလားပင်လယ်အော်တစ်လျှောက် ဖြစ်၏။

'အရှေ့မျှော်'ဝါဒကို စတင်မိတ်ဆက်သူ ဝန်ကြီးချုပ် နာရာဆင်ဟာရောင်းသည် ဝမ်ဂါရရွာတွင် မွေးဖွားခဲ့၏။ ဝမ်ဂါရသည် ယနေ့ အင်ဒါရပရာဒေ့ရှ်ဒေသတွင် ဖြစ်၏။ သူမွေးဖွားရာဇာတိသည် လွန်ခဲ့သောနှစ် ၁၅၀၀ ကျော်က အိန္ဒိယယဉ်ကျေးမှုတို့ ပျံ့ပွားရာ အရှေ့တောင်အာရှဂိတ်ပေါက်နေရာပင် ဖြစ်၏။ ထိုဒေသမှ စောစောပိုင်းအုပ်ချုပ်သူ သတ္တဝဟာနမင်းဆက်သည် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့ကို ထိန်းသိမ်းကာ စတင်မိတ်ဆက်ပေးသူများ ဖြစ်ကြ၏။ မြန်မာပြည်၏ ရှေးအကျဆုံး ဗုဒ္ဓဘာသာဆက်စပ်မှုများသည် သတ္တဝဟာနတည်ထောင်သော ဘုန်းတော်ကြီးများမှဖြစ်၏။ တရုတ်ပြည်၏ ချုံဂိုဏ်းဗုဒ္ဓဘာသာ (ဂျပန်က ဇင်ဟုခေါ်)ကို တည်ထောင်သူ ဗောဓိဓမ္မသည် ပါလာဝမင်းဆက်၏ မင်းသားတစ်ပါးဖြစ်သည်ဟုလည်း ဆိုကြ၏။

အဆက်အသွယ်များကား မဆုံးနိုင်သလောက်ပင် ဖြစ်၏။ ကျွန်တော်တို့ မှတ်မိရန် လိုအပ်သည်မှာ ဤနယ်မြေနှစ်ခု၏ အခြေအနေကိုပင် ဖြစ်၏။ တစ်ဖက်က လူဦးရေသန်း ၁၀၀ ရှိပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့များရှိသည်။ စီးပွားရေးနှင့် ဉာဏ်ပညာကြီးမားသော ပုဂ္ဂိုလ်များရှိသည့် အိန္ဒိယနိုင်ငံဖြစ်၏။ ဘင်္ဂလားပင်လယ်အော်၏ အခြားတစ်ဖက်တွင်ကား အရှေ့

တောင်အာရှရှိ၏။ အများစုမှာ သစ်တောများလွှမ်းလျက်ရှိကာ လူဦးရေကလည်း အိန္ဒိယနှင့် နှိုင်းယှဉ်လျှင် အသေးအမွှားပင် ဖြစ်၏။ နိုင်ငံငယ်လေးများကား သူ့နည်းသူ့ဟန်နှင့် တိုးတက်နေကြ၏။ သို့သော် အိန္ဒိယ၏ ဩဇာကား ကြီးနေ၏။

မြန်မာနိုင်ငံတွင် ဇရာဝတီမြစ်ဝှမ်း၌ ပထမဆုံးစိုးစံသောမင်းများ သည် သူတို့ကိုယ်သူတို့ 'ဝိကရမ်'နှင့် 'ဝါမန်'ဟု ခေါ်ကြ၏။ 'ဝိကရမ်' အဓိပ္ပာယ်က 'ရဲစွမ်းသတ္တိ' ဖြစ်၏။ ဂုပ္ပတ္တမင်းများ အပါအဝင် ခေတ်ပြိုင် အိန္ဒိယမင်းတော်တော် များများသုံးကြသော ဘွဲ့မည်နာမဖြစ်၏။ 'ဝါမန်' အဓိပ္ပာယ်ကမူ 'ကာကွယ်စောင့်ရှောက်သူ'ဖြစ်၏။ ထိုဘွဲ့မည်နာမကို မြန်မာပြည်တွင်သာမက ကမ္ဘောဒီးယားဘုရင်များလည်း သုံး၏။

❖❖❖

ဒေလီတွင် ကျွန်တော် မိတ်ဆွေတစ်ဦးနှင့် အတူနေ၏။ လွတ်လပ်ရေးမရမီက နာမည်ကြီး အိန္ဒိယလွှတ်တော်ရှေ့နေကြီးတစ်ဦး၏ ဗြိတိသျှခေတ် အိမ်ကြီးတွင် သူကနေ၏။ အိမ်ရှေ့ခြံဝင်းထဲတွင် ရေပန်းရှိ၏။ အိမ်နောက်ဘက်တွင်လည်း ရောမခြံကြီးရှိ၏။ အပြင်မှာက သိပ်ပူ၏။ သို့သော် အိပ်ခန်းတိုင်းတွင် လေအေးပေးစက်များ တပ်ထား၏။ ကျွန်တော့်မိတ်ဆွေက အပေါင်းအသင်းဆံ့သည်။ သူ့မိတ်ဆွေများထဲတွင် နိုင်ငံရေးသမား၊ သတင်းစာဆရာ၊ ပညာရှင်စသည်တို့ အလွှာအသီးသီးမှ ပါဝင်ကြ၏။ အိန္ဒိယလူမျိုးရော၊ နိုင်ငံခြားသားပါစုံ၏။

ကျွန်တော် ထိုအိမ်တွင် ရက်အတော်ကြာနေခဲ့ရာ မြန်မာပြည်နှင့်ပတ်သက်ပြီး ဟောပြောမှုများလုပ်ခဲ့ရ၏။ မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များနှင့်ဆုံရ၏။ ရွေးကောက်ပွဲများတွင် ဝင်ရောက်ဆွေးနွေးခွင့်ရခဲ့၏။ စာအုပ်သစ်မိတ်ဆက်ပွဲများ၊ စကားအချေအတင်ပြောပွဲများ တက်ရ၏။ ဒေလီက သီးသန့်အလွှာတစ်ခုလို ဖြစ်နေပြီး အရှေ့ဘက်နယ်မြေများနှင့် လုံးဝကွဲပြားခြားနားသည်။ အများစုသည် အမေရိကန် သို့မဟုတ် ဗြိတိန်တွင် ပညာသင်ယူဖူးကြပြီး ထိုနိုင်ငံများသို့ မကြာခဏ သွားလာဖူးကြသူများဖြစ်ကြ၏။ အချို့က အိန္ဒိယကို အားလပ်ရက်တွင် ခေတ္တပြန်လာကြသူများ ဖြစ်

သည်။ မြန်မာပြည်နှင့်တော့ အလှမ်းဝေးကြပုံပေါ်၏။ ခန်အမည်ရှိ ဈေးတွင်မူ ကျွန်တော် သိသူအချို့ကို တွေ့ရ၏။ စာအုပ်ဆိုင်များထဲတွင် သို့မဟုတ် တောက်တိုမယ်ရ ဈေးကွက်ဝယ်ရင်း တွေ့ရ၏။ ကျွန်တော်က ဒေလီ၏ တောင်ပိုင်း လူကုံထံရပ်ကွက်တွင် နေနေရ၏။ သို့သော် ကျွန်တော်က မြို့ငယ်လေး တစ်မြို့ထဲရောက်နေသလို ခံစားရ၏။ လူများ သန်းပေါင်း ထောင်ချီနေထိုင်သော မြို့ကြီးထဲတွင် နေရသည်နှင့်မတူတော့။

ခန်ဈေးထဲရှိ စားသောက်ဆိုင်တစ်ခုတွင် ဖြစ်၏။ ဆိုင်နာမည်က 'ဆိုက်ဝေ့'။ ဒေသဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာသူ သုတေသီတစ်ဦးနှင့် တွေ့ရန် စီစဉ်ထား၏။ သူနှင့် ကျွန်တော်သည် နိုင်ငံခြားတွင် အစည်းအဝေး တော်တော်များများ၌ ဆုံခဲ့ပြီးပြီ။ သူက ကျွန်တော့်ကို အရှေ့ဖျားအစား အသောက်များ ဤဆိုင်တွင် ကောင်းသည်ဟု ညွှန်း၍လာခဲ့ခြင်း ဖြစ်၏။ ဆိုင်က ခေတ်မီသားနားသည်။ သစ်သားဖြင့် ပြင်ဆင်ထားတာများ၏။ အလင်းရောင်ကို ခပ်မှိန်မှိန်ထွန်းထား၏။ အစားအသောက်စာရင်းတွင် ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှားစားစရာအစုံတွေ့ရ၏။ မည်သည့် ဟင်းက စပ်သည်ဆိုသည်ကို ငရုတ်သီးတောင့်ပုံလေးများဖြင့် ပြထား၏။

ကျွန်တော်တို့ အိန္ဒိယ တရုတ်ဆက်ဆံရေးအကြောင်းပြောဆိုကြ၏။ သူက အကောင်းမြင်သမားဖြစ်၏။ တရုတ်၏ ခြိမ်းခြောက်မှုကို နားလည် နိုင်သော်လည်း ကြောက်စရာမဟုတ်ပါဟု သူက ပြော၏။

"နှစ်ဖက်စလုံးက မီဒီယာတွေက ပြဿနာကို ပိုချဲ့ပြောနေကြတာ ပါ။ ၁၉၆၂ ခုနှစ်လို အဖြစ်မျိုးပြန်မဖြစ်တော့ပါဘူး။ ပြဿနာက တရုတ်မှာ ပညာတတ် သိပ်မလုံလောက်ဘူး။ တရုတ်စကားပြောတတ်တဲ့ အိန္ဒိယလူမျိုး တချို့ကလည်း ပုဂ္ဂလိကလုပ်ငန်းတွေမှာသာ ရှိတာပါ။ အစိုးရ ဒါမှမဟုတ် မီဒီယာလုပ်ငန်းတွေဆီကို မသွားကြပါဘူး။ တရုတ်နဲ့ ပတ်သက်လို့ ဒီနေ့ နားလည်မှုသိပ်မရှိကြသေးဘူး။ နည်းနည်းရှုပ်နေသေးတယ်။ အိန္ဒိယနဲ့ အမေရိကန်ဆက်ဆံရေးမှာလည်း စိန်ခေါ်မှုတွေ အများကြီးရှိသေးတယ်။ ပြည်သူအချင်းချင်း ဆက်ဆံရေးက ပိုတယ်။ အမေရိကမှာနေတဲ့ အိန္ဒိယ လူမျိုးက သောင်းပေါင်းရာနဲ့ကိုချီ ရှိနေတယ်။ ဆွေမျိုးတွေ အများကြီးလည်း အဲဒီမှာနေကြတယ်။ ကလေးတွေ ကျောင်းသွားတက်ကြတယ်။ တရုတ်နဲ့ ကျတော့ အဲဒီလို မဟုတ်ဘူး"

မြန်မာနှင့်လည်း ထိုသို့မဟုတ်ပါ။ ဒေလီတွင် ကျွန်တော်တွေ့ခဲ့ရသူ တော်တော်များများက မြန်မာပြည်အကြောင်းသိချင်စိတ်ရှိကြ၏။ သို့သော် ဒေလီသည် တစ်ချိန်က တူရကီ၊ မဂို၊ ဗြိတိသျှတို့ အုပ်ချုပ်သူလူတန်းစားက ကမ္ဘာ့ဇာတ်ခုံပေါ်တွင် တင်လိုကြသောနေရာဖြစ်၏။ မြန်မာသည်ကား ၂၁ ရာစု ပါဝါအတွက် အိန္ဒိယ၏ ဘွားခနဲ ပေါ်ထွန်းလာသည့် ဇာတ်လမ်းတွင် အစစ်အမှန် နေရာမရှိ။ ဒေလီတွင် ကျွန်တော်သိသမျှ ပုဂ္ဂိုလ်အားလုံး လောက်နီးပါး မြန်မာပြည်ကို ရောက်ဖူးသူဟူ၍ မရှိ။ တရုတ်ပြည်တွင် တွေ့ခဲ့ရသော ပညာရှင်အချို့သည် မြန်မာစကားပြောတတ်သည်ကို တွေ့ရသော်လည်း အိန္ဒိယတွင် မြန်မာစကား ကျွမ်းကျင်စွာ ပြောတတ်သူမရှိဟု ကျွန်တော့်ကို ပြောကြ၏။ မြန်မာပြည်တွင် မွေးခဲ့သူအချို့ အဝက်မျှသာ ရန်ကုန်တွင်နေခဲ့စဉ် ကာလအချို့ကို ပြန်ပြောတတ်၏။ သို့သော် မြန်မာပြည်နှင့်ပတ်သက်၍ သိပ်မသိ။ အပြောင်းအလဲတွေကိုလည်း ဂရုစိုက်မှုမရှိ။

❖❖❖

၁၆ ရာစုတုန်းက တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံပေါင်းသည် ကမ္ဘာ့စီးပွားရေးတစ်ဝက်ကို ပိုင်ဆိုင်ခဲ့ကြ၏။ မျိုးဆက်တစ်ခုအကြားတွင် ဤဖြစ်ရပ်မျိုးထပ်ပေါ်လာဦးမည်။ ဤပေါ်ထွန်းလာသော ဧရာမနိုင်ငံကြီးနှစ်ခုအကြားတွင် အခြားမည်သည့်နိုင်ငံကမျှ ပို၍ကုန်သွယ်ရေးလုပ်နိုင်၊ ပို၍စီးပွားရေးလုပ်နိုင်မည် မဟုတ်။ ၂၀၁၀ ပြည့်နှစ်တွင် မြန်မာနှင့် တရုတ်သည် စတီးဝဲယ်လ်လမ်းမဟောင်းကြီးကို ပြန်လည်တည်ဆောက်ရန် သဘောတူညီချက် ရရှိကြပြီဖြစ်၏။ ဤလမ်းကြီးကို ဒုတိယကမ္ဘာစစ်အတွင်းက အာဖရိကန်၊ အမေရိကန်စစ်သားများ ဖောက်လုပ်ခဲ့ကြခြင်းဖြစ်၏။ ရှီလီမှ အိန္ဒိယ၏ အရှေ့မြောက်ဒေသအထိ ရောက်သောလမ်းဖြစ်၏။ ယခု တရုတ်နှင့် အိန္ဒိယကုန်သွယ်မှုအားလုံးသည် ရေလမ်းကြောင်းမှသာ လုပ်ဆောင်နေရ၏။ ပေကျင်းနှင့် ကူမင်းတို့၏ တိုးတက်ဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ပေါ်လာကာ တရုတ်ပြည်၏ အနောက်တောင်ဘက်တွင် ၎င်း၏ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းသစ်များ၊ မြန်နှုန်းမြင့်ရထားများ ကြီးထွားလာပြီး ကမ္ဘာ့လှည့်ခရီးသည်လုပ်ငန်း စတင် ဖြစ်ထွန်းလာကာ

အိန္ဒိယ၏ အရှေ့ဘက်စွန်းသို့ တစ်နေ့တာ ကားမောင်းရုံဖြင့် ရောက်လာနိုင်သော အခြေအနေတွင် မည်သို့ဖြစ်လာမည်ကို မသိနိုင်။ တရုတ်သည် မြန်မာပြည်ကို ပြောင်းလဲပေးနေသည်။ အိန္ဒိယနှင့် ပိုမို၍ နယ်စပ်များဖွင့်လှစ်လိုက်လျှင် မည်သို့သက်ရောက်မည်နည်း။ ဒေလီမှ ကျွန်တော်ပထမဆုံး ကာလကတ္တားသို့ သွား၏။ မိုင်တစ်ထောင်နီးပါးဝေးသော ခရီးဖြစ်၏။ ထိုမှတစ်ဆင့် ဝေးလံသော ပြည်နယ်များဖြစ်သည့် အိန္ဒိယ၏ အရှေ့မြောက်နှင့် အိန္ဒိယ၏ အမြိတ်အစွန်းဒေသများသို့ ဆန်တက်မည် ဖြစ်လာမည် မသိနိုင်။ တရုတ်သည် မြန်မာပြည်ကို ပြောင်းလဲပေးနေသည်။ အိန္ဒိယနှင့် ပိုမို၍ နယ်စပ်များဖွင့်လှစ်လိုက်လျှင် မည်သို့သက်ရောက်မည်နည်း။ ဒေလီမှ ကျွန်တော် ပထမဆုံး ကာလကတ္တားသို့ သွား၏။ မိုင်တစ်ထောင်နီးပါးဝေးသော ခရီးဖြစ်၏။ ထိုမှတစ်ဆင့် ဝေးလံသောပြည်နယ်များဖြစ်သည့် အိန္ဒိယ၏ အရှေ့မြောက်နှင့် အမြိတ်အစွန်ဒေသများသို့ ဆန်တက်မည်။

*(ဟိန်းလတ် မြန်မာပြန် - ဒေါက်တာသန်းမြင့်ဦး၏ 'တရုတ် အိန္ဒိယ ဆုံမှတ်' စာအုပ်မှ ကောက်နုတ်ချက်)*

○

နောက်ဆက်တွဲ (င)

## ယန်စီနှင့် ဂင်္ဂါ
## တရုတ်နှင့် အိန္ဒိယတို့ လွှမ်းမယ့်ကမ္ဘာ
## When China & India Rule the World

နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးအောင် ဘာတွေက လုပ်ပေးနိုင်သလဲ။ သိသာထင်ရှားတဲ့ ပြဿနာကိန်းတွေကတော့ အဲဒီနိုင်ငံရဲ့ ဓနဥစ္စာ၊ အဲဒီနိုင်ငံပြည်သူများရဲ့ ချမ်းသာကြွယ်ဝမှုနဲ့ နိုင်ငံတကာအလယ်မှာ အဲဒီနိုင်ငံရဲ့ ရပ်တည်နိုင်မှုတို့ပါပဲ။ နိုင်ငံတစ်နိုင်ငံရဲ့ ဓနဥစ္စာအင်အားကိုပင် ပြဿနာတဲ့ အရာတွေက အများကြီးရှိပါတယ်။ စုစုပေါင်း အမျိုးသားထုတ်ကုန် GNP နဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး GDP တို့၊ နိုင်ငံခြားငွေကြေး အရန်ငွေတို့၊ စီးပွားရေးတိုးတက်မှုနှုန်းတို့၊ လူတစ်ဦးခြင်းဝင်ငွေတို့၊ ရငွေသုံးငွေ ညီမျှမှုတို့ စသဖြင့်ပေါ့။ ဒါတွေအပြင် ကုန်သွယ်မှုပမာဏတို့၊ နိုင်ငံတကာကုန်သွယ်မှု အစုရှယ်ယာထည့်ဝင်မှုတို့ (သွင်းကုန်ရော၊ ထုတ်ကုန်ရော အပါအဝင်ပေါ့လေ)၊ နောက်ပြီး ဓနအင်အားကို ကြာရှည်ခံနိုင်အောင် ဘယ်လိုထိန်းသိမ်းမလဲ၊ ဓနအင်အား ပိုပြီးရရှိအောင် ဘယ်လိုလုပ်မလဲဆိုတာတွေလည်း ထည့်တွက်ရမှာပေါ့။ စီးပွားရေးညွှန်းပြကိန်းတွေက အရေးကြီးပါတယ်။ ဒါပေမယ့် ရုပ်လုံးပေါ်အောင်ပြတဲ့ အစိတ်အပိုင်းတစ်ခုအနေလောက်ပဲ အရေးပါတယ် ဆိုရမယ်။ ကိန်းဂဏန်းတွေအရ ကြွယ်ဝမှုကို ပြနေပေမယ့် ပြည်သူတွေနဲ့ ဆင်းရဲမှု အထူးသဖြင့် သာမန်လက်လုပ်လက်စားတွေရဲ့ ဆင်းရဲမွဲတေမှုကို မကယ်တင်၊ မဖော်ဆောင်နိုင်ရင် အလကားပါပဲ။

လူတစ်ဦးချင်းဝင်ငွေက ပြည်သူတွေလက်ထဲမှာရှိနေတဲ့ ပိုင်ဆိုင်နေတဲ့ ဓနဥစ္စာကို ပြနိုင်ပါတယ်။ ဒါပေမယ့် လူတစ်ဦးချင်း ဝင်ငွေတွက်ကြတာဟာ လူတိုင်းမှာ အဲဒီဝင်ငွေ အညီအမျှရှိမယ်ဆိုတော့ မပြောနိုင်ဘူး။ ဒါက ချမ်းသာသူနဲ့ ဆင်းရဲသူရဲ့ ပျမ်းမျှအခြေအနေကိုပဲ ပြဆိုနိုင်ပါတယ်။ အဲဒါတောင်မှ မြို့နယ်ချင်း၊ ဒေသချင်း၊ နိုင်ငံချင်းအလိုက် ခြားနားနေပါဦးမယ်။ ဒါကြောင့် ကိန်းဂဏန်းစာရင်းဇယားအပြင် ကျန်တဲ့အချက်အလက်တွေကိုပါ စုဆောင်းလေ့လာဖို့ လိုပါတယ်။

ပြည်သူတွေ အစားအသောက် ဘယ်လောက်ကောင်းကောင်းစားနိုင်သလဲ၊ သူတို့စားသုံးတဲ့ အစားအသောက်ရဲ့ အာဟာရတန်ဖိုး အခြေအနေ၊ သူတို့ရဲ့ ဘဝရှင်သန်မှု၊ ဖြတ်သန်းခဲ့ရတဲ့ ကာလအပိုင်းအခြားတွေမှာအာဟာရဘယ်လောက် ကောင်းကောင်းရနိုင်တဲ့ အစားအသောက်တွေ ဝယ်ယူစားသောက်နိုင်မှု၊ သောက်သုံးရေရရှိမှုနဲ့ သောက်သုံးရေသန့်စင်မှု အဆင့်အတန်း၊ အိမ်သာ လုံလုံလောက်လောက်၊ မှန်မှန်ကန်ကန် သုံးစွဲနိုင်မှု၊ ပိုင်ဆိုင်တဲ့ အဆောက်အဦ မြေနေရာရဲ့ အဆင့်အတန်း၊ အကျယ်အဝန်း ပမာဏ၊ ကူးစက်ရောဂါ မပျံ့နှံ့အောင် ထိန်းသိမ်းနိုင်မှု၊ မသန်စွမ်းတွေကို ကူညီစောင့်ရှောက်မှု၊ စာမတတ်မှု ပပျောက်ရေး၊ ပညာရေးအခြေအနေ၊ လျင်မြန်စွာ ပြောင်းလဲနေတဲ့ စီးပွားရေးအခြေအနေအပေါ် အမီလိုက်နိုင်မယ့် ကျွမ်းကျင်မှု၊ အတတ်ပညာအဆင့်အတန်း စသဖြင့်တွေနဲ့ပဲ တိုင်းတာကြည့်မှ ဖြစ်မယ်။

(ဒီနေရာမှာ အိန္ဒိယမျိုးချစ်ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဖခင်ကြီး မော်စီတုံးတို့ရဲ့ ရည်မှန်းချက်တွေကို ပြောချင်ပါသေးတယ်။ ဂန္ဒီကြီးက အိန္ဒိယလူဆင်းရဲနဲ့ ခေတ်နောက်တန်းကျနေသူတွေရဲ့ မျက်ရည်ကို သုတ်ပေးနိုင်တဲ့ နေ့ဟာ အိန္ဒိယနိုင်ငံတော်ရဲ့ ပန်းတိုင်အစစ်အမှန်ရောက်တဲ့နေ့ပဲလို့ ပြောခဲ့ပါတယ်။ မော်စီတုံးကလည်း တစ်နှစ်မှ တစ်ရက်ပဲ အသားစားကြရတဲ့ ထမင်းနပ်မှန်အောင် မစားရတဲ့ သန်းပေါင်းများစွာသော သူ့ပြည်သူတွေ ဝဝလင်လင် စားသောက်နေထိုင်ရဖို့အတွက် တော်လှန်ရေးလုပ်ခဲ့တာပဲ။ အိန္ဒိယဝန်ကြီးချုပ် ဂျဝါဟာလာနေရူးရဲ့ ရည်မှန်းချက်ကျတော့ ပြောင်းသွားပြီ။ သူက အိန္ဒိယပြည်သူတွေရဲ့ မသိနားမလည်မှုတွေ၊ စာမတတ်မြောက်မှုတွေ၊ ဆင်းရဲမွဲတေမှုတွေ၊ ရောဂါ

ကပ်ဆိုးတွေ ပပျောက်ရေးက သူ့ရဲ့ရည်မှန်းချက်ဖြစ်သွားပြီ။ တရုတ်ပြည်မှာလည်း တိန့်ရှောက်ဖိန်က 'ချမ်းသာကြွယ်ဝမှုသည် ကျက်သရေတစ်ပါး' လို့ဆိုပြီး တရုတ်ပြည်ကြွယ်ဝချမ်းသာရေးကို ကြိုးပမ်းခဲ့တယ်။

အခုတော့ ဒီနှစ်နိုင်ငံစလုံးဟာ ဘဝအာမခံချက်ရှိပြီး ပျော်ရွှင်စရာကောင်းတဲ့ဘဝကို 'ပစ္စုပ္ပန်ကာလ'မှာ ခံစားနေကြရပြီ။ ပိုမိုကောင်းမွန်တဲ့ 'အနာဂတ်'အတွက် ကြိုးစားနေကြပါပြီ။)

ချမ်းသာကြွယ်ဝလာကြတဲ့ နိုင်ငံတွေပီပီ၊ သူတို့ အထူးဂရုစိုက်နေကြရတာကတော့ 'နိုင်ငံတော်လုံခြုံရေးကိစ္စ'ပဲ။ မိမိတစ်နိုင်ငံတည်း လုံခြုံစိတ်ချနေရလို့ မဖြစ်ဘူး။ တစ်ချိန်တည်းမှာ နိုင်ငံတကာ ယှဉ်ပြိုင်မှုတွေကလည်း စိန်ခေါ်နေတယ်။ အဲဒီအောက်မှာ စီးပွားရေးတို့၊ နိုင်ငံရေးတို့၊ စစ်ရေးတို့အပြင် 'သဘာဝပတ်ဝန်းကျင် ညစ်နွမ်းမှုဆိုတာကလည်း စိန်ခေါ်မှုထဲမှာ အကြီးဆုံးတစ်ခုပဲ။ ဒါက တစ်နိုင်ငံထဲ ထိန်းသိမ်းစောင့်ရှောက်လို့မှ မရတာ။ အထူးသဖြင့် အိန္ဒိယနဲ့ တရုတ်ဆိုတာက အိမ်နီးနားခြင်းနိုင်ငံတွေဆိုတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စမှာ နှစ်နိုင်ငံ သဘောတူပူးပေါင်းဆောင်ရွက်မှုသာ အကောင်အထည်ပေါ်မှာပါ။

၂၀၀၃ ဇူလိုင်လမှာ MIT နဲ့ ဟားဗတ်ပညာရှင် 'ယာရှင်ဟွမ်'နဲ့ 'တာရွန်ခါနာ'တို့ရဲ့ တွက်ချက်မှုအရ ကမ္ဘာပေါ်က အကောင်းဆုံး စီမံခန့်ခွဲမှုရှိတဲ့ ကုမ္ပဏီငယ်ပေါင်း ၂၀၀ ထဲမှာ အိန္ဒိယကုမ္ပဏီ ၁၃ ခုနဲ့ တရုတ်ကုမ္ပဏီ လေးခုပါတာတွေ့ရတယ်။ အိန္ဒိယက ပိုမိုပွင့်လင်းထင်သာမြင်သာရှိတဲ့ စီးပွားရေး အဆောက်အဦတွေရှိတယ်လို့ သူတို့က ကောက်ချက်ချပြကြတယ်။

တရုတ်ရဲ့ နိုင်ငံတကာ ကုန်သွယ်မှုကြီးထွားနှုန်းက ၁၉၇၈ မှာ ဒေါ်လာ ၂၀ ဒသမ ၆ ဘီလျံကနေ ၂၀၀၄ မှ ၁ ဒသမ ၁၅ ထရီလျံထိဖြစ်လာတာ အဆပေါင်း ၅၅ ဆတိုးလာတာပဲ။ ဗြိတိန်နဲ့ အမေရိကတို့ ၁၈ ရာစုနဲ့ ၁၉ ရာစုတွေမှာ ဖန်တီးခဲ့တဲ့ ကမ္ဘာ့စီးပွားရေးထက် အဆမတန်များပြားခဲ့တယ်။ ကမ္ဘာပေါ်က ရှိရှိသမျှ ကစားစရာတွေထဲက ၇၀ ရာခိုင်နှုန်းကို တရုတ်က လုပ်ပေးတယ်။ စက်ဘီးဆို ၄/၅၊ ဖိနပ်က ၁/၂၊ တရုတ်မှာလုပ်တာချည်းပဲ။ ကမ္ဘာ့မိုက်ကရိုဝေ့ဖ်မီးဖိုနှုန်းရဲ့ တစ်ဝက်၊ ရုပ်မြင်သံကြား

ရဲ့ ....၊ ပန်းကန်ဆေးစက် ...၊ ရေခဲသေတ္တာ ... တွေက တရုတ်မှာ လုပ်တာချည်းပဲ။ .... ခုနှစ်မှာ 'တိန့်ရှောက်ဖိန်'ရဲ့ တောင်ပိုင်းဒေသ ခရီးစဉ်ပြီးတာနဲ့ စီးပွားရေးတံခါးဖွင့်ဝါဒ စတော့တာပဲ။ အဲဒီအချိန်ကစပြီး တရုတ်ပြည်ကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စခဲ့တယ်။

အိန္ဒိယက လစ်ဘရယ်ဘောဂဗေဒပညာရှင်တွေက အစိုးရရဲ့ လုပ်နည်းလုပ်ဟန်ဟောင်းတွေကို ဝေဖန်လာတယ်။ နိုင်ငံရေးအကြောင်းပြချက်မျိုးစုံနဲ့ လိုင်စင်ချမပေးတဲ့ လုပ်ငန်းတွေကို ဖွင့်ခွင့်ပြန်တောင်းတယ်။ အသေးစားအလုပ်ရုံ ၈၀၀ ကို ပြန်ထူထောင်တယ်။ ကစားစရာ၊ အဝတ်အထည်၊ ပန်းကန်ခွက်ယောက်၊ ဖွန်း၊ ခက်ရင်း၊ ဓားနဲ့ အိမ်သုံးလျှပ်စစ်ပစ္စည်းစက်ရုံတွေပေါ့။ အဟန့်အတားဖြစ်စေတဲ့ အလုပ်သမားဥပဒေတွေကို ပြင်တယ်။ ၁၉၈၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့မှာ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီသာ အလုပ်ကြံမခံရရင် ဒီလောက်ဖြစ်ထွန်းလာမှာ မဟုတ်ဘူး။ သူ့သား ရာဂျစ်ဂန္ဒီ ဝန်ကြီးချုပ်နေရာ ဆက်ခံတော့ အသက် ၄၁ နှစ်ပဲရှိသေးတယ်။ သူက ဂျက်လေယာဉ်မောင်းတဲ့ လေယာဉ်မှူးပဲ။ အိန္ဒိယနိုင်ငံရေးထဲက လူတွေထက် သူက ကွန်ပျူတာသိပ္ပံအကြောင်း ပိုသိတယ်။ ကွန်ပျူတာက ကမ္ဘာကို ပြောင်းလဲနေတာ သူသိတယ်။ သူ့မိခင်လက်ထက်တုန်းက ကွန်ပျူတာတင်သွင်းမှုကို ပိတ်ထားခဲ့တယ်။ သူက ပြန်ဖွင့်ခဲ့တယ်။ သူတို့နိုင်ငံက အရင်က တံခါးပိတ်စီးပွားရေးလုပ်ခဲ့ကြတာ။ သူနဲ့ သူ့အကြံပေးတွေက ပြန်ဖွင့်ကြတယ်။ ၁၉၈၀ ခုနှစ်တွေက ဘာမှမသိကြသေးတဲ့ IT ကို ဝန်ကြီးချုပ်သစ်က စတင်မိတ်ဆက်ပေးခဲ့တယ်။ ပညာတတ် အိန္ဒိယလူငယ်တွေရဲ့ ကြိုးပမ်းမှုနဲ့ နေ့ချင်း ညချင်းတိုးတက်လာတာ နိုင်ငံရဲ့တစ်ခုတည်းသော အကြီးဆုံး နိုင်ငံခြားငွေရှာနိုင်တဲ့ လုပ်ငန်းကြီး ဖြစ်ပါတယ်။ ၁၉၉၀ က IT ပစ္စည်းရောင်းရငွေက ဘီလျံတစ်ဝက်ရခဲ့တာပါ။ ၂၀၀၈ ခုနှစ် မတ်လ ၃၁ ရက်ကျတော့ အဆ ၁၂၀ တိုးပြီး ၆၃ ဘီလျံထိ ရလာတယ်။ ၁၉၉၀ ခုနှစ်တွေမှာ ၅၀ က ၆၀ ရာခိုင်နှုန်းတိုးခဲ့တယ်။ လက်ရှိဆယ်စုနှစ်များမှာတော့ ၃၀ ကနေ ၄၀ ရာခိုင်နှုန်းတိုးနေဆဲပဲ။ အမေရိကက IT လုပ်ငန်း ၁၇ ရာခိုင်နှုန်းပဲတိုးတော့ အိန္ဒိယက အမေရိကာထက်နှစ်ဆပိုနေတယ်။

IT ထုတ်ကုန်တွေက ၁၉၉၀ မှာ ဒေါ်လာ ၁၅၀ သန်းကနေ ၂၀၀၈ မှာ ဒေါ်လာ ၄၀ ဘီလျံဖြစ်လာတယ်။ ပြည်သူအများစုလည်း အလုပ်တွေ ရခဲ့တယ်။ ၂၀၀၂ မတ်လမှာ IT ပညာရှင် ၅၂၂,၀၀၀ မွေးထုတ်ပေးခဲ့တယ်။ IT ပညာရှင်တွေထဲက ၇၆ ရာခိုင်နှုန်းက ဘွဲ့ရတွေပဲ။ အဲဒီထဲက ၆၂ ရာခိုင်နှုန်းက သာမန်ဘွဲ့၊ ကျန်တာတွေက မဟာဘွဲ့တွေ။

အိန္ဒိယပညာရေးကလည်း သိပ်တိုးတက်ပါတယ်။ နှစ် ၂၀ အတွင်း သာမန်ဘွဲ့ရ ၁ ဒသမ ၅သန်းနဲ့ အင်ဂျင်နီယာဘွဲ့ရ ၁၆၁,၀၀၀ ကို နှစ်စဉ် မွေးထုတ်ပေးနိုင်ခဲ့တယ်။

IT စက်ရုံတွေရဲ့ မူလပထမဇာတိမြေကတော့ 'ဘန်ဂလို'ပဲ။ 'ဒက်ကန့်ကုန်းပြင်မြင့်'ရဲ့ အလယ်ဗဟိုက ပေ ၅၀၀၀ အမြင့်မှာရှိတဲ့မြို့ဟာ ရာသီဥတုကောင်းတယ်။ နွေမှာ သိပ်မပူဘူး။ ဆောင်းမှာ အေးမြမြ။ ပတ်ဝန်းကျင်မှာက ဖုန်သိပ်မရှိဘူး။ ဒီမြို့မှာ နာမည်ကျော် အိန္ဒိယသိပ္ပံတက္ကသိုလ်နဲ့ အုပ်ချုပ်မှုပညာတက္ကသိုလ်လည်း ရှိတယ်။ အစိုးရစက်မှုတက္ကသိုလ် … ခု၊ ပုဂ္ဂလိက စက်မှုတက္ကသိုလ် ၉၃ ကျောင်းလည်း ရှိတယ်။

၂၀၀၅ ခုနှစ်မှာ ITနဲ့ ဆက်စပ်ပစ္စည်းထုတ်လုပ်တဲ့ ကုမ္ပဏီ ၁၂၅၀ ရှိလာတယ်။ ကမ္ဘာပေါ်က အကြီးဆုံးကုမ္ပဏီ ….. ထဲမှာ အိန္ဒိယ IT ကုမ္ပဏီ ၂၆၆ ခုလည်း အပါအဝင်ပဲ။

'တိန့်ရှောက်ဖိန်'က 'ကျောက်တုံးတွေ စမ်းနင်းပြီး မြစ်ကိုကူးရတယ်'လို့ ပြောခဲ့ဖူးတယ်။ တရုတ်ကွန်မြူနစ်ပါတီရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးပါဝါကို အလွဲသုံးစားသုံးမှုတွေကို သူက ပြုပြင်ခဲ့တယ်။ နိုင်ငံပိုင်စက်ရုံတွေကို ပုဂ္ဂလိကပိုင်လုပ်ငန်းတွေအဖြစ် စမ်းသပ်ရင်း ပြုပြင်ပြောင်းလဲခဲ့တယ်။ ဖြည်းဖြည်းချင်း တစ်လှမ်းပြီးတစ်လှမ်း စမ်းလုပ်တာပဲ။ အခုဆိုရင် တရုတ်ကွန်မြူနစ်ပါတီထဲကို အရင်းရှင်တွေက လွတ်လွတ်လပ်လပ် ဝင်လို့ရလာပြီ။ ထင်ရှားတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင် တော်တော်များများဟာ အမျိုးသားပြည်သူ့ကွန်ဂရက်အဖွဲ့ဝင်တွေ ဖြစ်လာကြပြီ။ ၂၀၀၂ နိုဝင်ဘာမှာ ကျင်းပတဲ့ ၁၆ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီရဲ့ အမျိုးသားကွန်ဂရက်မှာ သမ္မတကျန်ဇီမင်းက ခပ်ပြတ်ပြတ်ပြောခဲ့တယ်။

"ပုဂ္ဂလိကအခန်းကဏ္ဍဟာ တရုတ်ပြည်အနာဂတ်ရဲ့ အရေးကြီးတဲ့

အစိတ်အပိုင်းပဲ။ ပြည်သူနဲ့ နိုင်ငံအတွက် ကောင်းတာဖြစ်စေမယ့် အရာအားလုံးကို ကျွန်တော်တို့ ရှိသေရမယ်။ အကာအကွယ်ပေးရမယ်။ ပုဂ္ဂလိကပိုင်ဆိုင်မှုကို ကာကွယ်တဲ့ ဥပဒေစနစ်ကို ဖော်ဆောင်ရမယ်" လို့ ပြောတယ်။ ပါတီအနေနဲ့ ပစ္စည်းမယ့် လူတန်းစားကိုသာမက ပြည်သူအများစုရဲ့ စည်းစိမ်ဥစ္စာတွေကိုပါ ကာကွယ်စောင့်ရှောက်ပေးရမယ်လို့ ဆိုပါတယ်။

အိန္ဒိယမှာကျတော့ ၁၉၉၀ က လုပ်ခဲ့တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုရဲ့ အကျိုးဆက်ကို အခုခံစားနေရတာပါပဲ။ အိန္ဒိယမှာက အပြည့်အဝဈေးကွက်စီးပွားရေးစနစ်ကတည်းက ရှိခဲ့တယ်။ ဒါပေမယ့် ၁၉၅၁ က ၁၉၉၁ ကြား နှစ် ၄၀ လုံးလုံး စီးပွားရေးတိုးတက်မှုနှုန်းက နှေးကွေးခဲ့တယ်။ အိန္ဒိယက ကုန်ကြမ်းပစ္စည်းတွေလည်း သဘာဝသယံဇာတအနေနဲ့ ပေါကြွယ်ခဲ့တယ်။ ဆန်၊ ဂျုံ၊ ဝါဂွမ်း၊ ဆေးရွက်ကြီး၊ အဝတ်အထည်၊ ဟင်းခတ်အမွှေးအကြိုင်၊ မဲနယ်၊ ကျောက်သံပတ္တမြားစသဖြင့်။ …ခေတ်အိန္ဒိယဟာ ဒါတွေနဲ့ ချမ်းသာကြွယ်ဝခဲ့တာပဲ။ ၁၇ ရာစုနဲ့ ၁၈ ရာစုတွေမှာ ကြွယ်ဝတဲ့ကုန်သည်တွေ အများကြီးရှိခဲ့တယ်။ ၁၇၁၇ မှာ ဗြိတိသျှအင်ပါယာအောက်ရောက်ခဲ့တယ်။ ဒါပေမယ့် ရထားလမ်း မိုင်ပေါင်း ၄၅၀၀၀ အရှည်ဖောက်ပြီး နိုင်ငံအတွင်း ကုန်သွယ်မှုက အဆက်မပြတ်ခဲ့ဘူး။ ၁၉၄၆ မှာ စက်ရုံ ၂၉ ရုံကနေ အဝတ်အထည်၊ ဂုံလျှော်၊ သံမဏိ၊ သကြား၊ ဟင်းရွက်ဆီ၊ လက်ဖက်ခြောက်၊ စက္ကူ၊ ဆေးရွက်ကြီး၊ မီးခြစ်၊ စက်ဘီး၊ ဘတ်သီးစသဖြင့် ထုတ်လုပ်နိုင်ခဲ့တယ်။ စက်ရုံအများစုက ပုဂ္ဂလိကပိုင်ပဲ။ ဒါပေမယ့် နိုင်ငံရေးမတည်ငြိမ်လို့ နှစ် ၄၀ လုံး ခေတ်နောက်ကျပြီး ဆင်းရဲခဲ့ရတယ်။

အများစုဝေဖန်ကြတာကတော့ ပထမဆုံးဝန်ကြီးချုပ် 'နေရူး'ဖော်ဆောင်တဲ့ ဆိုဗီယက်ပုံစံ ဗဟိုစီမံချက်အရပဲ။ နိုင်ငံပိုင်စက်ရုံတွေကို အားပေးပြီး ပုဂ္ဂလိကအခန်းကဏ္ဍကို မှေးမှိန်အောင်လုပ်ခဲ့လို့ပဲ။ စီးပွားရေးပေါ်လစီတစ်ခုခုလုပ်မယ်ကြံတိုင်း နိုင်ငံရေးပါတီအချင်းချင်း သဘောထားကွဲလွဲကြ၊ ငြင်းခုန်ကြနဲ့ အလုပ်က မဖြစ်ခဲ့ဘူး။

လယ်သမားတွေဆိုရင်လည်း သူတို့ငွေပေါ်ဖို့သာကြည့်ပြီး စီမံကိန်းသီးနှံတွေ မစိုက်ချင်ကြဘူး။ တစ်ခါတစ်လေကျပြန်တော့လည်း အစိုးရက

အတင်းစိုက်ခိုင်းတာတွေ စိုက်ရင်း လယ်သမားတွေ အကျိုးပျက်စီးတာမျိုး လည်း ရှိတတ်တာပဲ။ ၁၉၆၂ နဲ့ ၁၉၆၅ တို့မှာ တရုတ်နဲ့ ပါကစ္စတန်တို့နဲ့ စစ်ဖြစ်ခဲ့ရတယ်။ ၁၉၆၅ နဲ့ ၁၉၆၆ ကျတော့ မိုးခေါင်တယ်။ ဒီအခါ စီးပွားရေး ဒရဟောကျသွားတယ်။ နိုင်ငံခြားငွေ ကုန်သွားတယ်။ စစ်စရိတ် တွေ ကုန်တာက တစ်မျိုး၊ မိုးခေါင်လို့ သီးနှံမထွက်တာတစ်မျိုးတို့ကြောင့် စီးပွားရေးကပ်ဆိုက်တာ ဖြစ်တယ်။ ဒါတွေအပြင် အစိုးရရဲ့ အကျိုးမရှိတဲ့ အသုံးစရိတ်တွေကလည်း ဝင်ထောင်းသေးရဲ့။ ထုံးစံအတိုင်း အခွန်အကောက် တွေ တိုးကောက်တော့ ပိုပြဿနာရှုပ်ကုန်တာပေါ့။

၁၉၆၀ ပြည့်နှစ်များမှာ ဘောဂဗေဒပညာရှင်တွေသာမက အစိုးရ အဖွဲ့ထဲက စီမံကိန်းရေးဆွဲသူတွေပါ အစိုးရရဲ့ ပေါ်လစီတွေ မှားနေပြီဆိုတာ ထောက်ပြကြတယ်။ နောက်ပိုင်းမှာ ကွန်ဂရက်ပါတီ နှစ်ခြမ်းကွဲသွားတယ်။ ၁၈ လလုံးလုံး အိန္ဒိယကွန်မြူနစ်ပါတီ အကူအညီနဲ့ အင်ဒီရာဂန္ဒီက အုပ်ချုပ် ခဲ့တယ်။ အဲဒီမှာတင် စက်မှုလုပ်ငန်းအကြီးစားတွေနဲ့ ကွန်ဂရက်ပါတီတို့ရဲ့ ဆက်သွယ်မှုက လုံးဝပြတ်တောက်သွားတာပဲ။ အင်ဒီရာဂန္ဒီက ပုဂ္ဂလိကပိုင် ကျောက်မီးသွေးစက်ရုံ၊ ဆီသန့်စက်ရုံတွေကို ပြည်သူပိုင်သိမ်းတယ်။ ပုဂ္ဂလိကဘဏ် ၈၆ ရာခိုင်နှုန်း၊ အထည်စက်ရုံ ၂၉ ရုံတို့က အရှုံးကြီးရှုံး ကြတယ်။ ဒီလိုနဲ့ စီးပွားရေးလောကမှာ ရှုပ်ထွေးကုန်တယ်။ ဥပမာ- စီးပွားရေးဘဏ်ခွဲတွေ ကျေးလက်နဲ့ မြို့ငယ်တွေမှာ ထောင်ချီဖွင့်ကြ၊ ပြဿနာတွေတက်ကြ။ ထုတ်ပြန်ခဲ့တဲ့ ဥပဒေတွေကလည်း ကမောက်ကမ တွေချည်းပဲ။ ၁၉၅၇ နဲ့ ၁၉၆၀ ကြားက တိုးတက်နှုန်း ၃ ဒသမ ၄၃ ရာခိုင်နှုန်းဟာ ၁၉၆၆ နဲ့ ၁၉၇၅ ကြားမှာ ၃ ဒသမ ၁၅ ရာခိုင်နှုန်းထိ ကျသွားတယ်။ ဒါကို ပြန်ကျားကန်ဖို့ လုပ်ငန်းလိုင်စင်တွေ အစိုးရက ပြန်ချပေးတယ်။ ဒါပေမယ့် လေးနှစ်အတွင်း လက်တစ်ဆုပ်စာလောက်ပဲ အကျိုးအမြတ်ရခဲ့တယ်။

၁၉၉၁ မှာ အီရတ်က ကူဝိတ်ကို ကျူးကျော်သိမ်းပိုက်တဲ့အချိန်မှာ နဂိုက ယဲ့ယဲ့ပဲရှိတော့တဲ့ အိန္ဒိယက လူမွဲစာရင်းဝင်လှဆဲဆဲ ဖြစ်သွားတယ်။ ရေနံစိမ်းဈေးက တစ်စည်ကို ၁၈ ဒေါ်လာကနေ ၃၁ ဒေါ်လာအထိ တက် သွားတာကိုး။ ကူဝိတ်နဲ့ အီရတ်မှာ သွားအလုပ်လုပ်နေကြတဲ့ အိန္ဒိယအလုပ်

သမား ၂၀၀၀၀၀ ကလည်း ပြည်တော်ပြန်လာကြပြီး သူတို့ဆီက နှစ်စဉ် ရနေတဲ့ ဒေါ်လာ ၄ ဒသမ ၂ ဘီလျံ မရတော့ဘူးပေါ့။ နိုင်ငံတကာဘဏ်တွေက အိန္ဒိယကို နှစ်တိုချေးတာတွေ ဆက်မပေးတော့ဘူး။

စီးပွားရေးရာ အထူးကိုယ်စားလှယ် 'မွန်တက်ဆင်း'က ရာဂျစ်ဂန္ဒီဆီကို စီးပွားရေးပြုပြင်ရေး စီမံချက်တင်တယ်။ နောက်ထပ် ၆ လက ၈ လကြာရင် ကျင်းပမယ့် ရွေးကောက်ပွဲနောက်ပိုင်းထိ သူက အချိန်ဆွဲပစ်လိုက်တယ်။ ရွေးကောက်ပွဲ ..... ဘူး။ 'ဗီပီဆင်'တက်လာတယ်။ 'မွန်တက်ဆင်'က စီမံချက်ထပ်တင်တယ်။ ဒါပေမယ့် 'ဗီပီဆင်'က ပယ်ချခဲ့တယ်။ နောက်လူ 'ချန္ဒရာရှက်ကယ်'တက်လာတယ်။ သူ့ရဲ့ နောက်ခံပါတီကလည်း အင်အားမရှိဘူး။ နောက်ထပ် လေးလ အိမ်စောင့် အစိုးရအုပ်ချုပ်ခဲ့တယ်။ နောက်လမှာ ရာဂျစ်ဂန္ဒီလည်း အလုပ်ကြံခံရပြန်တယ်။

စီးပွားရေးအကြပ်အတည်းက ပိုနက်ရှိုင်းလာတယ်။ ငွေကြေးဖောင်းပွမှု ၁၃ ရာခိုင်နှုန်းထိ တက်လာတယ်။ နိုင်ငံခြားအရံငွေက ၁ ဒသမ ၁ ဘီလျံပဲ ကျန်တော့တယ်။

၁၉၉၁ ဇွန်လမှာ ကွန်ဂရက်ပါတီ ပြန်အနိုင်ရလာပြီး ဝန်ကြီးချုပ်က 'နာရာဆင်ယာရောင်း' ဖြစ်ပါတယ်။ အစိုးရ အသုံးစရိတ်လျှော့ချပြီး နိုင်ငံရဲ့ စီးပွားရေးကို ပြန်မတ်ဖို့လုပ်တယ်။ အဟန့်အတားဖြစ်စေတဲ့ ဥပဒေတွေကို ပြင်တယ်။ ကျောက်တုံးတွေ စမ်းနင်းပြီး ဂင်္ဂါကို ကူးတဲ့ ပုံစံမျိုး စလုပ်နေပြီ။

ဂျပန်နိုင်ငံက 'ဆူဇူကီး'ကုမ္ပဏီနဲ့ ၁၉၉၇ မှာ အိန္ဒိယတို့ပေါင်းပြီး 'မာရူတီ'ကား စထုတ်တယ်။ အိန္ဒိယ ဝါရင့်စက်မှုလုပ်ငန်းရှင်တွေကလည်း 'တာတာ' ကားထုတ်တယ်။ ထုတ်လုပ်ရေးက ဘန်ဂလိုမှာ။ နိုင်ငံတကာလေဆိပ်ကို စင်ကာပူလေကြောင်းနဲ့ ...... ပေါင်းပြီး လေကြောင်းကုမ္ပဏီထောင်တယ်။ ဒါက နိုင်ငံခြားနဲ့ စီးပွားရေးလမ်းစဖွင့်တာတွေပဲ။

၁၉၉၂ မှာ ဆူဇူကီး ၈၀၀ က အိန္ဒိယမှာ မာရူတီ ၈၀၀ အနေနဲ့ ကား စဖြစ်ပါတယ်။ အိန္ဒိယစီးပွားရေးပြုပြင်ပြောင်းလဲမှု အစိတ်အပိုင်းအစတစ်စစီဟာ ၂၀၀၃ ခုနှစ်ကျမှ ပေါင်းစပ်မိပြီး အကောင်အထည်ပေါ်လာတယ်။ ၂၀၀၃ က ၂၀၀၈ ကြားမှာ ဂျီဒီပီတိုးနှုန်းက ၈ ဒသမ ၉ ထိတက်လာတယ်။ ပြည်သူတွေ အလုပ်အကိုင်ရနှုန်းလည်း သိပ်ပြီးကို တိုးလာတယ်။ ၁၉၉၃ က ၂၀၀၀ ကြားမှာ ၂၂ ရာခိုင်နှုန်းထိ တိုးလာတယ်။

အရင်ဘဏ္ဍာရေးဝန်ကြီး 'မန်မိုဟန်ဆင်း' ၂၀၀၄ မှာ ဝန်ကြီးချုပ် ဖြစ်လာတဲ့ အချိန်ကျတော့ ရှယ်ယာဈေးကွက်တွေ ဆက်ဖွင့်ပေးခဲ့တယ်။ ၂၀၀၇ ခုနှစ်မှာ အိန္ဒိယရှယ်ယာဈေးကွက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ၂၀ ဒသမ ၈ ဘီလျံထိ ရှိလာတယ်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံသူတွေက အိန္ဒိယပြည်သူတွေကို သူတို့ရဲ့ ရှယ်ယာတွေ ရောင်းခွင့်ပြုလိုက်တယ်။ ဒါကြောင့် အိန္ဒိယပြည်သူတွေလည်း အကျိုးအမြတ်တွေ အများကြီး ခံစားကြရတာပေါ့။

○

အိန္ဒိယနဲ့ တရုတ်တို့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာတဲ့နေရာမှာ တူညီတဲ့အချက်တချို့ရှိပါတယ်။

၁။ နှစ်နိုင်ငံစလုံးဟာ အပြောင်းအလဲ ပထမခြေလှမ်းကို နှောင့်နှေးတဲ့ဆိုင်းခြင်းကြီးစွာနဲ့ လုပ်ခဲ့ကြပါတယ်။ တစ်ခါတည်း ဒရောသောပါး မပြောင်းကြပါဘူး။ တရုတ်ဆိုရင် ဆယ်နှစ်အချိန်ယူခဲ့တယ်။ တိန့်ရှောက်ဖိန်ရဲ့အောက်မှာ ကွန်မြူနစ်ပါတီကသေသေချာချာ စီမံချက်ချလုပ်ခဲ့တာ ဖြစ်ပါတယ်။ အိန္ဒိယကလည်း ပြည်တွင်းငွေကြေးဖောင်းပွမှုရယ်၊ ၁၉၈၀-၈၁ က နိုင်ငံခြားငွေလဲလှယ်မှု အကြပ်အတည်းရယ်က တွန်းပို့လို့ ပြုပြင်ပြောင်းလဲမှု လုပ်ခဲ့တာပါ။ ခြေလုံလက်လုံဖြစ်အောင် ခိုးကြောင်ခိုးဝှက်ပြောင်းခဲ့ရတာပါ။ အစိုးရအဆက်ဆက်က လွတ်လပ်တဲ့ဈေးကွက်အခြေကျအောင် တဖြည်းဖြည်း ဖြန့်ကျက်ပြီး အရင်က ပေါ်လစီကို နည်းနည်းစီ ချဲ့ထွင်ပြောင်းလဲခဲ့တာပါ။

၂။ နှစ်နိုင်ငံလုံးဟာ အတိတ်နဲ့ အနာဂတ်ကို စေ့စပ်ညှိနှိုင်းပြီးမှ သူတို့ရဲ့ ကြိုးပမ်းမှုတွေကို လုပ်တာပါ။ ပြီးတော့မှ ဈေးကွက်တိုက်ရိုက်တိုးတက်မှုကို ၁၉၉၀ ပြည့်နှစ်များမှာ လုပ်တာဖြစ်ပါတယ်။ တိန့်ရှောက်ဖိန်က ဒါကိုလုပ်တော့မယ်ဆိုတာ ၁၉၉၂ မှာ တောင်ပိုင်းဒေသတွင် ခရီးလှည့်လည်ရင်း စအကောင်အထည်ဖော်ခဲ့ပါတယ်။ 'နာရာဆင်ဟာရောင်း' ကတော့ ဒီထက် တစ်နှစ်စောပါတယ်။ ၁၉၉၁ ခုနှစ်ကပါ။

ရွေးကောက်ပွဲပြီးလို့ အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီကို ပြန်အသက်သွင်းပြီးချိန်မှာပေါ့။

၃။ နှစ်နိုင်ငံလုံးဟာ စီးပွားရေးအကြပ်အတည်းကို ၁၉၉၇ က ၂၀၀၂ အတွင်း ခံခဲ့ကြရပါတယ်။

၄။ ၂၀၀၂ ခုနှစ်နောက်ပိုင်းမှာ အချိန်ပိုင်းလောက် ဗျာများပြီး ကမောက်ကမဖြစ်တာ နှစ်နိုင်ငံလုံး ခံစားခဲ့ရပါသေးတယ်။

၅။ နှစ်နိုင်ငံလုံး ၂၀၀၇ ခုနှစ်မှာ ကြီးထွားမှု နည်းပါးလျော့နည်းခဲ့ပါတယ်။ ၂၀၀၈ အလှည့်အပြောင်းကျတော့ ပြန်ကမောက်ကမဖြစ်ပြန်တယ်။ နှစ်နိုင်ငံစလုံးက ဒါဟာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကြပ်အတည်းရဲ့ ဂယက်ကြောင့်လို့ အပြစ်ပုံချပါတယ်။ ဒါပေမယ့် နှစ်နိုင်ငံစလုံးမှာ စီးပွားရေးကပ်မဆိုက်ခင် တစ်နှစ်၊ နှစ်နှစ်လောက်ကတည်းက စက်ပစ္စည်းတွေ၊ မြေယာဈေးကွက်တွေ နည်းနည်းပျက်နေပါပြီ။ ဒီတူညီမှုတွေကြောင့် နှစ်နိုင်ငံစလုံးရဲ့ နိုင်ငံရေးအဝန်းအဝိုင်းတွေမှာ ထိခိုက်မှုတွေလည်း အတော်သက်ရောက်ခဲ့ပါတယ်။

၆။ နှစ်နိုင်ငံစလုံးမှာ စက်မှုလုပ်ငန်းနဲ့ စီးပွားရေးတိုးတက်မှုတွေကို ခြေလှမ်းကျဲကျဲနဲ့ အလျင်အမြန် ကြိုးပမ်းခဲ့ကြတဲ့ အသီးအပွင့်အနေနဲ့ မြင့်မားတဲ့ (အမြတ်ကြီးစား)အစိုးရကိုလည်း ရခဲ့ပါတယ်။ တရုတ်စီးပွားရေးက ဗဟိုစီမံချက်ချခြင်းနဲ့ ဈေးကွက်စနစ်ကို မှန်မှန်ကန်ကန် ရောစပ်ထားမှုကြောင့် အလျင်အမြန်တိုးတက်လာ။ စက်မှုထုတ်လုပ်ရေးလုပ်ငန်းရဲ့ သုံးပုံနှစ်ပုံကို အစိုးရဆီကနေ ဈေးကွက်ကို ပြောင်းပေး၊ ဒါပေမယ့် ဗဟိုအစိုးရက နိုင်ငံတော်ကြီးကြပ်မှုနဲ့ အုပ်ချုပ်ရေးကော်မရှင်ကတစ်ဆင့် နိုင်ငံရဲ့ အကြီးမားဆုံးကုန်ထုတ်လုပ်ငန်းတွေ ပိုင်ဆိုင်၊ စွမ်းအင်-အကြီးစားစက်မှုလုပ်ငန်း-သယ်ယူပို့ဆောင်ရေး-ဆက်သွယ်ရေး-ကာကွယ်ရေးပစ္စည်းစက်ရုံ။ နိုင်ငံရဲ့ ဘဏ်တွေထဲက အကြီးဆုံးဘဏ် ၅ ခုကလည်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထိန်းချုပ်ပိုင်ဆိုင်၊ နိုင်ငံခြားငွေ လဲလှယ်မှုကိုလည်း ချုပ်ကိုင်ထား။

လွန်ခဲ့တဲ့နှစ်တွေကဆိုရင် ဗဟိုအစိုးရက နိုင်ငံတော်ရဲ့ အကြီးမားဆုံး ဆက်သွယ်ရေးလုပ်ငန်း (မိုဘိုင်းဖုန်း သန်း ၅၅၀ သုံးစွဲ)ကို ချုပ်ကိုင်၊ အခုတော့ ဗဟိုအစိုးရကနေ ပုဂ္ဂလိက ၄ ခုကို လွှဲပေး (China Telecom/ China Netcom) တွေကို ကြိုးဖုန်း (China Mobile)နဲ့ China Unicom ကို မိုဘိုင်းဖုန်းချပေး။ ၂၀၀၈ ကျတော့ China Mobile က ဈေးကွက်ကို လွှမ်းမိုး။ ဘဏ်တွေကိုလည်း ရှယ်ယာဝင်အနည်းစုက ထည့်တယ်။ ဘုတ်အဖွဲ့ကိုတော့ အစိုးရခန့်ပုဂ္ဂိုလ်တွေက ဆောင်ရွက်။ ပါတီကော်မတီဝင်တွေလည်းပါ။

ပိုင်ဆိုင်မှုက ပုဂ္ဂလိကနဲ့ နိုင်ငံတော်။ ဒါကြောင့် တချို့က 'တရုတ်ကွန်မြူနစ်ပါတီ'ကို 'တရုတ်ဖူူရှိကရက်အရင်းရှင်ပါတီ'လို့ နာမည်ပြောင်းသင့်တယ်ပြော။

**"ပိုက်ဆံရှိတဲ့သူတွေက ပိုက်ဆံနဲ့ အာဏာကို ဝယ်ယူဖို့ ဆန္ဒရှိကြသလို အာဏာရှိသူတွေကလည်း အာဏာကို ရောင်းပြီး ပိုက်ဆံရှာဖို့ ဝန်မလေးကြဘူး"**

ဥပမာ- အရှေ့မြောက်ပြည်နယ်က လူတချို့က အစိုးရအရာရှိခပ်ကြီးကြီးရာထူးရဖို့အတွက် ပိုက်ဆံပေးပြီးရယူ၊ အစိုးရအရာရှိကြီးဖြစ်ရင်လည်း ပိုက်ဆံရှာဖို့လွယ်တယ်ဆိုတာ သိလာကြ။

ပြုပြင်ပြောင်းလဲမှုတွေ ဆက်လုပ်ရဦးမယ်။ Transparency/ Accountability တာဝန်ယူ/ခံမှု၊ Property Rights / Legal Recourse ။

ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွေနဲ့ အရာရှိတွေ ဆက်ဆံရေးက ဒေါင်လိုက်ဖြစ်။

လွတ်လပ်သော တရားစီရင်မှုမရှိ၊ သတင်းစာလွတ်လပ်ခွင့်မရှိ၊ တာဝန်ယူမှုအားနည်း၊ လာဘ်ပေးလာဘ်ယူ၊ နိုင်ငံရေးအာဏာအလွဲသုံးစားပြုမှုတွေ ထိန်းစရာလို။ ဒါကြောင့် ၂၀၀၆-၁၀ ဧက ဒသမစီမံချက်မှာ မတရားမှု၊ မသမာမှု၊ လျော့ပါး၊ ဆောက်လုပ်ရေးက ဦးစားပေးအစီအစဉ်။ ပြည်သူအများစုရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေကို ငွေပိုသုံးခဲ့၊ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ။

○

နောက်ဆက်တွဲ (စ)

## ၂၀၃၀ ကမ္ဘာ့စီးပွားရေးနှင့် အာရှပါဝါသစ်များ

'ရှောင်ရှားလို့မရနိုင်တဲ့ ကိစ္စဆိုရင် ကြိုဆိုသာ ကြိုဆိုလိုက်ပါ'

**(တရုတ်စကားပုံ)**

နောင်နှစ် ၂၀ မှာဆိုရင် ကမ္ဘာ့စီးပွားရေးကို အာရှက လွှမ်းမိုးသွားမှာ သေချာတယ်။ ၂၀၃၀ မှာ တရုတ်နဲ့ အိန္ဒိယ စီးပွားရေး နှစ်ရပ်ပေါင်းက အမေရိကန်စီးပွားရေးရဲ့ နှစ်ဆဖြစ်မယ်။ တရုတ်ကဆိုရင် ၂၀၂၀ မှာ အမေရိကကို ကျော်မယ်လို့ ခန့်မှန်းသူတွေတောင်ရှိ။ တချို့က ၂၀၃၅ လို့ပြော။ အိန္ဒိယက ၂၀၄၀ မှာ ဖြစ်လိမ့်မယ်။

သူတို့နှစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုဟာ ကမ္ဘာ့ပုံစံကို ပုံစံသစ်ပြောင်းလိမ့်မယ်။

အခုဆိုရင် တရုတ်ဟာ ကမ္ဘာ့အကြီးဆုံးမြီရှင် (Creditor) ဖြစ်ပြီး အမေရိကန်က ကမ္ဘာ့အကြီးဆုံးမြီစား (Debtor)၊ ၂၀၀၉ မှာ ကမ္ဘာ့စီးပွားရေးက ကျုံ့သွားပြီး တရုတ်နဲ့ အိန္ဒိယစီးပွားရေးကတော့ ကြီးထွားစွာဆက်လက်ဖြစ်ပွား။ သူတို့ နှစ်နိုင်ငံကတော့ ကမ္ဘာ့အကြပ်အတည်းကို တခြားနိုင်ငံတွေထက် ပိုခံနိုင်ရည်ရှိ။ အိမ်သုံးပစ္စည်းတွေနဲ့ စီးပွားရေးတွေက ကြံ့ကြံ့ခိုင်။ အစိုးရတွေက စီမံချက်ရှိရှိနဲ့ ကိုင်တွယ်၊ ဒါတောင်မှ တရုတ်မှာ ၂၀၀၈ နှောင်းနဲ့ ၂၀၀၉ ဦးပိုင်းမှ ထုတ်လုပ်မှုလုပ်အား ၇ သန်းက ၈ သန်း၊ ဒါနဲ့ ဆက်စပ်တဲ့ လုပ်ငန်းက ၂ သန်းကနေ ၃ သန်း

အလုပ်ပြုတ်၊ ဆောက်လုပ်ရေးလုပ်သား ၅ သန်းက ၁၀ သန်း အလုပ်ထိခိုက်။

အိန္ဒိယက ဒီလောက် အထိမနာ၊ ပြည်ပနဲ့ စီးပွားရေးအခြေအနေမကောင်းတဲ့အခါ သူတို့က ပြည်တွင်းဈေးကွက်ကို ပိုအားပေးဆောင်ရွက်။ အိန္ဒိယကရော၊ တရုတ်က ကြီးမားတဲ့ ပြည်တွင်းပေါ်လစီချမှတ်ပြီး ကမ္ဘာ့အကျပ်အတည်းကို တုံ့ပြန်ခဲ့။ တရုတ်က အမေရိကန်ဒေါ်လာ ၅၈၆ ဘီလျံကို အတိုးနဲ့ ပြည်နယ်အစိုးရတွေကို ချပေးပြီး စီးပွားရေးဘဏ်ချေးငွေစနစ်ကို စခဲ့။ အိန္ဒိယဗဟိုအစိုးရကလည်း အမေရိကန်ဒေါ်လာ ၄၀ ဘီလျံထုတ်ပြီးသုံး။ တရုတ်အစိုးရက ဥပဒေတွေပြဋ္ဌာန်းပြီး လူမှုရေးအာမခံနဲ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပြုပြင်။ ပြောင်းလဲမှုတွေကို အမျိုးသားပြည်သူ့ကွန်ဂရက် (မတ် ၂၀၀၉) မှာလုပ်ပြီး ဒေါ်လာဘီလျံ ၁၀၀ သုံးစွဲအကောင်အထည်ဖော်။

၂၀၃၀ မှာ တရုတ်ရဲ့ ကြီးထွားနှုန်းက နှေးလာ။ အိန္ဒိယက အရှိန်ပိုရ။ အိန္ဒိယက နောင်အနှစ် ၂၀ ဆို အရှိန်ပိုရ။ အကြောင်းက သူ့ရဲ့လူလုပ်အားက ဆက်လက်တိုးမြှင့်လာလို့။

၂၀၁၂ မှာ သမ္မတဟူဂျင်းတောင်နဲ့ ဝန်ကြီးချုပ် ဝမ်းကျားပိုတို့က ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီက လူသစ်နှစ်ယောက်ဖြစ်တဲ့ 'ရှီကျင့်ဖိန်' (ရှန်ဟဲ)နဲ့ 'လီကီးကျန်' (လီယွန်နန်းပြည်နယ်)ကို လွှဲပေးလိမ့်မယ်။ သူတို့က ၂၀၂၀ အထိ အုပ်ချုပ်ကြမယ်။ သူတို့နှစ်ယောက်လုံးက ယဉ်ကျေးမှုတော်လှန်ရေးကာလတုန်းက ကျေးလက်ကို အပို့ခံရတဲ့သူတွေ။ ပြုပြင်ရေးကာလမှာ ရင့်ကျက်လာ။ သူတို့ရဲ့ ပါတီ၊ ဒေသခံ၊ စီးပွားရေးနောက်ခံတွေက မတူဘူး။ Xi က အလျင်အမြန်ကြီးပွားနေတာကို ဆက်ပြီး ထောက်ခံချင်၊ စီးပွားရေးလွတ်လပ်ခွင့်ပိုရအောင်လုပ်၊ ပုဂ္ဂလိက အခန်းကဏ္ဍကို အားကိုးတယ်။ လူတန်းစားညီမှုနဲ့ လူမှုရေးလုံခြုံမှုတွေကို ပိုအာရုံထား။ တရုတ်ဟာ ပြန်လည်ဟန်ချက်ညီရေး မဟာဗျူဟာကျင့်သုံးလာ။

၂၀၃၀ မှာ တရုတ်ပြည်သူတွေဟာ ဝင်ငွေတိုးလာ၊ ပိုမိုကြီးပွားတဲ့စီးပွားရေးလုံခြုံမှုတွေရလာ။ ဒီအခါ သူတို့ရဲ့ အခွန်အခတွေ ဘယ်လိုသုံးကြမလဲ။ သူတို့ကို ဘယ်လိုအုပ်ချုပ်မလဲဆိုတာကို စောဒကတက်လာမယ်။

တောင်ကိုရီးယားနဲ့ တရုတ် (တိုင်ပေ)တွေမှာ နိုင်ငံရေးလွတ်လပ်ခွင့်ပိုရ၊ စင်ကာပူကျတော့ **တစ်ပါတီဒီမိုကရေစီ** နဲ့ အုပ်ချုပ်တာ အတွေ့အကြုံရင့်လာ။ သတင်းစာကိုလည်း ချုပ်ကိုင်တယ်၊ လူမှုရေးအဖွဲ့အစည်းတွေကိုလည်း ချုပ်ကိုင်ထားတာ စိတ်ဝင်စားစရာကောင်းတယ်။ တရုတ်နိုင်ငံရေးမှာလည်း ပါတီတွင် အငြင်းအခုန်တွေ များလာမယ်။

လက်ရှိ တရုတ်ခေါင်းဆောင်တွေက ပြည်သူ့သဘောထားတွေကို နားထောင်၊ အီလစ်တွေကြားမှာတော့ တိုးတိုးတိတ်တိတ် ဆွေးနွေးပြီး၊ ဖြစ်နိုင်စရာ အပြောင်းအလဲတွေကို မျှော်မှန်း။ တရုတ်နိုင်ငံရေးက အာဏာရှင်နည်းနည်းဆန်နေဦးမယ်။ ဒါပေမယ့် အမြင်ကျယ်ကျယ်ပြန့်ပြန့်ကို ပိုလက်ခံပြီး အသံတွေ မျိုးစုံနားထောင်။

တရုတ်လူဦးရေက ပိုမြို့ပြဆန်လာကြမယ်၊ (လူဦးရေရဲ့ ၆၀ နဲ့ ၇၀ ရာခိုင်နှုန်း)ဖြစ်တဲ့ ပြည်သူတစ်ဘီလျံက ကမ်းရိုးတန်းနဲ့ မြို့ငယ်တွေကနေ မြို့ကြီးတွေကို ရုတ်တရက်ပြောင်းနေ၊ တရုတ်မှာ လူတစ်သန်းစီနေတဲ့ မြို့ကြီး ၂၀၀ ကျော်ရှိတယ်။ ၂၀၂၀ မှာ လူတစ်ဦးချင်းဝင်ငွေက **US 13,000** ရမယ်။ လူလတ်တန်းစားတွေ တိုးပွားလာမယ်။ တစ်ချိန်တည်းမှာပဲ ၂၀၃၀ မှာ လုပ်အားက လျော့လာမယ်။ လုပ်အား ၁၅ နှစ်က ၂၄ နှစ်အရွယ်တွေက (၁၇၈ သန်း)ပဲရှိမယ်။ အခု ၂၀၁၀ မှာ (၂၂၉ သန်း) ၃၀ ရာခိုင်နှုန်း လျော့လာမယ်။

အိန္ဒိယမှာ နောင် နှစ် ၂၀ အတွင်း အထွေထွေရွေးကောက်ပွဲ ၄ ကြိမ်၊ ညွန့်ပေါင်းအစိုးရပဲ ဖြစ်ဖို့များ၊ မဲဆန္ဒရှင် လူငယ်အများစုက နိုင်ငံရေးသမားတွေရွေး။

၂၀၃၀ မှာ အိန္ဒိယဝင်ငွေက ၂၀၁၀ ထက်များလာ။ ဒါပေမယ့် တရုတ်ထက်တော့ နည်းသေး။ မြို့ပြနေ လူဦးရေ .... ရာခိုင်နှုန်းရှိလာမယ်။ ၆၀ ရာခိုင်နှုန်းကတော့ လယ်ယာလုပ်၊ ကျေးလက်နေ။ ၂၀၃၀ မှာ လုပ်အားရှင် ၁ ဘီလျံရှိ။ ဝင်ငွေကောင်း၍ စာမတတ်မြောက်မှုနှုန်း နည်းလာ။ NGO တွေကလည်း အခြေခံပညာရေးအဆင့်ကို တိုးပေး။ ၂၀၀၃ ခုနှစ်မှာ မိုဘိုင်းသုံးသူ သန်း ၁၀၀၊ ၂၀၀၆ မှာ ၇၅၀ သန်း။

တရုတ်နဲ့ အိန္ဒိယဟာ သမိုင်းကို ဝေမျှခံစားကြ။ ခုတော့ ဒါတွေ

မေ့ကုန်ပြီ။ အရင်က နှစ်ဦးသဘောတူ သင်ယူကြ၊ ဖလှယ်ကြ၊ အနောက်မြောက်က တူရကီနဲ့ အာဖဂန် ကျူးကျော်သူတွေ ဝင်လာတဲ့ နှစ် ၁၀၀၀ ကျော်ကတည်းက ပျက်၊ ၂၀ ရာစုမှာ နှစ်နိုင်ငံက တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မယုံကြ။ ၁၉၆၂ က နယ်စပ်တိုက်ပွဲတွေဖြစ်၊ စစ်အေးကာလဆုံးမှ နှစ်နိုင်ငံ ဆက်ဆံရေး ပြန်နွေးထွေးလာ၊ ၁၉၈၈ မှာ ရာဂျစ်ဂန္ဓီ တက်လာ။ (ဆိုဗီယက်နဲ့ အိန္ဒိယဆက်ဆံရေး မကောင်းစပြုချိန်) ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၆ မှာ သမ္မတ ကျန်ဇီမင်း အိန္ဒိယလာ (ပထမဆုံး တရုတ်ခေါင်းဆောင်) ၂၀၀၃ မှ ဝန်ကြီးချုပ် 'ဗက်ချ်ပါယီး' ပေကျင်းလာ။ ဝမ်ကျားပေါင် နယူးဒေလီသွား။

တရုတ်က အိန္ဒိယကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင်ဖြစ်ရေးကို ထောက်ခံ၊ အရှေ့အာရှထိပ်သီးညီလာခံကို ပစိဖိတ်-ဥရောပ-အရှေ့ညီလာခံတို့မှာ ထောက်ခံခဲ့။ အဲဒါကြောင့် ဒေသတွင်းမှာ ပြိုင်ဘက်အဆင့်အဖြစ် မြှင့်တင်ပေး။ တရုတ်ရဲ့ နျူကလီးယားလက်နက်နဲ့ ပါကစ္စတန်အပေါ် ထောက်ခံမှုတွေအတွက်တော့ အိန္ဒိယက စိုးရိမ်မကင်း ရှိနေ။ တရုတ်က ပါကစ္စတန်ရဲ့ မဟာဗျူဟာ အစီအစဉ်တွေကို ထောက်ပံ့မှုကြောင့် တရုတ်နဲ့ အမေရိကန် ကြိမ်ဖန်များစွာ ထိပ်တိုက်ရင်ဆိုင်၊ ဒါဟာ တရုတ်နဲ့ အိန္ဒိယတို့ကြားက ဆက်ဆံရေးအတွက် အဓိက အတားအဆီး ဖြစ်တယ်လို့ ဆိုကြ၊ မုန်တိုင်းသတ်ဖြတ်မှုကြောင့် ပါကစ္စတန်နဲ့ အိန္ဒိယ ပြန်တင်းမာ၊ **အစ္စလာမ်အစွန်းရောက်တွေက ကက်ရှ်မီးယား၊ ဒေလီနဲ့ စစ်ကျွန်တွေမှာ ရှိနေတာ။ အစိုးရနှစ်ခုလုံး သတိထား။ ဒါကြောင့် နှစ်နိုင်ငံ ပူးပေါင်းထောက်လှမ်းရေးဖွဲ့ သတင်းမျှဝေမှုများဖြစ်။**

၂၀ ရာစုမှာတုန်းက တရုတ်ရော၊ အိန္ဒိယကပါ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အနေနဲ့ ဖြတ်သန်းလာခဲ့ကြပါတယ်။ ၂၁ ရာစုမှာတော့ ဒီနှစ်နိုင်ငံလုံးက ဖွံ့ဖြိုးပြီးနိုင်ငံတွေ ဖြစ်နေပါပြီ။ ဒါကြောင့် ဒီနှစ်နိုင်ငံလုံးဟာ 'စီးပွားရေး ကြွယ်ဝချမ်းသာမှု) (Economic Prosperity) 'အမျိုးသားလုံခြုံမှု' (National Security)နဲ့ 'ကမ္ဘာပေါ်မှာ မှန်ကန်တဲ့နေရာမှာ ရပ်တည်မှု' Rightful Piace in the World) တို့ ရှိကြရမှာ ဖြစ်ပါတယ်။

တရုတ်နဲ့ အိန္ဒိယ စီးပွားရေးတွေက မယုံနိုင်လောက်အောင်ဘဲ အလွန်

အရှိန်အဟုန် အမြန်နှုန်းနဲ့ ကမ္ဘာ့သမိုင်းဖြတ်သန်းမှုဖြစ်စဉ်မှာ တစ်မူထူးခြားစွာ ကြီးထွားလာတာ အထင်အရှားပါပဲ။ ဒါကြောင့် အနောက်ကမ္ဘာကြီးဟာ မျှော်လင့်ချက်ရော၊ စိုးထိတ်မှုတွေနဲ့ပါ ဒီအချက်ကို သုံးသပ်နေရပါပြီ။ အထူးသဖြင့် ဒီကိစ္စဟာ ၂၀၂၀ မှာ အတော်ကြီးကို သိသာထင်းပြက်လာပြီး ၂၀၃၀ ကျရင်တော့ ဒီနှစ်နိုင်ငံဟာ ကမ္ဘာ့စီးပွားရေးကို ချုပ်ကိုင်ဩဇာလွှမ်းတော့မှာ သေချာနေပါပြီ။ စီးပွားရေးအင်အား တောင့်တင်းလာတာနဲ့အမျှ နိုင်ငံရေးဩဇာကလည်း လွှမ်းမိုးလာမှာ အမှန်ပါပဲ။ ၂၀၃၀ မှာ တရုတ်ပြည်ရဲ့ စီးပွားရေးဟာ အမေရိကန်၊ အိန္ဒိယနဲ့ ဂျပန်ကို ကျော်သွားမှာပါ။ အဲဒီအချိန်မှာ တိုးတက်ဖွံ့ဖြိုးလာတဲ့ နည်းပညာနဲ့အတူ အိန္ဒိယကလည်း ခေတ်မီဖွံ့ဖြိုးချမ်းသာတဲ့ နိုင်ငံဖြစ်နေပါပြီ။ အထူးသဖြင့် အဲဒီအချိန်မှာ 'တရုတ်-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်' ဟာ ကမ္ဘာ့စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အခြေခံအုတ်မြစ်ကြီး ဖြစ်လာပါပြီ။ တရုတ်နဲ့ အိန္ဒိယဟာ ကမ္ဘာ့ဒေသကြီးတစ်ခုလုံးကို ပုံပန်းအသစ်ဖော်ဆောင်လာတော့မယ်။ ဒီအခါမှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအဆောက်အဦကိုလည်း တရုတ်နဲ့ အိန္ဒိယကပဲ ပြုပြင်ပြောင်းလဲပါတော့မယ်။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကြပ်အတည်းကာလအတွင်းမှာ တရုတ်နဲ့ အိန္ဒိယစီးပွားရေးဟာ ထောင်တက်လာတော့ နိုင်ငံအများစုက ဘယ်လိုမှ လိုက်လို့မမီတော့ပါဘူး။ ဒါကို ကမ္ဘာ့စီးပွားရေးပညာရှင်တွေကတော့ 'ကမ္ဘာ့ဆွဲငင်အား ရွေ့လျားမှု' (Gravity Shift) လို့ ခေါ်ကြတယ်။

ဒီနိုင်ငံနှစ်ခုက အခြေခံသဘောသဘာဝအရ လုံးဝကို မတူညီကြဘူး။ တရုတ်က ကွန်မြူနစ်နိုင်ငံ။ အိန္ဒိယက ဒီမိုကရေစီ သိပ်ရင့်ကျက်နေတဲ့နိုင်ငံ။ တရုတ်ပြည်မှာဆိုရင် ကွန်မြူနစ်ပါတီဝင် ၇၄ သန်းရှိတယ်။ သူတို့က ပေကျင်းကနေ တရုတ်ပြည်ရဲ့ ပြည်နယ် ၃၁ ခုကို စည်ပင်သာယာအဖွဲ့တွေ၊ တိုင်း၊ မြို့နယ်၊ ကျေးရွာအုပ်စုတွေ ထောင်ပေါင်းများစွာ ဖြန့်ပြီး အုပ်ချုပ်ကြတယ်။ ပါတီကေဒါတွေကို သေသေချာချာ လေ့ကျင့်သင်တန်းပေး မွေးမြူထားတယ်။ ဒါပေမယ့် အရှေ့တောင်ပိုင်းပြည်နယ်တွေဖြစ်ကြတဲ့ 'ကွမ်တုံး'တို့၊ 'ကျန့်ချန်း'တို့မှာကျတော့ ဈေးကွက်စီးပွားရေးနဲ့ အရင်းရှင်စနစ်ကို လွတ်လွတ်လပ်လပ် ခွင့်ပြုထားတယ်။ တရုတ်ပြည်ကို ပေကျင်း

ကနေ အုပ်ချုပ်နေတာမဟုတ်ဘူး။ သူ့ရဲ့ အုပ်ချုပ်ရေးက ဗဟိုချုပ်ကိုင်မှု အတော်နည်းတယ်။ ပြည်နယ်တွေက ဒေသခံအစိုးရတွေဆီမှာ သီးသန့် ဦးစားပေးအစီအစဉ်တွေ၊ မဟာဗျူဟာတွေရှိပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဒေသ ကိုယ့်တိုင်းပြည်ကောင်းအောင် ဆောင်ရွက်ကြတယ်။

တရုတ်နိုင်ငံ တိုးတက်မှုနှုန်း ဘာကြောင့် သိပ်မြန်လာရသလဲဆိုရင် အပြောင်းအလဲတွေလုပ်ရာမှာ အမြစ်ကစပြီး ပြောင်းပြန်လှစ်ပစ်နိုင်လို့ပဲ။ ပြုပြင်ပြောင်းလဲမှုတွေကို အောက်ခြေကစပြီး လုပ်တယ်။ လူများစု မှီတင်းနေထိုင်တဲ့ ကျေးလက်တွေက စလုပ်တယ်။ ကျေးလက်ပြည်သူတွေအတွက် စီးပွားရေးလမ်းစတွေ ပွင့်ပွင့်လင်းလင်းကို ဖွင့်ပေးတယ်။ ဒါနဲ့ ကျေးလက်ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းတွေ မြင့်လာတယ်။ အဲဒီကတစ်ဆင့် တစ်ပြည်လုံးကို ပျံ့နှံ့သွားတယ်။ ပြုပြင်ပြောင်းလဲမှုတွေက win-win ပါ အလားအလာရှိတဲ့ အရှုံးသမားတွေ (Potential Losers)၊ လက်ရှိစီမံခန့်ခွဲသူတွေနဲ့ ကျေးလက်အုပ်ချုပ်ရေးမှူးတွေကို အခွင့်အရေးပေးပြီး တာဝန်ယူခိုင်း၊ ပါတီဝင်တွေကို လွှန်ခဲ့တဲ့ အနှစ် ၁၀၀ က ဩဇာအာဏာတက်လာကြတဲ့သူ၊ ဩဇာအာဏာကျသွားတဲ့သူတွေအကြောင်း လေ့လာခိုင်း၊ ၂၀၀၅ မှာ The Rise of the Great Powers ကို အစိုးရရုပ်မြင်သံကြားက ပြပေးတယ်။ ဥရောပနိုင်ငံတွေနဲ့ အမေရိကသမိုင်းတွေကို ထင်ဟပ်တဲ့ မော်ကွန်းကားတွေပြ။ ဘာတွေအောင်မြင်သလဲ၊ ဘာကြောင့်ကျဆုံးသလဲ အတုယူ၊ သင်ခန်းစာယူခိုင်း 'တိုးတက်ကြီးပွားချင်ရင် နိုင်ငံရေးနဲ့ စီးပွားရေးတည်ငြိမ်မှုရအောင် လုပ်ရမယ်' ဆိုတဲ့ သင်ခန်းစာ၊ BCE ၂၀၀ က တရုတ်ပြည်ရဲ့ စစ်ဘုရင်တွေ လက်အောက်မှာ အကွဲကွဲ အပြားပြားဖြစ်ခဲ့ပုံတွေ။ 'မဟာခုန်ပျံတော်လှန်ရေး'နဲ့ 'ယဉ်ကျေးမှုတော်လှန်ရေး'တုန်းက ခါးသည်းတဲ့ အတွေ့အကြုံတွေ။ ဒါကြောင့် တရုတ်က ၁၅ နှစ်ကြာ အကြိမ်ကြိမ် ညှိနှိုင်းကြိုးပမ်းပြီး 'ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း'ကို ဝင်ဖို့လုပ်ခဲ့။ ၂၀၀၀ မှာ အောင်မြင်။ နိုင်ငံတကာအဆင့်ရှိတဲ့ ဈေးကွက်စီးပွားရေးတံခါးဖွင့်ဝါဒကို အကောင်အထည်ဖော်။

နိုင်ငံတကာရေးရာ လေ့လာသူတွေအနေနဲ့ အတော်ဦးနှောက်ခြောက်စရာ။ အထူးသဖြင့် တရုတ်နဲ့ စီးပွားရေးစနစ် တစ်စိတ်တစ်ပိုင်းပြုပြင်ထား၊

ဗဟိုချုပ်ကိုင်ထားတဲ့ စီမံချက်စီးပွားရေးလည်းရှိ၊ အစိုးရကလည်း ဒီမိုကရေစီဆန့်ကျင်တဲ့ အာဏာရှင်အစိုးရ၊ **အန္တိမရည်မှန်းချက်က ပြုပြင်ပြောင်းလဲရေးနဲ့ ဟန်ချက်ညီထိန်းမှု။**

လက်တွေ့ကျပြီ၊ တစ်ဆင့်ပြီးတစ်ဆင့် ချဉ်းကပ်မှုကနေ စီးပွားရေးပွင့်လင်းမှုရလာ၊ လျင်မြန်တဲ့ တိုးတက်မှုရ၊ ……… ပိုမိုထွန်းကားလာတဲ့ အလုပ်တွေပေါ်လာ၊ လူသန်းပေါင်းများစွာကို ပကတိဆင်းရဲတွင်းက ဆွဲထုတ်နိုင်ခဲ့။

ကမ္ဘာပေါ်က လူဦးရေအထူထပ်ဆုံး နိုင်ငံကြီးရဲ့ စီးပွားရေးတိုးတက်လာမှု၊ ကမ္ဘာပေါ်က အင်အားအကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးရဲ့ အင်အားတိုးပွားလာမှု၊ အိန္ဒိယဟာ ကုလသမဂ္ဂရော၊ WTO ရော၊ IMF ရောရဲ့ တည်ထောင်သူအဖွဲ့ဝင်။

သူတို့နှစ်နိုင်ငံက ထိပ်တိုက်ရင်ဆိုင်မှု ပဋိပက္ခတွေ လျော့နည်းအောင် ကြိုးပမ်းရင်း စီးပွားရေးနှစ်ဦးနှစ်ဖက်ဖလှယ်ရေးနဲ့ စစ်အင်အားပြိုင်ဆိုင်မှုပုံမှန်ဖြစ်ရေးတွေကို လုပ်နေ။

အိန္ဒိယရဲ့ IT အောင်မြင်မှုကို တရုတ်က အထင်ကြီး၊ မိမိဘာသာ မိမိသဘောနဲ့ မိသားစုစီမံကိန်းချပြီး လူဦးရေထိန်းသိမ်းတဲ့စနစ်ကို စိတ်ဝင်စား။

အိန္ဒိယရဲ့ လစ်ဘရယ်ကျတဲ့ စီးပွားရေးပေါ်လစီ၊ လစ်ဘရယ်နိုင်ငံရေးတွေကို တရုတ်က ဥပမာကောင်းတွေအနေနဲ့ လေ့လာ။

**တရုတ်နဲ့ အိန္ဒိယ Cooperation / Competition လုပ်၊ Confrontation မလုပ်။ ဒါက အာရှဒေသရဲ့ ထူးခြားမှု၊** နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ချုပ်ရေးအတွက် ၂၀၀၅ ကတည်းက လေ့လာနေကြ။ နှစ်ဦးနှစ်ဖက် ကုန်သွယ်မှုကတော့ ၂၀၀၇ မှာ ၂၅ ဘီလျံကနေ ၂၀၀၈ မှာ ၃၈ ဘီလျံအထိ တိုးလာ။ **ဒီအတိုင်းဆိုရင် ၂၀၁၅ မှာ ၂၀၀ ဘီလျံ** ထိ ဖြစ်လာမယ်။ (၂၀၀၅ တုန်းက တရုတ်နဲ့ ဂျပန် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးပဲ)

ပြဿနာက တရုတ်ဘက်က အားသာနေမှုပဲ။ ၂၀၀၇ မှာ အိန္ဒိယက တရုတ်ဆီက ပိုဝယ်ခဲ့တယ်။ တရုတ်ဝယ်တာထက် ၃ ဆ။

အိန္ဒိယရဲ့ ဆော့ဖ်ဝဲကုမ္ပဏီတွေဖြစ်တဲ့ Wrpro၊ TCS၊ Infosup တွေက တရုတ်ပြည်မှာ ရင်းနှီးမြှုပ်နှံမှုသွားလုပ်။ Bharat Forge အိန္ဒိယကုမ္ပဏီက တရုတ်ရဲ့ FAW အုပ်စုမှာ ၅၂ ရာခိုင်နှုန်း ဝေစုထည့်။ (အကြီးဆုံး အိန္ဒိယ တရုတ်ဖက်စပ်) တရုတ်ပြည်က Huawei Tech ကလည်း အိန္ဒိယမှာလုပ်။ ဒီမိုဘိုင်းကုမ္ပဏီနဲ့ ဖုန်းတွေက အိန္ဒိယကျေးလက်ထိရောက် (တရုတ်ဖုန်း) **အမေရိကန်ကုမ္ပဏီ IBM ရော၊ GE ရောက နှစ်နိုင်ငံမှာလာလုပ်၊** တရုတ်ရော၊ အိန္ဒိယရောက လုပ်သားတွေက နည်းပညာ ပိုတိုးတက်လာကြပါတယ်။

**Bilateral Competition and Cooperation**

အိန္ဒိယကရော၊ တရုတ်ကပါ လစ်ဘရယ်ကျတဲ့ ကုန်သွယ်မှုနဲ့ ပတ်သက်လို့ အာဆီယံနိုင်ငံတွေနဲ့ရော၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ရော ဆွေးနွေးနေဆဲ။ **အိန္ဒိယက တောင်ကိုရီးယားနဲ့ ဂျပန်ကို** စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းနေ၊ **တရုတ်–တောင်ကိုရီးယား၊ ဂျပန်တို့က သုံးပွင့်ဆိုင် လွတ်လပ်တဲ့ ကုန်သွယ်မှုရဖို့ ဆွေးနွေးနေ။ တရုတ်က တခြားအာရှနိုင်ငံတွေနဲ့၊ အိန္ဒိယက အရှေ့ရော၊ အာရှမဟုတ်တဲ့ ချီလီနဲ့ပါ ဆွေးနွေး။**

အိန္ဒိယ+တရုတ် Free Trade သဘောတူညီချက် အပြည့်အဝက ၂၀၃၀ မှာ ရလိမ့်မယ်။ **အာရှတိုက်သားတွေက 'အာရှတိုက်သားလို စဉ်းစားနေကြပြီ'** (Asians are thinking Asians) ဒါက ခေတ်သစ်သမိုင်းမှာ ပထမဦးဆုံးပဲ။ သူတို့ဟာ သူတို့ရဲ့ အနီးကပ် အိမ်နီးနားချင်းတွေ သို့မဟုတ် နိုင်ငံခြားစွမ်းအားတွေအတွက်ထက် သူတို့ဒေသတွင်းအတွက် သူတို့ပိုစဉ်းစားနေကြပါပြီ။ ဥရောပနဲ့မတူတာက ဥရောပနိုင်ငံတွေက တူညီတဲ့သမိုင်းတွေ၊ နိုင်ငံရေးစနစ်တွေ ရှိကြတယ်။ အာရှမှာတော့ ဒေသကွဲသုံးခုဟာ ယဉ်ကျေးမှုလည်း မတူ၊ စီးပွားရေးနဲ့ နိုင်ငံရေးလည်း မတူကြပါဘူး။ ဂျပန်နဲ့ တရုတ်ဆိုရင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မယုံကြည်မှုတွေ၊ ပြိုင်ဆိုင်မှုတွေ နှစ်လရှည်စွာဖြစ်ခဲ့တယ်။ ဒါကြောင့် အာရှဟာ United States of Asia ဖြစ်ဖို့ရာ၊ တစ်သံတည်းထွက်ဖို့ရာ မလွယ်ခဲ့ဘူး။ ဒါပေမယ့် ညီညွတ်ဖို့ ကြိုးစားခဲ့ကြတယ်။ ဒေသတွင်းမှာ ညီညွတ်ဖို့ ကြိုးစားရင်းနဲ့ ပထမဆုံးတည်ထောင်ဖြစ်တာကတော့ အာဆီယံပဲပေါ့။ ၁၉၆၇ ခုနှစ်မှာတော့ **ငြိမ်းချမ်းစွာနဲ့**

ပါဝါသစ်တွေဖြစ်ဖို့ ကြိုးစားကြတယ်။ ဒုတိယကမ္ဘာစစ်ပြီးကတည်းက အမေရိကန်နဲ့ ဂျပန်တို့ မဟာမိတ်ပြုမှုဟာ တရုတ်ရော၊ ဂျပန်အတွက်ပါ ငြိမ်းချမ်းရေးအာမခံချက်ရတာနဲ့ အတူတူပါ။ လုံခြုံမှုထီးရိပ်အောက်မှာ မိမိရဲ့ ကိုယ်ပိုင်စီးပွားရေးတိုးတက်မှုကို လွတ်လွတ်လပ်လပ် အာရုံစိုက်လုပ်နိုင်ခဲ့တယ်။ ဈေးကွက်ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ ဒေသတွင်းမှာ ဖြစ်ထွန်းလာပြီး စီးပွားရေးနီးနီးစပ်စပ် လုပ်ကိုင်မှုတွေကို အားကောင်းလာတယ်။

ဒီဒေသကို အမေရိကန်က စိတ်ဝင်စားတဲ့နေရာမှာ အဓိကက ပထဝီနိုင်ငံရေးပဲ။ အမေရိကန်က ၁၉၉၀ ပြည့်နှစ်တွေမှာ ယခင် မလေးရှားဝန်ကြီးချုပ် မဟာသီယာရဲ့ အရှေ့အာရှစီးပွားရေးလုံးပန်းမှုကို ဆန့်ကျင်ခဲ့တယ်။ အမေရိကန်က Asia Pacific Economic Cooperation (APEC) နောက်ကွယ်ကနေ အားပေး၊ APEC ထဲမှာက မြောက်ဘက်က ပစိဖိတ်နဲ့ တောင်အမေရိကတွေရော၊ အာရှနိုင်ငံတွေရောပါတယ်။

ထင်ရှားတဲ့ အာရှတိုက်သားတွေက သူတို့ရဲ့ဒေသကို လမ်းဆုံလမ်းခွရောက်နေပြီလို့ မြင်ထားကြတယ်။ ကမ္ဘာပေါ်မှာ လူဦးရေအများဆုံးရှိတဲ့ နိုင်ငံကြီး နှစ်နိုင်ငံဟာ ဒီနေ့ကနေ နှစ် ၂၀ ကြာလာရင် ကမ္ဘာ့အင်အားအကြီးဆုံး စီးပွားရေးနိုင်ငံကြီး သုံးခုဟာ ဒီဒေသမှာ ဖြစ်ထွန်းတော့မယ်။ ၂၀၂၀ မှာ တရုတ်ဟာ အာရှစီးပွားရေးရဲ့ ၄၄ ရာခိုင်နှုန်းကို ထုတ်မယ်၊ အိန္ဒိယက ၁၇ ရာခိုင်နှုန်း၊ ဂျပန်က ၁၅ ရာခိုင်နှုန်းထုတ်မယ်။ **သူတို့သုံးနိုင်ငံပေါင်း**တာဆိုရင် အမေရိကန်ထက် စီးပွားရေး ၂၀ ရာခိုင်နှုန်း ပိုများမယ်။ တရုတ်နဲ့ ဂျပန်က ကမ္ဘာ့စွမ်းအားအကြီးဆုံး စီးပွားရေးနိုင်ငံတွေဖြစ်လာမယ်။

ASEAN + 3 (ဂျပန်+တရုတ်+တောင်ကိုရီးယား)က ၁၉၉၀ ပြည့်နှစ်များနှောင်းပိုင်း အာရှစီးပွားရေး အကြပ်အတည်းနောက်ပိုင်းမှာ ပေါ်လာ။ တရုတ်ရဲ့ ဩဇာလွှမ်းမိုးမှုကို တန်ပြန်ဖို့ ဂျပန်က East Asia Summit လုပ်တယ်။ (ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယတို့)။ အိန္ဒိယက 'အာရှဒေသလုံခြုံရေးအဖွဲ့'မှာလည်း အဖွဲ့ဝင်ပဲ။ တရုတ်ကို ချိန်ခွင်ညှာညှိထိန်းဖို့။

G-20 ထဲမှာ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊

တောင်ကိုရီးယားတို့ ပါဝင်။ WTO၊ World Bank၊ IMF တွေလိုပဲ G-20 ဟာ နိုင်ငံတကာ မူဝါဒတွေအပေါ် အခြေခံပြီး ပွင့်လင်းမှုနဲ့ ကြီးထွားမှုတွေကို မြှင့်တင်ဖို့ ရည်ရွယ်၊ Transparency နဲ့ Nondiscrimination။

တရုတ်ပညာရှင်တစ်ယောက်ကပြော (ပီကင်း ၂၀၀၅)

"ကောင်းကင်ပေါ်မှာ နဂါးတွေ အများကြီးမြူးထူးပျော်ပါးနေတဲ့ ပုံစံကို စဉ်းစားကြည့်ပါ။ နဂါးတစ်ကောင်တည်းဆိုရင် ခြောက်ခြောက်သွေ့သွေ့နဲ့ ပျင်းစရာကြီး။ နဂါးနှစ်ကောင် သို့မဟုတ် သုံးကောင်ဆိုရင် ပိုမြိုင်မယ်။ တစ်ကောင်နဲ့ တစ်ကောင် ထိန်းကြ၊ ကျော်ကြနဲ့ပေါ့။ ဟန်ချက်ပိုညီမယ်"

တရုတ်နဲ့ အမေရိကန်တို့မှာ ဘုံတူညီတဲ့ လှုပ်ရှားမှုတွေရှိကြ။

၁/environment တရုတ် $Co_2$ အထွက်ဆုံးနိုင်ငံ။ အမေရိကန်သူတို့ပူးပေါင်းလျှော့ချ။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး

၂၀၀၉ ဒီဇင်ဘာမှာကျင်းပတဲ့ 'ကိုပင်ဟေဂင်'ညီလာခံမှာ တရုတ်ကိုယ်စားလှယ်တွေက $Co_2$ လျှော့ချဖို့ သဘောတူ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ $Co_2$ လျှော့ချရေးကို ကမ္ဘာ့အကြီးဆုံးစွမ်းအင်သုံးစွဲမှု နိုင်ငံကြီး နှစ်ခုဖြစ်တဲ့ အမေရိကန်နဲ့ တရုတ်က ပူးပေါင်းလုပ်ဆောင်ရန် သဘောတူ။ ခုလောလောဆယ် $Co_2$ ထုတ်လွှတ်မှုမှာ တရုတ်အကြီးဆုံး၊ ၂၀၃၀ မှာ အမေရိကလည်း ဖြစ်လာမယ်။ အိန္ဒိယကတော့ သူ့ရဲ့စီးပွားရေးတိုးတက်မှုကို ပိုမိုဖိအားပေး ဆက်လက်လုပ်ဆောင်သွားရမယ်လို့ ပြော။ ၂၀၀၈ မှာ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အိန္ဒိယရဲ့ $Co_2$ တစ်ဦးချင်းထုတ်လုပ်မှုဟာ တိုးတက်တဲ့ နိုင်ငံတွေထက် နည်းတယ်ပြော။

## ၂၀၃၀ မှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ

အမေရိကန်နဲ့ တရုတ်တို့ရဲ့ ဆက်ဆံရေးဟာ ကမ္ဘာလုံးဆိုင်ရာ ပြန်လည်နာလန်ထူမှုနဲ့ ရေရှည်စီးပွားရေး အလားအလာတို့အပေါ် အဓိကတည်နေပါတယ်။ အမေရိကန်ရဲ့ စီးပွားရေး နာလန်ထူမှုနဲ့ တရုတ်က သူ့ရဲ့

စီးပွားရေးကို ဘယ်လိုဟန်ချက်ညီပြန်ထိန်းမလဲဆိုတာတွေက အရေးကြီးတယ်။ ခုထက်ထိ အခြေအနေကိုကြည့်ရရင်တော့ တရုတ်က တည်ငြိမ်တဲ့ အခန်းကဏ္ဍမှာရှိနေတယ်။ ဒါကြောင့် သုံးနိုင်ငံဟာ တစ်လှေတည်းစီး ခရီးသည်တွေလိုပဲ အေးအေးငြိမ်းငြိမ်း ဆက်သွားကြလိမ့်မယ်။ ၂၀၃၀ မှာကျတော့ ကမ္ဘာ့စီးပွားရေးဟာ ပုံစံပြန်ပြောင်းသွားပြီ။ ကမ္ဘာသစ်ရဲ့ စနစ်တစ်ခုရဲ့ ကောက်ကြောင်းတွေက ပိုပြီးထင်သာမြင်သာရှိလာပြီ။ **တရုတ်က ကမ္ဘာလုံးဆိုင်ရာ တာဝန်ယူမှုတွေကို စတင်လုပ်ဆောင်ပါပြီ။** အိန္ဒိယက ပလေယာမလုပ်ပေးပေမယ့် သူ့ပြည်တွင်းတည်ငြိမ်မှုနဲ့ ဒေသတွင်းဆိုင်ရာ ရည်မှန်းချက်တွေကို ဟန်ချက်ညီထိန်းဖို့ လှေ့လာနေဆဲပဲ။ နောက်ဆယ်စုနှစ် နှစ်ခုမှာ ကမ္ဘာဟာ ထူးခြားတဲ့ ဝိသေသနှစ်ခုရှိလာမယ်။

၁။ ပြိုင်ဆိုင်မှုတွေရှိနေကြပေမယ့် အာရှရဲ့ အဓိက ပလေယာတွေဟာ ဂလိုဘယ်လိုက်ဇေးရှင်းရယ်၊ အာရှတိုက်ရဲ့ ငြိမ်းချမ်းစွာတိုးတက်မှုရယ်ကို ကြိုးစားလုပ်ဆောင်ရင်း ကမ္ဘာမြေရဲ့ တခြားအစိတ်အပိုင်းတွေကို အာရှအသံ ထင်ဟပ်ပြောကြားပေးလိမ့်မယ်။

၂။ သူတို့ဟာ ဘုံရည်မှန်းချက်နဲ့ ခွဲဝေသုံးစွဲ မဟာဗျူဟာကို ရှာကြလိမ့်မယ်။ အံ့သြစရာကောင်းတာကလည်း အဲဒီရည်ရွယ်ချက်တွေကို အမေရိကန်က ကူညီလိမ့်မယ်။ ပြီးရင် အာရှရဲ့ ကြီးထွားလာတဲ့ ပထဝီနိုင်ငံရေးကို ပိုပြီးအာရုံစိုက်မှု ပြောင်းလာလိမ့်မယ်။

အမေရိကန်ရဲ့ စီးပွားရေးကျသွားပြီ။ ဒါပေမယ့် အပြင်တော့ ရောက်မသွားသေးဘူး။ တိုးတက်မှုနှုန်း နှေးသွားတာတွေရှိဦးမယ်။ အမေရိကန်ဒေါ်လာကတော့ အရန်ငွေကြေးအနေနဲ့ ဆက်သုံးကြဦးမယ်။ **အမေရိကန်ဟာ ကမ္ဘာ့ပုလိပ်ကြီးလို လုပ်ဆောင်နေဦးမယ်။ အမေရိကန်ဟာ ကမ္ဘာ့ခေါင်းဆောင်မှုနေရာကို ယူထားဦးမယ်။**

တရုတ်နဲ့ အိန္ဒိယတို့က အမေရိကထက်ပိုပြီး အလျင်အမြန် တိုးတက်နေဦးမယ်။

၂၀၃၀ ကမ္ဘာ့ကြီးဟာ 'ဗဟုဝန်ရိုး' ပုံစံမျိုးဖြစ်ပြီး သြဇာလွှမ်းမိုးတဲ့သူ

မရှိတော့ဘူး။ ဘုံအမြင်ရှိပြီး ခွဲဝေသုံးစွဲ မဟာဗျူဟာနဲ့ပဲ အာရှအစိုးရတွေဟာ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းထဲမှာ ရှင်သန်ကြလိမ့်မယ်။ အမေရိကန်ကတော့ ဆက်ဦးဆောင်ဦးမှာပဲ။ ဒါပေမယ့် သူ့ဘာသာသူ ဩဇာထူထောင်လို့တော့ မရဘူး။ သူက တရုတ်ရော၊ အိန္ဒိယရောရဲ့ အသံကို နားထောင်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ သင်ယူနေရမယ်။ အာရှရဲ့ စီးပွားရေးဩဇာသောင်းမှုတွေက ဆွဲငင်မှု၊ ရွေ့ပြောင်းမှုတွေပါပဲ။

၂၀၀၉ ခုနှစ် 'ကမ္ဘာ့စီးပွားရေးညီလာခံ'ကို တရုတ်ပြည် ဒါလီယံမြို့မှာ ကျင်းပတော့ အဲဒီညီလာခံရဲ့ ဥက္ကဋ္ဌ 'ကလော့စ်ရှဝပ်'က ကမ္ဘာ့စီးပွားရေးကပ်ဆိုက်မှုပြီးတဲ့နောက်မှ တရုတ်က ကမ္ဘာကို ဦးဆောင်သွားလိမ့်မယ်လို့ ပြောခဲ့ပါတယ်။ ဒါက တကယ်တော့ အိမ်ရှင်နိုင်ငံအလိုကျ မြှောက်ပင့်ပြောဆိုတဲ့ လောကဝတ်စကား မဟုတ်ပါဘူး။ သူက 'အမျိုးသားစာရင်းအင်းဗျူရို'က ထုတ်ပြန်ထားတဲ့ အချက်အလက်ကို ကိုးကားပြီးပြောတာပါ။ ၂၀၀၉ ခုနှစ်ရဲ့ ပထမရှစ်လအတွင်း တရုတ်ပြည်နဲ့ ဘဏ်တွေက ပြည်တွင်းချေးငွေပမာဏက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅ ထရီလျံထိမြင့်တက်လာတာတွေ့ရလို့ပါပဲ။ ဒီပမာဏဟာ ကြောက်ခမန်းလိလိပါပဲ။ အမေရိကန်ရော၊ အီးယူရောထက်များတယ်။ သူတို့နှစ်ခုပေါင်းထက်များတယ်။ အဲဒီချေးငွေတွေထဲက ဆယ်ပုံကိုးပုံက ရင်းနှီးမြှုပ်နှံမှုထဲ ဝင်သွားတယ်။

အိန္ဒိယနိုင်ငံကလည်း ဒီလိုပဲ၊ စီးပွားရေးတိုးတက်မှုအရှိန်က တစ်ဟုန်ထိုးတိုးတက်ပါတယ်။ တရုတ်နဲ့ အိန္ဒိယက ဒီလိုနှုန်းအတိုင်းသာ တိုးတက်နေရင် သူတို့က မကြာခင်ကမ္ဘာကို စိုးမိုးမှာသေချာတယ်။

ကမ္ဘာ့စီးပွားရေးကပ်ကြီးဟာ နှစ် ၈၀ အတွင်း အဆိုးဆုံးအခြေအနေရောက်ခဲ့တယ်။ အနောက်တိုင်းဟာ ဒီတစ်ချီတော့ နလန်မထူနိုင်လောက်အောင် စီးပွားရေးဦးကျိုးသွားခဲ့တယ်။ ပထမဆုံးစီးပွားရေးကပ်က ရေနံစိမ်းဈေး ၁၂ ဆတက်ခဲ့တာပဲ။ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာက ၁၉၈၀ ဇူလိုင်လအထိ ကာလမှာပေါ့။ ဒီလိုဈေးတက်လာရတာက ဈေးကွက်အခြေအနေကြောင့်လည်း မဟုတ်ဘူး။ နိုင်ငံရေးအခြေအနေအရလည်း မဟုတ်ဘူး။ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာမှာ ယွန်းကဖူးစစ်ပွဲ ဖြစ်တယ်။ အိုပက်ဆိုတဲ့ ရေနံတင်ပို့ရောင်းချရေးနိုင်ငံများအဖွဲ့က အာရပ်တွေဦးစီးထားတာဆိုတော့

သူတို့နဲ့ အစ္စရေးနဲ့ စစ်ဖြစ်ကြတဲ့အခါ နိုင်ငံတကာရေနံဈေးကွက်ကို အနည်းနဲ့အများဆိုသလို ထိခိုက်တာပေါ့။ ဒါပေမယ့် ဒါက အဓိကအချက် မဟုတ်ဘူး။ အိုပက်အဖွဲ့က ရေနံဈေးထိန်းပေမယ့် တခြားရေနံထုတ်သူတွေက ဈေးကိုမြှင့်လိုက်ကြလို့ ခုလို ဈေးတက်သွားတာပဲ။ ယွန်းကဖူးစစ်ပွဲနဲ့ ဘာမှ မဆိုင်ဘူး။ ဒီရေနံဈေးတက်တာကြောင့် အနောက်အုပ်စုဝင် စီးပွားရေးနိုင်ငံတွေ အထိနာခဲ့တယ်။ ဒါဟာ သူတို့ကို ပထမဆုံးစိန်ခေါ်မှုပဲ။

ဒုတိယကတော့ ၁၉၇၈ ခုနှစ်များ အလယ်ပိုင်းနဲ့ ၁၉၈၀ ခုနှစ်များ စောစောပိုင်းကာလပဲ။ ၁၉၇၃ စက်တင်ဘာနဲ့ ၁၉၇၄ မတ်လကြားမှာ ရေနံဈေးက လေးဆတက်တယ်။ ဒါက သိပ်မထိသေးဘူး။ ဒါပေမယ့် ၁၉၈၀ ဇူလိုင်လကျတော့ ရေနံတစ်စည်ကို ၃၅ ဒသမ ၆၃ ဒေါ်လာတိုးလာတာကတော့ အရင်နှုန်းထက် သုံးဆပိုလာတာပဲ။ စက်မှုနိုင်ငံတွေက သူတို့အခြား စီးပွားရေးတွေနဲ့ ကျားကန်ပြီး စီးပွားရေးထူမတ်ဖို့ ကြိုးစားကြပေမယ့် မအောင်မြင်ပြန်ဘူး။ ဒါကြောင့် သူတို့ဟာ အသက်ရှုချောင်လိုချောင်ညားစက်မှုနိုင်ငံသစ်တွေဆီက ဈေးပေါပေါရတဲ့ လူသုံးကုန်တွေမှာပြီး ဝယ်သုံးကြရတယ်။ အဲဒီမှာတင် ဘောဂဗေဒပညာရပ်မှာ ဝေါဟာရသစ်တစ်ခု ထပ်တိုးပါတယ်။ Stagflation ပေါချောင်အဆင့်တွေ ဝယ်သူလို့ ငွေဖောင်းပွတဲ့ သဘောပေါ့။

စက်မှုနိုင်ငံသစ်တွေက အလုပ်သမားတွေက လုပ်အားခဈေးပေါတယ်။ လုပ်အားခသက်သာတဲ့ နိုင်ငံမှာ ပစ္စည်းတွေထုတ်ပြီး ဈေးကွက်မှာ တခြားနိုင်ငံထုတ် ပစ္စည်းတွေထက် ဈေးသက်သက်သာသာ ရောင်းလို့ရတာပေါ့။ ဒီအတိုင်းဆက်ပြီးလုပ်ကြတော့ စက်မှုနိုင်ငံကြီးတွေမှာ အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်ကြရတယ်။ သတ်မှတ်ဈေးတွေလည်း ကမောက်ကမဖြစ်ပြီး ပုံမှန်ဈေးကွက်တွေ ပျက်ကြရတော့တာပေါ့။ ဒုတိယကမ္ဘာစစ်ပြီးခါစမှ အနောက်တိုင်းက စက်မှုလုပ်ငန်းတွေက မယိမ်းမယိုင်ရပ်တည်နိုင်ဆဲပဲ။ ဒါကြောင့် ၁၉၅၈ နဲ့ ၁၉၆၀ ခုနှစ်ပိုင်းတွေမှာ အနောက်တိုင်းက ကမ္ဘာကို စိုးမိုးလွှမ်းခြုံနိုင်တာပေါ့။ အမေရိကန်စီးပွားရေးတစ်ခုတည်းက ကမ္ဘာ့ဂျီဒီပီရဲ့ တစ်ဝက်ရှိနေတယ်။ ဥရောပကလည်း ပထမကယိမ်းကယိုင် ဖြစ်သွားပေမယ့် 'မာရှယ်စီမံကိန်း'ကြောင့် ဆယ်စုနှစ်

အတွင်း သူ့ခြေပေါ် သူရပ်တည်နိုင်ပါတယ်။ အဲဒီခေတ်က 'အရင်းရှင်စနစ်ရဲ့ ရွှေခေတ်' ဆိုပြီး အင်္ဂလိပ်စာရေးဆရာတွေက အမွှန်းတင်ရေးကြတယ်။ ပြင်သစ်ကလည်း အောင်ပွဲခံတဲ့ နှစ်သုံးဆယ်ဆိုပြီး ချီးကျူးကြတယ်။ အဲဒီခေတ်က အမေရိက၊ ဥရောပနဲ့ ဂျပန်တို့ ခေါင်းမော်ချိန်ပေါ့။ စက်မှုနိုင်ငံတွေက စစ်ပြီးခေတ် မျိုးဆက်တွေအတွက် အဲဒီခေတ်က တကယ့်ကို 'ရွှေထီးဆောင်းတဲ့ကာလ' တွေပါပဲ။ လူမှုရေးဆိုင်ရာ လုံခြုံမှု၊ အကျိုးခံစားခွင့်တွေ၊ ပညာရေး အခွင့်အလမ်းတွေ အလျှံပယ်ခံစားရတယ်။ အထက်တန်းကျောင်းပြီးရင်ပဲ ကောလိပ်ကဘွဲ့ရရင်ပဲ အလုပ်တွေက အသင့်စောင့်ကြိုနေကြတယ်။ ဘွဲ့ရပညာတတ်တွေက စီမံကိန်းအကွက်ချပြီး ရှင်သန်နေထိုင်ကြတယ်။ ဘယ်အချိန် ဘယ်ဘွဲ့ရပြီးရင် ဘယ်သူနဲ့ အိမ်ထောင်ပြုမယ်၊ အိမ်ထောင်ပြုပြီးရင် ဘယ်လိုအိမ်လေးဆောက်နေလိုက်မဟဲ့။ ကလေးလည်း ဘယ်နှစ်ယောက်ယူမယ်ပေါ့။ စီမံချက်ချသလို ချတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ အူမတောင့်လို့ သီလစောင့်နိုင်ကြသလို အချို့လည်း သူတောင်းစားထမင်းဝတဲ့အခါ နောက်ဆက်တွဲအပျော်အပါးတွေက များလာပြန်တယ်။ လူမှုအခွင့်အရေးတွေပင် ကောင်းကြ၊ နိုင်ငံရေးလွတ်လပ်မှုအတွက် တိုက်ပွဲပိုဝင်ကြနဲ့၊ ၁၉၆၀ နဲ့ ၁၉၇၀ ခုနှစ်များအတွင်းမှ ဟစ်ပီခေတ်ပေါ်လာတယ်။ Flower Power ဆိုတာတွေဖြစ်လာပြီး မူးယစ်ဆေးဝါးတို့၊ လွတ်လပ်တဲ့ လိင်ကိစ္စတို့ ဖြစ်ပါတယ်။ ဂီတမှာ တီးတဲလ်စ်တို့၊ ဝုဒ်တော့တို့၊ ရာဗီရှန်ကာတို့ အုပ်စုတွေ လွှမ်းလာပါတယ်။ အမေရိကန်မှာ အဏ္ဍုမြူလက်နက်ဖျက်သိမ်းရေး၊ လူမှုအခွင့်အရေးလှုပ်ရှားမှုတွေ အားကောင်းပါတယ်။ ပြင်သစ်မှာတော့ ကျောင်းသားလှုပ်ရှားမှုတွေ အီတလီ၊ ဂျာမနီနဲ့ ဂျပန်တို့မှာကျတော့ တပ်နီလှုပ်ရှားမှုတွေ၊ လူငယ်တွေက စိတ်ခံစားမှုကို ဦးစားပိုပေးလာကြတယ်။ သူတို့ရဲ့ လူမှုအဖွဲ့အစည်းကြီးက သူတို့ကိုအမှားတွေလုပ်ခွင့်ပေးမယ်။ အမှားလုပ်လည်း ခွင့်လွှတ်ကြမယ်။ ပြီးရင် တဖြည်းဖြည်းသူတို့ဘာသာ သူတို့ပျိုးထောင်မွေးမြူမယ်လို့။ အဲဒီခေတ်က 'သည်းခံခြင်း' နဲ့ 'ရက်ရောမှု' ခေတ်ပဲ။

ဒီရွှေခေတ်ကြီး သိပ်ကြာရှည်မခံ သက်တမ်းမရှည်နိုင်ဘူးဆိုတာ ဘယ်သူမှ မစဉ်းစားမိကြဘူး။ ဂလိုဘယ်လိုက်ဇေးရှင်း အရှိန်အဟုန်က

တက်လာ၊ စက်မှုခေတ်လည်း ယိုယွင်းလာတဲ့အခါ၊ အလုပ်တွေက ရှားလာတယ်။ ရတဲ့အလုပ်ကလည်း လစာနည်းလာတယ်။ ဘဝအာမခံချက်လည်း သိပ်မရှိတော့ဘူး။ အလုပ်ရုံတွေကလည်း 'နောင်လူလာ၊ အရင်လူထွက်' (Last in, First out) ပုံစံမျိုးလုပ်လာလို့ လူတွေအလုပ်လက်မဲ့ပိုဖြစ်ကြတယ်။ အမြဲတမ်းအလုပ်ထက် ယာယီအလုပ်ပဲ ဖြစ်ကြရတယ်။ သူတို့မိဘတွေခေတ်ကရတဲ့ ခံစားမှုတွေ၊ ကျန်းမာရေးကုသစရိတ်တို့ ပင်စင်တို့တွေ မရတော့ဘူး။

၁၉၉၀ အစပိုင်းလောက်ကစပြီး တရုတ်က ဈေးပေါပေါနဲ့ ထုတ်လုပ်ရောင်းချတဲ့ ပစ္စည်းတွေ အနောက်တိုင်းမှာ ကျယ်ပြန့်လာတယ်။ ပစ္စည်းတွေက ဈေးတော့ပေါတယ်။ အရည်အသွေးကတော့ ခပ်ညံ့ညံ့ပဲ။ တစ်ချိန်တည်းမှာပဲ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ မက်ဆီကို၊ ဘရာဇီးတို့ကလည်း အနောက်တိုင်းဈေးကွက်ထဲဝင်လာတယ်။ ဒါပေမယ့် အဲဒီနိုင်ငံအားလုံးထက် တရုတ်က အရှိန်အဟုန်နဲ့ ဖြတ်ကျော်သွားပြီး ဆယ်နှစ်လောက်အတွင်းမှာ စီးပွားရေးတိုးတက်သွားတယ်။ ပစ္စည်းအရည်အသွေးတွေလည်း တက်လာတယ်။

၁၉၅၀ ခုနှစ်လောက်မှာ အိန္ဒိယဝန်ကြီးချုပ် ဂျဝါဟာလာနေရူးက ရင်းနှီးမြှုပ်နှံသူတွေကို လွတ်လွတ်လပ်လပ်ခွင့်ပြုပြီး စီးပွားရေးထူမတ်အောင်လုပ်ခဲ့တယ်။ ဒါပေမယ့် ၁၉၆၀ ခုနှစ်များမှာကျတော့ 'အင်ဒီရာဂန္ဒီ' အစိုးရက ပုဂ္ဂလိကလုပ်ငန်းတွေကို ချုပ်ခြယ်ကန့်သတ်တဲ့ အမိန့်မျိုးကို ထုတ်ခဲ့လို့ စီးပွားရေးဦးကျိုးခဲ့တယ်။ လောလောဆယ် အိန္ဒိယဂျီဒီပီက တရုတ်ထက် တစ်ဝက်နည်းနေတယ်။ ဒါတောင်မှ အိန္ဒိယက ကမ္ဘာ့အကြီးဆုံး စီးပွားရေးမှာ သတ္တမလိုက်နေတယ်။ ၂၀၀၃ ကစပြီး ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးနေတယ်။ အိန္ဒိယက တစ်ခုကံကောင်းတာက သူ့မှာ အသက်ပိုငယ်ပြီး လူဦးရေတိုးနှုန်းလည်း ပိုမြန်တယ်။ ဒါကြောင့် ရေရှည်မှာ သူက တရုတ်ကို ကျော်သွားနိုင်တယ်။ အိန္ဒိယစီးပွားရေးက တိုးလာတော့ အရှေ့တောင်အာရှက အစိုးရတွေ (မလေးရှား၊ စင်ကာပူ၊ ထိုင်း)တွေက အိန္ဒိယကို ပိုချဉ်းကပ်လာကြတယ်။ တရုတ်ကို ချိန်ခွင်ညှာမျှ ပထဝီနိုင်ငံရေးအင်အားတည်ဆောက်ဖို့ အားပေးကြတယ်။ တစ်ချိန်တည်းမှာပဲ အိန္ဒိယဒေသတွင်းက တခြားနိုင်ငံတွေနဲ့ ဆက်ဆံမှု ပိုမိုခိုင်မာအောင် ကြိုးပမ်းခဲ့တယ်။

တရုတ်က သူ့ထွက်ကုန်ရဲ့ လေးပုံတစ်ပုံကို ပြည်ပကိုရောင်းချတယ်။ အဲဒီအထဲက ငါးပုံသုံးပုံကို ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယားနဲ့ အာဆီယံနိုင်ငံတွေကို ပို့တယ်။ ဥရောပနဲ့ အမေရိကန်ကိုတော့ စက်ပစ္စည်းတွေ တပ်ဆင်တာ၊ ထုတ်ပိုးတာတွေ လုပ်အားခသက်သာလို့ လုပ်ပေးတယ်။

၂၀၀၉ ခုနှစ် ဖွန်လ ၁ ရက်နေ့က သမ္မတအိုဘားမားနဲ့ ဘဏ္ဍာရေးဝန်ကြီး 'တင်မသိဂိတ်သ်နာ' တရုတ်ပြည်ကို ရောက်လာခဲ့တယ်။ အိုဘားမား သမ္မတသက်တမ်း ရက် ၁၀၀ အတွင်း အိုဘားမားကက်ဘိနက်ဝန်ကြီးထဲက တရုတ်ပြည်ကို ဒုတိယမြောက်လာခဲ့သူပေါ့။ သူ့အရင်လာသူက နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်လေ။ သူရာထူးရပြီး တစ်လမပြည့်ခင် ဖေဖော်ဝါရီ ၂၁ ရက်က တရုတ်ပြည်ကို ရောက်ခဲ့တယ်။ ကလင်တန်လာတာက မြောက်ကိုရီးယားရဲ့ အဏုမြူစီမံကိန်းကို တရုတ်က ကြားဝင်ပြီး စေ့စပ်ညှိနှိုင်းပေးရဖို့ပဲ။ တရုတ်က အမေရိကန်ရဲ့ အကြီးဆုံးကြွေးရှင်ပဲ။ 'ဂိတ်သ်နာ' ပေကျင်းကိုလာတာက သူတို့ရဲ့ငွေကြေးတွေ ဘေးကင်းရန်ကင်းရှိစေဖို့ တရုတ်ဆီက အာမခံချက်လာတောင်းတာပဲ။

၂၀၀၇ ခုနှစ်မှာ 'အိန္ဒိယ-တရုတ်ညီလာခံ'ကို ဒေလီမှာ ကျင်းပတော့ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးရဲ့ အကြံပေးပုဂ္ဂိုလ် 'မိုဟန်ဂုရုဘွာမိ'က ၁၉၉၀ ခုနှစ်တွေက တရုတ်စီးပွားရေးဟာ ၉ ဒသမ ၇ ရာခိုင်နှုန်းတိုးပါတယ်။ အဲဒီတုန်းက အိန္ဒိယက ၅ ဒသမ ၉ ရာခိုင်နှုန်းပဲ တိုးသေးတယ်။ တရုတ်ကို မှီဖို့ နေနေသာသာ၊ နောက်မှာတောင် ကျန်ခဲ့တယ်လို့ ပြောတယ်။

လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က အိန္ဒိယနဲ့ တရုတ်ပြည်ကို ရောက်ဖူးသူတွေအနေနဲ့ အိန္ဒိယက တရုတ်ကို မီဖို့ဆိုတာ ဟာသလို့ပဲ ထင်ကြလိမ့်မယ်။ ၁၉၈၅ တုန်းက ပေကျင်းက တရုတ်အမျိုးသား၊ အမျိုးသမီးတွေရဲ့ တစ်ဝက်လောက်ဟာ ကော်လာ ထောင်ထောင်၊ ဘောင်းဘီပွပွ မော်စီတုံးခေတ်က ဝတ်စုံတွေဝတ်နေကြဆဲပဲ။ လေးပုံသုံးပုံက စက်ဘီးနဲ့ အလုပ်လာကြတယ်။ ဂျပန်ကား ခပ်နည်းနည်းပဲ အငှားယာဉ်အနေနဲ့သုံးဖို့ အစိုးရက ဝယ်ခွင့်ပြုထားတယ်။ အငှားကားမောင်းသမားတွေက ဝင်ငွေကောင်းတယ်။ နိုင်ငံပိုင်လုပ်ငန်းတွေက ညွှန်ကြားရေးမှူးလစာထက် သူတို့က ဝင်ငွေလေးဆ ပိုရတယ်။ အငှားကားယာဉ်မောင်းတွေက သမီးခပ်ချောချော ဘန်းပြပြီး

သားမက်ကောင်း ဖမ်းနိုင်တဲ့ ယောက္ခမတွေကြားမှ တော်တော်မျက်နှာပွင့်ကြတယ်။

အဲဒီတုန်းက ပေကျင်းမှာ ခေတ်မီဟိုတယ်တွေဆောက်ပြီး တည်းခိုခကတော့ သိပ်ကိုဈေးကြီးတယ်။ လေအေးပေးစက်တောင် ညဘက်ကျမှပဲ ဖွင့်တတ်ကြတယ်။ ဟိုတယ်တွေမှာ စားပွဲတစ်လုံးကို စားပွဲထိုးနှစ်ယောက်က တာဝန်ယူလုပ်လေ့ရှိတယ်။ အဲဒီအချိန်မှာ အလုပ်မရှိတဲ့လူတော်တော်များများက တစ်နေကုန်ဘေးမှာ ထိုင်စောင့်ပြီး လူလိုရင်ချက်ချင်းဝင်လုပ်ကြရတယ်။ ခရီးသည်တင် ဘတ်စ်ကားသိပ်နည်းတယ်။ မီးပွိုင့်လည်း မရှိသေးဘူး။ ဒါပေမယ့် လမ်းမှာကားတိုက်သေတဲ့ နှုန်းက သိပ်များတယ်။ လမ်းဆုံလမ်းခွဆိုရင် မထိန်းနိုင်မသိမ်းနိုင်ဘဲ တိုက်ကြတာများတယ်။ အလုပ်သမားကျင့်ဝတ်ဆိုတာ ဘာတစ်ခုမှ နားမလည်ကြဘူး။ ပေကျင်းက 'မဟာတံတိုင်း ရှရီတန်ဟိုတယ်'ဆိုတာ ပထမဆုံးနိုင်ငံခြားအပိုင်ဟိုတယ်။ ပိုင်ရှင်တွေက နိုင်ငံပိုင်စက်ရုံက အလုပ်သမားဆိုရင် မငှားဖူးလို့ ကြော်ငြာထားတယ်။

အခု တရုတ်ပြည်ရောက်တဲ့သူကို ဒါတွေပြောပြရင် တကယ့်ယုံတမ်းစကားပဲ။ ဥရောပနဲ့ အမေရိကန်ထက် ကောင်းတဲ့လမ်းတွေ၊ အဆောက်အဦတွေ၊ ကားတွေက နိုင်ငံအနှံ့ပဲ။ စင်ကာပူ၊ ကွာလာလမ်ပူ၊ ဆစ်ဒနီ၊ မယ်လ်ဘန်းက မိုးမျှော်တိုက်တွေထက် ပိုကြီးပိုမြင့်ပိုလှတဲ့ အဆောက်အဦတွေ တရုတ်ပြည်နေရာအနှံ့မှာ တွေ့ရမယ်။ ၁၉၉၅ ခုနှစ်တုန်းက ရှန်ဟဲရဲ့ အရှေ့နားက 'ပုတုံး'ရပ်ကွက်ဆိုရင် လွင်ထီးခေါင်သာသာပဲ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီသုံးခုက ကုမ္ပဏီစဖွင့်တာ။ ခုတော့ စည်ကားသလားမမေးနဲ့တော့။ လေဆိပ်ကနေ မြို့ထဲကို ကမ္ဘာ့တစ်ခုတည်းသော သံလိုက်ရထားနဲ့ ပြေးဆွဲပေးနေလေရဲ့။ 'ပုတုံး'ရဲ့ ကွန်တိန်နာဆိပ်ကမ်းဟာ 'ကွန်တိန်နာမြို့'လို့တောင် တင်စားခေါ်လို့ရမယ်။ ဧရာမ ကွန်တိန်နာတွေက ခုနစ်ထပ်၊ ရှစ်ထပ်တိုက်လောက်နီးပါးလောက်ထိ မြင့်လိမ့်မယ်။ 'ပုတုံး'က 'ရှန်ဟဲ'ကို ဆက်တဲ့တံတားဆိုရင် ခေတ်သစ် အင်ဂျင်နီယာလက်ရာနဲ့ သိပ်ကို ကျက်သရေရှိလှတယ်။

ရှန်ဟဲက ခေတ်သစ်တရုတ်ပြည်ရဲ့ သင်္ဘောဆိုရင် ပေကျင်း၊ တီယန်ဂျင်၊ ကွမ်ကျိုးစတဲ့ မြို့တွေကလည်း ခေတ်မီတာ နောက်ကျ မကျန်ခဲ့ကြဘူး။ ဒီမြို့တွေမှာ သွားလာနေတဲ့ သူတွေဆိုရင် ကမ္ဘာပေါ်မှာ ဈေးအကြီးဆုံး ကောင်းပေ့ဆိုတဲ့ ဝတ်ကောင်းစားလှတွေ ဝတ်တဲ့သူတွေချည်းပဲ။ လမ်းပေါ်မှာလည်း ဇိမ်ခံကားတွေ တန်းစီနေတယ်။ 'တရုတ်အမျိုးသား စာရင်းဇယားဗျူရို'ရဲ့ ခန့်မှန်းချက်အရဆိုရင် ဂျီဒီပီက ၁၉၇၈ ကစပြီး တစ်နှစ်ကို ၉ ဒသမ ၅ ရာခိုင်နှုန်းတိုးနေလေရဲ့။ တစ်ဦးချင်းဝင်ငွေ ၂၀၀၆ ခုနှစ်မှာ ဒေါ်လာ ၁၅၁ ကနေ ဒေါ်လာ ၂၀၁၀ အထိ ၁၄ ဆ တိုးပါတယ်။ မြို့ပြကို လာနေတဲ့ လူဦးရေက ၁၈ ကနေ ၃၉ ရာခိုင်နှုန်းထိ တိုးလာတယ်။ ချမ်းသာတဲ့ လူလတ်တန်းစားတွေ အများကြီးပေါ်ထွန်းလာတယ်။ ၁၉၇၈ တုန်းက လူ ၂၀၀၀ မှာ ဖုန်းတစ်လုံးပဲရှိရာကနေ ၂၀၀၆ မှာ လူ ၁၀၀ မှာ ၉၈ ဦးက ဖုန်းကိုင်နိုင်ကြပြီ။ ၁၉၇၈ တုန်းက မိသားစု ၁၀၀၀ မှာ ရုပ်သံစက်တစ်လုံး။ ၂၀၀၆ ကျတော့ လူ ၁၀၀၀ မှာ ၉၆၀ က ရုပ်သံရှိနေကြပြီ။

ကမ္ဘာ့ဘဏ်ရဲ့ ကိုက်တံနဲ့တိုင်းရင် ဒီရာစုအစမှာတင် တရုတ်က လူပေါင်း သန်း ၁၀၀ ကို ဆင်းရဲတွင်းက ဆွဲထုတ်နိုင်ခဲ့ပြီ။ ဒီလိုနဲ့ တရုတ်က ကမ္ဘာ့စီးပွားရေးမှာ စတုတ္ထအကြီးဆုံး နိုင်ငံဖြစ်လာတယ်။ ဂျပန်လိုနိုင်ငံမျိုးတောင် ဒီလိုအဆင့်ဖြစ်ဖို့ အတော်ခက်သေးတယ်။

၁၉၉၁ အထိ အိန္ဒိယစီးပွားရေးက ခပ်နှေးနှေးပဲ။ ၂၀၀၃ အထိ အိန္ဒိယစီးပွားရေး ပြန်လည်ဆန်းသစ်လာမှုက သိပ်မဟုတ်သေးဘူး။ ၁၉၉၁ ဇွန်လမှာ အဲဒီတုန်းက ဘဏ္ဍာရေးဝန်ကြီးဖြစ်တဲ့ 'မန်းမိုဟန်ဆင်း'က သူ့ရဲ့ ဘတ်ဂျက်မိန့်ခွန်းမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ထည့်ပြောတယ်။ ဒါဟာ အိန္ဒိယရဲ့ ဆိုရှယ်လစ်အမိန့်ပေး စီးပွားရေးကဏ္ဍကို တစ်ခန်းရပ်ပေးလိုက်တာပဲ။ ၁၉၉၁-၉၂ နဲ့၊ ၂၀၀၂-၀၃ မှာ အိန္ဒိယစီးပွားရေးတိုးနှုန်းက ၆ ဒသမ ၂ ရာခိုင်နှုန်းရှိတယ်။ ၁၉၉၀ ခုနှစ်များ အလယ်ပိုင်းက ဂျပန်နဲ့ တောင်အာရှက ၇ ရာခိုင်နှုန်းတိုးခဲ့တယ်။ တရုတ်က ၁၉၇၈ နဲ့ ၁၉၉၅ မှာ ၉ ဒသမ ၅ ရာခိုင်နှုန်း တိုးခဲ့တယ်။

စီးပွားရေးပေါ်လစီပြောင်းပြီး ၂၀၀၃ ခုနှစ်နောက်ပိုင်းမှာ အိန္ဒိယ စီးပွားရေး တိုးတက်နှုန်းက တစ်နှစ်ကို ၉ ရာခိုင်နှုန်းတိုးလာတယ်။ အဲဒီကစပြီး တရုတ်ကို အမီလိုက်လာတာ ခုထိပဲ။

၂၀၀၆ မှာ တရုတ်နဲ့ ဂျီဒီပီတိုးတက်မှုနှုန်းက ၁၀ ဒသမ ၇ရာခိုင်နှုန်း ဖြစ်ပြီး အိန္ဒိယ ၉ ဒသမ ၂ ရာခိုင်နှုန်း ဖြစ်တယ်။ တရုတ်က သူ့ဂျီဒီပီရဲ့ ၄၂ ဒသမ ၅ ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံပြီး အိန္ဒိယက ၃၂ ဒသမ ၇ ရာခိုင်နှုန်းမြှုပ်နှံတယ်။ ဒါပေမယ့် အိန္ဒိယရင်းနှီးမြှုပ်နှံမှုက ပိုပြီးအကျိုးအမြတ်များတယ်။

၀

နောက်ဆက်တွဲ (ဆ)

## ယန်စီ၊ ဂင်္ဂါ နှင့် ဆရာဟိန်းလတ်

၁၄-၅-၂၀၀၁ ရက်က ငါးလုပ်ငန်းဦးစီးဌာန သီရိအတ္တာဝါခန်းမမှာ ကျင်းပတဲ့ ဆရာဟိန်းလတ်ရဲ့ 'ယန်စီနဲ့ ဂင်္ဂါ ကမ္ဘာကို လွှမ်းသောအခါ' ဆိုတဲ့ ဟောပြောပွဲကို ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ နေ့လယ် ၂ နာရီတိတိမှာ စမယ်လို့ထင်ရပေမယ့် နေ့လယ် ၂ နာရီခွဲလောက်မှာမှ စတင်ဖြစ်ခဲ့ပါတယ်။ ဆရာဟိန်းလတ်ကိုယ်တိုင် ၂ နာရီကျော်မှ ရောက်လာခဲ့တာပါ။ SUN MYANMAR CO., LTD က စပွန်ဆာပေးတယ်လို့ သိရပါတယ်။ ဘာကိုစပွန်ဆာပေးလဲတော့ မသိပါ။ အဝင်ဝမှာတော့ ကော်ဖီတစ်ခွက်သောက်ခဲ့ရပါတယ်။ အစီအစဉ်တင်ဆက်သူက ငါးလုပ်ငန်းဦးစီးဌာနက ဝန်ထမ်းထင်ပါတယ်။ သူပြောတာလည်း သူတို့ငါးလုပ်ငန်းက တာဝန်ယူတင်ဆက်တယ်လို့ပဲ ပြောနေတာပါ။ ထားလိုက်ပါတော့ အဲဒီစပွန်ဆာကိစ္စ။ တက်ရောက်လာတဲ့ လူအင်အားက ၈၀ နဲ့ ၁၀၀ ကြားမှာရှိမှာပါ။ များသောအားဖြင့် လူကြီးပိုင်းနဲ့ လူလတ်ပိုင်းတွေများပါတယ်။ လူငယ်ပိုင်းကတော့ သတင်းသမားတွေလောက်ပဲ တွေ့ရပါတယ်။ အရေးထဲ ဘယ်ဂျာနယ်တိုက်က လူငယ်သတင်းထောက်လဲ မသိ။ ဟိုလူ့ကိုလိုက်မေး ဒီလူကို လိုက်မေးနဲ့ တွေ့လိုက်ပါသေးတယ်။ လူကြီးတွေ ခများလည်း သူ့မေးတာတွေကို ဖြေချင်ပုံမရပါဘူး။ လူကြီးတစ်ယောက်ဆိုရင် မဖြေချင်လို့ ရှေ့ကိုထွက်ပြေးသွားတာလည်း တွေ့လိုက်ပါတယ်။ MRTV-4 ကလည်း သတင်းလာယူတာ တွေ့လိုက်ပါတယ်။ ၂ နာရီခွဲလောက်မှာ

တော့ အစီအစဉ်တင်ဆက်သူက ဆရာဟိန်းလတ်ကို ပရိသတ်နဲ့ မိတ်ဆက်ပေးပြီးနောက် ဆရာဟိန်းလတ်စတင်ဟောပြောပါတယ်။

ယန်စီဆိုတာက တရုတ်နိုင်ငံရဲ့ မြစ်ကြီးပါ ဂင်္ဂါဆိုတာကတော့ အိန္ဒိယနိုင်ငံရဲ့ မြစ်ကြီးဖြစ် ပါတယ်။ ဆရာဟိန်းလတ်က ယန်စီကို တရုတ်လို့ တင်စား၊ ဂင်္ဂါကို အိန္ဒိယလို တင်စားလိုက်တာပါ။ တရုတ်နိုင်ငံဟာ အခုဆိုရင် လူဦးရေ သန်းပေါင်း ၁၃၀၀ ကျော်ရှိပါသတဲ့၊ အိန္ဒိယကတော့ လူဦးရေသန်း ၁၂၀၀ လောက်ရှိနေပါပြီ။ သူတို့နှစ်နိုင်ငံကြားမှာရှိတဲ့ ကျွန်တော်ကို မြန်မာနိုင်ငံကတော့ သန်းပေါင်း ၆၀ ကျော်ရုံလေးပဲရှိပါသေးသတဲ့။ အဲဒီတော့ ဒီနှစ်နိုင်ငံ အင်အားကြီးထွားလာခြင်းဟာ ကျွန်တော်ကို နိုင်ငံလေးအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေ များရှိနိုင်ပါသလဲ၊ တွေးကြည့်စရာလေးတွေတော့ ဖြစ်လာပါပြီ။ ဆရာဟိန်းလတ်က နိုင်ငံတစ်ခုကို နိုင်ငံရဲ့ ခနဉစ္စာ၊ ပြည်သူတွေရဲ့ ခနဉစ္စာ၊ နိုင်ငံတကာမှာရပ်တည်မှု စသည် စသည်ဖြင့် တိုင်းတာနိုင်ပါသတဲ့။ ကျွန်တော့် အမြင်ကတော့ ကျွန်တော်တို့ နိုင်ငံက အဲဒီ သုံးချက်ထဲမှာတစ်ခုနဲ့တော့ ပြည့်စုံပါတယ်။ နိုင်ငံရဲ့ ခနဉစ္စာဆိုတဲ့ အချက်ပေါ့ဗျာ။ နိုင်ငံ ဘယ်လောက်ချမ်းသာလဲ မချမ်းသာလဲတော့ မသိဘူး။ မန်ယူကို ဝယ်မယ်ဆိုတဲ့ ဗိုလ်ချုပ်နဲ့ ထိုင်းက အပန်းဖြေကျွန်းက ဂရန်နဲ့ ငှားတဲ့ ဗိုလ်ချုပ်နဲ့ ကဲ နိုင်ငံ မကြွယ်ဝဘူးလား။

ပြည်သူတို့ရဲ့ ခနဉစ္စာကတော့ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ဝတ်ကောင်းစားလှ ဖုန်းတဝှမ်ဝှမ် ကားတဝီဝီနဲ့ လူတန်းစားက ရန်ကုန်မြို့လယ်တဝိုက်နဲ့ မန္တလေးမြို့စွန်နည်းနည်းမှာပဲ ရှိတာပါ။ ဘာလို့ မြို့စွန်လို့ပြောရလဲဆိုတော့ မန္တလေးမြို့လယ်မှာ မြန်မာတွေ မရှိကြသလောက်ဖြစ်နေလို့ပါ။ မန္တလေးမြို့လယ် ရွှေဆိုင်တန်းမှာ ဆရာဟိန်းလတ်စကားနဲ့ပြောရင် ယန်စီတွေကြီးပဲ၊ တရုတ်တွေကြီးပဲလို့ ပြောတာပါ။ နိုင်ငံတကာရပ်တည်မှုမှာလည်း ဆရာဟိန်းလတ်ရဲ့ စကားလေးကိုပဲ ပြန်ကောက်ပါရစေ။ နိုင်ငံရပ်ခြားမှာ ဆရာဟိန်းလတ် စာသွားသင်တော့ ကင်ညာနိုင်ငံသူနဲ့ အစ္စရေးနိုင်ငံသားက ဆရာ့ကို မေးပါသတဲ့။ ဘယ်နိုင်ငံကလဲပေါ့။ ဆရာဟိန်းလတ်က မြန်မာလို့ဖြေပါသတဲ့။ မသိဘူးလို့ ခေါင်းယမ်းပြပါတယ်။ အဲဒါနဲ့ ဆရာက ဘားမားဆိုရင်တော့ သိလောက်တယ်ထင်ပြီး ဘားမားလို့ ပြော

လိုက်ပါသတဲ့။ အဲဒါလည်း သူတို့မသိပါဘူး။ ဒါနဲ့ ကမ္ဘာမြေပုံကို ရှာပြီး တရုတ်နဲ့ အိန္ဒိယကြားကိုထောက်ပြမှ အော် အဲ့လို နိုင်ငံလည်းရှိလားလို့ မေးပါသတဲ့။ ကင်ညာနိုင်ငံသူက ထပ်မေးလိုက်တယ်ဆိုပဲ။ မင်းတို့နိုင်ငံမှာ ကားရောရှိရဲ့လားဆိုပြီး။ ဆရာဟိန်းလတ်က ဟာသသဘောနဲ့ ခပ်ပေါ့ပေါ့ ပြောသွားပေမယ့် ကျွန်တော့်ရင်တွေ တဆစ်ဆစ်နာပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ နိုင်ငံတကာရဲ့ အမေ့ခံ မဖြစ်သင့်ဘူးမလား။ အာဖရိကနိုင်ငံသူ ကတောင် ကျွန်တော်တို့ကို ကားတောင်မရှိတဲ့ တောနိုင်ငံလို့ ထင်နေပုံရ တယ်။ ဆရာက အစ္စရေးမှာနေခဲ့တုန်းက အတွေ့အကြုံလေးတွေကိုလည်း ပြောပြသွားပါတယ်။ အစ္စရေးမှာ ဟိုတယ်ကြီးတွေ ညစာစားပွဲတွေ လုပ်ပေး ပေမယ့် ရေကိုတော့ ကိုယ့်ဟာကို ဝယ်သောက်ရပါသတဲ့။ ရေတစ်ဗူးကို ငါးဒေါ်လာတောင် ဆိုပြန်တော့ မနည်းဘူးပေါ့။ သူတို့ရဲ့ ရည်ရွယ်ချက်က တော့ ရေရဲ့ တန်ဖိုးကို သိအောင်လို့ဆိုပါတယ်။ ဖြစ်တော့ ဖြစ်သင့်ပါတယ်။

အစ္စရေးနိုင်ငံက သဲကန္တာရမှာ တည်ထားတာမဟုတ်လား။ ဒါပေမယ့် သူတို့ရဲ့ ရေသန့်တွေက တကယ်သန့်စင်တဲ့ PH7 တွေပါ။ မြန်မာနိုင်ငံ မှာတော့ ရေသန့်တွေရဲ့ ၄၀ ရာခိုင်နှုန်းဟာ PH7 အဆင့်မရောက်ဘူးလို့ အိုင်အန်ဂျီအို စစ်တမ်းတစ်ခုမှာ ဖတ်လိုက်ရပါတယ်။ ရေဟာ နောင်နှစ် ၃၀ မှ ၅၀ အတွင်းမှာ ကမ္ဘာ့အခြားပါးဆုံးသယံဇာတ ဖြစ်လာမှာပါ။ လူသားတွေဟာ ရေကြောင့် တိုက်ပွဲတွေဖြစ်လာကြပါလိမ့်မယ်။ ရေနံကြောင့် လူ့အခွင့်အရေးကိုအကြောင်းပြပြီး အမေရိကန်က အီရတ်ကိုဝင်တိုက်သလို ပေါ့ဗျာ။ နောင်နှစ် ၅၀ အတွင်း ရေတိုက်ပွဲတွေကို မြင်ကြရတော့မှာပါ။ အဲဒီအချိန် ကမ္ဘာ့ လူသန်း ၅၀၀ လောက်ဟာလည်း ရေငတ်သေဆုံးဖို့ရှိ ပါတယ်။ ရေကတော့ ရှိနေဦးမှာပေမယ့် သောက်လို့ရတဲ့ သန့်စင်သောရေ အင်မတန် ရှားပါးသွားပါလိမ့်မယ်လို့ ဆရာဟိန်းလတ်က ဟောပြောသွား ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ဆင်းရဲ ချမ်းသာခြင်းအကြောင်းရင်းဟာ အဲ့ဒီနိုင်ငံ ရဲ့ စာတတ်မြောက်မှုနဲ့လည်း ဆိုင်ပါသတဲ့။ အဲဒီစာတတ်မြောက်မှုနဲ့ ပတ် သက်ပြီးတော့လည်း ဆရာက ဟာသလေးပြောပြသွားပါတယ်။ မြန်မာနိုင်ငံ မှာ စာတတ်မြောက်ရေး လုပ်အားပေးတွေ လုပ်ခဲ့ကြ၊ ဆောင်ရွက်ခဲ့ကြဖူး

တာ အားလုံးမှတ်မိကြမှာပါ။ အသုံးလုံးအဖွဲ့တွေဟာ ဆရာ၊ ဆရာမတွေ၊ တက္ကသိုလ်ကျောင်းသားတွေ စုပေါင်းပြီး ရွာဘက်တွေအထိဆင်း စာမတတ်တဲ့ ဦးကြီး၊ ဒေါ်ကြီးတွေကို စေတနာ့ဝန်ထမ်း စာလိုက်သင်ပေးခဲ့ကြတာပါ။ လုပ်ငန်းစတင်ပြီး နှစ်နှစ်အတွင်းမှာ မြန်မာနိုင်ငံမှာ စာတတ်မြောက်သူ တစ်ရာမှ ကိုးဆယ့်ခြောက်လောက်ထိ တိုးတက်လာခဲ့ပါတယ်။ အဲဒီ့အချိန်မှာပဲ အခုအမေရိကန်သိမ်းထားတဲ့ အီရတ်နိုင်ငံ ရှားဘုရင်က ကမ္ဘာတစ်ဝန်းက စာတတ်မြောက်မှု အများဆုံးနိုင်ငံကို ဆုပေးမယ်ဆိုတော့ မြန်မာနိုင်ငံက တာဝန်ရှိသူတွေက မြန်မာနိုင်ငံမှာ စာတတ်မြောက်သူ အဲဒီလောက်ထိ ရှိပါတယ်ဆိုပြီး ကိန်းဂဏန်းတွေနဲ့ တင်တော့ ရှားဘုရင်ဆုကို ရရှိခဲ့ပါတယ်။ တော်တယ်ပေါ့ နှစ်နှစ်အတွင်း စာမတတ်သူ ပပျောက်သလောက်ရှိသွားတယ်ပေါ့။ ဆုဖလားနဲ့ ငွေသားကို မြန်မာနိုင်ငံကိုယူလာ။ ဒီက အစိုးရလူတွေ ကြိုဆိုကြနဲ့ နောက်တစ်နှစ်ကျော်ကြာသွားတော့ ကမ္ဘာ့ဘဏ်က ကြေညာချက်တစ်ခု ထုတ်ပြန်ပါတယ်။ LDC နိုင်ငံတွေထဲက စာတတ်မြောက်မှုနည်းတဲ့ နိုင်ငံတွေကို ကမ္ဘာ့ဘဏ်က အကြွေးတွေကို လျှော်ပစ်ပါမယ်တဲ့။ အဲဒီတော့ ရွှေမြန်မာတွေလည်း ထွေးပြီပေါ့။ ငါတို့မှာလည်း ပေးစရာတွေ တစ်ပုံတစ်ပင်ရှိတယ်။ အကြွေးတွေ လျှော်ပစ်မယ်ဆိုတော့ မဆိုးဘူးဟ ဆိုပြီး စာတတ်မြောက်မှု နည်းပါးတဲ့ နိုင်ငံဆိုပြီး ကမ္ဘာ့ဘဏ်ကို တင်ပြပါသတဲ့။ အဲဒီတော့ ကမ္ဘာ့ဘဏ်က တာဝန်ရှိသူတွေက ဟ မင်းတို့ဟာက မဟုတ်သေးပါဘူး။ မင်းတို့နိုင်ငံမှာ စာမတတ်တဲ့လူ နည်းတယ်ဆိုပြီး ရှားဘုရင်ဆုကိုတောင် ရခဲ့သေးတာပဲလို့ ဆိုတော့ အင်မတန်တော်တဲ့ မြန်မာ တာဝန်ရှိသူတွေက ဟုတ်ကဲ့ပါ ခင်ဗျာ။ ဒါပေမယ့် တစ်နှစ်ကျော်လောက်ကြာတော့ စာတတ်တဲ့သူတွေလည်း မေ့ကုန်ပါပြီလို့ ပြန်ဖြေပါသတဲ့ ခင်ဗျား။

၀

၁၉၇၅ မတိုင်မီက တရုတ်ပြည်ဟာ အင်မတန် ဆင်းရဲပါတယ်။ တရုတ်ပြည် ဘယ်လောက်ဆင်းရဲလဲဆိုရင် မြန်မာလူမျိုးတော်တော်များများ အံ့သြသွားပါလိမ့်မယ်။ ၁၉၇၅ မတိုင်မီ မော်စီတုံးရဲ့ တရုတ်ပြည်သူပြည်သား သန်း ၆၀၀ မှာ ၅၉၀ သန်းလောက်ဟာ တစ်နှစ်ပတ်လုံးလောက်မှာမှ တစ်ခါ နှစ်ခါလောက်မျှသာ အသားစားနိုင်ကြပါတယ်။ အသားစားနိုင်တဲ့ အချိန်ကလည်း တရုတ်နှစ်သစ်ကူးပွဲတော်အချိန် ဖြစ်ပါသတဲ့။

ကျန်တဲ့အချိန်မှာတော့ အသီးအရွက်ပေါက်စီတွေ၊ ဂျုံခေါက်ဆွဲတွေ စားနေကြခဲ့ရတာပါ။ မော်စီတုံးကိုယ်တိုင်တောင်မှ တစ်နှစ်ပတ်လုံးမှာ အသားတစ်ခါပဲ စားပါသတဲ့။ ပိုက်ဆံမရှိလို့တော့ ဟုတ်ပုံမရပါဘူး။ သူ့ပြည်သားတွေ ငတ်နေတဲ့အချိန်မှာ သူလည်း မစားချင်လို့ နေပါလိမ့်မယ်။ ဒါကြောင့်လည်း ဥက္ကဋ္ဌကြီးမော်လို့ တရုတ်နီတွေ လေးစားနေကြတုန်းကိုးလို့ မှတ်ချက်ချမိပါတယ်။ ဒါကြောင့် မော်စီတုံးရဲ့ စကားဟာ သမိုင်းဝင်ခဲ့ပါတယ်။ မော်စီတုံးက အဲဒီအချိန်က ဘာပြောခဲ့လဲဆိုရင် တရုတ်ပြည်ရဲ့ ပန်းတိုင်ဆိုတာ 'တရုတ်ပြည်သူများ အသားစားချင်စိတ်ရှိတဲ့အခါ အသားစားနိုင်ကြတဲ့နေ့ဟာ တရုတ်ပြည်ရဲ့ ပန်းတိုင်ရောက်ပြီ' လို့ ပြောခဲ့ပါတယ်။ အခုခေတ် တရုတ်တွေများ အသားစားရုံတင်မကပါဘူး။ ကောင်းပေ့ဆိုတဲ့ ဖိမ်ခံပစ္စည်းတွေ ညွှန့်ပေ့ဆိုတဲ့ အစားအစာတွေကို ကိုယ့်နိုင်ငံမှာသာမက သူများနိုင်ငံမှာပါ ပိုက်ဆံပစ်ပေးပြီး ပါးရိုက်စားနိုင်တဲ့ အဆင့်ရောက်နေပါပြီ။

ဆက်စပ်မိလို့ပြောရပါဦးမယ်။ ကျွန်တော် ရခိုင်ကို ၂၀၀၉ ခုနှစ်မှာ ရောက်ခဲ့ပါတယ်။ နေရာတိုင်းမှာ တရုတ်နဲ့ ကိုရီးယားတွေ တွေ့ရပါတယ်။ များသောအားဖြင့်တော့ တရုတ်တွေပေါ့။ တကယ့်ပညာတတ် တရုတ်တွေ

ကနေ အလုပ်သမားခေါင်းအဆင့် တရုတ်တွေအထိ တွေ့ခဲ့ပါတယ်။ သူတို့ကတော့ သူတို့ကို သူတို့ တက်ခ်ကနေရှင်လို့ ခေါ်တာပေါ့လေ။ ကျွန်တော်မြင်တာကတော့ ဈေးကြီးတဲ့အလုပ်သမားခေါင်းပေါ့။ သူတို့ဟာ ကျောက်ဖြူရေနက်ဆိပ်ကမ်းအတွက် ရောက်နေခဲ့ကြတာပါ။ ကျောက်ဖြူမြို့နယ်နဲ့ ရမ်းဗြဲမြို့နယ်ပိုင် ကျွန်းတွေကိုလည်း ယန်စီတွေက ဂရန်ခံပြီး ဝယ်ယူထားပါတယ်။ ရေနက်ဆိပ်ကမ်းကိုလည်း သူတို့ဦးစီးပြီး ဆောက်ပါတယ်။ အောက်ခြေအလုပ်သမားတွေကတော့ ထုံးစံအတိုင်း ရွှေမြန်မာတွေပေါ့ဗျာ။ ရခိုင်နဲ့ ဗမာတွေ၊ မွန်တွေ၊ ကရင်တွေဟာ နေရာအမျိုးမျိုးမှာ တစ်ရက် ၃၀၀၀ ငွေကြေးအတွက် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ကြရပါတယ်။ ကိုယ့်နိုင်ငံမှာကိုယ်နေပြီး ကိုယ့်ရေမြေက သယံဇာတတွေကို ထုတ်ယူနေတဲ့နေရာမှာလည်း တိုင်းရင်းသားတွေဟာ နည်းအမျိုးမျိုးနဲ့ ၂၁ ရာစုကျွန်အသစ်တွေဖြစ်နေတာတွေ့ခဲ့ရပါတယ်။ ပတ်ဝန်းကျင်လည်း ပျက်စီးနေပါပြီ။ ရေနက်ဆိပ်ကမ်းက အလုပ်ဖြစ်လာ မဖြစ်လားတော့မသိဘူး။ အဲဒီ တစ်ဝိုက်မှာဘာငါးမှ မရှိတော့ပါဘူး။ ဘယ်ရှိတော့မလဲခင်ဗျာ ယန်စီတွေက သင်္ဘောအဆန်းတွေနဲ့ ရေအောက်အနက်ကို တူးဖော်နေကြတယ်လို့ ဆိုပါတယ်။ ဘာတွေ တူးဖော်နေလည်းဆိုတာတော့ မသိခဲ့ရပါဘူး။ မနက်ဈေးမှာလည်း တရုတ်လုပ်ငန်းရှင် အမျိုးမျိုးဟာ ခြင်းတောင်းကြီးငယ်နဲ့ ရောက်ချလာပြီး တွေ့သမျှ လက်ညှိုးထိုးဝယ်ပါတယ်။ ဝယ်နိုင်မှာပေါ့ တရုတ်ယွမ်ငွေနဲ့ မြန်မာကျပ်ငွေက ဖောင်းပွမှုနှုန်း ကွာဟနေတာကိုး။ တရုတ်ငွေ နည်းနည်းကို မြန်မာငွေနဲ့သာလဲလိုက် ပီနံအိတ်နဲ့ ထုတ်ယူရတယ်လို့ ငါးနဲ့ ပုဇွန်ဒိုင်ဖွင့်ထားတဲ့ မစ္စတာ ရှောင်ကီချွမ်းခေါ် ပေါက်ဖော်ကြီးက ပြောပြပါတယ်။ သူက ယူနန်ကလာပြီး ကျောက်ဖြူမှာ စီးပွားရေးလာလုပ်နေတာပါ။ ရခိုင်တိုင်းရင်းသူ မြသန္တာကို ယူထားတာပါ။ မမြသန္တာဟာ အတော်ချောတဲ့ညိုချောတိုင်းရင်းသူပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံသူ ဘယ်နှစ်ယောက်များ တရုတ်မယား၊ ကုလားမယားတွေ ဖြစ်ကုန်ပြီလည်းလို့ တွေးမိပါတယ်။ ကျောက်ဖြူမှာ အခုခေတ်စားနေပါသေးတယ်။ ဘာတဲ့ အငှားမယားတဲ့ ခင်ဗျာ။ ဆင်းရဲတဲ့ လိပ်ခမော် ဂုံးချိန်ရွာဘက်က တောသူလေးတွေဟာ တစ်လကို ၂ သိန်းကျပ်

နဲ့ ယန်စီကြီးတွေဆီမှာ အငှားမယားလုပ်ကြရတယ်လို့ ဆိုပါတယ်။ များသော အားဖြင့်တော့ မြို့ပေါ်မှာပဲ တရုတ်ကြီးတွေက အိပ်ခန်းငှားပေးထားပါတယ်။ ဒါကတော့ အင်ဂျင်နီယာ ယန်စီကြီးတွေပါ။ အလုပ်သမားခေါင်းယန်စီတွေ ကတော့ မြို့စွန်က ဟိုဟာလုပ်စားတဲ့အိမ်မှာ တန်းစီနေကြတာလည်း တွေ့ခဲ့ ရပါတယ်။ တကယ်မျိုးချစ်စိတ်ရှိပါတယ်။ မျိုးရိုးကို စောင့်ထိန်းပါတယ်ဆို တဲ့ ရခိုင်လူမျိုးတောင် နောက်ဆုံးတော့ ဆင်းရဲတဲ့ဒဏ်၊ ကျပ်တည်းတဲ့ဒဏ် တွေ မခံနိုင်ဘဲ ဒီလိုအဖြစ်မျိုးတွေ ကြုံတွေ့ခဲ့ရပါတယ်။ တရုတ်တွေဟာ မြန်မာနိုင်ငံမှာ အဲဒီလို မင်းမူနေတဲ့ အဆင့်ကိုရောက်နေကြပါပြီ။

ဒါဟာ မော်စီတုံးကြောင့်တော့ မဟုတ်ပါဘူး။ နိုင်ငံရေးသုခမိန် တိန့်ရှောက်ဖိန်လို့ခေါ်တဲ့ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်နဲ့ နောက်ဆက်ခံ တဲ့ တရုတ်သွေးသစ်ခေါင်းဆောင်တွေကြောင့် ယန်စီတွေ အခုလိုမော်ကြွားနိုင် တဲ့ အဆင့်ကိုရောက်ခဲ့ကြတာပါ။ တိန့်ရှောက်ဖိန်ဟာ ငတ်ပြတ်နေတဲ့နိုင်ငံကို ခုန်ပျံကျော်လွှားပေါ်လစီတွေ။ အခြားလမ်းစဉ်တွေချမှတ်ပြီး ပြောင်းလဲရေးကို စတင်လုပ်ဆောင်ခဲ့တယ်လို့ ဆရာဟိန်းလတ်က ဆိုပါတယ်။တိန့်ရှောက်ဖိန် က ဒီလိုကြွေးကြော်ခဲ့ပါသတဲ့ 'ကြောင်ဆိုတာ ဖြူဖြူ မဲမဲ ကြွက်ခုတ်ဖို့သာ အဓိကပဲ'။ ဆိုလိုရင်းကတော့ အရင်းရှင် ဒီမိုကရေစီစနစ်ဖြစ်ဖြစ်၊ ကွန်မြူနစ် စနစ်ဖြစ်ဖြစ် နိုင်ငံကြီးထွားချမ်းသာဖို့ အဓိကပဲလို့ ဆိုလိုချင်ခဲ့တာပါ။ တိန့်ရှောက်ဖိန်ဟာ တံခါးပိတ်ဝါဒကျင့်သုံးတဲ့ တရုတ်ပြည်ကို တံခါးဖွင့် ခဲ့တာပါ။ တံခါးဖွင့်လိုက်ရင်တော့ အလင်းရောင် ကောင်းကောင်းရမှာပဲ။ လေကောင်းလေသန့် ကောင်းကောင်းရမှာပဲ။

ထို့အတူ ဖုန်တွေဝင်လာနိုင်တာပဲ။ ယင်တွေ ခြင်တွေ ဝင်လာနိုင် တာပဲ။ ဖုန်ဝင်လာရင် သန့်ရှင်းရေးလုပ်ပေါ့။ ယင်ဝင်လာရင် အုပ်ဆောင်း တို့ ဇကာတို့ သုံးပေါ့လို့ ပြောခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ ဖုန်ဝင်လာရင် သန့်ရှင်းရေးလုပ်ရမယ့် အစိုးရက အင်မတန်အလုပ်များနေ တဲ့အတွက် မအားပါဘူး။ ယင်ဝင်လာရင် အုပ်ဆောင်းအုပ်ရမယ့် လဝက တို့ ကပ်စတန်တို့က အုပ်ဆောင်းကို အခကြေးငွေနဲ့ ဖွင့်ပေးနေပါတယ်။ ကောင်းတယ် မဟုတ်လား။ ရွှေမြန်မာတို့ရေ။ သမိုင်းအစဉ်အလာရှိခဲ့တဲ့ မြန်မာတွေဟာ အခုတော့ အနိုင်ကျင့်ချင်စရာ လူမျိုးအဖြစ်သို့ ရောက်နေပါ

ပြီ။ အားကိုးစရာမဲ့နေတဲ့ မိဘမဲ့ကလေးလို ဖြစ်နေပါပြီ။ ဦးနုလက်ထက်ကလည်း တရုတ်နီတွေကို မြို့သုံးမြို့ပေးခဲ့ရပါသေးတယ်။ နယ်နိမိတ်ကိစ္စအချင်းများတဲ့ကိစ္စနဲ့ပေါ့။ ဒါတောင် ကျွန်တော်တို့ရဲ့ အစိုးရဆိုတဲ့ ပုဂ္ဂိုလ်တွေက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားရေးတွေ ဘာတွေ အသံကောင်းဟစ်နေပါသေးတယ်။ အခုထိ အလောင်းမင်းတရားတို့ရဲ့ အမွေကို ဆက်ခံသောတပ်မတော်တို့ ဘာလို့လုပ်နေပါသေးတယ်။ ထိုင်းကို နိုင်ခဲ့တာကိုဂုဏ်ယူနေတုန်းပါ။ လက်ရှိအခြေအနေမှာတော့ ထိုင်းလုပ်သမျှ ခံနေရတာကို လူကြားအောင် မအော်ရဲပါဘူး။ အင်္ဂလိပ်တွေ မြန်မာကို သိမ်းတာကျတော့ အင်္ဂလိပ်နယ်ချဲ့လေးဘာလေးနဲ့ မြန်မာတွေ ထိုင်းကို သိမ်းတာကျတော့ မြန်မာနယ်ချဲ့လို့ မပြောပါဘူး။

ဘုန်းလက်ရုံးဆန့်တန်းပါသတဲ့။ ရယ်ပဲ ရယ်ရသေးတော့။ ဒါတွေကို ဆရာဟိန်းလတ် ထောက်ပြမှ ကျွန်တော်လည်း သတိထားမိပါတော့တယ်။ တကယ်တော့ နယ်ချဲ့တွေ၊ ကြားနေထား၊ နိုင်ငံတစ်နိုင်ငံဟာ သူ့အင်အားပြည့်အောင် အမြဲ အရံသင့်ရှိနေရမှာပါ။ စီးပွားရေးရော စစ်ရေးရောပေါ့။ ပြည်သူတွေကို တုတ်နဲ့ရိုက်သတ်ဖို့၊ ဂျီသရီးသေနတ်နဲ့ နားထင်ကို အနီးကပ်ပစ်သတ်တဲ့ စစ်တပ်ကို ပြောတာမဟုတ်ရပါဘူးခင်ဗျာ။ နိုင်ငံကြီးတွေက ကျူးကျော်အတွက် တော်တော်သတိထားရမယ့် အခြေအနေပါ။ ဘေးနှစ်နိုင်ငံဟာ အရှိန်အဟုန်နဲ့ တိုးတက်နေပါပြီ။ ကျွန်တော်တို့အတွက် အကောင်းတွေရော အဆိုးတွေရော ကြုံတွေ့နိုင်ပါတယ်။ တရုတ်ဟာ ၂၀၁၀ ခုနှစ်မှာ တစ်နှစ်ပျမ်းမျှ တရုတ်နိုင်ငံသားတစ်ယောက်ရဲ့ ဝင်ငွေဟာ ၂၀၁၀ ဒေါ်လာရှိပါသတဲ့။ အိန္ဒိယနိုင်ငံသားတစ်ယောက်ရဲ့ ဝင်ငွေကတော့ ၈၀၀ ဒေါ်လာရှိပါသတဲ့။ ဒါက ပျမ်းမျှကိုပြောတာနော်။ ၂၀၁၀ ဒေါ်လာဆိုတော့ တစ်လကို အနည်းဆုံးတော့ နှစ်သိန်းလောက်တော့ ရှိမှာပါ။ အိန္ဒိယဟာလည်း တစ်သိန်းလောက် ရှိပါတယ်။

ဒါတောင် အိန္ဒိယဟာ အခုမှ ကြီးထွားကာစပဲ ရှိပါတယ်။ တရုတ်ဟာ ၂၀၂၀ မှာ တစ်နှစ်ပျမ်းမျှငွေ ၁၃၀၀၀ ဒေါ်လာလောက်ဝင်မှာပါ။ ဒါကြောင့် ဆရာဟိန်းလတ်က နောက်ဆယ်စုနှစ် သုံးခုအတွင်း တရုတ်ဟာ

ကမ္ဘာကို အုပ်စိုးမယ်လို့ မှတ်ချက်ပေးခဲ့ပါတယ်။ ဆရာဟိန်းလတ်ရဲ့ အာဘော်အတိုင်းဆိုရင်တော့ သိပ်မဝေးလှသော အနာဂတ်ပေါ့ ခင်ဗျာ။

တရုတ်ဘာကြောင့် ကြီးထွားလာရသလဲ။ အဲ့နောက်ကွယ်မှာ မြန်မာ ဘယ်လိုအကျိုးဆက်တွေ ရနိုင်လဲဆိုတာ ကျွန်တော်တို့ အင်မတန်လေ့လာဖို့ ကောင်းပါတယ်။ ကျွန်တော်တို့ မျိုးဆက်ဖြေရှင်းရမယ့် ပြဿနာတွေပါ။ ပထမဆုံးမေးခွန်းက ကွန်မြူနစ်နိုင်ငံ တရုတ်ဟာ ဘာကြောင့် အရင်းရှင် အမေရိကန်ထက်ပိုပြီး ချမ်းသာလာရတာလဲ။ တရုတ်ဟာ အခုလက်ရှိအခြေ အနေအရ နိုင်ငံရေးဟာ ကွန်မြူနစ်ပါ၊ စီးပွားရေးကတော့ အရင်းရှင်ပါ။ တရုတ်နီပြည် စတင်ထူထောင်စဉ်က လူတစ်ရာမှာ နှစ်ယောက်လောက်ရှိတဲ့ တရုတ်လူချမ်းသာတွေကို ဖောက်ပြန်ရေးသမား နေရှင်လူတန်းစားလို့ တံဆိပ်ကပ်။ ပစ္စည်းတွေကို ပြည်သူပိုင်သိမ်း၊ လူကိုလည်း သတ်တန်သတ်လုပ်ခဲ့တဲ့ တရုတ်ကွန်မြူနစ်ပါတီဟာ တိန့်ရှောက်ဖိန်လက်ထက်မှာတော့ အရင်းရှင် တိုင်းရင်းသားတရုတ်တွေကို ကူညီစောင့်ရှောက်၊ စီးပွားရေးကောင်းမွန်စွာ လုပ်နိုင်အောင် အစိုးရက ကူညီ၊ တရုတ်ပစ္စည်းသွင်းနိုင်အောင် နိုင်ငံတကာနဲ့ ရလေးရှင်းရှစ်တွေ ထူထောင်၊ ငွေတွေချေး လုပ်လာခဲ့ပါတယ်။ ပြီးတော့ အခုလက်ရှိအနေအထားမှာ တရုတ်နိုင်ငံရဲ့ ကွန်မြူနစ်ပုံစံဟာ ဗဟိုက ချုပ်ကိုင်မှု အားနည်းတဲ့ပုံစံပါ။

ပြည်နယ်အစိုးရတွေ ဖွဲ့ထားပါတယ်။ ဟဲဟဲ ကျွန်တော်တို့နဲ့ လာတူနေသလိုပဲနော်။ တရုတ်တွေက ခိုးချထားတာဖြစ်ရမယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ ထူထောင်ပြီး စီးပွားရေးကို လွတ်လပ်စွာ လုပ်နိုင်ခွင့်ပေးထားပါတယ်။ ပြီးတော့ တရုတ်အစိုးရဟာ မြန်မာထက်စာရင် စာပေလွတ်လပ်မှုရှိပါတယ်။ ဝေဖန်တာလည်း ခံနိုင်ပါသတဲ့။ စက်ရုံအလုပ်ရုံတွေမှာ ဂိုက်ဘုတ်တွေ ထောင်ပေးထားပါသတဲ့။ ဆော့ပင်ပါတွဲပေးထားပြီး တကယ်လို့ အလုပ်သမားတစ်ယောက်ဟာ မကျေနပ်ရင် အဲဒီမှာ မကျေနပ်ချက်ကို ရေးသားပိုင်ခွင့် ရှိပါတယ်တဲ့ဗျာ။ (မြန်မာနိုင်ငံမှာဆိုရင်တော့ လုံထိန်းက ဒုတ်နဲ့ ဝင်ရိုက်ပါလိမ့်မယ်)။ အဲဒါကို စက်ရုံလူကြီးတွေက ဖြေရှင်းပေးရပါသတဲ့။ ဟုတ်ကဲ့ပါခင်ဗျာ။ တစ်ကမ္ဘာလုံးက သတင်းလွတ်လပ်ခွင့်မရှိဘူး။ လူ့အခွင့်အရေး မရှိဘူးလို့ လက်ညှိုးငေါက်ငေါက်ထိုး ဝေဖန်ခံနေရတဲ့ ယန္တရားကြီး

တောင် မြန်မာထက် ပိုဖရီးဆန်နေတော့လည်း သူတို့တိုးတက်တာ အံ့သြစရာ မဟုတ်ပါကြောင်း။

*(မာဃလုလင်၏ အွန်လိုင်းမှ ရေးသားချက်ဖြစ်သည်)*

○

နောက်ဆက်တွဲ (၈)

## လက်ရှိတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ အခြေအနေ

တရုတ်ပြည်ကွန်မြူနစ်ပါတီသည် ၁၉၂၁ တွင် စတင်တည်ထောင်ခဲ့ရာ ၂၀၂၁ ခုနှစ်တွင် နှစ်တစ်ရာ ပြည့်ချေပြီ။ တရုတ်ကွန်မြူနစ်ပါတီ၏ ၁၉ ကြိမ်မြောက် ဗဟိုကော်မတီ ဆဋ္ဌမအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို နိုဝင်ဘာ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပခဲ့ရာ ပြည်သူကို ဗဟိုပြုသော အာမခံချက်ပေးခြင်း (၁၀) ရပ်ကို အလေးထားဆွေးနွေးခဲ့၏။ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး နိုင်ငံတော်ဥက္ကဋ္ဌ ရှီကျင့်ဖိန်က "နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီ ရှိ၊ မရှိကို ပြည်သူကို အလေးထားမှုနဲ့ ကြည့်ရမယ်။ ဒီမိုကရေစီဆိုတာ အလှဆင်ပစ္စည်းနဲ့ အခင်းအကျင်းပစ္စည်းမဟုတ်ဘူး။ ပြည်သူတွေရဲ့ အမှန်တကယ်လိုလားတဲ့ ပြဿနာတွေကို ဖြေရှင်းပေးခြင်းသည်သာ ဒီမိုကရေစီဖြစ်တယ်" ဟု ပြောကြားခဲ့၏။ တရုတ်ပြည်သည် "အံ့ဖွယ် ဖန်တီးမှု" နှစ်ရပ်ကို ပြည်သူတို့ ဗဟိုပြုပြီး လုပ်ဆောင်ပေးနိုင်ခဲ့၏။ ၄င်းတို့ကို (၁) တံခါးဖွင့်ရေး မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မှန်ကန်သော လမ်းကြောင်းကို ဖွင့်နိုင်ခဲ့သည့်အတွက် အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံမှာ နှစ်ပေါင်းရာချီ ကြိုးပမ်းခဲ့ရသော စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို တရုတ်နိုင်ငံက နှစ်အနည်းငယ်အတွင်း အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အံ့ဖွယ်တစ်ပါး၊ (၂) ထိမိ

တိကျသော ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည့် အံ့ဖွယ်တစ်ပါးတို့ ဖြစ်သည်။

၂၀၁၈ မှ ၂၀၂၀ ဆယ်နှစ်အတွင်းတွင် တရုတ်နိုင်ငံ၏ ဂျီဒီပီနှင့် မြို့ပြကျေးရွာနေ ပြည်သူလူထု၏ ဝင်ငွေများ နှစ်ဆတိုးခဲ့၏။ ပြည်သူများ၏ ပျမ်းမျှတစ်ဦးခြင်း သုံးစွဲနိုင်သည့် ဝင်ငွေသည် တရုတ်ယွမ်ငွေ ၃၂,၁၈၉ ထိ ရောက်လာရာ ကမ္ဘာပေါ်တွင် အတိုင်းအတာ အကြီးမားဆုံးသော အလယ်အလတ် ဝင်ငွေရှိသည့် လူ့အသိုင်းအဝန်းကို ဖော်ဆောင်နိုင်ခဲ့ပြီး လုံးဝ ဆင်းရဲနွမ်းပါးမှုကို သမိုင်းဝင်ဖြေရှင်းဆောင်ရွက်နိုင်ခဲ့၏။ ၂၀ ရာစုကုန်ပိုင်းက "အလုံးစုံ အတော်အသင့် ချမ်းသာကြွယ်ဝရေး" ကို ဖော်ဆောင်နိုင်ခဲ့ကာ ၂၁ ရာစု အဦးပိုင်းမှ စ၍ နှစ်ပေါင်း ၂၀ အတွင်း 'အဆင့်အတန်းပိုမိုမြင့်မားသည့် သာယာဝပြောသော လူ့အဖွဲ့အစည်း' ကို ဘက်စုံ တည်ဆောက်မှုပြုခဲ့၏။ သို့ဖြင့် ဆင်းရဲနွမ်းပါးသော ကျေးရွာနေ ပြည်သူ ၉၈.၉၉ သန်းကို ဆင်းရဲမှုမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဤသည်မှာ နှစ်ပေါင်း ၄၀ အတွင်း လူပေါင်းသန်း ၇၇၀ ကို ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေခြင်း ဖြစ်၏။

တရုတ်ကွန်မြူနစ်ပါတီသည် သိပ္ပံနည်းကျ မာ့က်စ်လီနင်ဝါဒ၊ မော်စီတုံး အတွေးအခေါ်၊ တိန့်ရှောက်ဖိန့်၏ သဘောတရား၊ ကျန်ဇီမင်း၏ ကိုယ်စားပြုမှုသုံးရပ် အယူအဆ၊ ဟူကျင်တောင်၏ သိပ္ပံနည်းကျဖွံ့ဖြိုးတိုးတက်ရေးအပြင် ရှီကျင့်ဖိန်၏ 'ခါးပတ်နှင့် ရပ်ဝန်း' စီမံကိန်းတို့ကို နိုင်ငံရေးလမ်းညွှန်မှုများအဖြစ် ခံယူကာ တရုတ်ပြည်ကြီးကို ကမ္ဘာ့ထိပ်တန်းရောက်အောင် လုပ်ဆောင် ကြိုးပမ်း၏။

၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် တရုတ်ကွန်မြူနစ်ပါတီတို့၏ ခေါင်းဆောင်ဖြစ်လာသော သမ္မတရှီကျင့်ဖိန်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ခဲ့ပြီး စုပေါင်းခေါင်းဆောင်မှုစနစ်ကို ပြောင်းပြန်လှန်ကာ ၎င်း၏အာဏာကို ဗဟိုပြုလာခဲ့၏။ ၎င်း၏ 'ရှီကျင့်ဖိန် အတွေးအခေါ်' ကို တရုတ်ဖွဲ့စည်းပုံဥပဒေတွင် ထည့်သွင်းခဲ့၏။ ယနေ့အခါ တရုတ်နိုင်ငံတွင် အထင်ရှားဆုံး၊ အများဆုံး ဒေါင်းလုပ်အဆွဲအခံရဆုံး စမတ်ဖုန်းအက်ပ်မှ ရှီကျင့်ဖိန်အတွေးအခေါ်ကို သင်ကြားရန်

ပြုလုပ်ထားသည့် Xuexi Qiangguo ဟူသော 'အင်အားကြီးနိုင်ငံကို လေ့လာခြင်း' ပင် ဖြစ်၏။

၁၈ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ညီလာခံတွင် 'တရုတ်ထူးခြားသော ဝိသေသလက္ခဏာဖော်ဆောင်သော ဆိုရှယ်လစ်ဝါဒ' အတွေးအခေါ်ကို ချမှတ်ခဲ့၏။ ၎င်းသည် 'ရှီကျင့်ဖိန်' တင်ပြသော 'နိုင်ငံအုပ်ချုပ်မှု ဒဿနဗျူဟာသစ်' ဖြစ်၏။ 'ရှီကျင့်ဖိန်' က 'ဘက်ပေါင်းစုံ ချမ်းသာသည့် လူ့ဘောင်သစ်' ကို ပြည့်စုံစွာ ထူထောင်ရေး၌ ဆိုရှယ်လစ်စနစ်ဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတည်ဆောက်ရေးကို စီမံချက်ချရေးဆွဲ အကောင်အထည် ဖော်သည်။ သို့ဖြင့် ကမ္ဘာ့ ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံကြီးဖြစ်လာသော တရုတ်ပြည်၏ စီးပွားရေးမူဝါဒကို ကမ္ဘာက "Xi- conomics" 'ရှီစီးပွားရေးဗေဒ' ဟုပင်ခေါ်လာကြ၏။ 'ရှီကျင့်ဖိန်' လက်ထက်တွင် 'အေးအတူ-ပူအမျှ ကံကြမ္မာတူ အသိုက်အဝန်းတည်ဆောက်ရေး' ဟူသော ကြွေးကြော်သံနှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ပူးပေါင်းလုပ်ဆောင်ရေး မူဝါဒများကို ချမှတ်လုပ်ဆောင်နေ၏။

အိန္ဒိယနိုင်ငံ၏ ဂျီဒီပီက ၂၀၂၁ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၀.၂၁၇ ထရီလျံ ဖြစ်သည်။ လူတစ်ဦးချင်းအနေနှင့်မှု အမေရိကန်ဒေါ်လာ ၇,၃၃၃ ရှိ၏။ အိန္ဒိယရုပ်ရှင်၊ ဂီတနှင့် ဘာသာရေးဆိုင်ရာ သင်ကြားမှုများက ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုနယ်ပယ်အတွင်း သိသိသာသာ ထိုးဖောက်ဝင်ရောက်လျက် ရှိ၏။ သတင်းနည်းပညာ၊ အိုင်တီလောကကိုလည်း အိန္ဒိယကပင် ဦးဆောင်နေ၏။ အိန္ဒိယပြည်သူများသည် တိုးတက်လာသော စီးပွားရေးကို မညီမမျှ ခံစားနေကြရသော်လည်း ဆင်းရဲနွမ်းပါးမှုနှုန်းကာ တစ်နှစ်ထက် တစ်နှစ် သိသိသာသာ လျော့ကျလာ၏။ (သို့သော် တရုတ်ပြည်သူသမ္မတနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်ကိုမူ အိန္ဒိယက လိုက်မမီခဲ့) အိန္ဒိယက နျူးကလီးယားလက်နက်နိုင်ငံဖြစ်သည့် အားလျော်စွာ ၎င်း၏ စစ်အသုံးစရိတ်က အလွန်မြင့်မား၏။ ၎င်း၏ အိမ်နီးနားချင်းနိုင်ငံများဖြစ်သော ပါကစ္စတန်၊ တရုတ်တို့၌ ကပ္ပိယနယ်မြေ အငြင်းပွားမှုများလည်း နှစ်ဆယ်ရာစုနှစ်လည်မှစ၍ ယခုတိုင် မပြီးပြတ်သေး။ အိန္ဒိယနိုင်ငံ၏ အဓိကရင်ဆိုင်နေရသော ပြဿနာများထဲတွင် လိင်ပိုင်းဆိုင်ရာ မညီမျှမှု၊ ကလေးသူငယ်

အာဟာရ မပြည့်ဝမှုနှင့် လေထုညစ်ညမ်းမှုတို့ ဖြစ်၏။ အိန္ဒိယနိုင်ငံတွင် ပါတီစုံစနစ်ကို ကျင့်သုံးရာ အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီ၊ ဘာရတ်တိယ ဂျာနာတာပါတီနှင့် အခြားပါတီ ၄၀ ခန့် ရှိ၏။ ကွန်ဂရက်ပါတီက လက်ဝဲယိမ်းပြီး ဂျာနာတာပါတီက လက်ျာယိမ်း၏။ ၂၀၁၄ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဂျာနာတာပါတီက မဲအများစုဖြင့် အနိုင်ရ၏။ ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ် 'နာရင်ဒြာမိုဒီ' က ဝန်ကြီးချုပ်ဖြစ်လာ၏။ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် 'ရမ်နတ်သ်ကိုဗင်' က အိန္ဒိယ၏ ၁၄ ဦးမြောက် သမ္မတ ဖြစ်လာ၏။ အိန္ဒိယသည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ဖြစ်ရာ ပြည်နယ် ၂၈ ခုနှင့် ပြည်ထောင်စုနယ်မြေ ရှစ်ခုတို့ဖြင့် ဖွဲ့စည်းထား၏။ အိန္ဒိယတွင် အလုပ်သမားပေါင်း ၅၂၂ သန်းရှိရာ ကမ္ဘာပေါ်တွင် ဒုတိယ အလုပ်သမားအများဆုံးနိုင်ငံဖြစ်၏။ နိုင်ငံရပ်ခြားတွင် လုပ်ကိုင်နေသော အိန္ဒိယအလုပ်သမားက ၂၅ သန်း ရှိ၏။ ၂၀၁၁ တွင် အိန္ဒိယသည် ပို့ကုန်တင်ပို့ရာတွင် ကမ္ဘာ့အဆင့် ၁၉ ရှိပြီး သွင်းကုန် တင်သွင်းရာတွင် ကမ္ဘာ့အဆင့် ၁၀ ရှိ၏။ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြီးလျှင် အိန္ဒိယသည် ကမ္ဘာ့ဒုတိယအကြီးဆုံး အထည်အလိပ်ပို့ကုန်နိုင်ငံ ဖြစ်၏။ အိန္ဒိယ၏ စားသုံးမှု ဈေးကွက်သည် ကမ္ဘာပေါ်တွင် ၁၁ အဆင့် ရှိကာ ၂၀၃၀ ခုနှစ်တွင် အဆင့် ၁ ရှိမည်ဟု ခန့်မှန်းထား၏။

၂၀၂၁ ခုနှစ်တွင် အိန္ဒိယ၌ ဆေးဝါးထုတ်လုပ်သော ကုမ္ပဏီ ၃၀၀၀ နှင့် ထုတ်လုပ်သောစက်ရုံပေါင်း ၁၀,၅၀၀ ရှိရာ ကမ္ဘာ့တတိယအကြီးဆုံး ဆေးဝါးထုတ်လုပ်မှုကို လုပ်ဆောင်နေ၏။

○